နှစ်ဖက်လှ

# သိပ္ပံအဘိဓမ္မာ

ပထမတွဲ

နှစ်ဖက်လှဦးကျော်လွင်
သ.စ.အ.ဓမ္မာစရိယ
M.A.,H.G.P

၂၀၃၁၈

# နှစ်ဖက်လှ

# သိပ္ပံဝေါဟာရ

ပထမတွဲ


နှစ်ဖက်လှဦးကျော်လွင်

သ.စ.အ.မော်စကိုယ

M.A.,H.G.P

# ''သိပ္ပံအဘိဓမ္မာ''

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၈၅၂)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၀၉)

*

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

အုပ်ရေ (၁၀၀၀)

*

**ထုတ်ဝေခြင်း**

၁၉၈၇-ခုနှစ် ဩဂုတ်လ
တန်ဖိုး ၄၀-ကျပ်

**မျက်နှာဖုံး**

သီရိနန္ဒာပုံနှိပ်တိုက်

*

**ပုံနှိပ်သူ-ထုတ်ဝေသူ**

ဦးနန္ဒ (၀၃၅၉၇) သီရိနန္ဒာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂ လမ်း ရန်ကုန်မြို့မှ ပုံနှိပ်၍၊ ဒေါ်အေးအေးမော် (၀၁၄၇၈) သကျယင်စိုးစာပေ အမှတ် ၂၃၂ (မြေညီထပ်) ၃၉ လမ်း ရန်ကုန်မြို့မှ ထုတ်ဝေသည်။

# သိပ္ပံအဘိဓမ္မာ မာတိကာ


| စဉ် | နှစ်/လ | | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| | | | *စာဂဟော | ၁၁ |
| ၁။ | ၁၉၈၀ | အောက်တိုဘာလ | ပဋိသန္ဓေနေရခြင်း | ၁၇ |
| ၂။ | ၁၉၈၀ | နိုဝင်ဘာလ | အရိယာခေတ်ကသိပ္ပံနည်းကျ တွေးမြင်မှုတစ်ရပ် | ၂၅ |
| ၃။ | ၁၉၈၀ | ဒီဇင်ဘာလ | သင့်မျက်စိသည် ဘယ်လိုမြင်နေ သလဲ | ၃၀ |
| ၄။ | ၁၉၈၁ | ဇန်နဝါရီလ | အတိဂမ္ဘီရနည်းပညာ | ၃၆ |
| ၅။ | ၁၉၈၁ | ဖေဖော်ဝါရီလ | စိတ်နှင့်ရုပ်တို့၏အလျင်နှင့်အသွင် | ၄၃ |
| ၆။ | ၁၉၈၁ | မတ်လ | စိတ်အလျင်နှင့် ဉာဏ်အမြင် | ၄၉ |
| ၇။ | ၁၉၈၁ | ဧပြီလ | ဘဝင်စိတ်နှင့် အမြင်စိတ်တို့၏ အခြေခံလက္ခဏာများ | ၅၅ |
| ၈။ | ၁၉၈၁ | မေလ | ရုပ်တစ်သက် စိတ် ၁၇ သက် ဖြစ်ပျက်စဉ်သဘာဝ | ၆၂ |
| ၉။ | ၁၉၈၁ | ဇွန်လ | အဘိဓမ္မာအမည်ဝေါဟာရ အဓိပ္ပာယ် | ၆၈ |
| ၁၀။ | ၁၉၈၁ | ဇူလိုင်လ | အဘိဓမ္မာဝေါဟာရ ပြဿနာ | ၇၅ |
| ၁၁။ | ၁၉၈၁ | ဩဂုတ်လ | အဆင်းရုပ်မှတစ်ဆင့် အရာဝတ္ထုကို သိရခြင်း | ၈၁ |
| ၁၂။ | ၁၉၈၁ | စက်တင်ဘာလ | နှင်းဆီပန်းကလေးနှင့် စိတ်ကလေး တွေကို သရုပ်ခွဲကြည့်သောအခါ | ၈၅ |
| ၁၃။ | ၁၉၈၁ | အောက်တိုဘာလ | ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် ဘယ်လို ပါလိမ့် | ၉၃ |
| ၁၄။ | ၁၉၈၁ | နိုဝင်ဘာလ | စေတသိက် နှင့် ဒိုးယာဉ်၊ တူကြီး ၄-တူ | ၁၀၀ |
| ၁၅။ | ၁၉၈၁ | ဒီဇင်ဘာ | စေတသိက်နှင့် ချဉ်ရေဟင်း၊ ထူးခြားသော ရှစ်ဂဏန်း | ၁၀၅ |

## သိပ္ပံအဘိဓမ္မာမာတိကာ


| စဉ် | နှစ်/လ | | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၁၆။ | ၁၉၈၂ | ဇန်နဝါရီလ | သောမနဿသဟဂုတ်လဘက်က သုံးလေးလုတ် | ၁၁၂ |
| ၁၇။ | ၁၉၈၂ | ဖေဖော်ဝါရီလ | ပညာယောင်ဆောင်သော မောဟနှင့်တွဲဖက်သဘာဝများ | ၁၁၈ |
| ၁၈။ | ၁၉၈၂ | မတ်လ | သင့်စိတ်ထဲက သံလိုက်ဓာတ် လောဘ | ၁၂၄ |
| ၁၉။ | ၁၉၈၂ | ဧပြီလ | အကုသိုလ် အတက်အခက် အလက်များ | ၁၃၁ |
| ၂၀။ | ၁၉၈၂ | မေလ | ဒေါသအခိုးထွက်ခြင်းများ | ၁၃၇ |
| ၂၁။ | ၁၉၈၂ | ဇွန်လ | ထိုင်းသည် မှိုင်းသည် တွေဝေသည်။ | ၁၄၄ |
| ၂၂။ | ၁၉၈၂ | ဇူလိုင်လ | ဆရာမနိုင် နှစ်ဆောင်ပြိုင် | ၁၅၀ |
| ၂၃။ | ၁၉၈၂ | ဩဂုတ်လ | လူကိုကောင်းကျိုးပေးသော စေတသိက်များ | ၁၅၆ |
| ၂၄။ | ၁၉၈၂ | စက်တင်ဘာလ | ဇော | ၁၆၄ |
| ၂၅။ | ၁၉၈၂ | အောက်တိုဘာလ | ဇောဆိုတာ စိတ်လား၊ စေတသိက်လား | ၁၇၀ |
| ၂၆။ | ၁၉၈၂ | နိုဝင်ဘာလ | အမြင်ခံအာရုံနှင့် ပုံသဏ္ဍာန် အရောင်အသွေးတို့ခြယ်လှယ်မှု | ၁၇၆ |
| ၂၇။ | ၁၉၈၂ | ဒီဇင်ဘာလ | မကြည့်ချင် မြင်လျက်သား ထွေပြားအာရုံ | ၁၈၂ |
| ၂၈။ | ၁၉၈၃ | ဇန်နဝါရီလ | နောကျေဖို့လိုအပ်သလို ဇောကျေဖို့လိုအပ်ပါသည်။ | ၁၈၇ |
| ၂၉။ | ၁၉၈၃ | ဖေဖော်ဝါရီလ | လူသာမန်မှာ အာရုံခေါ်ရာ စိတ်ကပါ | ၁၉၃ |
| ၃၀။ | ၁၉၈၃ | မတ်လ | လောဘဇောတွေ သိန်းသန်းကုဋေ ဒေါသဇောတွေ သိန်းသန်းကုဋေ | ၁၉၈ |

# သိပ္ပံအဘိဓမ္မာမာတိကာ


| စဉ် | နှစ်/လ | ဆောင်းပါးအမည် | စာမျက်နှာ |
|---|---|---|---|
| ၃၁။ | ၁၉၈၃ ဧပြီ | အသံကိုဘယ်လိုကြား၍ ဘယ်ပုံသိသနည်း | ၂၀၃ |
| ၃၂။ | ၁၉၈၃ မေလ | အသံထွက်နေသောကမ္ဘာကြီး | ၂၁၀ |
| ၃၃။ | ၁၉၈၃ ဇွန်လ | အဘိဓမ္မာဆံသောရှမ်းဗျောသံနှင့် ရွှေဘိုဗျောသံ | ၂၁၆ |
| ၃၄။ | ၁၉၈၃ ဇူလိုင်လ | လူရဲ့နားက အသံဖမ်းစက်၊ ကမ္ဘာလောကကြီးက အသံလွှင့်ရုံ၊ | ၂၂၂ |
| ၃၅။ | ၁၉၈၃ ဩဂုတ်လ | မနံသောအနံ့နှင့် နံသောအနံ့များ | ၂၂၈ |
| ၃၆။ | ၁၉၈၃ စက်တင်ဘာလ | ရှိုးရှိုးလေနဲ့အောင်သွယ်လေ | ၂၃၃ |
| ၃၇။ | ၁၉၈၃ အောက်တိုဘာလ | နံလျှင်ရန်ဖြစ် မွှေးလျှင်ချစ် | ၂၃၈ |
| ၃၈။ | ၁၉၈၃ နိုဝင်ဘာလ | လျှာအဘိဓမ္မာ သိစရာများ | ၂၄၃ |
| ၃၉။ | ၁၉၈၃ ဒီဇင်ဘာလ | အဆင်းနှင့်အနံ့ကို စား၍ရသလော | ၂၅၀ |
| ၄၀။ | ၁၉၈၄ ဇန်နဝါရီလ | အတွေ့အထိ အသိကိစ္စများ | ၂၅၆ |
| ၄၁။ | ၁၉၈၄ ဖေဖော်ဝါရီလ | မနောဒွါရ(သို့)စိတ်ဝင်ပေါက်များ | ၂၆၂ |
| ၄၂။ | ၁၉၈၄ မတ်လ | ကျယ်ပြန့်နက်နဲသိမ်မွေ့သော "ဓမ္မာရုံ" | ၂၆၇ |
| ၄၃။ | ၁၉၈၄ ဧပြီလ | "ဓမ္မာရုံ" စိစစ်ချက် | ၂၇၄ |
| ၄၄။ | ၁၉၈၄ မေလ | မနောဝိညာဉ်၏အခြေခံကို ရှာခြင်း | ၂၇၉ |
| ၄၅။ | ၁၉၈၄ ဇွန်လ | လူနှင့် မနောဝိညာဉ်စိတ်အမျိုးမျိုး | ၂၈၅ |
| ၄၆။ | ၁၉၈၄ ဇူလိုင်လ | ပဉ္စဝိညာဉ်နှင့် မနောဝိညာဉ်ကွာခြားချက်၊ | ၂၉၀ |
| ၄၇။ | ၁၉၈၄ ဩဂုတ်လ | နေ့စဉ်ဘဝကို ထိန်းပေးမည့်အခြေခံအဘိဓမ္မာအသိညာဏ်၊ | ၂၉၅ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃ | ၁၄ | ရိလီးကျင်း | ရိလီးဂျင်း |
| ၂၆ | ၁၄ | အလင်းဓါတ်ဖြတ် သွားမည် | အလင်းဓါတ်ပြတ် သွားမည် |
| ၃၃ | ၁၂ | ဖဿ–ဝေဒနာ | ဖဿ-ဝေဒနာ-တဏှာ |
| ၄၄ | ၈ | ကိုယ်အားမရ | ကိုးစားမရ |
| ၉၇ | ၄ | ဘဝင်၏အကြောင်း | ဘဝ၏အကြောင်း |
| ၁၀၆ | ၁၂ | (စာကျ) | မသိတတ်သော သဘာဝအဖွဲ့အစည်း |
| ၁၀၈ | ၁၉/၂၅ | ရုပ်နှစ်မျိုး | ရုပ်ရှစ်မျိုး |
| ၁၀၈ | ၂၆ | အဝိနိမ္ဘောဂ | အဝိနိဗ္ဘောဂ |
| ၁၁၂ | ၁၉ | "အပြန်"ဟူသော | "အပြစ်"ဟူသော |
| ၁၂၃ | ၁၆ | အကုသလ၊အကုသိုလ်ကို | အကုသလ၊ အကု သိုလ် ထို |
| ၁၃၈ | ၁၂ | (အစ္ဆရိယ) | (မစ္ဆရိယ) |
| ၁၅၆ | ၉ | သဘာဝဆိုသည်ကား | သဘာဝဆိုးသည်ကား |
| ၁၅၇ | ၂ | စေတသိက်(၁၀)မျိုး | စေတသိက် (၁၉)မျိုး |
| ၁၆၆ | ၁၉ | အသာကလေးတုန်းက | အသာကလေး ထိတုန်းက |
| ၁၆၉ | ၃ | အမြဲယှဉ်စိတ် | အမြဲယှဉ်စေတသိက် |
| ။ | ၄ | (စာကျ) | အလောဘ-အဒေါသ- အမောဟ |
| ။ | ၁၀ | ဝဋ်ဖြစ်ပြတ် | ဝဋ်မြစ်ပြတ် |
| ၁၇၀ | ၂၇ | အဖြေရှိနေတဲ့နေရာ | အဖြေရှာနေတဲ့နေရာ |
| ၁၇၃ | ၁၆ | သဘာဝနှစ်မျိုး | သဘာဝရှစ်မျိုး |
| ၁၈၃ | ၂၀/၂၁ | ပရိတပွဲ | ပရိကပွဲ |
| ၁၈၄ | ၁၁ | ပရိတပွဲ | ပရိကပွဲ |
| ၁၉၂ | ၂၄ | ပရိတပွဲ | ပရိကပွဲ |

## အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂၄ | ၂၀ | (သွင်းစိတ်) | (ဘင်စိတ်) |
| ၂၄၀ | ၂၂ | လေနှံ့ပါလာတဲ့ | လေနဲ့ပါလာတဲ့ |
| ၂၄၅ | ၂၇ | ဖြစ်နေရသော | မြင်နေရသော |
| ၂၅၈ | ၁၈ | အမြင်၌လည်း | အမြစ်၌လည်း |

# သိပ္ပံအဘိဓမ္မာ

**စာဂဟော**

ဤစာအုပ်ကို ''သိပ္ပံအဘိဓမ္မာ'' ဟူ၍ အမည်ပေးခြင်းမှာ သိပ္ပံမဂ္ဂဇင်း၌ လစဉ်ရေးသား ဖော်ပြခဲ့သော အဘိဓမ္မာဆောင်းပါးများကို စုပေါင်းဖော်ပြ ထားသောကြောင့် ဖြစ်ပါသည်။ ၁၉၇၀–ပြည့်နှစ် အောက်တိုဘာလထုတ် သိပ္ပံမဂ္ဂဇင်းအမှတ်(၁)မှစ၍ လစဉ်မပြတ်ရေးသားခဲ့သော ဆောင်းပါးများထဲမှ အမှတ် (၄၇) အထိ ဆောင်းပါး (၄၇)ပုဒ် ထည့်သွင်းထားပါသည်။

သိပ္ပံမဂ္ဂဇင်းပိုင်ရှင် စာရေးဆရာသိပ္ပံမှူးတင်(ဗိုလ်မှူးတင်မောင်) နှင့် စာပေလမ်းကြောင်းအရ သိကျွမ်းခင်မင်ရင်းနှီးခဲ့ရာ ယခုသိပ္ပံမဂ္ဂဇင်းထုတ်ဝေရန် ကြိုးစားအားသစ်စဉ်ကတည်းက တတ်အားသမျှကူညီခဲ့ပြီး မဂ္ဂဇင်းထုတ်ဖြစ်လျှင် လစဉ်ပင်တိုင်ဆောင်းပါးရေးပေးဖို့ သူတောင်းတဲ့ ကတိကို ပေးမိခဲ့ပါသည်။ သို့နှင့် သိပ္ပံမဂ္ဂဇင်းစတင်ဖွားမြင်ကတည်းက သိပ္ပံမဂ္ဂဇင်း၏ ခန္ဓာအဖွဲ့အစည်းထဲတွင် နှစ်ဖက်လှ ပါဝင်လာခဲ့ရပေသည်။

နှစ်ဖက်လှသည် အမျိုး, ဘာသာ, သာသနာ, စာပေရေးရာပိုင်းကို ရေးသားလာခဲ့သည်ဖြစ်ရာ ယခု သိပ္ပံမဂ္ဂဇင်း၌ ဘာကိုရေးရမလဲဟု ချင့်ချိန်ခဲ့ရသည်။ ယင်းသို့ချင့်ချိန်ရာတွင် ဗုဒ္ဓသာသနာ (ပိဋကတ်စာပေ)ကို ရေးသားဖြန့်ဝေမည်ဟု စိတ်ကူးခဲ့ရ၏။သို့သော်ပိဋကတ်စာပေမှာ ကျယ်ဝန်းလှသောကြောင့် ယင်းပိဋကတ်စာပေထဲမှ ဘာကိုရေးရမလဲ၊ ဘယ်လိုရေးရမလဲဆိုသည်ကို ထပ်ဆင့် စဉ်းစားရပြန်သည်။

ယင်းသို့စဉ်းစားရာ၌ လက်ရှိခေတ်၌ သိပ္ပံပညာထွန်းကားနေခြင်း၊ ဤမဂ္ဂဇင်းကလည်း သိပ္ပံဘာသာရပ်နှင့် သိပ္ပံနည်းကျ အကြောင်းအရာတို့ကို ဦးစားပေးတင်ပြရန်ရှိခြင်း၊ သိပ္ပံမဂ္ဂဇင်းကိုဖတ်သည့်ပရိသတ်သည် သာမန်လမ်းပေါ်ကလူတန်းစားမျိုးမဟုတ်ပဲ အဆင့်အတန်းရှိသော စာဖတ်ပရိသတ်မျိုးဖြစ်စရာရှိခြင်း စသောအချက်အလက်တို့ကို ထည့်သွင်းတွက်ဆခဲ့ပါသည်။

ထို့ပြင် ဗုဒ္ဓပိဋကတ်စာပေဆိုင်ရာကို ရေးသားကြရာ၌လည်း သုတ္တန်ဆိုင်ရာအကြောင်းအရာ အမျိုးမျိုးကိုသာ ဝိုင်းဝန်းရေးသားနေကြ၏၊

ဝိနည်းအကြောင်းအရာကို အနည်းငယ်မျှသာ ရေးသားတင်ပြကြ၏၊ အဘိဓမ္မာပိဋကတ်နှင့် ပတ်သက်၍မူကား သမိုင်းကြောင်းဘက်မှသာ အရေးအသားများကြသည်၊ အဘိဓမ္မာဘာသာရပ်ကို ပညာ ရပ် အ နေ ဖြင့် မူကား ရဟန်းစာမေးပွဲများ၊ အဘိဓမ္မာအသင်းများ၌သာ သင်ယူနေကြပြီး လစဉ်ထုတ် ဂျာနယ်မဂ္ဂဇင်းတို့၌ လူများစုနားလည်အသုံးဝင်အောင် ရေးသားတင်ပြမှု ရှားပါးနေသည်ကို သတိပြုမိခဲ့ပေသည်။

သို့ဖြစ်၍ သိပ္ပံမဂ္ဂဇင်းထဲမှာ ဗုဒ္ဓအဘိဓမ္မာကို ပညာရပ်တစ်ရပ်အနေဖြင့် ရေးသားတင်ပြမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိပြီး ဤအကြောင်းကို ပြောမိရာ သူက "ဆရာ....သိပ္ပံမဂ္ဂဇင်းနှင့်ဘာသာရေး ဖြစ်ပါ့မလား" ဟု စိုးရိမ်သံဖြင့် စောဒကတက်ပါသည်။

ကျွန်တော်က မဲ့ပြုံးပြုံးပြီး ပြန်ပြောလိုက်ပါသည်၊ "ကိုယ့်လူ အဲဒီလို အထင်အမြင်တွေပျောက်အောင်ကိုပဲ သိပ္ပံမဂ္ဂဇင်းထဲမှာ အဘိဓမ္မာကိုရေးမလို့ပေါ့။"

သူ နားရှုပ်သွားပုံပေါ်ပါသည်။
သို့ဖြစ်၍ လိုရင်းတိုရှင်း ပြောခဲ့ပါသည်။

"ကိုယ့်လူက "သိပ္ပံ" ဆိုတာနဲ့ ညှပ်နဲ့ဖလ်ပြွန်တွေနဲ့ ဓာတ်ခွဲခန်းတွေ စိတ်ရောက်သွားတာကိုး။ 'သိပ္ပံ' ( SCIENCE ) ဆိုတဲ့ စကားရဲ့ ရင်းမြစ်အနက်က–အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်နည်းဖြင့် ရရှိတဲ့အသိဉာဏ် လို့ ဖြစ်တယ်၊ ဤလိုရရှိသောအသိဉာဏ်ဆိုင်ရာ ဘာသာရပ်ဟာ သိပ္ပံဘာသာရပ်ထဲမှာ အကျုံးဝင်ပါတယ်"။

"နောက်ပြီးဘာသာရေး(**RELIGION**)ဆိုတာကလဲ အရင်းခံအားဖြင့် ဖန်ဆင်းရှင်နှင့်စပ်လျဉ်း၍ ယုံကြည်သက်ဝင်မှု၊ ကိုးကွယ်ဆည်းကပ်မှုစတဲ့၊ အဓိပ္ပါယ်ရှိတယ်"။

"အဘိဓမ္မာ" ဆိုတာက "ယထာဓမ္မသာသနာ" ပဲ၊ ယထာဓမ္မဆိုတာက သဘာဝအားလျော်စွာ သဘာဝအတိုင်းဖြစ်ခြင်းလို့ အဓိပ္ပာယ်ရတယ်၊ 'သဘာဝ'ဆိုတာက (သ+ဘာဝ)ပဲ။'သ'ဆိုတာ

'န' ရဲ့ဆန့်ကျင်ဘက်၊ 'န' က မရှိ၊ မဟုတ်။ 'သ' က ရှိ၊ ဟုတ်။ 'ဘာဝ' ဆိုတာ 'ဖြစ်ခြင်း'။ ထို့ကြောင့် တကယ်ရှိ တကယ်ဟုတ်တာတွေဖြစ်ခြင်းသည် 'သဘာဝ'ပဲ။ ဥပမာ–ဆူးစူးလို့ နာတာ သဘာဝပဲ၊ ထီပေါက်လို့ဝမ်းသာတာ သဘာဝပဲ၊ နှစ်ကြာလို့ (အသက်ကြီးလို့) အိုမင်းရင့်ရော်လာတာ သဘာဝပဲ၊ ရှိတာတွေဖြစ်၊ ဟုတ်တာတွေ ဖြစ်တာပဲ။

ထို့ကြောင့် အဘိဓမ္မာရဲ့ အဓိပ္ပာယ်ကိုပြောရရင် တကယ်ရှိ၊ တကယ်ဟုတ်တာတွေ ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် ဟောကြားထားတဲ့ဘာသာရပ်(ပညာရပ်) ဟာ အဘိဓမ္မာပဲ ဖြစ်ပါတယ်။

"အဘိဓမ္မာ" သည် ကြောင်း ကျိုး ဆက်သွယ်ဖြစ်ပေါ်မှုတွေကိုပဲ ဖော်ပြတဲ့ဘာသာရပ်ဖြစ်လို့ "သိပ္ပံ"နဲ့ ဆိုင်တယ်၊ 'အဘိဓမ္မာ' မှာ ဖန်ဆင်းရှင်မပါ၍ (ဝါ) ဖန်ဆင်းရှင်ကို လုံးဝ လက်မခံ၍ ဘာသာရေး (ရီလီးကျင်း)နဲ့ မဆိုင်ဘူး၊ဒါဖြင့် ဘာလဲ၊ ပညာရပ် တစ်ရပ်ပဲ "သာသနာတစ်မျိုး" ပဲ။

ကဲ–ကိုယ့်လူ သိပ္ပံမဂ္ဂဇင်းနဲ့ ဘာသာရေးနဲ့ ဖြစ်ပါ့မလား လို့ မေးတဲ့ ကိုယ့်လူရဲ့အမေးကို တိုက်ရိုက်ပြောရရင် သိပ္ပံမဂ္ဂဇင်းနဲ့ ဘာသာရေးနဲ့ မဖြစ်ဘူး၊ ဒါပေမဲ့ သိပ္ပံမဂ္ဂဇင်းနဲ့ အဘိဓမ္မာ ဘာသာရပ်ကတော့ ဖြစ်တယ်၊ သိပ်ဖြစ်ပါတယ်။ ကဲ–ရှင်းပလား။

ဤကဲ့သို့ အမြင်မှန်ရစေချင်သည့်အတွက် သိပ္ပံမဂ္ဂဇင်းထဲမှာ အဘိဓမ္မာဆောင်းပါးကို စတင်ရေးထည့်လိုက်ပါသည်။

ဤအဘိဓမ္မာဆောင်းပါးများကို ရေးသားရာ၌ အောက်ပါ မူလေးချက်ကို မဏ္ဍိုင်ပြု၍ ရေးသားလာခဲ့ပါသည်။

(၁) အဘိဓမ္မာကို တရားဒေသနာဖက်ထက် ပညာရပ်ဖက်သို့ဦးတည်စေခြင်း၊

(၂) ကျမ်းဖွဲ့စည်းပုံ ပုံသဏ္ဌာန်ပိုင်းထက် အကြောင်းအရာ အနှစ်သာရဖက်သို့ ဆွဲယူခြင်း၊

(၃) မဂ္ဂဇင်း စာဖတ်ပရိသတ်အနေနှင့် အလွမ်းဝေးသည့် အကြောင်းအရာများထက် ပူပူနွေးနွေး လက်တွေ့ အသုံးဝင်သေသည့် အချက်အလက်များကို ဦးစားပေးခြင်း၊

(၄) အကြောင်းအရာလေးနက်သော်လည်း အရေးအသား သွက်လက်ပေါ့ပါးစေရန် အားထုတ်ခြင်း၊

ဤသို့မူချပြီး အဘိဓမ္မာဆောင်းပါးများကိုရေးသား၍ သိပ္ပံမဂ္ဂဇင်းမှာ ထည့်သွင်းဖော်ပြစေခဲ့ရာ မဂ္ဂဇင်းပိုင်ရှင်အနေဖြင့် မည်သို့ စိတ်ရှိခဲ့သည် မသိ၊ စာရေးသူအနေဖြင့်မူ ဟန်မှဟန်ပါ့မလားဟု စိတ်ထင့်၍ နားစွင့်နေခဲ့မိပါသည်။

ဤအတောအတွင်း ဆရာ့အဘိဓမ္မာဆောင်းပါးများ ဖတ်ရကြောင်း ကောင်းကြောင်း၊ ပြောသူကပြော၊ ဆောင်းပါးအကြောင်းအရာအချို့နှင့်ပတ်သက်၍ အဘိဓမ္မာပညာရပ်နှင့် မျက်နှာစိမ်းနေသေးသူများအနက် မေးသူကမေး၊ စာဒကတက်သူကတက်၊စာတိုပေစကလေးများကလဲရောက်လာ၊ ဤအတွင်းမှာပဲ သိပ္ပံမဂ္ဂဇင်းကလည်း (အမှန်တကယ်ပင်) ရောင်းမလောက်၊ ဂ—ကျပ် တန်ကို ၁၆ကျပ် ပေးဝယ်ကြရ စသည်တို့ကို သိရှိရသောအခါ မိမိ၏အဘိဓမ္မာဆောင်းပါးများ ထိရောက်မှုရှိနေကြောင်း၊ သိပ္ပံမဂ္ဂဇင်းရောင်းကောင်းတဲ့အထဲမှာ အဟန့်အတားမဖြစ်ပဲ အလိုက်သင့်ပါနိုင်ကြောင်း တွေးမိ၍ စိတ်ထင့်မှု သက်သာလာခဲ့ပါသည်။

တစ်နေ့တွင် မည်သို့မျှ သတိမရ၊မည်သို့မျှ မမျှော်လင့်သူတစ်ဦးထံမှ အောက်ပါစာကလေး စာတိုက်မှ ရောက်ရှိလာခဲ့ပါသည်။

၉—၁၂-ဂ၁

ဆရာနှစ်ဖက်လှခင်ဗျား—

"သိပ္ပံ"မှ ဆရာ့လက်ရာများကို စောင့်ဖတ်ပါသည်၊ ယခုလလည်း ဖတ်ပြီးပါပြီ၊ အင်မတန် နှစ်ခြိုက်ပါသည်၊ အဘိဓမ္မာသဘာဝများကို နှစ်ပေါင်းများစွာ ရှာဖွေစဉ်းစားခဲ့သူအဖို့ပင် ဆရာ့အတွေးဆန်း၊ အမြင်ဆန်း၊ အရေးဆန်းများကြောင့် နှစ်ထောင်းအားရရှိလှပါသည်။ ခပ်ရဲရဲပြောရပါမူ အခြေခံအဘိဓမ္မာသဘောကို အတွေးသမားများ "မြင်" လာ "လင်း"လာအောင်

ယနေ့ထိ ဘယ်သူမှမရေးသေး၊ ရေးကြသူများတွင်လည်း ဆရာက သာပါသည်၊မြောက်နေသည် မဟုတ်ပါ၊ ဗိုက်ထဲဝမ်းထဲက အဘိုင်းပါ၊ ဒီတော့ စာအုပ်ဖြစ်လာအောင် လုပ်ပါ၊ လုပ်မည်ဟုလည်း ယုံကြည်ပါသည်၊ သူတကာနှင့်မတူသော ရှင်းပုံ၊လင်းပုံ၊ အရေးရဲ၊ အတွေးရဲ၊ အပေးရဲပုံများကို အခြားသောလေ့လာ သူများလည်း ကျွန်တော်လိုပင် တွေးကြသိကြမည်ဟု ယုံကြည်ပါသည်။

ဤနိဒါန်းကိုဖတ်ရှုနေသူအနေဖြင့် အထက်ပါပေးစာကို တစ်ကြော့ ပြန်ဖတ်ကြည့်ပြီး ဝေဖန်ကြည့်ပါ၊ ဤပေးစာကိုရေးသူသည် စာပေ လောက၌ မည်သည့်အဆင့်အတန်း၌ ရှိလိမ့်မည် ထင်ပါသနည်း။ စာထဲက ပြနေသော ဇာတိရုပ်အရ သူသည် လေးနက်သောအကြောင်းအရာတို့ကို ဝင်စားနိုင်သူဖြစ်ပြီး ကလောင်နိုင်နင်းကျွမ်းကျင်လှသူ ဖြစ်သည့်အပြင် အများအပေါ် စေတနာထားတတ်သူလည်းဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ဆောင်းပါးရှင် နှစ်ဖက်လှအနေဖြင့်ကား ဤစာကိုရကတည်းက မိမိလုပ်ငန်းအပေါ် အထူးစိတ်ချလက်ချဖြစ်သွားပြီး တစ်ကြောင်းတည်း သောစိတ်ဖြင့် လစဉ်မှန်မှန် ဆောင်းပါးရေးဖြစ်ပါလေတော့သည်။ အထက်ပါပေးစာကို မဂ္ဂဇင်းပိုင်ရှင်အား မပြခဲ့ဘူးပါ။ သို့ရာတွင် သူကလည်း နားပူနားဆာအမြဲလုပ်ပြီး ဆောင်းပါးတောင်းယူလေ့ရှိပါသည်။

သိပ္ပံမဂ္ဂဇင်းဘက်ကလည်း အကြောင်းတရားညီညွတ်လျက်ရှိ (ဝါ) ပန်းပန်လျက်ရှိ၊ စာရေးသူအနေဖြင့်လည်း ကျန်းမာရေးပြည့်စုံခြင်းစသော အကြောင်းတရားညီညွတ်လျက်ရှိသောကြောင့် အမှတ်စဉ်(၁)၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ ယနေ့အထိ လစဉ် ဆက်တိုက် ရေးသားထည့်သွင်း ဖော်ပြလာနိုင်ခဲ့ပါသည်။

ဆောင်းပါးပေါင်း (၄၇) စောင်သည် ဖူးလ်စကက်စာမျက်နှာ (၂၁၇)ခန့် ရှိလာပါသည်၊ အကြောင်းအရာကလည်း လူ့ဘဝပင့်သန္ဓေတည်နေပုံမှစ၍ လက်ရှိဘဝတွင် လူတစ်ဦးစီ၌ မနောဝိညာဉ်စိတ်သဘာဝများက လူကို မည်သို့မည်ပုံခြယ်လှယ်ကြကြောင်း ဖော်ပြသည့်နေရာသို့ ရောက်နေသဖြင့် ဤတွင် စည်းတား၍ စာတစ်အုပ် (ပထမအုပ်) ထုတ်ရန် ဖြစ်နိုင်သည့်အနေအထားတွင် ရှိလာပါသည်။ ဤတွင်—

"ဒီတော့ စာအုပ်ဖြစ်လာအောင် လုပ်ပါ"

ဆိုတဲ့ ပေးစာရှင်၏ တိုက်တွန်းချက်အကြောင်းတရားသည် ဟိုအခါက နုသေး (မဖြစ်နိုင်သေး) ပေမဲ့ ယခုမူ ရင့်ကျက် (ပစ္စတိ) လာပြီဖြစ်၍ စာအုပ်ဖြစ်မြောက်ခြင်းအကျိုးတရားကို လှလှကြီးဖြစ်စေနိုင်ပါပေသည်။ ထုတ်ဝေမှု ဖြန့်ချိမှု စသည့်အပိုင်းများလည်း သမီးချောလျှင် သမက်ပေါသည့် သဘာဝအတိုင်းပင် ဖြစ်ပါသည်။

လိုရင်းကျကျ နိဂုံးချုပ်ရပါလျှင် အထက်တွင်ဖော်ပြခဲ့သော အကြောင်းတရားများပြည့်စုံမှုကြောင့် ဤစာအုပ် ထွက်ပေါ်လာရခြင်း ဖြစ်ပါသည် ဟူလို။

အပြီးမသတ်မီ နှစ်ခုပြောလိုပါသေးသည်၊ တစ်ခုက ဤစာအုပ်ပါ အကြောင်းအရာအနှစ်သာရများသည် ဤစာရေးသူ ဖော်ထုတ်သိမြင်သော အကြောင်းအရာများမဟုတ်ရပါ၊ အတုမရှိသော သဗ္ဗညုရှင်တော်မြတ် (ဂေါတမမြတ်စွာဘုရား) ဟောကြားခဲ့သောတရားဓမ္မ အမွေအနှစ်ရတနာများ ဖြစ်ပါသည်။

နောက်တစ်ခုက အထက်ဖော်ပြပါ ပေးစာရှင်၏ အမည်လိပ်စာကို ဖော်ပြရန် ဖြစ်ပါသည်။

ပေးစာရှင်မှာ — ကြီးမောင် (ငွေဥဒေါင်း)<br>ရှမ်းသာ၊ မင်းလမ်း<br>တောင်ကြီး<br>ဖြစ်ပါသည်။

အမြင်မှန်၍ အယူမှန်ပြီး<br>အလုပ်မှန် လုပ်နိုင်ကြပါစေ။ ။

နှစ်ဖက်လှ<br>၁၂–၈–၈၅<br>(တနင်္လာနေ့)

# ပဋိသန္ဓေနေရခြင်း

မကြာသေးခင်က သူငယ်ချင်း အယ်ဒီတာတစ်ယောက်နှင့် စကား လက်ဆုံကျခဲ့၏။ သူသည် ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သော်လည်း သိပ္ပံ ဘက်သန်နေသူဖြစ်၏။ သူ့အနေနှင့် သိပ္ပံအကြောင်းကို အတော်ကလေး ပွန်းပွန်းတီးတီးရှိနေသော်လည်း ဗုဒ္ဓဘာသာ ဓမ္မရေးရာပိုင်းတွင်မူ စနစ် တကျ မလေ့လာရသေးကြောင်း ဝန်ခံလေသည်။

သူက ဤသို့ဆိုပါ၏–

"ဆရာ အခုကျွန်တော့်စိတ်မှာ နောင်ဘဝဆိုတာကို မယုံချင် တော့ဘူး၊ နောင်ဘဝမယုံတဲ့အတွက် ကုသိုလ်၊ အကုသိုလ်ဆိုတာကိုလဲ လက်မခံချင်တော့ဘူး၊ ကုသိုလ်မှန်း အကုသိုလ်မှန်း မသိယင်တောင် ပိုကောင်းမယ်၊ ဒီလို နောင်ဘဝ မယုံမကြည်ဖြစ်လာတာက တခြား အကြောင်းမဟုတ်ဘူး၊ ပဋိသန္ဓေနေပုံ လူဖြစ်လာပုံကို သိပ္ပံနည်းကျ သိရ လို့ပါပဲ။"

ကျွန်တော်က ဖြတ်၍–

"အင်း၊ လုပ်ပါဦး၊ ပဋိသန္ဓေနေပုံ သိပ္ပံနည်းကျ ဟုတ်လား"

(ကျွန်တော်လည်း လေ့လာထားပါ၏၊ သို့သော် သူ့ဆီကထွက် လာပုံကို ကြားချင်၍ ဖြစ်၏)။

သူ–"ဟုတ်တယ်ဆရာ၊ လူဖြစ်ဖို့ ပဋိသန္ဓေနေတာက ဖိုနဲ့မတို့ရဲ့ စပန်းနဲ့မိုဗီဆိုတဲ့ ရုပ်နှစ်ခုပေါင်းမိပြီး သန္ဓေရလာတာပဲ။"

ကျွန်တော်–"စိတ်ကကော ဘယ်လိုဝင်လာသလဲ၊"

သူ–"စိတ်က ဘာအထူးဝင်စရာလိုသလဲ။ အဲဒီရုပ်ထဲမှာ စိတ်က ပါပြီးသားပဲ၊ တကယ်တော့ စိတ်ဆိုတာလည်း ရုပ်ပဲဟာ၊ ဥပမာ ကွမ်းစားတဲ့အခါမှာ ထုံးက အဖြူ၊ ကွမ်းရွက်က အစိမ်း၊ ကွမ်းသီးက အဝါရင့်၊ ဟော....ကွမ်းတံတွေးကျတော့ နီလာတယ်မဟုတ်လား ၊ဒီလိုပဲ ပေါ့၊ စိတ်ဆိုတာ တခြားဘာမှမဟုတ်ပဲ၊ ရုပ်ချင်းပေါင်းလိုက်လို့ ဖြစ်လာတဲ့ ရုပ်တစ်မျိုးပဲ၊"

ကျွန်တော်—''ဒါနဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ၊ နောင်ဘဝ, မယုံ တာ ဘယ်လိုဆက်စပ်သလဲ။''

သူ၊ ''အဲဒီလို ရုပ်ချင်းပေါင်းစပ်လို့ လူဖြစ်လာပြီးတဲ့နောက် နောင် သေချိန်ကျတော့လဲ သေတာပဲ၊ တစ်ဘဝ ပြီးတာပဲ၊ မူလက ရုပ်ချင်း ညီညွတ်လို့ ဖွဲ့စည်းလာတဲ့ ရုပ်ဘဝကြီး ပျက်သွားတာပဲ၊ ပြီးရောပေါ့၊ နောင်ဘဝရောက်ဖို့ မလိုတော့ဘူး၊ နောင်ဘဝမရှိတော့ ဒီဘဝအတွင်းမှာ ကုသိုလ်တွေဘာတွေ လုပ်နေဖို့ ဘာလိုတော့လို့လဲ၊ အကုသိုလ်ရှောင်ဖို့လဲ မလိုတော့ဘူး။''

ကျွန်တော်-''ခင်ဗျားက ဒါကို ခေတ်မီသိပ္ပံနည်းကျ ယုံကြည်ချက်လို့ ယူဆထားတယ် ထင်ပါတယ်၊ တကယ်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော် မြတ်စွာဘုရားလက်ထက်ကတည်းက ပူရဏကဿပစတဲ့ တိတ္ထိဆရာ ကြီးတွေဟာ အခု ခင်ဗျားပြောတဲ့ဝါဒအတိုင်း ယူကြတာပဲ၊ ဟောလဲ ဟောကြားခဲ့တာပဲ။ နောက်ပြီး အလွန်ရှေးကျတဲ့ အင်ဒီးယန်းဖီလိုဆိုဖီ တွေထဲမှာလည်း အခုခင်ဗျားပြောတဲ့အတိုင်း နောင်ဘဝ မရှိ၊ ကုသိုလ်, အကုသိုလ်မရှိတဲ့ဝါဒ ပါသားပဲ။ တကယ်တော့ ခင်ဗျားအယူအဆဟာ အသစ်အဆန်းမဟုတ်ပါဘူး၊ ရှေးဟောင်းအယူအဆတစ်ရပ်ပါပဲ။''

သူ—''အဲဒါ ထားပါတော့ဆရာ၊ အခု ကျွန်တော့်စိတ်မှာဖြစ်နေ တာက ဒီနောင်ဘဝမရှိ ရုပ်ဝါဒကိုလည်း မယုံချင်ဘူး။ ဒါပေမဲ့ မသိ စိတ်ကလည်း ယုံနေတယ်၊ ဒီကိစ္စကို တွေးမိရင် ညညအိပ်လို့မပျော်ဘူး၊ မယုံချင်ဘူး ယုံနေတယ်၊ ဒါ ဘယ့်နှယ်လုပ်ပါ့မလဲ''။

ကျွန်တော်သည် သူ့အား ကရုဏာသက်မိ၏။ အဘယ်ကြောင့် ဆိုသော် သူသည် ဤကိစ္စအတွက် အမှန်တကယ်ပင် စိတ်ထိခိုက်ပုံပေါ်နေ သောကြောင့် ဖြစ်ပါ၏။

ကျွန်တော်က ဆက်ပါ၏။

ကျွန်တော်— ''အရေးကြီးတဲ့ မေးခွန်းတစ်ခုနှစ်ခု မေးမယ်နော်၊ ကြိုက်သလိုဖြေပေါ့''။

သူ— ''မေးပါဆရာ''၊

ကျွန်တော်— ''အခု ခင်ဗျားပြောခဲ့တဲ့ ပဋိသန္ဓေနေပုံ သိပ္ပံရဲ တွေ့ရှိ

ချက်ဆိုတာဟာ နောက်ဆုံးပဲလား၊ ဒီထက် တိုးတက်ပြောင်းလဲလာစရာ မရှိတော့ဘူးလား၊ သိပ္ပံပညာရှင်ကြီးတွေကလဲ ဆက်လက်စူးစမ်းမှု မပြုကြတော့ဘူးလား။"

သူ- "ဒီလိုတော့ မဟုတ်ပါဘူး၊ သိပ္ပံပညာရှင်တွေဟာ လေ့လာစူးစမ်းမှု အမြဲပြုနေကြတာပဲ၊ ဒါ သိပ္ပံသမိုင်းအရ ထင်ရှားပါတယ်။"

ကျွန်တော်– "ဟုတ်ပြီ၊ ဒါဖြင့် အခု ခင်ဗျားပြောတဲ့ ပဋိသန္ဓေခန်းကလဲ နောင်ဘယ်တော့မှ ပြင်ဆင်ချက်မရှိမယ့် အန္တိမသစ္စာတရား မဟုတ်သေးဘူးဆိုတာကို မမေ့ရဘူးပေါ့"။

သူ– "ဟုတ်ပါတယ်"

ကျွန်တော်– "နောက်တစ်ခု ကျွန်တော်သိဖူးတယ်၊ ဟုတ်သလား မသိဘူး၊ လက်ရှိသိပ္ပံပိုင်းမှာ ဖြစ်ရပ်တစ်ခုနဲ့ပတ်သက်လို့ "ဘယ်လို" (**HOW**)ဆိုတဲ့ မေးခွန်းမျိုးကို ကျကျနန ရှင်းပြဖြေဆိုနိုင်တယ်၊ "ဘာ့ကြောင့်" (**WHY**)ဆိုတဲ့ မေးခွန်းမျိုးကျတော့ လက်တွေ့မျက်မြင် ရှင်းလင်းမပြနိုင်ဘူးဆိုတယ်၊ ဥပမာ–ပဋိသန္ဓေ ဘယ်လိုရသလဲဆိုတာကိုတော့ ဘယ်လိုရလာတယ်ဆိုတာကို လက်တွေ့ရှင်းလင်းပြနိုင်တယ်၊ အဘယ့်ကြောင့် ပဋိသန္ဓေရလာသလဲဆိုတာမျိုးကျတော့ ရလာတဲ့အကြောင်းတရားကို ဘယ်လိုရတယ်ဆိုတဲ့ အခြင်းအရာလောက် လက်တွေ့မျက်မြင်ကျကျ မဖြေဆိုနိုင်ဘူးဆိုပါတော့၊ အဲဒါဟုတ်သလား"။

သူ– "ဒါကဒီလိုရှိပါတယ်၊ အမိရဲ့သားအိမ်ကလည်း ပကတိအရည်အချင်းရှိနေတယ်၊ ကျန်းမာရေးလည်း ညီညွတ်မယ်၊ ဖိုမလည်း ပေါင်းသင်းမယ်ဆိုယင် သန္ဓေရမှာပေါ့၊ မညီညွတ်ရင်တော့ မရနိုင်ဘူးပေါ့"။

ကျွန်တော်– "အကျိုးတရားတစ်ခု အောင်မြင်ဖြစ်မြောက်လာဖို့အတွက် အကြောင်းတရားတွေက အမြောက်အမြားရှိတယ်၊ နီးသောအကြောင်း, ဝေးသောအကြောင်း, ပင်မအကြောင်း, အခြံအရံအကြောင်း စသည်ဖြင့်ပေါ့၊ ဒီအကြောင်းတွေကို လက်တွေ့စမ်းသပ်ပြဖို့ ဘယ်လိုဖြစ်နိုင်မလဲ၊ ပဋိသန္ဓေရတဲ့ကိစ္စမှာ အဲဒီမိန်းမမှာ သားအိမ်က ဘာကြောင့်ပကတိအနေအထား ပျက်ရသလဲ၊ ကျန်းမာရေးလိုက်စားပါလျက် ကျန်းမာရေးက သူ့မှာ ဘာကြောင့် မညီညွတ်ရတာလဲ စသည်ဖြင့် စဉ်းစားစရာ

အများကြီးရှိနေပါတယ်၊ ဒါတွေ ထားပါဦးတော့၊ ဗုဒ္ဓအဘိဓမ္မာအဆို အမိန့်ကို ပြောကြပါဦးစို့ရဲ့။"

"ဗုဒ္ဓဘာသာသဘောတရားရေး စနစ်အရ ပဋိသန္ဓေရရှိပုံကိုရော ကျကျနန ကျယ်ကျယ်ပြန့်ပြန့် သိထားပြီလား"။

သူ- "သိပ်ပွဲဘက်ကို သိတာလောက်တော့ မသိသေးပါဘူး။"

ကျွန်တော်- "အင်း.... ကျကျနန ကျယ်ကျယ်ပြန့်ပြန့် သိဖို့ဆိုတာကတော့ တစ်ထိုင်တည်းနဲ့ မရနိုင်ပါဘူး၊ မိမိစိတ်ကို ဘက်မလိုက်ပဲ ပင်ကိုယ်အတိုင်း ဖြူဖြူစင်စင်ထားပြီး သိချင်တဲ့ဆန္ဒနဲ့ အပတ်တကုတ် လေ့လာယူမှ သိရမှာပဲ"။

သူ—"ဟုတ်ပါပြီဆရာ၊ လေ့လာချိန်က သိပ်မရဘူး၊ အကျဉ်းချုပ်ပဲ ပြောပါဦး"။

ကျွန်တော်—"ဗုဒ္ဓဘာသာသဘောတရားရေးအရ ပဋိသန္ဓေခန်းကို နားလည်ဖို့ကိစ္စမှာ ပထမဆုံးအရေးကြီးတာက အတိတ်ဘဝရှိတယ်ဆိုတာကို ထည့်သွင်းစဉ်းစားရပါတယ်။ ယုံဖို့မဟုတ်သေးပါဘူး၊ နားလည်ဖို့အတွက် အတိတ်ဘဝရှိတယ်လို့ ခဏမှတ်ထားရမှာပါ"။

"လူပဲဖြစ်ဖြစ်၊ အခြားသတ္တဝါတစ်ဦးဦးပဲဖြစ်ဖြစ်၊ အဲဒီအတိတ်ဘဝမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို လုပ်ရစမြဲဖြစ်ပါတယ်။ ကံနဲ့ကင်းတဲ့ သတ္တဝါရယ်လို့ မရှိပါဘူး၊ ဒါကြောင့် အဲဒီသတ္တဝါသေခါနီးမှာ သူလုပ်ထားတဲ့ ကံသတ္တိတွေထဲက ကုသိုလ်ကံအကျိုးပေးဖို့ အသင့်ဖြစ်လာတယ်ဆိုပါတော့၊ သူသေတဲ့အခါ (စုတိစိတ်ချုပ်တဲ့အခါ) သူပြုထားတဲ့ကုသိုလ်ကံ အရှိန်ကြောင့် ဒီဘဝက အမိဝမ်းတစ်ခုခုထဲမှာလာပြီး ပဋိသန္ဓေထင်ဟပ်ဖြစ်ပေါ်စေတယ်၊ ဒါက အတိတ်အနေအထားကို ပြောတာ"။

"ဒီဘက် အခု ပစ္စုပ္ပန်ဘဝမှာတော့ သန္ဓေရဖို့ အင်္ဂါသုံးရပ်လိုပါတယ်။

၁။ ပထမအင်္ဂါက ခုနပြောခဲ့တဲ့ အတိတ်ဘဝတစ်ခုခုက သတ္တဝါတစ်ဦးဦးက ဒီမိခင်ဝမ်းထဲမှာ သန္ဓေနေဖို့ ညွတ်ပြီးကူးပြောင်းခိုက် ဖြစ်ရမယ်။

၂။ မိခင်လောင်းသည် ရာသီလာပြီးစ သားအိမ်သန့်ရှင်းချိန်လည်း ဖြစ်ရမယ်၊

၃။ ဖခင်နှင့်မေထုန်မှုပြုပြီး အနည်းဆုံး ခုနစ်ရက်အတွင်းမှာလည်း ဖြစ်ရမယ်၊

"ဒီအင်္ဂါသုံးရပ်နဲ့ပြည့်စုံမှ ပဋိသန္ဓေရပါဘယ်၊ ဒီအင်္ဂါရပ်သုံးမျိုး အနက် ပထမ သန္ဓေနေလာမယ့်သတ္တဝါက အဆင်သင့်ဖြစ်နေဖို့ အရေး အကြီးဆုံးပဲ၊ နောက် အင်္ဂါနှစ်ပါးကတော့ များသောအားဖြင့် ပြည့်စုံ တတ်ပါတယ်"။

"သန္ဓေရတယ်ဆိုတာက အမိသားအိမ်ထဲမှာ ပဋိသန္ဓေဝိညာဉ်စိတ် ရယ်၊ ကလလရေကြည်ရုပ်ရယ် တပြိုင်နက်ဇီးကပ်လာတာကို ဆိုပါတယ်"။

"အထူးသတိပြုရမှာက စိတ်နဲ့ရုပ်ဟာ တပြိုင်တည်းဖြစ်လာပါတယ်၊ နာမ်ဝိညာဉ်က အယင်ဖြစ်ပြီး ကလလရုပ်က နောက်မှ ဖြစ်လာတာလဲ မဟုတ်ဘူး၊ ကလလရေကြည်ရုပ်က အယင်ဖြစ်နှင့်ပြီး နောက်မှ စိတ်က ပေါ်လာတာလဲ မဟုတ်ဘူး၊ နာမ်နဲ့ရုပ်ဟာ တပြိုင်တည်း တချိန်တည်း အတူတူ ဥပါဒ်ဖြစ်ပေါ်လာတာပဲ၊ နောက်ပြီး ရုပ်ထဲမှာစိတ်ပါလာတာလဲ မဟုတ်ဘူး"။

"ဒီသန္ဓေအချိန်မှာ သန္ဓေစိတ်နှင့် ကလလရေကြည်မှာပါတဲ့ ဟဒယ ဝတ္ထုရုပ်ဟာ သဘာဝအချင်းချင်း အပြန်အလှန်မှီရတယ်၊ သစ်သား တုတ်သုံးချောင်းကို ထိပ်ချင်းတိုက်ပြီး ထောင်လိုက်တဲ့အခါ အချင်းချင်း အားပြုပြီး ခွထောက်ပုံစံပေါ်သလိုပဲ၊ ပဋိသန္ဓေစိတ်ရယ်၊ စေတသိက်ရယ်၊ ကလလရုပ်ရယ်ဟာ သန္ဓေဖြစ်စ တစ်ခဏ၌ အချင်းချင်း အားယူမှီရတယ်၊ ဒါကို အညမညပစ္စည်းတပ်တယ်လို့ ပဌာန်းကျမ်းမှာ ဖော်ပြထားတယ်၊ နောက်ပိုင်းမှာတော့ ရုပ်နဲ့နာမ်ဟာ အတူတကွ သဟဇာတပဲဖြစ်တယ်၊ အညမညမဖြစ်တော့ဘူး"။

"ဒီအမိဝမ်းထဲမှာ ပဋိသန္ဓေဝိညာဉ်စိတ်နဲ့ ကလလရေကြည်ရုပ် ပေါ်လာတာကတော့ အဲဒီပဋိသန္ဓေသားကလေးရဲ့အတိတ်ဘဝက ကုသိုလ်ရဲ့ အစွမ်းသတ္တိကြောင့်ပဲ"

(၃) ၂၀၃၁၆

သူ–''ဒါကိုဘယ်လို ပရုဗ်လုပ်သလဲ'' (မှန်ကြောင်းသက်သေဘယ်လို ပြမလဲ)

ကျွန်တော်–''ဘာနဲ့ ပရုဗ်လုပ်ချင်သလဲ၊ ကံ၏ အစွမ်းသတ္တိကို မြင်နိုင်တဲ့ သိပ္ပံကိရိယာပေါ်နေပြီလား၊ နာမ်ဝိညာဉ်ကိုမျက်စိနဲ့ကြည့်လို့ရမယ့် မှန်ပြောင်းမျိုးရော ပေါ်နေလို့လား''။

''ဗုဒ္ဓအဘိဓမ္မာအရ ဒီပဋိသန္ဓေစတင်တဲ့အချိန်ဟာ အလွန့်အလွန် တိုတောင်းနေတယ်၊မျက်တောင်တစ်ခါခတ်လောက်အချိန်ကို အစိတ်ပေါင်း ကုဋေတစ်သိန်းလောက်စိတ်ယင် တစ်စိတ်စာလောက်ပဲ ကြာတယ်လို့ ဆိုတယ်၊ ဒီလောက်မြန်ဆန်လှတဲ့အချိန်ကလေးမှာ ဖြစ်ပျက်တဲ့သဘာဝ တရားကိုဖမ်းပြီး မြင်နိုင်တဲ့ သိပ္ပံကရိယာပေါ်နေပြီလား''။

''ဒီလို ပဋိသန္ဓေဝိညာဉ်နဲ့ ကလလရေကြည်ရပ်ကလေးတို့ရဲ့ ဖြစ်ပြီးစ အချိန်(မျက်တောင်တစ်ခတ်၏ ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာအချိန်)ကို အမိဖမ်းပြီး မမြင်နိုင်သေးဘူးဆိုရင် ဒီကာလထက်နောက်ကျတဲ့ အချိန် ပိုင်းမှာရှိတဲ့ သန္ဓေဘဝကိုသာမြင်နိုင်ကြမယ် မဟုတ်လား၊ ဆိုလိုတာက အခုခေတ် သိပ္ပံပညာရှင်တွေ လက်ရှိ သိပ္ပံကိရိယာများဖြင့် တွေ့ရမြင်ရတဲ့ ပဋိသန္ဓေဘဝဟာ ဗုဒ္ဓဘာသာနည်းအရ ပဋိသန္ဓေနေဦးစ၊ ဥပါဒ်ခဏ မဟုတ်ပဲ၊ ဗုဒ္ဓဘာသာနည်းအရပဝတ္တိလို့ခေါ်ရတဲ့ နောက်ပိုင်းကျမှ မြင်ရ တွေ့ရတာဖြစ်မယ်လို့ မတွေးနိုင်ဘူးလား၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဗုဒ္ဓဘာသာ သဘောတရားအရ ပဋိသန္ဓေနေပုံကို နက်နက်နဲနဲမသိတဲ့သူများအနေဖြင့် ဒီလိုမတွေးမိပေမဲ့ ဗုဒ္ဓဘာသာသဘော တရားရေးသမားများအနေနဲ့ ဒီလို မတွေးပဲ နေကြမှာမဟုတ်ဘူး။

သူ–''ဒီပဋိသန္ဓေဟာသားစပ်ယူတော့လည်း ရတာပဲ၊ ဖျက်ချပစ် တော့လဲ ပျက်တာပဲမဟုတ်လား၊ ဒီတော့ ကံဆိုတာက ဘယ်မလဲ''။

ကျွန်တော်–''ဟုတ်ပါတယ်၊ အတိတ်ဘဝမှာ သတ္တဝါတွေက အနန္တောအနန္တ၊အတိတ်ဘဝမှသေပြီး ပစ္စုပ္ပန်ဘဝရောက်ကြရမယ့်သတ္တဝါ တွေလဲ မရေတွက်နိုင်ဘူး။ ဒါကြောင့် ဖိုမဓာတ်စပ်မိတုန်းမှာ ဝိညာဉ်နဲ့ ကလလထင်ဟပ်ပြီး ဇီးကပ်နိုင်တာပါ၊ နောက်ပြီးဒီဘဝမှာ ရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ်မျိုးမှတစ်ပါး ကျန်တဲ့သာမန်သတ္တဝါတွေဟာ သူတစ်ပါးအဖျက် အဆီးကိုခံနိုင်တဲ့သူ မရှိဘူး၊ ကဲလေ၊ သန္ဓေခန်းကို ဒီလောက်နဲ့ပဲ ထားကြ

ပါစို့။ နောက်ဆက်လက်၍ လေ့လာပေတော့၊ အခု ဆက်ချင်တာက နောင်ဘဝကို မယုံကြည်သူတွေအတွက် မြတ်စွာဘုရားက စပါယ်ရှယ်လက် ဆောင်ပေးခဲ့တဲ့ တရားများကို ဖောက်သယ်ချချင်ပါတယ်''။

သူ– ''ကဲ....လုပ်ပါဦးဆရာ''၊

ကျွန်တော်– ''မြတ်စွာဘုရားက အယူဝါဒရေးရာမှာ နဝေတိမ် တောင်ဖြစ်နေရှာတဲ့ ကာလာမအမျိုးသားတို့အား ဒီလိုနည်းလမ်းပေးခဲ့ ပါတယ်''။

''အကုသိုလ်ဒုစရိုက်ကို ရှောင်ကြဉ်တယ်၊ ကုသိုလ်ကောင်းမှုကို လုပ်တယ်ဆိုတဲ့သူဟာ....

၁။ ကုသိုလ်၊ အကုသိုလ်ရဲ့အကျိုး၊ အပြစ် မရှိဘူးဆိုဦးတော့၊ သူ့အနေနဲ့ ပိုပြီးနစ်နာသွားစရာ မရှိဘူး။
၂။ တကယ်လို့ ကုသိုလ်၊ အကုသိုလ်ကံရဲ့အကျိုး၊ အပြစ် ရှိနေမယ် ဆိုရင် သူက ဟန်ကျတယ်။
၃။ နောင်ဘဝမရှိဘူးဆိုတာ တကယ်မှန်ယင်တောင်မှ အကုသိုလ်ကို မလုပ်၊ ကုသိုလ်ကိုလုပ်တဲ့အတွက် ဘာမှပိုပြီးမနစ်နာဘူး။
၄။ တကယ်လို့ နောင်ဘဝရှိနေခဲ့ယင သူ့မှာ အကျိုးယုတ်အနတ္ထ မဖြစ်တော့ဘူး။

ဒီလိုမဟုတ်ပဲ အကုသိုလ်ဒုစရိုက်တွေကို လုပ်၊ ကောင်းမှုကုသိုလ်ကို ကျော်ခိုင်းပြီးနေမယ်ဆိုရင်....

(က) အကုသိုလ်ကံ၌ အပြစ်ရှိနေပါက ဒီအပြစ်ကိုမခံရပါလား၊ ကုသိုလ်ကံရဲ့ အကျိုးရှိနေယင်လည်း ကောင်းကျိုးမံရပဲ နေမယ်မဟုတ်လား။

(ခ) နောင်ဘဝရှိနေမယ်ဆိုယင် အကုသိုလ်တွေကိုလုပ်မိမှားတဲ့ အတွက် နောင်ဘဝမှာ ဒုက္ခလှလှကြီး မရောက်ပါလား၊ အဲဒီအခါကျတော့မှ လာပြန်ပြောလို့မရတော့ဘူး။

''ဒါက မြတ်စွာဘုရားဟောခဲ့တဲ့ သဘောတရားအချုပ်ပဲ။ မြတ်စွာ ဘုရားက ဘယ်လောက်အလိုလိုက်ပြီး ဟောထားပါသလဲ၊ ဒီတော့ကာ

ကျွန်တော်တို့အနေနဲ့က ကျိန်းသေတဲ့ဘက်ကနေမလား၊ မကျိန်းသေတဲ့ဘက်ကနေပြီး လျှောက်ဆိုးနေမလား၊ ဒါ စဉ်းစားကြဖို့ပဲပေါ့"။

သူ–"ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဘယ်စာအုပ်မျိုးတွေကိုဖတ်ရမလဲ"။

ကျွန်တော်–"ဗုဒ္ဓတရားတော်ဆိုတာက စင်စစ် လက်တွေ့အကျင့်လုပ်ငန်းတွေရဲ့ မှတ်တမ်းတွေပဲ၊ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်ကြည့်မှ ဒိဋ္ဌမြင်နိုင်တယ်၊ ခုနကပြောတဲ့ သန္တေခန်းမှာလဲ ဒိဗ္ဗစက္ခုအဘိညာဉ်ရအောင် အားထုတ်ယူပြီး အဘိညာဉ်မျက်စိနဲ့ကြည့်ယင် သန္တေရပုံကို ကြောင်းကျိုးကွင်းဆက်မပြတ် ကွက်ကွက်ကွင်းကွင်း မြင်နိုင်တယ်၊ ဒီကျင့်နည်းလဲ အခု ဗုဒ္ဓတရားမှာ ရှိပါတယ်။"

"မြတ်စွာဘုရားရဲ့ တရားကျမ်းစာတွေကိုဖတ်တဲ့အခါမှာလဲ နားလည်သလိုလို ကိုယ့်ဟာကိုယ်ထင်တာတောင်မှ အမှန်တကယ်နားလည်ရဲ့လားဟု လျှော့တွက်ထားရသေးတယ်၊ အနည်းဆုံး သဂြိုဟ်လောက်သင်ဖူးတဲ့ အခြေခံနဲ့ဖတ်မှ ပိုပြီးကောင်းပါတယ်၊ စာတွေက အပေါ့ဖတ်စာတွေ မဟုတ်ဘူး၊ ဆရာနဲ့ သင်ယူရတဲ့ စာမျိုးတွေပါ၊ ဒါပေမယ့် မဖတ်လို့ ကလဲမဖြစ်၊ မဖတ်ယင်ပိုပြီးစိမ်းနိုင်ပါတယ်၊ ဒါ့ကြောင့် ဖတ်တော့လဲဖတ်ရမှာပဲ"။

အဲဒီမှာတော့ လူတွေကိုနားလည်အောင်လဲ အတော်ရေးနိုင်တယ်၊ ကျမ်းဂန်နဲ့အညီလဲရေးတယ်လို့ စိတ်လဲချရတဲ့ လယ်တီဆရာတော်ဘုရားရဲ့ ဒီပနီစာအုပ်တွေကို ရှာဖတ်ပါ၊ မြန်မာပြန်ထဲကဖတ်ချင်ယင်တော့ ဓမ္မပဒက စပြီး ဖတ်ပါ။ ဖတ် မှတ် မေးပေါ့လေ။

"အဲ....အရေးကြီးတဲ့တစ်ခုကတော့ ခေတ်ပေါ်ဘာသာရေးစာအုပ်ဖတ်မယ်ကြံယင်တော့ စာရေးတဲ့လူကို အယင်လေ့လာပါဦး၊ ဘုရားတရားတော်ကို တာဝန်ရှိရှိ လေးလေးစားစား တင်ပြပေးတာလဲဟုတ်ရဲ့လား စသည်ပေါ့"။

သူ– "နောက် တွေ့ချင်သေးတယ်ဆရာ"

နှစ်ဖက်လှ

(၁၉၇၀-ခု၊ အောက်တိုဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# အရိယာခေတ်က သိပ္ပံနည်းကျ တွေးမြင်မှုတစ်ရပ်

လွန်ခဲ့သောနှစ်ပေါင်း (၂၆၀၀)ခန့်က ကမ္ဘာပေါ်တွင်ဦးလည်းဦး ထူးလည်းထူးသော တွေးခေါ်မြော်မြင်မှုတစ်ရပ်ကို မဇ္ဈိမဒေသရှိ အရိယာ၏ တပည့်သာဝကတို့က ပီပီပြင်ပြင် ပြုလုပ်ဖော်ထုတ်ခဲ့ကြလေသည်၊ သူတို့ရဲ့ တွေးမြင်ဆင်ခြင်ပုံသည် ကြောင်းကျိုးဆီလျော်ပြီး စနစ်တကျဖြစ်၍ သိပ္ပံနည်းကျပင်ဖြစ်လေသည်။ သူတို့သည် မျက်စိဖြင့် မြင်ပုံမြင်နည်းကစ၍ အခြေခံကျကျ အနုစိတ် စဉ်းစားရှုမြင်ခဲ့ကြသည်။

မြင်သည်ဆိုရာဝယ် ဘယ်သူ မြင်သလဲ၊ ဘာက မြင်သလဲ၊ ဘာ မြင်သလဲ၊ ဘာနဲ့ မြင်သလဲ၊ ဘယ်လို မြင်သလဲ၊ ဘာကြောင့် မြင်သလဲ၊ မြင်တာနဲ့သိတာ အတူတူလား၊ တခြားစီလား၊ ဤကဲ့သို့ လားပေါင်း၊ လဲပေါင်းများစွာ ပုစ္ဆာထုတ်ပြီး အဖြေမှန်ရှာခဲ့ကြလေသည်။

သူတို့သည် လူ၏မျက်စိကို သေသေချာချာလေ့လာကြ၏၊ မျက်စိ ထဲရှိ မျက်နက်ဝန်းအလယ်ခေါင်မှာ မှန်သားကလေးလို ကြည်လင်နေသော နေရာကလေးကို စိတ်ဝင်စားကြ၏။ မျက်နှာချင်းဆိုင် ကပ်၍ကြည့်လိုက် သောအခါ ကြည့်ရှုသူ၏အရိပ်သည် အကြည့်ခံသူ၏မျက်နက်ဝန်းအလယ်၌ ထင်ဟပ်နေသည်ကို တွေ့ကြရ၏။ မျက်စိကို သူတို့ဝေါဟာရဖြင့် "စက္ခု"ဟု ခေါ်ပြီး၊ အကြည်ကလေးကို "ပသာဒ"ဟုခေါ်၏။ ထို့ကြောင့် မျက်စိ ထဲမှာရှိသော ကြည်လဲ့လဲ့ကလေးကို "စက္ခုပသာဒ"ဟု မှတ်သားလိုက်ကြ လေသည်။

ထိုစက္ခုပသာဒ အကြည်ဝန်းလေးမှာ ကြည့်မှန်ပြင်မှာကဲ့သို့ ပြင်ပက အဆင်းအရောင်သဏ္ဍာန်များ အရိပ်ထင်ဟပ်လျက်ရှိ၏။ ထိုအဆင်း အရောင်များကို သူတို့ဝေါဟာရဖြင့် "ရူပ" ဟူ၍လည်းကောင်း၊ "ဝဏ္ဏ" ဟူ၍လည်းကောင်း ခေါ်၏။

သူတို့သည် မျက်စိကို မှိတ်လိုက် ဖွင့်လိုက် လုပ်ကြည့်ရာ မှိတ်လိုက်လျှင် ဘာကိုမှမမြင်ရ၊ ဖွင့်လိုက်မှ မြင်ရသည်။ ဤအချက်မှသိရသည်မှာ အလင်း ရောင်ရမှ မျက်စိအကြည်ဝန်းကလေးမှာ ပြင်ပမှ အရိပ်အရောင်ထင်နိုင်၏။

အလင်းရောင်မရှိလျှင် မထင်မမြင်ရပေ၊ အလင်းဓာတ်သည် စက္ခုနှင့်ရူပ ပေါင်းဆုံမိဖို့အတွက် အောင်သွယ်တော်ကြီးဖြစ်ပေ၏။ အလင်းရောင်ကို "အာလောက"ဟု ခေါ်လေသည်။

ဤအလင်းဓာတ်၏အခန်းကဏ္ဍကိုအခြေခံ၍ နောက်ထပ် အချက် နှစ်ရပ်ကို သူတို့ထပ်မံဖော်ထုတ်နိုင်၏။ မျက်စိမှိတ်ထားသောအခါ အတွင်းရှိ မျက်ခွံကို အဘယ်ကြောင့်မမြင်ရသလဲ။ အဖြေကား၊ မျက်ခွံကိုပိတ်လိုက် သောအခါ မျက်စိထဲ၌ မှောင်ကျသွား၏။ အလင်းရောင်ပြတ်သွား၏။ ထိုသို့အလင်းဓာတ်ပြတ်သွား၍ မျက်ခွံအတွင်းသားကို မမြင်ကြရခြင်းဖြစ် လေသည်။

နောက်အရေးကြီးသော အချက်တစ်ရပ်မှာ ပြင်ပမှ မြင်စရာအဆင်း အရောင်တို့သည် စက္ခုပသာဒ(မျက်စိအကြည်) ကလေးပေါ်ကျရောက်ပြီး ဖုံးလွှမ်းထိစပ်သွားမှ မြင်သလော၊ မကျရောက်ခင်မြင်သလော၊ ဤ— အချက်ကို အလေးအနက်စဉ်းစားကြ၏။ ပသာဒအကြည်ပေါ်၌ အဆင်း ဓာတ်ကလေးထိရောက်သွားလျှင် အလင်းဓာတ်ဖြတ်သွားမည်ဖြစ်ပေသည်။ အလင်းမရလျှင် မည်သည့်နည်းနှင့်မျှ မြင် နိုင် မည် မ ဟုတ် ချေ၊ မြင်ဖို့ အရေး၌ အလင်းဓာတ်၏အရေးပါပုံကို ဂရုပြုမိကြသောအခါ မျက်စိ အကြည်ကလေးသို့ အဆင်းအရောင်မရောက်သေးခင်၌သာ မြင်နိုင်ကြောင် သိရှိလာကြသည်။

ရူပါရုံအဆင်းဓာတ်မှာမူ လမ်းခုလတ်တွင် ရပ်နားမနေပဲ စက္ခု ပသာဒသို့ရောက်၍ အရိပ်ထင်ဟပ်ပေသည်။ သို့သော် စက္ခုပသာဒနှင့် ရူပါရုံ မပူးပေါင်းမီ မလွှမ်းမကမ်းအခိုက်အတံ့မှာသာ အလင်းဓာတ် အကူအညီဖြင့် မြင်မှုကိစ္စဖြစ်ပေါ်လေသည်။ ဤကဲ့သို့ အဆင်းအာရုံကို မိမိသို့မရောက်သေးခင် ယူတတ်သည့်အတွက် စက္ခုပသာဒကို အသမ္ပတ္တ ဂါဟ(အသမ္ပတ္တ = မရောက်သေးခင်+ဂါဟ = ယူခြင်း)ဟု မှတ်သားခဲ့ကြ လေသည်။

သူတို့၏ စဉ်းစားခန်းကား မကုန်သေး၊ အလင်းရောင်အားကောင်း နေသော နေ့ခင်းကြောင်တောင်မှာပင် မြင်စရာကို မမြင်မိလိုက်သော ဖြစ်ရပ်များ ကြုံတွေ့နေကြရ၏၊ မျက်စိပွင့်လျက် အိပ်ပျော်နေတတ်သော သူတို့မှာလည်း မျက်စိပွင့်နေပါလျက် ဘာကိုမျှမမြင်ရချေ။ စက္ခုပသာဒ

မျက်စိအကြည်၊ အဆင်းရူပါရုံ၊ အလင်းဓာတ်အာလောက အင်္ဂါသုံးရပ် စုံညီပါသော်လည်း အဘယ်ကြောင့် မမြင်ကြသည်ကို သူတို့ အစဉ်းစားရ ကြပ်ခဲ့ကြ၏။

သို့ရာတွင် မကြာခင် အဖြေမှန်ရလာကြ၏၊ မြင်ဖို့အတွက် ကာယကံ ရှင်လူသားက "နှလုံးသွင်းမှု"ရှိရန်လည်း လိုသည့်အချက်ကို သူတို့ဖော်ထုတ် နိုင်ကြသည်။ မှန်ပေသည်။ နှလုံးမသွင်းမိပါလျှင် "သတိမမူ ဂူမမြင်" ဆိုသကဲ့သို့ ကိုယ့်မျက်စိအောက်က ပစ္စည်းဝတ္ထုများကိုပင် မမြင်ကြရချေ။ ခလုတ်တိုက်သူ၊ မြေကိုနင်းမိသူတို့သည် မြင်စရာအထင်အရှားဖြစ်ပါလျက် မမြင်မိကြ၍ တိုက်မိ၊ နင်းမိခြင်း ဖြစ်လေသည်။ ထို့ကြောင့် မြင်မှုကိစ္စ တွင် "နှလုံးသွင်းရှိမှု" လိုအပ်ကြောင်း နားလည်သဘောပေါက်ကြလေ သည်။ နှလုံးသွင်းမှုကို "မနသိကာရ" ဟု ခေါ်လေသည်။

သူတို့သည် မြင်သည်....ဆိုသောအချက်နှင့် စပ်လျဉ်း၍ လိုအပ်သော စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ (မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်း)ဟူသော အချက်လေးရပ်ကို လက်တွေ့ကျကျစဉ်းစား၍ ဖော်ထုတ်နိုင်ကြလေပြီ။

သို့ရာတွင် ဤအချက်လေးရပ်ပြည့်စုံရုံမျှနှင့် မြင်ပြီလော၊ စဉ်းစား ဖွယ်ကျန်ပေသေးသည်၊ ထိုအချက်လေးရပ်တို့တွင် စက္ခုအကြည်ကလေးက မြင်သလော၊ မြင်သည်ဆိုလျှင် သူ့အပေါ်အရိပ်ထင်လာပါက နှလုံး သွင်း (မနသိကာရ) မရှိသော်လည်း မြင်ရပေမည်။ မျက်စိဖွင့်အိပ်ပျော် နေသူလည်း မြင်ရပေမည်၊ သို့သော်-မြင်ကား မမြင်ကြချေ။ ထို့ကြောင့် စက္ခုအကြည်ကလေးက မမြင်သည်မှာ သေချာပေသည်။ သို့ဖြစ်လျှင် ဘာကမြင်သလဲ၊ ဤအချက်ကိုမူ သူတို့ဆက်၍ မစဉ်းစားတတ်တော့ချေ။ လက်မြှောက်ရလေပြီ။

တပည့်ငါးရာတို့အား သဘာဝဓမ္မပိုင်းကို နေ့စဉ်သင်ကြားပို့ချပေး နေသော ဆရာမြတ်တစ်ပါးကို သူတို့တွေ့ကြလေပြီ။ ထိုဆရာရှင်သည် ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကများထဲ၌သဘာဝဓမ္မရေးရာပါရဂူ ကြီးဖြစ်ကြောင်း ကျော်ကြားနေသည်၊ ထို့ကြောင့် သူတို့သည် အားရ ဝမ်းသာလှစွာ ထိုဆရာမြတ်ထံချဉ်းကပ်၍ သူတို့သိချင်လှသော ပြဿနာ၏ အဖြေကို မေးလျှောက်ကြလေသည်၊ ဆရာမြတ်သည် သိမ်မွေ့နက်နဲလှသော သဘာဝဓမ္မပညာရပ်ကို ဤသို့ ရှင်းလင်းဟောကြားတော်မူလေသည်၊

တပည့်တို့–လူရဲ့နှလုံးအိမ်ထဲမှာ ပုန်းညက်စေ့ ခန့်လောက်ရှိတဲ့ တွင်းငယ်ကလေးတစ်တွင်း ရှိတယ်။ ဒီတွင်းကလေးထဲမှာ အလွန်တရာမှကြည်လင်လှတဲ့ သွေးရည်ကလေးများရှိတယ်၊ ဒီ သွေးကြည်ကြည်ကလေးကို အမှီပြုပြီးတော့ မနောဝိညာဉ်ခေါ်တဲ့ ဗဟိုချက်မဓာတ်ကြီးဟာ မပြတ်ဖြစ်လျက်ရှိနေပါတယ်။ လူအိပ်နေတဲ့အခါမှာလဲ ဖြစ်ပျက်အစဉ်နဲ့ အမြဲရှိနေတာပဲ၊ ဒီဗဟိုချက်ဖြစ်တဲ့ မနောဝိညာဉ်ဓာတ်ကြောင့် လူမသေတာပဲ၊ ဒီလို လူကို မသေစေဖို့ အဓိကအခြေခံအကြောင်းဖြစ်တဲ့အတွက် ဘဝင် (ဘဝင်္ဂ = ဘဝ+ အင်္ဂ = ဘဝ၏အကြောင်း) လို့လဲ ခေါ်ပါတယ်။

တပည့်တို့–ဒီဘဝင်ခေါ်တဲ့ မနောဝိညာဉ်ဓာတ်ဟာ လူ့ကိုယ်ရဲ့ ဗဟိုချက်ကနေပြီး လူအသက်ရှိနေသမျှ အသိစိတ်တွေ တဖွားဖွားဖြစ်လာစေဖို့ တာဝန်ယူထားတဲ့သဘောရှိပေတယ်၊ ဒီ မနောဝိညာဉ်စိတ် ဘဝင်ပြတ်လျှင် လူဟာ သေတာပါပဲ၊ ငှက်ပျောတုံး၊ လက်ပံတုံးလို ဖြစ်သွားတာပါပဲ၊ လူသေမှာ မြင်တာတို့ သိသာတို့ ဘာမှမဖြစ်နိုင်တာဟာ ဗဟိုချက်က ဘဝင်မရှိတော့တဲ့အတွက်ပါပဲ။ ဒါကြောင့် ဒီမနောဝိညာဉ်ဘဝင်ဟာ အသက်ရှိတဲ့လူမှာ သိမှု၊ ခံစားမှုတွေ တဖွားဖွားဖြစ်လာစေဖို့ အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကောင်းကောင်းမှတ်သားကြရပါမယ်။ ဒါကိုကြိုတင်ပြီးသိနှင့်ထားမှ မျက်စိကမြင်တယ်၊ မြင်ရာကတစ်ဆင့်သိတယ်ဆိုတာကို ဆက်ပြောလို့ရမှာဖြစ်ပါတယ်၊ဒါကြောင့်ဒီမနောဝိညာဉ်ဘဝင်ရဲ့အကြောင်းကို အယင်ပြောတာပါ။

ကဲ–သင်တို့ရဲ့မေးမြန်းချက်ကို ပြန်ဆက်ကြစို့ရဲ့။ အလင်းရောင်နဲ့ နှလုံးသွင်းမှုရှိနေတဲ့အခိုက် မျက်စိအကြည်နဲ့ အဆင်းရူပါရုံတို့ တိုက်ဆိုင်ထင်ဟပ်လာတဲ့အခါ (တစ်ခုခုကိုကြည့်လိုက်တဲ့အခါ) ဗဟိုချက်မရှိ မနောဝိညာဉ်ဘဝင်က အကြောင်းပြုလို့ အဲဒီမျက်စိအကြည်ဓာတ်ကလေးကို အားပြုပြီး နာမ်ဓာတ်ကလေးတစ်ချက် ပွင့်ထွက်သွားတယ်၊ ဒီနာမ်ဓာတ်ကလေးဟာ စက္ခုပသာဒအကြည်ကလေးကို အမှီပြုပြီး ဖြစ်လာတာမို့ သူ့ကို စက္ခုဝိညာဉ်လို့ခေါ်ရတယ်။ ဒီစက္ခုဝိညာဉ်ကလေးရဲ့အလုပ်က မြင်ကာမျှပဲဖြစ်တယ်၊ ဒဿနကိစ္စကိုဆောင်ရွက်တယ်လို့ ဆိုရပေတယ်။

ဒီနေရာကနေပြီး သုတ္တန်နည်းနဲ့ အဘိဓမ္မာနည်း လမ်းခွဲကြရမယ်၊ သုတ္တန်နည်းဆိုတာက ကြားနာတဲ့လူတွေ သိလွယ်မှတ်လွယ်အောင် အကြမ်းဖျဉ်းပြောတဲ့နည်းပဲ၊ အဘိဓမ္မာနည်းကတော့ သဘာဝတရားကို အခြေခံ

ဆိုက်ရောက်အောင် အနုစိတ် ခြယ်မှုန်းပြတဲ့နည်းပဲ၊ ဒီလို ကွာခြားပါတယ်။

အခု သုတ္တန်နည်းနဲ့အယင်ပြောရအောင်၊ ငါတို့ဆရာဘုရားက ဒီမြင်မှု၊ ကြားမှုတွေဖြစ်ပေါ်လာပုံနဲ့ အကျိုးသက်ရောက်ပုံတွေကို ဒီလိုဟောထားတယ်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ၊
ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော။ တဲ့။

အဓိပ္ပာယ်က—လူရဲ့မျက်စိထဲမှာရှိတဲ့ စက္ခုပသာဒအကြည်ရုပ်နဲ့ ပြင်ပကမြင်စရာ အဆင်းရူပါရုံတို့ကို အစွဲပြုပြီးတော့ စက္ခုဝိညာဉ် လို့ ခေါ်တဲ့ အမြင်စိတ်ကလေးဟာ ဥပါဒ်ဖြစ်ပေါ်လာတယ်၊ ဒီလို စက္ခုအကြည်ရယ်၊ အဆင်းရူပါရုံများရယ်၊ စက္ခုဝိညာဉ်စိတ်ရယ်၊ သုံးဦးသားပေါင်းဆုံမိတဲ့ အခါ ထိတွေ့မှု (ဖဿ)ဆိုတဲ့ သဘာဝသစ်တစ်ရပ် ထပ်ဖြစ်လာတယ်လို့ ဆိုလိုပါတယ်။

တွေ့ထိမှုဆိုတာက မြင်ရတဲ့အဆင်းအာရုံကြောင့် လူ့စိတ်လှုပ်ရှားတဲ့ သဘောပဲ၊ ဥပမာ-ရှောက်သီး၊ သံပရာသီးစားနေသူကိုမြင်တဲ့အခါ မြင်တဲ့သူမှာ သွားရည်ကျလာတတ်တယ်မဟုတ်လား။ သစ်ပင်ထိပ်ဖျားတက်နေသူကိုမြင်ရင်လဲကျတော့မှာပဲလို့ကြည့်ရင်းအသဲယားတတ်ကြတယ်၊ အဲဒီလို သွားရည်ကျတာ အသဲယားတာတို့ဟာ ကြည့်မိလို့ ဖဿဖြစ်တဲ့သဘောပဲပေါ့။ ဖဿဖြစ်တာဟာ အိမ်တံခါးပွင့်သွားတဲ့သဘောပဲ၊ နာမ်တံခါး၊ စိတ်တံခါးပွင့်သွားတာပဲ၊ ဒါကြောင့် ဖဿဖြစ်ပြီးတဲ့နောက်မှာ စိတ်တွေ ထပ်ဖြစ်လာတော့မယ်။

နှစ်ဖက်လှ
(၁၉၇၀-ခု၊ နိုဝင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# သင့်မျက်စိသည် ဘယ်လိုမြင်နေသလဲ

စာပေသမိုင်းတည်းဟူသော သဘာဝမိခင်ကြီးသည် ၁၉၇၀-ပြည့်နှစ် အောက်တိုဘာလက 'သိပ္ပံမဂ္ဂဇင်း' တည်းဟူသော သားနဝရတ်ကလေးကို မွေးထုတ်ပေးလိုက်လေပြီ၊ သိပ္ပံစာပေကို ဆာလောင်မွတ်သိပ်နေကြသော စာပေမိသားစုအတွင်း၌လည်း နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြရပါပြီ။

သိပ္ပံမဂ္ဂဇင်းကို ဖတ်ဖြစ်သူ၊ ဖတ်နိုင်သူ၊ ကြိုက်သူများသည် စာပေဗီဇရင့်သန်သူမျိုး စဉ်းစားဉာဏ်ခွန်အားရှိသူမျိုး ဖြစ်လေသည်။ လူ၏စရိုက်ခြောက်ပါးတွင် ဗုဒ္ဓိစရိုက်(ပညာစရိုက်)ကောင်းသူမျိုး ဖြစ်လေသည်။

အထက်ပါ စာပိုဒ်ကို ကျွန်တော်ရေးလိုက်ခြင်းသည် 'သိပ္ပံမဂ္ဂဇင်းပရိသတ်အား 'မြှောက်' လိုက်ခြင်း မဟုတ်ပါ။ ကျွန်တော့်ကိုယ်တွေ့ကို အခြေခံလျက် သုံးသပ်ချက်ကိုသာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

တစ်နေ့မှာ အသိတစ်ဦးက ဤသို့ ပြောလာပါ၏၊ ပထမဦးဆုံးထုတ်တဲ့ သိပ္ပံမဂ္ဂဇင်းထဲမှာ ဘဝရဲ့အစ ပဋိသန္ဓေအကြောင်း ဆရာရေးထားတာတွေ့ပါတယ်၊ နောက် နိုဝင်ဘာလထုတ်မှာ အရိယာခေတ်ကတွေးမြင်မှုဆိုတဲ့ဆောင်းပါး ထပ်တွေ့ပါတယ်၊ အဲဒီဆောင်းပါးက ပဋိသန္ဓေတည်နေဖွားမြင်လာပြီးနောက် လူဟာ သူရဲ့ ဘဝတစ်လျှောက်လုံးမှာ သူရဲ့ပတ်ဝန်းကျင်နှင့် ဘယ်လို ဆက်သွယ် လှုပ်ရှား သွားသလဲဆိုတာ ပြောမလို့ အစပျိုးလိုက်တာမဟုတ်လား။

ဤကဲ့သို့ တိုက်တွန်းသံကလေး နှောပြီး မေးပြောကလေးပြောလာသည့်အတွက် အင်း....သိပ္ပံမဇင်းဖတ်တဲ့လူတွေဟာ ဗုဒ္ဓိစရိုက်ရှင်တွေပါကလားဟု ကျွန်တော်သုံးသပ်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်ရေးလိုက်တဲ့အကြောင်းအရာက ဘဝခြင်းရာအဖြာဖြာတို့တွင် အခြေခံအကျဆုံး အနက်နဲဆုံးဖြစ်နေတဲ့အတွက် မဂ္ဂဇင်းစာဖတ်ပရိသတ်မျိုးအနေဖြင့် စိတ်မှ ဝင်စားနိုင်ကြပါ့မလားဟု စိုးရိမ်နှောင့်၍ ကြောင့်ကြမိခဲ့ပါ၏။ သို့သော် ယခုမှာမူ အစိုးရိမ်ကင်း၍ ကြောင့်ကြလင်းရပါပြီ။

အယင်လက ဆောင်းပါးမှာ မျက်စိဖြင့် အရာဝတ္ထုတစ်ခုခုကို မြင်ဖို့အတွက် စက္ခုပသာဒအကြည်ရုပ်၊မြင်စရာအဆင်းအာရုံ၊အာလောကအလင်းရောင်နှင့် အာရုံကိုနှလုံးသွင်းမှုဟူသော အချက်လေးချက်ရှိရမယ်၊ မျက်စိက မြင်စရာအာရုံကို ကြည့်လိုက်တဲ့အခါမှာ စက္ခုဝိညာဉ်စိတ်ကလေး ဖြတ်ခနဲ ဖြစ်လာပြီး 'တွေ့ထိမှု' ဆိုတဲ့ ဖဿတံခါးပွင့်သွားတယ်ဆိုတဲ့အကြောင်း ပြောခဲ့ပါပြီ။

ဆရာမြတ်က ဤသို့ ဆက်လက်ရှင်းလင်းပြောပြပါ၏၊ ဖဿတံခါး ပွင့်သွားပြီးတဲ့နောက်မှာ တောင်ကျရေဆင်းသလိုပဲ သဘာဝတရားတို့ဟာ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်လာပြီး အလုပ်လုပ်ကြတော့တာပဲ၊ သူ့အလုပ်ပြီးတာနဲ့ ချက်ချင်းပျောက်ကွယ်သွားကြပါလေရော။

အာရုံကိုတွေ့လိုက်တော့ အဲဒီအတွေ့ကို ခံစားချက် (ဝေဒနာ) အသေအချာ ဖြစ်လာပါတယ်၊ အကောင်းခံစားချက် သုခဝေဒနာ-သောမနဿဝေဒနာ၊ ဆိုးဆိုးဝါးဝါးခံစားချက် ဒုက္ခဝေဒနာ–ဒေါမနဿဝေဒနာ၊ သာမန်ခံစားချက်–ဥပေက္ခာဝေဒနာ၊ အာရုံအလိုက် လူရဲ့စိတ်နေစရိုက် အခြေခံအလိုက် ဝေဒနာအမျိုးမျိုး ခံစားကြရပါတယ်။

ဖဿတံခါးမပွင့်လျှင် သို့မဟုတ် အာရုံနှင့် စိတ်နှင့် မတွေ့ကြရလျှင် တနည်းပြောလျှင် မမြင်ရလျှင် ဘာခံစားချက်မှ ဘာဝေဒနာမှ မဖြစ်ပါဘူး။ သို့သော် ခုတော့ အာရုံနှင့်စိတ် တွေ့ကြပြီ၊ တိုက်ဆိုင်မိကြပြီ၊ ဖဿတံခါးလဲ ပွင့်သွားပြီ၊ ဝေဒနာခံစားချက် မဖြစ်ပဲမနေတော့ဘူး၊ ဝေဒနာဖြစ်လေပြီ။

ဝေဒနာဆိုလို့ အရပ်ထဲမှာသိနေကြတဲ့ "ရောဂါဝေဒနာ"မျိုးလို့ တရားသေ ယူမထားကြနဲ့၊ ဝေဒနာဆိုတဲ့ ပါဠိစကားလုံးရဲ့ မူရင်းအဓိပ္ပာယ်က "ခံစားချက်"ပဲ ဖြစ်ပါတယ်။ ကောင်းတာ ခံစားခံစား၊ မကောင်းတာ ခံစားခံစား၊ ခံစားချက်မှန်သမျှကို ဝေဒနာဆိုတဲ့ဝေါဟာရက ကိုယ်စားပြုပါတယ်။

သဘောတရားတစ်ရပ်ကို တစ်ယောက်နဲ့တစ်ယောက်နားလည်အောင် ပြောရတဲ့အခါမှာ ဝေါဟာရစကားလုံးတွေနဲ့ ပြောရတာဖြစ်လို့ ဝေါဟာရ မှန်မှန်ကန်ကန် နားလည်ဖို့ အင်မတန် အရေးကြီးပါဘယ်၊ ရပ်သိရွာသိ

ဝေါဟာရတွေကမှုရင်းအဓိပ္ပာယ်ပျောက်ပြီး ဆင့်ပွားအနက်တွေရောက်နေတတ်တယ်၊ ပညာရပ်ကိုလေ့လာတဲ့အခါမှာဒါကိုအထူးသတိထားရပါမယ်။

ကဲ၊ ဝေဒနာခံစားချက်ဖြစ်ပြီးတဲ့နောက်မှာ သဘာဝကွင်းဆက်ဖြစ်ပေါ်လာပုံဟာ ကိလေသာအာသဝေါ လုံးဝကင်းတော်မူပြီးတဲ့ ဘုရား ရဟန္တာအရှင်သူမြတ်များနဲ့ ပုထုဇဉ်လူသားတွေ မတူကြဘူး၊ လမ်းခွဲသွားကြတယ်။ ဒါကို မှတ်ထားခဲ့ပါ။ အခု ရိုးရိုးလူတွေအတွက် ဆက်ပြောရအောင်၊ ရိုးရိုးလူတွေမှာ ဝေဒနာခံစားချက်ဖြစ်တာနဲ့ အဲဒီခံစားချက်အပေါ်မှာ တွယ်တာကပ်ငြိတဲ့သဘော ဖြစ်လာကြတော့တာပဲ၊ ပါဠိလို "တဏှာ" လို့ ခေါ်တယ်၊

တွယ်တာမိလျှင် စွဲလမ်းမှု ရှိလာတယ်။ ဒါကို ဥပါဒါန်လို့ခေါ်ပါတယ်၊ စွဲလမ်းလျှင် အဲဒီစွဲလမ်းမှုကိုအခြေခံပြီး လုပ်ဆောင်မှုတွေ ဖြစ်ပေါ်လာတာပဲ၊ ကံတွေဆိုတာ ဒါတွေပါပဲ။

အခုပြောပြီးခဲ့တဲ့ စက္ခုနှင့် ရူပါရုံတွေ့ဆုံမိရာက (ဝါ) တစ်ခုခုကို မြင်ရာက စက္ခုဝိညာဉ်စိတ်ဖြစ်လာပြီး၊ သဘာဝကွင်းဆက်အနေဖြင့် ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံရယ်လို့ ဖြစ်လာပုံကို သုတ္တန်နည်းနဲ့ ပြသခြင်း ဖြစ်ပါတယ်၊ ဒီသဘာဝကွင်းဆက်ဖြစ်ရပ်က စာရေးပြောနေလို့သာ ကြာတာပါ၊ တကယ်ဖြစ်တာက ခဏကလေးပါ။

ပိုပြီးထင်ရှားသွားအောင် လက်တွေ့ကျတဲ့ ပုံဆောင်ကြည့်ပါ။

ပထမ မျက်စိမှိတ်ထားပါ၊ မှိတ်ထားတဲ့မျက်စိရှေ့မှာ ပန်းလှလှလေးတစ်ပွင့်ကို တစ်ဦးဦးကချထားတယ်ဆိုပါတော့၊ သင့်အနေနှင့်မမြင်ရသေးဘူး၊ မမြင်ရသေးလို့ ဘာမှန်းမှလဲမသိသေးဘူး၊သင့်စိတ်ထဲမှာ ဘာမှလဲမဖြစ်သေးဘူး။

ကဲ....မျက်စိဖွင့်လိုက်ပါ၊ ပန်းကလေးကိုမြင်ရောမှုတ်လား၊ မြင်တော့ ပန်းပဲလို့လဲ သိတယ်။ လှလိုက်တာလို့လဲ ခံစားတယ်၊ အလှပေါ်မှာ တွယ်တာစွဲလမ်းမှုလဲ ပါသွားတယ်။ လက်နဲ့လှမ်းပြီးတော့လဲ ယူလိုက်တယ်။ ဒီဖြစ်ရပ်က အင်မတန်မြန်တယ်၊ မြန်လွန်းလို့ ဒီလို ဒီလို ဖြစ်ပါကလားလို့ ခွဲခြားမသိတတ်ကြဘူး။

ပန်းကလေးနေရာမှာ တခြားမြင်စရာတွေကို အစားထိုးကြည့်ပါ၊ နှစ်သက်သဘောကျစရာကို မြင်တော့ ကောင်းတဲ့ သောမနဿဝေဒနာဖြစ်တယ်။ မလိုလားတာကိုမြင်တော့ ဆိုးဝါးတဲ့ ဒေါမနဿဝေဒနာဖြစ်တယ်။ မြင်နေကျ သာမန်အရာတွေကိုမြင်တော့ ဥပေက္ခာ ဝေ ဒ နာ ဖြစ် တယ်၊ ကြိုက်လျှင် တဏှာ၊ မကြိုက်လျှင် ဒေါသ၊ အမှတ်တမဲ့ဖြစ်က မောဟ၊ အာရုံနှင့်စိတ်ကိုလိုက်ပြီး ဝေဒနာနဲ့ဇောတွေ ကွဲပြားသွားရပါတယ်။

မည်သူမဆို မွေးနေ့မှ သေနေ့အထိ ကြားကာလဘဝတာမှာ အိပ်တဲ့ မျက်စိမှတပါး၊ နိုးနေသမျှအချိန်အတွင်း မြင်လေတိုင်း မြင်လေတိုင်း အခု ဖော်ပြခဲ့တဲ့ အဘိဓမ္မာ ဥပဒေသအတိုင်းပဲ ဖြစ်နေပါတယ်။ ဘာတွေလဲ.... ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဤငါးမျိုးပါပဲ။ များများ မှတ်ဖို့ မလိုပါဘူး။

စက္ခု – ရူပါရုံ – စက္ခုဝိညာဉ် – ဖဿ–ဝေဒနာ–
ဥပါဒါန်–ကံ....

စုစုပေါင်းစကားရှစ်လုံးထဲပါပဲ။ မျက်စိဖြင့်မြင်တိုင်း(သို့မဟုတ်)ကြည့်တိုင်း ဒီအဘိဓမ္မာသဘာဝအုပ်စုတွေ တဖျန်းဖျန်းထ၍ထ၍ ပွက်၍ပွက်၍သွားပါ တယ်၊ ဒီသဘောတွေဟာက ဖြစ်ပြီးတာနဲ့ ပျောက်ကွယ်သွားတာပါပဲ၊ ဆယ်ခါကြည့် ဆယ်ခါဖြစ်၊ အခါတစ်ရာကြည့် အခါတစ်ရာဖြစ်၊ မကြည့် မမြင်လျှင် လုံးဝမဖြစ်၊ ဒါပါပဲ။

[illegible]စ်ခုတော့ရှိသေးတယ်၊ ဘုရား, တရား, သံဃာ စသည်လို ကောင်း [illegible]ရတဲ့အခါ စိတ်ကလဲ ထားတတ်မယ်ဆိုလျှင် တဏှာ မ ဖြစ် ဘူး၊ [illegible]ေါသမဖြစ်ဘူး၊ အလောဘ (မတွယ်တာမှု) အဒေါသ (မပြစ်မှားမှု) [illegible]မောဟ (အမှန်သိမြင်မှု) တရားကောင်းများဖြစ်လာမယ်၊ ဒါပေမယ့် [illegible]င်အပိုင်းက နောက်အဆင့်အတွက်ထားပါ။

ဤသည်ကား မြင်မှုနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာတို့ရဲ့ သုတ္တန်နည်း [illegible] စွေးမြင်ပုံကို ဆရာမြတ်၏ရှင်းပြချက် ဖြစ်ပါသည်။

လက်ရှိ ကမ္ဘာလူသား သန်းပေါင်း ၃ – ထောင် ကျော် တို့ သည် [illegible]ုံးကိုအသုံးချပြီး မိမိတို့၏ ဘဝပတ်ဝန်းကျင်နှင့် နေ့စဉ်ဆက်သွယ် နေကြရသည်။ ကမ္ဘာ့မျက်လုံးပေါင်း သန်းပေါင်း ၆–ထောင်ကျော်တို့

သည် ကြည့်၍မြင်၍သာလျှင် အလုပ်လုပ်နေကြသည်၊ သိပ္ပံပညာရှင်တို့သည်လည်း မျက်စိဖြင့်ကြည့်၍သာလျှင် သိပ္ပံပညာတို့ကို ရှာနေကြရသည်၊ အလုပ်သမားတို့သည်လည်း မျက်စိဖြင့် အလုပ်လုပ်နေကြသည်၊ လယ်သမားတို့သည်လည်း မျက်စိဖြင့်ကြည့်ပြီး ထွန်ယက်စိုက်ပျိုးနေကြရသည်။

ထို့ကြောင့် မိမိတို့၏မျက်စိသည် ဘယ်လိုမြင်နေသလဲ၊ ဘယ်လိုသိသလဲဟု အလေးအနက်စဉ်းစားထိုက်လှသည်၊ စဉ်းစားရာတွင် သိပ္ပံနည်းကျဖြစ်ရန်လိုသည်၊ သိပ္ပံနည်းကျဆိုသည်မှာ အကြောင်းသင့် အကျိုးသင့် စီကာစဉ်ကာ စနစ်တကျဆင်ခြင်သုံးသပ်၍ သဘောတရားနှင့်လက်တွေ့ကို ထင်ဟပ်စေနိုင်သော လုပ်နည်းလုပ်ဟန်မျိုးပင် ဖြစ်လေသည်။

အထက်တွင်ဖော်ပြခဲ့သော မြတ်ဗုဒ္ဓခေတ် အရိယာတို့၏ ဆင်ခြင်ချက်သည် စနစ်တကျရှိလှသည်။ ထိုဆင်ခြင်ချက်ကို သေချာစွာ ဖတ်ရှုကြည့်လျှင် မြင်သည် သိသည်ဆိုသော မျက်စိလုပ်ငန်း၌ အပိုင်းနှစ်ပိုင်းရှိနေသည်ကို တွေ့နိုင်သည်။

ပထမအပိုင်းမှာ မြင်ဖို့အတွက် စက္ခုပသာဒ မျက်စိအကြည်ရုပ်၊ ရူပါရုံအဆင်းရုပ်၊ အာလောကအလင်းရုပ်နှင့် မနသိကာရ နှလုံးသွင်းခြင်းနာမ်၊ ဤရှိရမည့်လက္ခဏာလေးပါးတို့အနက် မျက်စိနှင့် ရူပါရုံတို့ချင်းလည်း တိုက်ဆိုင်မိရမည်၊ (၀၁) ကြည့်ရမည်။ ဤသို့ အချက်အလက်ပြည့်စုံပါမှ မြင်သည်ဟူသော စက္ခုဝိညာဉ်စိတ်ဖြစ်လာခြင်း ဖြစ်ပေသည်၊ မှောင်မိုက်ခြင်း၊ နှလုံးမသွင်းခြင်း၊ မတိုက်ဆိုင်ခြင်းတို့မှာ မရှိရမည့်လက္ခဏာများ ဖြစ်လေသည်။

ဒုတိယအပိုင်းမှာ မြင်ပြီး၊ ထိတွေ့မှု၊ ခံစားမှု၊ တွယ်ငြိမှု၊ စွဲလမ်းမှု၊ လုပ်ဆောင်မှုဟူ၍ ထုတ်ဆောင်ပြောပြရသော သဘောတရားများ ဖြစ်ပွားသွားမှုပင် ဖြစ်လေသည်။

မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင်ကို ကြည့်ပြီးစဉ်းစားလျှင် ဖယောင်း၊ မီးစာ၊ မီးတောက်နိုင်လောက်သည့်လေ၊ ထွန်းညှိပေးမှုတို့သည် (ရှိ) လက္ခဏာရပ်များဖြစ်ပြီး၊ လေပြင်းကျခြင်း စသည်တို့မှာ (မရှိ) လက္ခဏာများ ဖြစ်လေသည်။ ထိုရှိ၊ မရှိလက္ခဏာများပြည့်စုံမှ မီးတောက်လင်းနိုင်လေသည်၊ ဤဥပမာကဲ့သို့ပင် မျက်စိဖြင့်ကြည့်မြင်ရာ၌လည်း ရှိ၊ မရှိ လက္ခဏာအင်္ဂါရပ်များနှင့် စုံညီရလေသည်၊ ဖယောင်းတိုင်မီးသည်

လင်းခြင်း၊ ပူခြင်းနှစ်ကိစ္စကို ဆောင်ရွက်သကဲ့သို့ မျက်စိသည်လည်း မြင်ခြင်း သိခြင်း ကိစ္စနှစ်ရပ်ဖြစ်ပေါ်လာအောင် ပဓာနကျကျ ဆောင်ရွက်ပေးလျက် ရှိလေသည်။

မိမိ၏မျက်တောင်ကလေးကို ဝင့်ကာ ဝင့်ကာ ဖွင့်လိုက် ပိတ်လိုက် ဖုတ်ခတ် ဖုတ်ခတ် လုပ်၍ ကြည့်မြင်သိရှိရပုံကို လက်တွေ့စဉ်းစားကြည့်လျှင် မိမိမျက်စိမြင်နေပုံကို ရိပ်စားမိနိုင်မည်ဖြစ်ပါသည်။

ဤမျက်စိမြင်ပုံသဘာဝကို အခြေခံကျကျ ပိုင်ထားလျှင် မိမိတို့၏ နေ့စဉ်ဘဝ တိုးတက်မြင့်မားရေးအတွက် နည်းပေးဆုံးမထားသော ဗုဒ္ဓ မြတ်စွာဘုရား၏ အဆုံးအမမြောက်မြားစွာကို ကောင်းစွာနားလည်နိုင်လိမ့် မည် ဖြစ်သည်၊ ထိုထက်အရေးကြီးသော ဝါဒရေးရာဖြေရှင်းချက်များ ကိုလည်း သဘောပေါက်နိုင်လိမ့်မည် ဖြစ်သည်။ ။

**နှစ်ဖက်လှ**

(၁၉၇၀–ခု၊ ဒီဇင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# အတိဂမ္ဘီရ နည်းပညာ

လူတို့သည် မမြင်ဘူးသေးသည်ကို အလွန်မြင်ချင်ကြသည်။ မကြားဘူးသေးသည်ကို အလွန်ကြားချင်ကြသည်။ မနမ်းဘူးသေးသည်ကို အလွန်နမ်းချင်ကြသည်။ မစားဘူးသေးသည်ကို အလွန်စားချင်ကြသည်။ မထိမတွေ့ဘူးသေးသည်ကို အလွန်ထိတွေ့ချင်ကြသည်။ မသိဘူးသေးသည်ကို အလွန်သိချင်ကြသည်။ ဤနည်းဖြင့် သူတို့၏သိချင်စိတ်သည် လောကကြီးကို အသက်ဝင်လှုပ်ရှားစေလျက်ရှိလေသည်။

ပြီးခဲ့သောလဆောင်းပါးတွင် မျက်စိဖြင့်မြင်ရပုံနှင့် မြင်ရာမှတစ်ဆင့် သဘာဝတရားများတစ်ခုပြီးတစ်ခု ကွင်းဆက်ဖြစ်ပေါ်လာပုံကို သုတ္တန်နည်းအရ ဆရာမြတ်၏ကျေးဇူးကြောင့် သိခဲ့ရပြီဖြစ်ပါသည်။ ဤသို့သိရခြင်းသည် မြင်ပုံမြင်နည်းနှင့်ပတ်သက်၍ အစွမ်းကုန်သိရခြင်းမျိုး မဟုတ်သေးပါ။ အကြမ်းစားမျှ သိရခြင်းဖြစ်ပါသည်။

အရိယာခေတ်လူသားတို့သည် ထိုထက်အနုစိတ်၍ သိချင်သေးသဖြင့် ဆရာမြတ်ထံ ထပ်မံမေးမြန်းခဲ့ရာ၊ ဆရာမြတ်က မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အဘိဓမ္မာနည်းပညာဖြင့်ရှင်းပြနားလည်စေခဲ့ပါသည်။အဘိဓမ္မာနည်းပညာ ဟူသည် မျက်မှောက်ခေတ်သိပ္ပံပညာရှင်များကျက်စားနေသောရုပ်လောကနှင့်တကွ ယင်းရုပ်လောကကို ကျော်လွန်ထွင်းဖောက် ရှုမြင်ထားသော အတိဂမ္ဘီရနည်းပညာပင် ဖြစ်လေသည်။(အတိ-အလွန်၊ ဂမ္ဘီရ–နက်နဲခြင်း)

အတိဂမ္ဘီရနည်းပညာသည် အပေါင်းမှအစိတ်၊ အစိတ်မှအပေါင်း ကောင်းစွာတွေ့မြင်နိုင်သည်၊ ဒြပ်ဝတ္ထုမှ သဘာဝ၊ သဘာဝမှ ဒြပ်ဝတ္ထု ဆက်သွယ်ဖွဲ့စည်းမှုကို ခွဲခြားနားလည်နိုင်သည်၊ ပရမတ်မှပညတ်၊ ပညတ်မှ ပရမတ် မုချဆတ်ဆတ် သိတတ်လေသည်။

ဤနည်းပညာ၏စွမ်းပကားသည်ကား မှားမှားယွင်းယွင်း မှတ်သားသိနေခြင်းများပျောက်ကင်းပြီးမှန်မှန်ကန်ကန် မှတ်သားလာစေနိုင်သည်။ အသိမှားနေရာမှ အသိမှန် သိလာစေနိုင်သည်၊အယူဝါဒ တိမ်းယိမ်းနေရာမှ အယူမှန် အမြင်မှန်ရလာစေနိုင်သည်၊ စင်စစ် အမှတ်၊ အသိ၊ အမြင်ဖောက်ပြန်ပြီး ဝိပ္ပလ္လာသရူး ရူးနေကြသည့် သံသရာအရူးရောဂါကို ပျောက်ကင်းစေနိုင်လေသည်။ တစ်နည်းဆိုရသော် ပုထုဇဉ်လူသာမန်တို့၏အမြင်များကို

ပြောင်းပြန်လှန်ပြီး အမှန်ဘက်ကိုပြနိုင်သော နည်းပညာ ဖြစ်လေသည်။ ဤမျှကြီးကျယ်သော နည်းပညာအရ၊ ကျွန်ုပ်တို့ မျက်စိမြင်နေပုံကို ဖြေရှင်းရမည်ဖြစ်လေသည်။

အတိဂမ္ဘီရနည်းပညာဖြင့် လူ၏ကိုယ်ခန္ဓာကို ထွင်းဖောက်ကြည့်မြင်လိုက်သည်ရှိသော် လူ၏ဟဒယနှလုံးသွေးကိုမှီ၍ မပြတ်ဖြစ်နေသော ရုပ်မဟုတ်သော သဘာဝတစ်မျိုးကို ပြက်ပြက်ထင်ထင် တွေ့မြင်ရမည် ဖြစ်လေသည်။ ထိုသဘာဝသည် သိ၍သိ၍နေသော သဘာဝကလေးပင်ဖြစ်လေသည်။ ဤအချက်ကိုထင်ရှားလာအောင် ဤသို့ စဉ်းစားပါစို့။

ကျွန်ုပ်တို့ကိုယ်နှင့် ငှက်ပျောတုံးတစ်တုံးကို နှိုင်းယှဉ်ကြည့်ပါ။ ကျွန်ုပ်တို့မှာ သိ၍သိ၍နေသောသဘာဝကလေး ရှိနေသည်။ ငှက်ပျောတုံးမှာကား မရှိချေ။ ထို့ပြင် လူရှင်နှင့်လူသေကို နှိုင်းယှဉ်စဉ်းစားကြည့်ပါဦး။ လူရှင်နှင့်လူသေ အဓိကခြားနားချက်သည်ကား လူရှင်မှာ သိ၍သိ၍နေသော သဘာဝကလေး မပြတ်ရှိနေသည်။ လူသေမှာ ၊ သိ၍သိ၍နေသောသဘာဝကလေး မရှိတော့ပေ။ စင်စစ် သေကာစလူမှာ မျက်စိနှင့်နားနှင့် အင်္ဂါခြေလက် စုံစုံလင်လင်နှင့်ပင် ဖြစ်လေသည်။ သို့သော် သိ၍သိ၍နေသော သဘာဝကလေးကား မရှိတော့ချေ။

ကျေးဇူးပြု၍ သင်၏မျက်စိနှစ်လုံးကို မှိတ်လိုက်ပါ။ နားနှစ်ဖက်ကိုလည်း ပိတ်လိုက်ပါ။ ဤသို့ မှိတ်ပိတ်ထားတုန်းအခိုက်၌ သင်၏တစ်ကိုယ်လုံးကို အာရုံဖြန့်ကြည့်ပါ။ ဦးခေါင်း၊ မျက်နှာ၊ ကိုယ်၊ လက်၊ ခြေ နေရာပြောင်း၍ပြောင်း၍ ဆင်ခြင်ကြည့်ပါ။ အသင့်အား ကမ္မဋ္ဌာန်းရှုခိုင်းနေခြင်းမဟုတ်ပါ။ မျက်စိဖြင့် ဘယ်လိုမြင်နေသလဲဆိုသည့်အချက်တစ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျ သဘောပေါက်နားလည်သွားဖို့အတွက် သင်ခန်းစာတက်နေခြင်း ဖြစ်ပါသည်။

လူတို့သည် ပြင်ပနှင့် အချိန်ကုန်နေတတ်ကြပါသည်။ မိမိကိုယ်တွင်း အဇ္ဈတ္တကိုမူ သတိမထားမိတတ်ကြပါ။ မိမိကိုယ်တွင်း၌ ဘာတွေဖြစ်နေမှန်းလည်း မသိကြပါ။ သိအောင်လည်း မလုပ်ဖြစ်ကြပါ။

အသင်တို့ ကျွန်ုပ်တို့အိမ်မှာ ကြည့်မှန်တွေရှိပါသည်။ ယခုခေတ်၌ အိမ်တိုင်းမှာ မှန်ရှိနေပါပြီ။ မျက်နှာကြည့်မှန်သာမက၊ ကိုယ်လုံးပေါ်မှန်

ကြီးများပင် ရှိနေပါသည်။ မှန်ကြိုက်သူများလည်း မျက်ခွက်နှင့်မှန်နှင့် မခွာချင်ကြပါ။ ထိုသူတို့သည် မှန်ဖြင့်ကိုယ့်ကိုယ်ကိုကြည့်ကြသည်။ သို့သော် သူတို့သည် ပြင်ပဗဟိဒ္ဓကိုယ်ခန္ဓာကိုသာ ကြည့်ကြလေသည်။ စင်စစ် လူသားတို့သည် ဗဟိဒ္ဓနှင့်သာ အချိန်ကုန်နေကြလေသည်။

သို့ဖြစ်သောကြောင့် မျက်စိကိုမှိတ်၊ နားကိုပိတ်ပြီး ကိုယ်တွင်း အဇ္ဈတ္တကို ကြည့်စမ်းရန် တိုက်တွန်းရခြင်းဖြစ်ပါသည်။ ယင်းသို့ ကိုယ်ထဲ ဝင်ကြည့်လိုက်သောအခါ အခြားအသေးစိတ်အချက်တို့ကိုအသာထားဦး၊ မိမိတို့ကိုယ်ထဲမှာ သိ၍သိ၍နေသော သဘာဝလေးရှိနေပုံကို ကိုယ်တိုင် ကိုယ်ကျ ဒိဋ္ဌသိရပေတော့သည်။

ထိုသိ၍သိ၍နေသော သဘာဝကလေးကို သေသေချာချာ သတိ ထားကြည့်လျှင် အသိခံရမည့်အရာဆီသို့ ညွတ်၍ညွတ်၍သွားသည့်အခြင်း အရာ သဘာဝကလေးကို တွေ့နိုင်ပေသည်။ ဦးခေါင်းကိုသိနေရာမှ ခြေ ထောက်ကိုပြောင်းသိတော့မည်ဆိုလျှင် ထိုသိသဘာဝကလေးသည် ခြေ ထောက်ဆီသို့ညွတ်သည့် အခြင်းအရာကလေး ပါလေသည်။ ထိုကဲ့သို့ ညွတ်၍ညွတ်၍ဖြစ်သော အခြင်းအရာ သဘာဝအနက်ကလေးကို ပါဠိ ဘာသာဖြင့် ''နာမ''ဟု ခေါ်သည်။ ထို့ကြောင့် လူ၏ကိုယ်တွင်း၌ သိ၍ သိ၍နေသောသဘာဝကလေးကို နာမ (နာမ်)ဟူ၍ ဤနေရာကစပြီး ကင် ပွန်းတပ်ကြပါစို့။

ထို့ပြင် သိ၍သိ၍နေသောသဘာဝကလေးဟု ခေါ်နေရသော လူ့ကိုယ်တွင်း သဘာဝကလေးသည်လည်းအလွန်တရာဆန်းကြယ်လှသော ကြောင့် ပါဠိဘာသာအားဖြင့် ''စိတ္တ''ဟု ခေါ်ပေသည်။ သိပုံကလေး ကလည်း တစ်မျိုးထူးခြားသည့်အတွက် ''ဝိညာဏ''ဟုလည်း ခေါ်သေး ၏။ ''စိတ္တ'' ဟူသော ပါဠိကို မြန်မာမှုပြုလျှင် ''စိတ်'' ဟု ဖြစ်လာ၏။ စိတ်ဟူသောစကားလုံးသည် ပါဠိမှဆင်းသက်လာသော မြန်မာဝေါဟာရ ဖြစ်လေသည်။ ဝိညာဏကိုလည်း ဝိညာဏ် (ဝိညာဉ်)ဟု ပါဠိသက်မြန်မာ ဝေါဟာရ ပြုရလေသည်။

ထိုသို့ သိ၍သိ၍နေသော သဘာဝကလေး(ဝါ)စိတ်သဘာဝလေး (ဝါ) ဝိညာဉ်သဘာဝကလေးသည် လူ၏ ကိုယ်တွင်း၌ မည်သို့ ဖြစ်နေ သနည်း။

လူ၏ကိုယ်တွင်းပိုင်း ဇဟိုချက်မဖြစ်သော နှလုံးသွေး ကြည်ကြည် ကလေးကိုမှီပြီး ဘဝင်ဟုခေါ်သော မနောဝိညာဉ်အိမ်သည် စိတ်ဓာတ် မပြတ်ဖြစ်ရှိနေကြောင်း ယခင်အပတ်တွင် အလျဉ်းသင့်၍ ပြောခဲ့ပါပြီ။

ယခု အများသိရန်အချက်မှာ ထိုစိတ်သဘာဝကလေးသည် ဘယ်လို ဖြစ်နေသလဲဆိုသည့်အချက် ဖြစ်၏။ စိတ်ကလေးသည် စိန်တုံးကြီးများ လင်းနေသလို တည်မြဲဖြစ်နေသလော၊ သို့တည်းမဟုတ် တစ်ခုပြီးမှတစ်ခု ပြောင်းလဲဖြစ်နေသလော၊ ဤ ''တည်မြဲ'' နှင့် ''ပြောင်းလဲ'' ဖြစ်ရပ် နှစ်မျိုးကို အမှန်အတိုင်းသိရှိရန် အထူးတလည်လိုအပ်ပေသည်။စိတ်သဘာဝ ကလေးသည် တည်မြဲလော၊ ပြောင်းလဲလော။

ဤတည်မြဲ၊ ပြောင်းလဲ ခွဲခြားရမည့်နေရာသည်''လမ်းဆုံ''ဖြစ်သည်။ မည်သည့်လမ်းဆုံ ဖြစ်သနည်း၊ အယူဝါဒ ''အမှား'' ''အမှန်''ဖြာထွက် နေသော သဘာဝလမ်းဆုံ လမ်းခွပင် ဖြစ်လေသည်။ လမ်းများဆုံသော နေရာသို့ရောက်လျှင် လမ်းမသိသေးသော လူသစ်တစ်ယောက်အနေဖြင့် မိမိရောက်လိုသောခရီးအတွက် ဤလမ်းလော၊ ဟိုလမ်းလော–ဟု အတွေး နှစ်ခွ ဒွိဟဖြစ်စမြဲပင်တည်း။ ထိုအခါ ဟုတ်မည်ထင်သောလမ်းကိုလိုက်၍ လျှောက်ရလေသည်။ လမ်းမှန်လျှင် မိမိသွားလိုရာသို့ရောက်၏။ လမ်းမှား လျှင် သွားလိုရာမရောက်တော့ပေ။

ဤနေရာတွင် အတိဂမ္ဘီရနည်းပညာအရ မကြည့်တတ်၊ မမြင်တတ် သူများအဖို့ လမ်းမှားသွားရပုံ၊ အမှားကိုအမှန်ထင်၍ ထိုအမှားကိုအခြေခံ လျက် ဝါဒမှားကိုထူထောင်ကြပုံနှင့် ကံနည်းသူများ အမှားနောက်လိုက်မိ ပြီး အကျိုးနည်းကြပုံတို့ကို အကွက်ဆိုက်မှဖော်ပြပါမည်။

ယခု အတိဂမ္ဘီရနည်းပညာဖြင့် ရှုမြင်တွေ့ရှိရသော လမ်းမှန်အရ မျက်စိအမြင်ပြဿနာကို ဖြေရှင်းရန်အားထုတ်ကြပါစို့။

လူ့ကိုယ်တွင်းရှိ စိတ်ဝိညာဉ်သည် စိန်တုံးကြီးများလင်းနေသကဲ့သို့ အမြဲတည်နေသည် မဟုတ်၊ ပြောင်းလဲဖြစ်ပေါ်နေသော သဘာဝတစ်ရပ် သာဖြစ်လေသည်။ သို့သော်လူသာမန်တို့သည် စိတ်၏ဖြစ်ပေါ်ပြောင်းလဲ နေမှုကို မမြင်နိုင်၊ မသိနိုင်ကြချေ။ ဝိစာရဏပညာရှင်တို့သည် နိမိတ်ပုံ အမျိုးမျိုးဖြင့်ချိန်ထိုး၍ တွေးဆယုံကြည်ကြကုန်၏။ အတိဂမ္ဘီရနည်းပညာ တတ်သူတို့မှာမူ ဒိဋ္ဌမြင်၍ မျက်မှောက်ပြုနိုင်ကြကုန်၏။

စိတ်သည် နိစ္စ = အမြဲ၊ ဓုဝ = အမြဲ၊ သဿတ = အမြဲ မဟုတ်။ တစ်ခုတည်း မဟုတ်။ အနိစ္စ = မမြဲ။ အဒ္ဓုဝ(အဒ်ဓုဝ) = မမြဲ၊ အသဿတ = မမြဲ၊ ပြောင်းလဲဖြစ်ပေါ်၍သာနေသော သဘာဝဖြစ်၏။ အသင်္ချေအနန္တတည်း။

စိတ်သည် ဖြစ်၍ဖြစ်၍ ချုပ်၍ချုပ်၍သာလျှင်တစ်ခုပြီးတစ်ခုစဉ်ဆက်မပြတ်ဖြစ်နေသော သဘာဝဓမ္မဖြစ်စဉ်ပေတည်း။ ဖြစ်ခြင်းကို ပါဠိဝေါဟာရအရ ဥပ္ပါဒ (ဥပါဒ်)ဟုခေါ်၏၊ ချုပ်ခြင်းကို ဘင်္ဂ(ဘင်)ဟုခေါ်၏။ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက် (ဝါ) ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ်ခရီးဆက်နေသော သဘာဝမျှသာဖြစ်၏။

စိတ်ဝိညာဉ်သဘာဝတရားသည် တစ်ခုတည်းတည်မြဲမဟုတ်ပုံကိုရှေးအခါက မြစ်ရေအလျဉ်ဥပမာဖြင့် လည်းကောင်း၊ ဆီမီးဥပမာဖြင့် လည်းကောင်း နှိုင်းယှဉ်စဉ်းစားခဲ့ကြလေပြီ။

သားအဖနှစ်ယောက် မြစ်ကမ်းစပ်မှာထိုင်ပြီး မြစ်ရေစီးကိုကြည့်နေကြသည်။ ကလေးငယ်သည် တသွင်သွင်စီးနေသော မြစ်ရေစီးကြောင်းကြီးကို တစ်လုံးတစ်စီးတည်း တစ်ခုတည်းဟူ၍မြင်လေသည်။ဖခင်သည်ကား မိမိရှေ့သို့ ရောက်၍ရောက်၍လာသောရေတို့သည် မိမိတို့ကိုဖြတ်ကျော်မျောပါ၍ သွားလေပြီ။ ရေဟောင်းတို့၏နေရာတွင် ရေသစ်များ ထပ်၍ထပ်၍ရောက်လာနေကြသည်ဟု မြင်သည်။ နားလည်သည်။ ဤထက်တိုး၍ကားမသိချေ။

ထိုအခါ မိတ်ဆွေတစ်ယောက်ပေါက်လာသည်။ မိတ်ဆွေပညာရှိကယခုလို ရေဟောင်းရေသစ် တပြောင်းလဲလဲ ဖြစ်၍ စီးနေရာ၌ အရေးကြီးသော အချက်တစ်ရပ်ကို ဉာဏ်ဖြင့်ဆင်ခြင်မိသည်၊ ယင်းကား အခြားမဟုတ် ''အရှိန်''ပင်တည်း။ ဟောင်းသစ်ဟောင်းသစ် ပြောင်းလဲဖြစ်၍ဖြစ်၍နေသော အရာတိုင်း၌ ''အရှိန်အဟုန်''သည် အဓိကအင်အားတစ်ရပ်ဖြစ်လေသည်။ အရှိန်အဟုန်သည် ရှင်သန်မှု၏အင်အားဖြစ်လေသည်။ မြစ်ကို အရှိန်အဟုန်က ကြီးစိုးနေ၏၊ အသက်သွင်းနေ၏။

အကယ်၍ အရှိန်အဟုန်သာမရှိပါက၊ မြစ်ဘဝမှ ရေစီးမဲ့သော ရေအိုင်ဘဝသို့ ပြောင်းလဲသွားမည်ဖြစ်သည်။ အရှိန်အဟုန်ရှိနေခြင်းသည်လည်း အမြင့်အနိမ့်အခြေအနေအရ အမြင့်ကဖိအား အနိမ့်ကဆွဲအားကြောင့်

ဖြစ်လေသည်။ အချုပ်မှာ မြစ်ရေတို့သည် တစ်နေရာတည်း၌ တည်မြဲခြင်း မရှိ၊ ယင်းသို့မတည်မြဲခြင်းသည် အရှိန်အဟုန်ကြောင့် ဖြစ်သည်။ အရှိန်အဟုန်သည် မြစ်ကြောင်းအခြေအနေကြောင့် ဖြစ်လေသည်။ ဤသို့လျှင် မိတ်ဆွေပညာရှိက ရှင်းပြလေသည်။

နောက် နိမိတ်ပုံတစ်ခုကို ကြည့်ပါဦး၊ ဆီမီးတောက်ကလေးတစ်ခု၏ ဖြစ်ပေါ်ချုပ်ငြိမ်းချင်းပင်ဖြစ်၏၊ ဆီမီးခွက်တွင် ခွက်၊ မီးစာနှင့်ဆီဟူ၍ ပစ္စည်းသုံးမျိုးပါရှိသည်၊ ခွက်ကို ရွှံ့ဖြင့်ပြုလုပ်ပြီး မီးဖုတ်၏၊ အချင်း ၂ လက်မခန့်ကျယ်ပြီး စောက်နက် တစ်လက်မခန့်ရှိ၏။ မီးစာကို အဝတ်ကြိုးစဖြင့်ပြုလုပ်၏၊ တစ်ထွာခန့်ရှည်ပြီး ကလေးလက်သန်းလောက် အလုံးရှိ၏၊ ခွက်ထဲသို့ နှမ်းဆီကိုထည့်ပြီး မီးစာကြိုးကလေးကိုနှစ်၍ စိမ်လိုက်၏၊ ကြိုးစကလေးဆီဝသောအခါ အစတစ်ဖက်ကိုခွက်၏ နှုတ်ခမ်းတစ်ဖက်ပေါ် မေးတင်ထားပြီး မီးညှိလိုက်ရာ ဆီမီးတောက်ကလေး စတင်မွေးဖွားလာသည်၊ ထိုဆီမီးတောက်ကလေးသည် လေပြင်းမတိုက် လူမသတ်ပါက မီးစာကုန်ဆီခန်းမှ ငြိမ်းလေ၏။ ခွက်ထဲမှဆီကုန်ပြီးနောက် မီးစာ၌စုပ်ဝင်နေသောဆီကို ဆက်၍လောင်သောအခါ မီးစာပါ ပြာဖြစ်သွားသဖြင့် နောက်ဆုံး ဆီမီးတောက်ကလေး နိဂုံးချုပ်ရလေသည်။

ဆီမီးတောက်ကလေးကို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် သက်ဝင်ကြည့်လျှင်၊ မီးတောက်တစ်ခုတည်းမဟုတ်ကြောင်း သိနိုင်၏၊ ရှေးဦးမီးတောက်ကလေး ငြိမ်း၍ငြိမ်း၍သွားလေတိုင်း နောက်ထပ်မီးတောက်ကလေးများ ဆက်တိုက်ပေါ်၍ပေါ်၍ လာနေခြင်းသာဖြစ်၏၊ အကယ်၍ ရှေးဦးမီးတောက်မှာ ချုပ်ငြိမ်းမသွားပဲ၊ နောက်ထပ်မီးတောက် အသစ်အသစ်ဖြစ်၍လာနေလျှင် တဖြည်းဖြည်း မီးတောက်ကြီးလာပေရာ၏၊ သို့မဟုတ် ရှိနှင့်သောမီးတောက်နှင့် နောက်ပေါ်မီးတောက်တို့ပဋိပက္ခဖြစ်၍ တစ်နည်းတစ်ဖုံ သွင်ပြင်လက္ခဏာပေါ်ရာ၏၊ သို့ရာတွင် ငြိမ်း၍ငြိမ်း၍သွားသော မီးတောက်ဟောင်းများ နေရာ၌ မီးတောက်သစ်များ ဝင်၍ဝင်၍လာသောကြောင့် ဟန်မပျက် မီးဆက်နေခြင်းဖြစ်လေသည်။ သို့သော် ဉာဏ်ကိုအသုံးမချတတ်၊ မျက်လုံးမျှကိုသာ အသုံးချ၍ကြည့်မှုကား မီးတောက်သည် တစ်ခုတည်းဟုသာ ထင်မည်မြင်မည် ဖြစ်လေသတည်း။

(၅)

ဤတွင်လည်း အရှိန်အဟုန်သဘောသည် စိုးမိုးလျက်ပင်ရှိနေ၏၊ အကယ်၍ မီးတောက်ဟောင်း ငြိမ်းသွားပြီးနောက် မီးတောက်သစ်သည် ချက်ချင်းဖြစ်မလာပါက မီးတောက်တစ်ခုနှင့်တစ်ခုကြား ပြတ်၍ပြတ်၍ သွားရာ၏၊ သို့မဟုတ် မီးတောက်ငြိမ်းသွားရာ၏၊ ယခုမူကား ရှေးဦးမီးတောက်ငြိမ်းသည်နှင့် နောက်မီးတောက်သည် ချက်ချင်းနေရာဝင်ယူလျက် ရှိသောကြောင့် ဆီမီးတောက်လာလေသည်။ ဟန်မပျက် တောက်ပလျက် ရှိနေခြင်း ဖြစ်လေသည်။

စက်မှုသိပ္ပံလောက နိမိတ်ပုံများမှာမူ ပို၍သိသာ၏၊ မော်တော်ကား နှင့်လေယာဉ်တို့၏ ပလပ်တို့မှ မီးတစ်ဖျတ်ဖျတ် ပွင့်နေပုံကို မြင်နိုင်သည်။ အစဉ် တစ်ချက်ချင်း ဖျတ်၊ဖျတ်ဟုပွင့်ရာမှ အရှိန်အဟုန်အားဝင်လာသော အခါ တဖျတ်ဖျတ် တရစပ်ဖြစ်၍နေလေသည်။ လျှပ်စစ်ဓာတ်မီးလင်းနေရာ ၌လည်း ဖြစ်ပျက်ဖြစ်ပျက်တစ်ခုစီမှ ဖြစ်စဉ်ကြီးပေါ်နေပုံကို သိနိုင်လေသည်။

မြစ်ရေ၊ ဆီမီး၊ပလပ်နှင့်လျှပ်စစ်မီးတို့သည် တစ်ခုချင်းတစ်ခုချင်းသာ ဖြစ်ပျက်ဖြစ်ပျက်နေသော်လည်းအရှိန်အဟုန် အားဝင်၍ မပြတ်ဖြစ်နေသော အခါတစ်ဆက်တည်းတစ်ခုတည်းကဲ့သို့ဖြစ်စဉ်(သန္တတိ)ပေါ်နေခြင်းဖြစ်၏။ သို့သော် မံသစက္ခုဖြင့် ယင်းတို့ကိုကြည့်ပါက သန္တတိဖြစ်စဉ်ကိုသာမြင်၏။ ဉာဏစက္ခုဖြင့် ကြည့်တတ်မှသာ ဆိုခဲ့ပါ ဖြစ်ရပ်မှန်သဘာဝကို မြင်နိုင် လေသည်။

ထို မြစ်ရေ၊ ဆီမီး၊ ပလပ်နှင့်လျှပ်စစ်ဓာတ်တို့၏ တစ်ခုချင်းသဘော၊ ဖြစ်စဉ်သဘော၊ အရှိန်အဟုန်သဘောတို့ကို ဉာဏ်သက်ဝင်နိုင်ပါလျှင် လူ၏ ကိုယ်တွင်း၌ ဖြစ်ပေါ်ချုပ်ပျက်နေသော စိတ်ဝိညာဉ်၏သဘောသဘာဝ ကိုလည်း ရိပ်စားမိနိုင်မည် ဖြစ်ပေသည်၊ စိတ်သည် တစ်ခုဖြစ်ပျက် တစ်ခု ဆက်သဘောဖြင့် အတောမတတ် ဖြစ်နေတတ်သော အရှင်ဓာတ်ဖြစ်လေ သည်။ စင်စစ် စိတ်သည် စိန်တုံးကြီးများမှ အလင်းရောင်ထွက်နေသကဲ့သို့ တစ်ခုတည်း ထာဝရအမြဲဖြစ်နေသော သဘာဝတစ်ရပ်မဟုတ်ချေ၊ စာသုံး စကားဖြင့်ဆိုသော် စိတ်သည် နိစ္စ၊ ဓုဝ၊ သဿတမဟုတ်၊ အနိစ္စ၊ အဒ္ဓုဝ၊ အသဿတ သဘာဝသာဖြစ်လေသည်။ တစ်ခဏမျှသာဖြစ်သော ခဏိက တရားသဘာဝဖြစ်လေသည်။

ဤသို့မြင်ခြင်းသည်ပင် သဘာဝလမ်းဆုံ လမ်းခွ၌ လမ်းမှန်၏ထိပ်သို့ မျက်နှာလှည့်မိခြင်းဖြစ်လေသည်။

ယခုအထိလူ၌သိ၍သိ၍နေသော သဘာဝကလေး(ဝါ)စိတ်ဝိညာဉ် ဖြစ်ရှိနေပုံနှင့် ထိုစိတ်သည် အရှိန်အဟုန်ဖြင့် ဟတ်ခနဲပြီးတစ်ခု မပြတ်ဖြစ်ပျက် နေပုံတို့ကို သိခဲ့ရပါပြီ၊ ဤသည်ကား မျက်စိအမြင်ကို အတိဂမ္ဘီရနည်း ပညာဖြင့် ပိုင်ပိုင်နိုင်နိုင် သိရှိရေးအတွက် ပန္နက်ရိုက်ခြင်းပင် ဖြစ်ပါသည်။

နှစ်ဖက်လှ
(၁၉၇၁—ခု၊ ဇန်နဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# စိတ်နှင့်ရုပ်တို့၏"အလျင်"နှင့်"အသွင်"

ယခင်လက "အတိဂမ္ဘီရနည်းပညာ" ခေါင်းစဉ်ပါဆောင်းပါးဖြင့် အသက်ရှိသောလူ၌ အသိစိတ်ကလေးဖြစ်ရှိနေပုံကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုဆောင်းပါး၌ စိတ်နှင့်ရုပ်တို့၏"လျင်နှုန်း"နှင့် သင္ကေတဖြစ်စဉ်"အသွင်" တို့ကို ဉာဏ်သက်ဝင်နိုင်စေရန် ဖော်ပြပါမည်။ မျက်စိဖြင့် မြင်ပုံမြင်နည်းကို အဘိဓမ္မာသဘာဝကျကျ နားလည်စေရန်အတွက် စာငြိမ်းဆင်ခြင်းဖြစ် ပါ၏။

စိတ်၏လျင်နှုန်းကို ရှာသောအခါ ဘာနှင့်ရှာမည်နည်း၊ စိတ်၏ လျင်နှုန်းကို တိုင်းတာပြနိုင်သော သိပ္ပံကိရိယာပေါ်နေပြီလား။ မေးစရာ ရှိ၏၊ မပေါ်သေးပါ၊ စိတ်၏လျင်နှုန်းကို မဆိုထားဘိ၊ ရုပ်၏လျင်နှုန်း ကိုပင် တိုင်းတာစမ်းသပ်ယူနိုင်သော ကိရိယာတန်ဆာပလာမျိုးယနေ့အထိ မပေါ်ပေါက်သေးပါ၊ သို့ဖြစ်၍ စိတ်၏လျင်နှုန်းကိုရှာရာ၌ သိပ္ပံကိရိယာ ကို အားကိုး၍ မရပါချေ။

သို့ဖြစ်လျှင် ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးမြင်ဆင်ခြင်၍ ရှာယူမည်လော၊ ဤသို့လည်း မေးနိုင်ပါ၏၊ ကိုယ်ပိုင်ဉာဏ်သုံးမည်ကြံတိုင်း မည်သူမဆို ကိုယ့်ပမာဏ ကိုယ်သိဖို့ လိုပါသည်။ မည်သည့်ဒဿနိကဗေဒပညာရှင်က ပြောပြပါသည်ဆိုရာမျိုး၌လည်း သူ့ပမာဏကို သိဖို့လိုသည်။ ကိုယ်ပိုင် ဉာဏ်မကောင်းကို ပြောသူတိုင်းသည် ဤအချက်နှစ်ရပ်ကို မမေ့သင့်ချေ။ ကိုယ့်ပမာဏ ကိုယ်သိဖို့၊ သူ့ပမာဏကိုလည်း သိဖို့ပေတည်း။

အမှန်စင်စစ် ကိုယ်ကျင့်သီလကို အခြေခံပြီး နည်းစနစ်တကျ ထူထောင်ယူအပ်သော သမာဓိကိုယ်ထည်ပေါ်က ဉာဏ်ပညာမျိုးသည်သာ

တကယ့်တကယ် အဖိုးတန်သော ကိုယ်ပိုင်ဉာဏ်မျိုး ဖြစ် နိုင် ပေ သည်။ လေတိုက်တိုက်မှာထွန်းထားသော မီးတောက်ကလေးသည် မငြိမ်းသော်လည်း အလင်းနည်းသကဲ့သို့ သမာဓိမရှိသောလူ၏ ကိုယ်ပိုင်ဉာဏ်ဆိုသည်မှာလည်း မှိတ်တုတ်မှိတ်တုတ်မီးတောက်လေးပမာ ဖြစ်ချေသည်၊ အမြင်ရှုးရှခြင်း မရှိချေ။ သို့ဖြစ်သောကြောင့် ကိုယ်ပိုင်ဉာဏ်စကားပြောသူတိုင်း ကိုယ့်ပမာဏ ကိုယ်သိဖို့အရေးကြီးကြောင်း သတိချပ်အပ်ခြင်းဖြစ်လေသည်။

စိတ်၏လျှင်နှုန်းပြဿနာ၏ အဖြေရှာရာတွင် သိပ္ပံကိရိယာလည်း မရှိ၊ လက်ရှိလူသာမန်တို့၏ ကိုယ်ပိုင်ဉာဏ်ကို ကိုယ်အားမရဖြစ်နေရာ အမေရိကန်နိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက် တစ်တိုက်ထဲ ဝင်ပြီး စာအုပ်စုံအောင် လှန်လှောရှာဖွေလျှင် အဖြေတွေ့မည်လော....ဤသို့လည်း စဉ်းစားနိုင်သေး၏။ သို့သော် မည်သည့်စာအုပ်များတွင်မှ အဖြေမှန်ကို တွေ့ရလိမ့်မည် မဟုတ်။ အဘယ့်ကြောင့်ဟူမူ မရှိ၍ပေတည်း။

ကျွန်တော်တို့ ထေရဝါဒီ ဗုဒ္ဓဘာသာများမှုကား ဤကိစ္စမျိုးနှင့် စပ်လျဉ်း၍ ကမ္ဘာတွင် ကံကောင်းလှပေ၏။ အဘိဓမ္မာခုနစ်ကျမ်းနှင့် တကွ ပိဋကတ်နိကာယ် ကျမ်းရင်း(၄၀)ကျော် ပိုင်ရှိထားဘိ၏။ ဤကျမ်းတို့ကို တတ်သိနားလည်သူတို့သည် ဤ ကျမ်း တို့ ကို ဟော ကြား ခဲ့သော သူ့အကြောင်း သူ့ပမာဏကို ကောင်းစွာသိကြလေသည်။ သူဆိုသည်ကား....အားလုံးကိုသိသော အသိရှင် (သဗ္ဗညု) ဖြစ်ပေသည်။ ထို သဗ္ဗညု ဘုရားရှင်၏ ကျမ်းစာများ၌သာ စိတ်၏လျှင်နှုန်းပြဿနာ အဖြေရှာနိုင်ပေသည်။ တစ်နည်းဆိုရသော် သဗ္ဗညုကျမ်းစာများ၌သာ အဖြေမှန်ရှိနေပေသည်။

စိတ်၏ လျှင်နှုန်းနှင့်ပတ်သက်၍ သုတ္တန်ကျမ်းတစ်ကျမ်း၌ သဗ္ဗညု ဘုရားရှင်က ဤသို့ မှတ်ချက်ချထားခဲ့၏....

> "ချစ်သားတို့....စိတ်လောက်လျှင်သောအပြန်ရှိသော တရား တစ်စုံတစ်ခုကိုမျှ ငါဘုရားမြင်တော်မမူ၊ စိတ် လျှင် မြန် ပုံ ကို ဥပမာပြဖို့ပင် မလွယ်ချေ"

အင်္ဂုတ္တိုရ်၊ အစ္ဆဝဂ်၊ အဋ္ဌမသုတ်)

အထက်ပါစကားတော်၌ "လျင်သောအပြန်ရှိသော" ဟူသော စကား၏အဓိပ္ပာယ်ကား လျင်စွာဖြစ်၍ လျင်စွာချုပ်ခြင်းကို ဆိုလိုပါသည်။ မြန်မြန် ချုပ်မြန်သည့် သဘောတစ်ရပ်ပေတည်း။

သာသနာတော်နှစ်(၅၀၀)၌ပေါ်ထွန်းလာသော မိလိန္ဒမင်းကြီးက စိတ်လျင်မြန်ပုံနှင့်ပတ်သက်၍ ရှင်နာဂသိန်မထေရ်အား ဤသို့ လျှောက်ခဲ့ဖူး၏။

> "အရှင်ဘုရား....အကယ်၍ စိတ်သည် ရုပ်တစ်ခုကဲ့သို့ဖြစ်သည် ဆိုပါစို့၊ ဤသို့ဖြစ်လျှင်လက်ဖျစ်တစ်တွက်အချိန်တစ်ချိန်အတွင်း ဖြစ်သော စိတ်၏အပုံသည် အဘယ်မျှကြီးပါမည်နည်း။"

ရှင်နာဂသိန်မထေရ်က....

> "မင်းကြီး....စိတ်တစ်ခုကို စပါးစေ့တစ်စေ့နှင့် ပမာပြုသည် ဆိုကြပါစို့၊ ဤသို့ပမာပြုလျှင် လက် ဖျစ် တစ် တွက် အ ချိန် အတွင်း၌ ဖြစ်ချုပ်သော စိတ်ပေါင်းသည် စပါးတင်းပေါင်း (၁၂၀၁၉)တင်းနှင့် တစ်စိပ် နှစ်ပြည်၌ပါရှိသော စပါးစေ့ ပေါင်းထက် ၁၆–ဆမက များလိမ့်ဦးမည်"ဟု.... မိန့်ကြားတော်မူလိုက်ပါသည်။

"လက်ဖျစ်တစ်တွက်ကာလ" ဟူသည် မျက်တောင်တစ်ချက် ခတ်၊ လျှပ်တစ်ပြက် ပြက်လောက်ချိန်လောက်ပင် ရှိသည်။ ခေတ်နာရီဖြင့်ဆိုသော် တစ်စက္ကန့်ခန့်အချိန်လောက် ဖြစ်ပေသည်၊ တစ်စက္ကန့် အ ချိန် အ တွင်း ၌ စပါးတင်းပေါင်း သောင်းကျော်၌ပါရှိသော စပါးစေ့အရေအတွက်ထက် များသော စိတ်များဖြစ်ချုပ်သည်ဟုဆိုရာတွင် စပါးတစ်တင်း၌ပင် စပါးစေ့ပေါင်း သိန်းသန်းမကပါရှိပေရာသည်။

ဤသို့ စပါးစေ့သင်္ချာဖြင့် ဖော်ပြခြင်းသည် နားရှုပ်ဖွယ်ရာရှိ၍ ရှင်မဟာဗုဒ္ဓဃောသက ရိုးရိုးသင်္ချာဖြင့် ဖော်ပြခဲ့သည်။

> "စိတ်တို့သည် လက်ဖျစ်တစ်တွတ် အချိန်အတွင်းမှာ ကုဋေ တစ်သိန်းခန့်မျှ ဖြစ်ချုပ်ကြကုန်၏"

(ခန္ဓသံယုတ်၊ ခန္ဓဝိဘင်း အဋ္ဌကထာ)

ခေတ်စကားဖြင့်ဆိုသော် တစ်စက္ကန့်လျှင် စိတ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်သည်ဟု ဆိုရာသည်၊ တစ်နည်းဆိုရသော် တစ်စက္ကန့်ကို အပုံပေါင်း ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာသည် စိတ်သက်ကာလ ဖြစ်ပေသည်။' တစ်စက္ကန့်၏ ကုဋေတစ်သိန်းတစ်ပိုင်းသည် စိတ်သက်ကာလ ပေတည်း ဟူလို-။

ဤမျှ အသေးစိတ်ကျလွန်းသော သဘာဝတို့၏ အခြေခံအမှန်တရားကို သဗ္ဗညုမြတ်စွာဘုရားတစ်ပါးတည်းသာလျှင် နက်နဲစွာ သိမြင်တော်မူခဲ့လေသည်။ဤသို့ သိမြင်နိုင်ခြင်းသည်ကား စိတ်တို့၏အလျင်အဟုန်ထက် အစွမ်းထက်သော သဗ္ဗညုတဉာဏ်ကို ရရှိတော်မူသောကြောင့် ဖြစ်လေသည်။

ဤစိတ်၏အလျင်ကို နိမိတ်ပုံဖြင့်ဆင်ခြင်သော် ကြိုးစတစ်ဖက်၌မီးရှို့ပြီး တစ်ဖက်ကိုင်၍ ရမ်းလိုက်သည်ရှိသော် မီးဝိုင်းကြီးပေါ်လာသည်၊ မီးဝိုင်းကြီးပေါ်လာခြင်းသည် ရမ်းနေသော အလျင်အဟုန်ကြောင့်ပေတည်း၊ ဖြည်းဖြည်းကလေးသာယှပ်ရမ်းပါက မီးဝိုင်းကြီးမပေါ်ချေ။ သွက်လက်မြန်ဆန်အဟုန်ထန်လေမှ မီးဝိုင်းကြီးပေါ်လာခြင်း ဖြစ်လေသည်။ ထိုကြိုးစမီးဝိုင်းကြီးကိုမြင်သော ကလေးသူငယ်သည် အဝိုင်းကြီးဟူ၍သာ မှတ်ထင်ရှာသည်။ လူကြီးကမူ တစ်ဖက်ကကြိုးစကို ကိုင်ပြီး ဝှေ့ရမ်းနေသောအဟုန်ကြောင့်သာ အဝိုင်းဟုထင်ရသည်၊ စင်စစ် အဝိုင်းမဟုတ်၊ အစတစ်စသာဖြစ်သည်ဟု သိလေသည်။

ဤတွင် အမြင်နှင့်အသိသည် တစ်မျိုးစီဖြစ်လေသည်၊ မျက်မြင်သည် မမှန်၊ အသိသည်သာ မှန်လေသည်၊ အမြင်နှင့်အသိကွဲပြားသွားအောင် ဖန်တီးပေးသောအရာသည်ကား အခြားမဟုတ်၊ အလျင်အဟုန်ပင် ဖြစ်လေသည်။

သဘာဝဓမ္မပိုင်းတွင် ကျက်စားနေကြသော ပညာရှင်အသီးသီးတို့သည် ၎င်းတို့၌ရှိသော ဉာဏ်စွမ်းပကားအားနည်းမှုကြောင့် စိတ်၏လျင်နှုန်းကို ပြက်ပြက်ထင်ထင် မမြင်နိုင်ကြချေ။ ထိုသို့မမြင်နိုင်သောကြောင့် စိတ်၏ဖြစ်စဉ်ကို မသိကြပဲ စိတ်သည် တစ်ခုတည်း၊ စိတ်သည် အမြဲရှိနေသော သဘာဝတစ်မျိုးဟု အမှားမှားအယွင်းယွင်း သုံးသပ်စွဲယူခဲ့ကြသည်၊ ဤသို့ အခြေခံကို အကိုင်မှားခဲ့ရာမှ ဝါဒမှားတွေပေါ်လာပုံကို အခြား

အလျဉ်းသင့်ရာတွင်မှ ဆိုပါမည်။ ယခု စိတ်၏သဘောကိုပင် ဆက်ပါဦးစို့။

စိတ်သည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပိုင်းတစ်ပိုင်းစာမျှ အဖြစ်အပျက် လျင်မြန်လှသောကြောင့် စိတ်၌ ဥပါဒ်နှင့်ဘင် (အဖြစ်နှင့်အပျက်) နှစ်မျိုးသာရှိသည်ဟု အချို့ပညာရှိတို့က ယူလိုကြသည်။ ပညာရှင်အများစုကမူ ဥပါဒ်နှင့်ဘင် တိုတောင်း လျင်မြန်လှသော်လည်း ယင်းဥပါဒ်နှင့်ဘင်အကြား ကာလရှိရမည်။ ထိုကြားကာလကို စိတ်၏တည်တံ့မှုအခိုက်အတံ့ကလေးဟု ခေါ်လိုကြသည်၊ ထို့ကြောင့် စိတ်တစ်ခု၏ ခဏတာကာလကလေး၌ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်တည်ပျက်) လက္ခဏာသုံးရပ်ကို အများစုက လက်ခံကြလေသည်။

ဤကဲ့သို့ စိတ်သည် အဖြစ်အပျက် လျင်မြန်အားကြီးလှသောကြောင့် စိတ်၏အသွင်သည် မပေါ်နိုင်တော့ချေ။ ဖြစ်ပဟေ့ဆိုသည်နှင့် ချုပ်တော့သည်။ ဖြစ်ပြီး တည်တံ့မှု ဌီခဏဆိုသည်မှာလည်း အဖြစ်ခဏ၊ အပျက်ခဏနှင့် ထပ်တူ တိုတောင်းလှ၏၊ ရှေးခေတ်အဘိဓမ္မာဆရာကြီးများက စိတ်တစ်ခဏကို သုံးပိုင်းဖော်ပြရာ၌ သုညသုံးလုံးကို တန်းစီပြကြ၏။ ပုံစံ "၀၀၀" ပထမသုညက ဥပါဒ်၊ အလယ်သုညက ဌီ၊ အဆုံးသုညက ဘင် ဟူလို။ ထို ဥပါဒ်ခဏ၊ ဌီ ခဏ၊ ဘင် ခဏလေးများကို "ခဏငယ်" ဟု ခေါ်၏၊ သုံးခုပေါင်းတစ်ခုကို ခဏကြီးဟုခေါ်၏၊ ထို့ကြောင့် စိတ်တစ်ခုမှာ ခဏငယ် ၃–ခု၊ ခဏကြီးတစ်ခုရှိ၏ ဟူလို၊ ခဏကြီးတစ်ခုသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ၍ တစ်ပုံသာကြာသော ခဏတာပေတည်း။ ဤကဲ့သို့ စိတ်တစ်ခုတစ်ခု၌ ဌီခဏတိုတောင်းလွန်းလှသဖြင့် စိတ်၏အသွင်ဟူ၍ မပေါ်နိုင်ခြင်း ဖြစ်ပေသည်။

လူ၌ သိတတ်သောသဘာဝတရား (စိတ်) ရှိသည့်နည်းတူ မသိတတ်သည့် သဘာဝတစ်မျိုးလည်း ရှိ၏၊ ထိုမသိတတ်သည့်သဘာဝကို "ရုပ်"ဟု ခေါ်လေသည်၊ ထိုရုပ်သည်လည်း နိစ္စမဟုတ်။ ဖြစ်ပျက်ပြုပြင်နေသော အနိစ္စသဘာဝတစ်မျိုးပေတည်း။

ရုပ်သဘာဝဖြစ်ပေါ်ဥပါဒ်မှုနှင့် ချုပ်ပျက်မှု (ဥပါဒ်နှင့်ဘင်) သည် စိတ်သဘာဝ၏ ဥပါဒ် ဘင် အတိုင်းပင် အဖြစ်အချုပ်လျင်မြန်ဘိ၏၊ ဆိုလိုသည်မှာ စိတ်၏ဥပါဒ်နှင့် ရုပ်၏ဥပါဒ်၊ စိတ်၏ဘင်နှင့် ရုပ်၏ဘင်တို့သည်

အဖြစ်အချုပ်လျှင်မြန်ပုံ အတူတူပင်ဖြစ်သည်။ အရေးကြီးသော ထူးခြားချက်သည်ကား ရုပ်၏ဌီကာလ ခဏတာပေတည်း။ ရုပ်၏ဌီကာလသည် စိတ်၏ဌီကာလထက် ရှည်ကြာ၏၊ ရုပ်၏ဌီကာလသည် စိတ်၏ဌီကာလထက် (၄၈) ဆမျှ ပို၍ရှည်ကြာလေသည်။ ရုပ်တစ်ခု၌ ဥပါဒ် ၁ + ဌီ ၄၉ + ဘင် ၁ = ၅၁ ဖြစ်ပေရာ ရုပ်သဘာဝတစ်ခုတွင် ခဏငယ်ပေါင်း (၅၁) ရှိကြောင်းသိရသည်။ ၅၁-ကို ၃-ဖြင့်စားသော် (၁၇) ရရှိ၍ ခဏကြီးအားဖြင့် (၁၇) ချက်ရှိသည်ဟု ဆိုရသည်။

အချုပ်ဆိုရသော် စိတ်၏ဥပါဒ်နှင့်ရုပ်၏ဥပါဒ်ကာလတူသည်။ စိတ်ဖြစ် ရုပ်ဖြစ်အချိန်တူ ဟူလို။ စိတ်၏ဘင်နှင့် ရုပ်၏ဘင်လည်း တူသည်၊ စိတ်ချုပ် ရုပ်ချုပ် အချိန်တူ ဟူလို။ သို့သော် စိတ်၏ဌီနှင့် ရုပ်၏ဌီမတူချေ၊ ရုပ်၏တည်တံ့မှု ဌီကာလသည် စိတ်၏ဌီကာလထက် (၄၈) ဆမျှပို၍ ရှည်ကြာသည်။ ယင်းသို့ စိတ်၌ဌီကာလ တိုတောင်းလွန်းလှ၍ စိတ်၏အသွင်မပေါ်နိုင်သော်လည်း ရုပ်၌မူ ဌီကာလရှည်ကြာ၍ ရုပ်၏အသွင်ပေါ်လေသည်။

လက်တွေ့ဘဝ၌ စိတ်ခန္ဓာကို ကိုယ်ထည်အဖြစ်ဖြင့် မတွေ့ မမြင်ကြရ၊ ရုပ်ခန္ဓာကိုသာ ကိုယ်ထည်အဖွဲ့အစည်းအနေဖြင့် တွေ့ရမြင်ရခြင်းသည် ဌီကာလကွာခြားမှုကြောင့်ဖြစ်ကြောင်း ရှုဆင်ခြင် သိမြင်နိုင်လေသည်။

နှစ်ဖက်လှ
(၁၉၈၁-ခု၊ ဖေဖော်ဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# စိတ် အလျင် နှင့် ဉာဏ်အမြင်

အယင်လက "စိတ်နှင့်ရုပ်တို့၏ အလျင်နှင့်အသွင်" ဟူသောဆောင်းပါးကို ဖတ်ရသူများထဲမှ တစ်ဦးက ဤသို့မေးလာပါသည်။

ဆရာခင်ဗျား လူတို့မျက်စိဖြင့်မြင်ပုံမြင်နည်းကို အဘိဓမ္မာနည်းကျကျ တင်ပြရန်အတွက် အစပျိုးနေတာကို နားလည်ပါတယ်။ သို့ပါ၍ မေးခွန်းတစ်ခုကို ကျွန်တော်ဝင်မေးလိုက်ပါက လိုရင်းရောက်ဖို့ နည်းနည်းများ ကြာသွားမလားစိုးရိမ်ပါတယ်။ ဒါပေမယ့်အခုသိချင်နေတာလေးဟာ စိတ်ထဲမှာခိုးလိုးခုလုဖြစ်နေလို့ မေးလိုက်ရမှ ရှေ့မှာ ဆရာက မျက်စိဖြင့်မြင်ပုံ ဆက်လက်ရှင်းပြတဲ့အခါမှာ ချောချောမောမော သဘောကျသွားမယ်ထင်ပါတယ်။ ဒါ့ကြောင့် ဆရာခွင့်ပြုလျှင် ဒီမှာပဲ ဖြတ်မေးလိုက်ချင်ပါတယ် ခင်ဗျား။

ဟုတ်ပါရဲ့၊ မကျေညက်လျှင် အနေခက်နေပါ့မယ်၊ မေးပါခင်ဗျား။

ဒီလိုပါဆရာ၊ လူ့ရဲ့စိတ်ဟာ မျက်တောင်တစ်ခါခတ် အချိန်တိုကလေးအတွင်းမှာ ကုဋေတစ်သိန်းခန့်ဖြစ်ချုပ်တယ်။ ဒါမှမဟုတ် စိတ်သက်ဟာ တစ်စက္ကန့်ကို ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာပဲအသက်ရှိတယ်ဆိုတဲ့အချက်နဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ နားလည်ဖို့၊ ယုံကြည်ဖို့ခက်နေလို့ပါ။ အားတော့နာပါဘယ်။

အို– အားမနာပါနဲ့၊ ဘာသာရေးကို သဘောတရားရေးအခြေခံနှင့် အခိုင်အမာလေ့လာတဲ့ကိစ္စမျိုးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်။ သဘောတရားမပါပဲ ယုံဟဲ့လို့ဆိုပြီး ယုံခိုင်းတာမျိုးဆိုယင်တော့ ဆင်ခြေတက်လျှင် အားနာစရာဖြစ်ချင်ဖြစ်မှာပေါ့။ ဒီမှာ အတင်းယုံမခိုင်းပါဘူး၊ ဒါ့ကြောင့် အားနာဖို့ မလိုပါဘူး။

စိတ်လျင်မြန်ပုံနှင့်ပတ်သက်ပြီး နားလည်ဖို့ ယုံကြည်ဖို့ ခက်နေတယ်ဆိုတာ ဖြစ်သင့်ဖြစ်ထိုက်တဲ့သဘောပါပဲ။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ ဒီအကြောင်းကို နဂိုကထုတ်ဖော်ဟောကြားခဲ့တဲ့ မြတ်စွာဘုရားနဲ့ အခုဖတ်ရှုလေ့လာသူတို့နှစ်ဦးကြားမှာ ဉာဏ်ပညာချင်း ကွာခြားနေကြလို့ပဲဖြစ်ပါတယ်။

စိတ်ဆိုတဲ့ခာတ်သဘော ဒီလောက်မြန်ဆန်လွန်းပုံကိုစတင်ထုတ်ဖော် ဟောကြားသွားသူက ဘီစီခြောက်ရာစုက ဘုရားရှင်။ အခုစာဖတ်သူက နှစ်ဆယ်ရာစုခေတ်လူသား။ ဗုဒ္ဓဘုရားရှင်က အတုမရှိဉာဏ်ပညာကြီးတယ်။ ဟောကြားထားခဲ့တဲ့ ပါဠိတော်တွေကို ထောက်ထားလျှင် အထင်အရှားသိသာပါတယ်။ အခုစာဖတ်သူများက ဘုရားရှင်လို ပါဠိတော်တွေကို ဟောနိုင်ဖို့မဆိုထားနှင့်၊ နားလည်အောင်ပင် မနည်းကြိုးစားလေ့လာကြရပါတယ်။ ဟိုကသဗ္ဗညုတဉာဏ်၊ ဒီကသာမန်ဉာဏ်။ အဲဒီလို ဉာဏ်ချင်းကကွာနေကြလို့ ဘုရားဉာဏ်နဲ့ဟောထားတဲ့သဘောတရားများကို နားမလည်နိုင်ပဲ ဖြစ်ရခြင်းပါ။ အဲဒီလို ခြားနားချက်ကို ရှာကြည့်ပါ။

ဥပမာပြောရလျှင် တောင်ခြေကလူနဲ့တောင်ထိပ်ပေါ်ကလူလိုပါပဲ။ တောင်ထိပ်ပေါ်ရပ်နေတဲ့လူက သူမြင်တာတွေကို ပြောပြတယ်။ ဒါကို တောင်အောက်ကလူက ဘယ်လာမြင်ပါ့မလဲ။ အခြေနေချင်းနေရာခြင်းက ကွာနေတာကို။ အဲဒီ ခြားနားချက်ကို မရှာမိယင် တောင်ထိပ်ပေါ်ကလူ ပြောတဲ့စကားကို တောင်ခြေကလူ ဘယ်ယုံကြည်ပါ့မလဲ။ အခုခေတ်မှာ ဘာသာရေး သဘောတရားရေးပြောနေကြသူအများအပြားဟာ ဒီခြားနားချက်ကို မရှာမိကြဘူး။ ဒါနဲ့ အမြင့်ကရပ်ပြီး အမြင်ကျယ်စွာပြောထားခဲ့တဲ့ အဖိုးတန်အသိဉာဏ်ဗဟုသုတတွေကို ဝေဖန်ပုတ်ခတ် ပစ်ပယ်ရန်ကြိုးစားနေရှာကြတယ်။ မှားခြင်းကြီးတစ်ရပ်ပဲပေါ့။

ဗုဒ္ဓဘုရားနှင့် ယခုစာဖတ်သူ ဉာဏ်ကွာတယ်ဆိုတာကိုရော လက်ခံချင့်ရဲ့လား၊ ဂေါတမဗုဒ္ဓဘုရားနဲ့ ငါနဲ့ ဉာဏ်ချင်း အတူတူပါပဲလို့များ ပြောချင်ပါသလား။

ဒီလိုတော့ မတွေးဝံ့ပါခင်ဗျား၊ ကျွန်တော်တို့ နားမလည်မှု၊ မသိမှုသာဖြစ်ပါတယ်၊ နောက်ပြီးဘုရားနဲ့လူဆိုတာဖယ်ထား၊လူအချင်းချင်းတောင်မှ ဉာဏ်ချင်းမတူကြပါဘူး၊ အလွယ်ဆုံးကြည့်ရင် စာသင်ကျောင်းတွေမှာ တွေ့နိုင်ပါတယ်၊ ကျောင်းသားချင်း ကျောင်းသူခြင်း ဘယ်မှာဉာဏ်တူကြလို့လဲ၊ တော်တဲ့လူက သိပ်တော်၊ ညံ့တဲ့လူကသိပ်ညံ့၊ ဒီလိုရှိပါတယ်။

ဟုတ်တယ်၊ ဉာဏ်ပညာဆိုတာလဲ အမျိုးမျိုးရှိတယ်မှုတ်လား၊ ဇဝနဉာဏ်၊ ဟာသဉာဏ်၊ တိက္ခဉာဏ်၊ ဂမ္ဘီရဉာဏ်စသည်ဖြင့်ပေါ့၊ ဇဝန

ဉာဏ်က လျှင်တဲ့ဉာဏ်တဲ့၊ ဟာသဉာဏ်ဆိုတာက ရွှင်တဲ့ဉာဏ်ပဲ၊ တိက္ခဉာဏ် ဆိုတာက ထက်မြက်တဲ့ဉာဏ်ပဲ၊ ဂမ္ဘီရဉာဏ်ဆိုတာက နက်နဲတဲ့ဉာဏ်ပဲ၊ လူချင်းတူပေမယ့် အဲဒီလို ဉာဏ်ချင်းကျတော့ မတူကြဘူး၊ လက်တွေ့ပဲ။

ဒါကိုပြောရတာက တခြားကြောင့်မဟုတ်ပါဘူး၊ ခုခေတ်လူအချို့ ဟာ မြတ်စွာဘုရားနှင့် မိမိနှင့် ခြားနားချက်ကိုမရှာကြပဲ၊ ကိုယ်နား မလည်တာနဲ့ ကိုယ်မသိတာနဲ့ အလွန်အဖိုးထိုက်တန်သော ဘုရားဟော အသိဉာဏ်များကို ဖျက်ဆီးပစ်လိုကြပါတယ်။

ဒါဖြင့်ဆရာ ဉာဏ်ကြီးတဲ့လူကပြောခဲ့တဲ့ကိစ္စကို အခုစိတ်၏လျှင်နှုန်းပဲ ဆိုပါတော့၊ ဉာဏ်မမှီတာနဲ့ ဒီအတိုင်းပဲ ပစ်ထားရမှာလား၊ ငါ့ထက် ဉာဏ်ကြီးတဲ့ဘုရားကဟောခဲ့တာမို့ ငါနားမလည်တာပဲဆိုပြီး ဒီလိုပဲနေရ မှာလား။

ဒီမေးခွန်းကို လိုချင်တာပဲ၊လူတစ်ဦးမှာ စိတ်ပိုင်းဆိုင်ရာဗလငါးတန် ခွန်အားငါးရပ် ရှိနိုင်ပါတယ်။ ယုံကြည်ချက်အား၊ အားထုတ်မှုအား၊ သတိအား၊ တည်ကြည်မှုအားနဲ့ ဉာဏ်ပညာအားပဲ၊ ဒါကို သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ရယ်လို့လဲ ခေါ်တယ်၊ ကိုယ်အားဗလကို နားလည်တဲ့လူဟာ ဒီအားငါးပါး (ဗိုလ်ငါးပါး)ကို သူ့နေရာနဲ့သူ အသုံးချတတ်ရပါမယ်၊ ဒါမှ လောကထဲမှာ လူမှန်တစ် ယောက် ဖြစ်နိုင်ပါတယ်။

ခုနပြောခဲ့တဲ့ စိတ်သက်သည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ တစ်ပုံ စာမျှသာရှိတယ်၊ စိတ်သက်ဟာ သို့ကလောက်လျှင်မြန်တယ်ဆိုတဲ့ ကိစ္စ မျိုးမှာ ကိုယ့်ဉာဏ်ကမမှီသေးတော့၊ဉာဏ်အားနည်းနေသေးတော့ သဒ္ဓါဗိုလ် ခေါ်တဲ့ ယုံကြည်ချက်အားနဲ့ ကုပေးရတယ်၊ ယုံလောက်တဲ့ဘုရားရှင်က ဟောခဲ့တာမို့ ယုံရမယ်။ ဒါကို သဒ္ဓါကိုဗိုလ်တင်ပြီး အသုံးချတယ်လို့ ခေါ်ရပါတယ်၊ ပညာနဲ့သဒ္ဓါ အားပြုပြီးလေ့လာလိုက်တော့ စိတ်သက်၏ လျှင်နှုန်းကို လက်ခံနိုင်သွားပါတယ်။

ဒီလိုဖြင့် ဆရာက ယုံခိုင်းနေတဲ့သဘောပေါ့နော်....။

မှန်ပါတယ်။ ယုံတယ်ဆိုတာ ယုံရမယ့်နေရာ ယုံဖို့လိုပါတယ်၊ မယုံ ရမယ့်နေရာကိုလည်း မယုံဖို့လိုပါတယ်။ ယုံရမှာ မယုံရမှာကို ခွဲခြားတတ်ဖို့

ကျပြန်တော့ ပညာဉာဏ်အားကို အသုံးချရပါတယ်။ ဒါပေမယ့် အား ငါးပါးကိုပြန်ကြည့်ယင် ယုံပြီး ရပ်နေဖို့မဟုတ်ဘူးလေ။ နောက်ဘဝကျမှ အဖြေရမယ် ဒါမှမဟုတ် ကမ္ဘာပျက်မှအဖြေပေါ်မယ်ဆိုတာမျိုး မဟုတ် ဘူး။ ဝီရိယဗိုလ်ကထွက်လာပြီး မြတ်စွာဘုရားရဲ့ သမာဓိလမ်းကို အားထုတ် ရမယ်၊ သတိဗိုလ်နှင့် သမာဓိဗိုလ် တွဲထွက်လာမယ်ဆိုယင် ယုံကြည်ရုံနဲ့ ဘယ်ရပ်နေပါတော့မလဲ,...။

ပြဿနာတစ်ရပ်ကို ဗိုလ်ငါးပါးနှင့် ကိုက်ဖို့ဆိုတာ နားလည်ပါပြီ ဆရာ၊ ဒါပေမယ့် ကျွန်တော်တို့ကလဲ ကျွန်တော်တို့ပဲ၊ ဝီရိယဗိုလ်၊ သတိ ဗိုလ်နှင့် သမာဓိဗိုလ်တို့ကျတော့လက်တွေ့အသုံးမချချင်ကြဘူး၊ ပျင်းတယ်၊ ရေသာခိုချင်တယ်၊ အချောင်လိုက်ချင်တယ်။ ဒီဘာသာရေးတရားဓမ္မမှာလဲ ဝီရိယမစိုက်ရပဲနဲ့ အချောင်သိချင်ပါတယ်ဆရာ၊ နိဗ္ဗာန်တောင်မှ အားမထုတ် ရပဲ အချောင်ရမယ့်နိဗ္ဗာန်မျိုးကို လိုချင်သေးတယ်လေ။

ကဲ....ဘာသာရေး အချောင်ကိစ္စများကို ထားပါတော့။ မျက်စိဖြင့် ကိုယ်တိုင်မမြင်ရ မတွေ့ရပဲနဲ့ ယုံကြည်နေရတာမျိုးကို နမူနာပြောပါမယ်။

ရေတစ်စက်မှ နှစ်စက်၊ နှစ်စက်မှ လေးစက်၊ လေးစက်မှ ရှစ်စက်၊ ရှစ်စက်မှ တစ်ဆယ့်ခြောက်စက် စသည်ဖြင့်ပေါ့လေ၊ ခွဲချသွားမယ်ဆိုယင် နောက်ဆုံး ဘယ်ရောက်သွားမလဲ ။

သိပ္ပံကိရိယာနဲ့ သေသေချာချာ ဓာတ်ခွဲကြည့်ယင် နောက်ဆုံး ဟိုက်ဒရိုဂျင်ဓာတ် ၂–ဆ၊ အောက်ဆီဂျင်ဓာတ် ၁–ဆ ပါရှိတာကို တွေ့ရ ပါမယ်၊ ရေဟာ ဟိုက်ဒရိုင်ဂျင်နဲ့ အောက်ဆီဂျင် ဓာတ်နှစ်မျိုးပါတဲ့ ဓာတ် ပေါင်းပစ္စည်းတစ်ခုပါပဲ။

ခင်ဗျား ရေကို အဲဒီလို ကိုယ်တိုင်ဓာတ်ခွဲကြည့်ဖူးသလား၊

မခွဲကြည့်ဖူးပါဘူး....။

ရေထဲမှာပါတယ်ဆိုတဲ့ ဟိုက်ဒရိုဂျင်ဓာတ်နဲ့ အောက်စီဂျင်ဓာတ်ကို ရော မြင်ဖူး တွေ့ဖူးပါသလား။

မမြင်ဖူး မတွေ့ဖူးပါဘူး။

ဒါဖြင့် ဘယ့်နှယ်လုပ်ပြီး ရေထဲမှာ ဟိုက်ဒရိုဂျင်ဓာတ်နဲ့ အောက် စီဂျင်ဓာတ်ရှိတယ်လို့ သိနေတာလဲ....

သိပ္ပံပညာရှင်ကြီးတွေက လက်တွေ့ခေတ်ခဲ့ကြည့်ကြပြီး သူတို့ တွေ့တာတွေကို ပြန်ပြောထားခဲ့လို့ပါ။

ဒီလို ပြောပြထားတာကို ယုံတယ်မဟုတ်လား။

ဟုတ်ကဲ့....ယုံပါတယ်။

အဲဒီ ဥပမာမျိုးပါပဲ၊ မြတ်စွာဘုရားက မိမိတို့ထက် ထူးကဲသော ဉာဏ်အမြင်နဲ့ကြည့်ပြီး ဟောပြထားခဲ့တဲ့ စိတ်ခေတ်ရဲ့အလျင်သဘောကို လက်ခံယုံကြည်ကြရပါတယ်။ ဒါပေမယ့် ဒီပရမတ္ထ သဘာဝမွေတို့ကို မျက်စိဖြင့်မမြင်ရပဲ ယုံရတာဟာ အကန်း အရမ်းယုံကြည်မှုမျိုး မဟုတ်ပါဘူး၊ သဒ္ဓါအဆင့်လောက်မှာပင် ရပ်နေရပြီး ရှေ့တိုးလို့မရတာမျိုး မဟုတ်ဘူး၊ ပရမတ္ထသဘာဝတို့ကို မိမိကိုယ်တိုင် ဒိဋ္ဌသိမြင်တဲ့အဆင့်သို့ လှမ်းတက်လို့ရပါတယ်၊ ဒီလို တိုးတက်သိနိုင်ဖို့ နည်းလမ်းများကိုပါ ဗုဒ္ဓရှင်တော်ဘုရားက ပေးထားလျက်ရှိပါတယ်။

နောက်ပြီး ပညတ်စကားနဲ့ပြောရလျှင် မျက်မြင်နဲ့ စိတ်သိဟာ မတူပါဘူး၊ မျက်စိသည် အခြေအနေတစ်ခုတည်းမှာ အချိန်တစ်ချိန်တည်းမှာ [illegible] ဖြစ်ပါ နိုင်ပါ၊ အမြင်ကိုအသိက ဖြည့်ပေးရပါတယ်၊ အရာဝတ္ထု [illegible] ဘက် ၁၀–ဘက် ရှိပါတယ်။ ကြက်ဥတစ်လုံးမှာ ရှေ့နောက် [illegible] ယာ အထောင့်လေးထောင့် အထက် အောက် ဟူ၍ ဘက် ၁၀–ဘက် ရှိပါတယ်၊ ကြက်ဥကို ထောင်ကြည့်ပါ၊ တစ်ချိန်တည်းမှာ ဘက်-၁၀ ဘက် [illegible] မမြင်နိုင်ပါ၊ မမြင်ရတဲ့ဘက်ကို ကိုယ့်ဘက်ပြန်လှည့်ပြီး ကြည့်ရပါ [illegible] ၂–ခါကြည့်မှ မြင်နိုင်ပါတယ်၊ မမြင်တဲ့ဘက်ကို အသိက ဖြည့်ပေးရပါတယ်၊ ဒါမှ တစ်ခုလုံးကို သူ့အရှိအတိုင်း အမှန်သိနိုင်ပါတယ်၊ အဘိဓမ္မာစကားနဲ့ပြောရယင် ပစ္စုပ္ပန်အမြင်ကို အတိတ်အသိနဲ့ ပေါင်းစပ်ပေးရခြင်း ဖြစ်ပါတယ်။

ရုပ်ရှင်ကြည့်တဲ့အခါ ရုပ်ရှင်ဇာတ်လမ်း၌ပါသော မြင်ကွင်းများကို ဇာတ်လမ်းရဲ့အရသာပေါ်အောင် အသိက ဆက်စပ်ပေးနေရတာကို သတိထားသင့်ပါတယ်၊ ရန်ကုန်ကနေ မန္တလေးသို့ လေယာဉ်ဖြင့်သွားပုံကိုပြရာတွင် အတက်နဲ့ အဆင်းကိုမြင်ရ၍ အလယ်က သွားနေသည်ဆိုသောအချက်ကို ကြည့်သူက ဖြည့်ပြီး ကြည့်ရပါတယ်၊ တစ်လမ်းလုံး ပျံသန်းသွားနေတာကို ပြနေလို့လဲမဖြစ်ပါဘူး။

မိမိတို့ရဲ့ နေ့စဉ် အမြင်အသိတို့ရဲ့ သဘောသဘာဝကိုသတိပြုဆင်ခြင်မိဖို့ လိုပါတယ်၊ သိမှုရဲ့သဘောတရားကို ပို၍ ပို၍ နားလည်လာလေလေ အသိပိုင်းဆိုင်ရာ သဘာဝဓမ္မတို့ကို လေ့လာတဲ့အခါမှာ ယုံကြည်နိုင်မှု ရင့်ကျက်လာလေလေ ဖြစ်ပါလိမ့်မယ်။

အချုပ်အားဖြင့် ဉာဏ်အမြင်သည် မျက်စိအမြင်ထက် ကျယ်ပြန့်တယ်၊ လေးနက်တယ်၊ ပရမတ္ထသဘာဝပိုင်းကို ဉာဏ်ဖြင့်သာမြင်နိုင်တယ်ဆိုတဲ့အချက်ကို အလေးအနက် စွဲမှတ်သတိချပ်ထားရန် ဖြစ်ပါတယ်။ ထိုသို့ သော်သတိမျိုးလစ်နေပါက မျက်စိဖြင့်မမြင်ရလျှင် အားမရပဲ မယုံမရဲတွေ ဝင်လာတတ်ပါတယ်။

အခု ဆွေးနွေးနေတဲ့ စိတ်ရဲ့အလျင်သဘောဆိုတာကိုလဲ ဉာဏ်ဖြင့်သာ လက်ခံရမယ့်အချက် ဖြစ်ပါတယ်၊ လူ့စိတ်သည် တစ်စက္ကန့်၏ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာမျှသာအသက်ရှိသည်ဆိုသော အချက်ကိုလည်း အသိဉာဏ်ဖြင့်သာ သိနိုင်သည့်အချက်ဖြစ်ပါတယ်။

ပရမတ္ထသဘာဝဓမ္မများနှင့် စပ်လျဉ်းလာလျှင် သဒ္ဓါယုံကြည်မှု၊ ဝီရိယလုံ့လစိုက်ထုတ်မှု၊ သတိမြဲမြံမှု သမာဓိတည်ကြည်မှုနှင့် ဉာဏ်ပညာ စေစားအသုံးချမှုဟူသော အချက်ငါးရပ်ကိုမြဲမြဲမြံမြံ ဆုပ်ကိုင်ထားရှိတတ်ဖို့ လိုပါတယ်။ ဒါမှ အထက်တန်းကျတဲ့ သဘောတရားနယ်မှာ ကျက်စားနိုင်မယ်၊ ပျော်မွေ့နိုင်မယ်၊ စိတ်ဝင်စားနိုင်မယ် ဖြစ်ပါတယ်၊ အဘိဓမ္မာကျကျ မျက်စိဖြင့်မြင်ပုံမြင်နည်း အကြောင်းအရာသည် အဲဒီအချက်ငါးချက်ကို အခြေခံပြီးလေ့လာမှ နှစ်သက်စရာအကြောင်းအရာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော့်ကိုနားလည်စေချင်တာနဲ့ သိလွယ်မြင်လွယ်တဲ့ ဥပမာတွေ ပေးပြီး ဆရာရှင်းပြနေကြောင်း ကျွန်တော်သိပါတယ်၊ ပရမတ်ဆန်တဲ့ အရာမှန်သမျှမှာ ဉာဏ်ပညာသာလျှင် အဓိကလက်နက်ကောင်းဖြစ်ကြောင်း သဘောပေါက်ပါပြီ၊ နောက်ပြီး နာမ်ပိုင်းဆိုင်ရာ ဗလငါးတန်ကိုလည်း မှတ်သားရ၍ ကျေးဇူးတင်လှပါတယ်၊ စိတ်၏လျင်မြန်နှုန်းနှင့်ပတ်သက်၍ ကျွန်တော်၏အားနည်းချက်ကိုလည်း ယခုအခါတွင် အင်ပြည့်အားပြည့်နဲ့ ခံယူနိုင်အောင်ကြိုးစားပါ့မယ်ဆရာ။

နှစ်ဖက်လှ
(၁၉၇၁—ခု မတ်လ၊ သိပ္ပံပဂ္ဂဇင်း)

# ဘဝင်စိတ် နှင့် အမြင်စိတ်တို့၏ အခြေခံလက္ခဏာများ

သိပ္ပံမဂ္ဂဇင်း၌ဖော်ပြလျက်ရှိသော ဤဆောင်းပါးများသည် လူနှင့် လူ ပတ်ဝန်းကျင် ဆေ့စဉ်ဆက်သွယ်ဖြစ်ပေါ်နေပုံကို ဗုဒ္ဓအဘိဓမ္မာအမြင် ပိုင်းမှ တတ်သိနားလည်စေရန်အတွက် ဦးတည်ပါသည်၊ အဘိဓမ္မာပညာက သင်ပြသောအသိဉာဏ်သည်ဘဝ၏အခြေခံအသိဉာဏ်ဖြစ်ပါသည်၊ ဤအသိ ပညာကို ယထာဘူတကျအောင် တတ်သိမည်၊ သိသည့်အတိုင်းလည်း လက် တွေ့အသုံးချမည်ဆိုပါလျှင်လောကီလူ့ဘဝကြီးပွားတိုးတက်ချမ်းသာရေး ကိုလည်း မုချရရှိစေနိုင်ပါသည်၊ ဘဝမှ လွတ်မြောက်မှုလမ်းမှန်ကိုလည်း တွေ့ရှိသွားမည်ဖြစ်ပါသည်။

သို့ရာတွင် အဘိဓမ္မာပညာကို အဘိဓမ္မာ မသင်ဘူးသူများအား နားလည်သဘောပေါက်အောင် အပြောခက် အရေးခက်လှပါသည်၊ ဤသို့ခက်ခြင်းမှာ ပြောဟောရေးသားသူများပိုင်းက အပြောအရေးမကျင် လည်၍လည်း ဖြစ်ပါသည်။နားထောင်ဖတ်ရှုသူများသည်အဘိဓမ္မာသဘာဝ တွေက ပုံဆောင်ပြနေသော ပညတ်ခေါ်သည့် အသွင်သဏ္ဍာန်တွေအပေါ် မှာသာ မွေးကတည်းက ကျက်စားလာခဲ့သောကြောင့်လည်း ဖြစ်သည်။ ပညတ်တွေအပေါ်မှာသာ အသိအမြင်အထုံရနေသောကြောင့် ထိုပညတ် တွေ၏ အောက်အလွှာကို လှန်ပြသောအခါ မမြင်တတ် မကြည့်တတ် ပဲလည်းဖြစ်ကြရသည်၊ ဤကဲ့သို့ ဟောသူနာသူ ရေးသူဖတ်သူ နှစ်ဖက် နှစ်လမ်းအားနည်းချက်ကို တိုးတက်ရန်မကြိုးစားကြပဲ အချို့က လွယ်လွယ် နှင့် အဘိဓမ္မာပညာကို ချောင်ထိုးလိုက်ကြသည်၊ အို....အဘိဓမ္မာဆိုတာက အလွန်နက်နဲတယ်၊ လူသာမန်တွေရဲ့အရာ မဟုတ်ပါဘူး ဟူသတည်း။

တဖန် ဗုဒ္ဓအဘိဓမ္မာပညာကို လစဉ်ထုတ်မဂ္ဂဇင်း၌ ရေးသားရပြန် သောအခါ အခက်တစ်မျိုးကြုံရပြန်သည်၊ မဂ္ဂဇင်းစာဖတ်ပရိသတ်မျိုးသည် ကျမ်းဂန်ဖတ်ပရိသတ်မျိုးနှင့်မတူပါချေ။ စာပေအဆင့်အတန်းမျိုးစုံ ပါရှိ နေပါသည်။ ကျွန်တော့် အိမ်နားက ဆယ်တန်းကျောင်းသားကလေး တစ်ယောက်သည် သိပ္ပံမဂ္ဂဇင်းထဲက ကျွန်တော်၏ အဘိဓမ္မာဆောင်းပါး များကို လက်မလွှတ်တမ်းစောင့်ဖတ်နေပြီး သူနားမလည်သော အချက် များကိုလည်း လာမေးလေ့ရှိပါသည်၊ သူသည် ကျွန်တော်အား စာဖတ် ပရိသတ်နှင့်ပတ်သက်၍ သတိပေးနေသကဲ့သို့ရှိပေသည်။

ပြောလက်စနှင့်ဆက်ရမည်ဆိုပါလျှင် စာဖတ်ပရိသတ်ထဲ၌ တောင့်တချက်နှစ်မျိုးကို တွေ့ရပါသည်။ တစ်မျိုးက ဗုဒ္ဓအဘိဓမ္မာပညာသန့်သန့်ကိုသာ သိချင်သူမျိုးဖြစ်ပါသည်။ တစ်မျိုးက ဗုဒ္ဓအဘိဓမ္မာပညာကို ဖီလိုဆိုဖီခေါ်သည့် ဒဿနိကဗေဒပညာ ဆိုင်ကိုလော်ဂျီခေါ်သည့် စိတ္တဗေဒပညာ၊ ဤသို့စသောခေတ်ပညာတို့နှင့် နှိုင်းယှဉ်ရေးသားချက်ကို လိုလားကြပါသည်။

ကျွန်တော်၏အမြင်ကိုပြောရပါလျှင် နှိုင်းယှဉ်သိမြင် နားလည်ရမှုသည် အမြင့်ဆုံးအကောင်းဆုံးဖြစ်ပါသည်၊ သို့ရာတွင် နှိုင်းယှဉ်ခြင်းကို လိုလားသူသည် နှစ်ဖက်နှစ်လမ်းမှ အခြေခံဗဟုသုတရှိနှင့်နေရမည် ဖြစ်ပါသည်။ သို့မှသာ ယထာဘူတကျသော အဆင့်မြင့်အသိဉာဏ်ကို ရနိုင်ပါသည်။ ဗုဒ္ဓအဘိဓမ္မာပညာကို အတိုက်အလျောက်တတ်သိပြီး ဖြစ်ရမည်။ ဖီလိုဆိုဖီ၊ ဆိုင်ကိုလိုဂျီစသော ပညာရပ်များကိုလည်း အတော်အတန်လေ့လာပွန်းတီးပြီးဖြစ်ရမည်။ သို့မှသာ ထိုဘာသာရပ်တို့ချင်း ညှိနှိုင်းဆင်ခြင်ပြသည့်အချက်ကို ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းမည်ဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာကိုလည်း မတတ်သေး၊ ခေတ်အတွေးအမြင်ပညာများကိုလည်း မခေါက်မိသေးသူများအဖို့ နှိုင်းယှဉ်ရေးသားချက်များကို ဖတ်ရှုလေ့လာလျှင် ငါးရံ့နှစ်ကောင်ဖမ်းဆိုသည့်ပုံမျိုးဖြစ်ပြီး နှစ်ဖက်လွတ် ဖြစ်ဖွယ်ရာရှိပါသည်။ တကယ်မသိပဲ ဖျန်းသမ်းတတ်ရုံလောက်သာ ဖြစ်စရာရှိပါသည်။

ထို့ကြောင့် ယခုခေတ်၌ အဘိဓမ္မာဆိုလျှင် အဘိဓမ္မာကိုသပ်သပ်သင်ကြသည်၊ ဖီလို၊ ဆိုင်ကိုတို့ကိုလည်း ဘာသာရပ်အလိုက် သီးခြားသင်ကြသည်၊ သို့သော် ဗုဒ္ဓအဘိဓမ္မာနှင့် အနောက်တိုင်းသဘောတရားပညာရပ်များကို မှန်မှန်ကန်ကန် နှိုင်းယှဉ်ဝေဖန်သင်ပြရေးသားသော သင်တန်းမျိုး၊ စာအုပ်စာတမ်းမျိုးကား သိရသလောက် မြန်မာမှာရောကမ္ဘာမှာပါမပေါ်ထွက်သေးပါ။

ဤအကြောင်းနှင့်ပတ်သက်၍ မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိဖူးရာ သူက....ဒီလို ဗုဒ္ဓအဘိဓမ္မာပညာနှင့် အနောက်တိုင်း ဖီလို၊ ဆိုင်ကိုပညာတို့ကို နှိုင်းယှဉ်ရေးသားဖို့ဆိုလျှင် လွယ်မယ်မဟုတ်ဘူး၊ ဆရာပဲကြိုးစားကြည့်စေချင်ပါတယ်တဲ့။

ကျွန်တော်ကပြောခဲ့ပါ၏။ နှစ်ဖက်တတ်တဲ့ပုဂ္ဂိုလ်တွေ ရှိမှာပါပဲ၊ ဒီ လိုပုဂ္ဂိုလ်ထဲကပဲ ရေးကြပါစေဗျာ၊ စာမေးပွဲမအောင်ပေမယ့် တစ်နည်း

ပြောရလျှင် ဒီပညာရပ်တွေကို ဆရာနဲ့သမားနဲ့ ကျကျနန မသင်ခဲ့ရဖူးပေမယ့် တချို့ ကြားနာဖတ်ရှုလေ့လာနေကြတဲ့လူတွေ ရှိပါတယ်၊ နောက်ပြီး တချို့ပုဂ္ဂိုလ်များသည် တစ်ခုခုကို အခေါင်အဖျားမတတ်ပေမယ့် အကြမ်းဖျဉ်းသုံးသပ်နိုင်ကြပါတယ်၊ သူတို့ထဲကလဲ အကြံရပြီး ရေးကြပါစေဗျာ၊ စောင့်မျှော်ကြပါစို့။ ကျွန်တော်က ဤသို့ပြောသည်ကို သူက ကျေနပ်ပုံမရပါ၊ ရှုပ်ပါစေတော့။

စကားစကို ပြန်ကောက်ရပါလျှင် ပညာတစ်ရပ်ရပ် တတ်သိအောင် တစ်ခုထဲစောက်ချပြီး လေ့လာဖို့လိုမည် ဖြစ်ပါသည်၊ အာရုံထွေပြားမခံပဲ အကြောင်းအရာတစ်ရပ်မှာပဲ မပြတ်ဆင်ခြင်သုံးသပ်ပေးမှ ပန်းရံအုတ်စီသကဲ့သို့ တစ်ခုနှင့်တစ်ခုအခြေခံရပြီးတိုးတက်တတ်သိသွားမည်ဖြစ်ပါသည်။

ဤလို ရှုမြင်ထားသဖြင့် ယခုသိပ္ပံမဂ္ဂဇင်းမှာ ဗုဒ္ဓအဘိဓမ္မာပညာပိုင်းသန့်သန့်ကို စတင်ရေးနေခြင်းဖြစ်ပါသည်။ နောင်များမှာ အကြောင်းညီညွတ်ပါလျှင် ဗုဒ္ဓအဘိဓမ္မာပညာပိုင်းနှင့် အနောက်တိုင်းအတွေးအမြင်ပိုင်းကို နှိုင်းယှဉ်ရေးသားသွားရန် ဖြစ်ပါသည်။

အဘိဓမ္မာပညာပိုင်းသည် လူ့ဘဝအခြင်းအရာစုံကို ဖြေရှင်းထားသဖြင့် ကျယ်ပြန့်၏။ ပညတ်၏ အခြေခံပိုင်းဖြစ်၍ နက်နဲ၏။ ထို့ကြောင့် တစ်နိုင်စာပိုင်း၍ ဉာဏ်ကသိုဏ်းရှုနိုင်စေရန်အတွက် မျက်စိဖြင့်မြင်ပုံမြင်နည်းတစ်ကွက်ကိုသာ သရုပ်ဖော်ရေးနေခြင်း ဖြစ်ပါသည်။

ထို့ပြင် စာဖတ်သူထဲမှ အချို့က အဘိဓမ္မာပညာကို ရေးလျှင်.... အဘိဓမ္မာချည်း ရေးရောပေါ့၊ ကြားထဲက စကားဖန်တွေဝင်ဝင်နေတော့ အာရုံပြတ်ပြတ်သွားတယ်ဟု ထင်စရာရှိ၏၊ ဤသို့ ထင်သူရှိလျှင် ထိုသူကို ချီးကျူးပါသည်၊ လေးနက်ကျယ်ပြန့်သောအဘိဓမ္မာပညာကို စိတ်ဝင်စားနိုင်သော အဆင့်မြင့်စာဖတ်သူတစ်ဦးပါပေ။

သို့ရာတွင် အထက်နားတွင် တင်ပြခဲ့သည့်အတိုင်း မဂ္ဂဇင်းစာဖတ်ပရိသတ်ဆိုသည်ကို ချုံ၍ကြည့်မြင်လျှင် တရားသာချည်း တဆက်တည်းသွားနေပါက အချို့အနေဖြင့် စိတ်မဝင်စားတော့ပဲ ပျင်းရိသွားစရာရှိပါသည်။ဤသို့သော "အချို့"မျိုးပင် မကျန်ရစ်ရအောင် ကြိုးကြားကြိုးကြား စကားဖန်ကလေးများ ထည့်ပေးပြီး အဘိဓမ္မာပညာကို ဆက်ရေးခြင်းဖြစ်ပါ၏။နိမိတ်ပုံဆောင်ရသော်မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ကျိုက်ထီးရိုး

တောင်များကို နား၍နား၍ တက်သွားလျှင်မမောမပန်း ရောက်မှန်းမသိ ပျော်ပျော်ပါးပါး ရောက်လိုရာတောင်ထိပ်သို့ရောက်ပါမည်၊ မနားတမ်း တတ်နိုင်သူကား နည်းပါး၏၊ တက်နိုင်၍ တက်သူလည်း မောပန်း၏၊ ဤနည်းအတူ အဘိဓမ္မာနည်းပညာတည်းဟူသော အခက်ခဲဆုံး အနက်နဲဆုံး သဘောတရားပညာတော်တော်မဟာကို တက်ကြည့်ရာ၌လည်း မငြီးမငွေ့ တက်နိုင်စေရန် စကားဖန်ကလေးများဖြင့် အနားပေးရခြင်း ဖြစ်ပါသည်။

သို့သော် စကားဖန်တွေချည်းများနေပြီး အဘိဓမ္မာအကြောင်း နည်းနေခြင်းမျိုး မဖြစ်စေရန် သတိပြုရပါမည်၊ဥပမာ–ယခုခေတ်ကမ္မဋ္ဌာန်း တရားပွဲအများအပြားမှာ နာမည်နှင့်မလိုက်တော့ပါ၊ တရားခေါင်းစီးက ကမ္မဋ္ဌာန်းတရားဆိုသော်လည်း လက်တွေ့ကမ္မဋ္ဌာန်းအားထုတ်နည်းကိုဟော ပြောသည်ကနည်းနည်း၊ ဇာတ်လမ်းပမာနားဆင်စရာ သုတ္တန်ဒေသနာ တွေနဲ့ အရုပ်ထဲကဖြစ်ရပ်တွေကများများ ဖြစ်နေချေပြီ၊ ဤကဲ့သို့မဖြစ်စေ ရန် သတိပြုသွားရမည်ဖြစ်ပါသည်။

ယခု အဘိဓမ္မာပညာကို ဆက်ကြပါစို့။

ပြီးခဲ့သောဆောင်းပါးများအရ လူ၏ကိုယ်ထဲ၌ မနောဝိညာဉ်ဟု ခေါ်သည့် အိမ်သည်ဘဝင်စိတ်ရှိနေကြောင်း၊ မျက်လုံးထဲ၌စက္ခုပသာဒ ခေါ်သည့် မျက်စိအကြည်ရုပ်၊ပြင်ပ၌မြင်စရာအဆင်းရုပ်များ အလင်းရုပ်နှင့် နှလုံးသွင်းဆင်ခြင်မှု၊ ဤအချက်လေးချက်ပြည့်စုံလျှင် စက္ခုဝိညာဉ်ခေါ် သည့် မြင်သိစိတ်ဖြစ်လာသည်၊ စက္ခုဝိညာဉ်စိတ်ဖြစ်ပြီးနောက် စိတ်၌ တွေ့ထိမှုသဘော–ဖဿ၊ ခံစားမှုသဘော–ဝေဒနာ၊ တွယ်တာမှုသဘော– တဏှာ၊စွဲလမ်းမှုသဘော ဥပါဒါန်နှင့်ပြုလုပ်အားထုတ်မှုသဘော-ကံဆိုသည့် အချက်များ ဖြစ်ပေါ်လာပုံကို သိရှိခဲ့ရပြီး ဖြစ်ပါသည်၊ ဤသည်တို့ကား သုတ္တန်နည်းအရ အကြမ်းဖျဉ်းသိရချက်ဖြစ်ပါသည်။

ယခု အတိဂမ္ဘီရနည်းပညာခေါ်သည့် အဘိဓမ္မာနည်းဖြင့် မြင်ပုံ မြင်နည်းကို ဆက်လက်လေ့လာကြပါစို့ –။ 'လူမှာ အိပ်စိတ်နှင့်နိုးစိတ်ဟူ၍ အခြေခံအားဖြင့် စိတ်နှစ်မျိုးရှိ၏။ အိပ်စိတ်သည် ဘာမျှမသိ၊ နိုးစိတ်သည် သာ အလုပ်ဖြစ်သောစိတ်ဖြစ်၏။ အိပ်စိတ်ဆိုသည်မှာ ဘဝင်စိတ်တည်း။

လူမှာရှိနေသောဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံ ပြုပြီး ဖြစ်ပေါ်ရသည်၊ လူသားတိုင်းသည် မိမိပဋိသန္ဓေနေစဉ်က ဘာကို

မြင်ခဲ့သည်၊ ဘာကိုကြားခဲ့သည်ဟု မည်သူမျှမသိခဲ့ကြချေ၊ ဤအချက်ကို ဟုတ်မဟုတ်စဉ်းစားကြည့်နိုင်၏။ ပဋိသန္ဓေနေစဉ်က ဘာကိုသိမြင်ခဲ့ကြပါ သနည်း၊ ဆိုလိုသည်မှာယခုစာဖတ်နေတုန်း၊ သို့မဟုတ် စကားပြောနေတုန်း ဘာကိုမြင်သည်၊ ဘာကိုကြားသည်ဟု သိကြမည်မဟုတ်လော။ ပဋိသန္ဓေ နေစဉ်ကမူ ဘာကိုမြင်သည် ဘာကိုကြားသည်ဟု ယခုလိုမသိခဲ့ကြပါ၊ မသိနိုင်ကြပါ။

သို့ဖြစ်လျှင် ပဋိသန္ဓေနေစဉ်က ဘာကိုမျှမမြင်ခဲ့ မသိခဲ့သလောဟု မေးစရာရှိ၏၊ ပဋိသန္ဓေနေစဉ်ကမြင်ခဲ့သိခဲ့သည့်အရာကား(၀ါ)အာရုံကား မိမိဘဝကိုဖြစ်ပေါ်လာစေသည့် ဘဝမျိုးစေ့ကံသဘောတရားကို သိနေခဲ့ ပါသည်။သို့တည်းမဟုတ်ထိုဘဝမျိုးစေ့ကံကိုပြုလုပ်အားထုတ်ခဲ့စဉ်အတိတ် ဘဝတုန်းက အခြင်းအရာတွေကို သိနေပါသည်၊ ဆိုလိုသည်မှာ ဘဝမျိုး စေ့အတိတ်ကံကို ပြုလုပ်စဉ်က အခြေအနေတွေကို ပြန်လည်သိနေပါသည်၊ ပုံစံဆိုရသော်-ဒါနကုသိုလ်ကံပြုလုပ်သည်ဆိုကြပါစို့၊ အလှူပွဲလာပရိသတ် များ၊အလှူခံသံဃာများ၊ လှူဒါန်းပေးကမ်းသည့်ပစ္စည်းများ၊ မိမိကပေးကမ်း လှူဒါန်းပြုနေပုံများ၊ ဤသို့စသည့် အလှူ၏အခြေအနေ အခြင်းအရာတို့ကို ပြန်လည်သိနေလေသည်၊ ဤသို့ကံကိုပြုလုပ်စဉ်က အခြေအနေ အခြံအရံ အကြောင်းခံများကို ကမ္မနိမိတ္တ (ကမ္မ=ကံ၊ နိမိတ္တ=အကြောင်း)ကမ္မနိမိတ် ဟူ၍ အဘိဓမ္မာဝေါဟာရဖြင့် ခေါ်သည်။

ထို့ပြင် ကံသဘာဝကိုဖြစ်စေ၊ ကမ္မနိမိတ်အာရုံကိုဖြစ်စေ မသိလျှင် မိမိလားရ ရောက်ရမည့်ဘဝနှင့် ပတ်သက်သည့်အချက်တို့ကို ကြိုတင်သိ လေသည်၊ ပုံစံအားဖြင့် လူဖြစ်မည့်သူသည် မိခင်၏သားအိမ်တွင်းရှိ ဝမ်းရေ ကိုသိမြင်လေသည်။ နတ်ဖြစ်မည့်သူဆိုလျှင် မိမိရောက်ရမည့် နတ်ဘဝရှိ ဥယျာဉ်ဗိမာန်စသည်တို့ကို ကြို့တင်သိရှိခြင်းဖြစ်လေသည်။ ဤသို့ ရောက်ရှိ မည့်ဘဝ၏ အစဦးအခြေအနေကို ဂတိနိမိတ် (ဂတိ—လားရာဘဝ၊ နိမိတ္တ =အာရုံအကြောင်းဟု) ဟု ခေါ်သည်။

လူတို့၏ပဋိသန္ဓေစိတ်သည် ဆိုခဲ့ပါ ကံကိုဖြစ်စေ၊ ကမ္မနိမိတ်ကိုဖြစ် စေ၊ ဂတိနိမိတ်ကိုဖြစ်စေ၊ တစ်ခုခုကို အာရုံပြုစမြဲဖြစ်လေသည်။ မိမိသည် သို့မဟုတ်၊ မည်သူသည် မည်သည့်နိမိတ်ကို အာရုံယူခဲ့သည်ဟုလည်း သိရန် မလွယ်ချေ၊ အဘိညာဏ်ခေါ်သည့် အလွန်ထူးခြားထက်မြက်သည့် ဉာဏ် မျက်စိ ရမှသာ ခွဲခြားသိရှိနိုင်လေသည်။

ပဋိသန္ဓေစိတ်သည် ဖော်ပြပါ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်မျိုးမျိုးကို အာရုံပြုခဲ့သလို ဘဝင်စိတ်သည်လည်း ထိုအာရုံတစ်မျိုးမျိုးကိုပင် မုချဆတ်ဆတ် အာရုံပြုလေသည်။ ဘဝင်စိတ်သည် ပဋိသန္ဓေနေစက အာရုံကိုပင်ပြန်ပြီး အာရုံပြုနေသည့်အတွက် ဘဝင်စိတ်အဆက်မပြတ်ဖြစ်နေတုန်း လူသည် ဘာကိုမျှမသိခြင်း ဖြစ်လေသည်။

ထိုဘဝင်စိတ်သည် နှလုံးသွေးအကြည်ရုပ်ကိုမှီ၍ မပြတ်ဖြစ်လျက်ရှိ၏၊ ယင်းနှလုံးသွေးအကြည်ရုပ်ကို ဟဒယဝတ္ထုရုပ်ဟု ခေါ်ပါသည်၊ ဘဝင်စိတ်သည် အခြားစိတ်များ အနားယူသောအခါတိုင်း အစားဝင်၍ဖြစ်၏၊ ယင်းသို့ဘဝင်စိတ်က ကြားဝင်ဆက်စပ်ပေးမှုကြောင့် လူသည် စိတ်ပြတ်သွားပြီး မသေခြင်းဖြစ်လေသည်။ သိဝင်စိတ်သည် သက်စောင့်စိတ်ဖြစ်သည်၊ အခြားစိတ်တွေရပ်စဲသွားတိုင်း သူက ဝင်၍ ဖြစ်သည်၊ ဖြစ်သောအခါ မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း၊ ဆီမီးလျှံကဲ့သို့လည်းကောင်း ဆက်တိုက်ဖြစ်လေသည်။

တံခါးကိုပါဠိဘာသာဖြင့် ''ဒွါရ''ဟုခေါ်၏၊မျက်စိကို''စက္ခု''ဟု ခေါ်၏၊ ထိုကြောင့် မျက်စိတံခါးကို ''စက္ခုဒွါရ''ဟု ခေါ်လေသည်၊ အဘယ့်ကြောင့် မျက်စိကို တံခါးဟုခေါ်သနည်း၊ တံခါးသည် လူတို့ဝင်ရာထွက်ရာအပေါက်ဖြစ်၏၊ မျက်စိသည်လည်း စိတ်နာမ်တရားတို့ ဝင်ရာထွက်ရာအပေါက်ဖြစ်၏၊ မျက်စိသည်လည်း စိတ်နာမ်တရားတို့ဝင်ရာထွက်ရာအပေါက်သဖွယ်ဖြစ်၏၊ မျက်စိရှိနေသဖြင့် မြင်သိစိတ်များဖြစ်ရ၏၊ မြင်ပြီးသဘောကျသောစိတ်၊ သဘောမကျသောစိတ်စသည်တို့ ဖြစ်ရ၏၊ ဤသို့မြင်မှုဆိုင်ရာ စိတ်များ ဖြစ်လာခွင့်ရသောကြောင့် မျက်စိကို တံခါး(စက္ခုဒွါရ)ဟု ခေါ်ရလေသည်။

ထိုမျက်စိတံခါး၌ အဓိကကျသော ထွက်ပေါက်ဝင်ပေါက်နေရာသည်ကား မျက်နက်ဝန်းအလယ်သူငယ်အိမ်အတွင်း၌သာတည်သော မျက်စိအကြည်ရုပ်ကလေးများပင်တည်း၊ သေသေချာချာကြည့်လျှင် အရိပ်ထင်သည့် နေရာကလေးတည်း။

ထိုအရိပ်ထင်သောမျက်စိအကြည်ရုပ် (စက္ခုပသာဒ) ကလေးသည် သူ့ကိုအမှီပြုပြီး စိတ်ကလေးတစ်မျိုးဖြစ်လာစေရန် အခွင့်အလမ်းပေးလျက်ရှိ၏၊ ဥပမာ-ကုလားထိုင်တစ်လုံးသည်လာထိုင်မည့်သူကိုမခေါ်သော်လည်း၊

ခေါ်သကဲ့သို့ ဖြစ်၏၊ လူသည် ကုလားထိုင်ပေါ်မှာလာထိုင်ပြီး အလုပ်လုပ်နိုင်၏၊ ထိုနည်းတူ အကြောင်းညီညွတ်၍ မျက်စိအကြည်ရုပ်ကလေး (မျက်နက်ဝန်းအလယ်က သူငယ်အိမ်ကလေး)ကို အမှီပြုပြီး စိတ်ဓာတ်ကလေးတစ်မျိုး ဖြစ်လာလိမ့်မည်။ ထိုစိတ်သည် မျက်စိအကြည်စိတ်တည်း။ ပါဠိဘာသာဖြင့် စက္ခုဝိညာဉ်စိတ်တည်း။ မျက်စိအကြည်ရုပ် ပျက်စီးသွားလျှင် ကန်း၏၊ ကန်းနေလျှင် စက္ခုဝိညာဉ်စိတ်မဖြစ်နိုင်တော့ချေ။ "ကန်း" ဟူသောစကားသည် သစ်ပင်များအသီးမသီးတော့သည်ကို အသီးကန်းသည် ဆိုသကဲ့သို့ မမြင်တော့ပဲ၊ အမြင်ကန်းသည်ဟုပင် ဆိုလိုပေသည်၊ မကန်းပဲ မျက်စိ အကြည် ရုပ် ရှိနေပါက အကြောင်း ညီညွတ် တိုင်း မြင် စိတ် (စက္ခုဝိညာဉ်) ဖြစ်လာမည်ဧကန်တည်း။ ထိုမျက်စိအကြည်ရုပ်ကလေးသည် မြင်စိတ်ကလေးအမှီပြုပြီး ဖြစ်ပေါ်စရာ အခြေခံမျှဖြစ်သည့်အတွက် စက္ခုရုပ်ဟုလည်းခေါ်၏၊ မျက်စိနှင့်သက်ဆိုင်၍ စက္ခုရုပ်ဟုလည်း ခေါ်လေသည်။

အကျဉ်းချုပ်ကြည့်လျှင် လူ၏နှလုံးသွေးအကြည်ဓာတ်ကို ဟဒယဝတ္ထုရုပ်ဟုခေါ်သည်၊ ထိုဟဒယဝတ္ထုရုပ်ကို အမှီပြုပြီး ဘဝင်စိတ်များ မပြတ်ဖြစ်လျက်ရှိသည်။ လူ၏မျက်လုံးအိမ်ထဲရှိ သူငယ်အိမ်အလယ်၌ စက္ခုပသာဒအကြည်ရုပ်ရှိသည်၊ ယင်းကို စက္ခုဝတ္ထုရုပ်ခေါ်သည်။ ထိုစက္ခုဝတ္ထုရုပ်ကိုအမှီပြု၍ စက္ခုဝိညာဉ်စိတ် (မြင်သိစိတ်) ဖြစ်ပေါ်လေသည်။

နှစ်ဖက်လှ
(၁၉၇၁–ခု၊ ဧပြီလ၊ သိပ္ပံမဂ္ဂဇင်း)

# ရုပ်တစ်သက်၊ စိတ် ၁၇ သက်
# ဖြစ်ပျက်စဥ်သဘာဝ

ပြီးခဲ့သောလက ဘဝင်စိတ်နှင့်အမြင်စိတ်တို့၏ သဘောလက္ခဏာကို ပြောခဲ့ပါသည်။ ဘဝင်စိတ်သည် အိပ်စိတ်ဖြစ်ကြောင်း၊ အိပ်ပျော်နေခိုက် ဘဝင်စိတ်သည် ပဋိသန္ဓေနေတုန်းက မြင်ခဲ့သည့် ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို ပြန်ပြီး သိမြင်နေသည်။ ထို့ကြောင့် တစ်ခြားဘာကိုမျှမသိပဲ ခဏတာသေနေသကဲ့သို့ဖြစ်နေကြောင်း ထိုဘဝင်စိတ်သည် နှလုံးအိမ်အတွင်း၌တည်ရှိသော ဟဒယဝတ္ထုဟုခေါ် [illegible] သွေးကြည်ရည်ကလေးကိုအမှီပြု၍ မပြတ်ဖြစ်နေကြောင်း၊ အမြင် [illegible] နိုး[illegible]ဖြစ်ကြောင်း၊ မြင်မှုကြားမှုကိုသိသော စိတ်မျိုးဖြစ် [illegible] စိတ်သည် မျက်နက်ဝန်းအလယ်က သူငယ်အိမ်တည်ရာ စက္ခုဝတ္ထုဟုခေါ်သည့် ရုပ်အကြည်ကလေးကိုအမှီပြု၍ဖြစ်ကြောင်း သိခဲ့ကြရပါပြီ။

ဘဝင်စိတ်သည် အာရုံတစ်ခုတည်းကိုသာယူပြီး ဆက်တိုက်ဖြစ်သည်၊ စိတ်လည်းတစ်မျိုးတစ်စားတည်းပင် ဖြစ်သည်။ ယင်းသို့ အာရုံထွေပြားမှုမရှိခြင်း၊ စိတ်ထွေပြားမှုမရှိခြင်းသည် ဘဝင်စိတ်ကို သန့်ရှင်းစေသည်၊ သုတ္တန်ဒေသနာတော်၌ ဘဝင်စိတ်ကို ''ပဘဿရ'' ဟူ၍ ညွှန်ပြသည်။ သန့်စင်သည့်အတွက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်ဘိသကဲ့သို့ ရှိသည်ဟု ဆိုလိုသည်။

စိတ်သည် အာရုံထွေပြားပြန့်လွင့်လျှင် (ဝါ) ဥဒ္ဓစ္စဖြစ်လျှင် မိမိမှီရာရုပ်ခန္ဓာကို အားနည်းစေသည်။ စိတ်သည် အာရုံတစ်ခုတည်း၌ စူးစိုက်တည်တံ့လျှင် (ဝါ) သမာဓိဖြစ်လျှင် မိမိမှီရာရုပ်ခန္ဓာကို အင်အားပြည့်ဝစေသည်။ ဤကား နာမ်နှင့်ရုပ်ခန္ဓာဆက်သွယ်မှု အခြေခံ သဘောတည်း။ (သမာပတ်သဘောကို နောက်မှ ပြောသင့်၏။)

ဘဝင်စိတ်သည် အာရုံတစ်ခုတည်းကိုယူလျက် ဆီမီးလျှံ၊ မြစ်ရေယဉ်ကဲ့သို့ တသွင်သွင် မပြတ်ဖြစ်၏။ ထို့ကြောင့် ဘဝင်ကျနေသောအခါ ရုပ်ခန္ဓာအင်အား ဖြစ်ထွန်းလာသည်။ အိပ်လိုက်လျှင် အားရှိလာသည်မှာ ဘဝင်စိတ်၏အကျိုးပြုချက်ပင် ဖြစ်၏။ ထို့ကြောင့် ဘဝင်စိတ်ကို အားစိတ်၊ နားစိတ်ဟူ၍လည်း ဆိုရသည်။

အိပ်ပျော်နေခိုက် ကိုယ်ခန္ဓာမလှုပ်မယှက်ငြိမ်သက်နေ၍ အနားရပြီး အားရှလာခြင်းဖြစ်သည်ဟု ရုပ်ဘက်ကိုလု၍ယူလိုလျှင်၊ မလှုပ်မယှက် မအိပ်ပဲစက် ငြိမ်ငြိမ်ကလေးနေကြည့်နိုင်သည်။ တစ်နာရီအိပ်ပျော်နေရာမှ နိုးထလာခြင်းနှင့် တစ်နာရီငြိမ်ငြိမ်ကလေးနေပြီးထလာခြင်းဟူသော ဖြစ်ရပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်နိုင်၏။ မည်သည်က ကိုယ်ခန္ဓာကို အင်အားဖြစ်စေသနည်း။

ထို့ပြင် မေ့ဆေးပေးပြီး သိစိတ်များကိုဖြတ်ချရာ၌ ဘဝင်ကျသွားသည့်သဘောသို့ ရောက်၏။ သို့ရာတွင် မမေ့မေ့အောင်လုပ်သည့် ဗဟေဒ ဒဏ်ချက်က ကြီးလှသည်၊ ရှေးခေတ်က ဆရာဝန်များသည် လူနာ၏ ဦးခေါင်းထိပ်ကို တုတ်ဖြင့်ရိုက်ပြီး မေ့အောင်လုပ်ခဲ့ကြ၏၊ ယခုခေတ်၌ ရှူဆေး ထိုးဆေးများဖြင့် မေ့အောင်လုပ်သည်။ အိပ်ဆေးများစားခြင်းသည်လည်း အတင်းအဓမ္မဘဝင်ချခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အိပ်ဆေးများလျှင် ဘဝင်စိတ်မှ စုတိစိတ်ကူးသွားပြီး သေကြသည်မဟုတ်လော။

လူသည် သေစိတ်ဖြစ်လိုက်သောအခါ တဘဝတာမှ လုံးဝအနားယူသွားရသည်။ သေခါစလူသည် ကိုယ်လက်အင်္ဂါ အကောင်းချည်းရှိပါသေးလျက် ဘာကိုမျှမလုပ်တော့ပေ၊ အလုပ်အားလုံးကိုလည်းကောင်း၊ ဘဝအသိအားလုံးကိုလည်းကောင်း၊ လုံးဝစွန့်လွှတ်လိုက်ပြီဖြစ်သည်။ ဘဝင်ချ၍အိပ်ပျော်ခြင်းသည် ထိုကဲ့သို့အသေကြီးမသေသေးခင် အပိုင်းအခြားနှင့်သေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အိပ်ပျော်နေသူသည် အလုပ်အားလုံးကိုလည်းကောင်း၊ ဘဝအသိအားလုံးကိုလည်းကောင်း၊ ယာယီစွန့်လွှတ်ထားလိုက်ခြင်း ဖြစ်လေသည်။

တစ်နည်းဆိုရသော် ဘဝင်စိတ်သည် လူကို ဘဝအသိ၊ ဘဝလုပ်ငန်းအားလုံးကိုစွန့်လွှတ်ပြီး အသေကြီးမသေရအောင် ကြားကခံပေးသော အဆက်အစပ်စိတ်ဖြစ်သည်။ လူသည် အမြင်စိတ် နိုးစိတ်များမှ အနားမယူ၍ မဖြစ်၊ အနားယူသောအခါ၊ အကယ်၍ စိတ်ပြတ်သွားပါလျှင် နောက်ဆုံးစိတ်သည် စုတိခေါ်သည့်သေစိတ်၊ (ဝါ)တဘဝတာမှရွေ့လျောသောစိတ် ဖြစ်ပေရာသည်။ ယခုမူ ထိုစုတိစိတ် အဝင်မခံပဲ ဘဝင်စိတ်က ကြားကဝင်ခံပေးသည်။ ထို့ကြောင့် ဘဝင်စိတ်ကို၊ ဘဝ၏အကြောင်းခံစိတ်၊ အသက်ဆက်စိတ်ဟူ၍ ဆိုရပေသည်။

ယခု မျက်စိဖြင့်မြင်၍သိမြင်ခြင်းသည် နိုးစိတ်ဖြစ်၏၊ ယင်းနိုးစိတ်တို့သည် မအိပ်မချင်း အဆက်မပြတ် အစဉ်လိုက်ဖြစ်နေသည့်အတွက် ပါဠိဝေါဟာရဖြင့် ဝီထိစိတ် (ဝီထိ=အစဉ်)ဟုလည်း ခေါ်၏၊ ထိုအိပ်စိတ်နှင့် နိုးစိတ် အပိုင်းနှစ်ရပ်ကို ခွဲခြားနားလည်ထားနိုင်ရန် လိုအပ်ပေ၏။တစ်နည်းအားဖြင့် အိပ်ပျော်နေသူနှင့် နိုးနေသူကို တစ်ယောက်တည်းပင်ဖြစ်သော်လည်း မတူသည့်အခြေနှစ်ရပ်ကို သတိချပ်၍ထားရန်ဖြစ်၏။

အခြေခံသဘောတရားအရ မျက်စိဖြင့်မြင်သိရာ၌၊ အဘိဓမ္မာသဘောတရားပိုင်းမှ သဘာဝများ မည်ကဲ့သို့တန်းစီဖြစ်ကြရပုံကို အနုစိတ်လေ့လာပါစို့။

ပထမဦးစွာ လူကို သိပ်ထားလိုက်ပါ၊ သူသည် တခေါခေါနှင့် အိပ်ပျော်နေသည်ဆိုပါစို့၊ အိပ်ပျော်နေရာ၌ သူ၏မျက်စိမှိတ်နေသည်၊ သို့မဟုတ် ပွင့်နေသော်လည်းသူ့မှာအိပ်စက် (ဘဝင်စိတ်)သာဖြစ်နေသဖြင့် ဘာကိုမျှမမြင်ချေ။ ဤနေရာတွင် စိတ်တို့၏သဘောသည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းခန့်မျှ အဖြစ်အချုပ်လျင်မြန်ကြောင်း ဟောကြားချက်ကို အခြေခံထားပါ။ ဘဝင်စိတ် (အိပ်စိတ်)သည်လည်း အိပ်နေတုန်း ထိုမျှသောလျင်နှုန်းအတိုင်း တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်နေသည်ဟု သိနိုင်ပါ။

ထို့ပြင် ယခင်ဆောင်းပါးများတွင်ဖော်ပြခဲ့သည့်အတိုင်း ရုပ်သည် စိတ်နှင့်ဖြစ်ပေါ်မှု (ဥပါဒ်) ချုပ်ပျက်မှု (ဘင်) အချိန်တူ အလျင်တူသော်လည်း တည်ရှိမှု ဌီခဏတွင်မူ စိတ်ထက် (၄၇) ဆပို၍ကြာမြင့်သည်။ ဤအချက်ကို ပြန်လည်သတိပြုရန်ဖြစ်ပါသည်။ ပြီးခဲ့သောဆောင်းပါးများက အစပျိုးခဲ့သော အချက်တို့ကို စုပေါင်း၍ ဤ၌ အသုံးချရတော့မည်ဖြစ်ပါသည်။

ယခု အိပ်ပျော်နေသူကို နှိုးလိုက်ပါ၊ သို့မဟုတ် နိုးလာပြီဆိုပါစို့၊ နိုးစ၌ အိပ်စိတ်ကလေး၏ နိဂုံးပိုင်းနှင့် နိုးစိတ်တို့၏အစပိုင်းတို့ ကူးပြောင်းဆက်စပ်ဖြစ်ပေါ်လာပုံကလေးကို လေ့လာရန်ဖြစ်ပါသည်။

အိပ်ပျော်ရာမှနိုးလာစဉ်အခိုက်အတံ့ကလေး၌မနိုးမီ တတိယမြောက်နောက်ဆုံး အိပ်စိတ်ကလေး( Third Last )အခိုက် မျက်စိအတွင်းရှိ အကြည်ရုပ်ကလေး၌ ပြင်ပကရူပါရုံအဆင်းဓာတ်ကလေးက ထင်ဟပ်လိုက်သည်ဆိုပါစို့။အလင်းရောင်ကလည်းရှိမည်ဆိုလျှင် စက္ခုအကြည်ရုပ်ကလေး

နှင့် ပြင်ပအဆင်းရူပဓာတ်တို့ (ရုပ်နှစ်ခုတို့) အတူဖြစ်ကြ (အတူဥပါဒ်ကြ) သည် ဆိုပါစို့။ တစ်စက္ကန့်၏ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာမျှသာရှိသော ကာလတိုကလေးအတွင်း အဖြစ်သုံးခု (ဥပါဒ်သုံးချက်) ဆိုင်မိကြသည်။

ဘာတွေပါလဲ။ တတိယနောက်ဆုံးအိပ်စိတ် (ဘဝင်စိတ်) ကလေး ရယ်၊ စက္ခုအကြည်ရုပ်ရယ်၊ ပြင်ပအဆင်းရူပဓာတ်ရယ်၊ ဤနာမ်နှင့်ရုပ် သဘာဝသုံးရပ်သည် တစ်ချိန်တည်း အတူဥပါဒ်ဖြစ်ပေါ်ကြပါသည်။ ဤ အချက်ကို ပြန်လည်စဉ်းစားသုံးသပ်ပါဦး၊ တစ်ဆင့်စီ တစ်ဆင့်စီ နားလည် အောင် ကြိုးစားကြပါရန်။

ဘဝင်စိတ်နှင့်စက္ခုအကြည်ရုပ်၊ ရူပါရုံရုပ် သုံးရပ်အတူဥပါဒ်မိကြ သည်၊ (၀၁) စတင်ဖြစ်ကြသည်ကိုသဘောပေါက်လျှင် ရှေ့တစ်ဆင့်တက်ပါ စို့။ စက္ခုအကြည်နှင့်ရူပါရုံ၊ ဤနှစ်မျိုးသည် ရုပ်သဘာဝများဖြစ်ကြ၍ ဌီကာလချိန်တာ ကြာရှည်သည်။ အတူဖြစ်သော တတိယဘဝင်စိတ်ကလေး သည် ဥပါဒ်ပြီးနောက် ဌီဘင် ၂ ချက်ဖြင့် တည်ပျက်သွားလေသည်။

ရုပ်သဘောမှာမူ ဖြစ်သည်မှချုပ်သည်အထိ ရောက်အောင် နာမ် သဘောပေါင်း ၁၇ မျိုး လိုက်ရလေသည်။ ထို့ကြောင့် နောက်ထပ် နာမ်စိတ် ၁၆ မျိုးလိုက်၍ ဖြစ်ရပေဦးမည်။ ရုပ်တစ်သက် = နာမ် ၁၇ သက် ဤညီမျှခြင်းကို အသေမှတ်သားရန်ဖြစ်ပါသည်။ ဥပါဒ်ဌီဘင်ဟူသောခဏ တာ၏ဝေါဟာရများကို အစက်ကလေးများဖြင့်ပြလျှင် ဤသို့ဖြစ်ရာ၏။

| | | | | |
|---|---|---|---|---|
| နာမ် | ၁ = ဥပါဒ် | ဌီ | ဘင် | ( . . . ) |
| ရုပ် | ၁ = ဥပါဒ် | ဌီ | ဘင် | ( . ၁၅ . ) |

နာမ်၌ အစက်ကလေးများသည် ဥပါဒ်၊ ဌီ၊ ဘင်၊ (ဖြစ်၊ တည်၊ ပျက်) သဘာဝသုံးရပ်ကိုပြသည်၊ ဖြစ်တည်ပျက်သုံးရပ်ပေါင်းသည် စိတ်တစ်ခုစာ၏ ချိန်တာကိုပြသည်။

ရုပ်၌ ထိပ်ဘက်အစအစက်နှင့် အဆုံးအစက်က ရုပ်၏ဥပါဒ်နှင့်ဘင် (ဖြစ်ချိန် နှင့် ပျက်ချိန်) ကာလနှစ်ရပ်ကို ပြသည်။ အလယ်က ၁၅ (၁၅ စက်)မှာ ရုပ်၏ဌီ(ရုပ်တည်ရှိချိန်) ကို ပြသည်။

ဤသဘောများကိုကြည့်လျှင် မြင်မှုအတွက် အိပ်နိုးစအချိန်ကလေး၌ တပြိုင်နက်ဖြစ်ကြသော တတိယမြောက် နောက်ဆုံးဘဝင်စိတ်နှင့် မျက်စိ

အကြည်ရုပ်၊ အဆင်းရူပါရုံရုပ်တို့အနက် ဘဝင်စိတ်ကလေးသည် ဥပါဒ် ဋ္ဌီဘင်ခဏငယ်သုံးချက်စေ့၍ချုပ်သွားလေပြီ၊ ရုပ်နှစ်မျိုးသာ မချုပ်သေးပဲ ကျန်နေသည်။ ဤအချက်ကို သိရပေသည်။

ထို့ကြောင့် တတိယမြောက်နောက်ဆုံးဘဝင်စိတ်ကလေး၏နောက်၌ တစ်ဆက်တည်း ဒုတိယမြောက်နောက်ဆုံးဘဝင်စိတ်နှင့် နောက်ဆုံးဘဝင်စိတ်တို့ ဆက်လက်ဖြစ်ချုပ်ကြသည်။ ဤနောက်ဆုံးဘဝင်စိတ်ဖြစ်ချုပ်ပြီးနောက် နိုးစိတ် (ဝီထိစိတ်) များ တစ်ဆက်တည်း ဆက်ကာဆက်ကာ ဖြစ်ချုပ်လာကြ၏။ နိုးစိတ် (ဝီထိစိတ်) ပေါင်း (၁၄) စိတ် တစ်ဆက်တည်း ဖြစ်ချုပ်သွားကြ၏။ ဘဝင်စိတ် (၃) စိတ်နှင့် ဝီထိစိတ် (၁၄) စိတ် ပေါင်းသော် စုစုပေါင်း ၁၇ စိတ်ဖြစ်၏၊ စိတ် ၁၇ စိတ်တို့အနက် နောက်ဆုံး ၁၇ ခု မြောက်စိတ်ချုပ်သည့်အခါ ယခုနက စတင်ဖြစ်နေသော ရုပ်နှစ်မျိုးသည်လည်း ချုပ်ပျက်သွားလေသည်။ အကြောင်းမှာ စိတ်(၁၇)ခု ပေါင်းသည် ဥပါဒ်ဋ္ဌီဘင် (ဖြစ်တည်းပျက်) ဟူသောခဏတာလေးပေါင်း (၅၁)ခု ရှိသဖြင့် ရုပ်၏အသက်ခဏငယ် ၅၁ ချက် ပြည့်သွားသောကြောင့်ဖြစ်၏။

မှုသေမှတ်သားရန်မှာ ရုပ်တစ်သက်-စိတ် ၁၇-သက်၊ ရုပ်တစ်ခုနှင့် စိတ် ၁၇-ခု အသက်ညီမျှသည် ဟူ၍ဖြစ်ပေသည်။

စက္ခုအကြည်ရုပ်နှင့် အဆင်းရူပါရုံရုပ်နှစ်မျိုး အတူတကွဥပါဒ်ဖြစ်ပေါ်ရာ၌ တတိယမြောက် နောက်ဆုံးဘဝင်စိတ်ကလေးပါ အတူဥပါဒ်ဖြစ်ပေါ်ခဲ့သည်။ တတိယမြောက် ဘဝင်စိတ်ကလေးချုပ်ပြီးနောက် စိတ် ၁၆–မျိုး ဆက်ကာဆက်ကာဖြစ်၍ ချုပ်၏။ ထိုစိတ် ၁၇–မျိုးအနက် နောက်ဆုံးစိတ်ချုပ်ချိန်မှာ စက္ခုအကြည်ရုပ်နှင့် အဆင်းရူပါရုံရုပ်လည်း ချုပ်၏။ ရုပ်သဘောတစ်ခုနှင့် စိတ်သဘော ၁၇–ခုတစ်တွဲ တစ်အုပ်စုဖြစ်၏၊ ဤသို့လျှင် ရုပ်နှင့်စိတ် တတွဲစီ တတွဲစီ အသင်္ချေအနန္တ မပြတ်ဆက်၍ ဖြစ်ချုပ်နေကြလေသည်။

ဤသို့ရုပ်သက်တစ်ချက် စိတ်သက် ၁၇-ချက်စနစ်ဖြင့် ရုပ်နှင့်နာမ် စုံတွဲဖြစ်၍ဖြစ်၍နေသည်ကို အခြေခံအားဖြင့် မှတ်သားထားရန်လိုပါသည်။ မျက်စိဖြင့် မြင်စရာအဆင်းအာရုံတစ်ခုကိုကြည့်လိုက်ရာတွင် ဆိုခဲ့ပါအတိုင်း ရုပ်နှင့်နာမ် တစ်စုံစီတွဲလျက် ဖြစ်ပျက်သွားကြလေသည်။ ဤကဲ့သို့ဖြစ်သော ဝီထိစိတ်တစ်အုပ်စုကို ရှေးဆရာစဉ်ဆက်တို့က အောက်ပါကဲ့သို့ဖော်ပြကြ၏။

နာမ်- တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ

..................................................................................................

ရုပ်- ဥပါဒ် ဌီ ဘင်

ထိုရုပ်နာမ်တစ်စုံ၌ ရုပ်အတွက် စက္ခုအကြည်ရုပ် (စက္ခုပသာဒ) နှင့် ရူပါရုံတို့သည် သူတို့၏ အဘိဓမ္မာအမည်ဝေါဟာရကိုရပြီးဖြစ်၏။ နာမ်စိတ် ၁၇–မျိုး၏ အဘိဓမ္မာဝေါဟာရ (ဝါ) သဘောတရား၏နာမည်များကို သိဖို့လိုသေး၏။

ဘဝင်စိတ် ၃ ခုအနက် တတိယမြောက် နောက်ဆုံးဘဝင်စိတ်ကို အတီတဘဝင်စိတ်ဟု ခေါ်၏၊ ဒုတိယမြောက် နောက်ဆုံးဘဝင်စိတ်ကို ဘဝင်္ဂစလနစိတ် (ဝါ) စလနဘဝင်စိတ်ဟု ခေါ်၏၊ နောက်ဆုံးဘဝင် စိတ်ကို ဘဝင်္ဂုပစ္ဆေဒ (ဝါ) ဥပစ္ဆေဒဘဝင်ဟု ခေါ်၏။ ဤအမည် သုံးမျိုးကို ရှင်းပါအံ့။

အိပ်ပျော်နေသော (ဝါ) ဘဝင်ကျနေသော လူတစ်ယောက်သည် နိုးခါနီး (ဝါ) နိုးစိတ်တွေဖြစ်လာခါနီးဆဲဆဲ၌ ဘဝင်စိတ် ၃–ချက်စာမျှ ကျန်သောအချိန်၌ တတိယမြောက် နောက်ဆုံး ဘဝင်စိတ် ဖြစ်ချိန် (ဥပါဒ်ချိန်)၌ မျက်လုံးထဲကစက္ခုအကြည်ရုပ်နှင့် ပြင်ပက အဆင်းရူပါရုံ ရုပ်တို့ စတင်တိုက်ဆိုင်ဥပါဒ်ကြလေသည်။ သို့သော် နောက်ဆုံး တတိယ ဘဝင်စိတ်ကလေးသည် စိတ်၏လျင်နှုန်းအဟုန်ကြောင့် ဖြစ်တည်ပျက်မှုဖြင့် အဆုံးသတ်သွားလေသည်။ ဤကဲ့သို့ ဘာမျှမထူးခြားပဲ လွန်သွားရသည်ကို ပါဠိဘာသာဖြင့် "အတီတ" ဟု ခေါ်လိုက်သည်။ လွန်သွားသော ဘဝင် စိတ်ကလေးဖြစ်၍ အတီတဘဝင်စိတ်ဟူ၍ နာမည်မှည့်ကြရလေသည်။

နောက်ဆုံး ဒုတိယဘဝင်စိတ်ကလေးမှုကား ဘဝင်အလျင်ပြတ်ရ ခါနီးဆဲဆဲဖြစ်၍ ဂဏှာမငြိမ်သည့် သဘောမျိုးဖြစ်၏၊ မငြိမ်သည်ကို "စလန"ဟု ပါဠိလိုခေါ်၏။ ထို့ကြောင့် နောက်ဆုံး ဒုတိယဘဝင်စိတ် ကလေးကို ဘဝင်္ဂစလန စိတ်၊ ဝါ၊ စလနဘဝင်စိတ်ဟူ၍ ခေါ်လေသည်။

နောက်ဆုံး ဘဝင်စိတ်ကလေးမှုကား မိမိဖြစ်တည်ပျက်ပြီးသည်နှင့် ဘဝင်ကြောပြတ်ရတော့၏၊ သဘာဝမတူသောဝီထိစိတ်များ ဖြစ်လာကြ တော့သည်၊ ပြတ်သွားသည်ကို ဥပစ္ဆေဒဟု ခေါ်သည်၊ ထို့ကြောင့် နောက်ဆုံးဘဝင်စိတ်ကို ဘဝင်္ဂုပစ္ဆေဒ(ဝါ)ဥပစ္ဆေဒဘဝင်ဟု ခေါ်လေ၏။

အိပ်ပျော်နေခိုက်အတောမသတ်ဖြစ်နေသော ဘဝင်စိတ်များထဲက နိုးထခါနီး (ဝါ) ဝီထိစိတ်ပြောင်းခါနီး နောက်ဆုံး ဘဝင်စိတ်သုံးစိတ်ကို ယူ၍ အတီတဘဝင်၊ စလနဘဝင်၊ ဥပစ္ဆေဒဘဝင်ဟူ၍ ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်း ဖြစ်လေသည်။

**နှစ်ဖက်လှ**
(၁၉၇၁–ခု၊ မေလ၊ သိပ္ပံမဂ္ဂဇင်း)

# အဘိဓမ္မာအမည်ဝေါဟာရအဓိပ္ပာယ်

ယခင်လက မြင်စိတ်အုပ်စုတွင်ပါရှိသော စိတ် ၁၇ မျိုးအနက် ဘဝင်စိတ်သုံးမျိုး၏ အမည်နာမများကို ရှင်းလင်းဖော်ပြခဲ့ပြီးပါပြီ၊ ယခုလ၌ ဘဝင်စိတ်ပြတ်ပြီးနောက် တစ်ဆက်တည်းဖြစ်လာသော ဝီထိစိတ်(နိုးစိတ်) များ၏ အမည်ဝေါဟာရများနှင့် ယင်းတို့၏ အဓိပ္ပာယ်များကို ဖော်ပြ အပ်ပါသည်။

ဥပစ္ဆေဒဘဝင်စိတ်ချုပ်ပြီးနောက် ဆက်တိုက်ဖြစ်ပေါ် ချုပ်ပျက် သွားကြသောစိတ် ၁၄-မျိုးတို့၏အမည်များမှာ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခု ဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့ ဖြစ်ကြပါ သည်၊ ဇောစိတ်မှာ တစ်မျိုးတည်း ခုနစ်ကြိမ်ဖြစ်ပါသည်၊ တဒါရုံမှာ နှစ်ခါဖြစ်ပါသည်၊ ထို့ကြောင့် ဝီထိစိတ်ပေါင်း ၁၄–စိတ်ဖြစ်ပါသည်။

"အာဝဇ္ဇန"ဟူသောပါဠိပုဒ်မှ "အာဝဇ္ဇန်းဟူသော ပါဠိသက် ဝေါဟာရကိုရရှိသည်။ အာဝဇ္ဇနဟူသော ပုဒ်၏အနက်မှာ "ဆင်ခြင်ခြင်း" ဖြစ်ပါသည်၊ ဘဝင်စိတ် (အိပ်စိတ်) ချုပ်ပျက်ပြီးနောက် ပထမဆုံးဖြစ်လာ သောစိတ်ကလေးသည် စက္ခုပသာဒ၌ထင်ဟပ်နေသော အာရုံသစ် အဆင်း ရူပါရုံကိုအကြောင်းပြု၍ဖြစ်ပေါ်လာသည်၊ ဖြစ်လာသည့်အခါ ထိုအဆင်း အာရုံကို "ဘာပါလိမ့်"ဟု ဆင်ခြင်သည့်သဘော ဖြစ်လာပေသည်၊ ဤသို့ ဆင်ခြင်သည့်သဘောရှိသောစိတ်သည် ဒွါရငါးပါးလုံး၌ပါရှိသောကြောင့် ဤစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၅–ဒွါရ၌ ဆင်ခြင်သောစိတ်) ဟူ၍ ခေါ်ပါသည်။

ဤတွင် အရေးကြီးသောမှတ်သားဖွယ်တစ်ရပ်မှာ ပရမတ်သဘာဝ တရားမည်သည်မှာ ပြုလုပ်တတ်သော ကတ္တုသတ္တိ မရှိချေ၊ သူ့သဘော သူဆောင်၍ သူ့လက္ခဏာနှင့်သူ ဖြစ်ပေါ်ချုပ်ပျက်ကာမျှသာ ဖြစ်လေ သည်၊ သို့ရာတွင် ထူးခြားသောလက္ခဏာကိုအခြေခံ၍ လူနားလည်အောင် ဝေါဟာရမှည့်ခေါ်၍ဖြစ်အောင် မလုပ်တတ်သော်လည်း လုပ်တတ်သကဲ့သို့ တင်စား၍ ပြောရပေသည်။

ဘဝင်စိတ်ပြတ်ပြီးပထမဦးဆုံးစတင်ဖြစ်ပေါ်လာသောစိတ်ကလေး သည် ရုပ်မဟုတ်၊ နာမ်သဘောတရားဖြစ်၍ အခြေခံအားဖြင့် (၁)အာရုံသို့ ညွတ်သည့်သဘော (၂)အာရုံကို သိသည့်သဘောရှိ၏၊ ထိုသဘောရင်း နှစ်ရပ်အပြင် အာရုံကို တကယ်မဆင်ခြင်သော်လည်း ဆင်ခြင်ဘိသကဲ့သို့ ဖြစ်၏၊ ဤသို့ ဆင်ခြင်သကဲ့သို့ဖြစ်သောလက္ခဏာကို အစွဲပြုပြီး ဤစိတ်ကို "အာဝဇ္ဇန်းစိတ်"ဟူ၍ နာမည်မှည့်ခေါ်ခြင်း ဖြစ်လေသည်၊ အခြားစိတ် များလည်း ဤနည်းတူပင် လက္ခဏာသဘာဝထူးရာကိုလိုက်ပြီး အမည်ပေး ခြင်းဖြစ်လေသည်။

အာဝဇ္ဇန်းစိတ်ချုပ်ပြီးနောက် ဆက်တိုက်ဖြစ်လာသောစိတ်တစ်မျိုး သည် ရူပါရုံအဆင်းဓာတ်ကို သိမြင်သည့်သဘောလက္ခဏာရှိ၏၊ မျက်နက် ဝန်းအလယ်ရှိ စက္ခုပသာဒ မျက်စိအကြည်ရုပ်ကလေးကိုအမှီပြု၍ ဖြစ်၏၊ ထို့ကြောင့် ထိုစိတ်ကို အမည်မှည့်ခေါ်ရာ၌ မျက်စိလည်းပါအောင် မြင်သိသည့်သဘောလည်းပါအောင် စက္ခုဝိညာဉ်စိတ်ဟူ၍ခေါ်လေသည်။ စက္ခု = မျက်နက်ဝန်းအလယ်ရှိ မျက်စိအကြည်ရုပ် (စက္ခုပသာဒ)။ ဝိညာဏ = ဝိညာဏ် = သိမြင်ခြင်းတည်း။

"သမ္ပဋိစ္ဆန"ဟူသည် ကောင်းစွာခံယူခြင်းဖြစ်၏၊ အတိတဘဝင်နှင့် အတူ ဥပါဒ်ဖြစ်ပေါ်ခဲ့သောအဆင်းရုပ်သည် ဌီခဏအားဖြင့် တည်နေဆဲ ရှိ၏။ ထိုပစ္စုပ္ပန် ရုပ်အဆင်းကိုအာရုံပြုပြီး ထိုအာရုံကို ဆက်လက်ခံဆောင် သည့်အနေဖြင့် ဖြစ်ပေါ်လာသောစိတ်တည်း၊ ထို့ကြောင့် ယိုစိတ်ကို သမ္ပဋိစ္ဆိုင်းစိတ်ဟူ၍ ခေါ်ဝေါ်လေသည်။

"သန္တီရဏ"ဟူသည် စုံစမ်းခြင်းအနက်ရှိ၏၊ သမ္ပဋိစ္ဆိုင်းစိတ်ချုပ်ပြီး ဆက်ဖြစ်လာသောစိတ်သည် ထိုပစ္စုပ္ပန်ရူပါရုံကို "ဘာပါလိမ့်"ဟု စုံစမ်း သည့်သဘောရှိ၏၊ ထို့ကြောင့်သူ့ကိုသန္တီရဏစိတ်ဟူ၍မှည့်ခေါ်လေသည်၊

''ဝုဋ္ဌော''ဟူသည် ဆုံးဖြတ်သည့်အနက်သဘောရှိ၏၊ သန္တီရဏစိတ် ချုပ်ပြီးနောက် ဌီခဏတာဖြစ်ရှိနေသော အဆင်းရူပါရုံကိုအကြောင်းပြု၍ ထပ်ဖြစ်လာသောစိတ်တည်း။ သူ၏ထူးခြားသောလက္ခဏာမှာ ယခုအာရုံသည် အဆင်းရုပ်ပဲဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော သဘောလက္ခဏာမျိုးဖြစ်၏၊ ထို့ကြောင့် အမည်ဝေါဟာရတပ်ဆင်ရာ၌ ဝုဋ္ဌောစိတ် (ဝုတ်ထော စိတ်)ဟူ၍ တပ်ဆင်ခဲ့လေသည်။

ဘဝင်စိတ် (အိပ်စိတ်) ချုပ်ပြီးနောက် ဖြစ်လာသော ဝီထိစိဏ် (စိတ်)တို့သည် ယခုအထိ ၅–စိတ်ရှိပြီးဖြစ်သည်။ ဌီခဏအားဖြင့် တည်ရှိနေသော အဆင်းရူပါရုံကိုအကြောင်းပြုလျက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်တို့ တစ်ခုပြီး တစ်ခု ဆက်တိုက်ဖြစ်လာကြ၏၊ ဝုဋ္ဌောစိတ်ချုပ်ပြီးနောက်လည်း အဆင်းရူပါရုံသည် မချုပ်သေး၊ ဌီခဏအားဖြင့် ရှိနေဆဲပင်ဖြစ်၏၊ ထိုရူပါရုံကို ဆင်ခြင်ခြင်း၊ မြင်ခြင်း၊ ခံလင့်ခြင်း၊ စုံစမ်းခြင်း၊ ဆုံးဖြတ်ခြင်းဟူသော ကိစ္စငါးရပ်ဖြင့် ဆောင်ရွက်ပြီးဖြစ်၏။

ယခုအခါ၌ ရူပါရုံအဆင်းကိုအာရုံပြုလျက် နောက်ထပ်စိတ်တစ်မျိုး ဖြစ်လာ၏၊ ထိုစိတ်သည် တစ်မျိုးတစ်စားတည်း ခုနစ်ကြိမ်ထပ်၍ဖြစ်၏၊ ပထမစိတ် ဥပါဒ်ဌီဘင် (ဖြစ်တည်ပျက်) ပြီးလျှင် ဒုတိယစိတ်ဖြစ်လာ၏၊ ဤနည်းဖြင့် သတ္တမစိတ်အထိ ဖြစ်သွား၏၊ ဤသို့ စိတ်တစ်မျိုးတည်း ခုနစ်ကြိမ်ထပ်ဖြစ်သောအခါ လူတစ်ယောက်တည်း ခုနစ်လှမ်းပြေးသကဲ့သို့ ဖြစ်လေသည်။ မြန်ဆန်သည့်သဘော ရှိလာ၏၊ အရှိန်အဟုန်သဘော ဆောင်လေ၏၊ ဤသို့ မြန်ဆန်ပြီးအရှိန်အဟုန်ရှိသည့်အနက်ကို ပါဠိဘာသာဖြင့် ''ဇဝန''ဟု ခေါ်သည်၊ ဇဝနကို မြန်မာမှုပြုသောအခါ ''ဇော''ဟု ဖြစ်လာသည်၊ ထို့ကြောင့် ခုနစ်ကြိမ်ထပ်၍ဖြစ်သောစိတ်ကို ဇောစိတ်ဟု ခေါ်လေသည်၊ ဇောခုနစ်ကြိမ်ဟု ခေါ်လေသည်။

ဘဝင်စိတ်–၃ အာဝဇ္ဇန်းနှင့်တကွ စိတ် ၅–မျိုး၊ ယခုဇောစိတ် ၇–မျိုး၊ ပေါင်းစိတ် ၁၅–မျိုးရှိပြီ၊ သို့သော် အတီတဘဝင်နှင့်အတူ ဥပါဒ်ဖြစ်ပေါ်ခဲ့သော အဆင်းရုပ်သည် မချုပ်သေးပေ၊ ရုပ်သက်သည် စိတ်ခဏကြီး ၁၇–ချက် သို့မဟုတ် ခဏငယ် ၅၁–ချက်ရှိသောကြောင့် ဖြစ်၏။

ထို့ကြောင့် ဇောစိတ်ခုနစ်ချက်က အာရုံပြုသွားသော အဆင်းရုပ်ကိုအကြောင်းပြု၍ နောက်ထပ်စိတ်နှစ်မျိုး ထပ်မံ ဖြစ်ပြန်လေသည်၊ ထိုစိတ်နှစ်မျိုးသည် ဇောစိတ်၏အာရုံကိုပင် အာရုံပြုသည်ဟူသောအဓိပ္ပာယ်ဖြင့် တဒါရမ္မဏစိတ္တ၊ တဒါရုံစိတ် ဟု မှည့်ခေါ်လေသည်၊ တဒါရမ္မဏဟူသည် တံ၊ ထိုဇောစိတ်အာရုံကိုပင်၊ အာရမ္မဏ=ဆက်ပြီးအာရုံပြုသည်ဟုဆိုလိုသည်၊အရှိန်အဟုန်ကြီးသော ဇောစိတ်၏ နောက်လိုက်စိတ်ပေတည်း။

တဒါရုံစိတ်နှစ်ကြိမ် ဖြစ်ချုပ်သောအခါ စိတ်ခဏကြီးပေါင်း ၁၇–ချက်ပြည့်သွားပေသည်၊ ထို့ကြောင့် အတီတဘဝနှင့်အတူဥပါဒ်ဖြစ်ခဲ့သော အဆင်းရုပ်သည် ယခု ဒုတိယတဒါရုံစိတ်၏ ဘင်ခဏနှင့်အတူချုပ်ပျက်သွားလေတော့သည်။

အိပ်ပျော်နေသောသူ (ဝါ) ဘဝင်ကျနေသောသူသည် အိပ်ရာမှနိုးကာနီးဆဲဆဲ၌ သူ၏မျက်စိအကြည်ရုပ်ကလေးတွင် ပြင်ပကအဆင်းရုပ်ကလေးထင်ဟပ်လာသောအခါ ထိုအဆင်းရုပ်ကလေးသည် ဥပါဒ်, ဌီ, ဘင်,၊ ဖြစ်, တည်, ပျက်, ဟူသောသဘာဝနိယာမတရားအတိုင်း ဖြစ်သွားလေသည်၊ ဤသို့ ရုပ်သဘာဝကလေးတစ်ခု ဖြစ်ပေါ်ရာတွင် ထိုရုပ်ကိုအကြောင်းပြုပြီး နာမ်သဘာဝကလေးပေါင်း ၁၇–မျိုးတို့လည်း အတူဖြစ်တည်ပျက်သွားကြလေသည်။

သို့သော်ရုပ်တစ်သက် နာမ် ၁၇–သက်၊ ဝါ–ရုပ်အဖြစ်နှင့် နာမ်အဖြစ်၊ ရုပ်အပျက်နှင့် နာမ်အပျက် အချိန်တူအသက်တူသော်လည်း ရုပ်၏ဌီနှင့်နာမ်၏ဌီ မတူ၊ ရုပ်၏တည်ရှိချိန်က နာမ်၏တည်ရှိချိန်ထက် (၄၈)ဆပိုကြာသဖြင့် ထိုရုပ်၏တည်ရှိချိန် ဌီကာလအတွင်း၌ စိတ်သဘာဝပေါင်း (၁၆) ခု နီးပါး လိုက်၍ဖြစ်ပျက်ကြရသည်။

အထက်ဖော်ပြပါစိတ်အစဉ် (၁၇)ချက်တို့တွင် အတီတဘဝင်စိတ်၏ ဥပါဒ်နှင့်အဆင်းရုပ်၏ဥပါဒ် အချိန်တူ၏၊ ဒုတိယတဒါရုံစိတ်၏ဘင်ခဏပျက်ချိန်နှင့် အဆင်းရုပ်၏ချုပ်ပျက်ချိန် တူ၏၊ အတီတဘဝင် စိတ်၏ဌီကာလမှစ၍ ဒုတိယတဒါရုံစိတ်၏ ဌီကာလဝိုင်အောင်သည်ကား အဆင်းရုပ်အသက်ရှည်ကြာတည်နေသော ရုပ်၏တည်ရှိချိန် ဌီ ကာလဖြစ်၏၊ ထိုရုပ်၏ဌီကာလကို စိတ် ၁၆–စိတ်နှင့် ခဏငယ် ၂ချက် (ခဏငယ်ပေါင်း၄၉) ချက်မျှ လိုက်ရလေသည်။

ခဏငယ်(၅၁)ချက်ကိုမူတည်ပြောလျှင် အဆင်းရုပ်၏ဥပါဒ်ခဏ၊ ဘင်ခဏနှင့်အတီတဘဝင်၏ဥပါဒ်ခဏ၊ ဒုတိယတဒါရုံ၏ဘင်ခဏ အချိန်တို့၏၊ ရုပ်၏ဌီခဏမှာမူ ခဏငယ်ပေါင်း (၄၉)ချက်စာမျှကြာ၏၊ထိုရုပ်၏တည်ရှိချိန်ခဏငယ် (၄၉)ချက်ချိန်တာအတွင်း၌ထိုအဆင်းရုပ်အာရုံကိုယူ၍ ပဉ္စဒွါရာဝဇ္ဇန်းခေါ်သော စိတ်သဘာဝ၊ စက္ခုဝိညာဉ်ခေါ်သော စိတ်သဘာဝ၊ သမ္ပဋိစ္ဆိုင်းခေါ်သော စိတ်သဘာဝ၊ သန္တီရဏခေါ်သော စိတ်သဘာဝ၊ ဝုဋ္ဌောခေါ်သော စိတ်သဘာဝ၊ ဇောဟုခေါ်သောစိတ်သဘာဝ၊ တဒါရုံဟုခေါ်သော စိတ်သဘာဝတို့သည် သူ့သဘာဝနှင့်အတူ သူ့ကိစ္စသူဆောင်၍ ဖြစ်ချုပ်သွားကြလေသည်။

ဤနေရာတွင် စိတ်သဘာဝကလေးများကို နာမည်မှည့်ခေါ်ပုံနှင့် ပတ်သက်၍ (ဝါ) အဘိဓမ္မာဝေါဟာရများ ဖြစ်ပေါ်ရရှိပုံနှင့်ပတ်သက်၍ စကားတစ်ရပ် ကြားညှပ်၍ ဆိုပါရစေဦး။

သဘာဝတရားဟူသည်မှာ မွေးကာစကလေးကဲ့သို့ အစက မည်သည့် အမည်နာမမျှ မရှိခဲ့ပါ၊ ကလေးကို နောက်မှ နာမည်ပေး ကင်းပွန်းတပ်သကဲ့သို့ သဘာဝတရားများကို ကျကျနန နားလည်သော ဗုဒ္ဓမြတ်စွာဘုရားက သဘာဝတရားများကို နာမည်ပေးခဲ့ခြင်းဖြစ်သည်၊ကလေးသည် နာမည်မရှိပါက ခေါ်ဝေါ်ဆက်ဆံ၍မဖြစ်ချေ၊ ထိုနည်းတူ သဘာဝတရားကို နာမည်ပေးမထားပါကလည်း မှတ်သားသင်ယူ၍ မရပေ၊ ကြားနာရသူနောင်းလူများ မှတ်သားသင်ယူ၍ဖြစ်အောင် သဘာဝကို နာမည်ပေးရခြင်းဖြစ်ပါသည်။

သို့သော် သဘာဝတရားကို နာမည်ပေးရသည့်ကိစ္စကား မလွယ်ကူချေ၊ သဘာဝတရားများတွင်ရှိသော ထူးခြားသည့် လက္ခဏာအမှတ်အသားများကို သေသေချာချာသိထားပါမှ ထိုထူးခြားသည့် ဂုဏ်အရည်အချင်းကိုအခြေခံလျက် ဝေါဟာရအမျိုးမျိုး တပ်ဆင်နိုင်ခြင်း ဖြစ်ပါသည်၊ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည်ကား သဘာဝတရားဟူသမျှကို မိမိကိုယ်တိုင် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်နှင့်ပြီးဖြစ်၍ သဘာဝတရား၏ သဘောပေါ်အောင် နာမည်ပေးတော်မူပါသည်။

နောက်တစ်ချက်ကား နာမည်မှည့်ပေးခြင်းသည် ကြားရသူများ မှတ်သားနားလည်စေရန်အတွက်ဖြစ်သောကြောင့် နာမည်ပေါ်သည့်ခေတ်

အခါက လူအများ၊ နားလည်သည့်ဝေါဟာရများကိုသာ အသုံးပြုရမည် ဖြစ်ပါသည်၊ ဆိုလိုသည်မှာ ဂေါတမမြတ်စွာဘုရားသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–ကျော်ကာလ အိန္ဒိယ မဇ္ဈိမဒေသတွင် ပွင့်ခဲ့သော ဘုရားရှင်ဖြစ်တော်မူ၍ ထိုခေတ်က လူအများနားလည်သော ဘာသာစကားကိုအသုံးပြုရမည်သာ ဖြစ်သည်၊ ဤသည်မှာ အနည်းငယ်စဉ်းစား ရုံမျှဖြင့်သိမြင်နိုင်သည့်အချက်ဖြစ်ပါသည်။

ထို့ပြင် ယခုလိုပညာရပ်ဆိုင်ရာ ဝေါဟာရတစ်ရပ်ရပ်ကို အသစ် တီထွင်ဖော်ထုတ်ရာ၌ ဝဒန္တပုဂ္ဂိုလ်သည်သာ ပြဋ္ဌာန်းလေသည်၊ "ဝဒန္တ" ဟူသည် မူလစတင်ပြောဆိုသူပင်ရင်းပုဂ္ဂိုလ်ကို ဆိုလိုသည်၊ ဝဒန္တပုဂ္ဂိုလ်က ပေးသော "စကားနက်" (Definition) သည်သာ တရားဝင်သည်။

သမ္မုတိ သစ္စာနယ်ကိုကြည့်လျှင် ပညာရပ် အသစ်အဆန်း တစ်ရပ်ရပ်ကို စတင်ဖော်ထုတ်သူမှန်သမျှသည် မိမိပညာရပ်ဆိုင်ရာ ဝေါဟာရကိုရှာဖွေရာတွင် မိမိအရင်ရှိနှင့်နေသော ဝေါဟာရ ဂိုဒေါင်ထဲမှ အသုံးတဲ့သလောက် ထုတ်ယူအသုံးပြုကြရသည်၊ မည်သူမျှ ရှာမရပါမှ မိမိဖာသာ ဝေါဟာရအသစ်တီထွင်၍ အသုံးပြုကြပါသည်။

မိမိအရင်ကရှိနှင့်နေသော ဝေါဟာရအားလုံးကိုရှောင်ပြီး အားလုံး အသစ်ချည်းသုံးမည်ဟူ၍ တမင်အားထုတ်ဖွယ်မလိုချေ၊ မိမိက သူတစ်ပါး ဟာကို တုသည် မှီးသည် ခိုးသည် ဆိုမှာစိုး၍ အကုန်လုံးမတူအောင်ချည်း ရှောင်လွှဲ၍ ခေါ်ဝေါ် ပြုလုပ်ရန် မလိုချေ၊ ဤသို့လုပ်လျှင် ထိုခေတ် လူအများနားလည်ရန် ခက်ခဲသွားပေလိမ့်မည်၊ ထိုပညာရှင်သည်လည်း သူ့ရဲဘောနည်းသူ သို့မဟုတ် မဖြောင့် မမှန်သူ ဖြစ်ပေရာသည်။

ဂေါတမ သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိ၍ ဘုရားစင်စစ်ဖြစ်တော်မူပြီးနောက် သီတင်း ၄–ပတ်အကြာ ရတနာဃရ ရွှေအိမ်တော်၌ သဘာဝတရားအားလုံးကို ရွှေဉာဏ်တော်ဖြင့် သုံးသပ် တော်မူခဲ့သည်၊ ဤသို့သုံးသပ်ရာ၌ သဘာဝအနှစ် ပရမတ်အစစ်များနှင့် တကွ ပညတ်အမျိုးမျိုးကိုပါ ထည့်သွင်းဆင်ခြင်တော်မူခဲ့သည်။

သဗ္ဗညုဘုရားမှန်လျှင် ဤဂေါတမမြတ်စွာဘုရားသာမက ကဿပ၊ ကောဏာဂုံ၊ ကကုသန် စသော နောင်တော်ဘုရားရှင်များသည်လည်း သဘာဝတရားအားလုံးကို ပရမတ် ပညတ် ခွဲခြားနားလည်တော်မူခဲ့ကြ

သည်သာဖြစ်သည်၊ ထိုနောင်တော်ဘုရားရှင်တို့သည်လည်း သဘာဝတရားတို့၏ အမည်နာမဝေါဟာရများ (ဝါ) အဘိဓမ္မာဝေါဟာရများကို သုံးနှုန်းခဲ့ကြပြီးဖြစ်သည်၊ ထိုရှေးရှေးသောဘုရားရှင်တို့က အသုံးပြုခဲ့သော ဝေါဟာရများကို ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် ပြန်လည်အသုံးပြုနိုင်သည်သာဖြစ်သည်။

ဘုရားရှင်တိုင်းရရှိတော်မူသောပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်သည် ရှေးရှေးဘဝက အမည်အမျိုးစသည်တို့ကို အကုန်သိမြင်သောဉာဏ်တော်ဖြစ်ပေသည်၊ ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်သည် ရှေးဘုရားရှင်များလက်ထက် ကြားနာခဲ့ရသည့် ပညာရပ်များကို ပြန်လည်အမှတ်ရနိုင်စွမ်းရှိပေသည်။

ဤအချက်တို့ကို အမြွက်မျှဆင်ခြင်ကြည့်လျှင် ဂေါတမ သဗ္ဗညုမြတ်စွာဘုရားသည် သဘာဝဒေသနာဖြစ်သော အဘိဓမ္မာပညာရပ်ကို လူနတ်တို့ တတ်သိနားလည်အောင် ဟောကြားဖော်ထုတ်တော်မူရာ၌—

(က) ရှေးဘုရားရှင်များအသုံးပြုခဲ့သော ဝေါဟာရ စကားလုံးများ

(ခ) မိမိပွင့်ဆဲကာလ မဇ္ဈိမဒေသ၌ သုံးနှုန်းနေသော ဝေါဟာရစကားလုံးများ

(ဂ) မိမိကိုယ်တော်တိုင် တီထွင်သော ဝေါဟာရစကားလုံးများဟူ၍ အမည်ဝေါဟာရသုံးမျိုးကို အခြေခံလျက် အတုမရှိသော အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြားခဲ့မည်ဖြစ်ကြောင်း သိစကောင်းပေသည်။

နှစ်ဖက်လှ
(၁၉၇၁—ခု၊ ဇွန်လ၊ သိပ္ပံမဂ္ဂဇင်း)

# အဘိဓမ္မာဝေါဟာရပြဿနာ

ဆရာခင်ဗျား၊ ပြီးခဲ့တဲ့လ ဆောင်းပါးမှာ မျက်စိဖြင့် အဆင်းကို မြင်ပုံနှင့်ပတ်သက်၍ စိတ်အစဉ်ကို ဖော်ပြထားပါတယ်၊ အဲဒီမှာ စိတ်တို့ကို အမည်ပေးထားခြင်းနှင့်စပ်လျဉ်း၍ ဆရာနည်းနည်း''တို့''ထားတာကို ဖတ်လိုက်ရပါတယ်၊ လက်ရှိအဘိဓမ္မာဝေါဟာရများသည် ရှေးဘုရားရှင်တို့ သုံးနှုန်းခဲ့တဲ့ ရှေးဝေါဟာရ၊ အရိယာခေတ်လူသားတို့ရဲ့ ခေတ်သုံး ဝေါဟာရ၊ ဂေါတမဘုရားနှင့် တပည့်ကြီးရှင်သာရိပုတြာတို့က တီထွင် သုံးနှုန်းခဲ့တဲ့ တီထွင်ဝေါဟာရ၊ ဤကဲ့သို့ ဝေါဟာရသုံးမျိုးသုံးစား ပါဝင်နိုင်တယ်လို့ မှတ်လိုက်ရပါတယ်။

မှန်ပါတယ်၊ ခေတ်သုံး ဝေါဟာရကိုသုံးမှ ထိုခေတ်ကလူသား များ နားလည်မှာကိုး၊ နေပါဦး ခင်ဗျားက အဘိဓမ္မာဝေါဟာရတွေကို ဘာ့ကြောင့် စိတ်ဝင်စားရတာလဲ။

ဒီလိုပါဆရာ၊ လွန်ခဲ့တဲ့ ၄-၅-၁၀နှစ်က တခြားရောက် ဘုရားမဲ့ ဝါဒီ စာရေးဆရာတစ်ဦးက ဟိန္ဒူကျမ်းတွေထဲမှာ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ စတဲ့နာမည်တွေ တွေ့ရတယ်၊ ဒါကြောင့် အခုဗုဒ္ဓအဘိဓမ္မာဆိုတာဟာ ဟိန္ဒူကျမ်းတွေက ကူးယူထားတာဖြစ်ရမယ်၊ ဘုရားဟောမဟုတ်နိုင်ဘူး ဆိုတဲ့သဘောမျိုး ရေးတာဖတ်လိုက်ရဖူးလို့ပါ။

အော်....ဒီလိုသား၊ တခြားရောက် ဘုရားမဲ့ဝါဒီဟုတ်လား....။

ဟုတ်ပါတယ်.... (ယခု ဒီ နိုင်ငံမှာ မရှိတော့တဲ့သူပါ။)

စာပေဆိုတာက စာဆိုနဲ့စာဆို့ ပတ်ဝန်းကျင်၊ စာဆိုရဲ့ခံယူချက်တွေ ကို အခြေခံပြီး ထွက်လာတာကိုး၊ သူက ဘုရားမဲ့ဝါဒီဆိုတော့ ဘာသာ ရေးကို ဘယ်လိုရှင်းပစ်ရမလဲလို့ အမြဲတမ်းအကြံထုတ်နေတဲ့လူကိုဗျ၊ ဒီလို ဘာသာရေးကို သိက္ခာချဖို့ အခိုင်အမာခံယူထားတဲ့ ခံယူချက်ကြောင့် အဘိဓမ္မာကို အပြစ်ရှာတာပေါ့။

ဗုဒ္ဓအဘိဓမ္မာဆိုတာက လက်ရှိကမ္ဘာမှာ အလွန်နာမည်ကြီးတာ ကိုးဗျ၊ လူနှင့်လူ့လောကကို သဘောတရားပိုင်းကရှုမြင်ထားပုံက တယ်ပြီး နက်နဲ ကျယ်ပြန့်လှတယ်၊ လက်တွေ့ကျင့်သုံးကြည့်တော့လဲ ဒီအဘိဓမ္မာ

သဘောတရားဟာ လက်တွေ့နဲ့ကလဲကိုက်နေပြန်တယ်၊ ဒါကြောင့် ဗုဒ္ဓ အဘိဓမ္မာကို မဟုတ်ဘူး မမှန်နိုင်ဘူးလို့ တူတူတန်တန် မငြင်းဆန်နိုင်ကြဘူး၊ ဗုဒ္ဓဘာသာဟာလဲ ဒီအဘိဓမ္မာကြောင့်ပဲ ဂုဏ်သိက္ခာအလွန်မြင့်မား နေတယ် မဟုတ်လား။

ဒီတော့ကာ ဗုဒ္ဓဘာသာကို တနည်းနည်းနဲ့သိက္ခာချဖို့ ကြိုးစားတဲ့နေရာမှာ ဗုဒ္ဓဘာသာတို့ဂုဏ်ယူနေတဲ့ ဒီအဘိဓမ္မာကို စစ်ကြောင်းတစ်မျိုးကနေပြီး ထိုးစစ်ဆင်တာပေါ့၊ ဘုရားဟောမဟုတ်ဘူး၊ ပညာရှိတစ်ဦးဦးကဖန်တီးထားတာ၊ ဘာညာပေါ့လေ၊ ဒီလိုအဖြစ်မျိုးရောက်အောင် ဟိုရှာဒီရှာရှာတော့ ဟိန္ဒူကျမ်းတွေထဲမှာ အဘိဓမ္မာဝေါဟာရ အမည်တူကလေးတွေတော့၊ ဟန်ပြီဟေ့– ဒီလိုဟိန္ဒူကျမ်းတွေကိုထောက်ပြရင်တော့ အပိုင်ပဲဆိုပြီး လုပ်တာပေါ့ဗျာ၊ စာရေးဆရာချင်းတော့ ခြေမြင်သပေါ့ဗျာ။

ခင်ဗျားက ၄–၅–၁၀နှစ်က ဖတ်ဖူးတယ်လို့ပြောတယ်၊ ခုကာလမှာလဲ အဘိဓမ္မာ ဘုရားဟောမဟုတ်ဘူး။ ဟိန္ဒူဥပနိသျှကျမ်းတွေက မြစ်ဖျားခံတာလို့ ပြောနေတုန်းပဲ။

ဆရာ၊ သူတို့လဲ ဘုရားမဲ့ဝါဒီတွေပဲလား....။

သူတို့က ဗုဒ္ဓဘာသာအမည်ခံပြီးတော့ ဗုဒ္ဓဘာကာကိုနှိမ့်နေတဲ့ လူတွေပဲ၊ အခုခေတ်မှာ ကျောက်သဘော်ဝိနိစ္ဆယဘာတ်မကြည့်ဘူးလား၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကိုမူတည်ပြီး ဆုံးဖြတ်ထားတယ်မဟုတ်လား၊ ဒီတော့ သံဃါယနာခြောက်တန်တင်ပိဋကတ်နဲ့ မညီပဲ၊ ကိုယ်ထင်ရာကိုယ်စိုင်းနေတဲ့လူတွေက သူတို့ကိုဆုံးဖြတ်မဲ့အရင်းခံသုတ်၊ဝိနည်း၊အဘိဓမ္မာကို ပြန်တိုက်ဖို့ကြိုးစားမှာပေါ့၊ ဒါသဘာဝပဲ မဟုတ်လား။

ဒါဖြင့်ဆရာ အဘိဓမ္မာကို ဘုရားဟောမဟုတ်ကြောင်း သက်သေပြနိုင်ဖို့ အထူးလုံးပမ်းနေကြတဲ့ကိစ္စဟာ ဗုဒ္ဓဘာသာကို သိက္ခာချဖို့ပဲ အကျိုးရှိတယ်၊ နောက်တစ်မျိုးက သူတို့ကိုရိုက်မဲ့ဒုတ်ကို ချိုးဖို့ပဲ ကြိုးစားခြင်းဖြစ်တယ်၊ ဒီလိုကောက်ချက်ရတာပေါ့။

ဒါပဲလေ....ခင်ဗျားစဉ်းစားကြည့်ပေါ့၊ ခင်ဗျားတို့က သိပ္ပံခေတ်လူသားတွေဆို မှုတ်လား၊ ဥပမာဗျာ ဘုရင့်သမားတော် မဟာဘိသက္ကစ်၊

ဆေးနည်းတစ်ရပ် ဆိုပါတော့၊ ဒီဆေးနည်းကို ဖော်သောက်တဲ့လူတိုင်း ရောဂါပျောက်တယ်ဆိုပါစို့၊ ဒီဆေးကြောင့် သမားတော်ကြီးမှာလဲ ဂုဏ်သတင်းမွှေးနေတယ်ဆိုပါတော့၊ရိုးသားဖြောင့်မှန်သောလူတစ်ယောက် အနေနဲ့ ဘာလုပ်မလဲ။

ရောဂါပျောက်ဖို့ ဆရာကြီးရဲ့ဆေးနည်းအတိုင်း ဆေးဖော်သောက် မှာပေါ့ခင်ဗျာ။

ဆေးကိုမသောက်ပဲ ဒီဆေးနည်းဟာဖြင့် ဒီနာမည်ကြီး ဘုရင့်သမား တော်ကြီး၏ ဆေးနည်းမဟုတ်ပါဘူးလို့ အထွန့်တက်ပြီး ဆရာကြီးကို သိက္ခာချဖို့ ကြိုးစားမလား။

ဘယ်ကြိုးစားပါ့မလဲ၊ ရောဂါပျောက်ဖို့ပဲ ကြိုးစားပါ့မယ်။

ဒါ ခင်ဗျားက ရိုးသားဖြောင့်မတ်တဲ့လူကိုးဗျ၊

ရောဂါပျောက်ဖို့ကြိုးစားတာနဲ့ သိက္ခာချဖို့ကြိုးစားတာ၊ ကြိုးစားပုံ နှစ်မျိုး ဟုတ်လား။

ဒါပေမယ့်ဆရာ၊ အခုခေတ်က သိပ်လည်တယ်၊ သိက္ခာချဖို့ကြိုးစား တာ မဟုတ်ပါဘူး၊ သုတေသနပြုတာပါလို့ ပြောမှာပေါ့၊ သုတေသန ဆိုတဲ့ မျက်နှာဖုံးစွပ်လိုက်မှာပေါ့ ဆရာရယ်။

ဟား....ဟား....ဟုတ်ပြီဗျို့—ဘယ်နေရာမှာဖြစ်ဖြစ် လူညစ်ယင် ရတာ ပဲနော်၊ ဒါပေမယ့် လူအားလုံးဟာ နလပိန်းတုံးတွေတော့ မဟုတ်ဘူး၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲဆိုတာလောက်တော့ရိပ်မိနိုင်လောက်ပါတယ်။

ဗုဒ္ဓအဘိဓမ္မာနဲ့ပတ်သက်လို့ ခင်ဗျားစဉ်းစားကြည့်နိုင်အောင် လမ်းစ ဖော်ပေးမယ်၊ ဗုဒ္ဓအဘိဓမ္မာမှာ သဘောတရားပိုင်းနဲ့ ကျမ်းဂန်ပုံသဏ္ဌာန် ပိုင်းရယ်လို့ နှစ်မျိုးရှိပါတယ်၊ ကဲ—တစ်ပိုင်းစီကြည့်ရအောင်။

ဒီနေ့ရှိနေတဲ့ ဗုဒ္ဓအဘိဓမ္မာ သဘောတရားပိုင်းဟာ မှားနေသလား၊ ရုပ်နဲ့နာမ်အခြေခံထားပြီး ဆစ်ပိုင်းပြထားတယ်၊ရုပ်ပိုင်းရဲ့နက်နဲမှုသဘာဝကို သိပ္ပံပညာကသက်သေထူနေတယ်၊ ရုပ်ဆိုတာ ဓာတ်သဘာဝမျှသာပဲလို့ ဗုဒ္ဓအဘိဓမ္မာကဆိုတာကို အခု ၂၀-ရာစုကျမှသာသိပ္ပံပညာရှင်တွေသိမှီလာ ကြတယ်၊ သက်ရှိသက်မဲ့ဒြပ်တွေဟာ သဘာဝ၏ ပုံဆောင်မှုမျှသာ ဖြစ်

တယ်လို့ ဗုဒ္ဓအဘိဓမ္မာက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀–ကျော်လောက် ကတည်းက ကြွေးကြော်လာခဲ့တာပဲ၊ ဒါကိုသိပ္ပံပညာကလက်တွေ့မျက်တွေ့ ဖြစ်နေပြီပဲ။

နောက် နာမ်ပိုင်းကိုကြည့်ပါဦး၊ စိတ်စေတသိက်တို့ရဲ့သဘောကို ဗုဒ္ဓအဘိဓမ္မာကအ နုစိတ်ပြောကြားချက်တွေဟာ အံ့သြမကုန်နိုင်ဘူး၊ အခု ခေတ်မှာ ဘယ်ပညာကမှ လိုက်လို့မမှီနိုင်သေးဘူးမှတ်လား၊ လောဘဟာ အပြစ်၊ ဒေါသဟာ အပြစ်၊ မောဟဟာ အပြစ်လို့ဟောထားတာကို ဘယ်ပညာက တော်လှန်ဖျက်ဆီးနိုင်လို့လဲ။

နောက်ပြီး ရုပ်နဲ့နာမ်ကို ပြောထားတာက အကြောင်းအကျိုး ကွင်းဆက်မိမိ၊ အခြေအမြစ်နဲ့ပြောထားတာဖြစ်တယ်၊ တချို့တွေးခေါ် ပညာရှင်ကြီးများရဲ့စကားလို အူလယ်လယ်မဟုတ်ဘူးဗျ။

နောက် ပုံသဏ္ဍာန်ပိုင်းကြည့်ပါဦး၊ ဗုဒ္ဓအဘိဓမ္မာဟာ ကျမ်းဂန် ဖွဲ့စည်းပုံသဘောတရားအခြေခံအရပုံသဏ္ဍာန်ခုနစ်မျိုးခုနစ်ကျမ်းရှိနေတယ်၊ ပထမကျမ်းမှ သတ္တမကျမ်းအထိ ဆိုပါစို့၊ ပထမကျမ်းရဲ့ ဖွဲ့စည်းပုံက တစ်မျိုး၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမကျမ်းတို့ရဲ့ ဖွဲ့စည်းပုံတွေကလဲ တစ်မျိုးစီပဲဗျ၊ ဒီကျမ်းခုနစ်မျိုးဟာ အခုခေတ်စာအုပ် ကြီးတွေနဲ့ (၁၂) အုပ်တောင်ရှိတယ်။

ကဲဗျာ–ဒီအဘိဓမ္မာ ခုနစ်ကျမ်း (၁၂)အုပ်ကို ခင်ဗျားလေ့လာဖူး သလား။

မလုပ်ပါနဲ့၊ မိုးကြိုးပစ်နေပါဦးမယ်၊ စာအုပ် (၁၂) အုပ်တောင် စုံအောင်မမြင်ဖူးပါဘူး။

ဒါဖြင့် အခုအဘိဓမ္မာကို ဝေဖန်နေကြတယ်ဆိုတဲ့ အဖျက်သမား တွေကော မြင်ဖူးဖတ်ဖူးမယ်ထင်သလား။

သူတို့က ဖျက်တတ်ရုံတော့ လေ့လာထားကြလိမ့်မယ်၊ တိပိဋကရေ ဆရာတော်တွေလိုတော့ သူတို့ဘယ်သင်ဖူးမလဲ။

ဟား....ဟား၊ ကျကျနနသင်ဖူးတဲ့ တိပိဋကဆရာတော်တွေက အဘိ ဓမ္မာဟာ ဟိန္ဒူကျမ်းထဲကကူးထားတာလို့ ပြောသံကြားဖူးသလား။

ကြားတော့မကြားပါဘူး၊ ဒါပေမယ့် ဖျက်ဆီးရေးသမားတွေက ဒီကိုယ်တော်တွေဟာ ကျကျနန တတ်သိယုံကြည်လို့ ဒီလိုမဝေဖန်တာလို့ မယူချင်ကြဘူး၊ ရှေးအစဉ်အလာသမားကြီးတွေမို့ မဝေဖန်တာလို့ ပြောမှာပဲ။

ဟား–ဟား၊ သရက်သီးချိုပါတယ်လို့စားကြည့်တော့တကယ်ချိုနေတာကို ဘာဝေဖန်ဖို့လိုသေးသလဲ၊ ငါ့ဘကြီးအသီးမဟုတ်ဘူးလို့ဆိုပြီး သရက်ချိုကို အမျက်သို့ဖို့လိုသေးလို့လား။

ဒီသိပ္ပံမဂ္ဂဇင်းမှာရေးနေတဲ့ အဘိဓမ္မာဆောင်းပါးတွေက အဘိဓမ္မာ ပညာပေးတွေဖြစ်ဖို့ ဦးတည်ထားတယ်၊ ဒါကြောင့် ခုလိုကြားပေါက်တွေ သိပ်နေရာမပေးနိုင်ဘူး၊ ဒီကိစ္စ တိုတိုနဲ့သိမ်းရအောင် ခင်ဗျားကိုတစ်ခု မေးမယ်။

မေးပါဆရာ။

အခုသံဂါယနာ ခြောက်တန်တင်ထားတဲ့ လက်ရှိ ကျွန်တော်တို့ရဲ့ အဘိဓမ္မာကျမ်းဂန်များအတိုင်း ဟိန္ဒူကျမ်းတွေထဲမှာ ရှိသလား၊ ဆိုလိုတာက ဗုဒ္ဓအဘိဓမ္မာကျမ်းဂန်များအတိုင်း ဟိန္ဒူဥပနိသျှဒ်ကျမ်းတွေထဲမှာ ပါသလား။

ရှိတယ်လို့ မကြားဘူးပါခင်ဗျား။

ဘယ်ကြားဘူးပါ့မလဲ၊ ရှိမှမရှိပဲကိုး။

ဒါဖြင့်ကောင်းပြီ၊ ဟိန္ဒူတို့ရဲ့ ရှေးဥပနိသျှဒ် ကျမ်းတွေကစပြီး ဘာဝါဒလဲဗျာ။

အတ္တဝါဒလို့ကြားဖူးပါတယ်။

ကြားဖူးပါတယ်မလုပ်ပါနဲ့၊ ဟိန္ဒူဝါဒမှာက အတ္တကအခြေခံပါ၊ အတ္တရှိနေတယ်၊ အတ္တကို ခန္ဓာတွေက ဖွဲ့စည်းတုပ်နှောင်နေတယ်၊ အတ္တလွတ်မြောက်ရေးဟာ နိဗ္ဗာန်ပဲလို့ အခိုင်အမာခံယူတာပါ။

ဟိန္ဒူဝါဒဟာ အတ္တဝါဒ၊ ဥပနိသျှဒ်ကျမ်းတွေဟာ အတ္တဝါဒနဲ့ ယဇ်ပူဇော်ပုံတွေကို အဆန်းတကြယ်ပြတဲ့ကျမ်းတွေပဲ။

ကဲ–ဒါဖြင့် ဗုဒ္ဓဘုရားဟာ အတ္တဝါဒီလား၊ အနတ္တဝါဒီလား၊

ဗုဒ္ဓဘုရားဟာ အနတ္တဝါဒီပါခင်ဗျား၊ ဒါ ထင်ရှားပါတယ်။

ကောင်းပြီ၊ အခုရှိနေတဲ့ ဗုဒ္ဓအဘိဓမ္မာတွေဟာ အတ္တဝါဒကို ဟောနေသလား၊ အနတ္တဝါဒကိုဟောနေသလား။

ဗုဒ္ဓအဘိဓမ္မာဟာ အနတ္တဝါဒ စစ်စစ်ကြီးပါခင်ဗျား၊ ဗုဒ္ဓအဘိဓမ္မာက အတ္တဆိုတဲ့အယူမှားကို နုတ်နုတ်စဉ်းပစ်တဲ့ စဉ့်တီတုံးကြီးနဲ့ ဓားကြီးပါပဲ။

ဒါဖြင့်ရင် ဟိန္ဒူတွေရဲ့အတ္တဝါဒ ဥပနိ သျှဒ် ကျမ်း တွေထဲက ကူးယူပြီး ဗုဒ္ဓအဘိဓမ္မာလို့ လုပ်ထားတယ်လို့ပြောရင် ဘယ့်နှယ့်နေပါ့မလဲ။

သာတီးဘားမိးစ်တေးစ်လ်(Thirty Burmese Tales)ဆိုတဲ့ ဗမာ့ပုံပြင် ၃၀–ထဲကလို နွားကမြင်းကလေးကိုမွေးတယ် ဆိုတာမျိုးလိုနေပါလိမ့်မယ်။

ဟား....ဟား။

ဆရာကဟား–ဟား–မလုပ်နဲ့၊ အခုခေတ်က သိပ္ပံခေတ်လူသားကြီးတွေပဲ မျက်လှည့်ပွဲကို တိုးကြည့်နေကြတာ မတွေ့ဘူးလား။
ဟုတ်ပလေဗျာ။

**နှစ်ဖက်လှ**
(၁၉၇၁–ခု၊ ဇူလိုင်လ၊ သိပ္ပံမဂ္ဂဇင်း)

# အဆင်းရုပ်မှတစ်ဆင့် အရာဝတ္ထုကို သိရခြင်း

မျက်စိဖြင့်မြင်ပုံမြင်နည်းနှင့်ပတ်သက်၍ အဘိဓမ္မာကျကျ ဆက်ပြောကြဦးစို့ ရဲ့။မြင်တယ်ဆိုတဲ့ကိစ္စမှာ လူတွေက အရာဝတ္ထုကိုမြင်တယ်လို့ထင် မှတ် နေ ကြပါတယ်၊ နှင်း ဆီ ပန်း က လေး တစ် ပွင့် ဆို ပါစို့။ လူတွေက နှင်းဆီပန်းကိုမြင်တယ်၊ ငါမြင်တယ်၊ သူမြင်တယ်၊ ဒီလိုယူစွဲထားကြပါတယ်၊ ဒီအသိဟာလဲ မွေးကင်းစကလေးဘဝမှစပြီး သမုတိလောကကြီးထဲက ရထားတဲ့ အသိဖြစ်ပါတယ်၊ သိရိုးသိစဉ်အသိပေါ့လေ။

သို့သော် ဒီအသိကို အဘိဓမ္မာပညာက လက်သင့်မခံဘူး၊ အဘိဓမ္မာပညာက ဒါကိုအနုစိတ်ပြီး ဖော်ပြပေးပါတယ်။ မြင်တယ်ဆိုတာ စင်စစ်တော့ အပြင်ကအဆင်းရူပါရုံနဲ့ မျက်စိထဲကစက္ခုပသာဒ အကြည်ရုပ် (မှန်ရုပ်)နဲ့ တိုက်ဆိုင်မိတာပါပဲ၊ ဒီလိုအဆင်းရူပါရုံနှင့် အတွင်းစက္ခုပသာဒတိုက်ဆိုင်မိတာကိုပဲ မြင်တယ်လို့ခေါ်ပါတယ်။

ကဲ....မျက်စိကိုမှိတ်ထားပါ။ နှင်းဆီပွင့်ကလေး တစ်ပွင့်ကို မျက်စိရှေ့မှာချထားပါစေ။ အခု မျက်စိဖွင့်လိုက်ပါ၊ ဖွင့်လိုက်တဲ့အခါ နှင်းဆီပွင့်ကလေးရဲ့အဆင်းရူပါရုံကို အယင်ဆုံးမြင်ပါတယ်၊ ဖြူ နီ ညို ပြာစတဲ့အရောင်အသွေးအဆင်းကိုပဲ မြင်ပါတယ်။ နှင်းဆီပွင့်တစ်ခုလုံးဒြပ်ဝတ္ထုကြီးတစ်ခုလုံးကို မြင်တာမဟုတ်ပါ။ နှင်းဆီပွင့်ဒြပ်ဝတ္ထုကြီးပေါ်မှာတည်မှီနေတဲ့ အဆင်းကိုသာ မြင်ခြင်းဖြစ်ပါတယ်။ ဒါက ပထမအဆင့် အနုစိတ်ဖော်ပြချက်ဖြစ်ပါတယ်။

ဒုတိယ အဆင့်တက်ကြဦးစို့ ဆိုလျှင် အဆင်းကို မြင်ရာမှာလည်း နှင်းဆီမှာရှိနေတဲ့အဆင်းအားလုံးကိုမြင်တာ မဟုတ်ပါ၊ စက္ခုပသာဒရုပ်အကြည်မှာထင်ဟပ်တဲ့ အခိုက်အတံ့ကလေးမှာဖြစ်ပေါ်တဲ့ ပစ္စုပ္ပန်အဆင်းရုပ်ကလေးကိုသာ မြင်ခြင်းဖြစ်ပါတယ်၊ ချုပ်၍ချုပ်၍ပြောင်းလဲကုန်ဆုံးသွားသော အတိတ်ရူပါရုံအဆင်းတို့ကို မမြင်ရပါ။

ဒီလိုဆိုတော့ နှင်းဆီပန်းပွင့်ကလေးပေါ်မှာရှိတဲ့ အဆင်းအရောင်ရူပါခေတ်ကလေးဟာ မပြတ်ဖြစ်ပျက်နေတယ်၊ ပြောင်းလဲနေတယ်၊ အဟောင်းချုပ်သွားသည့်နေရာမှာ အသစ်တွေအစားတိုးဖြစ်နေတယ်လို့တခါတည်းနားလည်ရမှာဖြစ်ပါတယ်၊နှင်းဆီပွင့်ကလေးကိုဖယောင်းတိုင်မီး

ကလေးနှင့်ပမာပြုပြီးစဉ်းစားလျှင် အဆင်းရုပ်ကလေး ဖြစ်ပျက်ပြောင်းလဲနေသည့်သဘာဝကို ရိပ်မိနိုင်ပါတယ်။

ပြီးခဲ့တဲ့လ ဆောင်းပါးမှာ အဲဒီလို ပစ္စုပ္ပန်ဖြစ်တဲ့ ပြင်ပကအဆင်းနဲ့ စက္ခုပသာဒခေါ်တဲ့ မျက်စိထဲကအကြည်ရုပ် (မှန်ရုပ်)ကလေးနဲ့ တိုက်ဆိုင်မိကြတဲ့အခါ (မြင်တဲ့အခါ)မှာ မြင်သောလူ၌ ဖြစ်ပေါ်လာတဲ့ စိတ်တွေကို တန်းစီဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဘဝင်စိတ်တွေကို ချန်ထားလျှင် နိုးစိတ်(ဝီထိစိတ်) သည် ခုနှစ်မျိုးသာဖြစ်ပါတယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်၊ ဇောစိတ်၊ တဒါရုံစိတ်များပင် ဖြစ်ကြပါတယ်။

နှင်းဆီပန်းကလေးမှာ တည်ရှိတဲ့အဆင်းရုပ်တစ်ရုပ်သည် ခဏယ်ပေါင်း ၅၁ ချက် အသက်ရှည်ပါတယ်၊ ထိုပစ္စုပ္ပန်ဆတ်ဆတ်ဖြစ်တဲ့အဆင်းကိုမြင်တဲ့အခါမှာ ဘဝင်စိတ် ၃–ဝီထိစိတ် ၁၄–အားဖြင့် ပေါင်းစိတ်ခဏကြီး ၁၇–၊ ခဏယ် ၅၁–ဖြစ်၍ဖြစ်၍ ချုပ်သွားပြီးဖြစ်ပါတယ်။

ဒီနေရာမှာသတိပြုရမှာက ပစ္စုပ္ပန်ရူပါရုံအဆင်းရုပ်လည်းချုပ်ပျက်သွားပြီ၊ သူ့ကိုအာရုံပြု၍ဖြစ်သော စိတ် ၁၇–မျိုးလည်း သူနှင့်အတူချုပ်ပျောက်သွားပြီ၊ ဒီအဆင့်မှာ အဆင်းကို မြင်ရရုံပဲရှိသေးတယ်၊ နှင်းဆီပန်းမှန်း မသိသေး၊ ဖြူတယ်၊ နီတယ်၊ ညိုတယ်၊ ပြာတယ်ဆိုတဲ့ အဆင်းကိုပဲ မြင်သေးတယ်၊ နှင်းဆီပန်းဒြပ်ဝတ္ထုကို မသိသေးချေ။ ဒီအဆင့်ကို အမြင်အဆင့်လို့ သတ်မှတ်ကြပါစို့ရဲ့။

လူရဲ့မျက်စိဟာ ဒီအမြင်အဆင့်မှာပဲ အဆုံးသတ်ပါတယ်၊ မျက်စိဟာ အဆင်းကိုမြင်ရုံလောက်ပဲ အသုံးဝင်ပါတယ်၊ ဒြပ်ဝတ္ထုကိုသိဖို့ကိစ္စပိုင်းကား မျက်စိနှင့်မသက်ဆိုင်တော့ပါ၊ မနောဝိညာဉ်လို့ခေါ်တဲ့ လူရဲ့အတွင်းပိုင်းစိတ်တွေရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ အဲဒီလို ကတ္တားခြားပြီး မှတ်သားနိုင်မှ ရှင်းပါလိမ့်မယ်။ ဒီမနောဝိညာဉ်ရဲ့အဆင့်ကို အသိအဆင့်လို့ ဆိုကြပါစို့ရဲ့။

ခုန နှင်းဆီပန်းကလေးမှာရှိတဲ့ ပစ္စုပ္ပန်ဆတ်ဆတ် ရူပါရုံအဆင်းရုပ်ကလေးဟာ ခဏယ် ၅၁–ချက်ပြည့်လို့ချုပ်သွားပြီးတဲ့အခါ သူဟာ အတိတ်ရူပါရုံ (ဝါ) လွန်လေပြီးသောအဆင်းရုပ် ဖြစ်သွားပါတယ်၊ ဥပမာ ဒီနေ့ဟာပစ္စုပ္ပန်ပဲ၊ နက်ဖြန်ကျတော့ ဒီနေ့ဟာ လွန်ခဲ့ပြီးတဲ့အတိတ်ဖြစ်သွားသလိုပဲပေါ့။

ဒီအတိတ်ဖြစ်သွားတဲ့ လွန်သွားခဲ့တဲ့အဆင်းရုပ်ကလေးကို ဘယ်သူက လိုက်ဖမ်းယူသလဲဆိုတော့မနောဝိညာဉ်စိတ်ကလိုက်ဖမ်းယူပါတယ်၊ပစ္စုပ္ပန် ရုပ်ချုပ်တာနဲ့တဆက်ထဲ ဆက်ခံပြီးဆောင်ရွက်ပါတယ်။ ပစ္စုပ္ပန်ဆတ်ဆတ် ဖြစ်တဲ့အဆင်းရုပ်ကလေး ချုပ်သွားတာနဲ့ သူ့ကို အကြောင်းပြုပြီးဖြစ်တဲ့ ဝီထိစိတ်တွေချုပ်ပျောက်သွားတာနဲ့ တဆက်ထဲ ဒီမနောဝိညာဉ်စိတ်ဟာ ဆက်ဖြစ်လာတယ်။ သူ့ကိုပါဠိလို "တဒနုဝတ္တက" လို့ ဆိုတယ်၊ အဓိပ္ပာယ်က ရှေ့က ချုပ်ပျောက်သွားသော ပစ္စုပ္ပန် ဝီထိစိတ်တွေရဲ့ နောက်ကို အစဉ်လိုက်၍ဖြစ်သောစိတ်လို့ ဆိုလိုပါတယ်။ တိုတိုပြောရလျှင် ဆက်ဖြစ်မနောဝိညာဉ်ပဲ ဆိုပါစို့။

ဒီမနောဝိညာဉ်အကြောင်း နည်းနည်းသိဖို့လိုသေးတယ်၊ ဒီနေရာမှာ မနောဆိုဟာ ဘဝင်ကို ဆိုလိုပါတယ်၊ ဘဝင်ကိုအခြေခံပြီးဖြစ်လာတဲ့စိတ် ဖြစ်လို့ မနောဝိညာဉ်လို့ ခေါ်ပါတယ်၊ စိတ်နှင့်ဝိညာဉ်ဟာ စကား ပရိယာယ်ပဲ၊ သဘာဝအတူတူပဲ၊ တစ်ခုတည်းပါပဲ။

ခုနချုပ်သွားပြီးတဲ့ အတိတ်အဆင်းရုပ်ဟာဒီမနောဘဝင်မှာလာပြီး ထင်ပါတယ်၊ ဒါကိုသတိပြုပါ။ ပစ္စုပ္ပန်ရုပ်ရှိအဆင်းတုန်းက မျက်စိထဲက စက္ခုအကြည်ရုပ်မှာ ထင်တယ်မဟုတ်လား၊ ဒီလိုပဲ အတိတ်အဆင်းရုပ်ဟာ မနောဘဝင်မှာ ထင်လာပါတယ်၊ အဲဒီလိုထင်လာတဲ့ အတိတ်အဆင်းကို အကြောင်းပြုပြီး မနောဝိညာဉ်စိတ်တွေ ဆက်ဖြစ်လာပါတယ်။ ပစ္စုပ္ပန် ရုပ်နှင့် စိတ်ဝီထိချုပ်သွားပြီးတိုင်း ဒီမနောဝိညာဉ်စိတ်ဟာ ဆက်ဖြစ်မြဲပဲ၊ ဘယ်သူကမှမလုပ်ရပဲဖြစ်တဲ့ ဓမ္မတာပဲ။ တစ်နည်းပြောရလျှင် သဘာဝ လောကကြီးရဲ့ နိယာမ(ဖြစ်မြဲ) လမ်းစဉ်ပါပဲ။

ဒီ အသိအဆင့်မှာဖြစ်ပေါ်တဲ့ စိတ်တွေကတော့ စလနဘဝင်စိတ်၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ ဇောစိတ်၊ တဒါရုံစိတ်၊ စိတ်က လေးမျိုးဖြစ် ပါတယ်။ စလနဘဝင်စိတ်ကိုဖယ်လိုက်လျှင် ဝီထိစိတ်သုံးမျိုးကျန်တယ်၊ ဒီ သုံးမျိုးမှာ ဇောစိတ်ကခုနစ်ကြိမ်ဖြစ်ပါတယ်။ ပေါင်းလိုက်တော့ မနော ဝိညာဉ်စိတ်ပေါင်း ဆယ်စိတ်ဖြစ်ပြီးချုပ်သွားပါတယ်၊ ဒီ မနောဝိညာဉ် စိတ်ဟာ အတိတ်ဖြစ်တဲ့အဆင်းရုပ်ကို အာရုံပြုတယ်၊ ဝါ၊ အကြောင်း ပြုတယ် ဆိုတာ ခွဲခြားမှတ်သားပါ။

ပြန်ကောက်ကြည့်လျှင်နှင်းဆီပန်းတစ်ပွင့်ကို မြင်တယ်ဆိုတဲ့နေရာမှာ ပထမအဆင့်၌ နှင်းဆီပန်းရဲ့အပေါ်မှာ မှီဖြစ်နေတဲ့အဆင်းကို မြင်ခြင်းဖြစ်

ပါတယ်၊ ထိုအဆင်းရုပ်ထဲမှ ပစ္စုပ္ပန်ဖြစ်တဲ့ အဆင်းကို စက္ခုဝိညာဉ်ဝီထိစိတ်အုပ်စုနဲ့မြင်တယ်၊ အဲဒီ ပစ္စုပ္ပန်အဆင်း ချုပ်သွားလို့ အတိတ်ဖြစ်သွားတဲ့ အဆင်းရုပ်ကိုတော့ ဆက်ဖြစ်မနောဝိညာဉ် ဝီထိစိတ်နဲ့သိတယ်၊ တစ်နည်းပြောရလျှင် မျက်စိက ပစ္စုပ္ပန်ကို မြင်တယ်၊ မနောဝိညာဉ်က အတိတ်ကို သိတယ်၊ ဒီလို ပြောနိုင်ပါတယ်။

နောက်တစ်ဆင့်၌ကား "ပန်း"ဆိုတဲ့ အမည်ပညတ်ကို ဆက်ဖြစ်မနောဝိညာဉ်အချို့က သိပါတယ်။ အဲဒီ မနောဝိညာဉ်စိတ်အုပ်စု ချုပ်သွားတာနဲ့တစ်ပြိုင်နက် ပန်းဒြပ်ဝတ္ထုတစ်ခုလုံးကို သိတဲ့ မနောဝိညာဉ်စိတ်တစ်အုပ်စုဖြစ်ပါတယ်၊ ဒါ နောက်ဆုံးစတုတ္ထအဆင့်ပဲ ဖြစ်ပါတယ်။

ဒီတော့ နှင်းဆီပန်းတစ်ပွင့်ကို မြင်ဖို့သိဖို့ စိတ်အုပ်စု (၄) ခု ဖြစ်ရပါတယ်၊ ပထမစိတ်အုပ်စုက ပစ္စုပ္ပန်အဆင်းကို မြင်တဲ့ စက္ခုဝိညာဉ်စိတ်အုပ်စု၊ ဒုတိယစိတ်အုပ်စုက အတိတ်အဆင်းကို သိတဲ့ ဆက်ဖြစ် မနောဝိညာဉ်စိတ်အုပ်စု၊ တတိယစိတ်အုပ်စုက ပန်းအမည်ပညတ်ကို သိတဲ့ မနောဝိညာဉ်စိတ်အုပ်စု၊ စတုတ္ထစိတ်အုပ်စုက "ပန်း"ဒြပ်ဝတ္ထုကို သိတဲ့ မနောဝိညာဉ်စိတ်အုပ်စု ဖြစ်ပါတယ်၊ ဘယ်ပစ္စည်းဖြစ်ဖြစ် မြင်တဲ့အခါ ဒီလိုပဲ စိတ်အုပ်စု(၄)မျိုး ဖြစ်မြဲမမှတာပါပဲ။

စိတ်အုပ်စု (၄) မျိုးမှာ ပါဝင်တဲ့ စိတ်အရေအတွက်ကို တွက်လျှင် မနည်းဘူး၊ ပထမစိတ်အုပ်စုမှာ နိုးစိတ် ၁၄။ ဒုတိယ၊ တတိယ၊ စတုတ္ထ စိတ်အုပ်စု ၃-မျိုး၌ တစ်မျိုးလျှင် စိတ် ၁၀-စီ၊ ၃၀။ ထို့ကြောင့် စိတ်အုပ်စု (၄)ခုပေါင်း၌ စိတ်ပေါင်း ၄၄-စိတ် ဖြစ်ချုပ်ရပါတယ်။ ဒီလို ၄၄-စိတ် ဖြစ်ချုပ်မှ ဒြပ်ဝတ္ထုတစ်ခုလုံးကို မြင်လဲမြင် သိလဲ သိပါတယ်။

ဒီလို စိတ်အုပ်စုတွေ စိတ်တွေ အများကြီး ဖြစ်နေရတယ် ဆို၍ ကြာတယ်မထင်ပါလေနှင့်၊ ယခင် ဆောင်းပါးများမှာ ဖော်ပြတဲ့အတိုင်း စိတ်၏လျှဉ်နှုန်းသည် အလွန်တရာ မြန်လွန်းလှသဖြင့် ယခုလို စိတ်အုပ်စု (၄)မျိုး ဖြစ်ချုပ်ဖို့ဆိုသည်မှာ မျက်တောင်တစ်ခါခတ်မျှ မကြာပါ။ မိမိမျက်တောင်ကို အမြန်ဆုံးတဖျတ်ဖျတ်ခတ်ကြည့်ပါ၊ဒီလောက်မြန်တဲ့မျက်ပွင့်အချိန်ကလေးအတွင်းမှာ မြင်လဲ မြင် သိလဲ သိလိုက်သည်ကို လက်တွေ့သိနိုင်ပါတယ်။

တစ်ဘဝလုံးမျက်စိဖြင့်မြင်တိုင်းကြည့်တိုင်းယခုရှင်းပြခဲ့သည့်အတိုင်း စိတ်အုပ်စုများ ဖြစ်ပျက်လျက်ရှိကြောင်း အဘိဓမ္မာပညာအရ သိမှတ်ရပေသည်။ မျက်စိသည် အဆင်းမျှကိုသာ မြင်သည်၊ စိတ်ဝိညာဉ်သည်သာ အရာဝတ္ထုကို သိသည်၊ ဤအဘိဓမ္မာကို သရုပ်ကွဲအောင် စဉ်းစားပါလေ။

**နှစ်ပက်လှ**
(၁၉၇၁-ခု၊ ဩဂုတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# နှင်းဆီပန်းကလေးနှင့် စိတ်ကလေးတွေကို သရုပ်ခွဲကြည့်သောအခါ

လော့ဂျစ်ဟုခေါ်သော စဉ်းစားနည်း အတတ်ပညာတစ်ရပ်ကို သင်ကြားသည့်အခါ အားလုံးသော ကျီးတို့သည် မဲကုန်၏၊ အားလုံးသော လူတို့သည် သေမျိုးဖြစ်ကြ၏ ဆိုသော ပြယုဂ်ပုံစံတို့ကိုသာ ထပ်တလဲလဲ အသုံးပြုပြီး သင်ကြားကြ၏၊ ဤကဲ့သို့ သာဓကပုံစံတို့ကို တစ်နေရာ တစ်မျိုး၊ အမျိုးမျိုးပြောင်းလဲခြင်း မပြုပဲ တစ်ခုတည်း မူသေထားပြီး ဖော်ပြသည့် အတွက် သင်ယူမှတ်သားရာ၌ လွယ်ကူစေသည့်အကျိုး ရှိလေသည်။ ဤနည်းကောင်းကိုယူပြီး ယခုရေးသားနေသည့် အဘိဓမ္မာဆောင်းပါးများ၌လည်း ပြယုဂ်ပုံစံတူများကို သုံးနိုင်သမျှ သုံးသွားမည် ဖြစ်ပါသည်။

ပြီးခဲ့သော ဆောင်းပါးများ၌ ဖော်ပြခဲ့သော နှင်းဆီပန်းတစ်ပွင့်ကို ပြန်လည် အသုံးချကြပါဦးစို့။ နှင်းဆီပန်း တစ်ပွင့်ကို မြင်သော ခဏ၌ စိတ်အုပ်စု (ဝီထိ) လေးမျိုးကျမှ ပန်းဒြပ်ဝတ္ထုအထိ သိရှိသည့်အကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုဆောင်းပါး၌ အမြင်ခံရသော နှင်းဆီပန်း (ရူပါရုံ) ဘက်နှင့် မြင်သောလူ (အာရမ္မဏိက) ဘက် ဤကဲ့သို့ ဘက်နှစ်ဘက် ခွဲခြားကြည့်ရန် ဖြစ်ပါသည်။

နှင်းဆီပန်းဟူသော အမြင်ခံဘက်၌ (၁) ပန်းအဆင်း ရူပါရုံ၊ (၂) ပန်းဟူသော အမည်ပညတ် (၃) နှင်းဆီပန်း ဒြပ်ဝတ္ထုတစ်ခုလုံး၊ ဤကဲ့သို့ သုံးမျိုးရှိပေသည်၊ ပန်းပွင့်၌ တည်နေသော ဖြူ၊ နီ၊ ညို၊ ပြာ၊ စသောအဆင်းသည် ပန်းတည်းဟူသောဒြပ်ဝတ္ထုကိုပြသတတ်သောကြောင့်

(ဝ၇) ပြသလိုဖြစ်သောကြောင့် ပါဠိဝေါဟာရအားဖြင့် "ရူပ" ဟု ခေါ်သည်၊ အဆင်းဖြစ်၍ "ဝဏ္ဏ" ဟုလည်း ခေါ်သေး၏။

ထိုအဆင်းရူပသည် ပန်းဒြပ်ဝတ္ထု၌ပါသော ဂုဏ်သတ္တိတစ်မျိုးဖြစ်၏၊ သို့သော် အဆင်းသည် ပန်းဒြပ်ဝတ္ထုမဟုတ်ချေ၊ အဆင်းသည် အရောင်အလင်းရှိမှ ထင်ရှား၏၊ ညဥ့်မှောင်မိုက်၌ ပန်း၏အဆင်းသည် မထင်ရှားပေ၊ အကယ်၍ ရနံ့မွှေးဘိမူ အမွှေးရနံ့သည် မှောင်ကြီးမဲမဲထဲ၌လည်း မွှေးပေလိမ့်မည်၊ ကိုင်ကြည့်လျှင် မည်မျှမှောင်မိုက်နေစေကာမူ ပန်းကိုကိုင်၍ရလေသည်၊ သို့သော် မျက်စိဖြင့်ကား မမြင်နိုင်ချေ။ အကြောင်းမူကား အလင်းမရှိသောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် အဆင်း၏မိတ်ဖက်သည်ကား အလင်းဖြစ်ကြောင်းသိရပေသည်။ နေရောင် လရောင် တာရာရောင် မီးရောင် မည်သည့် အရောင်အလင်းမဆို ပန်းပွင့်၌ရှိသောအဆင်းကို ထင်ရှားစေနိုင်ပေသည်။

နှင်းဆီပန်းကလေးကို အဘိဓမ္မာနည်းပညာဖြင့် သရုပ်ခွဲကြည့်သည်ရှိသော် မပြတ် ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသော သဘာဝတရားတို့၏ ယာယီဖွဲ့စည်းဖြစ်ပေါ်နေမှု ဓာတ်သဘာဝအစုမျှသာဖြစ်ကြောင်း ဉာဏ်အမြင်၌ ပီပြင်စွာထင်ရှားလေသည်။

နှင်းဆီပန်းပွင့်ကလေး၌ (၁) ခက်မာ၊ နူးညံ့ သဘာဝ၊ (၂) ဖွဲ့စည်းယိုစီးသဘာဝ၊ (၃) ပူအေးသဘာဝ (၄) တွန်းကန်သဘာဝ၊ ဤသဘာဝလေးရပ်သည်အခြေခံဖြစ်၏၊ ဤအခြေခံသဘာဝကြီးလေးရပ် ပေါင်းစပ်မိသောအခါ (၅) အဆင်းဖြစ်လာ၏။ (၆) အနံ့ရှိလာ၏၊ (၇) အရသာဝင်လာ၏၊ (၈) အနှစ်သြဇာပါလာ၏၊ ဤသဘာဝရှစ်မျိုးသည် ဖြစ်–တည်–ပျက်၊ ဖြစ်–တည်–ပျက် (ဥပါဒ် ဌီ–ဘင်) စနစ်ဖြင့် မပြတ်ဖြစ်နေလေသည်၊ ယင်းသို့မပြတ်ဖြစ်နေရာ၌ ဌီကာလကြာရှည်မှုကြောင့် အတွေအခဲဒြပ်ဝတ္ထုထင်ရှားဖြစ်လာ၏။ တစ်ဖန်ဗီဇနိယာမသဘောအရယင်းဒြပ်ဝတ္ထုသည် နှင်းဆီပန်းဖြစ်လာလေသည်။

ထိုသဘာဝအတွေအခဲဖြစ်သောပန်းကလေးသည် ပူဓာတ်၊ အေးဓာတ်လွှန်ကဲခြင်း၊ လျော့နည်းခြင်း မညီမမျှဖြစ်သောအခါ ပြောင်းလဲဖြစ်ပေါ်လာတတ်၏၊ မာရာမှ ပျော့၏၊ ပျော့ရာမှ မာ၏၊ ဖွဲ့စည်းရာမှ

ယိုစီး၏၊ယိုစီးရာမှ ဖွဲ့စည်း၏၊ ပူရာမှ အေး၏၊ အေးရာမှပူ၏၊ ထိုသို့အတွင်း သဘာဝများပြောင်းလဲမှုကြောင့် ပန်းအဆင်းဒြပ်များလည်း ပြောင်းလဲ၏၊ ဤသို့ပြောင်းလဲမှုကိုဖောက်ပြန်မှုဟုလည်းခေါ်၏၊ ဖောက်ပြန်ဟူသော အမည်ကို ပါဠိဝေါဟာရအားဖြင့် ရူပ(ရုပ်)ဟုခေါ်သည်။

ထိုရုပ်သဘောအစုအဆိုင်ကလေးကို လူတို့က 'ပန်း' ဟူ၍သတ်မှတ်ခေါ်ဝေါ်ကြ၏၊ နှင်းဆီပန်း ဟူ၍ အမည်ပညတ်တပ်ဆင်ပေးကြ၏၊ ထို့ကြောင့်သဘာဝရှစ်ခုအပေါင်းအစုမျှသာဖြစ်သော ဓာတ်အစုကလေးသည် 'နှင်းဆီပန်း' ဟူ၍ ဖြစ်ပေါ်လာရပေသည်။

အထက်ပါအချက်ကို စိစိတွေးကြည့်လျှင် 'ပန်း၊ နှင်းဆီပန်း' ဟူသောအမည်သည် လူတို့က မှည့်ခေါ်သော နောက်ပွားအမည်ပညတ်သာဖြစ်၏၊ အဆင်းသဘာဝနှင့်ပန်းဒြပ်ဝတ္ထုသည်သာ မူလအခြေခံဓာတ်အစုဖြစ်၏၊ ဤသို့ သိနားလည်နိုင်ပေသည်။

ဤနှင်းဆီပန်း၏ အဆင်းကလေးသည်ကား အလင်းရသည့်အခါ မျက်စိများ၏ အစာဖြစ်လျက်ရှိလေသည်။

နှင်းဆီပန်းကလေး၏ အဆင်းရုပ်သည် မျက်စိထဲရှိပသာဒအကြည်ရုပ်ကလေးနှင့် ရုပ်ရုပ်ချင်းတိုက်ဆိုင်မိကြသောအခါ မီးခြစ်အိမ်နှင့် မီးခြစ်ဆံပွတ်မိရာတွင် မီးပွင့်လာသကဲ့သို့ အမြင်စိတ်ကလေးတွေ တဖွားဖွားဖြစ်လာကြ၏၊ အမြင်စိတ်ကလေးများပေါ်လာသည်ကို အမြင်စိတ်ကလေးများသည် အဆင်း၌ပျော်မွေ့ကြသည်ဟု တင်စား၍ဆို၏၊ ပျော်မွေ့ရာဖြစ်သည်ကို အာရမ္မဏ (အာရုံ)ဟု ခေါ်၏၊ အဆင်းရူပနှင့် မွေ့လျော်ရာအာရုံ ဟူသောစကားနှစ်ရပ်ကို ပေါင်းစပ်သောအခါ(ရူပ+အာရုံ)ရူပါရုံဟူသောအဘိဓမ္မာဝေါဟာရတစ်လုံးကို ရရှိလေသည်။

ဤ၌ ရူပါရုံဟူသည်ကား နှင်းဆီပန်းကလေး၌ရှိသော 'အဆင်း' ပင်ဖြစ်ကြောင်း၊ ဤအဆင်းကို စိတ်ကလေးများ၏ မွေ့လျော်ရာဖြစ်သည့်အတွက် ရူပါရုံဟု ခေါ်ကြောင်း သိအပ်ပေသည်။ သို့ဖြစ်သောကြောင့် အမြင်ခံဖြစ်သောနှင်းဆီပန်းဘက်၌ (၁) ပန်းအဆင်းရူပါရုံ၊ (၂) ပန်းဟူသောအမည်ပညတ်၊ (၃) နှင်းဆီပန်းဒြပ်ဝတ္ထု ဟူ၍ သုံးမျိုးရှိကြောင်း အထက်၌ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖန်မြင်သောလူဘက်၌ (၁)မျက်စိအကြည်ရုပ် (၂) ဘဝင်စိတ်၊ (၃) နိုးစိတ်(ဝီထိစိတ်) ဤကဲ့သို့သုံးမျိုးရှိပေသည်။

ထိုဘက်နှစ်ဘက်တို့တွင် နှင်းဆီပန်းကဲ့သို့ အမြင်ခံပစ္စည်းများ (ဝါ)မြင်စရာများကား တစ်လောကလုံးအပြည့်ရှိ၏၊ မြင်သောလူဘက်၌ လည်း အသက်ရှိနေသမျှ ဘဝင်စိတ်နှင့်နိုးစိတ်များ (ဝီထိစိတ်များ)မပြတ် ရှိနေသည်သာ ဖြစ်၏။


သို့သော် မျက်စိအကြည်ရုပ်မှာမူ အမြဲမရှိပေ၊ ပသာဒပျက်ပြီး ကန်းနေသူအား မျက်စိအကြည်ရုပ်မရှိ၊ သူသည် မည်သည့်အဆင်းကိုမျှ မမြင်နိုင်ပေ၊ မျက်စိမှိတ်ထားခိုက်၌လည်းမျက်စိအကြည်ရုပ်သည်ပိတ်လှောင် ခံနေရ၏၊ ထို့ကြောင့် မမြင်ရချေ။ ပသာဒအကြည်ရုပ်မကောင်းပါလျှင် လည်း အမြင်မရှိပေ၊ မှုန်ဝါးရောထွေးနေ၏။

ဤသို့စဉ်းစားလျှင် မြင်မှုကြည့်မှုအပိုင်း၌ မျက်စိအကြည်ရုပ် (စက္ခုပသာဒ)သည် အခရာဖြစ်ကြောင်း တွေ့ရ၏၊ ထို့ကြောင့် ဆရာမြတ် တို့က မျက်စိအကြည်ရုပ်သည် မြင်မှုကိစ္စကိုအစိုးရ၏ ဟူ၍ ချီးကျူးပြောဆို ကြ၏၊ အစိုးရသည်ဟူသောမြန်မာဝေါဟာရနှင့်ညီမျှသော ပါဠိဝေါဟာရ တစ်လုံးမှာဣန္ဒြိယ(ဣန္ဒြေ)ဖြစ်၏၊ မျက်စိကို'စက္ခု'ဟုသိပြီးရကား၊ စက္ခုနှင့် ဣန္ဒြေကိုပေါင်းလျှင် စက္ခုန္ဒြေ(စက်ခုန်ဒရေ)ဟူသော အဘိဓမ္မာဝေါဟာရ တစ်လုံးကို ထပ်မံရလေသည်။

ဤတွင် မျက်စိအကြည်ရုပ်အရေးပါပုံကို ဆွေးနွေးတင်ပြသဖြင့် ရုပ်သည်ပို၍အရေးကြီးသည်ဟုအယူမလွဲထိုက်၊ သာကေဆိုသော်မှန်ကြည့်မှ မိမိမျက်နှာကိုမြင်ရ၏၊ မှန်မရှိလျှင်မမြင်ရ၊ ထို့ကြောင့် မှန်သည် မျက်နှာ ထက်ပို၍အရေးကြီးသည်ဟု မဆိုနိုင်သကဲ့သို့ ဖြစ်ပေသည်။

မျက်စိကောင်းသောလူသည် နှင်းဆီပန်းပွင့်ကို မြင်သောခဏ၌ အဆင်းမြင်တစ်ဝီထိ၊ အသိသုံးဝီထိ၊ နှစ်ရပ်ပေါင်း ၄–ဝီထိကျမှ ပန်းဒြပ် ထိအောင် သိကြောင်း ပြီးခဲ့သော ဆောင်းပါး၌ ဖော်ပြခဲ့ပြီး ဖြစ်၏၊ ဤအချက်ကို ပုံဖြင့်ပြသော် ဤသို့ဖြစ်ရာ၏။

အဆင်းမြင် ဝီထိ
ဆက်ဖြစ် ဝီထိ
အမည်သိ ဝီထိ
ဒြပ်သိ ဝီထိ



အဆင်း၊ အမည်၊ ဒြပ်

လူ၏စက္ခုဝိညာဏဝီထိစိတ်ကနှင်းဆီပန်း၏ပစ္စုပ္ပန်အဆင်းကိုမြင်၏၊ ဆက်ဖြစ်မနောဝိညာဉ်စိတ်က အတိတ်အဆင်းကို သိ၏၊ အမည်သိမနောဝိညာဉ်စိတ်က ပန်းဟူသောအမည်ပညတ်ကို သိ၏၊ ဒြပ်သိမနောဝိညာဉ်စိတ်က နှင်းဆီပန်းဒြပ်ဝတ္ထုကို သိ၏၊ ဤကဲ့သို့ ၄-ဝီထိကျမှ နှင်းဆီပန်းတစ်ခုလုံးကို မြင်လည်းမြင်၊ သိလည်းသိပေသည်။

ဤ၌ 'ဝီထိ' ဟူသော အဘိဓမ္မာဝေါဟာရသည် 'အစဉ်' 'စိတ်အစဉ်' ဟူသောအဓိပ္ပာယ်ရှိကြောင်း သိခဲ့ရပြီ၊ ထို့ကြောင့် 'ဝီထိစိတ်' ဟုတွေ့တိုင်း စိတ်သဘာဝတစ်ခုတည်းမဟုတ်၊ စိတ်အစဉ် (ဝါ) အစဉ်လိုက်ဖြစ်သောစိတ်များ (စိတ်အုပ်စုများ)ဟူ၍ အမှတ်ထားရမည်ဖြစ်ပေသည်။

အထက်ပါ အဆင်းမြင်စက္ခုဝိညာဏဝီထိ၌ အတီတဘဝင်၊ စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇–ကြိမ်) တဒါရုံ(၂-ကြိမ်)၊ စုစုပေါင်းစိတ် ၁၇–စိတ်ပါရှိပြီး၊ ထို ၁၇–စိတ်တို့တွင် ဘဝင်စိတ်(ဘဝဆက်စိတ်) က ၃–စိတ်၊ နိုးစိတ် (ဝီထိစိတ်)က ၁၄–စိတ်ပါရှိကြောင်း သိခဲ့ရပြီးဖြစ်သည်။

တစ်ဖန်-ဆက်ဖြစ်၊ အမည်သိ၊ ဒြပ်သိ မနောဝိညာဉ်ဝီထိ ၃–မျိုးတို့တွင် တစ်ဝီထိ တစ်ဝီထိ၌ အတီတဘဝင်၊ စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ ဇော (၇–ကြိမ်) တဒါရုံ (၂–ကြိမ်)စီ ပါဝင်ပြီး၊ ဘဝင်စိတ် ၃–မျိုး၊ နိုးစိတ် ၃–မျိုး၊ ၁၀–ကြိမ်စီပါဝင်ကြောင်း သိခဲ့ရပြီးဖြစ်၏၊ ဆိုခဲ့ပါအဆင်းမြင်၊ ဆက်ဖြစ်၊ အမည်သိ၊ ဒြပ်သိ၊ ၄–ဝီထိစိတ်များ၌ ဘဝင်စိတ်ပေါင်း ၁၂-စိတ်၊ နိုးစိတ် (ဝီထိစိတ်)ပေါင်း ၄၄-စိတ်

ဖြစ်ပြီးမှ နှင်းဆီပန်းကလေးကို မြင်ခြင်း, သိခြင်း နှစ်ကိစ္စပြီးမြောက် ကြောင်းကိုလည်း သိရပေသည်။

ဤစိတ်အားလုံးသည် 'နှင်းဆီပန်း' ဟူသော မြင်စရာအာရုံကို အကြောင်းပြုပြီး ဖြစ်လာသောစိတ်များပေတည်း။ သို့သော် ဤစိတ်အုပ်စု အတွင်းရှိစိတ်တို့၏အာရုံပြုပုံများမူကား တစ်ခုနှင့်တစ်ခု မတူချေ။

ဘဝင်စိတ်အားလုံးသည် နှင်းဆီပန်းကိုအာရုံမပြုကြ၊ မိမိတို့အာရုံ ပြုနေကျဖြစ်သော အာရုံတို့ကိုသာ အာရုံပြု၏၊ ဘဝင်စိတ်များပြုသည့် အာရုံတို့မှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ တစ်မျိုးမျိုးဖြစ်ကြောင်း ယခင် ဆောင်းပါးများ၌ ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်၏။

'အာရုံပြုသည်' ဆိုသော စကား၏အနက်မှာ အကြောင်းပြုသည်၊ မွေ့လျော်ကျက်စားသည် ဟုဆိုလို၏၊ဤအနက်မှာ အနီးစပ်ဆုံးအနက်သာ ဖြစ်၏၊ ထပ်တူဟူ၍ကား မဆိုသာချေ။

ပထမဆုံး အဆင်းမြင်ဝီထိ၌ပါသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ပစ္စုပ္ပန်တည်ရှိဆဲဖြစ်သော နှင်းဆီပန်းအဆင်းကို အာရုံပြု၏၊ သို့သော် ဘာပါလိမ့်ဟု ဆင်ခြင်သည့်သဘောကလေးမျှသာဖြစ်၏၊ ဤသို့ဆင်ခြင် သည့်သဘာဝကလေးသည် နိုးစိတ်များ (ဝီထိစိတ်များ) ဆက်ဖြစ်လာ စေရန် တံခါးဖွင့်ပေးလိုက်သကဲ့သို့ဖြစ်၏၊ တစ်နည်းဆိုရသော် ဘဝင်စိတ် များနှင့် နိုးစိတ်များကြားက အောင်သွယ်ပေးသော သဘောဖြစ်၏၊ တစ်နည်းဆိုရပြန်သော် မော်တော်ယာဉ်လက်ပြရဲသားသည် မလိုသောဘက် မှကားများကို ရပ်တံ့စေပြီး လိုသောဘက်မှကားများကိုသွားစေသကဲ့သို့ အတောမသတ်ဖြစ်နေသော ဘဝင်စိတ် (အိပ်စိတ်)များကို ဖြတ်လိုက်ပြီး ရပ်တန်းကရပ်စေပြီး ဝီထိစိတ်များဖြစ်လာအောင် ပြုလုပ်ပေးရာရောက် ပေသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သည်နှင့်တစ်ပြိုင်နက် စက္ခုဝိညာဉ်စိတ် ဥပါဒ်ဖြစ်ပေါ်လာ၏၊ ဤစက္ခုဝိညာဉ်စိတ်သည်သာ မျက်စိအကြည်ရုပ် (မှန်သား) ကလေး၌ ထင်ရှားနေသော ပစ္စုပ္ပန် ပန်းအဆင်းကလေးကို မြင်လေသည်။ ခါတ်ပုံရိုက်ကင်မရာ ခလုတ်ကလေးကို နှိပ်သည့်အခါ ရှေ့ကမှန်ဘီလူးပွင့်ပြီး ဖလင်မှာ ရုပ်ပုံထင်ဟပ်သွားသကဲ့သို့ အဆင်းရူပါရုံ ကလေးသည် စိတ်၌ထင်သွားလေသည်။

စက္ခုဝိညာဉ်စိတ်ကလေး ချုပ်သွားသည့်အခါ ပန်းအဆင်းရူပါရုံကလေးကား မချုပ်သေး၊ တည်ရှိနေတုန်းပင်ဖြစ်၏၊ ထို့ကြောင့် သူ့ကို အာရုံပြုပြီး စိတ်တွေဆက်ဖြစ်လာကြ၏၊ ပထမဦးစွာဖြစ်လာသောစိတ်သည် ထိုအဆင်းအာရုံကို ခံယူသည့်သဘောမျှသာရှိ၏၊ အခြားထူးခြားသည့် ဆောင်ရွက်ချက်မရှိ၊ ထို့ကြောင့် သူ့ကို သမ္ပဋိစ္ဆန (သမ္ပဋိစ္ဆိုင်း) စိတ်ဟု အမည်ပေး၏၊ (သမ္ပဋိစ္ဆန = ခံယူခြင်း) ဥပမာ သစ်သားရှည်တစ်ချောင်းကို စုပေါင်းထမ်းကြသည့်အခါ အလယ်ကနေကူပြီး 'မ'ပေးသည့် သဘောမျိုး ဖြစ်လေသည်။

သမ္ပဋိစ္ဆိုင်း စိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် တစ်ဆက်တည်းပေါ်လာသည့်စိတ်မှုကား၊ အဆင်းရုပ်ကလေးကို စူးစမ်းသကဲ့သို့ ဖြစ်လာ၏၊ ဘာလဲ ဘာလဲ ... လော၊ ဆိုသလားစသည်ဖြင့် စုံစမ်းသမှုပြုသည့်သဘော ရှိ၏၊ ထို့ကြောင့် သူ့ကို သန္တီရဏစိတ် (သန္တီရဏ = စုံစမ်းခြင်း) ဟူ၍ အမည်ပေးခဲ့၏။

သန္တီရဏစိတ်ချုပ်ပြီးနောက် ဆက်ဖြစ်လာသောစိတ်မှုကား သာမန်မဟုတ်တော့ပဲ အဆင်းရူပါရုံကို ကျကျနနဖမ်းယူပြီး အရသာပေါ်အောင် ဆောင်ရွက်၏၊ အရသာဖော်ဆောင်သည့်ကိစ္စ၌ ဥပါဒ်ဋ္ဌီဘင် စိတ်တစ်ချက် စာမျှနှင့် မရတော့ပေ၊ ထို့ကြောင့်ဤစိတ်မျိုးချည်း ခုနစ်ကြိမ်ထပ်၍ဖြစ်ရပေသည်။ စိတ်အမျိုးအစားကား တစ်မျိုးတည်း၊ သို့သော် ဖြစ်တည်ပျက်၊ ဖြစ်တည်ပျက်၊ ခုနစ်ခါဖြစ်သည်ဟုဆိုလိုပါသည်။ ဤသို့ ထပ်တလဲလဲဖြစ်သောအခါအရှိန်အဟုန်သဘောဝင်လာ၏၊ လူတစ်ယောက်တည်း ခြေလှမ်းခုနစ်လှမ်းစာ လှမ်း၍ပြေးသကဲ့သို့ဖြစ်၏။ လျင်မြန်သည့်သဘောကိုဆောင်၏၊ ထို့ကြောင့် ဤစိတ်ခုနစ်စိတ်ကို ဇဝန (ဇော)စိတ်ဟု ခေါ်ရလေသည်။ (ဇဝန = အလျှင်အမြန်၊ အဟုန်) ဤဇောစိတ်သည် အဆင်းအာရုံ၏ အရသာကို ... သည်ဟု ဤမျှသာ မှတ်ခဲ့ပါဦး။

ချုပ်သွားသည့် ဇောစိတ်ချုပ်သည့်အခါ အဆင်းအာရုံသည်မချုပ်သေး၊ ရှိသေး၏၊ ထို့ကြောင့် ထိုတည်ရှိဆဲအဆင်းအာရုံကိုယူ၍ စိတ်နှစ်ကြိမ်ထပ်ဖြစ်လာပြန်၏၊ ထိုစိတ်သည် ဇောစိတ်နောက်၌ဖြစ်ရသောကြောင့် ဇော၏ အရှိန်နောက်သို့ ပါသွား၏။ သင်္ဘောခုတ်မောင်းရာ၌ ... ပဲ့ပိုင်းမှ

ရေသည် သဘော်နောက်သို့ အတန်ငယ်လိုက်သကဲ့သို့ဖြစ်ကြောင်း ဆရာမြတ်တို့ ဥပမာပေးကြ၏။ ထိုသို့ဇောနောက်လိုက်သည်ကို တဒါရမ္မဏ (တဒါရုံ)ဟု ခေါ်၏၊ ထိုဇောစိတ်၏ အာရုံဖြစ်သောအဆင်းရုပ်ကိုပင် အလိုက်သင့် အာရုံပြုသောစိတ်ဟူ၍ ဆိုလို၏။

ထိုတဒါရုံစိတ် နှစ်ကြိမ်ချုပ်သောအခါ၌မူ အဆင်းရုပ်သည်လည်း ခဏငယ် ၅၁–ချက်ပြည့်၍ ချုပ်လေ၏၊ ဒုတိယတဒါရုံစိတ်နှင့် အဆင်းရုပ်သည် တစ်ပြိုင်နက်ချုပ်ကြ၏၊ ဤတွင် တစ်ခန်းရပ်၏၊ ဆက်ပြီးနိုးစိတ်များ မဖြစ်ပါက ဘဝင်သို့ပြန်ဆက်သွားမည်ဖြစ်၏၊ သို့သော် စိတ်အုပ်စုများကား ဆက်ဖြစ်လာပေဦးမည်။

နှစ်ဖက်လှ

(၁၉၇၁–ခု၊ စက်တင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ဘယ်လိုပါလိမ့်

လွန်ခဲ့တဲ့သီတင်းပတ်ထဲက မိတ်ဆွေတစ်ဦးနှင့်တွေ့ရာ သူက ပဋ္ဌာန်း ၂၄–ပစ္စည်းကို နေ့တိုင်းရွတ်နေကြောင်း၊ ဒါပေမယ့် အဓိပ္ပာယ်မသိလို့ သိချင်နေကြောင်း ဆရာအချိန်ရရင် နည်းနည်းရှင်းပြစေလိုကြောင်း ပြောပါသည်။ ပဋ္ဌာန်းအဓိပ္ပာယ်သိချင်သည်ဟု မေးသူများအနက် သူသည် ပထမမဟုတ်ပါ၊ ကျွန်တော့်အား လူများစွာက အကြိမ်များစွာ မေးခဲ့ဖူးပြီးဖြစ်ပါသည်။

ခက်သည်က ပဋ္ဌာန်း ၂၄–ပစ္စည်းကို သင်္ဂြိုဟ်အသိဉာဏ်အခြေခံ မရှိသူများအား အပြောခက်လှပါသည်၊ ဤကိစ္စမျိုးက ဘယ်လောက် အပြောကောင်းကောင်း၊ ဘယ်လောက်ရှင်းအောင် ပြောနိုင် ပြောနိုင် တစ်ထိုင်တည်းနှင့် နာခံသူနားပါးအောင် ဆွဲဆောင်နိုင်မည် မဟုတ်ပါချေ။

သို့ရာတွင် သူကျေနပ်အောင် အနည်းငယ်ရှင်းပြပြီး ဒါကိုနားလည်ဖို့က အဘိဓမ္မာအကျဉ်းချုပ် (သင်္ဂြိုဟ်)ကို တီးခေါက်မိဖို့လိုကြောင်း ရိပ်မိစေခဲ့ပါသည်၊ နောက်ပြီး ဆက်လက်သိချင်ရင်တော့ သိပ္ပံမဂ္ဂဇင်း ထဲမှာပါနေတဲ့ အဘိဓမ္မာဆောင်းပါးများကို ဖတ်ရှုလေ့လာသင့်ကြောင်း၊ ထိုဆောင်းပါးများသည် အဘိဓမ္မာကို တီးမိခေါက်မိနေသူများအတွက် မဟုတ်ပဲ လေးနက်တည်ငြိမ်သောပညာရပ်ကို ဝါသနာပါသည့် အဆင့်အတန်းရှိသော စာဖတ်ပရိသတ်အတွက် ရည် စူး ရေး သား နေ သော ဆောင်းပါးများဖြစ်၍ အဘိဓမ္မာအခြေခံ အသိဉာဏ်ရနိုင်ကြောင်း၊ ယင်း အဘိဓမ္မာဆောင်းပါးများမှတစ်ဆင့် အဘိဓမ္မာလမိုင်းကပ်လာသောအခါ ပဋ္ဌာန်း ၂၄–ပစ္စည်း၏အဓိပ္ပာယ်ကို နားလည်လာလိမ့်မည်ဖြစ်ကြောင်း ညွှန်းခဲ့ရပါသည်။

ပြီးခဲ့သောလကဆောင်းပါးကို ပြန်ဆက်ရပါလျှင် နှင်းဆီပန်းကလေး၏ ပစ္စုပ္ပန်အဆင်းရုပ်ကလေးသည် ခဏငယ် ၅၁–ချက်အသက် စေ့၍ ချုပ်သွားပြီဆိုကထဲက· သူသည် ကုန်ခဲ့လွန်ခဲ့သောအတိတ် ဖြစ်သွားပါသည်၊ ထိုအတိတ်ဖြစ်သော အဆင်းရုပ်ကလေးကိုအာရုံပြုပြီး ဆက်ဖြစ်မနောဝိညာဉ် တစ်ဝီထိဖြစ်ရာတွင် ဘဝင်စိတ် ၃–မျိုးသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်မျိုးမျိုးကိုပင် အာရုံပြု၍ချုပ်သွားပြီးနောက် မနောဒွါရာဝဇ္ဇန်းစိတ်ကလေး ပေါ်လာခဲ့သည်။

မနောဒွါရာဝဇ္ဇန်းဆိုသော စိတ်သဘောသည်ကား မနောစိတ်တံခါးဝသို့ ရောက်လာသော ထိုအတိတ် ပန်းအဆင်းကလေးကို ဆင်ခြင်သည့်သဘောပင် ဖြစ်လေသည်။ တစ်နည်းအားဖြင့် မနောဒွါရဟူသော စိတ်တံခါးကိုဖွင့်ပေးလိုက်သော သဘာဝပင်ဖြစ်ပေသည်။

ထို့ကြောင့် မနောဒွါရာဝဇ္ဇန်းစိတ် ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုအတိတ်အာရုံကိုခံယူလျက် ဇောစိတ်ခုနစ်ကြိမ် ဆက်တိုက်ဖြစ်လာလေသည်၊ ထိုစိတ်သည် တစ်မျိုးတစ်စားတည်း ခုနစ်ခါထပ်ဖြစ်သည့်အတွက် အရှိန်အဟုန်ရှိလာသောကြောင့် ဇောစိတ်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်၊ ထိုဇောစိတ်သည် မည်သည့်စိတ်မျိုးဖြစ်ကြောင်း ရှေ့တွင် ပေါ်လာပါလိမ့်မည်။

ထိုဇောခုနစ်ကြိမ်စောပြီးနောက် တဒါရုံစိတ် နှစ်မျိုးဖြစ်ကာ ဆက်ဖြစ်ဝီထိ တစ်ခန်းရပ်သွားပေသည်၊ ထိုဆက်ဖြစ် မနောဝိညာဉ်ဝီထိစိတ်များသည် မျက်စိအကြည်ရုပ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းကို ခွဲခြားမှတ်သားထားရန်ဖြစ်ပါသည်။ အတိတ်ဖြစ်သွားသော နှင်းဆီပန်းအဆင်းလေး၏နောက်သို့ တကောက်ကောက် လိုက်ဖြစ်နေသော စိတ်အုပ်စုသာဖြစ်လေသည်။

ဤကဲ့သို့ ဆက်ဖြစ်မနောဝိညာဉ် ဝီထိစိတ်များ ချုပ်သွားသည်နှင့် တစ်ပြိုင်နက် နှင်းဆီပန်းကလေးကို လူတို့ပညတ်ခေါ်ဝေါ်ထားသော အမည်နာမကိုအာရုံပြု၍ အမည်သိမနောဝိညာဉ်တစ်ဝီထိ ဆက်ဖြစ်လာလေသည်။ ဆိုလိုသည်မှာ အမည်သိဝီထိစိတ်များဖြစ်လာမှ သြော် ဒါ-ပန်းပါကလား၊ ဝါ၊ နှင်းဆီပန်းပါကလားဟု လှစ်ခနဲအသိပေါ်သွားပါသည်။

ဤ အမည်သိမနောဝိညာဉ် တစ်ဝီထိ ချုပ်လျှင်ချုပ်ခြင်း ဒြပ်သိစိတ်များ တန်းစီဖြစ်ပေါ်လာကြလေသည်။ ပန်းဒြပ်ဝတ္ထုကို သိသောစိတ်များပေတည်း။ တစ်နည်းဆိုရသော် ဤစတုတ္ထမြောက်ဝီထိစိတ်များဖြစ်လာမှ ပန်းဒြပ်ဝတ္ထုကိုသိသည့် အသိကလေး လှစ်ခနဲဖြစ်ပေသည်။

အသိကတော့ မြန်ပါဘိသည်၊ စိတ်၏လျင်မြန်နှုန်းကို ပြန်လည်သတိရလျှင်မျက်တောင်တစ်ခါခတ် အချိန်တိုကလေးအတွင်းမှာ ပန်းပွင့်ကလေးပါကလားဟု မြင်ပြီး ချက်ချင်းသိပြီး ဖြစ်လေသည်။

ဤအထိကား နှင်းဆီပန်းပွင့်ကလေးကို မျက်စိအောက်မှာချထား ပြီး ကြည့်သည့်အခါ ဘယ်လိုမြင်သည်၊ ဘယ်လိုသိသည်ဆိုသည့်အချက်ကို အာရုံပိုင်းမှနေပြီး စိစစ်ချက်ဖြစ်သည်။ မြင်သည့် သိသည့်အပိုင်း၌ တာဝန် ယူကြသော လူ၏စိတ်သဘာဝဂျလေးများသည် အာရုံကိုလက်ခံယူသော တရားများ၊ အာရုံရှိသောတရားများ ဟူသောအနက်အရ ပါဠိဘာသာဖြင့် အာရမ္မဏိကတရားများဟုလည်း ခေါ်သေး၏။

ရှေ့သို့ အဘိဓမ္မာလမ်းခရီးဆက်ကြဦးစို့ ဆိုလျှင် ထိုအာရမ္မဏိက ဖြစ်သည့် စိတ်ကလေးများသည် အဘယ်မှာအမှီပြု၍ ဖြစ်ကြသနည်းဟု သူတို့၏အခြေခံကို လိုက်စစ်ရန်ဖြစ်ပေသည်။

လူ၌ အကြမ်းဖျဉ်းအားဖြင့် ၃၂ ကောဋ္ဌာသ၊ ၃၂ စု ရှိ၏၊ ထို ၃၂—စုရှိသော ရုပ်ဒြပ်တို့တွင် အလွန်ကြည်သောရုပ်များ၌သာ စိတ်သဘာဝ များ တည်မှီဖြစ်လာနိုင်ကြသည်၊ ရုပ်ကြမ်းများ၌ အလွန်သိမ်မွေ့သော စိတ်သဘောဝများ မကပ်နိုင်ကြချေ၊ ဥပမာ ဆံပင် အမွေး ခြေသည်း လက်သည်းစသော ရုပ်များ၌ စိတ်သည် တည်မှီလာနိုင်ခြင်း မရှိချေ။

မျက်စိအတွင်း၌သော်မှ မျက်နက်ဝန်းအလည်၌ရှိသော အလွန့် အလွန်ကြည်လင်သန့်ရှင်းသော ပသာဒအကြည်ကလေး၌သာ စက္ခုဝိညာဉ် စိတ်ကလေး တည်မှီဖြစ်ပေါ်နိုင်၏။ ကိုယ်တွင်း၌လည်း အဆုတ်၊ အသည်း၊ အူ စသည်တို့မှာ ရုပ်ကြမ်းများဖြစ်၍ မနောဝိညာဉ်စိတ်သဘောဝများ မကပ်နိုင်ကြပေ၊ နှလုံးဗူးအတွင်း၌ရှိသော အင်မတန်ကြည်လင်လှသည့် သွေးရည်ကလေး၌သာ မနောဝိညာဉ်စိတ်များ တည်မှီဖြစ်လာနိုင်ကြ လေသည်။

ဥပမာဖြင့်ဆင်ခြင်လျှင်စန္ဒကူးပင်(နံ့သာဖြူပင်)တစ်ပင်ကိုကြည့်ပါ။ အရွက် အကိုင်း အခွံ အခေါက်တို့၌ အမွှေးရနံ့မတည်ပဲ အနှစ်၌သာ အမွှေးနံ့စွဲနေသည်ကို တွေ့နိုင်ကြလေသည်။ အပင်ကြီး၏အနှစ်ရင့်လေလေ အမွှေးရနံ့သင်းလေလေ ဖြစ်ပေသည်၊ နံ့သာပင်တစ်ပင်ထဲဖြစ်ပါလျက် သူ့ အပိုင်းနှင့်သူ ရနံ့တည်နေခြင်းကို ဆင်ခြင်ရာသည်။

ဤနည်းတူ လူ၏ကိုယ်ခန္ဓာတစ်ခုလုံး၌လည်း နေရာတကာသည် မနောဝိညာဉ်စိတ်များ မှီကပ်နိုင်သည်မဟုတ်၊ လူကိုယ်ခန္ဓာ၏ ဗဟိုချက်မ

ဖြစ်သော အကြည်ဆုံး သွေးရုပ်ကလေးများသာရှိသော နှလုံးသား အတွင်း၌သာ မနောဝိညာဉ်စိတ်သဘာဝကလေး မှီတင်းဖြစ်ပေါ်နိုင်ခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ စိတ်သဘာဝကလေးများ အမှီပြု၍ ဖြစ်လာနိုင်သော လူကိုယ်ရှိ အကြည်ရုပ်ကလေးများကို ဝတ္ထုရုပ်ဟူ၍ အဘိဓမ္မာကခေါ်လေသည်။

မျက်စိအတွင်း၌ စိတ်ဝိညာဉ်များ တည်မှီဖြစ်လာနိုင်သည့် ရုပ်အကြည်ရုပ်ကလေးရှိ၏။ မျက်နက်ဝန်းအလယ်က သူငယ်အိမ်တည်နေရာ၌ ထိုအကြည်ရုပ်ကလေးများ အပြည့်ရှိနေ၏၊ မျက်စိကို ပါဠိဘာသာဖြင့် စက္ခုဟုခေါ်ရကား မျက်စိအတွင်းရှိ စိတ်မှီရာရုပ်ကို စက္ခုဝတ္ထုရုပ်ဟု ခေါ်လေသည်။ ထိုစက္ခုဝတ္ထုရုပ်သည် စက္ခုဝိညာဉ် အမြင်စိတ်ကလေး ပေါ်လာဖို့အတွက် မှီရာတည်ရာဖြစ်လေသည်။

စက္ခုဝတ္ထုရုပ်သည် စက္ခုပသာဒ မျက်စိအကြည်ရုပ်ပင် ဖြစ်၏၊ သူ့ကိုအမှီပြု၍ဖြစ်လာသောစိတ်ကို စက္ခုဝိညာဉ်စိတ်ဟူ၍ ခေါ်ခြင်းဖြစ်သည်။ အဘိဓမ္မာစကားဖြင့်ပြောလျှင် စက္ခုဝိညာဉ်စိတ်သည် စက္ခုဝတ္ထုကို မှီသည်ဟု ပြောရ၏။ တစ်နည်းအားဖြင့် စက္ခုဝတ္ထုကိုအမှီပြု၍ စက္ခု ဝိညာဉ်စိတ်ပွင့်လာသည်ဟူ၍လည်း ပြောဆိုနိုင်ပေသည်။

ထိုနည်းတူ နှလုံးဗူးအတွင်း၌တည်ရှိသော ရုပ်အကြည်ကလေးသည် လည်း နာမ်တရားများ အမှီပြု၍ဖြစ်စရာ နေရာဖြစ်၍ ဝတ္ထုရုပ်ဟု ခေါ်ရ၏။ ထိုနှလုံးအကြည်ဝတ္ထုရုပ်သည် စိတ်ဝိညာဉ်သဘာဝများဖြစ်ပေါ်ရာ ဖြစ်၍ စိတ္တဝတ္ထုရုပ် (ဝါ) မနောဝတ္ထုရုပ်၊ ဝိညာဏဝတ္ထုဟူ၍ ခေါ်ဝေါ်နိုင်၏။ သို့ရာတွင် စိတ်၊ ဝိညာဉ်ဟူသောအနက်ကို ဖော်ပြသော အခြားဝေါဟာရတစ်လုံးမှာ "ဟဒယ" ဖြစ်၏၊ ဟဒယသည် စိတ်၊ ဝိညာဉ်ဟူသောအနက်ကို ဖော်ပြနိုင်၏၊ သို့ဖြစ်၍ စိတ္တဝတ္ထု ဝိညာဏ ဝတ္ထုဟုခေါ်မည့်အစား ပို၍ရှင်းစေရန် ဟဒယဝတ္ထုဟုသုံးနှုန်းကြလေသည်၊ ဟဒယဝတ္ထုဟူသောစကား၏အဓိပ္ပာယ်ကား ဟဒယခေါ်သော စိတ်ဝိညာဉ်သဘာဝများ အမှီပြု၍ ဖြစ်ဖြစ်လာသော ဝတ္ထုရုပ် (ဝါ) မှီရာရုပ်ဟူ၍ ဖြစ်ပေသည်။

နှင်းဆီပန်းကလေးကိုမြင်သောခဏ၌ ဖြစ်ကြရသောစိတ်အစဉ်များတွင် ဘဝင်စိတ်များသည် အဆိုပါ ဟဒယဝတ္ထုရုပ်ကိုသာအမှီပြု၍ ဖြစ်ပေသည်။ နိုးစိတ်များရပ်ဆိုင်းပြီး ဘဝင်ကျနေသော အချိန်တိုင်းမှာ ဟဒယရုပ်အကြည်ကိုအမှီပြု ဘဝင်၏အကြောင်း ဘဝင်စိတ်များဖြစ်ရလေသည်၊ အဘိဓမ္မာစကားဖြင့်ဆိုသော် ဘဝင်စိတ်များသည် ဟဒယဝတ္ထုရုပ်ကို မှီသည်ဟူ၍ဖြစ်ပေသည်။

ထို့နည်းတူ စက္ခုဝိညာဉ်စိတ်မှတစ်ပါး ကျန်သမျှစိတ်ပေါင်း (၄၃)စိတ်သည်လည်း ဟဒယဝတ္ထုရုပ်ကိုသာအမှီပြု၍ ဖြစ်ကြရလေသည်၊ ဤကား လုံး၍ပြောခြင်းဖြစ်၏၊ ဝီထိ(စိတ်အစဉ်)အလိုက် အနုစိတ်ကြည့်သော် ဤသို့တွေ့နိုင်၏။

စိတ်၏မှီရာဝတ္ထုရုပ်သည် သဘာဝတရားပင်ဖြစ်၍ ဥပါဒ်ဌီဘင်စနစ်ဖြင့် မပြတ်ဖြစ်ချုပ်နေ၏၊ အဟောင်းအဟောင်းများ ချုပ်၍ချုပ်၍သွားသည့်နေရာမှာ အသစ်အသစ်များ အစားဝင်၍ဖြစ်၏၊ တစ်ခုပြီးတစ်ခု အဆက်မပြတ်ဖြစ်နေ၏၊ ဤအချက်ကို အခြေခံထားအပ်၏။

မျက်စိအတွင်းရှိ စက္ခုဝတ္ထုရုပ်သည် ယင်းသို့မပြတ်ဖြစ်နေသည့်အတွက် စက္ခုဝတ္ထုရုပ်ပေါင်းများစွာ ရှိ၏၊ ထိုစက္ခုဝတ္ထုရုပ်အားလုံးကို စက္ခုဝိညာဉ်စိတ်က အမှီမပြုနိုင်၊ သို့ဖြစ်လျှင် မည်သည့် စက္ခုဝတ္ထုရုပ်ကို အမှီပြုနိုင်သနည်း၊ စီစစ်ရန်လိုလာ၏။

စိတ်ကိုမှတည်၍ဆိုသော် အတီတဘဝင်စိတ်မတိုင်မီက စိတ်တို့၏ ဥပါဒ်ဌီဘင်တိုင်း၌လည်း စက္ခုဝတ္ထုရုပ်များ တဖွားဖွား ဖြစ်နေ၏၊ အတီတဘဝင်ဥပါဒ်ဌီဘင်တို့၌လည်း ဖြစ်၏။ စလနဘဝင်စသော နောက်နောက်စိတ်တို့၌လည်း ဖြစ်၏၊ အဆင်းမြင်ဝီထိစိတ်များမဖြစ်ပဲ မျက်စိမှိတ်ထားသောအခါ အိပ်နေသောအခါတို့၌လည်း မျက်စိထဲ၌ စက္ခုဝတ္ထုရုပ်များ မပြတ်ဖြစ်နေသည်သာတည်း။

ဤသို့များပြားလှသော စက္ခုဝတ္ထုအကြည်ရုပ်များအနက်မည်သည့်ရုပ်ကိုမှီပြု၍ စက္ခုဝိညာဉ် အမြင်စိတ်ကလေးဖြစ်သနည်းဟု ရှာရာတွင် ရုပ်သက်သည် ခဏကြီး ၁၇-ချက် သို့မဟုတ် ခဏငယ် ၅၁-ချက်ရှိသည်ကို မှတည်ရန်ဖြစ်ပေသည်။ ရုပ်သက်ကိုမှတည်၍ရှာသော် အတီတဘဝင်စိတ်၏

ဥပါဒ်ခဏဖြစ်သော စက္ခုဝတ္ထုအကြည်ရုပ်သည် ဒုတိယ တဒါရုံစိတ်ချုပ်သည့်အခါ ခဏငယ် ၅၁–ချက်ပြည့်၍ချုပ်လေသည်။ အတီတဘဝင်စိတ်နှင့်အတူဖြစ်သော စက္ခုဝက္ခုရုပ်သည်သာ စိတ် ၁၇–ချက် (ဝါ) တစ်ဝီထိစာတည်တံ့၏၊ ထို့ကြောင့် အတီတဘဝင်စိတ်နှင့်အတူဖြစ်သော စက္ခုဝက္ခု မျက်စိအကြည်ရုပ်ကလေးကိုသာအမှီပြု၍ စက္ခုဝိညာဉ်အမြင်စိတ်ကလေး ပွင့်လာခြင်းဖြစ်ကြောင်း အနုစိတ်မှတ်သားနိုင်လေသည်။

တစ်ဖန် စက္ခုဝိညာဉ်စိတ်မှတစ်ပါး၊ ကျန်သောဝီထိစိတ် (၄၃) စိတ်တို့သည် ဘာကိုမှီ၍ ဘယ်လိုဖြစ်ကြသနည်း၊ သိရန်လိုသေး၏။

ဟဒယဝတ္ထုဟုခေါ်သော နှလုံးသွေး အကြည်ရုပ်ကလေးသည် စိတ်ဖြစ်တိုင်းဖြစ်တိုင်း မပြတ်ဖြစ်နေသော ရုပ်မျိုးတည်း၊ စိတ်တို့၏အမှီကို အမြဲခံယူနေ၏၊ တစ်နည်းဆိုရသော် စိတ်တွေမပြတ်ဖြစ်နေဖို့ အင်္ဂါတစ်ရပ်ဖြစ်လေသည်။

အထက်တွင်ဖော်ပြခဲ့သော အဆင်းမြင်၊ ဆက်ဖြစ်၊ အမည်သိ၊ ဒြပ်သိ ဝီထိစိတ်အုပ်စု ၄-မျိုးထဲ၌ပါသော စက္ခုစိတ်မှတစ်ပါး၊ အတီတဘဝင်၊ စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းစသော စိတ်အစဉ်အတန်း၌ မိမိ၏ရှေ့ရှေ့စိတ်၌ဖြစ်သော ဟဒယဝတ္ထုကို မှီ၍မှီ၍ဖြစ်ကြလေသည်။ ဆိုလိုသည်မှာစလနဘဝင်သည် မိမိရှေ့အတီတဘဝင်နှင့်အတူဖြစ်သော ဟဒယဝတ္ထုရုပ်ကို အမှီပြုသည်၊ ဥပစ္ဆေဒဘဝင်သည် မိမိရှေ့စလနဘဝင်၏ ဥပါဒ်ခဏဖြစ်သော ဟဒယဝတ္ထုရုပ်ကို အမှီပြုသည်။ ပဉ္စဒွါရာဝဇ္ဇန်းသည် မိမိရှေ့ဥပစ္ဆေဒဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုကိုမှီသည်။ ဤသို့စသည်ဖြင့် ရှေ့ရှေ့စိတ်၏ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်စိတ်က အမှီပြု၍ဖြစ်လေသည်။

အကျဉ်းချုပ်မှတ်ရန်မှာ လူ၏နှလုံးအကြည်ရုပ်ကလေးကိုအမှီပြုပြီး ဘဝင်စိတ်တွေမပြတ်ဖြစ်နေသည်၊ နှင်းဆီပွင့်ကလေး၏အဆင်းနှင့် မျက်စိအကြည်ရုပ်ဆိုင်မိသောအခါ အဆင်းမြင်ဝီထိဖြစ်သော ၄–ဝီထိစိတ်တွေဖြစ်လာပြီး ပန်းကလေးကို မြင်သည် သိသည်၊ ထိုဝီထိစိတ်များအနက်

စက္ခုဝိညာဉ် အမြင်စိတ်သည် မျက်စိထဲက စက္ခုဝတ္ထုအကြည်ရုပ်ကလေးကိုအမှီပြုပြီး ဖြစ်လာသည်။ ကျန်သမျှစိတ်တို့သည် နှလုံးသွေးကို နေရာယူပြီး မပြတ်ဖြစ်နေသော ဟဒယဝတ္ထုရုပ်များထဲက မိမိ၏ရှေ့ရှေ့က ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ မှီ၍ ဖြစ်ကြသည်။

ဤအချက်ကို သေသေချာချာစဉ်းစားလျှင် စိတ်သည် အာရုံရုပ်နှင့် အမှီခံဝတ္ထုရုပ် နှစ်မျိုးကိုအကြောင်းပြု၍ ဖြစ်လာသော သဘာဝတစ်ရပ်ဟုသိနိုင်သည်၊ သို့မဟုတ် နှင်းဆီပန်းနှင့်မျက်စိအကြည်၊ နှလုံးအကြည်၊ သုံးမျိုးရှိမှ မြင်သိစိတ်များဖြစ်လာကြသည်ဟု သိနိုင်သည်၊ ထို့ကြောင့်—

"စက္ခုံစပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"

စက္ခုအကြည်ရုပ်ကိုလည်းကောင်း၊ အဆင်းရူပါရုံကိုလည်းကောင်း၊ အစွဲပြုပြီး စက္ခုဝိညာဉ်အမြင်စိတ် ဖြစ်လာရသည် ဟု ဟောထားခြင်း ဖြစ်ပေသည်။

**နှစ်ဖက်လှ**
(၁၉၇၁–ခု၊ အောက်တိုဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# စေတသိက်နှင့်ဒုံးယာဉ်
# ဟူကြီး-၄-တူ

'မျက်စိဖြင့်ဘယ်လိုမြင်သလဲ' ဟူသောအချက်ကိုဦးတည်၍ ဗုဒ္ဓအဘိဓမ္မာ ဗဟုသုတပညာရပ်အရ၊ မျက်စိဖြင့် မြင်ပုံမြင်နည်းကို လေ့လာနေကြပါသည်၊ ပြီးခဲ့သောဆောင်းပါး ၁၃–ပုဒ်တို့ဖြင့် အမြင်ခံဘက်၌ နှင်းဆီပန်းကလေးကို သာဓကတင်၍ အာရုံပိုင်းကိုပြောခဲ့ပါသည်၊ မြင်သည့်ဘက်၌ စိတ်ကိုလည်းကောင်း၊ စိတ်၏အမှီပြုရာ ပသာဒရုပ် နှင့် ဝတ္ထုရုပ်တို့ကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

မြင်သည့်ဘက်၌စိတ်ကိုတင်ပြခဲ့ရာ နားမရှုပ်စေရန်စိတ်တစ်ခုတည်း၏သဘောကိုသာ ရေးခဲ့ပါသည်၊ သို့ရာတွင်တကယ်ဖြစ်ရာ၌ စိတ်သဘာဝတစ်ခုတည်းသာမဟုတ်၊ စိတ်ကိုမှီတွယ်ပြီး စိတ်ကို ချယ်လှယ်သည့် အရေးကြီးလှသော သဘာဝရုပ်များလည်း ပါရှိနေပါသည်၊ ထိုစိတ်နှင့်အတူဖြစ်သည့် နာမ်သဘာဝများကို ယခုဆက်လက် ဆွေးနွေးသွားမည်ဖြစ်ပါသည်။

အကြောင်းတရားညီညွတ်၍ စိတ်ဖြစ်သည့်အခါတိုင်း စိတ်နှင့်အတူဖြစ်သော သဘာဝကို ပါဠိဘာသာဖြင့် 'စေတသိက' (စေတသိက်) ဟုခေါ်ပါသည်၊ စေတသိက်ဟူသောဝေါဟာရ၏အနက်မှာ စိတ်၌မှီ၍ဖြစ်သောတရားဟု ဆိုလိုပါသည်၊ စိတ်၌မှီ၍ဖြစ်သောတရားဆိုသောအချက်ကိုအလေးအနက်စဉ်းစားလျှင်၊ စိတ်အမှီမရပါက မဖြစ်၊ သူ့ချည်းမဖြစ်ဟူသောအနက်သည် အလိုလိုအကျုံးဝင်ပြီးဖြစ်ပေသည်၊ ထို့ကြောင့်စေတသိက်ဟုခေါ်သောသဘာဝတစ်ရပ်သည်သူ့ဟာသူသူချည်းသက်သက်မည်သည့်နည်းနှင့်မျှဖြစ်နိုင်ရိုးမရှိ၊ စိတ်သဘာဝကိုမှီရမှာသာ ဖြစ်သည်ဟူသောအချက်တစ်ရပ်ကို မှတ်သားနိုင်ပေသည်။

ရုပ်ဝါဒကို တရားသေကိုင်ထားသောသူမျိုးမှတစ်ပါး အခြားသူတို့သည် "စိတ်"ကို သဘောပေါက်နားလည်ရန် အလွန်ကြီးမခဲယဉ်းပေ၊ သို့သော် "စေတသိက်"ကို သိဖို့ကား ဆပ်ဆင့်ခက်ခဲနေတတ်သည်၊ ထို့ကြောင့် စေတသိက်ဆိုတာ အထူးမဟုတ်ပါဘူး၊ စိတ်၏ဂုဏ်သတ္တိမျှသာဖြစ်သည်ဟု အတင်မှားတတ်သည်၊ အမှန်စင်စစ် စိတ်သည် သဘောတရား

တစ်ခု၊ စေတသိက်သည် သဘောတရားတစ်ခုသာဖြစ်သည်၊ စိတ်သည် သူ့လက္ခဏာနှင့်သူ၊ သူ့ကိစ္စနှင့်သူ၊ သူ့အကျိုးနှင့်သူ၊ သူ့အကြောင်းခံနှင့် သူသာဖြစ်သည်၊ စေတသိက်သည်လည်း သူ့လက္ခဏာနှင့်သူ၊ သူ့ကိစ္စနှင့်သူ၊ သူ့အကျိုးနှင့်သူ၊ သူ့အကြောင်းခံနှင့်သူသာဖြစ်သည်၊ ဤသို့ အရင်းခံ အကျဆုံး သဘာဝပစ္စမ်းရည်များကို မြင်နိုင်သိနိုင်မှသာ စိတ်နှင့်စေတသိက် သဘောတရားနှစ်ရပ်ကို ကွဲပြားစွာမှတ်ယူနိုင်မည်ဖြစ်သည်။

သိမ်မွေ့နက်နဲသော သဘောတရားများကို လေ့လာရာတွင် သတိ တစ်ခုထားရန်လိုအပ်ပါသည်၊ ထိုသတိကား အခြားမဟုတ်၊ မိမိနှင့် မိမိ လေ့လာနေသော သဘောတရားများကို ထုတ်ဖော်ခဲ့သည့်ပုဂ္ဂိုလ်နှင့် နှစ်ဦးသားအကြားတွင်ရှိနေသော ခြားနားချက်ကို မျက်ခြည်မပြတ်ရန် သတိဖြစ်ပါသည်။ လက်ရှိအဘိဓမ္မာကို ဗုဒ္ဓမြတ်စွာဘုရားက စတင်ထုတ် ဖော်ဟောကြားခဲ့သည်၊ မြတ်စွာဘုရားထံမှနည်းရ၍ ရှင်သာရိပုတ္တရာက ဆက်ဟောခဲ့သည်။ ရှင်သာရိပုတ္တရာထံမှနည်းရ၍ ထေရဝါဒရဟန်းသံဃာ အဆက်ဆက်က လေ့ကျင့်သင်ကြားဆောင်ကြဉ်းလာကြသည်၊ သို့ဖြစ်၍ အဘိဓမ္မာကိုဟောကြားသော ဘုရားရဟန္တာများနှင့် မိမိနှင့် ခြားနား ချက်ကို သတိချပ်ထားအပ်သည်။ အဘိဓမ္မာပညာသည်။ ဘုရားဉာဏ်ဖြင့် မြင်၍ဟောခဲ့သောပညာဖြစ်သည်။ မိမိတို့ဉာဏ်သည် ဘုရားဉာဏ်နှင့် မည်မျှ ကွာခြားကြောင်း ချင့်တွက်တတ်ရပါမည်။

သို့ရာတွင် မိမိကိုယ်ကို ဘုရားရှင်နှင့် ဉာဏ်ရည်တူရမည်ဟု မဆိုလို၊ ဉာဏ်ရည်တူလျှင်လည်း အဘိဓမ္မာပညာကို လေ့လာသင်ယူနေရန်ပင် မလို၊ မိမိကိုယ်တိုင်က စတင်ထုတ်ဖော်ဟောနိုင်မည်သာ ဖြစ်သည်၊ ရှင်သာရိ ပုတ္တရာလောက် ဉာဏ်ကြီးဖို့လည်း မလိုပါ။

သို့ဖြစ်သောကြောင့် အဘိဓမ္မာပညာကိုလေ့လာသင်ယူသော မိမိတို့ အနေဖြင့် အဘိဓမ္မာပညာရပ်အပေါ်၌လည်းကောင်း အဘိဓမ္မာပညာကို ဟောကြားခဲ့သော ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာတို့၏ အပေါ်၌ လည်းကောင်း အပြည့်အဝယုံကြည်မှုရှိထားနိုင်ရန် လိုပေသည်၊ သဒ္ဓါ လက်ကိုင်ပြုရမည် ဟူလို။

(၁၁)

ဤကဲ့သို့ ဘုရားဉာဏ်နှင့် မိမိဉာဏ် မတူပါကလားဟူသော သတိ၊ အဘိဓမ္မာပညာနှင့် ပညာရှင်ဘုရားအပေါ် သက်ဝင်ယုံကြည်မှု၊ သဒ္ဓါနှင့် မိမိစွမ်းနိုင်သလောက် ဆင်ခြင်တတ်သော ဉာဏ်ပညာ ထပ်ခါတလဲလဲ လေ့လာမှုဝီရိယ ဤကဲ့သို့ သတိ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ လေးဖြာကို ပညာရပ်မြေပြင်၌အခြေစိုက်၍ လေ့လာလျှင်၊ အမြင်မှား၊ အထင်မှား၊ အသိမှားမှုတို့မှကင်းလွတ်ပြီး မိမိဉာဏ်စွမ်းဉာဏ်စရှိသလောက် လေ့လာ အားရှိသလောက် တစ်နေ့ထက်တစ်နေ့ တိုးတက်သိမြင်လာမည်ဖြစ်ပါသည်။

အချို့သော ဗုဒ္ဓအဘိဓမ္မာသဘာဝတို့သည်ကား စာကိုဖတ်၍ လေ့လာနေရုံမျှဖြင့် မည်သည့်အခါမှ သဘောပေါက်နားလည်မည်မဟုတ်၊ သူ့အတိုင်းမှတ်ထားရုံထက် မပိုပေ။ ကိုယ်တိုင်သဘောပေါက် နားလည် ရန်ကား အလုပ်ခွင်ချ၍ အားထုတ်ကြည့်မှ ပီပီပြင်ပြင် သိမြင်သဘော ပေါက်လာနိုင်ပေသည်၊ ဥပမာ စိတ္တာနုပဿနာကမ္မဋ္ဌာန်း (စိတ်ကိုထပ် တလဲလဲ ရှုမြင်သောအလုပ်ခွင်)မျိုးကို လက်တွေ့အားထုတ်ဆောင်ရွက်ခြင်း မျိုးဖြစ်ပေသည်။

ကျွန်ုပ်သို့ စကားခင်းခြင်းကား အကြောင်းမဲ့မဟုတ်၊ စေတသိက်ကို နားလည်ခဲ့ကြသည့်အတွက် ဖြစ်သည်၊ မိမိတို့နားလည်မှုလိုခြင်းကိုလည်း လိုမှန်းမသိဘဲ၊ အဘိဓမ္မာပညာရပ်မှ ချော်သွားတတ်ကြသောကြောင့် ဖြစ် ပေသည်။

သိပ္ပံပညာရှင်တို့သည် စာအုပ်ဖတ်ရုံမျှဖြင့်လည်းကောင်း၊ သူတစ်ပါး ပြောဟောသည်ကို နားထောင်ရုံမျှဖြင့်လည်းကောင်း၊ သိပ္ပံအသိဉာဏ်ကို ရရှိကြသည်မဟုတ်ပေ။ စာ၏ရည်ညွှန်းချက်ကို လည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကိုလည်းကောင်း အသုံးချ၍ အပတ်တကုတ် စမ်းသပ်လေ့ လာရှာဖွေဖန်များသာ ထူးခြားသောသိပ္ပံအသိဉာဏ်ကို ရရှိအောင်မြင် ခြင်းဖြစ်သည် မဟုတ်ပါလော။

ဗုဒ္ဓအဘိဓမ္မာပညာကို သိပ္ပံအောက် မည်သူမျှ လျော့တွက်ကြသည် မဟုတ်ပေ၊ သဘောတရားပိုင်းတွင် အနက်နဲဆုံး ပညာရပ်အဖြစ် ကမ္ဘာက လက်ခံထားလျက်ရှိနေသည်။ ထို့ကြောင့် လူ့လောကရှိ လေးနက်သော ပညာမျိုးကိုဝါသနာပါ၍ ဗုဒ္ဓအဘိဓမ္မာကိုလေ့လာသူမှန်သမျှသည် ဆိုခဲ့ပါ သတိ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ တို့ဖြင့် စူးစူးစိုက်စိုက် တလေးတစား လေ့လာ သွားရန်ဖြစ်ပေသည်၊ ဤသို့လေ့လာသွားလျှင် အဘိဓမ္မာတတ်နိုင်ပေသည်။

စေတသိက်ကိုထင်ရှားအောင် ရုပ်ဥပမာဖြင့် ကြည့်ပါစို့၊ ထိုရုပ်သဘာဝနယ်တွင် ပ၊ အာ၊ တေ၊ ဝါ ဟူသော ရုပ်ဓာတ်ကြီးလေးပါးသည် အခြေခံဖြစ်၏၊ အားလုံးသောရုပ်များ၏မှီရာ၊ အမှီခံရုပ်ဖြစ်၏၊ ထိုရုပ်ကြီး ၄-ပါးပေါင်းမိသောအခါ ဝဏ္ဏ=အဆင်း၊ ဂန္ဓ=ရနံ့၊ ရသ—အရသာ၊ ဩဇ=ဩဇာဓာတ်ဟူသော နောက်ထပ် ရုပ်သဘာဝ ၄—မျိုး ဖြစ်ပေါ်လာသည်၊ ယင်းဝဏ္ဏအဆင်းစသော ရုပ် ၄—ပါးသည် ဓာတ်ကြီးလေးပါး အမှီရမှသာဖြစ်၏၊ အမှီမရပဲ သူ့ဟာသူဖြစ်နိုင်သည်မဟုတ်ပေ၊ ဤနည်းတူ စေတသိက်ဟူသောသဘာဝသည် စိတ်ကိုအမှီရမှသာဖြစ်သောနာမ်သဘာဝများဖြစ်လေသည်။

ရုပ်ပိုင်းတွင် အမှီခံရုပ်နှင့် အမှီရုပ်ဟု နှစ်မျိုးနှစ်စားရှိသကဲ့သို့ နာမ်ပိုင်းတွင်လည်း အမှီခံနာမ်နှင့် အမှီနာမ်ဟု နှစ်မျိုးနှစ်စားပင်ရှိသည်၊ အမှီခံနာမ်မှာ စိတ်ဖြစ်ပြီး၊ အမှီနာမ်မှာ စေတသိက်ပင်ဖြစ်ပေသည်။ အမှီခံမရှိပဲ အမှီမဖြစ်နိုင်၊ သို့သော် ပရမတ္ထသဘာဝတို့၏ အရေးပါအရာရောက်မှုကိုမူ အမှီသဘာဝများကသာ ချယ်လှယ်ကြလေသည်။

ဥပမာတစ်မျိုးကြည့်လျှင် ကိုယ်ခန္ဓာ(ဝါ)ကိုယ်လုံးနှင့် လက်ခြေခက်မတို့ကို စဉ်းစားရာ၏၊ ကိုယ်လုံးဌ်သာမှီ၍ လက်နှင့်ခြေတို့ပေါက်ကြရသည်၊ ကိုယ်လုံးမရှိပဲ လက်နှင့်ခြေတို့ မပေါက်နိုင်ပေ၊ ထို့ကြောင့် ကိုယ်လုံးသည် အမှီခံ၊ လက်ခြေတို့သည် အမှီ၊ ဤသို့ခွဲရာ၏၊ သို့သော် အသုံးပြုသောအပိုင်း၌မူ လက်ခြေတို့ကသာ ပို၍အသုံးဝင်ပေသည်၊ လက်ဖြင့်သာကိုင်တွယ်ရသည်၊ ခြေဖြင့်သာ လမ်းလျှောက်ရသည်၊ အကယ်၍ လက်ပြတ်ခြေပြတ်ဖြစ်နေလျှင် ကိုင်တွယ်မှုကိစ္စ လှမ်းလျှောက်မှုကိစ္စများ မဖြစ်နိုင်ပေ။ ခြေလက်မဲ့သောကိုယ်လုံးသည် ဆန်အိတ်ထောင်ထားသကဲ့သို့ ငုတ်တုတ်သာနေပေလိမ့်မည်၊ ထို့ကြောင့်လက်ခြေတို့သည် ကိုယ်၌မှီရသော်လည်း ဘဝကိစ္စတို့ကိုအကောင်အထည်ဖော်ရာ၌မူ ပဓာနကျလေသည်။

ဤဥပမာကဲ့သို့ပင် စေတသိက်တို့သည် စိတ်၌မှီ၍သာဖြစ်ကြရသော်လည်း ပရမတ္ထကြိယာတို့ကို အကောင်အထည်ဖော်ရာ၌မူ ပြဋ္ဌာန်းသည်၊ အရာရောက်ပေသည်။

သိပ္ပံဥပမာဖြင့်ဆင်ခြင်သော် စိတ်သည် ဒုံးယာဉ်ကြီးနှင့်တူသည်၊ စေတသိက်သည် လဆင်းယာဉ်နှင့်တူသည်၊ ဒုံးယာဉ်ကြီးသည် လဆင်း

ယာဉ်၏မှီရာဖြစ်သည်၊ ဒုံးယာဉ်ကြီးသည် အမှီခံ၊ လဆင်းယာဉ်သည် အမှီ၊ ဒုံးယာဉ်ကြီးမရှိဘဲ လဆင်းယာဉ်တွဲချိတ်၍မရပေ၊ ဤကား အမှီခံနှင့်အမှီ ပိုင်းကို ခွဲခြားချက်တည်း၊ ဆောင်ရွက်မှုပိုင်းတွင် ဒုံးယာဉ်ကြီးသည် အာကာသသို့ပို့လေသည်၊ လအနီးသို့ရောက်စေသည်၊ သို့ရာတွင် လပေါ်သို့ မူကား လဆင်းယာဉ်ကသာ ဆင်းနိုင်သည်၊ အဓိကကျသောသုတေသနကို လဆင်းယာဉ်ကသာ အနီးကပ်ကူညီဆောင်ရွက်နိုင်သည်။

ဤဥပမာကဲ့သို့ပင် စိတ်သည် ဒုံးယာဉ်နှင့်တူသည်၊ လိုရာသို့ရောက် အောင်ဦးဆောင်သည်၊ သို့သော် သဘာဝတရားတို့၏ဆောင်ရွက်မှုအပိုင်း ကိုမူ တိုက်ရိုက်မဖြစ်စေ၊ စေတသိက်များကသာ ဝင်၍ချယ်လှယ်လေသည်။

ဤသို့ရေးနေသည်မှာ မနောပုဗ္ဗင်္ဂမဓမ္မာ (နာမ်တရားတို့တွင် ဝိညာဏက္ခန္ဓာဟူသောစိတ်က ရှေ့သွားဖြစ်သည်) ဟူသောဒေသနာကို အခြေခံ၍ ရေးခြင်းဖြစ်ပါသည်၊ သို့သော် ထိုဒေသနာသည် သုတ္တန် ဒေသနာဖြစ်၍ အဘိဓမ္မာဖြင့် ထပ်ဆင့်အနုစိတ်ပေးရန်ဖြစ်ပေသည်။

စေတသိက်သည် စိတ်နှင့်အတူတကွ ဥပါဒ်ဖြစ်ပေါ်၏၊ ထိုမိမိနှင့် အတူဖြစ်သောစိတ်နှင့်အတူတူချုပ်၏၊ စိတ်သက်လောက်ပင် စေတသိက်၏ အသက်မြန်ဆန်၏၊ စိတ်နှင့်အာရုံတူ၏၊ ဝါ–စိတ်ပြုသောအာရုံကိုပင် စေ တသိက်ကလည်းပြု၏၊ စိတ်နှင့်စေတသိက်သည် တစ်ခုတစ်မျိုးစီအာရုံမပြု ပေ။ စိတ်နှင့်အတူမှီသည်၊ စိတ်ကဟဒယဝတ္ထုကိုမှီလျှင် စေတသိက်လည်း ဟဒယဝတ္ထုကိုပင် မှီသည်၊ ထိုဟဒယဝတ္ထုထဲက ဥပါဒ်ဖြစ်ပေါ်ဆဲဟဒယ ဝတ္ထုကို စိတ်ကမှီလျှင် ယင်းစေတသိက်ကလည်း စိတ်မှီသောဥပါဒ်ဆဲ ဟဒယဝတ္ထုကိုပင် မှီသည်၊ ဤကဲ့သို့ စိတ်နှင့် ဖြစ်တူ ချုပ်တူ အာရုံတူ မှီရာတူ ဟူသောတူလေးချက် အင်္ဂါလေးရပ်လုံးနှင့်ညီညွတ်က စိတ်လည်း မဟုတ်သော အခြားသော သဘောတရားကို စေတသိက်ဟု သီးခြားခွဲထုတ် သတ်မှတ်ခြင်းဖြစ်ပေသည်။

ဖော်ပြပါ စိတ်နှင့် ဖြစ်တူ ချုပ်တူ အာရုံတူ မှီရာတူဟူသော တူလေးဖြာ အင်္ဂါလေးရပ်လုံးနှင့်လည်း ပြည့်စုံသည်၊ စိတ်ကိုလည်းမှီ၍ ဖြစ်သည်၊ ဤသို့သော အချက်(၅)ရပ်နှင့်ပြည့်စုံသော သဘောတရား မျိုးကိုသာ လူ့လောက၌"စေတသိက်"ဟု သတ်မှတ်လေသည်၊ ထိုအင်္ဂါ (၅)ရပ်ထဲက တခုခုချို့တဲ့လျှင် စေတသိက်ဟု မသတ်မှတ်ရပေ။

သာဓကဆောင်ရသော ယံကြောင့်ဖြစ်ရသောရုပ်၊ စိတ်ဓါကြောင့် ဖြစ်ရသောရုပ်တို့သည် စိတ်နှင့်ကားအတူဖြစ်ပေ၏။ အင်္ဂါတစ်ချက်ညီ၏၊ သို့သော် ချုပ်ရာ၌မတူပေ၊ ရုပ်သည် စိတ်ထက်အသက်ရှည်သောကြောင့် စိတ်ချုပ်ပြီးနောက်မှ ချုပ်လေသည်၊ ရုပ်သည် အာရုံကိုလည်းမပြုနိုင်၊ စိတ်နှင့်မှီရာလည်း မတူ၊ စိတ်ကိုမှီ၍လည်း မဖြစ်၊ ဤအင်္ဂါလေးရပ်လိုနေ၏၊ ထို့ကြောင့် ထိုကံရုပ်စိတ်ရုပ်တို့ကို စေတသိက်ဟူသည်မသတ်မှတ်ပေ။

နောက်တစ်ခုကား အလိုကိုသိစေသည့် အမူအရာဝိညတ်ရုပ်၊ ဤရုပ်သည် စိတ်နှင့် အချုပ်အပျက်တူ၏၊ စိတ်ချုပ်သည်နှင့် ဝိညတ်ရုပ်လည်း ချုပ်၏၊ အင်္ဂါတစ်ချက် ညီ၏၊ သို့သော် စိတ်နှင့်အဖြစ်မတူ၊ အာရုံလည်းမယူတတ်၊ မှီရာလည်း မတူ၊ ထိုသို့ အင်္ဂါမစုံသောကြောင့် ဝိညတ်ရုပ်ကို စေတသိက်ဟူ၍ မသတ်မှတ်ရပေ။

ဤသို့လျှင် စိတ်နှင့်တူ ၄–တူ အင်္ဂါလေးရပ်နှင့်ပြည့်စုံပြီး စိတ်ကိုမှီ၍ဖြစ်သော သဘာဝမျိုးကိုသာ "စေတသိက်"ဟု သတ်မှတ်ထားခြင်း ဖြစ်ပေသည်။

**နှစ်ဖက်လှ**

(၁၉၇၁–ခု၊ နိုဝင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# စေတသိက် နှင့် ချဉ်ရေဟင်း

## ထူးခြားသောရှစ်ဂဏန်း

မြတ်စွာဘုရားသည်သဘာဝတရားများကို တစ်ခုစီခွဲခြားရာ၌အရမ်းမဲ့ ခွဲခြားခြင်းမဟုတ်ပေ၊ စနစ်တကျခွဲခြားခြင်းသာ ဖြစ်သည်၊ မြတ်စွာဘုရား ခွဲခြားသောစနစ်မှာ လက္ခဏာဒိ စနစ်ဖြစ်သည်။ လက္ခဏာဒိစနစ်ဆိုသည် မှာ သဘာဝတရားတစ်ခု၏ထူးသောလက္ခဏာ အမှတ်အသား၊ ဆောင်ရွက် သည့်ကိစ္စ သို့မဟုတ် ပြည့်စုံမှုအခြေအနေ၊ ဆင်ခြင်လိုက်သည့်အခါ ဉာဏ်၌ ထင်လာပုံအခြင်းအရာ၊ အနီးဆုံးအကြောင်းတရား၊ ဤလေးချက် (လက္ခဏရသ၊ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်)ဖြင့် စနစ်တကျ ရှုမြင်ခွဲခြားခြင်း ဖြစ်ပေသည်၊ ဤလက္ခဏာဒိစနစ်သည် သဘာဝဓမ္မများကို အပေါင်းမှ အစိတ်အစိတ်ခွဲချယူသောနည်း ဖြစ်ပေသည်၊ လက္ခဏာမတူလျှင် မတူသည့် အလျောက်သဘာဝတစ်ခုအဖြစ်သတ်မှတ်ပေသည်။

နှင်းဆီပန်းကလေးကို မြင်သော လူ၏ကိုယ်ခန္ဓာကို အဘိဓမ္မာ ပညာဖြင့်ကြည့်လျှင် သိတတ်သောသဘာဝအဖွဲ့အစည်း ဟူ၍နှစ်မျိုးသာ ရှိသည်ကို တွေ့မြင်ရသည်၊ သိတတ်သောသဘာဝအဖွဲ့အစည်းသည် အာရုံသို့ ညွတ်သည့်လက္ခဏာရှိ၍နာမ(နာမ်)ဟုခေါ်ရသည်၊ မသိတတ်သောသဘာဝ အဖွဲ့အစည်းသည် ရှေ့နောက်အစဉ် ပြုပြင်ပြောင်းလဲဖောက်ပြန်တတ်ခြင်း၊ အထင်းသား အတွင်းသားမြင်သာခြင်းများကြောင့် ရူပ(ရုပ်) ဟူ၍ခေါ် ရသည်။

နာမ်တွင် အာရုံကိုသိတတ်သော လက္ခဏာအမှတ်အသား ရှိသော သဘာဝကို ဝိညာဏ (ဝိညာဉ်)ဟုအမည်ပေးသည်၊ ထိုဝိညာဉ်သည် အာရုံကိုအထူးသိတတ်ခြင်း၊ ဆန်းကြယ်ခြင်းသဘောရှိသောကြောင့် စိတ္တ (စိတ်) ဟူ၍လည်း သတ်မှတ်သည်၊ စိတ်ဟူသောသဘောတရား၏ ပရမတ္ထ လက္ခဏာ (မဖောက်မပြန်သောအမှတ်အသား)သည်ကား အာရုံကိုအထူး သိတတ်ခြင်းပင် ဖြစ်သည်၊ အထူး သိ–ဟူသည် ရုပ်ကိုထောက်ဆ၍ ရုပ်သည် အာရုံကိုမသိတတ်၊ စိတ်ကသိတတ်၍ ရုပ်နှင့်မတူ၊ ရုပ်မှထူး၍ သိသည် ဟူ၍ ဆိုလိုပေသည်၊ တစ်နည်းအားဖြင့် ရှေ့၌ဖော်ပြမည့် အမှတ် သညာထက် အသိထူးသည်ဟုလည်းဆိုနိုင်သည်။ မည်သို့ဖြစ်စေ၊ နာမ်

တရားများစွာထဲမှ အာရုံကိုအထူးသိတတ်သောလက္ခဏာရှိသည့်သဘာဝကို စိတ္တ(စိတ်) ဟူ၍ မြတ်စွာဘုရားက ဝေါဟာရ တပ်ဆင်ပေးထားခြင်း ဖြစ်ပေသည်၊

ယင်းစိတ္တဟူသောသဘာဝကို ထပ်မံစိစစ်သောအခါ ယင်းကိုအမှီပြု၍ဖြစ်နေသောသဘာဝကို တွေ့ရပြန်သည်၊ ထိုသဘာဝများသည် စိတ်ကို မှီ၍ဖြစ်ခြင်းဟူသော ထူးခြားသည့် လက္ခဏာတစ်ရပ်ကို တွေ့ရသည်၊ ထို့ကြောင့် ပါဠိဘာသာဖြင့် စေတသိက်(စေတသိက်)ဟူ၍ အမည်မှည့်ပြီး ထပ်မံခွဲထုတ်လိုက်လေသည်။

စိတ်နှင့်စေတသိက် တကွနက်ဖြစ်ကြပုံကို ရှေးဆရာများက ရေနီ ရေဝါစသည်တို့နှင့် ဥပမာပေးကြသည်၊ ရေနီကိုခွဲကြည့်လျှင် အရောင်မရှိသောပကတိရေနှင့် အနီရောင်ပစ္စည်းဟူသော ပစ္စည်းနှစ်ရပ်ကိုတွေ့ကြရသည်။ ရေဝါကိုခွဲကြည့်လျှင် အရောင်မရှိပကတိရေနှင့် အဝါရောင်ပစ္စည်းကို တွေ့ရသည်။ ဆိုလိုသည်မှာ ရေထဲသို့ဆေးနီထည့်လိုက်လျှင် ရေနီဖြစ်လာသည်၊ ဆေးဝါထည့်လိုက်လျှင် ရေဝါဖြစ်လာသည်။ ရေနီ ရေဝါတွင် ရေကသတ်သတ်၊ နီ၊ ဝါ၊ ပစ္စည်းက သတ်သတ်ဖြစ်ကြောင်း သိနိုင်သည်။

မီးဖိုချောင်ထွက်ပစ္စည်းများအနက် ချဉ်ရေဟင်းတစ်ခွက်ကို သရုပ်ခွဲကြည့်ပါ၊ ယင်းဟင်းရေထဲကချိုချဉ်စပ်ဖန်ငန်ခါးဟူသော အရသာများ ပါနေသည်၊ ပင်မရေ၌ကား ရသာခြောက်ပါးမရှိချေ၊ ဆိုလိုသည်မှာ ရေသက်သက်သည်ချိုလည်းမချို၊ ချဉ်လည်းမချဉ်၊ စပ်လည်းမစပ်၊ ဖန်လည်းမဖန်၊ ငန်လည်းမငန်၊ ခါးလည်းမခါးပေ၊ သို့သော် ချဉ်ရေဟင်းထဲ၌ပါသောရေသည်ကား ချို၏၊ ချဉ်၏။ စပ်၏၊ ဖန်၏၊ ငန်၏၊ ခါး၏၊ ဤအချက်ကိုသေချာစွာစဉ်းစားလျှင် ချဉ်ရေဟင်းအရေ၌ရေကားသတ်သတ် ချိုချဉ်စပ်ဖန်ငန်ခါးတို့ကား သတ်သတ်၊ ၎င်းတို့သည် ရေနှင့်မိဿက (ရောရောနှောနှော) ဖြစ်နေကြောင်း သိနိုင်ပေသည်။

ဤချဉ်ရေဟင်းဥပမာတွင် စိတ်သည် ချဉ်ရေဟင်းထဲ၌ပါသော ရေသန့်သန့်နှင့်တူသည်၊ စေတသိက်တို့သည် ချိုချဉ်စပ်ဖန်ငန်ခါးအရသာရှိသောပစ္စည်းတို့နှင့် တူသည်၊ ချဉ်ရေကို ယခုလိုသရုပ်ခွဲထုတ်နိုင်သကဲ့သို့

မြတ်စွာဘုရားသည် နာမ်အုပ်စုထဲရှိ စိတ်နှင့်စေတသိက်တို့ကို ခွဲတုတ်ပြထား လေသည်။

ထပ်ဆင့်စဉ်းစားလျှင် ရေသည် ချိုချဉ်စပ်ဖန်နေ်ခါး အရသာ မျိုးကို သယ်ဆောင်ပေးရုံသာဖြစ်သည်၊ ဟင်း၌ကား ချိုချဉ်စသော အရသာကသာ ပြဋ္ဌာန်းလေသည်၊ သို့သော် ရေမပါဘဲလည်း ဟင်းမဖြစ်ပေ။

ဤနည်းတူ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာ အဖွဲ့အစည်း၌ စေတသိက်တို့က သဘာဝကိစ္စကို ချယ်လှယ်လေသည်၊ စိတ်သည်ကား ရေကဲ့သို့ ကိုယ်ထည်သဘောမျှသာဖြစ်ပေသည်၊ သို့သော် စိတ်မရှိပဲ(ဝါ) စိတ်ကိုအမှီမရပဲလည်း စေတသိက်တို့သည် လုံးဝမဖြစ်နိုင်ပေ။

ဗုဒ္ဓအဘိဓမ္မာအမြင်အရ ရုပ်လောကတွင် ပထဝီဓာတ်၊ အာပေါ ဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဟူသော မြေ၊ ရေ၊ မီး၊ လေဓာတ်ကြီးလေးပါးတို့သည် တစ်ခုစီ တစ်သီးတစ်ခြား မဟုတ်ကြချေ၊ မည်သည့်ရုပ်အဖွဲ့အစည်း၌မဆို အတူတကွသာဖြစ်သည်၊ မခွဲတမ်းကြင်ကြ သည်၊ ဓာတ်ကြီးလေးပါး အပေါင်းအစု၌ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ၊ ဟူသောရုပ်လေးမျိုးသည် အလိုလိုပါရှိနေသည်သာ ဖြစ်သည်၊ ဥပမာ သစ်သားလေးချောင်းကို ကန့်လန့်ထပ်တင်လိုက်လျှင် လေးထောင့် စတုဂံပုံ အလိုလို ပေါ်လာသကဲ့သို့ဖြစ်သည်။

ထို့ကြောင့် မည်မျှသေးငယ်သောပရမာဏုမြူမျိုး၌ပင်ဖြစ်စေ၊ ပ၊ အာ၊ တေ၊ ဝါနှင့် ဆင်း၊ နံ့၊ သာ၊ ဩ၊ဟူသော ရုပ်နှစ်မျိုး ပါရှိသည် သာဖြစ်ပေသည်။ ပထဝီဓာတ် အာပေါဓာတ် စသည်ဖြင့် တစ်ခုစီ ပြောခြင်းသည်ကား ဘုရားဉာဏ်ဖြင့်ကြည့်ပြီး လက္ခဏာသဘာဝအရ ခွဲ၍ပြောခြင်းသာဖြစ်သည်၊ လက်တွေ့အားဖြင့်မူ ဤရုပ်ရှစ်မျိုးကို ခွဲ၍ မရပေ။

တနည်းဆိုရသော် အသေးဆုံး အခြေခံအကျဆုံး ရုပ်သဘာဝတွင် ဆိုခဲ့ပါရုပ်ရှစ်မျိုး ပါရှိလေသည်၊ ထိုရုပ်နှစ်မျိုးကို မည်သည့်အခါမျှခွဲ၍ မရပေ။ ခွဲ၍မရသည်ကို 'အဝိနိဗ္ဘောဂ' ဟု ပါဠိဘာသာဖြင့် ခေါ်လေ သည်၊ ထိုခွဲမရသောရုပ်ရှစ်ခုတို့သည် တစ်ခုတစ်စည်းတည်းသာ ဖြစ်၍ နောက်ထပ်'ကလာပ' ဟူသောစကားတစ်လုံးဖြင့် ထပ်ဆင့်ခေါ်ဝေါ်သေး

သည်၊ ကာလာပ(ကလာပ်)ဟူသည် အပေါင်းအစည်းတစ်ခုဟု ဆိုလိုသည်။ ထိုစကားနှစ်ရပ်ကိုပေါင်း၍ အဝိနိဗ္ဘောဂရုပ် ကလာပ်ဟူ၍ ခေါ်သည်၊ ရုပ်လောကတစ်ခုလုံးတွင် ပ၊ အာ၊ တေ၊ ဝါ၊ ဆင်း၊ နံ့၊ သာ၊ဩ၊ ဟူသော အဘိနိဗ္ဘောဂရုပ်ကလာပ်သည်သာ အခြေခံဖြစ်ပေသည်။

ဤအချက်ကို ကြားညှပ်တင်ပြခြင်းသည် အခြားကြောင့် မဟုတ်၊ တိုက်ဝိုက်ဆိုင်ဆိုင်ပင်နာမ်လောက၌လည်း နာမ်သဘာဝရှစ်မျိုးသည်လည်း ခွဲမရပဲ အမြဲတွဲ၍ဖြစ်ကြသည်ကို တွေ့ကြရခြင်းဖြစ်သည်၊ ရုပ်မှာ ရုပ်ရှစ်ခု သည် အခြေခံအကျဆုံး၊နာမ်လောကတွင် နာမ်ရှစ်ခုသည် အခြေခံအကျဆုံး၊ ရှစ်နှင့်ရှစ်ချင်းတူကြပုံကား စိတ်ဝင်စားဖွယ်တည်း။

နာမ်လောက၌ အခြေခံဖြစ်သော နာမ်သဘာဝရှစ်ခုမှုကား၊ စိတ် ၁+ စေတသိက်ရ-၇ ဖြစ်ပေသည်၊ စိတ်သည်သည့်အခါမျှ မိမိတစ်ခု တည်း သတ်သတ် မဖြစ်နိုင်ပေ၊ အနည်းဆုံး စေတသိက် (၇) မျိုးနှင့် တစ်ပေါင်းတည်းသာ ဖြစ်မြဲပေတည်း၊ စိတ်ကိုသီးသန့်ပြောနေကြခြင်းမှာ ဘုရားရှင့်ဉာဏ်ဖြင့် ခွဲခြားဟောပြချက်အရသာ ဖြစ်သည်၊ လက်တွေ့အား ဖြင့်ကား နာမ်ရှစ်မျိုးသည် တစ်ခုတည်းသာဖြစ်ပေသည်။

အနိဗ္ဘောဂကလာပ်ရုပ်ရှစ်မျိုးကို ခွဲ၍ပြောခြင်းသည် စာတွေ့ဖြစ် သည်၊လက်တွေ့အားဖြင့်ကား ခွဲ၍မရသကဲ့သို့စိတ်နှင့်စေတသိက်(၇)မျိုးကို ခွဲ၍ပြောခြင်းသည်လည်း စာတွေ့သာ၊ လက်တွေ့ကား.... အခြေခံစိတ်စေ တသိက်ရှစ်ပါးအစုကို ခွဲ၍မရပေ။ စကားအဖြစ် ပြော၍ဖြစ်အောင် ခွဲပြော ထားခြင်းနှင့် လက်တွေ့အားဖြင့်ခွဲ၍မရပုံကို ကွဲပြားစွာမှတ်သားရပေသည်။

နှင်းဆီပန်းကလေးကိုမြင်သောခဏ၌ ဘဝင်စိတ်နှင့်နီးစိတ်များဖြစ် သည်၊ နီးစိတ်(ဝီထိစိတ်)တွင် စက္ခုဝိညာဉ်ဟူသော အမြင်စိတ်ပါရှိသည်။ ထိုစက္ခုဝိညာဉ်စိတ်၌ အခြေခံဖြစ်သော စိတ်ဟူသမျှဖြစ်လေတိုင်းအမြဲပါရှိ သော စေတသိက်(၇)မျိုး ပါရှိလေသည်၊

ထိုစိတ်ပါရှစ်မျိုး နာမ်အခြေခံအစု (ခန္ဓာ)ကို သူတို့၏ထူးခြားမှု လက္ခဏာကိုအခြေခံ၍ မြတ်စွာဘုရားက ခွဲခြားပြထားခဲ့သည်၊ ယင်းအခြေခံ စေတသိက်(၇)မျိုးမှာ အောက်ပါတို့ပင် ဖြစ်ကြသည်၊

အာရုံကိုတွေ့ထိခြင်းလက္ခဏာရှိ၍ စိတ်၌မှီလျက်ဖြစ်သော သဘာဝ၊ ယင်းကို ပါဠိဘာသာဖြင့် "ဖဿစေတသိက်" ဟု ခေါ်သည်။ (ဖဿ=တွေ့ထိမှု)။

အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၍ စိတ်၌မှီလျက်ဖြစ်သော သဘာဝ၊ ယင်းကို "ဝေဒနာစေတသိက်" ဟု ခေါ်သည်။ (ဝေဒနာ=ခံစားမှု)။

အာရုံကိုမှတ်သားခြင်းလက္ခဏာရှိ၍ စိတ်၌မှီ၍ဖြစ်သော သဘာဝ၊ ယင်းကို "သညာစေတသိက်" ဟု ခေါ်သည်။ (သညာ=မှတ်သားမှု)

အတူဖြစ်ဖက်သဘာဝတရားတို့ကို စေ့ဆော်တိုက်တွန်းသကဲ့သို့ဖြစ်၍ စိတ်၌မှီ၍ဖြစ်သောသဘာဝ၊ ယင်းကို "စေတနာစေတသိက်" ဟု ခေါ်သည်။ (စေတနာ=စေ့ဆော်မှု)။

အာရုံတစ်ခုတည်း၌ တည်တံ့သည့်လက္ခဏာရှိ၍ စိတ်၌မှီ၍ဖြစ်သော သဘာဝ၊ ယင်းကို "ဧကဂ္ဂတာစေတသိက်"ဟု ခေါ်သည်။ (ဧက=တစ်ခု၊ အဂ္ဂတာ၊ အစွန်းအညွန့်ရှိသည်၏ အဖြစ်)။

အတူတကွဖြစ်ဖော်ဖြစ်ဘက် သဘာဝတရားအုပ်စုကို စောင့်ထိန်းခြင်းလက္ခဏာရှိ၍ စိတ်၌မှီ၍ဖြစ်သော သဘာဝ၊ ယင်းကို "ဇီဝိတိန္ဒြိယစေတသိက်" ဟု ခေါ်သည်။ (ဇီဝိတ=အသက်+ဣန္ဒြိ–အစိုးရမှု)။

အာရုံကိုနှလုံးသွင်း အမှတ်ပြုမှုလက္ခဏာရှိ၍ စိတ်၌မှီ၍ဖြစ်ခြင်းလက္ခဏာရှိသော သဘာဝ၊ ယင်းကို "မနသိကာရစေတသိက်"ဟု ခေါ်သည်။ (မနသိ=စိတ်၌၊ ကာရ=ပြုခြင်း)။

ပါဠိဘာသာအရရေတွက်သော် ဖဿ၊ဝေဒနာ၊ သညာ၊စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ၊ မြန်မာလို–တွေ့ထိ၊ ခံစား၊ မှတ်သား၊ စေ့ဆော်၊ တည်တံ့၊ စောင့်ရှောက်၊ နှလုံးသွင်း၊ ဤသဘာဝခုနစ်မျိုးသည် စိတ်ဟူသမျှနှင့် အမြဲတမ်း အတူတကွဖြစ်သည်၊ မည်သည့်အခါမျှ ခွဲခြားရကောင်းသည်မဟုတ်ပေ၊ စိတ်တစ်ခုနှင့် ယင်းစေတသိက်ခုနစ်ခု၊ ပေါင်းရှစ်ခုသည် နာမ်လောက၏ အခြေခံတရားစု ဖြစ်ပေသည်၊ ယင်းတရားစုသည် ရှစ်မျိုးတစ်မျိုးသာဖြစ်ပေသည်။

ယခု နှင်းဆီပန်းကလေးကိုမြင်သော စက္ခုဝိညာဉ်အမြင်စိတ်ကလေး၌လည်း အဆိုပါအခြေခံစေတသိက်ခုနစ်မျိုး ပါရှိပေသည်၊ သို့သော် စက္ခုဝိညာဉ်စိတ်ကလေးသည် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်တည်ပျက်) တစ်ချက်တည်းသာဖြစ်နိုင်သည်၊ တစ်ဝီထိ၌ စက္ခုဝိညာဉ် တစ်စိတ်သာဖြစ်သည်၊ သို့ဖြစ်သောကြောင့် သူနှင့်အတူဖြစ်သော စေတသိက်(၇)မျိုး၏ ပရမတ္ထကြိယာများ မထင်ရှားပေ။

ဆိုလိုသည်မှာ စက္ခုဝိညာဉ်စိတ်နှင့် စေတသိက် (၇)ပါးသည် တစ်ကြိမ်တည်းသာဖြစ်ပျက်သွားရသဖြင့် တွေ့မှုသဘော၊ ခံစားမှုသဘော စသည်တို့သည် ဖြစ်ခါမတ္တ ဖြစ်ကာမျှကလေးဖြင့်သာ ချုပ်သွားရလေသည်၊ ဖြစ်မှုသတ္တိကလေးပေါ်ရုံသာ စိုင်းဝန်းမံ့ပိုးလိုက်ကြရသည်။

နောက်လတွင် စေတသိက်အကြောင်း ဆက်ပါဦးမည်။

**နှစ်ဖက်လှ**

(၁၉၇၁–ခု၊ ဒီဇင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# သောမနဿသဟဂုတ် လက်ဖက်က
# သုံးလေးလုတ်

ပြီးခဲ့သောလက စိတ်နှင့် မည်သည့်အခါမျှခွဲ၍မရသော စေတသိက် (၇)မျိုးကို ဖော်ပြခဲ့ပြီးဖြစ်၏၊ ထိုစေတသိက်(၇)မျိုးနှင့် စိတ်သဘာဝသည် ရှစ်မျိုးတစ်မျိုးသာဖြစ်၏၊ နာမ်လောက၏ အခြေခံအကျဆုံးသဘာဝများဖြစ်၏၊ "စိတ်" ဟု ကြားလိုက်သည်နှင့် ထိုစေတသိက်(၇)မျိုးကိုပါ သတိရရန်ဖြစ်၏၊ ထိုစေတသိက်(၇)မျိုးသည် စိတ်ဟူသမျှ၌ပါ၏၊ စိတ်ဟူသမျှနှင့် ဆက်ဆံ၏၊ ပါဠိဘာသာအားဖြင့် ထိုစေတသိက်(၇)မျိုးကို 'သဗ္ဗစိတ္တသာဓာရဏစေတသိက်' ဟု ခေါ်သည် (သဗ္ဗ= အလုံးစုံ၊ သဗ္ဗစိတ္တ=စိတ်အားလုံး၊ သာဓာရဏ=ဆက်ဆံသော၊ စေတသိက= စေတသိက်။ စိတ်ဟူသမျှနှင့်ဆက်ဆံသော စေတသိက်–ဟူလို)။

အထက်ပါ စေတသိက်(၇)မျိုး၏ ရှင်းလင်းချက်ကိုကြည့်လျှင် စိတ်ဟူသည်နှင့် မဆက်ဆံသော စေတသိက်တစ်မျိုး ရှိလေသေး၏ ဟူသောစကားကျကို သိရာ၏၊ မှန်၏။ ပရမတ္ထသဘာဝတို့၏ လက္ခဏာ၊ ဆောင်ရွက်မှု ကိစ္စ၊ ဖြစ်ပေါ်ရန်အကြောင်း ပဒဋ္ဌာန် အလိုက် တင်တိမ်ပေါ်ငုပ်ဖြမ်ချုပ်နေကြသော နာမ်သဘာဝတရားတို့မှာ အလွန်တရာဆန်းပြားကြသည့်အတွက် စိတ်၌ဗိုက်ကွယ်၍ စိတ်ကိုချယ်လှယ်ကြသည့် စေတသိက်ကိုလည်းများစွာရှိပေသည်။

ဤတွင် "ဝဇ္ဇ" ဟုခေါ်သော "အပြစ်"ဟူသော အချက်ကို ထည့်သွင်းတွက်ဆရန် လိုလာ၏၊ မိမိသန္တာန်၌ ပရမတ္ထဖြစ်ရပ်တစ်ပေါ် လာတိုင်း "အပြန်" ဟူသောအချက်ဖြင့် စိစစ်ကြည့်ရပေမည်၊ မိမိ၌ဖြစ်သောစိတ်စေတသိက်သည်"အပြစ်" ဖြစ်သလော၊ "အပြစ်"ကင်းသလော၊ အပြစ်ရှိမရှိနှင့်မသက်ဆိုင်သလော၊ ဤသို့ ဆင်ခြင်ရာ၏။

"အပြစ်"သည် အဘယ်၌ ငြိစွန်းသနည်း၊ ဤအချက်ကို ဆင်ခြင်ရာသည်။ ယခင်လဆောင်းပါးများ၌ စိတ်၏သဘောရင်းသည် သန့်စင်သည်၊ အညစ်အကြေးကင်းသည်၊ ယင်းသို့အညစ်အကြေးကင်းသဖြင့် ပြိုးပြိုးပြက် (ပဘဿရ) ဖြစ်သည်ဟုဖော်ပြခဲ့၏။ ဤအချက်ကို ပြန်ကိုင်ရပေမည်။ ဤ အချက်ကို အခြေခံထားရပေမည်။

အပြစ်ဖြစ် မဖြစ်(ဝါ) ငြိစွန်း၊ မငြိစွန်းဟူသောအချက်သည်ကား တွေ့ကြုံရသည့်အာရုံနှင့် မိမိ၏ နှလုံးသွင်း (မနသိကာရ) ပေါ် မူတည်ပေသည်။

အာရုံနှင့်နှလုံးသွင်းအလိုက် စိတ်ကိုငြိစွန်းစေသော သဘာဝကား အခြားမဟုတ်၊ စေတသိက်ပင် ဖြစ်ပေသည်။ စိတ်သဘာဝကို မညစ်နွမ်းစေပဲ အရည်အသွေး ပိုကောင်းစေရန် ဖန်တီးသော အရာသည်လည်း စေတသိက်ပင်ဖြစ်ပေသည်။ (အာရုံနှင့်နှလုံးသွင်းကို သတ်သတ်ဆွေးနွေးဖော်ပြပါမည်၊ ဤတွင်စေတသိက်ကို ဖော်ထုတ်ရန်အတွက်သာစကားစသွင်းခြင်းဖြစ်ပါသည်။)

ဤကဲ့သို့ အာရုံနှင့် နှလုံးသွင်းအလိုက် အပြစ်ငြိစွန်းပြီဆိုလျှင်၊ ပြီးပြီးပျောက်ပျောက်မဖြစ်တော့ပဲ အကြောင်းတရား ဖြစ်သွားလေသည်။ အပြစ်မငြိစွန်း သန့်စင်သည်ဆိုလျှင်လည်း ပြီးပြီးပျောက်ပျောက်မဟုတ်ပဲ အကြောင်းတရားတစ်ခုဖြစ်သွားလေသည်။ မျိုးစေ့ဆိုလျှင် အပင်ကိုဖြစ်စေသကဲ့သို့ အကြောင်းဆိုလျှင် အကျိုးကိုဖြစ်စေပေတော့သည်။ ယင်းသို့ဖြစ်စေရာ၌ အပြစ်ရှိအကြောင်းတရားက ဆိုးကျိုးကိုဖြစ်ပေါ်စေ၏၊ အချဉ်မျိုးစေ့က အချဉ်သီးသီးလာစေသကဲ့သို့တည်း။ အပြစ်မဲ့အကြောင်းတရားက ကောင်းကျိုးကို ဖြစ်ပေါ်စေ၏၊ အချိုမျိုးစေ့က အချိုသီး သီးလာစေသကဲ့သို့တည်း။

ဤတွင်နာမ်လောက၌ (၁) အပြစ်ရှိပြီး မကောင်းကျိုးပေးသော သဘာဝတစ်ရပ်၊ (၂) အပြစ်မဲ့ပြီး (ဝါ) အပြစ်ကင်းပြီး ကောင်းကျိုးပေးသော သဘာဝတစ်ရပ်၊ ဤသို့ သဘာဝနှစ်ရပ် ကွဲပြားလာသည်ကို သတိချပ်ရာ၏၊ ထို့ပြင် အပြစ်ရှိ–မဲ့ နှင့်မသက်ဆိုင်သော ကြားနေသဘာဝလည်းရှိပေ၏၊ အကြောင်းပိုင်းနှင့်အကျိုးပိုင်းလည်း ကွဲလေသည်။

သို့ဟာသူပင် ကိုယ်သဘာဝအားဖြင့် သန့်ရှင်းနေသော စိတ်စေတသိက် အခြေခံနာမ်ဓာတ်ကို မူတည်ထားပါ။ ယင်းအခြေခံနာမ်ဓာတ်ကို ပူးဝင်ငြိစွန်းစေသော အရာသည်လည်းစေတသိက်၊ ပို၍ကြည်လင်သန့်ရှင်းစေသည့်အရာသည်လည်း စေတသိက်ပင်ဖြစ်၏၊ ဤတွင်–

'စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ မှတ်ဖွယ်စေတသိက်'

ဟူသော ပရမတ္ထသံခိပ်လာ သဘာဝအဓိပ္ပါယ်ကိုမျက်ခြည်မပြတ်ရပေ။

စိတ်၌ဝင်တွယ်ပြီး ချယ်လှယ်လိုက်သည့်အတွက် အပြစ်ငြိစွန်းပြီး မကောင်းကျိုးဖြစ်ပေါ်လာစေတော့မည့် သဘာဝမျိုးကို 'အကုသလ'ဟု ပါဠိဘာသာဖြင့်ခေါ်ဝေါ်၏၊ စိတ်၌ယှဉ်၍ ချယ်လှယ်လိုက်သည့်အတွက် အပြစ်ကင်းပြီး ကောင်းကျိုးဖြစ်လာစေမည့် သဘာဝမျိုးကို 'ကုသလ' ဟု ခေါ်၏၊ အကုသလနှင့် ကုသလသည် စေတသိက်က အရောင်ဆိုးပေးလိုက်သည့် အမဲနှင့်အဖြူ အဆင်ကွဲဖြစ်၏၊ (အကုသလနှင့် ကုသလကို သီးခြားဆွေးနွေးဖော်ပြပါဦးမည်)

ဤကဲ့သို့ အခြေခံမရမတ္တသဘာဝကို အကုသိုလ်သဘာဝဖြစ်လာအောင် ကုသိုလ်သဘာဝဖြစ်လာအောင် ချယ်လှယ်သောစေတသိက်များကို မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ဖြင့် စာရင်းပြုစုပေးသွားခဲ့၏၊ အသိမ်မွေ့ဆုံးဖြစ်သော နာမ်သဘာဝများဖြစ်၍-- ဘုရားရှင်ဉာဏ်တော်ဖြင့်သာ အပြည့်အစုံ အမှန်အကန် မကျွင်းမကျန် သိနိုင်ပေသည်။ သို့သော် မြတ်စွာဘုရားသည်လည်း မိမိထင်သလိုလုပ်သွားခြင်း (ဝါ) ဖန်ဆင်းသွားခြင်း မဟုတ်၊ အထက်တွင်တင်ပြဆွေးနွေးခဲ့သည့် လက္ခဏာဒိစနစ်ဖြင့်သာ စိတ်စေတသိက်ကို ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

အပြစ်ငြိစွန်းစေသော (ဝါ) သန့်ရှင်းသောစိတ်ရင်းကို ညစ်နွမ်းစေသော (ဝါ) အကုသိုလ်ဖြစ်သော စေတသိက်တို့မှာ များများစားစားမရှိ၊ ၁၄ မျိုးသာရှိ၏၊ ယင်းအကုသိုလ်စေတသိက်-၁၄-မျိုးတို့ကား အောက်ပါတို့ပင်ဖြစ်၏။

—မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ။
—လောဘ၊ ဒိဋ္ဌိ၊ မာန
—ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။
—ထိန၊ မိဒ္ဓ
—ဝိစိကိစ္ဆာ။

အဘိဓမ္မာဒေသနာသည် အခြေခံအားဖြင့် ပါဠိဘာသာဖြင့်တည်ရှိနေသဖြင့် ပါဠိဝေါဟာရများကို မရှောင်နိုင်ပေ။ မည်သည့်ဘာသာရပ်ကို လေ့လာသည်ဖြစ်စေ၊ သူ့ဘာသာရပ်ဆိုင်ရာ ဝေါဟာရများကို မလွှဲမသွေ တွေ့ရမည်မှာ ဓမ္မတာဖြစ်လေသည်။ အဓိပ္ပါယ်ကိုမူ မိမိ မိခင်ဘာသာဖြင့် သိနိုင်ပေသည်။

ဤတွင် အရေးတကြီးမှတ်သားရမည့်အချက်တစ်ရပ်ကို ထည့်သွင်းဖော်ပြလို၏။ မည်သည့်ဝေါဟာရမဆို ဝေါဟာရမှန်သမျှ ပညတ်သာဖြစ်၏၊ ထိုဝေါဟာရက ခံဆောင်ဖော်ပြသည့်အနက်သည်သာ ပရမတ်ဖြစ်၏၊ ဤသို့သော သတိတရားလက်လွှတ်ပါလျှင် ပရမတ်ကိုသင်ယူရင်း ပညတ်နှင့်စခန်းသွားနေတတ်သည်၊ သိလွယ်အောင် ဥပမာဆောင်ရသော် မိန်းမလှကိုရအောင်ကြိုးစားရာတွင် လူအစစ်ကိုမရပဲ၊ ဓာတ်ပုံရပြီးဓာတ်ပုံကို လူထင်နေသကဲ့သို့ ဖြစ်တတ်သည်၊ လေးနက်သိမ်မွေ့လှသော ပရမတ္ထပညာကိုလေ့လာနေရင်း ပညတ်တွင်မျက်စိလည်နေပါက ဆေးအညွှန်းကိုသာအရကျက်နေပြီး ဆေးကိုမသောက်မိသဖြင့် ရောဂါမပျောက်သည့်လူနာမျိုးကဲ့သို့ ဖြစ်တတ်သည်။

ယခုခေတ်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ အဘိဓမ္မာ ပရမတ္ထတရားဒေသနာကို သင်ကြားပို့ချ ဟောပြောလေ့လာနေကြပါလျက်၊ စိတ်ကောင်းမရှိကြခြင်း၊ မလိမ္မာကြခြင်း၊ ကိလေသာမနည်းကြခြင်းသည် ပရမတ္ထသာသနာမပေါက် ဘုရားအဆုံးအမ ကိုယ်ဝယ်မရောက်ကြ၍ ဖြစ်ပေသည်၊ ထို့ကြောင့်ပင် အရှိကိုအရှိအတိုင်း ထင်းကနဲမြင်သာအောင် မှတ်တမ်းတင်တတ်သော ကုန်းဘောင်ခေတ်ပေါ် စလေဆရာကြီးဦးပုညက ကုန်းဘောင်ခေတ်အဘိဓမ္မာသမားတို့ကို ဤသို့ မှတ်တမ်းတင်ခဲ့သည်။

ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဖြစ်စိမ့်ဌာဟု၊
ဉာဏ်ပါကဝိ၊ မှတ်စုကိုညှိပြီးလျှင်၊
အဘိဓမ္မတ္ထသင်္ဂဟော၊ သင်္ဂြိုဟ်ကိုဝိုက်သိုင်းလို့၊
ကိုးပိုင်းလုံးမွှေခဲ့မည်၊ စေ့ရေမူလ၊
ပညာရှင်ပါတဲ့နော်လို့၊ အာဘော်ကိုပြပြီးလျှင်၊
မာနဖိစီး၊ မနှီးမနှော၊ တစ်ယောက်နှင့်တစ်ယောက်၊
အာပေါက်အောင်ပြောကြ၊ သောမနဿသဟဂုတ်၊
လက်ဖက်ကသုံးလေးလုတ်၊ ဒိဋ္ဌိဂုတသမ္ပယုတ်၊
ကြက်သွန်ကြော်များများနှင့်၊ ဗိုက်ကားအောင်တုတ်ပြီးလျှင်၊
သရုပ်များကွဲလေဟန်၊ လက်လေးသစ်လောက်စာတိုကို၊
ဝိဂြိုဟ်တွေကျင်းပြီးလျှင်၊ အငြင်းကကြောက်ဖွယ်သန်၊
မာနဂုဏ်သူကိုး၍၊ ဖြတ်ထိုးနှင့်တည်ည်း၊
ငြိုကာကျော်လက်သန်းမှာ၊ အာဝဇ္ဇန်းမောက်လျှံ၍၊

ဘလောင်ဆန်ဆူကြွက်၊ မြတ်ဇီနော်မမွစက်ကို၊
ဇာတ်စကားရောယှက်၍၊ ဖျက်သူကလဲအတန်တန်၊
ရှုပ်ဘုတုပ္ပါဒါယဘောဒဘိန္ဒော၊ ကွမ်းကောဆေးကော၊
ချလောခုလျှင်၊ အလှူရှင်ပြင်ခဲ့ပြင်ခဲ့၊
အရွက်ကြမ်းလက်ဖက်မဲကို၊ ဆီရွှဲရွှဲမထည့်၍၊
ကဲ့ရဲ့သူကလည်းတမျှောင့်၊ ထိုအိမ်ဦးတထောင့်က၊
အို—ကျောင်းတကာ၊ ဘုရားတကာ၊ မေးလေရာတွင်၊
ပညာနိဿရည်း၊ ဝိနည်းတလီ၊ အလဇ္ဇီနှင့်၊
လဇ္ဇီတဝ၊ လူ့အပေါင်းတို့၊ စိတ်ခွလေအောင်၊
ကံဒွါရငြင်းကြသည်၊ ကရွတ်ကင်းလျှောက်ပုံတချက်၊
အချို့သောသူတို့က၊ မိစ္ဆာဉာဏ်ကူးဖက်၍၊
အနက်ကိုလည်းမသိ၊ ပညာရှိငါတစ်ဆူ၊ ဖြစ်လေသည်
ဟူသတည်းဟု၊ အလှူမသာ၊ ရှိလေရာတွင်၊
လယ်ကာဝါကြွား၊ လက်ဖက်စားသည်၊
ဘုရားမကြိုက်တဲ့လူစုတည်း။ ။

အထက်ပါ ဦးပုည၏သတိပေးစကားကို အဘိဓမ္မာပညာလေ့လာလိုက်စားသူတိုင်း အထူး မှတ်သားသတိချပ်သင့်သည်၊ အဘိဓမ္မာပညာတတ်၍ မာနကြီးနေပုံ၊ အဘိဓမ္မာပညာကို အကြွားအဝါအတွက် အသုံးချပုံ၊ အဘိဓမ္မာပညာဖြင့် သူတစ်ပါးအား နှိပ်နယ်ဖိစီးတတ်ပုံ၊ စိတ်ကောင်းမရှိပုံ၊ သူတစ်ပါးအား ကဲ့ရဲ့တတ်ပုံ စသည်ဖြင့်ဖော်ပြထားသည်မှာ အဘိဓမ္မာပညာတတ်၍ လိမ္မာရမည့်အစား ပိုမိုက်နေပုံကို ဖော်ပြထားရာရောက်ပေသည်။

ဤကဲ့သို့ မလိမ္မာသည်မှာ မြတ်စွာဘုရား၏အဘိဓမ္မာပညာက လူကို မယဉ်ကျေးစေနိုင်၊ မလိမ္မာစေနိုင်၍ မဟုတ်ပေ။ အဘိဓမ္မာပညာကို လက်ခံသင်ယူလေ့လာသူက ပရမတ်ဆိုက်အောင် မလိုက်ပဲ၊ ပညတ်နှင့် မျက်စိလည်နေသောကြောင့် ဖြစ်လေသည်။

အထက်ပါဦးပုည၏စကား၌"ဘုရားမကြိုက်တဲ့လူ"ဟူသောစကား ကို အလေးအနက် စဉ်းစားရမည်၊ ကြိုက်သည်မကြိုက်သည်ဟူသောအချက် သည် နီးစပ်သူ၊ ဆက်ဆံသူ၊ ဝင်ဆံ့သူများ၌သာ ဖြစ်သည့်သဘာဝတည်း။ လုံးဝမသိ၊ လုံးဝပဲသက်ဆိုင်၊ လုံးဝမပါဝင်သူကို ကြိုက်သည်မကြိုက်သည် ဟူ၍ မရှိပေ။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာကိုလေ့လာသူသည်ကား ဘုရား ရှင်နှင့်ဆက်ဆံသူ၊ ဝင်ဆံ့သူကားဖြစ်လေပြီ၊ သို့သော် ဘုရားကြိုက်အောင် လေ့လာသင်ယူပြုမူကျင့်ကြံရမည်ဖြစ်ကြောင်း သတိထားအပ်ပေသည်။

ယခုခေတ်တွင် သဘောတရားကို လက်တွေ့နှင့်ပေါင်းစပ်လေ့လာ မှုသည်သာ တန်ကြေးရှိသည် ဖြစ်သောကြောင့် အဘိဓမ္မာဘက်သို့ ကိုင်းညွတ်ပြီး လေ့လာနေသူများအနေဖြင့် လက်တွေ့ဘဝအတွက် အဖြေမှန် ရစေရန် စကားညှပ်များချပ်၍ ထည့်အပ်သည်။

**နှစ်ပက်လှ**
(၁၉၇၂-ခု၊ ဇန်နဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# ပညာယှောင်ဆောင်သော မောဟနှင့် တွဲဖက်သဘာဝများ

ယခင်လ ဆောင်းပါးတွင် အကုသိုလ်စေတသိက် ၁၄ မျိုးတို့၏ အမည်ဝေါဟာရကို ဖော်ပြခဲ့ပြီးဖြစ်၏၊ ယခုဆက်လက်၍ ယင်းအကုသိုလ်စေတသိက် ၁၄ လုံးတို့၏ သဘာဝအဓိပ္ပာယ်ကို ဖော်ပြအပ်ပါသည်။ ကြိုတင်သတိပြုရန်ကား မည်သည့်စေတသိက်မျှ သူတစ်ခုထဲမဖြစ်ပေ၊ စိတ်နှင့်အတူဖြစ်၏၊ အခြားသဘောတူရာ စေတသိက်တို့နှင့် တစ်ပေါင်းတည်းဖြစ်၏၊ သို့သော် စေတသိက်တစ်လုံးစီ၏အဓိပ္ပါယ်ကိုရှင်းရာတွင်မူ တစ်ခုတည်း၏ သဘောကိုသာကွက်၍ ရေးသားရပေသည်။

၁။ **မောဟ**–ဖုံးလွှမ်းခြင်းသဘော၊ ဖုံလွှမ်းခြင်းလက္ခဏာရှိသော သဘာဝတရား၊ ဤသို့ဖုံးလွှမ်းခြင်း လက္ခဏာရှိသောသဘာဝကို ပါဠိဝေါဟာရအားဖြင့် 'မောဟ' ဟုခေါ်သည်။

ဥပမာအားဖြင့် လကွယ်နေ့ည သန်းခေါင်အခါ၊ မိုးမှောင်ကျချိန်၊ တောအုပ်ကြီးအတွင်း၌ မှောင်နှင့်မဲမဲရှိနေသည် မဟုတ်ပါလော၊ အဘယ်ကြောင့် မှောင်မဲနေသလဲဟု ပြန်လှန်စဉ်းစားလျှင် လရောင်ကင်းသော လကွယ်နေ့ညကလဲဖြစ်၊ ညဉ့်နက်သန်းခေါင်အခါကလဲဖြစ်၊ မိုးမှောင်ကလဲကျ၊ တောအုပ်ကြီးအတွင်းမှာလဲဖြစ်သည့်အတွက် မှောင်မဲနေခြင်းဖြစ်၏။ ထိုအမှောင်သည် တောအုပ်တွင်းရှိ မြင်စရာပစ္စည်းများကို မမြင်နိုင်အောင် ဖုံးလွှမ်းထား၏၊ ထိုအမှောင်ထု၏ သဘောလက္ခဏာကိုရှာရာတွင် ဖုံးလွှမ်းခြင်း လက္ခဏာအမှတ်အသားကို တွေ့ရပေသည်။

ထိုနည်းတူ လူ၏စိတ်စေတသိက်နာမ်ပိုင်းတွင် သစ္စာ ၄—ချက် အမှန်အနက်ကို မသိမမြင်နိုင်အောင် ကာကွယ်တားဆီးနေသော သဘာဝတစ်ရပ်ရှိ၏၊ ရှိကြောင်းသိနိုင်သည်မှာ လူ၏ကိုယ်ခန္ဓာသည် မမြဲသည့်ဓာတ်သဘာဝတို့၏ ဖွဲ့စည်းတည်ဖြစ်မှု ယာယီသဏ္ဍာန်မျှသာဖြစ်ကြောင်း၊ အမြဲမတည်ကြောင်း၊ အိုရနာရသေရမှု သည် စင်စစ်ဆင်းရဲကြောင်း စသည်ကို ယထာဘူတကျကျ ထိုးထွင်း၍ ဒိဋ္ဌမသိမမြင်ကြပေ။ ဤသို့မမြင်ခြင်းသည် နာမ်ပိုင်းဆိုင်ရာအမှောင်တစ်ရပ်က ဖုံးလွှမ်းထား၍ ဖြစ်ပေသည်။

အနည်းငယ်စဉ်းစားဉာဏ်ရှိသူသည် မိမိနှင့်ရင်းနှီးခင်မင်သူသေဆုံးသောအခါ ထိတ်လန့်သံဝေဂဖြစ်၏။ မိမိလည်းသေရတော့မည့်လားဟု အနိစ္စအဖြစ်ကို ထင်ယောင်မြင်ယောင်လာ၏၊ သို့သော် ဤစိတ်ထားကားကြာကြာမခံ၊ တော်တော်ကြာ ခါတိုင်းလိုပြန်ဖြစ်ပြီး၊ လုပ်ဟာ၊ ကိုင်ဟာ သွားဟာ လာဟာ စားဟာ သောက်ဟာ ပျော်ဟာ ပါးဟာနှင့် နေမြဲအတိုင်း ပြန်ကျ၏၊ ဤသို့ စိတ်အခြေအနေ နေမြဲပြန်ကျသည်မှာ အနိစ္စအမြင်မမြင်နိုင်အောင် စိတ်အမှောင်ကျပြန်၍ဖြစ်၏။

လူတို့သည် သေရခါနီးစဥ် ကြောက်ရွံ့ထိတ်လန့်ကြ၏။ အူထဲအသဲထဲက လှိုက်၍လှိုက်၍ ကြောက်ကြ၏၊ စိုးရိမ်ခြင်းကြီးစွာဖြစ်ကြ၏၊ သို့သော် မိမိတို့၏မျက်စိရှေ့၌ လူတို့ သေ၍သေ၍နေကြ၏၊ မိမိတို့လည်း သူ့လိုသေရမည်ကို အပေါ်ယံသမန်ကာလျှံကာမျှသာ အသိအမှတ်ပြုကြ၏၊ အမှန်စင်စစ် သူသာသေသည်၊ ငါမသေဘူးလိုလို အထင်က လွှမ်းမိုးနေ၏၊ ထို့ကြောင့် ပျော်နိုင်၏၊ ပါးနိုင်၏၊ မော်နိုင်၏၊ ကြွားနိုင်၏။

ဤကဲ့သို့ အမှန်သဘာဝမရှုမမြင်နိုင်အောင်ဖြစ်နေသည်မှာ စိတ်၌မှီတွယ်ပြီး ဖြစ်ပေါ်နေသည့် သဘာဝတစ်ရပ်ကြောင့်ဖြစ်၏၊ တောအုပ်တွင်း၌ အမှောင်ထုသည် မြင်စရာအရာဝတ္ထုများကို မမြင်နိုင်အောင် ကာကွယ်ဖုံးလွှမ်းဘိသကဲ့သို့ လူ၌ရှိသော ထိုသဘာဝသည်လည်း အမှန်ဓမ္မကိုမမြင်ရအောင် ကာကွယ်ဖုံးလွှမ်းဘိ၏။ သူ၏သဘာဝလက္ခဏာအမှတ်အသားမှာ ဖုံးလွှမ်းခြင်းပင်ဖြစ်၏။

အမှန်သစ္စာကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသော ထိုသဘာဝတရားကို "မောဟ" ဟူ၍ မြတ်စွာဘုရားက နာမည်ပေးခဲ့၏၊ မောဟသည် လူ၌ရှိသော အမှန်ဓမ္မကို ဖုံးလွှမ်းတတ်သော အမှောင်သဘာဝတစ်မျိုး၏ နာမည်မျှသာဖြစ်ကြောင်း သတိချပ်အပ်၏။ သို့မဟုတ်က မောဟဆိုတာ ဖုံးလွှမ်းတတ်သောအရာဖြစ်သည်ဟု ပြောင်းပြန်အမှတ်မှားတတ်သည်။

ဖုံးလွှမ်းခြင်းလက္ခဏာရှိသော ပရမတ္ထသဘာဝတစ်မျိုးကိုသာ "မောဟ" ဟုခေါ်ခြင်းဖြစ်သည်။ မောဟဆိုတာက ဖုံးလွှမ်းတတ်သည့် အရာကြီးမဟုတ်ပေ။ အဘိဓမ္မာသမားတို့သည် ဤနေရာ၌ မျက်စိလည်နေတတ်သည်။ ပရမတ္ထတရားကိုလေ့လာရင်း ပညတ်ထဲကျွံဝင်သွားတတ်

သည်၊ သတ္တဇီဝ (သတ္တဝါတစ်မျိုး၊ အသက်ရှိတစ်မျိုး) သဘောမျိုး နှယ်သွားတတ်သည်၊ ထို့ကြောင့် ပရမတ္ထမဆိုက်ပဲ ဘုရားသာသနာတည်း ဟူသောဆေးမတွေ့၍ စိတ်မလိမ္မာပဲ ဘုရားမကြိုက်တဲ့ဘဝသို့ ရောက်ကြ ရလေသည်။ သတိပြုသင့်သော အချက်ပေတည်း။

"မောဟ"၏ သဘောလက္ခဏာကို သဘောပေါက်နားလည်ရန် ခက်တတ်၏၊ ထို့ကြောင့် အနည်းငယ်ရေးလိုက်ခြင်းဖြစ်၏။

ဤကဲ့သို့ သစ္စာမမှုကို ဖုံးလွှမ်းတတ်သည့်လက္ခဏာရှိသော သဘာဝ သည် စိတ်၌မှီတွယ်၍ စိတ်ကိုချယ်လှယ်တတ်သောကြောင့် စေတသိကဟု ခေါ်၏၊ ဖုံးလွှမ်းခြင်းလက္ခဏာ၊ စိတ်၌ မှီတွယ်ဖြစ်တတ်သည့်သဘော၊ ဤနှစ်ရပ်ကိုပေါင်းလိုက်သော် မောဟစေတသိက်ဟူသော အချက်တစ်ရပ်ကို ရလေသည်။

လက္ခယ်နေ့ ညသန်းခေါင်ယံအခါ မိုးမှောင်ကျချိန် တောအုပ် အလယ်၌ရောက်နေသောလူကို မှန်းဆကြည့်ပါ၊ တောင်မမြင်၊ မြောက် မမြင်၊ ကစမ်းကဝါး ယောင်ယောင်မှားမှား ကုန်းမသိ ကျင်းမသိ တိုက်မိ ခိုက်မိ ကတိမ်းကပါး ဖြစ်နေရှာမည်သာတည်း။ မြေမှန်းမသိ ကင်းမှန်း မသိ၊ ကိုင်မိကိုင်ရာ စမ်းမိစမ်းရာ ဖြစ်ရှာပေမည်တည်း။ အကြောင်းကား အဟုတ်အမှန်ကို ခွဲခြားမမြင်နိုင်သည့်အတွက် ဖြစ်၏။ ဤဥပမာကို သရုပ် ပေါ်အောင် နှလုံးသွင်းပါဘိ။

ဤ ဥပမာပိုင်းကိုသဘောပေါက်လျှင် စိတ်ပိုင်းဆိုင်ရာ၌ မောဟ အမှောင်ကျနေသော လူသားတစ်ဦး၏ ဥပမေယျပိုင်းကို ဆက်လက်ချင့်ချိန် နိုင်ရာ၏၊ မောဟလူသားအတွက် အလွယ်ဆုံးပြောရလျှင် သူသည် အမှန်ကို မမြင်သဖြင့် အမှားကိုမြင်သည်ဟုဆိုရာရောက်၏၊ ပိုက်ဆံပြား၌ ခေါင်းကို မမြင်ဟုဆိုလျှင် ပန်းကိုမြင်သည်ဟု အကြမ်းဖျဉ်းသိနိုင်သကဲ့သို့တည်း။

သူသည် အနိစ္စမမြဲသည်ကို "နိစ္စ" မြဲသည်ဟု ထင်ပေ၏၊ "ဒုက္ခ" ဆင်းရဲသည်ကို "သုခ" ချမ်းသာသည်ဟု ထင်ပေ၏။ "အနတ္တ" အစိုးမရ အလိုမလိုက်သည်ကို "အတ္တ" အစိုးရ၏၊ အလိုလိုက်၏ဟု ထင်ပေ၏။ "အသုဘ" မတင့်တယ်သည်ကို "သုဘ" တင့်တယ်သည်ဟု ထင်ပေ၏။ မောဟလူသား၏အမြင်ကား အမှန်တရား၏ ပြောင်းပြန်အမြင်ပေတည်း။

"မောဟ"သည် ရှေ့၌ဖော်ပြမည့် "ပညာ" (ဉာဏ=ဉာဏ်)နှင့် ဆန့်ကျင်ဘက်မြင်၏။ ပညာဉာဏ်သည် အမှန်ကိုမြင်၏၊ မောဟသည် အမှားကိုမြင်၏။ ထို့ကြောင့် မောဟကို "အညာဏ"ဟုလည်း ခေါ်၏။ အချို့က "မောဟ"ကို ဘာမှမသိ ဘာမျှမမြင်သောတရားဟု အမှတ်မှား နေတတ်၏။ မဟုတ်ပေ။ "မောဟ"သည် မြင်တတ်၏၊ သို့သော် အမှန်ကို မမြင်၊ အမှားကိုသာမြင်ပေသည်။ မောဟသည် စေတသိက်၊ စိတ်နှင့်ယှဉ် ဖြစ်၏၊ မောဟသည် အမှန်ကိုဖုံးလွှမ်း၏။ မောဟနှင့်ယှဉ်သောစိတ်သည် အမှန်မသိ။

အဝိဇ္ဇာဟူသောဝေါဟာရကို ကြားဖူးကြရာ၏၊ အဝိဇ္ဇာဟူသည် တခြားမဟုတ်၊ မောဟ၏အမည်တစ်မျိုးပင်ဖြစ်၏။ အဝိဇ္ဇာကို န+ဝိဇ္ဇာဟု ပုဒ်ခွဲရ၏၊ ဝိဇ္ဇာကား ပညာ၏ အမည်တစ်မျိုးဖြစ်၏။ ဝိဇ္ဇာကား အမှန်ကို မြင်သောသဘောတည်း၊ အဝိဇ္ဇကား (န+ဝိဇ္ဇာ) ဝိဇ္ဇာမဟုတ်ဆိုသည့် အတိုင်း အမှားကိုမြင်သောသဘောဖြစ်၏။

မောဟကိုတွေဝေသည်ဟုလည်း အနက်ဖော်ကြ၏၊ "တွေဝေ" ဟူသောသဘောကိုစဉ်းစားကြည့်လျှင် အမှန်ကို မုချဆတ်ဆတ် တန်းတန်း မတ်မတ် မသိသည်ကိုတွေ့နိုင်၏။ ဘုမသိ၊ ဘမသိဆိုသောဒဏ္ဍာရီစကား၌ ထမင်းဝိုင်းမှာဝင်စားသူကို သယ်သူလဲဟု သမီး "ဘု" ကလဲမသိ၊ အဖေ "ဘ"ကလဲ မသိ၊ အမှန်အတိုင်းမသိရှာကြ၊ တွေ့ရကြုံရသည့်အာရုံ၌ တွေ ဝေကြကုန်၏။

အချုပ်အားဖြင့်သစ္စာလေးချက်အမှန်နက်ကို သိမှုသည်သာ မောဟ လွှတ်၏။ အခြားသော သိမြင်ထင်မှတ်မှုမှန်သမျှသည်ကား မောဟ (အဝိဇ္ဇာ)၏ လက်ချက်မကင်း။ ယထာဘူတအမှန်သဘာဝကိုဖုံးလွှမ်းပြီး အမှန်၏ဆန့်ကျင်ဘက်ကိုသာ သိစေ၏၊ ထို့ကြောင့် ပုထုဇဉ်လောက၌ မောဟသည် ပညာယောင်ဟန်ဆောင်ဘိ၏။ ပုထုဇဉ်လူညံ့တို့သည် မိမိတို့ ထင်မိထင်ရာသိမြင်ခြင်းကို မှန်သောအမြင် (သမ္မာဒိဋ္ဌိ)ဟူ၍ ထင်မှတ်တတ် ခြင်းသည်ကား မောဟအသိကို ပညာအသိဟု ထင်မိယောင်မှားခြင်းသာ ဖြစ်ပေသည်၊ ပညာယောင်ဆောင်တက်သောမောဟ၏ သားကောင်တို့ ပေတကား။ (ဝိပ္ပလ္လာသတရားအကြောင်း အလျဉ်းသင့်လျှင် ဖော်ပြပါအံ့)။

၂။ **အဟိရိက** (ရိကို အင်္ဂလိပ်အက္ခရာ R ကဲ့သို့ လျှာလိပ်သံဖြင့် ဖတ်ပါ)။

အဟိရိက-မရှက်ခြင်းလက္ခဏာရှိသောသဘာဝတရား၏အမည်တည်း၊ ဥပမာ-ဝက်သည် မစင်စားရသည်ကို မရှက်တတ်၊ ရှက်ရကောင်းမှန်းမသိ၊ ဤအကုသိုလ် ဒုစရိုက်ပကောင်းမှုဟစ်ခုခုကိုပြုလုပ်ရာ၌ ရှက်ရကောင်းမှန်း မသိသည့် သဘာဝတစ်ရပ်သည် စိတ်၌မှီ၍ဖြစ်၏၊ ထိုသဘာဝကို"အဟိရိက စေတသိက်"ဟု ခေါ်ပေသည်။ ဤမရှက်တတ်သည့် သဘောသည်ကား အမှန်မမွကိုပသိသောမောဟ၏ တွဲဘက်သဘာဝပေတည်း။

၃။ **အနော္တပ္ပ** (အနွှပ်တပ်ပ-ဟု ဖတ်ပါ)။

အနော္တပ္ပ--မလန့်ခြင်းလက္ခဏာရှိသော သဘာဝတရား၏အမည် တည်း၊ ဥပမာ....ဆောင်းလအခါ မီးကိုတိုးသောပိုးဖလန့်တို့သည် မီးကို ကြောက်လန့်ရမှန်း မသိပေ၊ မီးလောင်၍သေရမည်ကို မသိရှာ၊ မီးရောင် လွှင်လွှင်ကလေးကိုပင် အကောင်းထင်၍ ဝင်တိုးကြလေသည်။ ထိုနည်းတူ မောဟလူသားသည် ဒုစရိုက်မိုက်ပြစ်ကိုလုပ်ရန် မကြောက် တတ် ပေ။ ကြောက်ရကောင်းမှန်း မသိပေ၊ အကြောင်းကား အမှန်အတိုင်း မမြင် သာကောင် မောဟအမှောင်ဖုံးလွှမ်းနေသောကြောင့် ပေတည်း။

၄။ **ဥဒ္ဓစ္စ** (ဥဒ်ဓစ်စ–အုတ်ဒစ်စ-ဟု ဖတ်ပါ)။

ဥဒ္ဓစ္စ—ပျံ့လွင့်ခြင်းလက္ခဏာရှိသော သဘာဝတရား၏အမည်တည်း၊ ဥပမာ....ပြာပုံကို ကျောက်ခဲဖြင့်ပစ်လိုက်သောအခါ ပြာနုမှုန့်များ ပျံ့လွင့်လေ ဘိသကဲ့သို့ မတည်ငြိမ်သောစိတ်၏သဘောကို ဥဒ္ဓစ္စ ဟု ခေါ်လေသည်။

မြတ်စွာဘုရားသည် အပြစ်စွန်းငြိသော အကုသိုလ်သဘာဝတရား များကို လေ့လာသောအခါ အခြေခံကျသော သဘာဝ လေးရပ်ကို တွေ့မြင်တော်မူ၏။ အမှန်ကိုဖုံးလွှမ်းခြင်းလက္ခဏာရှိသောတရား(မောဟ)၊ မရှက်ခြင်းလက္ခဏာရှိသောတရား(အဟိရိက)၊ မလန့်ခြင်းလက္ခဏာရှိသော တရား(အနော္တပ္ပ) နှင့် ပျံ့လွင့်ခြင်းလက္ခဏာရှိသောတရား(ဥဒ္ဓစ္စ)၊ ဤ— တရားလေးပါးသည် စိတ်၌မှီတွယ်၍ စိတ်ကိုချယ်လှယ်၏။ ထိုတရားတို့နှင့် အတူတကွဖြစ်သောစိတ်သည် ညစ်ညူးကာ အပြစ်ငြိစွန်း၏၊ အကုသိုလ် ဖြစ်၏၊ အကုသိုလ်ဖြစ်သမျှအရာတိုင်းမှာ ထိုစေတသိက် ၄–မျိုးအမြဲပါ၏၊ အခြေခံ၏။

ထိုတရား ၄–ပါးတို့သည် စိတ်ကို အကုသိုလ်စိတ်ဖြစ်အောင်လုပ်၏၊ သန့်ရှင်းသောရေကို ဆေးမဲခတ်ပြီး ရေမဲဖြစ်အောင် လုပ်သကဲ့သို့တည်း၊ မောဟမပါပဲ အဟိရိကမပါပဲ၊ အနောတ္တပ္ပမပါပဲ၊ ဥဒ္ဓစ္စမပါပဲ မည်သည့်အခါမျှ အကုလ်မဖြစ်။ တစ်နည်းဆိုသော အမှန်ကိုမမြင်မှ အကုသိုလ်ဖြစ်၏။ အမှန်ကိုအမှန်အတိုင်းမြင်လျှင် အကုသိုလ်မဖြစ်၊ မကောင်းမှုဒုစရိုက်ကိုပြုရမှာ မရှက်မှ အကုသိုလ်ဖြစ်၏၊ ရှက်ပြီးမလုပ်လျှင် အကုသိုလ်မဖြစ်၊ ဒုစရိုက်ကိုမကြောက်ပဲလုပ်မှ အကုသိုလ်ဖြစ်၏။ စိတ်ပျံ့လွင့် စိတ်မတည်ငြိမ်မှ အကုသိုလ်ဖြစ်၏၊ စိတ်တည်ငြိမ်ရင့်ကျက်လျှင် အကုသိုလ်မဖြစ်။

ဖုံးလွှမ်းခြင်းလက္ခဏာ၏ အမည်ကား မောဟ၊ မရှက်ခြင်းကား အဟိရိက၊ မကြောက်ခြင်းကား အနောတ္တပ္ပ၊ ပျံ့လွင့်ခြင်းလက္ခဏာကား ဥဒ္ဓစ္စ။ ထိုမောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့သည် စိတ်၌မှီတွယ်၍ စိတ်ကိုချယ်လှယ်၏။ ထို့ကြောင့် စေတသိက = စေတသိက်ခေါ်၏။

ထို စေတသိက် ၄-မျိုး ယှဉ်လာလျှင် စိတ်၌ အပြစ်ငြိတွယ်၏။ ညစ်နွမ်း၏၊ မကောင်းသောအကျိုးကိုဖြစ်စေရန် အကြောင်းတရားဖြစ်လာ၏။ ထို့ကြောင့် အကုသလ၊ အကုသိုလ်ကို စေတသိက် ၄-မျိုး ပူးဝင်မှ အကုသိုလ်ဖြစ်၏၊ (ဝါ) အကုသိုလ်ဖြစ်တိုင်း ထိုစေတသိက် ၄-မျိုး အမြဲပါ၏။ ထို့ကြောင့် အကုသလသာဓာရဏစေတသိက်(အကုသလ-အကုသိုလ်အားလုံး နှင့် သာဓာရဏ–ဆက်ဆံသော၊ စေတသိက–စေတသိက်) ဟုခေါ်ပေသည်။

ဆိုခဲ့ပါ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဟူသော စေတသိက် ၄–မျိုးသည် အကုသိုလ်နယ်၌ အရင်းခံဖြစ်၏၊ ပင်စည်နှင့်တူ၏၊ ယင်း– အကုသိုလ်ပင်စည်မှ အတက် ၄–တက်ထွက်လာ၏။ ယင်းအတက်တို့ကား- လောဘ၊ ဒိဋ္ဌိ၊မာနဟူသော အတက်တစ်တက်၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော အတက်တစ်တက်၊ ထိန၊ မိဒ္ဓဟူသော အတက်တစ်တက်။ ဝိစိကိစ္ဆာဟူသော အတက်တစ်တက် ပေါင်း(၄)တက်တည်း။

လောဘ၊ ဒိဋ္ဌိ၊ မာန ဟူသောအတက်၌ လောဘသည် အရင်းခံအတက်၊ ဒိဋ္ဌိမာနသည် အခက်တည်း၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသောအတက်၌ ဒေါသသည် အရင်းခံအတက်၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ

သည် အခက်တည်း။ ထိန၊ မိဒ္ဒကား အတက်၏အတက်၊ အခက်၏အခက် တည်း။ ဝိစိကိစ္ဆာကား မောဟမှ တိုက်ရိုက်ထွက်သော အတက်တည်း။

လောဘစသော အတက် အခက် စေတသိက်တို့၏ သဘောသဘာဝ ကို ရှေ့လတွင်မှ ဆက်၍ ရှင်းပါအံ့။

နှစ်ဖက်လှ
(၁၉၈၂–ခု၊ ဖေဖော်ဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# သင့်စိတ်ထဲက သံလိုက်ခဲတတ် လောဘ

"ဆရာခင်ဗျား၊ သိပ္ပံမဂ္ဂဇင်းအမှတ် (၁၆) မှာပါတဲ့ 'သောမန ဿသဟဂုတ်၊ လက်ဖက်ကသုံးလေးလုတ်' ဆိုတာကတော့ ရာမရကန်ဆရာ ပေးတဲ့ ဥပမာပေးအတိုင်းပြောရရင် 'ပုတ်ကိုလေးနှင့် ပစ်သည့်နှယ်' ဆိုသလို မှန်ချက်သားကကောင်းပါလေးရဲ့—

ကုန်းဘောင်ခေတ်ကလို့ ရေးထားပါတယ်နော်။

ဘယ်ခေတ်ပဲဖြစ်ဖြစ်ဆရာ၊ လူဟာလူပါပဲ၊ သတိသမ္ပဇဉ်ယှဉ်၊ မယှဉ် သာ ကွာတာပါ။

အကျိုးရှိအောင်ယူပေါ့လေ။

နောက်၊ သိပ္ပံမဂ္ဂဇင်းအမှတ်(၁၇)မှာပါတဲ့ 'မောဟ' အကြောင်း ဟာ ကျွန်တော့်အတွေးအမြင် အသိတွေကို တော်တော်လေးဂယက် ရိုက်သွားစေခဲ့ပါတယ်၊ အရင်က 'မောဟ' ဆိုတာ ဘာမှမသိတာလို့ ထင်နေခဲ့တာ၊ အခုတော့—မောဟဆိုတာ အမှားသိ သိအောင်ဖန်တီးနေတဲ့ လက်သယ်ကြီးဆိုတာတွေ့ရတော့ တစ်မျိုးကြီးပဲဆရာ၊ နောက်ပြီး 'မောဟ' ဟာ ပညာယောင်ဆောင် တတ်တယ်၊ ပုထုဇဉ်လူညံ့ဆိုတာ မောဟသိ သိနေတာကိုပဲ တကယ့်သမ္မာဒိဋ္ဌိ (အမြင်မှန်) ရယ်လို့ အစွဲလမ်းကြီး စွဲလမ်းနေတတ်တယ်ဆိုတာတော့ ကျောချမ်းမိတယ်ဆရာရေ၊ အတွေး အမြင်ဒဿနလောကမှာ ဘယ်အသိဟာ ပညာသိအစစ်၊ သယ်အတွေး အမြင်ကတော့ ချော်တောငေါ့နေတဲ့ မောဟသိ (အဝိဇ္ဇာသိ) ရယ်လို့ ဆင်ခြင်မိဖို့ မလွယ်ပါကလား။

ဆရာရဲ့အဘိဓမ္မာဆောင်းပါးတွေ စောင့်ဖတ်နေရင်းက ဒီ'မောဟ' ကိုအရောက်မှာ ကျွန်တော်တို့ ကျောင်းနေတုန်းကသင်ခဲ့ရတဲ့ ဖီလိုဆိုဖီ အကြောင်းပြန်ပြီးသတိရမိလာတယ်။ တစ်ဦးကအကြောင်းယုတ္တိတွေပြပြီး လောကကြီးမှာ 'ရေ' သာအမှန်တရားလို့ပြောတော့ အခြားတစ်ယောက်က မဟုတ်ဘူး 'မီး' မှအမှန်တရားအစစ်လို့ ယုတ္တိတွေပြပြီး ပြောပြန်တယ်၊ ဒီကနေပြီး ရုပ်မှအမှန်တရားကွ၊ နာမ်မှအမှန်တရားကွနဲ့ ငြင်းပွဲကြီးတွေ အထိပဲပေါ့။

အင်း—ကိုယ့်လူက စိတ်ဝင်စားတစ်ကြီးနဲ့ အားရပါးရပြောနေလို့ ကျွန်တော်နားထောင်နေရတယ်၊ အချိန်ကလေးရှာပြီး ဆောင်းပါးဆက် ရေးစရာ ရှိပါသေးတယ်။

နေပါဦးဆရာ—ဥဏလေးပါ၊ ဟို—ဘာတဲ့ ဥဒ္ဓစ္စ—အဲဟုတ်ပြီ၊ အဲဒီ သဘာဝဟာ စိတ်ပျံ့လွင့်ကဲ့သဘောဆိုမှုတ်လား—။

ဟုတ်ပါတယ်၊ ပျံ့လွင့်ခြင်းလက္ခဏာရှိတဲ့သဘာဝတရားကို ဥဒ္ဓစ္စလို့ ခေါ်ထားပါတယ်။

ဒါဖြစ်ရပ်အမေရိကတို့ ဘာတို့မှာ လူ့အချို့လေ့လာစမ်းသပ်နေတဲ့ 'တီအမ်' ဆိုတာနဲ့ ဘယ်လိုနေမလဲမသိဘူး—။

တီအမ်က ဘာလဲ။

တီအမ်(T.M.)ဆိုတာ (Transcendental Meditation)ရဲ့ အတိုကောက်ပါဆရာ၊ စိတ်ကိုပျံ့လွင့်ပြေးသွားချင်သလောက်သွားအောင် လွှတ်ပေးတဲ့ကမ္မဋ္ဌာန်းနည်းပဲဆရာ၊ ဒီလိုစိတ်ကိုလွှတ်ပေးတဲ့ တီအမ်နဲ့ဥဒ္ဓစ္စနဲ့ တူမလား၊ ကွဲပြားမလားလို့တွေးမိလို့ပါ။

ဩော် သိပြီ ကျွန်တော်လဲဖတ်ဖူးပါတယ်။ တီအမ်နည်းမှာ မန္တာန်လဲ့ ပါသေးတယ်။

ဒါပေမယ့် ကိုယ့်လူကိုတောင်းပန်ပါရစေ၊ ဖီလိုဆိုဖီအကြောင်းတွေ၊ ကမ္မဋ္ဌာန်းအကြောင်းတွေကို ဒီအဘိဓမ္မာဆောင်းပါးအစဉ်မှာ ထည့်သွင်း မဆွေးနွေးပါရစေနှင့်ဦး၊ အခုသိပ္ပံမဂ္ဂဇင်းမှာတင်ပြနေတဲ့သဘောက ဗုဒ္ဓ အဘိဓမ္မာပညာအရ လူနဲ့ပတ်ဝန်းကျင်လောကကြီး ဘယ်လိုဆက်သွယ်မှု ရှိနေသလဲဆိုတာကို တတ်သိနားလည်စေဖို့ ရည် မှန်း ထား ပါ တယ်၊

ဒါကြောင့် နှင်းဆီပန်းကလေးတစ်ပွင့်ကို မျက်စိဖြင့်မြင်တဲ့အခါ ဘယ်လို မြင်သလဲဆိုတာ မှတ်ထားတယ် မဟုတ်လား၊ အာရုံခြောက်ပါးထဲမှာမှ တစ်အာရုံကိုပဲရွေးပြီးတင်ပြနေတယ်၊ စကထဲကခြောက်ပါးလို့ပြောရင်ရှုပ်မှာ စိုးလို့။

နောက်ပြီး အရေးသမား အခံပြောသမား အသင်အပြသမားတွေ အထူးသတိပြုရတဲ့အချက်တစ်ရပ်ရှိတယ်။ ကိုယ်သိသမျှတွေ အကုန်လျှောက်ပြောမနေဖို့ပဲ မဟုတ်လား။ သိစေချင်တဲ့အချက်တစ်ချက်ကို ရှင်းရှင်းလင်းလင်းသိသွားအောင် မှတ်မိသားမိရှိသွားအောင် လိုရင်းတိုရှင်း ရေးသားပြောဟောသင်ပြပေးရမှာ ဖြစ်ပါတယ်။ ကိုယ်သိသမျှတွေလျှောက်ပြောတော့ ကြားရသူရှုပ်ကုန်ရော၊ အချို့တော်တဲ့တတ်တဲ့ဆရာကြီးတွေဟာ မိမိသင်ပြတဲ့အကြောင်းအရာပျောက်ပြီး ရောက်တတ်ရာရာတွေပြောပါများတော့ နားထောင်ရတဲ့ကျောင်းသားအနေနဲ့ နားထောင်လို့တော့ကောင်းပါရဲ့၊ ဒါပေမယ့် ဘာမှတ်ရမှန်းမသိ၊ စည်းစည်းလုံးလုံးမရှိတော့ စာမေးပွဲဖြေတာမျိုးလို တိတိကျကျပြန်ရေးပြရမဲ့နေရာမျိုးမှာ ဒုက္ခကြုံပါလေရော။

ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်အနေနဲ့က အဘိဓမ္မာဆိုတာ ခက်လွန်းတယ်ဆိုတဲ့အသိနဲ့ ဝေးရာကရှောင်နေခဲ့ရာက အခုဆောင်းပါးတွေဖတ်တော့ စိတ်တွေမြူးလာပြီး ပြောချင်ဆိုချင်ရှိလာလို့ ပြောမိခြင်းဖြစ်ပါတယ်ဆရာ။

စိတ်ဝင်စားမှုဆိုတာ အောင်မြင်မှုရဲ့ ခွန်အားကြီးတစ်ရပ် ဖြစ်ပါတယ်၊ ဒီဗုဒ္ဓအဘိဓမ္မာဆိုတာက ပြည့်စုံတဲ့သဘောဟရားပညာတစ်ရပ်ဖြစ်တဲ့အတွက်၊ ဒါကိုကောင်းကောင်းကြီး တတ်သိနားလည်သွားပြီဆိုရင် ဒိပြင်ဒဿနတွေ၊ ဝါဒတွေ၊ ကမ္ဘာ့ဒဿနတွေ ကိုယ့်ဟာကိုယ် အမှားအမှန်စိစစ်တတ်သွားမှာ ဖြစ်ပါတယ်၊ အမြင်ရှင်းသွားမှာဖြစ်ပါတယ်။

ကျေးဇူးကြီးတင်ပါရစေဆရာ၊ အရင်အပတ်က စကား စ ထားခဲ့တဲ့ အကုသိုလ်ပင်စည်မှအတက်ထွက်လာတဲ့ လောဘ၊ ဒိဋ္ဌိ၊ မာန၊ အကြောင်း ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စအကြောင်း၊ ထိန၊ မိဒ္ဓအကြောင်း၊ ဝိစိကိစ္ဆာအကြောင်းတို့ကို ဆက်လက်သိပါရစေခင်ဗျား။ ဆက်သာရေးပါတော့ခင်ဗျား။

ဆောင်းပါးအမှတ် (၁၇)တွင် အကုသိုလ်ပင်စည်နှင့် တူသော မောဟအဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဟူသော စေတသိက် (၄) မျိုး အကြောင်းကို အကျဉ်းချုပ် ဖော်ပြခဲ့ပါသည်၊ ယင်းအကုသိုလ်ပင်စည်မှ 'လောဘ' ဟူသောအတက် ထွက်ပါသည်။

## ၅။ လောဘငြိကပ်ခြင်း၊ တွယ်တာခြင်း၊ သဘောလက္ခဏာရှိသော စေတသိက်တရား

နှင်းဆီပန်းလှလှလေးတစ်ပွင့်ကို မျက်စိဖြင့်မြင်သောအခါ မြင်သော လူမှာစိတ်ဝီထိစိတ်တွေဖြစ်လာကြောင်း သိခဲ့ရပြီမဟုတ်လား၊ အဲဒီလိုဖြစ်ကြတဲ့ စိတ်ဝီထိ(နာမ်တရားစု)ထဲမှာ ပန်းလှကလေးကိုတွယ်တာတဲ့ ကပ်ငြိသလိုဖြစ်တဲ့ သဘာဝကလေးပါတတ်တယ်၊ လှလိုက်တာရယ်လို့ထင်တာနဲ့ အဲဒီအလှအပေါ်မှာ ကပ်ငြိသလိုဖြစ်တဲ့ သဘာဝတရားကလေး ဖြတ်ကနဲ ပွင့်သွားတာပဲ။ တကယ်လို့ ပန်းအလှလေးကိုခုံမင်တဲ့ မက်မောတဲ့သဘော မဖြစ်ပဲ မြင်ကာမျှမြင်တာမျိုးဆိုရင်တော့ ကပ်ငြိတဲ့သဘော မဖြစ်ပေါ်ဘူး ပေါ့၊ လှလိုက်တာနော်လို့ ပန်းအလှအပေါ်မှာ တိမ်းညွတ်သွားရင်တော့ ကပ်ငြိတဲ့သဘာဝကလေးဟာစိတ်မှာတွယ်သွားတာပဲ၊ အဲဒီလိုပန်းအလှအာရုံကလေးပေါ်မှာ ကပ်ငြိသလိုဖြစ်တဲ့ စိတ်ရဲ့အတွယ်အတာသဘာဝမျိုးကို ပါဠိလို 'လောဘ' လို့ ဘုရားရှင်က နာမည်ပေးခဲ့ပါတယ်။

ကျမ်းဂန်တွေမှာ လောဘကိုမျောက်နှဲစေးနှင့် ဥပမာပေးကြတယ်၊ မျောက်နှဲစေးဆိုတာ တောမှာဖြစ်တဲ့ သဘာဝကော်တစ်မျိုးပါပဲ၊ ကော် မဟုတ်တဲ့ဟာကိုသွားထိရင် မကပ်ဘူး၊ကော်ကိုထိရင်တော့ ကပ်တယ်မဟုတ်လား၊ အဲဒီလို ငြိတတ် ကပ်တတ်တဲ့ စိတ်အရည်အချင်းတစ်မျိုး (ဝါ) စိတ်ဥမှိတွယ်ပြီး စိတ်ကိုချယ်တတ်တဲ့သဘာဝတစ်မျိုးကို 'လောဘ' လို့ ဆိုပါတယ်။

သိပ္ပံပညာနှင့်ကြည့်လျှင်လောဘဆိုတာ သံလိုက်ဓာတ်သဘောပါပဲ၊ သံတုံးနှစ်တုံးရှိတယ်ဆိုပါတော့၊ တစ်တုံးက သံလိုက်ဓာတ်မဲ့၊ တစ်တုံးက သံလိုက်ဓာတ်ရှိပေါ့၊ သံလိုက်မဲ့သံတုံးကို သစ်သားကထိထိ၊ သံကထိထိ ဘာမှမကပ်ငြိဘူး။ သံလိုက်ရှိသံတုံးနှင့်နီးကပ်သွားလျှင်တော့၊ အခြားသံမှာ သံလိုက်ဓာတ်၏ အဆွဲခံရတယ်၊ သံလိုက်တုံးမှာပြေးကပ်တတ်တယ် မဟုတ်လား၊ မလှတဲ့အရာဝတ္ထုက သစ်သားလိုပေါ့၊ သစ်သားကို သံလိုက်တုံးက

မဆွဲဘူး၊ လှတဲ့ပန်းကလေးဆိုလျှင် သံတုံးလိုပေါ့၊ သံကိုသံလိုက်ကတွယ်တယ်ဟပ်တယ်လေ။ အဲဒီလို နီးစပ်တိုက်ဆိုင်ရင်တွဲတတ်တဲ့ ဖမ်းကပ်တဲ့ ကပ်ငြိတွယ်တာတတ်တဲ့စိတ်ရဲ့အရည်အချင်းတစ်ရပ်ကိုပဲ'လောဘ'လို့ ဘုရားရှင်က သတ်မှတ်ခဲ့ပါတယ်။

သံလိုက်ဓာတ်ဟာ သံတုံးရဲ့ အရည်အသွေးတစ်မျိုး၊ အားတစ်မျိုး၊ ဂုဏ်သတ္တိတစ်မျိုးဖြစ်တယ်၊ သံတုံးမှာ မှီတွယ်ပြီး ဖြစ်ရှိနေတယ်၊ သံတုံးကို ချယ်လှယ်တယ်၊ လောဘဟာလဲ စိတ်နာမ်အုပ်စုရဲ့အရည်အသွေးတစ်မျိုး၊ ဂုဏ်သတ္တိတစ်မျိုးဖြစ်တယ်၊ သံလိုက်သည်အားကောင်းခြင်း၊ အားနည်းခြင်း၊ကွယ်ပျောက်ခြင်းဖြစ်တတ်တယ်၊ လူစိတ်မှလောဘဟာလဲအားကောင်းခြင်း၊ အားနည်းခြင်း၊ ကွယ်ပျောက်ခြင်းဖြစ်တတ်တယ်၊ မျက်စိဖြင့်မမြင်နိုင်၊ ဉာဏ်ဖြင့်သာ ဆင်ခြင်သိနိုင်သော နာမ်ပိုင်းဆိုင်ရာ သဘာဝတရားများကို ယင်သာမြင်သာ သိသာတဲ့ရုပ် ဥပမာများဖြင့် နှိုင်းယှဉ်စဉ်းစားနိုင်ပါတယ်။

အသက် ၃၀–အရွယ်အဖေနှင့် သုံးနှစ်သားအရွယ် သားငယ်သား အဖနှစ်ယောက် ရွှေတိဂုံစေတီအရှေ့စောင်းတန်းမှ တက်သွားကြတယ်ဆိုပါတော့၊ စောင်းတန်းကဆိုင်တွေမှာ ဇီးကွက်ရုပ်၊ မြင်းရုပ်စတဲ့ အရုပ်ကလေးတွေကိုမြင်တော့ ကလေးကလိုချင်တယ်၊ တွယ်တာကပ်ငြိတယ်၊ အဖကတော့မလိုချင်ဘူး၊ မတွယ်တာဘူး၊ မကပ်ငြိဘူး၊ ဒီ အခိုက်အတန့်မှာ ကလေးစိတ်၌ လောဘသဘာဝပွင့်လာတယ်၊ အဖေမှာ လောဘသဘာဝ မဖြစ်ဘူး၊ ဒါပေမဲ့ အင်မတန်လှတဲ့ အသက် ၂၀–ရွယ်အပျိုချောကလေးကိုမြင်ကြတော့ ကလေးကဘာမှမဖြစ်ဘူး၊ အဖေ့မျက်စိက မိန်းမချောကလေးဆီရောက်သွားတယ်၊ အလှပေါ်မှာ တွယ်တာကပ်ငြိသွားတယ်၊ စိတ်ထဲက လှလိုက်တာလို့ဖြတ်ကနဲဖြစ်သွားတယ်ဆိုပါတော့၊အဲ....အဖေမှာ ဖြစ်လာတဲ့အလှကို ငြိတဲ့စိတ် အရည်အသွေးသစ်ကလေးဟာ 'လောဘ' သဘာဝပါပဲခင်ဗျား။

လောဘနဲ့ အရင်းခေါက်ခေါက်ဖြစ်တဲ့ စကားတစ်လုံးကတော့ 'တဏှာ' ဆိုတဲ့ နာမည်ကြီးဝေါဟာရပဲ။ လောဘကို လိုချင်မှု၊ တဏှာကို တမ်မက်မှုရယ်လို့ မြန်မာပြန်ကြတယ်။ အလို၊ အမက်၊ ရမ္မက်၊အဆာ၊အမွတ် အတွယ်အတာစသော မြန်မာဝေါဟာရများလဲ လောဘ၊ တဏှာတို့ရဲ့ ဝမ်းကွဲဝေါဟာရများ ဖြစ်ပါတယ်။

အရေးအကြီးဆုံး မှတ်ရမှာကတော့ 'ကာမဂုဏ်' အာရုံများကို လိုချင်မှု၊ တွယ်တာငြိကပ်မှုမျိုးမှာသာ လောဘသဘာဝဖြစ်တယ် ဆိုတဲ့ အချက်ပဲ၊ လိုချင်တာကိုလောဘလို့ အဖျားဆွတ်မှတ်ထားရင် တက်တက် စင်လွဲတတ်တယ်၊ ဝါဝါမြင်တိုင်း ရွှေမဟုတ်ဆိုသလို လိုချင်တိုင်း လောဘ မဟုတ်ဘူး၊ ကာမဂုဏ်အာရုံတွေကို တွယ်တာကပ်ငြိ လိုချင်မှုရှိမှသာ လောဘလို့ခေါ်ပါတယ်။

ဓမ္မစကြာကိုကြည့်၊ တဏှာ ဟာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာရယ်လို့ အခြေခံအားဖြင့် သုံးမျိုးသာရှိတယ်၊ 'ကာမ'ဆိုတာ ကာမဂုဏ်အာရုံတွေကိုပြောတာ၊ ကာမဂုဏ်အာရုံတွေ၌ တွယ်တာကပ်ငြိ မှုသည်သာ သမုဒယသစ္စာမဟုတ်လား၊ ဘဝ၊ဝိဘဝဆိုတာက 'အမှား မြင်ကို အမှန်ထင်ခံရတဲ့သဘောပဲ၊ အားလုံး မြဲကယ်လို့ မြင်တဲ့အမြင်ကို ဟုတ်ပြီထင်ပြီး တွယ်တာတပ်မက်တဲ့သဘာဝကို ဘဝတဏှာလို့ ခေါ် တယ်၊ ဝိဘဝတဏှာဆိုတာက သေလျှင်ပြီးတာပဲ၊ ပြတ်တာပဲလို့ ယူတဲ့ အမြင်ကို ဟုတ်လှပြီထင်ပြီး တွယ်တာတဲ့သဘာဝပဲ။

ဒါကြောင့် ကာမဂုဏ်အာရုံတွေကို လိုချင်တဲ့ တွယ်တာကပ်ငြိတဲ့ စိတ်ရဲ့အရည်အချင်းမျိုးကိုမှ လောဘ(ဝါ)တဏှာလို့ခေါ်တယ်၊ ကာမဂုဏ် အာရုံမဟုတ်တဲ့ ကုသိုလ်တရားတွေ၊ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်တရားတွေကို လိုချင် တဲ့နာမ်သဘာဝမှုကား....လောဘ(ဝါ)တဏှာ လုံးဝမဟုတ်။ လိုချင်တိုင်း လောဘမဟုတ်ဟု မှတ်ပါလေ....။

သဘာဝကိုပြန်စစ်ကြည့်ပါ၊ မောဟာဆိုတဲ့ အဖုံးအကွယ်သဘာဝ၊ အဟိရိကဆိုတဲ့ အရှက်မဲ့လက္ခဏာ၊ အနောတ္တပ္ပဆိုတဲ့ ဒုစရိုက်မကြောက်တဲ့ လက္ခဏာ၊ ဥဒ္ဓစ္စဆိုတဲ့ ပျံ့ပျံ့လွင့်လွင့်သဘာဝ၊ ဤအကုသိုလ် သဘာဝ လေးမျိုးတည်းဟူသော ပင်စည်ကြီးကမှ(ဝါ) ဤ အကုသိုလ်သဘာဝ မြေခံရေခံကမှ လောဘဆိုတဲ့သဘာဝ ပေါက်ပွားလာရတာ မဟုတ်လား၊ မှန်ပေ၏။ မောဟကင်းကွာ၍ အမြင်လင်းပြီး 'အာလောကော ဥဒပါဒိ' ဉာဏ်အလင်းပွင့်ပြီဆိုတဲ့ သူ၊ ဒုစရိုက်ကိုရှက်ပါဘိ၊ ကြောက်ပါဘိဆိုတဲ့သူ၊ ဥဒ္ဓစ္စကင်းရှင်း၍ သမာဓိရင့်ကျက်သူတို့၌ လောဘရမ္မက် အတွယ် အတာ အဘယ်မှာ ဖက်လေမည်နည်း၊ တွယ်တယ်၊ တာဘယ်၊ မက်တယ် ဆိုတဲ့

သဘာဝသည်ကား.... မေ့ာဟအဝိဇ္ဇာနှင့် ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ၊ မှီရာတူသော စေတသိက်သဘာဝ ဖြစ်ပေသည်။

လိုချင်တာ လောဘ ဟု သမန်ကာရှန်ကာ မှတ်သား ရှာသူမျိုးကား....ဘာလိုချင်လိုချင် ယိုချင်တာလောဘချည်းထင်မှတ်ရှာ၏။ 'နိဗ္ဗာန်လိုချင်တာကိုပင် လောဘဟု ရှက်ဖွယ်လိလိပြောမှားမိတတ်၏၊ (နိဗ္ဗာန်လိုချင်တာ ကုသိုလ်ဆန္ဒ၊ ရှေ့မှာလာမည်) ဤကဲ့သို့ အဘိဓမ္မာတည်းဟူသောကြေးမုံမှန်ရှေ့မှာ မှောက်လျက်ကားယားလဲပြီး ပညာရှိတို့ ရယ်ဘွယ်မဖြစ်ရအောင် အဘိဓမ္မာကို အခြေအမြစ်ကျကျ လေ့လာမှတ်သားရန် လို၏၊ အစာမကျေသည်ထက် စာမကျေသည်က လူကိုပို၍ဒုက္ခပေးသည်ဆိုသကဲ့သို့ အဘိဓမ္မာမကျေက ဘဝကိုပါ ဒုက္ခပေးတတ်သည်၊ သတိရှိရန်အချက်ပေတည်း....။

နှစ်ပက်လှ
(၁၉၈၂–ခု၊မတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# အကုသိုလ် အတက် အခက် အလက်

အကုသိုလ်ပင်စည်ကြီးက နောက်ထွက်တဲ့ အတက်တစ်တက်မှာ "ဒိဋ္ဌိ" ဖြစ်ပါသည်။ သို့သော် ဤဒိဋ္ဌိသည် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ဆိုတဲ့ ပင်စည်အဖြစ် လောဘနဲ့ပါ တစ်ပေါင်းတည်းဖြစ်ပါသည်။ ၄+၁=၅ ဆိုတဲ့သင်္ချာသဘောအရ မော၊ ဟိ၊ နော၊ ဥ၊ လော၊ ဆိုတဲ့ သဘာဝ ၅–ရပ်အခြေခံရမှ ဒိဋ္ဌိဖြစ်လာခွင့်ရှိတယ်လို့ ကြိုကြို တင်တင်မှတ်သားနိုင်ပါ၊ ရှေ့မှာလာမည့် "မာန" သည်လည်း ဤနည်းတူ အခြေခံ ၅–မျိုးကမှ ထပ်ဆင့်ပေါ်ရတဲ့သဘာဝမျိုး ဖြစ်ပါသည်။

၆။ ဒိဋ္ဌိ = မှားသောအားဖြင့် မြင်ခြင်း လက္ခဏာ ရှိသော စေတသိက်တရား၊ အမှားမြင် မြင်သောသဘာဝကို "ဒိဋ္ဌိ"ဟု အမည်ပေးပါသည်။

"ဒိဋ္ဌိ"ဟူသော ပါဠိဝေါဟာရသက်သက်သည်"အမြင်"ဟူ၍သာ အဓိပ္ပါယ်ရှိပါသည်၊ "ဒဿန"ဆိုတဲ့ စ ကား မျိုး ပင် ဖြစ်၏၊ "အမှား" ဟူသော အနက်မပါချေ။ သို့သော် ဝေါဟာရစကားလုံးတို့၏ အနက်ကို ကောက်ယူရာတွင် သူ့နေရာနှင့်နေရာ ယူတတ်ရသည်၊ နေရာတကျ အနက်မှန်ရအောင် ယူတတ်ခြင်းသည်ပင် ပညာတစ်ရပ်ဖြစ်ပေသည်။

သာဓကဆောင်ရသော "စိန်သူဌေး၊ စိန်နှင့်သံပရာ၊" ဤစကား နှစ်ရပ်၌ပါသော "စိန်"ဟူသောဝေါဟာရကို ဆင်ခြင်ရာသည်၊ "စိန်" ဟူသောဝေါဟာရသက်သက်သည်ကား မာကျောသော ဖြူစင်ဝင်းလက်သော သက်ရင့်ကျောက်တစ်မျိုးကို ဖော်ပြရာ၏။ သို့သော် "စိန်နှင့် သံပရာ"ဟူသောစကား၌ တွဲဖက်ဖြစ်သော "သံပရာ" ဟူသောစကားကို ထောက်၍ အနက်ကိုယူရသည်။ဤစိန်ကား တစ်ရတီ သုံး လေး ထောင်တန်သော ရတနာစိန်မဟုတ်၊ သံပရာရေနှင့် ဖျော်သောက်လျှင် သေတတ်သော အဆိပ်တစ်မျိုးဖြစ်သည်ဟု အနက်ကောက်ယူရသည်။

ထိုနည်းတူ ဤ၌ "ဒိဋ္ဌိ"ကား အကုသိုလ်အရာဌာနဖြစ်ခြင်း၊တွဲဘက် ဖြစ်သောလောဘကို ထောက်ဆရခြင်းတို့ကြောင့်အမြင်(ဒိဋ္ဌိ)ဆိုသော်လည်း ဤအမြင်သည် ကောင်းသော၊အမြင်မဟုတ်၊ အမြင်မှန်မဟုတ်ဟု သိနိုင်ပေ

သည်။ မောဟနှင့်သှဉ် လောဘနှင့်ယှဉ်လျက်ကဖြစ်သော အမြင်မျိုးဖြစ်၍ မည်သည့်နည်းနှင့်မျှ သန့်ရှင်းသောအမြင်မျိုး မဖြစ်နိုင်တော့ချေ။

ထို့ပြင် ''လေ''ကို စဉ်းစားကြည့်ရာ၏၊ လေသည် သူ့ပင်ရင်းအနေအားဖြင့် ဘာနံ့မျှမရှိ၊ မွှေးလည်းမမွှေးသလို နံလည်းမနံ၊ လေသည် လေမျှပင်ဖြစ်၏၊ ထိုနည်းတူ ဒိဋ္ဌိအမြင်ဆိုရာမှာလည်း အမြင်သည်အမြင်ပင်ဖြစ်၏၊ သို့သော် ပန်းချုံကဖြတ်လာသောလေသည် မွှေးလာ၏၊ အသေကောင်ပုပ်ကဖြတ်လာသောလေမှာမူ နံလာမည်၊ ယှဉ်မိ ပေါင်းမိတဲ့အရာလိုက်ပြီး ကွဲပြားမှုဖြစ်သွားရသည်။ ဒိဋ္ဌိဆိုတဲ့ အမြင်သဘာဝသည်လည်း မော၊ ဟိ၊ နော၊ ဉ၊ လောဟူသော ညစ်နွမ်းတဲ့ အကုသိုလ်ဘဝများနှင့် တတွဲထဲတွဲမိသည်အတွက် ညစ်နွမ်းသွားရပြီး၊ အမြင်မှားဖြစ်ရပေသည်။

သို့အတွက်ကြောင့်သစ္စာအလင်းရောင်ကင်းမဲ့ပြီး အဝိဇ္ဇာမှောင်ထဲမှာမြင်တဲ့အမြင်ဆိုသမျှ ယခုဖော်ပြနေသော ဒိဋ္ဌိအမြင်(ဝ႑) အကုသိုလ်အမြင် (မိစ္ဆာဒိဋ္ဌိ)မျိုးသာဖြစ်ကြောင်း သတိချပ်မိရန်လို၏၊ ထို့ပြင် စီးပွားရေးလောဘ၊ လူမှုရေးလောဘစသည်ကိုအခြေခံသော အမြင်ဆိုသမျှသည်လည်း ညစ်နွမ်းသောအမြင်မျိုးသာဖြစ်ကြောင်း နားလည်နိုင်ပေပြီ။

ကျမ်းဂန်များ၌ ဤဒိဋ္ဌိကို ခရီးမှားသောသူနှင့် ဥပမာပြုကြ၏၊ ခရီးမှားသူသည် သွားတော့သွားနေ၏၊ သို့သော် သွားနေသောခရီးသည် သွားရမည့်ခရီးမှန်ကား မဟုတ်ချေ၊ ရှေ့မှာဖော်ပြမည့် ပညာ(ဉာဏ်)နှင့် ဤဒိဋ္ဌိစေတသိက်ကွဲပြားပုံမှာ ပညာက အမှန်အတိုင်းမြင်သည်၊ ဒိဋ္ဌိက သဘောမှန်မှသွေဖီသော အမှားကိုသာမြင်သည်၊ ဤသို့မြင်ပုံခြင်းခြားနားပေသည်၊ ထို့ကြောင့် အကုသိုလ်အရာ အကုသိုလ်နယ်မှာ အမြင်(ဒိဋ္ဌိ) ဟူသမျှ အမြင်မှားသာဖြစ်ကြောင်းသိအပ်ပေသည်။

၇။ မာန = ထောင်လွှားခြင်းသဘာဝ၊ ထောင်လွှားမြင့်မောက်ခြင်း အမှတ်လက္ခဏာရှိသည့် စေတသိက် တစ်မျိုးတည်း။

မာန–ဟုခေါ်သော သဘာဝတစ်ရပ်သည် စိတ်၏အရည်အသွေးတစ်ရပ်ပင်ဖြစ်၏၊ စိတ်၌မှီတွယ်ဖြစ်ပေါ်ပြီး စိတ်ကို ချယ်လှယ် သည့် စေတသိက်တစ်မျိုးပင် ဖြစ်၏၊ သို့သော် မာနသည် မော၊ ဟိ၊ နော၊

ဥ၊ လော ဆိုတဲ့ အကုသိုလ်အခြေခံကမှဖြစ်လာသော သဘာဝဖြစ်၏၊ ဆိုလိုသည်မှာ အမှန်ကိုမမြင်လို့ မာနဖြစ်သည်၊ အရှက်မရှိလို့ မာနဖြစ်သည်၊ ဒုစရိုက်ကိုမကြောက်လို့ မာနဖြစ်သည်၊ စိတ်ပျံ့လွင့်လို့ မာနဖြစ်သည် လောဘတဏှာအားပြုလို့ မာနဖြစ်သည်၊ မှန်ပေ၏။ အမှန်ကိုမြင်နေလျှင် မာန်မတက်၊ ရှက်တတ်ကြောက်တတ်လျှင် မာနမဖြစ်၊ သမာဓိကြီးလျှင် မာနမဖြစ်၊ လောဘရမ္မက်ကင်းလျှင် မာနမဖြစ်၊ ထို့ကြောင့် မာနဖြစ်ခြင်းသည် အကုသိုလ်ကိုအခြေခံပြီးဖြစ်၏၊ မာနသည်လည်း အကုသိုလ် သဘာဝပင်ဖြစ်၏ဟု သိနိုင်ပေသည်။

မာနသဘောသည် ထောင်လွှားသည့်သဘောဖြစ်၍ တိုင်ထိပ်ဖျား၌ အလူလူလွင့်နေသော တံခွန် (အလံ)နှင့်တူကြောင်း ကျမ်းဂန်များ၌ ဥပမာပေးထား၏၊ မာနဖြစ်သောအခါ စိတ်ထားမညီညွတ်၊ စိတ်ထား မတည်ငြိမ်၊ ခက်ထန်၏၊ ကိုယ်ခန္ဓာတောင့်တင်း၏၊ နူးညံ့မှု မရှိဖြစ်၏။ ဂါရဝရှိသေမှု၊ နိဝါတ၊ နှိမ့်ချမှုကင်းလေ၏။

မာနမဖြစ်သောအခိုက်အခါတွင် လူသည် နူးညံ့၏၊ သိမ်မွေ့၏၊ မာနဖြစ်သောအခါ လူသည်မာကျော၏၊ ခက်ထန်၏၊ မောက်မာ၏၊ ထောင်လွှား၏၊ လူတစ်ယောက် ထောင်လွှာခက်ထန်မောက်မာခြင်းသည် သူ၏စိတ်၌ပူးကပ်ဖြစ်ပေါ်နေသော မာနဟုခေါ်ရသော သဘာဝဆိုး တစ်ရပ်ကြောင့် ဖြစ်လေသည်။ ထိုမာနသဘာဝသည် ဆန့်ကျင်ဘက်နှင့် တွေ့လေလေ မာနကြီးလေလေဖြစ်၏။

ပင်လယ်ကမ်းစပ်မှာထိုင်ပြီး ကြည့်ပါဘိ၊ ပင်လယ်ထဲ၌ လှိုင်းလုံး ကြီးတွေ တဖွေးဖွေးထနေသည်ကို မြင်နိုင်သည်၊ စင်စစ် ပကတိပင်လယ် ရေပြင်သည် ညီညွတ်၏၊ သို့သော် ရေစီးနှင့်ဆန့်ကျင်၍ လေတိုက်လိုက် သောအခါ ပင်လယ်ရေတွေမောက်၍မောက်၍ ထလာ၏၊ ထောင်လွှား လာ၏၊ ပင်လယ်သည် မာနကြီး၍လာလေသည်။

လူ့စိတ်၌ ပင်ကိုယ်အားဖြင့် မာနစိတ်သည် သဘာဝအနေဖြင့် ကိန်းနေသော်လည်း ဝါ၊ ရှိနေသော်လည်း အမြဲတမ်းမာနဖြစ်၍ မနေ၊ ငြိမ်ဝပ်နေ၏၊ မာနဖြစ်စရာ ဆန့်ကျင်ဘက်အကြောင်းကိစ္စကြုံလေမှ စိတ်၌ မှိုတွယ်လျက် စိတ်ကိုချယ်လှယ်သည်၊ မောက်မာသော သဘာဝတစ်မျိုး

ပေါ်လာခြင်းဖြစ်သည်။ မာနသည် မော၊ ဟိ၊ နော၊ ဥ၊ လောနှင့် အတူ ဖြစ်ပျက်သောသဘာဝဖြစ်၏၊ အကုသိုလ်သဘာဝပင်ဖြစ်၏၊ အခြေခံကို ကောင်းစွာနားလည်ပြီးလျှင် မိမိမှာ မာနဖြစ်တိုင်းဖြစ်တိုင်း သြော်.... အကုသိုလ်ဖြစ်တာပါကလားဟု သဘောပေါက်နိုင်ပေပြီ။

ဤအထိ "လောဘ၊ ဒိဋ္ဌိ၊ မာန" ဟူသော အကုသိုလ်အတက် တစ်တက်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းချက်ဖြစ်၏။

အထူးတပ်ရပ်မှာကား ဒိဋ္ဌိနှင့်မာန သဘာဝနှစ်ရပ်သည် တစ်ခဏထဲ (ဝါ)တစ်ချိန်ထဲမှာ အတူတကွမဖြစ်နိုင်ခြင်းဖြစ်၏၊ ဆိုလိုသည်မှာ ဒိဋ္ဌိဖြစ် နေခိုက် မာနမဖြစ်၊ မာနဖြစ်နေခိုက်မှာလဲ ဒိဋ္ဌိမဖြစ်ပေ။ ဒိဋ္ဌိကလဲ မခေါ၊ မာနကလဲ မခေါ၊ ကေသရာဇာခြင်္သေ့နှစ်ကောင် ဂူတစ်ဂူထဲအတူမအောင်းနိုင် သကဲ့သို့ ဒိဋ္ဌိနှင့်မာန အတူတကွမဖြစ်နိုင်ပုံကို ဉပမာတင်ကြ၏။

ဤအချက်သည် လက်တွေ့လောကကို သုံးသပ်ရာ၌ အတော်ကလေး အသုံးဝင်၏၊ အချို့မိစ္ဆာဝါဒရှင်များသည် အလွန်သိမ်မွေ့နေသည်ကိုတွေ့ နိုင်၏၊ အခြေအမြစ်အဖြစ်မှန်ကား ဒိဋ္ဌိဖြစ်နေခိုက် မာနမဖြစ်၊ မာန မရှိသောကြောင့်ပေတည်း၊ သဘာဝရင်းမြစ်ကိုနားမလည်လျှင် မာနမရှိ သည်ကိုသဘောကျပြီး ဒိဋ္ဌိဝါဒီများကို ကြည်ညိုမိတတ်သည်။

တစ်ချို့ ဒိဋ္ဌိမဖြစ်ခိုက် မာနဖြင့်နေတတ်၏၊ အမြင်တော့မမှားပါ၊ သို့သော် မာန်တက်နေသဖြင့် လူမုန်းစရာဖြစ်တတ်သည်၊ အမြင်မမှားပဲ မာန်တက်ခြင်းကား မော၊ ဟိ၊ နော၊ ဥ၊ လောဟူသော အကုသိုလ် သဘာဝအခြေခံကြောင့်ပင် ဖြစ်၏၊ အကယ်၍ အကုသိုလ်သဘာဝအခြေ ခံနှင့် ကင်းကွာနေချိန်မျိုး(ဝါ)မော၊ ဟိ၊ နော၊ ဥ၊ လောမဖြစ်ပေါ် မဉပါဒ်တဲ့အချိန်မျိုးမှာဆိုလျှင် အမြင်မမှား၊ မာနလည်းမတက်၊ ထိုအခါ ကုသိုလ်ဘက်ရောက်သွားသည်၊ ဆိုလိုသည်မှာ အမြင်မှန်ပါလျက် မာန် တက်ခြင်းသည် အကုသိုလ်အခြေခံကြောင့်၊ အမြင်လဲမှန် မာန်လဲမတက် ခြင်းသည် အကုသိုလ်အခြေခံကင်းသောကြောင့် (ဝါ) ကုသိုလ်အခြေခံ သောကြောင့်၊ ဤသို့ စိတ်၏ဘက်တော်သားများနှင့်စပ်လျဉ်း၍ အလှည့် အပြောင်းများကို အနုစိတ်မြင်အောင်ကြည့်ရသည်။

နောက် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော အကုသိုလ် အခက်တစ်ခက်ဆီသို့ ကူးကြစို့။

၈။ ဒေါသ= ကြမ်းတမ်းဆုတ်နစ်ခြင်း အမှတ်လက္ခဏာရှိသော စေတသိက်၊ စိတ်၌မှီတွယ်ပြီး စိတ်ကိုပါကြမ်းတမ်းသွားအောင် သို့မဟုတ်၊ ဆုတ်နစ်သွားအောင် ဖန်တီးသည့် သဘာဝဆိုးတစ်ရပ်ပေတည်း။

ဒေါသ၏သဘောရင်းကား မနှခြင်း၊ ကြမ်းခြင်းပင်ဖြစ်၏။ စိတ်ဆိုးခြင်းနှင့်ငိုခြင်းသည် ဒေါသသဘောချည်းဖြစ်၏၊ ပင်ကိုယ်သန့်ရှင်းသော စိတ်ကို အခြေခံထားပြီးစဉ်းစားမှ နားလည်နိုင်၏၊ ဒေါသသဘောပူးကပ်လာလျှင် ပင်ကိုယ်စိတ်သည် တစ်မျိုးတစ်ဖုံဖြစ်လာ၏၊ တွေ့ကြုံရသည့် အဖြစ်အပျက်(ဝါ)အာရုံအလိုက် ပြစ်မှားမှုလည်း ဖြစ်တတ်၏၊ ဆုတ်နစ်မှုလည်း ဖြစ်တတ်၏၊ ဝမ်းနည်းပူဆွေး၍ငိုခြင်းသည် ဒေါသတရား၏ လက်ချက်ပေတည်း။

ဤတွင် "ငိုခြင်း" နှင့် "မျက် ရ ည် ကျ ခြ င်း" ကို ခွဲခြားအပ်၏၊ ဥပမာ—သူတစ်ပါးပစ္စည်းကိုတောင်းသူသည် "ငိုခြင်း" မည်၏ဟု အဆိုရှိသည်၊ ဆိုလိုသည်မှာ စိတ်ထဲနှလုံးထဲထိခိုက်မှုပါမှ "ငိုခြင်း" မည်၏ဟု သတ်မှတ်ရာသည်၊ စိတ်ထဲကပါထိခိုက်ပြီး ငိုခြင်းမှန်သမျှသည် ဒေါသ သဘာဝကို ကောက်ယူရသည်။

မျက်ရည်ကျခြင်းမှာမူ အရယ်လွန်လျှင်လည်း မျက်ရည်ကျသည်၊ ဝမ်းသာလွန်းလျှင်လည်း မျက်ရည်ကျသည်၊ အပူငွေ့ (ကြက်သွန်၊ ပရုပ်ဆီငွေ့)ဟပ်၍လည်း မျက်ရည်ကျသည်၊ ငိုသည်မဟုတ်ပေ။

အချုပ်မှာ ကြမ်းတမ်းပြစ်မှားမှုလည်း ဒေါသအရင်းခံ၏၊ ဆုတ်နစ်ကြေကွဲဝမ်းနည်းမှုမှာလည်း ဒေါသအရင်းခံ၏။

ဥပမာ-တေဇော၏အနက်ရင်းမှာ "ထက်မြက်ခြင်း" တည်း၊ ပူပြီးထက်လျှင်လည်း တေဇော၊ အေးပြီးထက်လျှင်လည်း တေဇောပင်တည်း၊ ထိုနည်းတူ ကြမ်းပြီးထိခိုက်လျှင်လည်း ဒေါသ၊ ဆုတ်နစ်ပြီးထိခိုက်လျှင်လည်း ဒေါသဟူလို—၊

ပြစ်မှားတတ်သည့်လက္ခဏာရှိသော သဘာဝတစ်မျိုးကို ဒေါသဟု ဆိုရာ၌ မြွေဟောက်ကိုတုတ်ဖြင့်ထိုးလိုက်လျှင် ရှူးတနဲ ပါးပျဉ်းထောင်၍

ပေါက်ဟန် ကိုက်ဟန် ပြု၍၊ ပေါက်၍၊ ကိုက်၍၊ ပါးပျဉ်းထောင်ခြင်းသည် နဂိုက ပျော့ပျောင်းနေသော မြွေ၏ကိုယ်ခန္ဓာတောင့်ခိုင်ခက်ထန်လာခြင်းဖြစ်၏။ လူသည်လည်း ဒေါသမဖြစ်သည့်အခါ စိတ်ရောကိုယ်ပါ ပျော့ပျောင်းနူးညံ့၏။ ဒေါသဖြစ်လာလျှင် စိတ်လည်းခက်ထန်၊ ကိုယ်ခန္ဓာလည်း ကြမ်းတမ်းခက်ထရော်လာ၏၊ ထိုအခါ ပြစ်မှားရန်အဆင်သင့်ဖြစ်နေချေပြီ။

ဒေါသဖြစ်လာသည်ကို စိတ်ဆိုးသည်ဟု ပြောကြ၏၊ မိမိကိုယ်မိမိစဉ်းစားကြည့်လျှင်သိနိုင်၏၊ ရိုးရိုးအခါနှင့် စိတ်ဆိုးသည့်အခါ နှိုင်းယှဉ်ကြည့်ပါ၊ စိတ်ဆိုးခြင်းကိုဒေါသဟုပါဠိဝေါဟာရဖြင့် ခေါ်ခြင်းဖြစ်သည်။ ''ဆိုး''သည် ''ကောင်း''၏ ဆန့်ကျင်ဘက်ဖြစ်၏။

နာမ်တရားတို့တွင် ဒေါသသဘာဝသည် အသိသာဆုံးသဘာဝဖြစ်၏၊ နည်းနည်းစဉ်းစားတတ်ရုံမျှဖြင့်သြော်....ဒေါသဆိုတာ ဒါမျိုးကိုဟုနားလည်နိုင်၏၊ ဒေါသသဘာဝသည်စိတ်၌မှီတွယ်၍ဖြစ်၏၊ စိတ်ကိုကြမ်းတမ်းစေ၏၊ စိတ်ကိုကြမ်းတမ်းစေသဖြင့် ကိုယ်ခန္ဓာကိုပါ ကြမ်းကြုတ်လာစေသည်။

မကြိုက်သည့်အခါ ဒေါသဖြစ်၏၊ ကြိုက်သည့်အခါ လောဘဖြစ်၏၊ တစ်နည်းဆိုရသော် မကြိုက်ခြင်းသည် ဒေါသ၊ ကြိုက်ခြင်းသည် လောဘ၊ မကောင်းဒေါသ၊ ကောင်းလောဘ၊ မကောင်းလျှင် ဒေါသဖြစ်၏၊ ကောင်းလျှင် လောဘဖြစ်၏၊ ဒေါသသဘာဝသည်တွန်းကန်သောသဘာဝ၊ လောဘသဘာဝသည် ဆွဲယူသောသဘာဝ၊ လျှပ်စစ်ဓာတ်၏သဘောနှင့် ပမာတင်၍ အတွန်း၊ အဆွဲသဘောကို ဆင်ခြင်ကြည့်နိုင်၏။

ဒေါသသည် တို၏၊ လောဘသည် ချို၏၊ ခွဲ၏၊ ထို့ကြောင့်ဒေါသစိတ်နေစရိုက်ရှိသောသူသည် အပြောတို၏၊ ပြတ်၏၊ လောဘစိတ်နေစရိုက်ရှိသောသူသည် အပြောချို၏၊ ခွဲ၏၊ ဒေါသသမားသည် ရလိုမှုမရှိ၊ တွန်းထုတ်၏၊ လောဘသမားသည် ရလိုမှုရှိ၏၊ ဆွဲယူ၏။

နောင်အလျဉ်းသင့်လျှင် စိတ်စေတသိက်သဘာဝတရားတို့၏ စိတ်ဝင်စားဖွယ် ရက်ကန်းရှယ်ကြပုံကို အကျယ်တဝင့်ထပ်၍ ရေးဦးအံ့၊ ယခုမူကား နှင်းဆီပန်းတစ်ပွင့်ကို မျက်စိဖြင့်မြင်ရာ၌ ဘယ်လိုမြင်တယ်၊

ဘာစိတ်စေတသိက်တွေဖြစ်တယ်၊ အဲဒီစိတ်စေတသိက် သဘာဝတရားတွေက ဘယ်လိုဆိုတာလောက် အကျဉ်းမျှသာပြောသင့်သေး၏၊နေ့စဉ် လူနှင့်ပတ်ဝန်းကျင်ဆက်သွယ်မှုကို အဘိဓမ္မာကျကျ တတ်သိနားလည်ရုံ အရင်သွားကြပါဦးစို့ —။

နောက်တစ်ခုက ဣဿာ—

ရှေ့လမှဆက်ကြဦးစို့ —။

**နှစ်ဖက်လှ**
(၁၉၈၂–ခု၊ ဧပြီလ၊ သိပ္ပံမဂ္ဂဇင်း)

# ဒေါသအခိုး ထွက်ခြင်းများ

လူသား၏သန့်ရှင်းသောစိတ်သဘာဝ၌ ဒေါသသဘောငြိစွန်းသောအခါ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော သဘာဝသုံးရပ် ထပ်ဆင့်ပေါ်လာတတ်ပေသည်။ တင်စား၍ပြောရသော် ဒေါသခိုးထသည်ဟု ပြောသင့်ပေသည်၊ ထိုဒေါသခိုးသုံးမျိုးကို ဆက်လက်ဖော်ပြပါမည်။

၉။. ဣဿာ=ငြူစူခြင်းလက္ခဏာရှိသော စေတသိက်၊ စိတ်ကိုမှီ၍ဖြစ်သောငြူစူသည့် သဘာဝကို 'ဣဿာ'ဟု ပါဠိဘာသာဖြင့် ခေါ်သည်။

'ငြူစူ' ဟူသော မြန်မာဝေါဟာရ (ဝါ) ဣဿာဟူသောပါဠိဝေါဟာရက ခံဆောင်ဖော်ပြသော သဘာဝကို စဉ်းစားကြည့်လျှင် မကြိုက်နိုင်သည့်သဘောထားကို သတိပြုရာ၏၊ မကြိုက်နိုင်မနှစ်မြို့နိုင် မနာလိုနိုင်သည့် သဘောထားကို ငြူစူသ ည် (ဝါ) ဣဿာဖြစ်သည် ဟုဆိုရသည်။ မနာလိုဖြစ်ခြင်းသည် ဣဿာပင်ဖြစ်သည်။

မနာလိုသည့်သဘောဖြစ်ပုံနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားအပေါ်မနာလိုကြသည့် တိတ္ထိတို့နှင့် ဥပမာပေးကြ၏၊ တိတ္ထိတို့သည် မြတ်စွာဘုရား၏အောင်မြင်မှု ကျော်ကြားမှုကို မကြိုက်နိုင်ကြချေ၊ မြတ်စွာဘုရား၏ဂုဏ်

သတင်းကို မကြားလို မနာလိုကြချေ။ ဤကဲ့သို့ မကြိုက်နိုင်သည့်စိတ်သဘောထားကို ဣဿာဟုဆိုလေသည်။ ဣဿာကို မစ္ဆရိယနှင့်တွဲပြီး ရှင်းမှ ပို၍သိသာ၏။

၁၀=မစ္ဆရိယ=လျှို့ဝှက်ခြင်းလက္ခဏာရှိသော စေတသိက်၊ စိတ်ကို မှီပြီးဖြစ်သော သဘောထား၊ အူတိုသည့် သဘောထားမကြီးသည့် နာမ်သတ္တိတစ်မျိုးပင်ဖြစ်၏။

'ဝန်တို'ဟူသောမြန်မာစကားသည် မစ္ဆရိယစိတ်ထားကိုဖော်ပြ၏။ ဝန်တို(ဝါ)သဝင်တို၊ သဝန်ကြောင်သော စိတ်များသည် မိစ္ဆရိယသဘာဝများပေတည်း။ 'သဝဏ္ဏ'မှ 'သဝန်' သဝဏ်' ဟုဝေါဟာရဖြစ်လာ၏။ ထို့ကြောင့် 'သဝန်' ဟူသည် မိမိ၏အဆင်း (ဝါ) မိမိ၏အဆင့်ဟု အဓိပ္ပါယ်ရ၏။ မိမိ၏အဆင်းတူ၊ (ဝါ) အဆင့်တူဖြစ်လာမှာကို မလိုလားသည့်သဘောထားသည် 'သဝန်တိုခြင်း'(အစ္ဆရိယ) ပေတည်း။

နိပါတ်တော်လာ အနိတ္ထိဂန္ဓမင်းသားသည် မိန်းမဆိုလျှင် အနံ့နံမှာစိုး၍ အဝေးကရှောင်နေ၏၊ နောက်မိန်းမ၏ အတွေ့အထိကိုငြိမိသောအခါ ဒီလောက်ဇောင်းတဲ့ မိန်းမအရသာကို ငါတစ်ယောက်တည်းသာ ခံစားမည်ဆိုပြီး အခြားယောကျ်ားတို့ကို အာဏာဖြင့်တားမြစ်ရန်ကြိုးစား၏၊ ဤသို့ သဝန်ကြောင်စိတ်ထားမျိုးကို မစ္ဆရိယဟု ဆိုရပေသည်။

ဣဿာနှင့်မစ္ဆရိယကို တွဲပြီးစဉ်းစားကြည့်ပါ၊ ဣဿာ ရော၊ မစ္ဆရိယ ရော သဘာဝနှစ်ရပ်လုံးသည် ဒေါသမှထလာသော အခိုးအငွေ့ပမာဖြစ်၏၊ ဒေါသအရင်းခံရှိ၏။ သို့သော် မနာလိုမှု (ဣဿာ) ဖြစ်ဆဲဖြစ်ခိုက်မှာ၊ ဝန်တိုမှု (မစ္ဆရိယ)မဖြစ်၊ မစ္ဆရိယဖြစ်ခိုက်မှာလည်း ဣဿာမဖြစ်၊ နှစ်ခုလုံးတစ်ပြိုင်နက် မဖြစ်၊ တစ်ခုပြီးမှတစ်ခုဖြစ်၏ ဟု ဆိုလိုပါသည်။

ဣဿာနှင့်မစ္ဆရိယ ခြားနားချက်မှာ-ဣဿာသဘောသည် မိမိကိုယ်မှပြင်ပ(ဗဟိဒ္ဓ) ဖြစ်သော သူတစ်ပါးစည်းစိမ်ကိုသာ ငြူစူသည်၊ မိမိကိုယ်ကို မိမိပြန်ပြီး မနာလိုမှုမဖြစ်ပေ၊ မစ္ဆရိယသဘောမှုကား မိမိစည်းစိမ်ကို လျှို့ဝှက်လိုမှုဖြစ်ပြီး ကိုယ့်စည်းစိမ်ကိုသူတစ်ပါးနှင့်မဆက်ဆံရအောင် လျှို့ဝှက်ခြင်းသဘောသည် မစ္ဆရိယသဘာဝပေတည်း။

အိမ်နီးချင်းနှင့်ဥပမာပြု၍ စဉ်းစားပါ၊ ဟိုဘက်အိမ်က စားနိုင် သောက်နိုင် သုံးနိုင်စွဲနိုင် ခမ်းကြီးနားကြီးနေနိုင်သည်ကို ဒီဘက်အိမ်က မကြိုက်နိုင်မှု၊ (ဝါ) ဝမ်းမမြောက်နိုင်မှု (ဝါ) နာလိုခြင်းမရှိမှု (ဝါ) မနာလိုမှုတည်းဟူသော စိတ်နေသဘောထားသည် ဣဿာဟုခေါ်သော သဘောထားပင် ဖြစ်၏၊ ဣဿာသဘောသည် မိမိမှတစ်ပါး ပြင်ပကို အာရုံပြု၏။

မိမိမိသားစု စားနိုင် သောက်နိုင် သုံးနိုင် စွဲနိုင် ခမ်းကြီးနားကြီး နေနိုင်သလို ဟိုဘက်အိမ်က နေနိုင်စားနိုင် ဖြစ်သွားမှာစိုးပြီး မိမိစည်းစိမ်ကို လျှို့ဝှက်အသိမပေး၊ ကြိတ်ပြီးအုပ်ဆိုင်းပြုမူသည့်သဘောထားသည် မစ္ဆရိယခေါ်သည့် သဘောဖြစ်၏၊ မိမိလို မဖြစ်စေချင်၊ မိမိလိုမဖြစ်ပါစေနှင့်ဟု ထားသောသဘောထားသည် မစ္ဆရိယပေတည်း။

ဟိုဘက်အိမ်က ပေါင်းသင်းဆက်ဆံရေး အဆက်အသွယ် ကောင်းသည်ကို မကြိုက်နိုင်သည့်သဘောသည် ဣဿာ၊ ကိုယ့်အဆက်အသွယ် အပေါင်းအသင်းကောင်းသလို ဟိုဘက်အိမ်က ကောင်းသွားမှာစိုးပြီး လျှို့ဝှက်ခြင်းသည် မစ္ဆရိယ။

ဟိုဘက်ဆိုင်ကဈေးရောင်းကောင်းသည် မကြိုက်နိုင်သည့် စိတ်ထားသည် ဣဿာ။ ကိုယ့်ဆိုင်ဈေးရောင်းကောင်းသလို ဟိုဘက်ဆိုင် ဈေးရောင်းကောင်းမှာစိုးလို့ လျှို့ဝှက်ခြင်း (ဝါ) လျှိုခြင်း ဖုံးခြင်းသည် မစ္ဆရိယ။

ဟိုဘက်အိမ်က ကိုယ့်အိမ်ထက်ကောင်း၊ ကိုယ့်အိမ်ထက်အိမ်ထောင် ပရိဘောဂတွေတောက်ပနေတာ မကြိုက်နိုင်မှုသည် ဣဿာ၊ ကိုယ့်အိမ် ကောင်းသလို၊ အဆင့်အတန်းမြင့်သလို ဟိုဘက်အိမ်ကောင်းလာမှာ မလိုလား၍ ကိုယ့်အိမ်ကိုလျှိုပြီးပြောခြင်း၊ အလကားပါကွာ၊ အိမ်ကောင်းလဲ မထူးပါဘူး၊ စသည်ဖြင့် ကြိုပိတ်သည့်စကားမျိုးပြောခြင်း စသည့်စိတ်ထားသည် မစ္ဆရိယ။

ကိုယ့်ထက် လှတဲ့သူကို မကြိုက်နိုင်မှု၊ ခံပြင်းမှု၊ အမလေး အလှကိုစားလို့ရလို့လား၊ နင်တို့ လှတာမကြာခင် ညစာခက်မယ်နော်၊ အဆင်းကအရေးမကြီးပါဘူး၊အချင်းကသာအရေးကြီးပါတယ် စသည်ဖြင့် အလှကို

နှိမ်သည့် မလေသံမျိုးထွက်အောင်ဖန်တီးသည့် အခြေခံသဘောထားသည် ဣဿာ၊ ကိုယ်ကလှနေတော့ ကိုယ်သာအလှဆုံးဖြစ်နေချင်တယ်၊ သူများ ကိုယ့်လို လှလာမှာမကြိုက်နိုင် သဝန်ကြောင်သည့် သဘောထားသည် မစ္ဆရိယ။

သူများစာတော်သည်၊ တရားဓမ္မဗဟုသုတကြွယ်ဝသည်၊ အဟော အပြောကောင်းသည်ကို မကြိုက်နိုင်မှုသည် ဣဿာ၊ ကိုယ်စာတော်သလို သူများစာတော်မှာစိုးခြင်း၊ မိမိအဟောအပြော အသင်အပြကောင်းသလို သူများကောင်းသည်ကို မကြိုက်မနှစ်သက်သည့်သဘောသည် မစ္ဆရိယ၊ စာမေးပွဲဖြေဆိုရာမျိုး၌ သူတစ်ပါးဂုဏ်ထူးရသည်ကို မကြိုက်မနှစ်သက် သည့်သဘောသည် ဣဿာ၊ စာမေးပွဲဖြေရာ၌ မိမိသာဂုဏ်ထူးရချင်သည်၊ သူရမှာစိုး၍ မှတ်စုများလျှို့ဝှက်ခြင်း သူစာတွေသိပ်ကျက်နေသည်ကို 'တွေ့လျှင် သူတော်သွားမှာစိုးလို့ သိပ်လုပ်မနေပါနဲ့ အောင်မှာပါပဲ စသည်ဖြင့် စာကျက်ရှိန်လျော့သွားအောင် ပြောဆိုပြုမူခြင်းစသည်မှာ မိမိလိုသူတစ်ပါး ဖြစ်လာမှာစိုးသည့် စိတ်နေသဘောထားဖြစ်၍ မစ္ဆရိယ။ မိမိနှင့်ပြိုင်ဘက် ဝန်ထမ်းများ ရာထူးတက်လာမှု၊ မိမိရာထူးနှင့်တန်းတူဖြစ်လာမှုကို မကြိုက် နိုင်ခြင်းသည် မစ္ဆရိယ စိတ်ထားများတည်း။

သူတစ်ပါးအောင်မြင်ကျော်ကြားမှုကို မကြိုက်နိုင်တာ ဣဿာ၊ ကိုယ့်လို သူတစ်ပါး အောင်မြင်ကျော်ကြားလာမှာ မကြိုက်နိုင်တာ မစ္ဆရိယ၊ ထို့ကြောင့် ဣဿာသဘောထားသည် အနိမ့်ကအမြင့်ကို "လှမ်း" သည့်သဘောထား။

အားလုံးစိတ်ကိုချယ်လှယ်သည့် စေတသိက်တရား (၀၇) စိတ်ကို တွယ်ကပ်ဖြစ်ပေါ်သည့် စိတ်၏အညစ်အကြေးများပင်တည်း၊ စိတ်ချေး. ညော်များဟူလို—။ ဣဿာ, မစ္ဆရိယဖြစ်တိုင်း(၀၇)မနာလိုဝန်တိုမှုဖြစ်တိုင်း ပြစ်မှားသည့် ဒေါသစသော အခြေခံတရားဆိုးများပါရှိကြောင်း သတိချပ် အပ်၏။

အပြိုင်အဆိုင်သဘောမျိုး၌ ဣဿာ၊ မရိယ အဖြစ်များတတ်၏၊ ဈေးသည်များ၊ ရုပ်ရှင်သဘင်သည်များ၊ လူအများထံမှ အကြည်ညိုခံ၊ အလှူခံစားသူများ စသည်တို့ကို "ပရဗဒ္ဓဇီဝိတာ"ဟု ခေါ်သည်။ သူတစ်ပါးကိုမှီ၍ အသက်မွေးကြသူများဟူလို။ ထိုသို့ အခြားသူများနှင့်

ဆက်စပ် အသက်မွေးရသူများလောက၌ ဣဿာ၊ မစ္ဆရိယတရားဆိုးသည် မင်းမူတတ်၏၊ တရားအသိ အလိမ္မာမရှိလျှင် မသင့်မတင့်များကြ၏။

"သဘောထားသေးသည်" "သဘောထားနုသည်" ဆိုသည်ကား အခြားမဟုတ်၊ ဤ ဣဿာ၊ မစ္ဆရိယ စိတ်ထားပေတည်း။

၁၀။ ကုက္ကုစ္စ =(ကုတ်ကုတ်စ) စိုးရိမ်ပူပန်မှု၊ နောင်တဖြစ်မှု သဘောလက္ခဏာရှိသောစေတသိက်၊ စိတ်၌မှီ၍ ဖြစ်သော နာမ်တရားတစ်မျိုး။

လူနှင့်ပတ်သက်၍ လူမှုဒုစရိုက်၊ လူမှုသုစရိုက်ဟူ၍ နှစ်မျိုးရှိ၏၊ 'စရိုက်' ဆိုသည်မှာ အလေ့အထ အကျင့်အကြံပင် ဖြစ်၏၊ 'ဒု' သည် မကောင်းခြင်း၊ 'သု' သည် ကောင်းခြင်းကိုဖော်ပြ၏၊ ထို့ကြောင့် ဒုစရိုက်ဆိုလျှင် မကောင်းအလေ့အထ အကျင့်အကြံ၊ သုစရိုက်ဆိုလျှင် ကောင်းသောအလေ့အထအကျင့်အကြံပေတည်း။

ဥပမာ၊ သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ ခိုးဝှက်ခြင်း၊ လုယက်ခြင်း၊ အပြုအမူသည် မကောင်းသောအလေ့အထ အကျင့်အကြံပင်ဖြစ်၏၊ ကြင်နာသနားခြင်း၊ ကူညီရိုင်းပင်းခြင်း၊ စွန့်ကြဲပေးကမ်းခြင်းသည် ကောင်းသောအလေ့အထ အကျင့်အကြံပင်ဖြစ်၏၊ လူသည် ဆိုခဲ့ပါလူမှုဒုစရိုက်ကိုဖြစ်စေ၊ လူမှုသုစရိုက်ကိုဖြစ်စေ ပြုနိုင်လုပ်နိုင်ပေသည်။ မိမိကအထက်စီးရနေတုန်း သူတစ်ပါးကိုနှိပ်စက်ညှဉ်းဆဲ၏၊ သတ်ဖြတ်ကွပ်မျက်၏၊ လုယက်ယူငင်၏၊ အနိုင်ကျင့်၏။ ဤသို့သောလူမှုဒုစရိုက်ကို သက်သက်ဖြစ်စေ၊ ဝမ်းရေးအတွက်ဖြစ်စေပြုလုပ်၏။

ကိုယ်က တတ်နိုင်ပါလျက် သူတစ်ပါးအားပေးကမ်း၊ မလှူဒါန်း ဆင်းရဲသားများအပေါ် အကြင်နာကင်းစွာသက်ဆံပြုမူ၏၊ အားနည်းသူများအား ကူညီရိုင်းပင်းခြင်းမရှိ၊ ပျော်ပါးကာ သုံးကာဖြုန်းကာဖြင့် အချိန်ဖြုန်းခဲ့၏၊ ဆိုပါစို့—။

ထိုသူသည် နောင်တစ်ချိန် ပြန်လည်စဉ်းစားမိသောအခါ မိမိသည် လူမှုဒုစရိုက်များပြုခဲ့မိမှားလေစွဟု နောင်တပူပန်၏၊ တတ်နိုင်ပါလျက် မလှူရက်မကူရက်ပဲ လုပ်သင့်လုပ်ထိုက်သော လူမှုသုစရိုက်များကို မလုပ်ခဲ့မိလေစွဟု နောင်တပူပန်၏။

ဤကဲ့သို့ ပြုခဲ့မိသောဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့နှင့်စပ်လျဉ်း၍ လုပ်မိလေခြင်း၊ မလုပ်မိလေခြင်းဟူ၍ စိုးရိမ်ပူပန်စိတ်ဖြစ်သောသဘာဝကို "ကုက္ကုစ္စ" ဟူ၍ခေါ်ပေသည်။

ပုဂံခေတ် နောက်ဆုံးဘုရင် နရသီဟပတေ့မင်းသည် သင်္ကြန်ရေကစားရာ၌ အကျီစားလွန်မိရာမှစပြီး ပြ ဿ နာ တက် လာ သည့် အ တွက် အချစ်ဆုံး မိဖုရားစောလုံကို စိတ်လိုက်မာန်ပါသတ်လိုက်မိသည်၊ သို့ရာတွင် စောလုံသေရှာရပြီးနောက် ချစ်မိဖုရားကိုသတ်မိမှားလေခြင်းဟု တသသ ဖြစ်ကာ နောင်တကြီးစွာဖြစ်ခဲ့သည်၊ ဤသည်မှာ ပြုခဲ့မိသောဒုစရိုက်နှင့် စပ်လျဉ်း၍ဖြစ်သော ကုက္ကုစ္စသဘောပေတည်း။

စာဖတ်ရင်းမျက်စိကျယ်သွားအောင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မိဖုရား စောလုံလေးချိုးကြီးမှ အောက်ပါကောက်နုတ်ချက်ကို ဖတ်ကြည့်ပါ။

သေလမ်းဝင် မှောင်ရှာတဲ့ အမိရယ်ကြောင့်
ရွှေနန်းရှင် မောင်မှာဖြင့် မချိပြီမို့
စောင့်ပါခလှည့် စောင့်ပါခလှည့်ရယ်လို့
တ,ရလေရှာသကွယ်
သမ္မတနေလာနွယ်မှာဖြင့် ပိုဗျာပါအများ
ဘဝသေပါတယ်လို့ ဆိုကာငိုကာမနား။
ညချမ်းခါတွင်
ပလ္လျမ်းကာအသာဝင်တဲ့
လစန်းရတနာအသွင်တို့
ဘမရာ တပင်မဟေသက်လျာတစ်ပါးကိုလ
ငါဘုရင်ရေပက်တာဖြင့် မှားပေါ့ဟဲ့လို့
တရားသံဝေ ဖြေမပျောက်နိုင်တဲ့
ရွှေပေါက္ကံ မြန်မာမင်းလိုပါ–။

ဆိုခဲ့ပါ နရသီဟပတေ့ဘုရင်၏ရင်တွင်းနှလုံးတွင်စိတ်အသင်းအပင်း၌ဖြစ်နေသော ပူပန်စိုးရိမ်သည့်နောင်တသဘောသည် "ကုက္ကုစ္စ"ပင်ဖြစ်လေသည်။

"ကုက္ကုစ္စ"သဘောသည် ဒေါသမှာအခြေခံပြီးဖြစ်၏၊ ဒေါသယှဉ်သောစိတ်၌သာ ကုက္ကုစ္စ ယှဉ်နိုင်၏၊ ထို့ကြောင့် ယင်းကဲ့သို့ ပူပန်

နောင်တကုက္ကုစ္စဖြစ်နေချိန်မှာ ဒေါသသဘောလည်းတစ်ပြိုင်နက် ဖြစ်နေသည့်အတွက် လူ၏စိတ်သည် အလွန်ဆုတ်နစ်နေလေသည်။ (ဝေဒနာကို မဆွေးနွေးရသေး၍ ဤနေရာ၌မဆိုသာ၊ ဆိုရမူ ဒေါမနဿဝေဒနာ၊ စိတ်ရောဂါတစ်ရပ်ပေတည်း)။

ပြစ်မှားမှုသဘာဝလည်း ဒေါသ၊ ဆုတ်နစ်မှုသဘာဝလည်း ဒေါသတည်း၊ မအေ နှမ နှင့်လား ··· ဆဲဆိုကြိမ်းမောင်း ရိုက်နှက်သတ်ဖြတ်သည့်ပြစ်မှားခြင်းသဘော··· ဒေါသသဘာဝဖြစ်ကြောင်း အလွယ်တကူ သိနိုင်၏၊ စိတ်ဓာတ်ဆုတ်နစ်ခြ···သည်း ဒေါသပင်၊ ဤသောစိတ်သည် ဒေါသစိတ်ပေတည်း၊ ထို့ကြော··· ···ာင်တတစ်ဖန်ပူပန်စိုးရိမ်သော ကုက္ကုစ္စဖြစ်ချိန်မှာ ဆုတ်နစ်ဒေါသလည်း ဖြစ်လျက်ရှိလေသည်။

နောက် ကုက္ကုစ္စမျိုးကား နေဝင်မှစပါးလှန်း၊ မိုးလွန်မှထွန်ချဆိုသကဲ့သို့ လွန်သွားပြီးမှ နောင်တရမှုမျိုးတည်း၊ ချမ်းသာတုန်းက မလှူမိမတန်းမိ၊ အာဏာရှိတုန်း လုပ်သင့်တာကောင်းတာမလုပ်မိ၊ ဆင်းရဲသွားမှ အာဏာလက်မဲ့သွားမှ ငါဟိုတုန်းက လုပ်ခဲ့မိရင်ကောင်းသားဟု တနုံ့နုံ့ပြန်ဖြစ်သော စိတ်သဘာဝသည် ကုက္ကုစ္စပေတည်း။

**နှစ်ဖက်လှ**
(၁၉၇၂–ခု၊ မေလ၊ သိပ္ပံမဂ္ဂဇင်း)

# ထိုင်းသည်-မှိုင်းသည်-တွေဝေသည်

လူနှင့်ပတ်ဝန်းကျင် ဆက်သွယ်မှုနယ်တွင် မျက်စိအသုံးချမှုနှင့်ပတ်သက်၍ ဘယ်လိုမြင်သည်၊ မြင်သည့်အခါ ဘာတွေဖြစ်သည် ဟူသော အချက်ကို ဗုဒ္ဓဘာသာအဘိဓမ္မာနည်းဖြင့် အနုစိတ်သိနားလည်စေရန် ကြိုးစားနေကြခြင်းဖြစ်ပါသည်၊ ဆောင်းပါးအမှတ် (၁)က လူ့ဘဝပဋိသန္ဓေမျိုးစေ့ကျပုံမှစခဲ့ပြီးဆောင်းပါးအမှတ် (၂)မှစ၍(၂၀)အထိနှင်းဆီကလေးတစ်ပွင့်ကို မျက်စိဖြင့်မြင်ပုံမြင်နည်းနှင့်၊ မြင်ရာ၌ ပါဝင်ကြရသည့် လူ၏ရုပ်သဘာဝများနှင့် နာမ်သဘာဝများကို ဆွေးနွေးလာခဲ့ရာ အကုသိုလ်သဘာဝထဲက စေတသိက်(၁၁)မျိုးအထိ အကျဉ်းချုပ်ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်၊ ယခုဆောင်းပါးတွင် အကုသိုလ်စေတသိက် ၁၄ မျိုးထဲက ကျန်ရှိနေသေးသည့် ထိန၊ မိဒ္ဓ တစ်စုံနှင့် ဝိစိကိစ္ဆာသဘာဝတစ်ချက်ကို ဆက်ရန်ဖြစ်ပါသည်။

နှင်းဆီပွင့်ကလေးကို လူကမြင်သောခဏ၌ လူ၏နာမ်ခန္ဓာထဲ၌ သဘာဝများစွာပါဝင်သည်ဖြစ်ရာ ထိုသဘာဝများကို မြတ်စွာဘုရားက ခွဲခြားပြသတော်မူခဲ့လေသည်၊ ထိုသဘာဝများသည် အသိမ်မွေ့ဆုံးဖြစ်သဖြင့် သမာဓိအရင်းခံရှိသောဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်မှသာ ဒိဋ္ဌမြင်နိုင်ပေရာသည်။

မြတ်စွာဘုရားက ‘ထိန’ ဟူ၍ အမည်ပေးခဲ့သော သဘာဝတစ်ရပ်သည် အကုသိုလ်အုပ်စု၌ပါဝင်ပေသည်၊ ယင်း ‘ထိန’ ကို ဘာသာစကားပြောင်းလဲမှုအရ၊ ‘ထိုင်း’ ဟူ၍ ပါဠိသက်မြန်မာမှုပြုနိုင်ပေသည်။ ထိန မှ ထိန်၊ထိန်မှထိုန်၊ထိုန်မှ ထိုင်-ထိုင်း ပြောင်းလဲပုံကိုသက်သေသာဓကများဖြင့် ထုတ်ဆောင်သိမြင်နိုင်ပေသည်။

သို့ဖြစ်လျှင် ‘ထိန၊ ထိုင်း’ ဟူသောသဘာဝသည် မည်သို့သော သဘာဝမျိုးနည်း၊ ‘ထိန’ သည် စိတ်ကိုမှိုတွယ်စိတ်ကိုချယ်သောစေတသိက်တစ်မျိုးဖြစ်ရကား မိမိ၏မှီရာစိတ်ကိုထိုင်းစေသည့်သဘာဝပင်ဖြစ်ပေသည်။ စိတ်ကိုထိုင်းစေသည်ဆိုသည်ကား စိတ်ကို တတ်ကြွမှုမရှိအောင် ညှို့သက်သွားအောင် နုံသွားအောင် ထုံသွားအောင် ဖိနှိပ်ဟန့်တားသကဲ့သို့ပြုတတ်သော သဘောဖြစ်ပေသည်။

စိတ်သည် မျက်တစ်ခတ် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းခန့် ဖြစ်သည်ဟူသော အခြေခံအချက်ကိုကိုင်ပြီး စိတ်နှင့်အတူတကွ ဖြစ်ပျက်သော ထိနစေတသိက်၏ အဖြစ်အပျက်မြန်ဆန်မှုကို ချင့်တွက်နိုင်သည်၊ သို့ဖြစ်၍ ထိန၊ ထိုင်းသည့်သဘာဝကို ယခုလူတို့ဉာဏ်ဖြင့် မမြင်နိုင်ပေ။ တရားဘာဝနာကို လက်တွေ့အားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်မျိုးသည်သာ သမာဓိရင့်ကျက်သောဉာဏ်အမြင်ဖြင့် စိတ်၏ထိုင်းမှုသဘော(ထိနစေတသိက်)ကို ရိပ်စားမိနိုင်ပေသည်။

''မိဒ္ဓ''ဟူ၍မြတ်စွာဘုရားကနာမည်ပေးခဲ့သော စေတသိက်သဘာဝသည်ကား မိမိနှင့်အတူယှဉ်ဘော်ယှဉ်ဘက်ဖြစ်သည့် စေတသိက်များကို ဖိနှိပ်ဟန့်တားသမှုပြုခြင်း ဖြစ်ပေသည်၊ ယင်း ''မိဒ္ဓ''ကို မှိုင်း၊ မှိုင်း-ဟူ၍ မြန်မာမှုပြုကြသည်၊ ယင်းအတွက် ဘာသာစကား ပြောင်းလဲမှုစနစ်ကား ရှားပါးဘိသည်၊ မည်သို့ဖြစ်စေ ထိနနှင့်မိဒ္ဓကို ထိုင်း မှိုင်းဟူ၍ တွဲသုံးကြပေသည်။

စင်စစ် ထိနက စိတ်ကို၊ ''မိဒ္ဓ''က အတူဖြစ်ဘက်စေတသိက်များကို ဖိနှိပ်ဟန့်တားသည့်သဘောဖြစ်ရကား စိတ်နှင့်စေတသိက်တို့သည် အမြဲတမ်းအတူတကွဖြစ်ကြမြဲဖြစ်၍ စိတ်နှင့်စေတသိက်ကို ချယ်လှယ်သော ထိနနှင့် မိဒ္ဓသည်လည်း အမြဲတမ်းမခွဲတမ်းအတူတကွသာ ဖြစ်လေသည်၊ ထို့ကြောင့်ပင် ''ထိုင်းမှိုင်း''ဟူ၍ တွဲသုံးဖြစ်နေခြင်းဖြစ်ပေသည်။

ယင်း ထိနနှင့်မိဒ္ဓသည် ဝီရိယစေတသိက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဆုတ်နစ် ပျင်းရိ လေးကန်သည့်သဘော ဖြစ်ပေသည်၊ တစ်နည်းဆိုရသော် ဝီရိယနှင့် ထိနမိဒ္ဓသည် အလင်းနှင့်အမှောင်ကဲ့သို့ ဖြစ်လေသည်၊ ဝီရိယတည်းဟူသော အလင်းရောင်ရှိနေလျှင် ထိနမိဒ္ဓတည်းဟူသော အမှောင်မရှိပေ။ ထိနမိဒ္ဓတည်းဟူသော အမှောင်ရှိနေလျှင် ဝီရိယတည်းဟူသော အလင်းမရှိပေ၊ တစ်ခုဆုတ် တစ်ခုတက် သဘောရှိပေသည်။

စိတ်သည် တိုက်တွန်းမှု ပြုပြင်မှု နှိုးဆော်မှုမရှိပဲ ထက်ထက်မြက်မြက်ဖြစ်သောစိတ်နှင့် တိုက်တွန်းနှိုးဆော်ပါမှ ဖြစ်ရသောစိတ်ဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။ ပြုပြင်နှိုးဆော်မှုကို ''သင်္ခါရ''ဟူ၍ ခေါ်သည်။

တိုက်တွန်းနှိုးဆော်မှုမလိုပဲ သူ့ဟာသူဖြစ်သောစိတ်ကို အသင်္ခါရိကစိတ်ဟုခေါ်သည်၊ (အ=မရှိ၊ သင်္ခါရိက=တိုက်တွန်းနှိုးဆော်သမှုပြုသည့်

ပယောဂအသင်္ခါရိက = တိုက်တွန်းမှုမရှိပဲဖြစ်သောစိတ်)တိုက်တွန်းနှိုးဆော်မှု ရှိမှဖြစ်သောစိတ်ကို သသင်္ခါရိကစိတ်ဟု ခေါ်သည်။ (သ = ရှိသည်၊ သင်္ခါရိက = တိုက်တွန်းနှိုးဆော်သမှုပြုသည့် ပယောပ၊ သသင်္ခါရိက = တိုက်တွန်းမှုရှိမှဖြစ်သောစိတ်)။

ဤကဲ့သို့ စိတ်ဖြစ်ပုံဖြစ်နည်းနှစ်မျိုးရှိသည့်အနက် ထိနနှင့် မိဒ္ဓစေတသိက်တို့သည် တိုက်တွန်း နှိုးဆော်မှုပါမှဖြစ်ရသော သသင်္ခါရိကစိတ်မျိုး၌သာ ယှဉ်ခွင့်(ဝါ)အတူဖြစ်ခွင့်ရလေသည်။ သူတစ်ပါးတိုက်တွန်းနှိုးဆော်မှုပယောဂမပါပဲ သူ့ဟာသူဖြစ်သည့်အသင်္ခါရိကစိတ်မျိုး၌ ထိုင်းမှိုင်းသည့်သဘာဝ (ဝါ)ထိနမိဒ္ဓစေတသိက်များ မသိမသီနိုင်ပေ။

စကားအလျဉ်းသင့်သဖြင့် ဗဟုသုတတစ်ရပ် ကြားညှပ်ထည့်သွင်းပါရစေ။

လူတို့၌ အိပ်ချင်သည်၊ အိပ်ငိုက်သည်။ ထိုင်းမှိုင်းသည်ဟူ၍ ဖြစ်တတ်ကြ၏၊ ဤသို့ အိပ်ချင်မှုနှင့် ပတ်သက်၍–

(၁) ကိုယ်ခန္ဓာ ညှိုးနွမ်းပင်ပန်းအားနည်းမှုကြောင့်လည်း အိပ်ချင်တတ်၏။

(၂) ဝီရိယကင်းလွတ်ပြီး ထိနမိဒ္ဓများဖိစီးလွှမ်းမိုးမှုကြောင့်လည်း အိပ်ငိုက်တတ်၏။

သို့ဖြစ်၍ လူတိုင်းအိပ်ချင်မှု၊ အိပ်ငိုက်မှုသည် အကျဉ်းအားဖြင့် ကိုယ်ခန္ဓာနွမ်းနယ်မှုဟူသော ရုပ်အကြောင်းတစ်ရပ်၊ ဝီရိယကင်းကွာပြီး ထိနမိဒ္ဓဖိစီးမှုဟူသော နာမ်အကြောင်းတစ်ရပ်၊ အိပ်ချင်ရာ၌ ဤကဲ့သို့ အကြောင်းနှစ်ရပ်ရှိကြောင်း ပြည့်ပြည့်စုံစုံ သိမှတ်အပ်ပေသည်။

လက်တွေ့ဖြစ်ရပ်များကို စဉ်းစားကြည့်ပါ၊ မိမိ၏ ကိုယ်ခန္ဓာ၌ ကျန်းမာရေးကောင်းပြီး ခေတ်လေးပါးညီညွတ်နေသည်၊ ပင်ပင်ပန်းပန်း လုပ်ရကိုင်ရမှုလည်း မရှိဟုဆိုပါလျှင် ကြိုက်မရှက် ငိုက်မရှက်ဆိုရလောက်အောင် အိပ်ချင်ကြီးမှု မဖြစ်တတ်ပေ။ သွေးလေမမှန်လျှင်သော် လည်းကောင်း, အပမ်းတကြီး လုပ်ကိုင်ဆောင်ရွက်ရသော်လည်းကောင်း မထိန်းနိုင် မသိမ်းနိုင် အိပ်ချင်တတ်ပေသည်၊ မျက်တောင်ကြီးတွေလေးပြီးစင်းပြီး

ဣန္ဒြေဆယ်မရတော့ပဲ အိပ်ရာဝင်ကြရတတ်ပေသည်။ ဤသည်ကား ရုပ်ခန္ဓာ နွမ်းနယ်မှုကြောင့် အိပ်ချင်ခြင်းပေတည်း။

ထို့ပြင် ဝီရိယနည်းပါးသူ(ဝါ)ပေါ့လျော့ပျင်းရိသူမျိုးသည်လည်း ထိန မိဒ္ဓ ဖိစီးပြီး အိပ်ငိုက်နေတတ်ပေသည်၊ ရုံးများ၌ အလုပ်နည်းသူများ မျှော်လင့်ချက်မရှိ၍ မကြိုးစားသူများ ပင်ကိုယ်နိုက်က အပျင်းထူတတ်သူ များသည် တသမ်းသမ်းတဝေဝေနှင့် အိပ်ငိုက်နေကြသည်ကို တွေ့မြင်နိုင် ကြပေသည်။ အလုပ်များနေသူများ ရည်ရွယ်ချက်ကြီးကြီးမားမားထားပြီး ကြိုးစားနေသူများသည် အိပ်ငိုက်ရန်မဆိုထားဘိ၊ အချိန်ကုန်သွားသည်ကို ပင် ကုန်မှန်းမသိ ဖြစ်တတ်ကြသည်၊ ဤသို့ဖြစ်ရသည်မှာ လုံ့လဝီရိယနှင့် ထိနမိဒ္ဓတို့၏ နယ်လုစစ်ပွဲကြောင့် လုံ့လဝီရိယက အသာစီးရနေသောအခါ မအိပ်ချင်ပဲ၊ လုံ့လဝီရိယအားနည်းပြီး ပျင်းရိ ပေါ့တန်နေသောအခါ ထိနမိဒ္ဓသဘာဝများ ဖိစီးလာပြီး အိပ်ငိုက်လာခြင်းဖြစ်ပေသည်၊ ဤကား နေ့စဉ်ဘဝဖြစ်ရပ်များဖြင့် သဓကပြခြင်း ဖြစ်ပေသည်။

ထိုထက်မြင့်၍ပြောရပါလျှင် သမ္မာဝါယာမမဂ္ဂင် ထူထောင်ပြီး ကာယဉာဉ်အလုပ်တစ်ခုခုကို စောက်ချ၍ အားထုတ်နေသောအခါ ဝီရိယ သည် အဓိပတိတိုင်ထိပ်ရောက်နေသည်ဖြစ်သောကြောင့် ထိနမိဒ္ဓသဘာဝ များ လုံးဝမသိမကပ်နိုင်ရှာကြချေ၊ ထို့ကြောင့်ပင် တရားကို ဟုတ္တိပတ္တိ အားထုတ်၍ တရားတွေ့နေကြသူတို့သည် နေ့လည်းမအိပ်ချင်၊ ညလည်း မအိပ်ချင်ပဲ တွင်တွင်ကြီးအားထုတ်နေနိုင်ကြခြင်း ဖြစ်ပေသည်။

ဤကဲ့သို့သော လက်တွေ့ဖြစ်ရပ်များကို ထောက်ထားဆင်ခြင်တတ် ပါမှ ဗုဒ္ဓမြတ်စွာဘုရား၏ အဘိဓမ္မာသဘာဝများကို ရိပ်စားမိနိုင်ရာသည်၊ အထက်ပါ တင်ပြချက်အရ ထိနမိဒ္ဓသဘောကို နားလည်ရန်အတွက် နေ့စဉ် ဘဝဖြစ်ရပ်များဖြစ်သော ရုပ်အိပ်ချင်၊ နာမ်အိပ်ချင်နှစ်မျိုးကို ဆင်ခြင် တတ်ရန်လိုသည့်အပြင် မိမိကိုယ်တိုင် တရားအားထုတ်ဖူးပါက ပို၍ ပိုင်ပိုင် နိုင်နိုင် ဆင်ခြင်နိုင်ပြီး လေးလေးနက်နက် သဘောပေါက်နားလည်သွား မည်ဖြစ်ပေသည်။

ဤတွင် သတိပြုရဦးမည့်အချက်တစ်ရပ်မှာ အိပ်ချင်မှုနှင့် အိပ်မှု ကွဲပြားခြားနားချက်ပင် ဖြစ်သည်၊ အိပ်ချင်ခြင်းသည် အထက်တွင်ဖော်ပြခဲ့ သည့်အတိုင်း ကိုယ်ခန္ဓာနွမ်း၍ဖြစ်စေ၊ ဝီရိယကင်းမဲ့ပြီး ထိနမိဒ္ဓဖိစီး၍ဖြစ်စေ၊

အကြောင်းနှစ်မျိုးလုံးကြောင့်(သို့မဟုတ်)တစ်မျိုးမျိုးကြောင့် ဖြစ်ပေသည်။ ''အိပ်ခြင်း'' ဟူသည်ကား တစ်မျိုးတည်းသာရှိသည်၊ အိပ်ပျော်ပြီဆိုကတည်းက ဘဝင်ကျသွားခြင်းသာဖြစ်သည်၊ အခြားဘာစိတ်မှမဖြစ်တော့ပဲ(ဝါ)မမြင်တော့ပဲ၊ မကြားတော့ပဲ၊ ဘဝင်စိတ်တသွင်သွင်ကျနေသည်ကို အိပ်ပျော်သည်ဟုခေါ်လေသည်။ သို့ဖြစ်၍ ကိုယ်ခန္ဓာပင်ပန်း၍ဖြစ်စေ၊ ထိန, မိဒ္ဓများ၍ဖြစ်စေ မည်သို့သောကြောင်းကြောင့်ဖြစ်ဖြစ် အိပ်ပျော်မှုကား အတူတူသာဖြစ်သည်။

ထိန, မိဒ္ဓသဘာဝနှစ်ရပ်သည် စိတ်စေတသိက်တို့ကို ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်စေတတ်သော သဘာဝများဖြစ်ကြောင့် အိပ်ပျော်ခါနီး အိပ်ငိုက်သောအချိန်နှင့် အိပ်ရာမှနိုးစအချိန်တို့၌ အဖြစ်များလေသည်။ ခြိုက်ခြိုက်မြိုက်မြိုက် အိပ်ပျော်သည့်အခါ၌ကား ထိန, မိဒ္ဓ မဖြစ်တော့ပြီ၊ ဘဝင်စိတ်အစဉ်သာ တသွင်သွင်ဖြစ်လေတော့သည်။

စကားကြွင်းမကျန်အောင် ပြောရဦးမည်ဆိုပါလျှင် ထိနမိဒ္ဓသည် အကုသိုလ်စေတသိက်များဖြစ်ကြသောကြောင့် ကုသိုလ်အကုသိုလ်ကို လုံးဝပယ်စွန့်ပြီးသော ရဟန္တာအရှင်သူမြတ်တို့၌ ထိနမိဒ္ဓ လုံးဝမဖြစ်တော့။ သို့ဆိုလျှင် ရဟန္တာအရှင်သူမြတ်တို့သည် မအိပ်ချင်ကြပြီလော၊ သို့တည်းမဟုတ် မအိပ်ကြတော့ပြီလော။ မေးဖွယ်ရှိ၏။

ရဟန္တာအရှင်သူမြတ်များသည်လည်း အိပ်ကြပေ၏၊ သို့သော် အိပ်ချင်သည့်အကြောင်းနှစ်ရပ်အနက် ရုပ်ခန္ဓာတော်ညှိုးနွမ်းမှုကြောင့်သာ အိပ်ချင်ကြပေသည်။ ဝီရိယကင်းပြီး ထိန, မိဒ္ဓ ဖိစီးမှုဟူသော အကြောင်းကြောင်းကြောင့်ကား အိပ်ချင်မှုမရှိတော့ပေ။ ရုပ်ခန္ဓာသဘာဝကြောင့် အိပ်ချင်လာသောအခါ ရဟန္တာအရှင်သူမြတ်များလည်း ဘဝင်သတ်၍ အိပ်ပျော်တော်မူကြသည်ပင်ဖြစ်ကြပေသည်။

အထက်ပါအချက်ကိုထောက်လျှင် ရဟန္တာသည် ယခုပုထုဇဉ်လူတို့ထက် ၅၀ရာခိုင်နှုန်း အအိပ်နည်းသည်ဟူ၍ ကိန်းသေတွက်ယူ၍ရပေသည်၊ ထို့ပြင် လုံ့လဝီရိယရှိသူတို့သည် ထိနမိဒ္ဓဖြစ်ခွင့်များစွာမရ၍ အအိပ်အနေနည်းကြသည်ကို မျက်မြင်တွေ့မြင်နိုင်ကြပေသည်။

လူ့ဘဝကိုဆန်းစစ်ကြည့်ပါလျှင် အသက် ၇၅ နှစ် နေရသူတစ်ဦးသည် နှစ်ပေါင်းအစိတ် (၂၅-နှစ်) လောက် အိပ်ပစ်သည်၊ အနှစ်(၅၀)

လောက်သာနိုးကြားသည်၊ လူတစ်ဦးတစ်ယောက်တည်းပင် လူအိပ်၊ လူနိုး နှစ်မျိုးဖြစ်ရသည်။

လို့လဝီရိယနည်းလေလေ၊ ထိနမိဒ္ဓများလေလေ၊ ထိနမိဒ္ဓများလေလေ အိပ်ငိုက်လေလေ၊ အိပ်ငိုက်လေလေ အိပ်လေလေပင်ဖြစ်ပေသည်။ ဤကား သဘာဝကွင်းဆက်ပေတည်း။

အထက်၌ တင်ပြခဲ့သော အချက်များသည် ဗုဒ္ဓအဘိဓမ္မာပညာမှ လက်ရင်းကျကျရရှိသော ဘာဝအသိဉာဏ် ဖြစ်ပေသည်။ လူတို့၏ ကမ္ဘာလောက၌ လူဘာဝထက်အဖိုးတန်သောအရာ မရှိချေ၊ သို့ဖြစ်သည်နှင့်အညီ မှန်ကန်သော လူ့ဘာဝအသိဉာဏ်ထက် အဖိုးတန်သောပညာလည်း မရှိချေ။

သို့ဖြစ်သောကြောင့် လူ့ဘာဝနှင့်ပတ်သက်ပြီး ယထာဘူတအကျဆုံး လက်တွေ့အကျဆုံး သမ္မာဒဿနတစ်ရပ်ကို အလိုရှိပါလျှင် ဗုဒ္ဓအဘိဓမ္မာ ကျမ်းစာများထဲ၌ရှာယူမှသာလျှင် လူ့ဘာဝ၏ ယထာဘူတဒဿနအမြင်မှန်ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိစကောင်းတော့သည်။

**နှစ်ဖက်လှ**
(၁၉၈၂-ခုနှစ်၊ ဇွန်လ၊ သိပ္ပံမဂ္ဂဇင်း)

# ဆရာမနိုင် နှစ်ဆောင်ပြိုင်

ဆရာခင်ဗျား၊ ပြီးခဲ့တဲ့လဆောင်းပါးမှာ ထိုင်းမှိုင်းခြင်းဆိုတဲ့ ထိနမိဒ္ဓစေတသိက်နှစ်မျိုးအကြောင်း ဖတ်ရပါတယ်၊ ထိုင်းမှိုင်းခြင်း၊ သို့မဟုတ်၊ ထိန၊ မိဒ္ဓစေတသိက်နှစ်မျိုးရဲ့ သဘာ၀ကိုရှင်းပြရင်း၊ 'အိပ်ချင်ခြင်း' 'အိပ်ငိုက်ခြင်း' ဆိုတဲ့ လူ့ဘ၀လက္ခဏာတွေကို ထည့်သွင်းရှင်းပြထားသည်မှာ ကျွန်တော်တို့ တစ်ခါဘူးမျှမကြားဘူးသေးတဲ့ ဗဟုသုတသစ်ပဲဖြစ်ပါတယ်ခင်ဗျား၊ အိပ်ချင်မူးမူးဖြစ်ရာ၌ ရုပ်အကြောင်း၊ နာမ်အကြောင်းရယ်လို့ အကြောင်းနှစ်ရပ်ရှိကြောင်း၊ ဒီအကြောင်းနှစ်ရပ်မှာ လုံ့လဝီရိယနည်းပါးတဲ့လူများ၊ အပျင်းထူတဲ့လူများဟာ တသမ်းသမ်းတဝေဝေနဲ့ ငိုက်မြည်းနေတတ်ကြတဲ့ အကြောင်း ပြောပြထားတာဟာ လက်တွေ့ကျလွန်းလှပါတယ် ခင်ဗျား။

ကျွန်တော်ရေးသားတင်ပြနေတဲ့ အကြောင်းအရာတွေဟာ၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟောခဲ့တဲ့ တရားသဘောတွေနော်၊ ကျွန်တော့်အစွမ်းတွေ မဟုတ်ပါဘူး။

ဟုတ်ပါပြီဆရာ၊ ဘုရားဟောဖြစ်ပေမဲ့ မြင်အောင်ပြပေးတဲ့လူရှိမှလဲ မြင်ဖြစ်တာပါဆရာ၊ ဆက်ပြီးကျွန်တော်ပြောချင်သေးတာက ကျွန်တော်တို့အနေနဲ့ အဘိဓမ္မာဆောင်းပါးဖတ်နေရင်းနဲ့ ဗမာစကားကိုပိုမိုပြီးနားလည်လာတယ်ခင်ဗျား၊ ထိုင်းမှိုင်းတယ်ဆိုတာ ငယ်ငယ်ထဲကပြောလာခဲ့ပေမဲ့ အရင်းအမြစ်ကျကျ မသိခဲ့ပါဘူး၊ ဒီထိုင်းမှိုင်းဟာ အကုသိုလ်မျိုးပဲဆိုတာသိဖို့တော့ဝေးပါရဲ့ဆရာ၊ ခုတော့ ကိုယ်သုံးနေကျဗမာစကားဝေါဟာရတွေရဲ့ တကယ့်အသားပါတဲ့အဓိပ္ပါယ်တွေကိုလဲ ကျယ်ကျယ်ပြန့်ပြန့်သိလာခဲ့ရတဲ့အတွက် ကျွန်တော်တို့ရဲ့ ဗမာဝေါရဟာတွေကိုလေ့လာမယ်ဆိုရင် ဗုဒ္ဓအဘိဓမ္မာကိုပါလေ့လာဖို့လိုမယ်ဆိုတဲ့ အတွေးတစ်ခုပေါက်နေပါတယ်၊ ဒါ ဆရာဘယ်လိုသဘောရပါသလဲ။

ဒါကတော့အရှင်းကြီးပါပဲ၊မြန်မာ့ဝေါဟာရနှင့် အနုစာပေလေ့လာဖူးသူတွေ ရိပ်မိပြီးသားပါ။

ဒါပေမဲ့ဆရာ မြန်မာ့ဝေါဟာရတွေကို သုတေသနပြုတယ်ဆိုတဲ့နေရာမှာ တိဗက်ကဘယ်လို၊ တရုတ်ကဘယ့်နှယ်စသည်ဖြင့် ပညာရှိများပြောတာတွေ ကြားဖူးပါတယ်။

ပါဠိကဘယ်လို ဆင်းသက်လာတယ်၊ သက္ကတမှာဘယ်လိုမြစ်ဖျား ခံတယ်ဆိုတာလဲ ပါပါတယ်။

ဒါပေမဲ့ ဆရာ၊

ဒါပေမဲ့ ဆက်လာပြန်ပလား–။

နဲနဲလေးဆက်ပါရစေဦးဆရာ၊ မြန်မာ့စကား ဝေါဟာရတွေကို စကားလုံးတည်ဖြစ်ပုံရင်းမြစ်မျှသာမကပဲ သဘောတရားအရင်းအမြစ်ကိုပါ သုတေသနပြုပြီး ဖော်ထုတ်နိုင်ရန် ကောင်းမယ်ဆရာ။

လုပ်ကြပါလေ၊ လုပ်စရာတွေကလဲ များပါဘိတယ်။

ကဲ…အကုသိုလ်စေတသိက်(၁၄)မျိုးထဲက နောက်ဆုံးကျန်နေတဲ့ 'ဝိစိကိစ္ဆာ'ခေါ်တဲ့ စေတသိက်အကြောင်း ဆက်ကြပါဦးစို့ရဲ့။

ဟုတ်ပါ့ဆရာ။

စိတ်မှာ လောဘလဲမယှဉ်၊ ဒေါသလဲမယှဉ်၊ လောဘသဘော၊ ဒေါသသဘောလွတ်နေတဲ့အခိုက် ကုသိုလ်ဘက်မရောက်ရင် မောဟဝင် နေတတ်တယ်၊ အဘိဓမ္မာအသုံးနဲ့ပြောရင် မောဟနဲ့ယှဉ်နေတယ်ပေါ့၊ မောဟဆိုတဲ့သဘောဟာ ဘယ်လိုသဘောမျိုးဖြစ်တယ်ဆိုတာ ပြီးခဲ့တဲ့ ဆောင်းပါးအမှတ်(၁၇)၌ ပြောခဲ့ပြီလေ။ မှတ်မိဦးမှာပေါ့….

ဒီလောက်မှတ်မိယင် ကျွန်တော် တိပိဋကစာမေးပွဲဝင်မယ်ဆရာ။

ရှိပါစေလေ၊ ပြန်ကြည့်ပေါ့….။

စိတ်ဟာ မောဟစေတသိက်နှင့်ယှဉ်နေတဲ့အခါ အလွန်တရာတွေဝေ နေတယ်လို့ ဆိုတယ်၊ တစ်နည်းအားဖြင့် မှန်တာကိုမသိပဲ မမှန်တာကို (ဝါ)မှားတာကို သိနေတယ်မှတ်လား၊ မောဟ ဟာ ပညာရဲ့ ဆန့်ကျင် ဘက်တရားပဲ၊ ဒါကိုပြန်သတိရပါ။

လောကမှာ တကယ်မှန်တဲ့တရားရှိတယ်၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ဘုရား တရား သံဃာရဲ့ဂုဏ်တော်၉–ပါး ဂုဏ်တော်ခြောက်ပါး၊ ဂုဏ်တော်ကိုးပါး ဟာ တကယ့်အမှန်ပဲ၊ သိက္ခာပုဒ်တော်မြတ်များလဲ အမှန်ပဲ၊ အဘိဓမ္မာ

ပညာဖြင့် ခန္ဓာဖွဲ့စည်းမှု၊ အာယတန၊ ဓာတ်ဖွဲ့စည်းမှု၊ ဒီခန္ဓာစသည်တွေ ဟာ အတည်မမြဲဘူး၊ အတည်မမြဲလို့ ချမ်းသာစစ်မဟုတ်ဘူး၊ ကိုယ်ဖြစ်ချင် သလို မဖြစ်ဘူးဆိုတာလဲ အမှန်တရားပင်ဖြစ်တယ်၊ နောက်ပြီး အဝိဇ္ဇာ အကြောင်းကြောင့် သင်္ခါရဖြစ်ရတယ်ဆိုတဲ့ ကြောင်းကျိုးကွင်းဆက်ဖြစ်ရပ် ဟာလဲ အမှန်ပဲဖြစ်ပါတယ်၊ အဲဒီလို တကယ်မှန်နေတဲ့ သဘာဝတရားဟာ ရှိပါတယ်၊ ဘယ်သူကမှန်နိုင်းလို့မှ မဟုတ်ပဲ၊ ပကတိမှန်ကန်မှုပါပဲ။

အဲဒီလို မှန်သောသဘာဝကို မှန်ပါကလားလို့ ဉာဏ်ပညာကသာ သိနိုင်မြင်နိုင်တယ်၊ ဉာဏ်ပညာမရှိရင် မှန်ကန်ကြောင်းမသိနိုင်၊ မမြင်နိုင် ဖြစ်ပါတယ်၊ ဉာဏ်မရှိတဲ့အခါ (ဝါ) ဉာဏ်မဖြစ်တဲ့အခါ မောဟဆိုတဲ့ မမှန်မကန်သိတဲ့ မြင်တဲ့သဘာဝ ဖြစ်တာပါပဲ။

ဆရာခင်ဗျား .... နဲနဲ မျှားသွားပြီထင်တယ်၊ သိပ်နက်သွားပြီထင် တယ်၊ ဉာဏ်ခွန်အား မလိုက်နိုင်တော့ဘူး၊ ဒါကြောင် ညည်းစီစီဖြစ်လာပြီး ပျင်းတင်းတင်း ဖြစ်လာပါတယ်။

ဟုတ်လား....ဒါဖြင့် ဒီလိုလုပ်၊လက်ညှိုးထောင်လိုက်၊အဲဒီလက်ညှိုး ကို သေသေချာချာကြည့်၊ ကြည့်ပြီး စဉ်းစား။

ဒီလက်ညှိုးဟာ မွေးကထဲက ဒီလိုမဟုတ်ဘူး၊သေးသေးကလေးကမှ ကြီးလာတာ၊ နောက်ပြီး ဒီလက်ညှိုးကိုထိခိုက်မိရင် နာတယ်၊ မီးလောင် လျှင် ဖူးယောင်လာတယ်၊ ရေထဲကြာကြာစိမ်ထားလိုက်ရင် ဖြူဖတ်ဖြူလျော် အရောင်ပြောင်းသွားတယ် ဟုတ်ပလား....။

ဟုတ်ပါတယ်ဆရာ။

လက်ညှိုးဟာ ဒီလိုပြောင်း၍ပြောင်း၍ နေတယ်၊ ဒါကို မတည် မမြဲဘူးလို့ ခေါ်တာပေါ့၊ ဒါကို အကြမ်းဖျဉ်းအားဖြင့် ပါဠိလို "အနိစ္စ" လို့ ဆိုတာပေါ့။

ဒီလို စဉ်းစားဉာဏ်ကို အသုံးချတဲ့အခါ အတည်မမြဲတဲ့အဖြစ်ကို ရိပ်မိတာပေါ့၊ ရိပ်မိတယ်လို့ပြောတာက မှန်းဆသိတယ်လို့ ပြောတာပဲ၊ ပါဠိလိုတော့ 'အနုမာနသိ'ပဲ၊ ဒိဋ္ဌဉာဏ်မြင်သိ မဟုတ်သေးဘူး။

လက်ညှိုးထောင်ပြီး အဲဒီလိုမစဉ်းစားတဲ့အခါ ငါ့လက်ညှိုးကလေး လှုပ်လိုက်တာ၊ ဟန်ကျလိုက်တာလို့ မထင်ပေဘူးလား၊ မလှုပ်ရင်တောင်မှ လှုပ်အောင်ဆေးတွေဘာတွေဆိုးသေးတာပဲ။

အဲဒီလိုလှုပ်လိုက်တာ၊ ဟန်ကျလိုက်တာလို့ သိမြင်နေတဲ့အခါမှာ အတည်မြဲတယ်ဆိုတဲ့ အသိကလေးကလဲ ထက်ကြပ် မကွာ ပါ နေ တယ်၊ အဲဒီလို မမြဲတာကို မြဲတယ်လို့ ပြောင်းပြန်သိမြင်နေတာ ဘယ်သူ့လက်ချက်လဲ....

မောဟ လက်ချက်ပါဆရာ....။

ဟုတ်ပြီ....

အဲဒီလိုမောဟဖုံးနေတဲ့အခါမှာမြဲတာမှဟုတ်ရဲ့လား၊မမြဲတဲ့သဘာဝ များဖြစ်နေသလားလို့ ဝင်ပြီးစူးစမ်းကြည့်မယ်ဆိုရင် စိတ်ပင်ပန်းမှုဖြစ်ရတယ်၊ မြဲတယ် မမြဲဘူးလို့ ယတိပြတ်မဆုံးမဖြတ်နိုင်တဲ့အခိုက်မှာ ပင်ပန်းရခြင်းဖြစ်တယ်၊ မြဲတယ်ပဲဖြစ်ဖြစ်၊ မမြဲဘူးပဲဖြစ်ဖြစ်၊ တစ်ခုခုဆုံးဖြတ်ချက်ကျသွားယင်တော့ ပင်ပန်းတဲ့သဘောတရား မဖြစ်တော့ဘူး၊ မမှန်လျှင်မမှန်သလိုအပြောက် နောက်မှခံရောပဲ၊ ဥပမာ....ခရီးသွားရာ၌ လမ်းနှစ်ခွတွေ့ရာတွင် ဒီလမ်းလား ဟိုလမ်းလားလို့ မဝေခွဲနိုင်ယင် စိတ်ပင်ပန်းတာပေါ့၊ လမ်းမှားမှား မှန်မှန် တစ်ခုခုကိုလိုက်သွားရင် လမ်းမှားဦးတော့ အစတော့ စိတ်မပန်းဘူး၊ နောက်မှ လမ်းမှားတဲ့အတွက် ဘေးတွေ့တာပေါ့။

အဲဒီလို မောဟကာဆီးပြီး အမှားကို မြင်နေတဲ့အခိုက်အတံ့မှာ အမှန်မြင်ဖို့ ဉာဏ်ပညာကဝင်ပြီးလုရင် အမှားမြင်တဲ့မောဟနဲ့ အမှန်မြင်တဲ့ဉာဏ်တို့၏ လွန်ပွဲကြီးပဲပေါ့၊ ဉာဏ်ကလဲ တစ်ခါထဲမနိုင်တဲ့အတွက် တွေ့ရတဲ့ ပြဿနာအပေါ်မှာ အမှားလားဟဲ့၊ အမှန်လားဟဲ့လို့ စိတ်နှစ်ခွဖြစ်လာပါတယ်၊ စိတ်ထွေလာပါတယ်၊ ဝေခွဲမရပဲဖြစ်လာပါတယ်။

ခုနပြောခဲ့တဲ့လက်ညှိုးဥပမာပဲကြည့်ပါ၊ မောဟက မိမိလက်ညှိုးကို အတည်မြဲတယ်၊ လှတယ်၊ ငါ့အလိုအတိုင်းသိုက်ပါတယ်လို့ သိစေနေတယ်။ ဉာဏ်ပညာကဝင်လာယင် ဒီလက်ညှိုးအတည်မြဲတယ်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား၊ မမြဲဘူး၊ အနိစ္စဆိုတာရော ဟုတ်ပါ့မလား စတဲ့အတွေးတွေ

ရှုပ်လာတတ်တယ်၊ မြဲတယ်လို့သိနေတဲ့ မောဟရောဂါကို ဉာဏ်ပညာတည်းဟူသော ဆေးသမား (ဝါ)ဆရာဝန်ကအကုခက်နေတယ်၊ဆေးမကုနိုင်ဘူးဆိုပါတော့၊ ဒီအခိုက်မှာ ပင်ပန်းမှုသဘာဝပေါ်ရတာပဲ၊ အဲဒီပင်ပန်းမှုသဘာဝဟာ မောဟမှာအတူယှဉ်ပါတယ်၊ အရပ်စကားနဲ့ပြောရရင် မောဟအခိုးထမှု ဝါ၊ မောဟရဲ့ဂုဏ်သတ္တိတစ်မျိုးပါပဲ၊ဒါကိုပါဠိလို 'ဝိစိကိစ္ဆာ'လို့မြတ်စွာဘုရားက နာမည်ပေးထားတယ်။

ယုံမှားတယ်၊ သံသယဖြစ်တယ်၊ တွေဝေတယ်ဆိုတာတွေကို သေသေချာချာစဉ်းစားကြည့်ရင် တစ်ခုထဲကို ယတိပြတ်မဆုံးဖြတ်နိုင်ပဲ၊ သို့လော၊ သို့လော၊ ဟိုလို၊ ဒီလို၊ စိတ်ကစားနေပုံကိုသိနိုင်ပါတယ်၊ ဒါကြောင့်မို့လို့ ဝိစိကိစ္ဆာကို အဓိမောက္ခဆိုတဲ့ စိတ်ပြတ်တဲ့သဘော၊ သမာဓိဆိုတဲ့စိတ်တည်တဲ့သဘောတွေရဲ့ ဆန့်ကျင်ဘက်သဘာဝတစ်ရပ်ပဲလို့ တစ်ဖက်ကလှည့်မြင်နိုင်ပါတယ်။

'ဝိစိကိစ္ဆာ'ကို'ဝိစိ'တစ်ပုဒ်'ကိစ္ဆာ'တစ်ပုဒ်ခွဲပြီး၊ဝိစိနန္တသာ=သဘာဝအမှန်ကို စူးစမ်းဆင်ခြင်သူအား၊ ကိစ္ဆာ=ပင်ပန်းစေတတ်သောတရားဟူ၍လဲဆိုတယ်၊ တစ်နည်းအားဖြင့် 'ဝိ' တစ်ပုဒ်၊ 'စိကိစ္ဆာ' တစ်ပုဒ် ခွဲပြီး စိကိစ္ဆာ=ဉာဏ်ပညာဖြင့်ကုစားခြင်းမှ။ဝိ=ကင်းသောတရားဟုလဲဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အချုပ်သိရမှာက 'ဝိစိကိစ္ဆာ'ဆိုတဲ့သဘာဝသည် မောဟယှဉ်တဲ့စိတ်မှာသာ ယှဉ်နိုင်တယ်၊ မောဟမယှဉ်တဲ့စိတ်မှာ မယှဉ်နိုင်ဘူး၊ တစ်နည်းပြောရရင် သံသယဖြစ်တယ်၊ ယုံမှားတယ်၊ တွေဝေတယ်ဆိုတဲ့ သဘောတရားဟာ 'ဝိစိကိစ္ဆာ'ဆိုတဲ့ သဘာဝပဲဖြစ်တယ်။

နောက်ပြီး သံသယဖြစ်ကာ၊ တွေဝေယုံမှားတာဟာ အကုသိုလ်မျိုးဇာတ်ဖြစ်တယ်ဆိုတာကို ကောင်းစွာမှတ်သားရန်ဖြစ်တယ်။

ဒါထက်ဆရာ၊ ဘာကိုသံသယဖြစ်ဖြစ်၊ အကုသိုလ်ဝိစိကိစ္ဆာလို့ပဲဆိုရမလားခင်ဗျား။

အဲအဲ ပြောဖို့နည်းနည်းကျန်သွားတယ်၊ နေရာတိုင်းတော့ မဟုတ်ဘူး၊ သတ်မှတ်ချက်ရှိပါတယ်။

အဲဒီသတ်မှတ်ချက်ကိုပြောပါဆရာ၊ အရေးကြီးပါတယ်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သိက္ခာပုဒ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ဒီအချက်ရှစ်ရပ်မှာ ယုံမှားသံသယဖြစ်မှ အကုသိုလ်ဝိစိကိစ္ဆာ

ဖြစ်ပါတယ်၊ဆိုလိုတာကဂေါတမဗုဒ္ဓမြတ်စွာဘုရားဟာဂုဏ်တော်ကိုးပါးနှင့် အမှန်တကယ်ပြည့်စုံတဲ့ဘုရားမြတ်ဟုတ်မှဟုတ်ပါရဲ့လား၊တရားတော်ရဲ့အခါ မလင့် အကာလိကအကျိုးပေးတယ်ဆိုတာ ဟုတ်ရဲ့လား၊ သံဃာတော် ဂုဏ်မှာပါတဲ့ နိဗ္ဗာန်အကျိုးငှာ ဖြောင့်မတ်တဲ့အကျင့်ကောင်းကိုကျင့်တယ် ဆိုတာ ဟုတ်နိုင်ရဲ့လား၊ အဲဒီလိုမျိုးတွေကို သံသယပွားမှ အကုသိုလ် ဝိစိကိစ္ဆာဖြစ်ပါတယ်။

ဒါဖြင့် ယုံမှားသံသယဖြစ်ပါလျက်နဲ့ အကုသိုလ်ဝိစိကိစ္ဆာမဖြစ်တာ တွေ့ရောဆရာ။

ဒါကတော့ ခုနပြောခဲ့တဲ့အချက်ရှစ်ရပ်က ကျန်သမျှတွေပေါ်မှာ မဆုံးဖြတ်နိုင်တာ၊ တွေဝေတာဟာ အကုသိုလ်ဝိစိကိစ္ဆာအစစ်မဟုတ်ပါဘူး၊ ဝိစိကိစ္ဆာအတုမျှသာဖြစ်ပါတယ်၊ ဝိစိကိစ္ဆာမယှဉ်တဲ့စိတ် တစ်မျိုးမျိုး မျှသာဖြစ်ပါတယ်၊ ပုံစံအားဖြင့် စာပေအခက်ပွါယ် တွေးတောကြံစည်ရာခွဲ ဒါလား ဟိုဟာလားစသည်ဖြင့် မဆုံးဖြတ်နိုင်မှုမျိုးဟာ အကုသိုလ်ဝိစိကိစ္ဆာ မဟုတ်ပါ။

ဒါထက် 'ဆရာမနိုင် နှစ်ဆောင်ပြိုင်'လို့ ခေါင်းစဉ်တပ်ထားတာက ဘယ်လိုလဲဆရာ--

ဒါက ဒီလိုပါ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို လုံးဝပယ်သတ်နိုင်ရင်၊ သော တာပန်ဖြစ်တယ်လေ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို သတ်ရမှာက ဉာဏ်ပဲ၊ ဒါပေမယ့် သူတို့ကိုနိုင်တဲ့ဉာဏ်က သောတာပတ္တိမဂ်ဉာဏ်သာဖြစ်တယ်၊ ယခုလူတွေရဲ့ ပုထုဇဉ်ဉာဏ်ပညာမျိုးတွေနဲ့ သူတို့ကိုသတ်လို့မနိုင်ဘူး၊ ဒါကြောင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုရည်စူးပြီး ဆရာမနိုင်နှစ်ဆောင်ပြိုင်လို့ ပြောလိုက်တာ။

ဒါဖြင့် ဒီအကြောင်း အကျယ်သိရရင်ကောင်းမယ်ဆရာ။

အဲဒီအကြောင်းတွေပြောရင် သိပ်မြင့်သွားမယ်၊ ဒီမှာက နှင်းဆီ ပန်းကလေးတစ်ပွင့်ကို မျက်စိနဲ့မြင်တဲ့အခါ လူမှာဖြစ်တတ်တဲ့ အဘိဓမ္မာ သဘာဝတွေကို သိရုံလောက်ရည်ရွယ်ထားတာပဲ၊ ဒါကြောင့် အကုသိုလ် စေတသိက်ထဲက နောက်ဆုံးသဘာဝဖြစ်တဲ့ ဝိစိကိစ္ဆာစေတသိက်အကြောင်း ဒီလောက်နဲ့ပဲ အရှိန်သတ်ထားလိုက်ရအောင်ပါ။

နှစ်ဖက်လှ

(၁၉၇၂--ခု၊ ဇူလိုင်လ၊ သိပ္ပံမဂ္ဂဇင်း)

# လူကိုကောင်းကျိုးပေးသော စေတသိက်များ

မကောင်းကျိုးပေးသော သဘာဝကို အကုသိုလ်၊ ကောင်းကျိုးပေးသောသဘာဝကို ကုသိုလ် ဟူ၍ခွဲခြားနားလည်ခဲ့ကြပြီဖြစ်၏။ စိတ်သည် ပင်ကိုယ်သဘောရင်းအားဖြင့် အကုသိုလ်လည်း မဟုတ်၊ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ် ကုသိုလ်မှ အလွတ်သဘောဖြစ်၏၊ သို့သော် စိတ်၌ မှီတွယ်ပြီး စိတ်ကိုချယ်လှယ်သော စေတသိက်သဘာဝများသို့ လိုက်ပြီး အကုသိုလ်စိတ်၊ ကုသိုလ်စိတ်ဟူ၍ ခေါ်ရခြင်းဖြစ်ပေသည်။

စိတ်ကိုအကုသိုလ်ဖြစ်အောင် ဝင်ရောက်ချယ်လှယ်သော အကုသိုလ်စေတသိက်(၁၄)မျိုးတို့ကို ယခင်ဆောင်းပါးများဖြင့် ဖော်ပြခဲ့ပြီးဖြစ်၏၊ လူမှာဖြစ်ပေါ်သော သဘာဝဆိုသည်ကား အခြေခံအားဖြင့် ဤ (၁၄) မျိုးထက် အပိုအလိုမရှိရပေ၊ ဤအချက်ကို မြတ်စွာဘုရားက အတည်ပြုဟောကြားခဲ့ပေသည်။

တဖန် စိတ်ကိုကုသိုလ်ဖြစ်စေအောင်ချယ်လှယ်သော စေတသိက်များကို ဆက်လက်မှတ်သားရန်လိုပေ၏၊ ကောင်းကျိုးကိုဖြစ်ထွန်းစေသည့် ကုသိုလ်စေတသိက်များမှာ စုစုပေါင်း(၂၅)မျိုးရှိ၏၊(၂၅)မျိုးထက် အပိုအလိုမရှိချေ။

ယင်းကုသိုလ်စေတသိက် (၂၅) မျိုးကို ထပ်၍အနုစိတ်ကြည့်သောအခါ (၁၉)ပါးတစ်မျိုး၊ (၆)ပါးတစ်မျိုး တွေ့ရ၏၊ 'စေတသိက်(၁၉)မျိုးသည် ကုသိုလ်စိတ်ဖြစ်တိုင်းအမြဲတမ်းပါ၏။ တစ်နည်းဆိုရသော် ထိုစေတသိက်(၁၉)မျိုးသည် စိတ်ကိုကုသိုလ်စိတ်ဖြစ်အောင် ချယ်လှယ်၏၊ ထို့ကြောင့် 'ကုသိုလ်' ဟု အောက်ထစ်ဆုံး သတ်မှတ်နိုင်သော သဘာဝပေါင်းမှာ (စိတ်၁+ ကုသိုလ်ပင်ရင်းစေတသိက် ၁၉) အားဖြင့် သဘာဝပေါင်း(၂၀)မျှရှိလေသည်။

ပြန်လည်စဉ်းစားကြည့်ပါ၊ ရုပ်ဆိုလျှင် အနည်းဆုံးအခြေခံသဘာဝ (၈)မျိုးရှိလေသည်။ အဝိနိဗ္ဘောဂရုပ်တို့ပေတည်း၊ စိတ်ဆိုလျှင် အခြေခံသဘာဝ(၈)မျိုးပင်ရှိ၏၊ စိတ်ရင်းနှင့် သဗ္ဗစိတ္တသာဓါရဏ စေတသိက်တို့ပေတည်း။ အကုသိုလ်စိတ်ဆိုလျှင် အခြေခံသဘာဝ(၅)မျိုးရှိ၏၊ စိတ်နှင့်

'မော၊ ဟိ၊ အ၊ဥ'တို့ပေတည်း။ ထိုနည်းတူ ကုသိုလ်စိတ်ဆိုလျှင် အခြေခံသဘာ၀ (၂၀)ရှိ၏။ စိတ် နှင့် ကုသိုလ်ပင်ရင်းစေတသိက်(၁၀) မျိုးတို့ပေတည်း။

ယခုဆောင်းပါးတွင် ကုသိုလ်ဖြစ်ရန်အခြေခံဖြစ်သော စေတသိက် (၁၉)မျိုးတို့ကို ဆက်လက်ဖော်ပြရန်ဖြစ်ပါသည်။

လူတို့အား ကောင်းကျိုးပေးသော စေတသိက်တို့ကား အောက်ပါတို့ပင်ဖြစ်ပါသည်။

(၁) သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ (ဩတတ်ပ)
အလောဘ၊အဒေါသ၊ တတြမဇ္ဈတ္တတာ (တတ်တရမဇ်ဈတ်တတာ)

(၂) ပဿဒ္ဓိ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊
ပါဂုညတာ၊ ဥဇုကတာ–တစ်စုံစီ။

ယခုဆက်လက်၍ ဤကုသိုလ်စေတသိက်(၁၉)မျိုးတို့၏ လက္ခဏာအကျဉ်းကို ဖော်ပြပါမည်။

သဒ္ဓါ = သက်ဝင်ယုံကြည်ခြင်းသဘော
သတိ = အမှတ်ရခြင်းသဘော
ဟိရိ = ရှက်ခြင်းသဘော
ဩတ္တပ္ပ = စိုးရွံထိတ်လန့်ခြင်းသဘော
အလောဘ = မကပ်ငြိခြင်းသဘော
အဒေါသ = မပြစ်မှားခြင်းသဘော

တတြမဇ္ဈတ္တတာ= အလယ်အလတ်တည့်မတ်ခြင်းသဘော

ဤ (၇) မျိုးကား တစ်သဘောစီဖြစ်၏။

ယခု ဆက်လက်ဖော်ပြမည့်စေတသိက်များမှာ စုံတွဲသဘာ၀များဖြစ်၏၊ စုံဖြစ်ရခြင်းမှာလည်း တစ်ခုကစိတ်၏အရည်အချင်း၊ တစ်ခုက စေတသိက်အရည်အချင်းတို့ကြောင့် စုံဖြစ်ရပေသည်၊

ပဿဒ္ဓိ = ငြိမ်းခြင်း (ကာယပဿဒ္ဓိ=စေတသိက်တို့၏ ငြိမ်းခြင်း၊ စိတ္တပဿဒ္ဓိ=စိတ်၏ ငြိမ်းခြင်း)

| | | |
|---|---|---|
| လဟုတာ | = | ပေါ့ပါးခြင်း (ကာယလဟုတာ = စေတသိက်တို့၏ ပေါ့ပါးခြင်း။ စိတ္တလဟုတာ= စိတ်ပေါ့ပါးခြင်း) |
| မုဒုတာ | = | နူးညံ့ခြင်း (ကာယမုဒုတာ =စေတသိက်တို့၏ နူးညံ့ခြင်း၊စိတ္တမုဒုတာ = စိတ်၏နူးညံ့ခြင်း) |
| ကမ္မညတာ | = | အမှု၌ခံ့ခြင်း (ကာယကမ္မညတာ = စေတသိက်တို့၏အမှု၌ခံ့ခြင်း၊ စိတ္တကမ္မညတာ =စိတ်၏အမှု၌ခံ့ခြင်း) |
| ပါဂုညတာ | = | ပွန်းတီးခြင်း (ကာယပါဂုညတာ = စေတသိက်တို့၏ ပွန်းတီးခြင်း၊ စိတ္တပါဂုညတာ =စိတ်၏ ပွန်းတီးခြင်း) |
| ဥဇုကတာ | = | ဖြောင့်မတ်ခြင်း(ကာယဥဇုကတာ = စေတသိက်တို့၏ ဖြောင့်မတ်ခြင်း၊ စိတ္တဥဇုကတာ =စိတ်၏ဖြောင့်မတ်ခြင်း) |

ပဿဒ္ဓိစသော (၆)စုံ၊ ၁၂ မျိုး၊ သဒ္ဓါစသော (၇)မျိုး၊ နှစ်ရပ်ပေါင်း (၁၉)မျိုးဖြစ်၏။

အထက်ပါစေတသိက်(၁၉)မျိုးသည် စိတ်၌မှီတွယ်ပြီး စိတ်ကိုချယ်လှယ်သည့်အတွက် စေတသိက်အမည်ရ၏၊ တစ်နည်းဆိုရသော် အထက်ပါ (၁၉)မျိုးသည် ကုသိုလ်ဟူသော သဘာဝ၏ လက္ခဏာရပ်များပင်ဖြစ်၏။

အနည်းငယ်ဖွင့်ဆိုရလျှင် ကုသိုလ်စိတ်ဟူ၍ သတ်မှတ်ရသော သဘာဝ၏ သက်ဝင်ခြင်းသဘောပါသည်၊မတွေမဝေအမှတ်ရခြင်းသဘောပါသည်၊ မကောင်းသောအလုပ်ကိုရှက်ခြင်း၊ လန့်ခြင်းသဘောပါသည်၊ အာရုံကိုမတွယ်တာခြင်း၊ မပြစ်မှားခြင်းသဘောပါသည်၊ တည့်မတ်ခြင်းသဘောပါသည်၊ ငြိမ်းခြင်း၊ ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ အမှု၌ခံ့ခြင်း၊ ဖြောင့်မတ်ခြင်းသဘောပါသည်၊ ဤကဲ့သို့သဘောမျိုး အရည်အချင်းမျိုး ပါသောစိတ်ကို ကုသိုလ်စိတ်ဟူ၍ မြတ်စွာဘုရားက သတ်မှတ်ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

ကျန်ရှိသော ကုသိုလ်စေတသိက်(၆)မျိုးတို့ကား အောက်ပါတို့ပင် ဖြစ်ကြ၏။

(၁) ကရုဏာ၊ မုဒိတာ (အပ္ပမညာ စေတသိက်တစ်စုံ)

(၂) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ(ဝိရတီစေတသိက်)

(၃) ပညိန္ဒြေ (ပညာစေတသိက်)

အဓိပ္ပာယ်အကျဉ်းမှာ....

ကရုဏာ = သနားခြင်းသဘော

မုဒိတာ = နှစ်လိုခြင်းသဘော

ယင်းစေတသိက်တစ်စုံသည် သတ္တဝါပညတ်ကိုသာ အာရုံပြုသည်၊ သင်္ခါရတရား (ပရမတ္ထ)များအား အာရုံမပြုပေ။

သမ္မာဝါစာ = အပြစ်ရှိသောအပြောအဆိုကိုရှောင်ကြဉ်မှုသဘော၊

သမ္မာကမ္မန္တ = အပြစ်ရှိသော အပြုအမူကို ရှောင်ကြဉ်မှုသဘော၊

သမ္မာအာဇီဝ = အပြစ်ရှိသော အသက်မွေးမှုကို ရှောင်ကြဉ်မှု သဘော။

ဤ သဘာဝသုံးရပ်သည် ဒုစရိုက် ရှောင် ကြဉ် ရာ၌ ပါဝင်သော သဘာဝသုံးရပ်ဖြစ်၏။ ဝါစာနှင့် ကမ္မန္တ နှစ်မျိုးသည် အသက်မွေးဝမ်းကျောင်းကိစ္စနှင့် လုံးဝမပတ်သက်၊ အပျော်တမ်းဒုစရိုက်မျိုးမှ ရှောင်ကြဉ်သည့်သဘော ဖြစ်၏။ အာဇီဝမှာမူ အသက်မွေးဝမ်းကျောင်းမှုအတွက် အကျိုးရှိပါလျက် မလုပ်ပဲရှောင်ကြဉ်ခြင်း ဖြစ်၏။ ဤသို့ အချုပ်မှတ်ပါ၊ အကျယ်ကို နောင်အလျဉ်းသင့်ရာ၌ ဆက်လက်ဖော်ပြပါမည်။

ပညိန္ဒြေ=အရှိန်အဝါရှိရှိဖြင့် အမှတ်သိသည့်သဘော

သိကာမတ္တ မြင်ကာမတ္တမဟုတ်၊ အမှန်တရားဆိုက်အောင် သိမြင်သော သဘောကို'ပညာ'ဟု ဆိုလိုပါသည်။

ယခုဆိုလျှင် ကုသိုလ်စေတသိက် ၂၅ မျိုး စုံလင်သွားပေပြီ၊ ပြန်ရေတွက်ကြည့်ပါ၊ သဒ္ဓါစသော ပါမြဲစေတသိက် ၁၉၊ ကရုဏာစသော ရံခါစေတသိက် ၆၊ နှစ်ရပ်ပေါင်း ၂၅ မျိုး ဖြစ်၏။

ယခင်လဆောင်းပါးများ၌ ဖော်ပြခဲ့သော စိတ်တိုင်းယှဉ်စေတသိက် (၇)မျိုး၊ အကုသိုလ်စေတသိက် (၁၄) မျိုး၊ ယခု ကုသိုလ်စေတသိက် (၂၅)မျိုး၊ နှစ်ရပ်ပေါင်း စေတသိက်(၄၆)မျိုး သိရပေပြီ၊ ဤမျှဖြင့် ပန်းပွင့်ကိုမြင်ရာ၌ဖြစ်ပေါ်သော စေတသိက် မစုံလင်သေး၊ ရောပြွမ်း စေတသိက်(၆)မျိုး ကျန်ရှိပေသေးသည်။

ပုံဆောင်ရသော်လူပေါင်းဆံ့သူနှင့်တူသည်၊ လူပေါင်းဆံ့သူသည် လူမိုက်နှင့်လည်းသင့်အောင်ပေါင်းသင်းသည်၊ လူလိမ္မာနှင့်လည်းသင့်အောင် ပေါင်းသည်၊ လူမိုက်နှင့်ပေါင်းသင်းခိုက်တွင် လူမိုက်နှင့် ရောမိုက်သည်၊ လူလိမ္မာနှင့် ပေါင်းသင်းခိုက်တွင် လူလိမ္မာနှင့်ရောလိမ္မာသည်၊ အရက် သမားနှင့်တွေ့လျှင် ပုလင်းထောင်သည်၊ ပုတီးသမားနှင့်တွေ့လျှင် ပုတီး ကိုင်သည်ဟူလို—

နာမ်တရားများတွင်လည်းအကုသိုလ်သဘာဝနှင့်သာမက အကုသိုလ် သဘာဝနှင့်ပါ 'ရော'နိုင်သည့် နှစ်ဖက်ရသဘာဝမျိုးရှိသည်၊ ရှေးခေတ် စကားနှင့်ဆိုရသော် ပြိုးပြွမ်းရောယှဉ်သည်ဟူလို၊ ပါဠိဝေါဟာရမူကား 'ပကိဏ္ဏက' (ပကိဏ်း) ဖြစ်လေသည်။

ပြိုးပြွမ်းစေတသိက်(၆)မျိုးတို့မှာ အောက်ပါတို့ပင်ဖြစ်ကြ၏။

| | | |
|---|---|---|
| ဝိတက္က(ဝိတက်) | = | အာရုံကိုကြံစည်မှုသဘော |
| ဝိစာရ | = | အာရုံကိုသုံးသပ်သည့်သဘော |
| အဓိမောက္ခ | = | ဆုံးဖြတ်သည့်သဘော |
| ဝီရိယ | = | အားထုတ်မှုသဘော |
| ပီတိ | = | နှစ်သက်မှုသဘော |
| ဆန္ဒ | = | လိုချင်ကာမျှသဘော |

ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ ဟူသောဝေါဟာရများသည်လည်း မြန်မာဝေါဟာရများပင် ဖြစ်နေပေပြီ၊ မြန်မာစကားနှင့်စိမ်းသော ဝေါ ဟာရမှာ အဓိမောက္ခ တစ်လုံးသာဖြစ်သည်၊ ထို့ကြောင့် ဤစေတသိက် (၆)လုံးကိုမှတ်မိရန် မခဲယဉ်းပေ။

ဤဆောင်းပါးတွင် စေတသိက်(၂၅)လုံးကို ပြန်လည်ရုံးစုဖော်ပြလိုက်ပါသည်။ ယင်းစေတသိက်များအနက် စာလုံးမဲဖြင့် ပြထားသော စေတသိက်များမှာ မြန်မာစကားဖြစ်နေ၍ မြန်မာ့နားနီးပြီးသား စေတသိက်များဖြစ်ကြောင်း သိနိုင်ပါသည်။

၁။ အမြဲယှဉ်စေတသိက်(၇)မျိုး — **ဖဿ**၊ **ဝေဒနာ**၊ **သညာ**၊ **စေတနာ**၊ **ကေဂ္ဂတာ**၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ၊

စကားပုံစံ
- ဒီကောင်ဘာဝကို ဖဿော **ဖဿ** ဖြစ်နေသလဲ။
- **ကေဂ္ဂတာ** စောသဘော တော်ကျတယ် မောင်မင်းများ၊ (ကျန်သော စကားလုံးတို့မှာ သိသာပါသည်)။

၂။ အကုသိုလ်စေတသိက်(၁၄)မျိုး — **မောဟ**၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ **လောဘ**၊ ဒိဋ္ဌိ၊ **မာန**၊ **ဒေါသ**၊ **ဣဿာ**၊ **မစ္ဆရိယ**၊ **ကုက္ကုစ္စ**၊ **ထိန**၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ၊

စကားပုံစံ
- ဟိုလူ့မနာလို၊ ဒီလူ့မနာလိုနဲ့၊ တော်တော့ကို **ဣဿာ မစ္ဆရိယ** များတဲ့လူပဲ။
- ပြီးတာ ပြီးပါစေဗျား၊ **ကုက္ကုစ္စ** ဖြစ်မနေပါနဲ့။

– ဒီလူဟာ တော်တော် **ထိနမိဒ္ဓ** များတယ်။ အမြဲတမ်း အိပ်ငိုက်နေတာပဲ။

– ဟိုဟာ မယုံ၊ ဒီဟာ မယုံနဲ့၊ မင်းဟာ ကတယ်လဲ **ဝိစိကိစ္ဆာ**များတာကိုး။

၃။ အရင်းခံကုသိုလ်စေတသိက်(၁၉)မျိုး **သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊** အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ပဿဒ္ဓိ စသည် ၆-စုံ(၁၂)မျိုး။

စကားပုံစံ – မိကောင်းဖခင် သားသမီးမှန် လျှင် **ဟိရီ ဩတ္တပ္ပ** ရှိမြဲဖြစ်သည်။

၄။ အထူးကုသိုလ်စေတသိက်(၆)မျိုး **ကရုဏာ၊ မုဒိတာ၊** သမ္မာဝါစာ၊ သမ္မာသမ္မန္တ၊ သမ္မာအာဇီဝ၊ ပညိန္ဒြေ (အမောဟ=ပညာ)

စကားပုံစံ – သနားကရုဏာ(ဆင်းရဲဒုက္ခကဲ့သို့) တွဲသုံးစကား။

– ကရုဏာ ရှေ့ထား၍

၅။ ပြိုးပြွမ်းစေတသိက်(၆)မျိုး **ဝိတက္က၊ ဝိစာရ၊** အဓိမောက္ခ၊ **ဝီရိယ၊ ပီတိ၊ ဆန္ဒ၊**

စကားပုံစံများ — မင်းဟာ **ဝိတက်ဝိစာရ**
တယ် များ တာ ကိုး၊
စိတ် ငြိမ် ငြိမ် ထားမှ
ပေါ့။

စေတသိက် ၅၂–မျိုးထဲ၌ မြန်မာစကားဖြစ်နေသော စေတသိက်က (၂၆)မျိုး၊ ပါဠိဟန်ဖြင့်ရှိနေသော စေတသိက်(၂၆)မျိုး ပါရှိပေသည်။ ယင်းသို့ပါရှိခြင်းကြောင့် စေတသိက် ၅၂-မျိုးလုံးသည်မိမိတို့ မြန်မာများနှင့် တစိမ်းတရံဆံမဟုတ်၊ သိတန်သမျှသိပြီးသော ဝေါဟာရများသာဖြစ်၍ လေ့လာရာ၌ သက်သာလွယ်ကူနိုင်ပါသည်။

ရှေ့လတွင် မျက်စိဖြင့်ပန်းကလေးတစ်ပွင့်ကိုမြင်ရာ၌ မြင်သူ၏စိတ်မှာ မည်ကဲ့သို့သော စိတ်တသိက်များ ဖြစ်ပေါ်ဥပါဒ်ကြပုံကို အကောင်း့ အဆိုး ကျိုးရှိကျိုးမဲ့ ခွဲခြားဖော်ပြနိုင်တော့မည်ဖြစ်ပါသည်။

**နှစ်ဖက်လှ**

(၁၉၀၂–ခု၊ ဩဂုတ်လ၊ သိပ္ပံမဂ္ဂဇင်း)

အယင်လ ဆောင်းပါးများ၌ အမြင်ခံပန်းရုပ်ကလေးရဲ့အကြောင်းကိုလဲ ဖော်ပြခဲ့ပြီ၊ မြင်တဲ့စိတ်ဖက်က အဲဒီစိတ်ကလေးတည်မှီဖြစ်ရတဲ့ မှီရာဝတ္ထုရုပ်အကြောင်းကိုလဲ ပြောခဲ့ပြီ၊ မြင်တဲ့အခါဖြစ်လာတဲ့ စိတ်အုပ်စုတွေအကြောင်းကိုလဲ ဆွေးနွေးပေးခဲ့ပြီ၊ ဆောင်းပါးအမှတ် (၁၄)က စပြီး စိတ်ရဲ့အရည်အသွေးဖြစ်တဲ့ စေတသိက်တွေရဲ့အကြောင်းကိုစခဲ့တာ ပြီးခဲ့တဲ့လ ဆောင်းပါးအမှတ်(၂၃)၌ စေတသိက် ၅၂-မျိုး စုံခဲ့ပေပြီ။

မျက်စိဖြင့် ပန်းပွင့်ကိုမြင်တဲ့အခါမှာ ဘဝင် စိတ် သုံး မျိုး ဖြစ်ပြီးနောက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်၊ ဇောစိတ်၊ တဒါရုံစိတ်ဟူ၍ စိတ်အစဉ်အတန်းဖြစ်ပေါ်ချုပ်ပျက်ခဲ့ပုံကို သိရှိခဲ့ကြရပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက စိတ်တွေကိုသာ ပြောခဲ့ပါတယ်။ စေတသိက်အကြောင်း မပြောရသေးပါဘူး၊ စိတ်ဆိုရင် စေတသိက်ကပါမြဲ ဖြစ်ပါတယ်။ ဘယ်စိတ်မှာ ဘာစေတသိက်တွေ ဘယ်လောက်ပါတယ်ဆိုတဲ့အထိ လေ့လာမှပြည့်စုံပါမယ်၊ ဒါ့ကြောင့် အခု စိတ်နှင့်အတူယှဉ်တွဲပြီးဖြစ်တဲ့ စေတသိက်တွေရဲ့အကြောင်းကို ဆက်ပြီးဖတ်ရှုရန်ဖြစ်ပါတယ်။

ဒါထက် စကားမစပ် ကြားဖြတ်မေးပါရစေဆရာ၊ စေတသိက်တွေကို အရကျက်ထားရမလား။

ပညာရပ်တစ်ရပ်ကို လေ့လာတဲ့အခါမှာ အဲ ဒီပ ညာ ရပ်ဆိုင်ရာဝေါဟာရများကို ရမိသိရှိနေဖို့ လိုပါတယ်။ အချို့ဝေါဟာရကိုတော့ မြန်မာ့ဝေါဟာရနဲ့ဖလှယ်ပြီး မှတ်လို့ရပါတယ်။ အချို့ဝေါဟာရကိုတော့ သူ့မူရင်းအတိုင်းမှတ်ပါမှ ပိုပြီးကောင်းပါတယ်။

ဗုဒ္ဓအဘိဓမ္မာကိုလေ့လာရင် အနည်းဆုံး စိတ်အမည်၊ စေတသိက်အမည်၊ ရုပ်အမည်တို့ကိုတော့ အလွတ်သိနေမှဖြစ်ပါတယ်။ စေတသိက်က ၅၂၊ ရုပ်က ၂၈ ထဲပါ၊ စိတ်အမည်မျိုးကွဲတွေကို စေတသိက်တွေအခြေခံပြီး ခေါ်မှာဖြစ်လို့ စေတသိက် ၅၂ ၏ အမည်ရထားလျှင် တော်တော်တာသွားပါတယ်။ နောက် ဝီထိမှာပါတဲ့ အမည်သစ်မျိုးကိုတော့ နဲနဲတိုးမှတ်လိုက်ရုံနဲ့ ပြီးပါတယ်။

ကောင်းပါပြီဆရာ၊ ဝီထိထဲမှာ ဘာစိတ်ကအရေးအကြီးဆုံးပါလဲ။
ဝီထိစိတ်အစဉ်ထဲမှာ ဇောစိတ်ဟာ အရေးအကြီးဆုံးပါပဲ။
ဒါဖြင့် ဇောရဲ့သဘောကို ဆက်လက်ရှင်းပြပါခင်ဗျား....။

'ဇော'ဆိုတဲ့ ဝေါဟာရဟာ 'ဇဝန'ဆိုတဲ့ပါဠိက ဆင်းသက်လာနိုင်ပါတယ်။ ဇဝန၌ အဆုံး'န' ကို ဖြုတ်လိုက်ရင် 'ဇဝ' ကျန်ပါတယ်။ တစ်နည်းအားဖြင့် 'ဇဝ' ဆိုတဲ့ ပုဒ်ကနေပြီး 'ဇော' လို့ ဖြစ်လာတယ်လို့လဲ ဆိုနိုင်ပါတယ်။ 'ဇဝ'၌ 'ဝ'ကို 'ေ-ါ'(ဩ)သို့ပြောင်းပြီး 'ဇ'သို့ ကပ်လိုက်တော့ 'ဇော' ဖြစ်ပါတယ်။

ဆရာ 'ဝ' ကို 'ေ-ာ' (ဩ) လုပ်လို့ရပါ့မလား....။

ဒါကပါဠိသဒ္ဒါစည်းကမ်းအရ ပြုလုပ်ခြင်းဖြစ်ပါတယ်၊ ပါဠိသဒ္ဒါ 'ဝ' နှင့် 'ဩ' ဟာ ပြောင်းလဲနိုင်ပါတယ်။

ခင်ဗျား-ဘုန်းကြီးတွေပရိတ်ရွတ်သာ ကြားဖူးမှာပေါ့။ 'သောတ္ထိတေဟောတုသဗ္ဗဒါ' ဆိုတာလေ။ 'သောတ္ထိ' ကို 'သွတ်ထိ' လို့အသံထွက်တယ်မဟုတ်လား၊ ဒီမှာ 'သော' နှင့် 'သွ' ပြောင်းနေပြီလေ။ အသံထွက်သာပြောင်းနိုင်တာမဟုတ်ဘူး၊ တကယ့်စကားလုံးလဲပြောင်းနိုင်တယ်။ ပုံစံ–'ကောအတ္ထော' ကို 'ကွတ္ထော' လို့ပြောင်းပါတယ်။

ဆရာ—အဘိဓမ္မာဆောင်းပါးမှာ သဒ္ဒါတွေ လာမေးနေရလားလို့ မထင်ပါနဲ့ဆရာ၊ သိပ္ပံမဂ္ဂဇင်းမှာဖြစ်တော့ ဘာမဆို တိတိကျကျကလေး သိချင်လို့ပါ ခွင့်လွှတ်ပါ—။

ဒါပေါ့ဗျာ— အဘိဓမ္မာဘာသာကိုက သိပ္ပံနည်းအကျဆုံးဘာသာဖြစ်လို့ဒီသိပ္ပံမဂ္ဂဇင်းမှာတင်ပြနေတာပဲ သိပ္ပံနည်းကျမေးတာ ကြိုက်ပါတယ်။

ဟုတ်ကဲ့ဆရာ၊ 'ဇော' အဓိပ္ပါယ်ဆက်ပါဦး-။

ဇော (ဇဝန)၏ ရင်းမြစ်အဓိပ္ပါယ်က 'လျှင်မြန်ခြင်း' ဖြစ်ပါတယ်။ ပုံစံ-ဦးဇဝန ဆိုတော့ 'ဦးလျှင်မြန်' ပေါ့၊ 'ဇဝ' ကတော့အရှိန်အဟုန်အဓိပ္ပါယ်ရှိပါတယ်။

ဒီနေရာမှာ လေးလေးနက်နက်စဉ်းစားစရာရှိပါတယ်၊ 'လျှင်တယ်' 'မြန်တယ်' ဆိုတဲ့သဘောကို စဉ်းစားပါ။ လျှင်ရင်၊မြန်ရင် အရှိန်၊ အဟုန်'

သဘောပါတယ်မဟုတ်လား၊ ဥပမာ– စက်ပျက်နေတဲ့မော်တော်ကားတစ်စီးကို မြေပြင်ညီညာမှာ တွန်းလာလျှင် မလျင်ဘူး၊ မမြန်ဘူး၊ မလျင်တော့ အရှိန်အဟုန်မဟုတ်ဘူး၊ ဒီကားစက်ကောင်းလို့ တစ်နာရီ ၄၀မိုင်နှုန်းမောင်းလာရင် လျင်တယ် မြန်တယ် မဟုတ်လား၊ လျင်တာမြန်တာနဲ့ အရှိန်အဟုန်ကလဲပါလာတာပဲ။မိုင် ၇၀နှုန်းမောင်းလာရင်ပိုမြန်၊ပိုအရှိန်ကြီးတာပေါ့၊ အဲဒီသဘောပဲ၊ ဇောဆိုတဲ့သဘောမှာ လျင်တယ်၊ မြန်တယ်၊ လျင်လို့ မြန်လို့အရှိန်အဟုန်ရှိတယ်၊ ဒါဟာစ်ချက်။

အရှိန်အဟုန်ရှိတော့ အစွမ်းထက်မြက်တယ်၊ တစ်ခြားဟာကိုထိခတ်တယ်၊ လွှမ်းမိုးတယ်၊ ပြဋ္ဌာန်းတယ်။

ဥပမာ– ခဲတစ်လုံးကိုင်ပြီး မှန်တစ်ချပ်ကိုအသာဖလေးသွားထိရင် မှန်မကွဲဘူး၊ ဘာမှမဖြစ်ဘူး၊ ဘာကြောင့်လဲ့ ခဲသည် မလျင်ဘူး၊ မမြန်ဘူး၊ အရှိန်အဟုန်မရှိဘူး၊ တကယ်လို့ ခပ်လှမ်းလှမ်းကနေပြီး တအားပစ်ပေါက်လိုက်ရင် မှန်ဟာ ခွမ်းကနဲကွဲသွားပါတယ်၊ ခုန ခဲနဲ့ထိတာပဲ မှုတ်လား၊ အခုတော့ မှန်ကွဲသွားတယ်၊ ဘာကြောင့်လဲ၊ ခဲမှာ အရှိန်အဟုန်ရှိသွားလို့၊ ဒါကိုစဉ်းစားကြည့်ရင် မှန်ကွဲတာဟာ ခဲကြောင့်ကွဲတာလား၊ အရှိန်အဟုန်ကြောင့် ကွဲတာလား၊ စဉ်းစားပါ၊ ခဲကြောင့်ကွဲတာဆိုရင် ခုနအသာကလေးတုန်းက ကွဲရမှာပေါ့၊ ဒါကြောင့်အရှိန်အဟုန်ရှိရင် စွမ်းရည်ရှိလာတယ်လို့ သိရပါတယ်။

အရှိန်အဟုန်ရှိတဲ့နေရာမှာလဲ အဆင့်ဆင့်ကွဲပြားသွားတယ်၊ အရှိန်အဟုန် နဲနဲရှိတာနဲ့ ပြင်းပြင်းထန်ထန် အရှိန်အဟုန်ကြီးတာနဲ့ ကွာသေးတယ်၊ ဒါကြောင့် အရှိန်အဟုန်နည်းရင် ၂-ခါ၊ ၃-ခါ၊ ၄-၅-ခါ ဆိုသလို ထပ်ပြီးဖြစ်ရမယ်၊ သိပ်အရှိန်ကြီးလွန်းရင် တခါနဲ့ကိစ္စပြီးတယ်၊ ဥပမာ.... ရိုးရိုးပုံဆယ်လုံး ကြဲချမယ်ဆိုရင် အနုမြူဗုံးကြဲက တစ်လုံးထဲနဲ့ ကိစ္စပြီးတဲ့သဘောပေါ့။

ဒါကြောင့် 'ဇော' ဟာ လောကီကာမစိတ်တွေရဲ့ နယ်မှာဆိုရင် အကြိမ်ကြိမ် ထပ်ဖြစ်တတ်တယ်၊ မဂ်ကိစ္စ၊ အဘိညာဉ်ကိစ္စမျိုးမှာဆိုရင် တစ်ကြိမ်ထဲနဲ့ကိစ္စပြုတ်တာပဲ၊ ကာမဇော ၄–၅–၆ ကြိမ်ဖြစ်ပေမဲ့ မဂ်ဇော၊ အဘိညာဉ်ဇောတို့က တစ်ကြိမ်ထဲဖြစ်တယ်၊ ဒါဟာ ဖော်ပြခဲ့တဲ့ အရှိန်အဟုန်ရဲ့သဘောအရပါပဲ။

ဒီနေရာမှာ ပဋ္ဌာန်း ၂၄–ပစ္စည်းထဲက 'အာသေဝန' ဆိုတဲ့ စကား တစ်လုံးကို ထည့်သွင်းမှတ်သားဖို့ လိုပါတယ်။ 'အာသေဝန'ရဲ့ အဓိပ္ပါယ်က အဖန်ဖန်မှီဝဲတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဖန်ဖန်မှီဝဲတယ်ဆိုတာကို စကားတစ်လုံးထဲနဲ့ပြောရင် ထုံတယ်လို့ဆိုပါတယ်။ အ ထပ် ထပ် ဖြစ် ရင် အထပ်ထပ်လုပ်ရင် အထုံဖြစ်လာပါတယ်။

အထပ်ထပ်ဖြစ်တယ်ဆိုတာကို သေသေချာချာ စဉ်းစားရင် အမျိုး အစား တစ်ခုထဲကိုဆိုလိုကြောင်း သိနိုင်ပါတယ်။ တစ်ခုထဲ တစ်မျိုးထဲက အထပ်ထပ်ဖြစ်မှ ထုံခြင်းဖြစ်ပါတယ်။ ဟိုဟာတစ်မျိုးဖြစ်လိုက်၊ ဒီဟာ တစ်မျိုးဖြစ်လိုက်ဆိုရင် အထုံမရပါဘူး၊ မစွဲပါဘူး။

ဥပမာ....သနပ်ခါးလိမ်းတဲ့ကိစ္စ ကြည့်ပါ၊ သနပ်ခါး အမြဲလိမ်းတဲ့ အမျိုးသမီးဟာ သူ့ဟို့အသားမှာ သနပ်ခါးနံ့ စွဲနေတော့တာပဲ၊ တခါ တလေမှလိမ်းရင် စွဲမနေဘူး။

ဒီမှာလဲ ထပ်စဉ်းစားရဦးမယ်၊ အထပ်ထပ် သနပ်ခါးလိမ်းတဲ့အခါ မှာ အရင်ကလိမ်းတဲ့ သနပ်ခါးဟာ ပျက်သွားပေမဲ့ အထုံရနေတယ်။ ဒါကြောင့် အရင်လိမ်းတဲ့သနပ်ခါးတွေဟာ ပျက်သွားပေမဲ့ နောက်လိမ်းတဲ့ သနပ်ခါးကို အထောက်အပံ့ဖြစ်စေတယ်၊ ဒါကြောင့် နောက်ထပ်လိမ်းတဲ့ သနပ်ခါးဟာ တစ်ခါတစ်ရံလိမ်းတာနဲ့မတူပဲ အထုံရနေနိုင့်လို့ စွဲလွယ် ပါတယ်။

စာကျက်တဲ့အလုပ်ကိုလဲ စဉ်းစားကြည့်ပါ၊ ဘယ် တုန်း က မှ စာ မကျက်ဘူးပဲ စပြီးစာကျက်ခါစမှာ ရခဲ့တယ်၊ နှုတ်မချောဘူး၊ အဆက် မပြတ် ထပ်ခါထပ်ခါ ကျက်ပါများတော့ နှုတ်ချောလာတယ်၊ စာရလာ တယ်၊ ဒီမှာစဉ်းစားရမှာက ပထမအခေါက်၊ ဒုတိယအခေါက် စသည်ဖြင့် ကျက်တဲ့ဟာတွေဟာ အလကားဖြစ်မသွားပဲ နောက်နောက် ဆက်၍ဆက်၍ ကျက်တဲ့ကိစ္စကို အကျိုးပြုလို့သာ အထပ်ထပ်ကျက်ပါများတော့ စာရသွား ခြင်း ဖြစ်ပါတယ်၊ ပထမအခေါက်ကျက်တာနဲ့ ဒုတိယအခေါက်ကျက်တာ လုံးဝမဆိုင်ဘူးဆိုရင် စာဘယ်ရပါ့မလဲ၊ စပြီးကျက်တဲ့အခေါက်လိုပဲ နှုတ်လဲ မချော စာလဲမမှတ်မိ၊ မရပဲရှိပါလိမ့်မယ်။ သို့သော် ရှေ့ရှေ့ကျက်တဲ့ အခေါက်တွေက နောက်နောက်ကျက်တဲ့ အခေါက်တွေကို အကျိုးပြုတဲ့ အတွက် ကျက်တဲ့အခေါက်များတော့ အလွတ်ရသွားခြင်း ဖြစ်ပါတယ်၊

ခြင်းခတ်တဲ့ ဥပမာကိုလဲကြည့်ပါ– တစ်ခါမှခြင်းမခတ်ဘူးပဲ စပြီး ခတ်ရင် ခြင်းကိုမထိန်းနိုင်ဘူးမှတ်လား၊ ခတ်ပါများလို့ကျင်လည်လာတော့ ခြင်းခတ်သိပ်တော်လာတယ်၊ ဒီဥပမာမှာလဲ အထပ်ထပ်အခါခါ ခတ်ပါ များလာတော့ အလေ့အကျင့်ရပြီး တော်လာခြင်း ဖြစ်ပါတယ်၊ ဒါကို အထုံဖြစ်တယ်လို့ ဆိုပါတယ်၊ ရှေ့ရှေ့က ခတ်ကြိမ်များဟာလဲနောက်နောက် ခတ်တဲ့အကြိမ်များကို အကျိုးပြုတယ်၊ အကျိုးပြုလို့ ခတ်ရင်းခတ်ရင်း ပိုပိုပြီး တော်လာခြင်းဖြစ်တယ်၊ ရှေ့ခတ်တာနဲ့ နောက်ခတ်တာမဆိုင်ဘူးဆိုရင် စခတ်တဲ့လူနဲ့ ဘာမှထူးမှာမဟုတ်ဘူး။

အဲဒီလို အထုံရတဲ့သဘောကို အာသေဝနလို့ ပါဠိလိုခေါ်ပါတယ်။ ရှေ့ရှေ့ဆောင်ရွက်မှုက နောက်နောက်ဆောင်ရွက်မှုအား အကျိုးပြုတာကို အသေဝနသတ္တိနဲ့အကျိုးပြုတယ်လို့ ခေါ်ပါတယ်။

မဂ်ဇော အဘိညာဉ်ဇောမှတစ်ပါး အခြားသော ဇောစိတ်များ ဟာလဲ ထပ်ကာထပ်ကာဖြစ်တဲ့ သဘောရှိပါတယ်၊ အထပ်ထပ်ဖြစ်တဲ့ အခါမှာ ရှေ့ရှေ့ကဖြစ်တဲ့ ဇောစိတ်ဟာချုပ်သွားပေမဲ့ နောက်နောက်က ဖြစ်လာတဲ့ ဇောစိတ်ကို အကျိုးပြုပါတယ်၊ အဲဒီလို ရှေ့စိတ် (ရှေ့ဇော)က နောက်စိတ်(နောက်ဇော) အားအကျိုးပြုတာကို အသေဝနသတ္တိနဲ့အကျိုး ပြုတယ်လို့ ခေါ်ပါမယ်။

ပန်းပွင့်ကလေးကိုမြင်တဲ့နေရာမှာ လူ့ဉ ဘယ်လိုခံစားချက်တွေပေါ် ရသလဲဆိုတာကိုပြောချင်လို့ ဒီဇောရဲ့ အာသေဝနသဘောကို ထည့်သွင်း ရှင်းပြရခြင်းဖြစ်ပါတယ်။

ဆရာ 'ဇော'ရဲ့သဘောအဓိပ္ပာယ် အတော်ကလေးရိပ်မိပါပြီ၊ အဲဒီ 'ဇော'ဆိုတာက ဘာလဲ။

ကောင်းတဲ့မေးခွန်းပဲဗျာ–။ ဟုတ်တယ်။ ဇောဆိုတာဘာလဲ၊ သိရ မယ်ပေါ့။ အရင်းအမြစ်ကျကျပြောရရင် 'ဇော'ဆိုတာဟာ စေတသိက်ရဲ့ စွမ်းရည်ပါပဲ။ ဟုတ်ပါတယ်၊ ဇောဆိုတာ စေတသိက်အရင်းခံပါတယ်။

ဘာစေတသိက်တွေလဲဆိုတော့ အကုသိုလ်စေတသိက် ၁၄–ခုထဲက လောဘ၊ ဒေါသ၊ မောဟ စေတသိက်သုံးမျိုးဟာ ဇောဖြစ်ပါတယ်၊ ကျန်တဲ့ စေတသိက် ၁၁-ခုဟာ၊ ဇောမဖြစ်နိုင်ပါဘူး၊ ကုသိုလ်စေတသိက် ၂၅-ခုထဲက

အလောဘ၊ အဒေါသ၊ ပညာ (အမောဟ) စေတသိက်သုံးမျိုးဟာ ဇော ဖြစ်ပါတယ်၊ ကျန်တဲ့ကုသိုလ်စေတသိက် ၂၂–မျိုး၊ ကျန်တဲ့ ပြိုးမြွမ်း စေတသိက် ၆–မျိုး၊ အမြဲယှဉ်စိတ် ၇–မျိုးတို့ဟာ ဇောမဖြစ်နိုင်ပါဘူး၊ အချုပ်ပြောရရင် စေတသိက် ၅၂-မျိုးထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ (ပညာ)၊ဒီစေတသိက်(၆)မျိုးသည်သာ ဇောဖြစ်ပါတယ်။

ဒါကြောင့် လောဘဇော၊ ဒေါသဇော၊ မောဟဇော ရယ်လို့ ပြောရပါတယ်၊ အလောဘဇော၊ အဒေါသဇော၊ အမောဟဇော (ပညာ ဇော)လို့လဲ ပြောရတယ်။ လောဘဇော၊ ဒေါသဇော၊ မောဟဇောက အကုသိုလ်ပေါ့၊ အလောဘဇော၊ အဒေါသဇော။ အမောဟဇောက ကုသိုလ်ပေါ့၊ တကယ်လို့ ကုသိုလ်ဇောဟာ ဝဋ်ဖြစ်ပြတ်ပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်ရဲ့သန္တာန်ဖြစ်ရင်တော့ နာမည်တစ်မျိုးနဲ့ခေါ်ရတယ်၊ကြိယာဇောလို့ ခေါ်ရတယ်၊(ကြိယာအကြောင်းကိုစပ်လျဉ်းတဲ့နေရာမှာ ထပ်ရှင်းပါမယ်။)

လောဘ၊ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတာတွေဟာ စေတသိက်တွေမှုတ်လား၊ စေတသိက်ဆိုတော့ စိတ်၌ယှဉ် တယ်ပေါ့။ စိတ်ကိုမှီတွယ်ပြီး စိတ်ကိုချယ်လှယ်တယ်၊ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ စသည်ကိုယှဉ်တဲ့စိတ်ကိုလဲ ဇောစိတ်ရယ်လို့ ခေါ်ရခြင်း ဖြစ်ပါတယ်။ တကယ်တော့ စိတ်ဆိုတာက ပင်ကိုယ်အားဖြင့် ဖြူစင်သန့် ရှင်းတဲ့သဘောသက်သက်မျှသာ ဖြစ်ပါတယ်၊ သိခဲ့ပြီမဟုတ်ပါလား။

ဟုတ်ကဲ့ဆရာ၊ ဒါဖြင့် ဇောဆိုတာဟာ အရှိန်အဟုန်ပြင်းထန်တဲ့ သဘာဝဖြစ်တယ်၊ အစွမ်းသတ္တိထက်မြက်တယ်လို့ဆိုတယ်၊ အခု လောဘ၊ ဒေါသ၊ မောဟ တွေဟာ ဇောဖြစ်တယ်လို့ ဆိုတယ်၊ ဒီစကားနှစ်ရပ်ကို ဆက်စပ်ကြည့်လိုက်ရင် ဒီမကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ အရှိန်အဟုန်ပြင်းထန်တယ်၊အစွမ်းသတ္တိထက်မြက်တယ်လို့ အဓိပ္ပါယ်ရောက် တာပေါ့နော်–။

ဟုတ်ပ–။ ခင်ဗျားနားလည်သွားပြီ။ ကုသိုလ်ဘက်က အလောဘ၊ အဒေါသနဲ့ အမောဟ(ပညာ)တွေဟာလဲ ဇောတွေဖြစ်လို့ အရှိန်အဟုန် ပြင်းထန်တယ်၊ အစွမ်းသတ္တိထက်မြက်တယ်၊ ဒါကိုလဲ သတိချပ်ထားရမယ်။

ဟုတ်ကဲ့ ဆရာ....။

နှစ်ပက်လှ
(၁၉၇၂–ခု၊ စက်တင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# ‘ဇော’ဆိုတာ စိတ်လား စေတသိက်လား

ဆရာခင်ဗျား....သိပ္ပံမဂ္ဂဇင်း အမှတ်(၂၅) ဟာ မဂ္ဂဇင်းအသက် နှစ်နှစ်တင်းတင်းပြည့်တဲ့ အထိမ်းအမှတ်ဖြစ်ပါတယ်။ ဒီ နှစ်နှစ်ပြည့်နှစ်ပတ်လည်အကြိုမဂ္ဂဇင်းအမှတ်(၂၄)မှာ ဆရာ့အဘိဓမ္မာဆောင်းပါးက ‘ဇော’ အကြောင်းရေးသားတင်ပြထားတာ တွေ့ရပါတယ်။ ‘ဇော’ ဆိုတာ အရှိန်အဟုန်အလွန်ပြင်းထန်တဲ့ သဘာဝသတ္တိတစ်မျိုးဆိုတော့ မဂ္ဂဇင်းအဖို့ အတိတ်ကောင်းနိမိတ်ကောင်းပဲလို့ ဆိုရမယ်ထင်ပါတယ်။ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်ချီတက်သွားမယ့် သဘောပေါ့ခင်ဗျာ။

အင်း....ဇမ္ဗူဒိပ်နိမိတ်” ဆိုတာရှိသားပဲ၊ ကျွန်တော့် အနေနဲ့ က နှစ်နှစ်ပြည့်ခါနီးမှာ ‘ဇော’ အကြောင်းရေးမယ်လို့ တမင်လာအကွက်ချပြီး ရေးခဲ့တာတော့ မဟုတ်ပါဘူး။ သူ့ဟာသူတိုက်ဆိုင်သွားမှု တစ်ရပ်ပါပဲ။ ဒါပေမဲ့ တည်တံ့တိုးတက်ရေးမှာ အတိတ်တွေနိမိတ်တွေက ဒီလောက် အရေးမကြီးပါဘူး၊ အရေးကြီးတာက တည်တံ့အောင် တိုးတက်အောင် လုပ်မယ်ဆိုတဲ့ဆန္ဒနဲ့ ကြိုးစားတဲ့ဝီရိယ၊ ပြတ်သားတဲ့စိတ်ထား၊ စူးယှဉ်ထက်မြက်တဲ့ ဝီမံသပညာ၊ ဒီ အဓိပတိသဘာဝလေးရပ်ရှိဖို့ကသာ အရေးကြီးပါတယ်။

ဟုတ်ပါ့ခင်ဗျား။ ကောင်းတဲ့အလုပ်တစ်ခု တည်တံ့တိုးတက်ချင်တဲ့ လူတိုင်းမှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာဆိုတဲ့ စွမ်းအားကြီးလေးရပ် ထက်ထက်မြက်မြက် ရှိရမယ်ဆိုတာ အလွန်မှတ်သားဖွယ် ဖြစ်လှပါတယ် ခင်ဗျား။

အဲဒါ အဘိဓမ္မာလေ။ အဘိဓမ္မာကရတဲ့ ဘဝအားမာန်ပါပဲ။

ဟုတ်ကဲ့ဆရာ၊ အဘိဓမ္မာပညာဟာ တကယ့်ဘဝ ရင်းမြစ်သဘာဝတွေကို စစ်ထုတ်ဖော်လှန်ပြနိုင်တဲ့ ပညာပါကလားလို့ နဲနဲရိပ်မိလာပါပြီ ဆရာ၊ အခုအပတ် ဇောအကြောင်းဆက်မလား၊ ဘာရေးမှာလဲခင်ဗျာ။

ဒီဆောင်းပါးတွေကို တစ်လမှတစ်ခါ ဖတ်ရတာဆိုတော့ စာဖတ်သူများအဖို့ ပြီးခဲ့တဲ့လတွေကတင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ လုံးဝပြတ်မသွားအောင် စကားစပ်ကတော့ သွင်းရတယ်ဗျာ။ လူနဲ့လူ့ပတ်ဝန်းကျင် ဆက်သွယ်နေမှုကို အဘိဓမ္မာနည်းပညာနဲ့ အဖြေရှိနေတဲ့နေရာမှာ လူ့ကိုယ်

ထဲက ပတ်ဝန်းကျင်နဲ့ ဆက်သွယ်ရေးပစ္စည်းများစွာကို အသာထားပြီး မျက်စိတစ်ခုထဲကိုပဲ ထုတ်ယူကာ အဲဒီမျက်စိနဲ့ ဘယ်လိုကြည့်တယ်၊ ဘယ်လို မြင်တယ်၊ ဘာကို မြင်တယ်၊ ဘာကို သိတယ်၊ ဘာ့ကြောင့် မြင်တယ်၊ ဘာ့ကြောင့် သိတယ်၊ ဘယ်အခါ မြင်တယ်၊ ဘယ်အခါ သိတယ်၊ ဘယ်မှာ မြင်တယ်၊ ဘယ်မှာ သိတယ်စတဲ့ ပရမတ္တကိရိယာတွေကို ဆွေးနွေးနေကြတာမဟုတ်လား။

အဘိဓမ္မာနည်းပညာနဲ့က ဒီ 'မြင်တယ် သိတယ်' ဆိုတဲ့အချက်ကိုပဲ သဘောပေါက် နားလည်ဖို့က တော်တော်လေး ကျယ်ဝန်းတာကိုး၊ ဒါကြောင့် မြင်တဲ့အပိုင်းက စိတ်တွေ၊ စေတသိက်တွေ၊ အမြင်ရုပ်တွေကို အနုစိတ်ဖော်ပြရသလို အမြင်ခံရတဲ့ အပိုင်းက နမူနာတင်ထားတဲ့နှင်းဆီပန်းကလေးအကြောင်းကိုလဲ အဘိဓမ္မာခွင်ဝင်အောင် သရုပ်ခွဲပြနေရတာကိုး၊ ခုထိအောင် မပြည့်စုံသေးဘူး၊ ဆက်ရေးရဦးမှာပဲ။

သိပ္ပံမဂ္ဂဇင်း အမှတ်(၂)၌ဖော်ပြခဲ့တဲ့ 'အရိယခေတ်က သိပ္ပံနည်းကျတွေးမြင်မှုတစ်ရပ်' ဆိုတဲ့ဆောင်းပါးမှာ 'မြင်တယ်ဆိုတဲ့အချက်နဲ့ပတ်သက်လို့ မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်း၊ (စက္ခုပြသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ) ဆိုတဲ့ အချက်လေးရပ်နဲ့ပြည့်စုံဖို့ လိုကြောင်း ရေးခဲ့ပါတယ်။

နောက် ဆောင်းပါးအမှတ် (၁၂) 'နှင်းဆီပန်းကလေးနှင့် စိတ်ကလေးတွေကိုသရုပ်ခွဲကြည့်သောအခါ' ဆိုတဲ့ဆောင်းပါးမှာနှင်းဆီပန်းကလေးကို မျက်စိဖြင့်ကြည့်သောအခါ **အဆင်းမြင်ဝီထိ၊ ဆက်ဖြစ်ဝီထိ၊ အမည်သိဝီထိနှင့် ဒြပ်သိဝီထိ** ရယ်လို့ စိတ်အုပ်စု (၄)မျိုးဖြစ်ရကြောင်း ဖော်ပြခဲ့ပါတယ်။

အဲဒီ အဆင်းမြင်ဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်၊ ဇောစိတ် (ခုနစ်ကြိမ်)၊ တဒါရုံစိတ် (နှစ်ကြိမ်)ဟူ၍စိတ်(၇)မျိုး ဆက်ကာဆက်ကာဖြစ်ချုပ်သွားကြကြောင်း **သိခဲ့ရပါပြီ၊** ထိုနောက် ဆက်ဖြစ်လာသော ကျန်(၃)**ဝီထိမှာ** မနောဒွါရ၌ပင် ဖြစ်ကြချုပ်ကြသည့်ဝီထိများဖြစ်ကြောင်း၊ ထိုဆက်ဖြစ်၊ **အမည်သိ၊ ဒြပ်သိဝီထိတို့၌** မနောဒွါရာဝဇ္ဇန်းစိတ်၊ ဇောစိတ်(ခုနစ်ကြိမ်)၊

တဒါရုံစိတ်(နှစ်ကြိမ်)ဟူ၍စိတ်(၃)မျိုးစီ ဆက်ကာဆက်ကာဖြစ်ချုပ်သွား ကြကြောင်းကိုလည်း သိခဲ့ကြရပါပြီ။

အထက်အပိုဒ်တွင်ဖော်ပြထားတဲ့ ဝီထိ(၄)မျိုးကို သေသေချာချာ ဆန်းစစ်ကြည့်ပါ။ အဆင်းမြင်ဝီထိ၌ ဇောစိတ်(ခုနစ်ကြိမ်)ကို တွေ့ရပါမယ်။ ကျန်(၃)ဝီထိမှာလည်းဇောစိတ်(ခုနစ်ကြိမ်)ဆိုသည်ကို ဝီထိတိုင်းရှာတွေ့ရပါမယ်။ ဤတွေ့ရှိချက်မှသတိချပ်ဖွယ်တစ်ခုပေါ် ပေါက်လာသည်မှာအခြားသောစိတ်တို့သည် တစ်ကြိမ်စီ တစ်ခါစီမျှသာ ဖြစ်ချုပ် ကြပါလျက် 'ဇောစိတ်'ဆိုသည်မှာမူ ခုနစ်ကြိမ်၊ ခုနစ်ခါစီ၊ ထပ်တလဲလဲ ဖြစ်ချုပ်ကြသည့်ကိစ္စပင် ဖြစ်ပါတယ်။

အဆွေ့စာရှုသူ၊ ဤနေရာတွင် စာအုပ်ကိုပိတ်၊ မျက်စိမှိတ်ပြီး တစ်ခဏဖြစ်ဖြစ် စဉ်းစားပါ၊ 'စဉ်းစားပါ' ဆိုတာထက် 'ဝင်စားပါ'ဟု ပြောလျှင် ပိုမှန်မည်ထင်ပါတယ်။ ဗုဒ္ဓအဘိဓမ္မာပညာသည် ဉာဏ်ကြီးသူတို့ အဟုန်ရှိသမျှ လွတ်လွတ်ကျွတ်ကျွတ် ခုန်ပေါက်ပြေးလွှား စွမ်းအားပြနိုင်သော နယ်ဖက်စိမ်းလန်းတဲ့ ကွင်းပြင်ကျယ်ကြီးနှင့် တူပါလိမ့်မယ်၊ ဝဲယာ ရှေ့နောက် ထက်အောက်မကျန် ဉာဏ်ရှိတိုင်းမြင်နိုင်တဲ့ လောကမြင်ကွင်း ကျယ်ကြီးဖြစ်ကြောင်းလည်း တွေ့ရပါလိမ့်မယ်။

နှင်းဆီပန်းလှလှလေးတစ်ပွင့်ကို ရှေ့မှာချကြည့်၊ သင်၏မျက်စိသည် အကောင်းဖြစ်ခြင်း၊ ပန်းပွင့်ကလေးက မျက်စိနဲ့တဲ့တဲ့ရောက်နေခြင်း၊ အလင်းရောင်ကရှိနေခြင်း၊ ကြည့်မယ်လို့နှလုံးသွင်းကရှိခြင်းဆိုတဲ့ အင်္ဂါ (၄)ပါးညီညွတ်တဲ့အတွက် မြင်ရော။ မြင်တယ်ဆိုတဲ့အခါမှာ အဆင်းမြင် တစ်ဝီထိ၊ ဆက်ဖြစ်တစ်ဝီထိ၊ အမည်သိတစ်ဝီထိ၊ ဒြပ်သိတစ်ဝီထိဆိုတဲ့ စိတ်အုပ်စု(၄)စုတို့က ဆက်တိုက်ဖြစ်ချုပ်သွားတာနဲ့ သိရော၊ပန်းကလေးကို သိရော၊ နှင်းဆီပန်းကလေးမှန်းသိရော၊ ဒီမှာတစ်ချက်ရပ်ပြီး ဝင်စားပေ ဦးတော့။

ပန်းကလေးကိုမြင်သိတဲ့အခိုက် ဖြစ်လိုက်ကြတဲ့ စိတ်ဝီထိ (၄) မျိုး လုံး၌ ဇောစိတ်ခုစ်ကြိမ်စီပါခဲ့တယ်။ ဒါကြောင့် (၄)ဝီထိပေါင်းမှာ ဇောစိတ်ပေါင်း (၂၈)ကြိမ် ဖြစ်ချုပ်သွားခဲ့တယ် မဟုတ်ပါလား။

ကောင်းပြီ....၊ ဝီထိ စိတ် တွေ ထဲ မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုတာ ဘာလဲ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ပဲ၊ ငါးဒွါရမှာဖြစ်တဲ့စိတ်ပဲ၊ စက္ခုဝိညာဉ်စိတ်

ဆိုတာရော ဘာလဲ၊ စက္ခုဝိညာဉ်စိတ်ပဲ၊ စက္ခုလို့ခေါ်တဲ့ မျက်စိအကြည် ရုပ်မှာမှီပြီးဖြစ်တဲ့ စိတ်ပဲ၊ ကျန်တဲ့စိတ်တွေလဲ ဒီလိုပဲ၊ သမ္ပဋိစ္ဆိုင်း စိတ်ဆိုတာလဲ သမ္ပဋိစ္ဆိုင်းစိတ်ပဲ။

သို့သော် 'ဇောစိတ်' ဆိုတာကျတော့ ဤလိုမဟုတ်တော့ပေ။ ဇော စိတ်ဆိုတာ ဘာလဲလို့ဆိုရင် ဇောစိတ်ပဲလို့ ပြောလို့မရဘူး (သို့မဟုတ်) အရှိန်အဟုန်ကြီးတဲ့စိတ် ဆိုလို့လဲ မလုံလောက်သေးဘူး၊အာရုံ၏ အရသာကို ခံစားတဲ့စိတ်လို့လဲ ပြောကြတယ်။ ဒါလဲ ကာယကံရှင်(ဝါ) မူရင်းမပေါ် သေးဘူး၊ တခြားစိတ်တွေလို တစ်ကြိမ်တစ်ခါထဲ မဖြစ်ပဲ ခုနစ်ကြိမ် ခုနစ် ခါ ထပ်တလဲလဲဖြစ်ချင်တဲ့စိတ်က ဘာစိတ်လဲ။ ဒါ ဖော်ထုတ်ဖို့ လိုလာ ပါတယ်။

ဒီနေရာမှာ စိတ်နဲ့စေတသိက်တို့ရဲ့ အခြေခံသဘောကို ပြန်ကိုင်ရ ပါမယ်။ စိတ်ဆိုတာဟာ ဖြူစင်သန့်ရှင်းတဲ့ သဘောရင်း တစ်ခုမျှသာဖြစ် တယ် မဟုတ်လား၊ အဲဒီစိတ်မှာ စေတသိက်ဆိုတဲ့ သဘာဝ၊(၅၂) မျိုးက မှီတွယ်ပြီး ချယ်လှယ်တယ် မဟုတ်လား။'စိတ်'လို့ ဆိုလိုက်တာနဲ့ 'စေတသိက်' ပါလေမြဲလို့ သိရမယ်။ ဒါဟာ အဘိဓမ္မာတတ်တဲ့လူ သိရမယ့်ကိစ္စပဲ။ ရုပ်ဆိုတာနဲ့ အနည်းဆုံး သဘာဝနှစ်မျိုးဖွဲ့စည်းနေတယ်လို့ သိရမှာဖြစ်သလို စိတ်ဆိုယင်လဲ အနည်းဆုံး နာမ်သဘာဝရှစ်မျိုး ဖွဲ့စည်းနေတယ်လို့ သိရ မှာ ဖြစ်ပါတယ်။ (သိပ္ပံမဂ္ဂဇင်း အမှတ် ၁၅ ပြန်ကြည့်ပါ)။

အဲဒီတော့ (ဇော)ကို ပေါ်လွင်အောင်ဖော်ဖို့အတွက် ဝီထိ (၄)မျိုး မှာပါတဲ့ စိတ်တွေကိုတန်းစီပြီး သူတို့မှာ မှီတွယ်ချယ်လှယ်နေတဲ့ စေတသိက် တွေကို ခွဲထုတ်ကြည့်ရအောင် အနယ်လစ်စ် (ANALYSIS) လုပ်တာပေါ့။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုရာမှာ အမြဲယှဉ်စေတသိက်(၇)နဲ့ ဝိတက်၊ ဝိစာရ၊အဓိမောက္ခ၊ ဤစေတသိက်(၁၀)ခုပါရှိပါတယ်၊ စိတ်သဘောရင်း တစ်ခုနဲ့ ဒီစေတသိက်(၁၀)ခုပေါင်းပြီး ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ ခေါ်ထား ပါတယ်။

ကျန်တဲ့စိတ်တွေကို ခွဲခြမ်းစိတ်ဖြာ လုပ်ကြည့်ယင်လဲ အောက်ပါ အတိုင်း တွေ့ရပါမယ်။

စက္ခုဝိညာဉ်စိတ်၌ – အမြဲယှဉ်စေတသိက်(၇)မျိုး ပါရှိ၏။

သမ္ပဋိစ္ဆိုင်းစိတ်၌ – အမြဲယှဉ်(၇)၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ပါရှိ၏။

သန္တီရဏစိတ်၌ – အမြဲယှဉ်(၇)၊ဝိတက်၊ဝိစာရ၊ အဓိမောက္ခ၊ ပီတိ–ပေါင်း (၁၁)ခု ပါရှိ၏။

ဝုဋ္ဌောစိတ်၌ – အမြဲယှဉ်(၇)၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ဝီရိယ ပေါင်း(၁၁)ခု ပါရှိ၏။

မနောဒွါရာဝဇ္ဇန်းစိတ်၌-ဝုဋ္ဌောစိတ်နည်းတူ(၁၁)ခုပင်ပါရှိ၏။ ။

တဒါရုံစိတ် – (သန္တီရဏတဒါရုံ)ဖြစ်မူ၊ အထက်သန္တီရဏ စိတ်ကဲ့သို့ပင် စေတသိက်(၁၁)ခု ပါရှိ၏။ (မဟာဝိပါက်တဒါရုံ)ဖြစ်မူ၊အမြဲယှဉ်(၇)၊ ပြိုးပြွမ်း(၆)၊ အရင်းခံကုသိုလ်စေတသိက်–(၁၉)၊ ပညာ၊ စုစုပေါင်း(၃၃)ခုပါရှိ၏။

အဘိဓမ္မာအမြင်ရပြီဆိုလျှင် စက္ခုဝိညာဉ်စိတ်လို့ကြားလိုက်သည်နှင့် တပြိုင်နက် အမြဲယှဉ်စေတသိက်(၇)မျိုး ပါပြီးသားပဲဟု သိရှိနားလည်ပါတယ်၊ ကျန်တဲ့စိတ်တွေကိုလဲ သည့်အတူပဲသိရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ စိတ်ဆိုတာဟာ တစ်ခုထဲသီးသန့်ဖြစ်နိုင်တာမျိုးမဟုတ်၊ စေတသိက်တွဲလျက် မပြတ်ပါသောကြောင့် ဖြစ်ပါတယ်။

အထက်တွင် ဖော်ပြခဲ့တဲ့အထဲ မပါသေးပဲ ကျန်နေတဲ့စိတ်ကား.... 'ဇောစိတ်'ပင် ဖြစ်ပါတယ်။'ဇောစိတ်'၌ မည်သည့်စေတသိက်ယှဉ်တယ်လို့ တခါတည်းပြောလို့ မရသေးပါ။ ဘာဇောလဲဆိုတာကို အရင်သိဖို့ စိစစ်ရပါဦးမယ်။

ပြီးခဲ့တဲ့လကဆောင်းပါးကို ပြန်ဖတ်ကြည့်လျှင် ဇောခြောက်မျိုးကို တွေ့ရပါတယ်။ ဘာတွေလဲဆိုတော့....

လောဘဇော၊ ဒေါသဇော၊ မောဟဇော၊

အလောဘဇော၊ အဒေါသဇော၊ အမောဟဇော

ဆိုတဲ့ ဇောတွေပဲဖြစ်ပါတယ်။ အဲဒီဇောတွေကိုကြည့်လျှင် လောဘ၊ဒေါသ၊

မောဟ ဆိုတာတွေဟာ အကုသိုလ်စေတသိက်တွေဖြစ်နေသလို အလောဘ၊ အဒေါသ၊ အမောဟ ဆိုတာတွေကလဲ ကုသိုလ်စေတသိက်တွေပဲဖြစ်နေတာကို တွေ့ကြရပါတယ်။

ဒါကြောင့် ဒီနေရာမှာ ကောက်ချက်တစ်ခုချကြည့်လျှင် 'ဇော'ဆိုတာဟာ စင်စစ်တော့ စိတ်မဟုတ် စေတသိက်တွေ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ဇောစိတ်ရယ်လို့ ခေါ်ရတာကတော့ အဲဒီဇောဖြစ်တဲ့ စေတသိက်တွေနဲ့ယှဉ်ရတဲ့အခါ ဖြစ်ရတဲ့ စိတ်မို့လို့ဇောစိတ်လို့ ခေါ်ရခြင်းဖြစ်ပါတယ်။

ဒါကြောင့် 'ဇော'နဲ့ 'ဇော'စိတ်' နဲ့ သရုပ်ကွဲပြီလား၊ 'ဇော' ဆိုတာ စိတ်လား။ စေတသိက်လား၊ အရင်းခံက စေတသိက်ဖြစ်ပါတယ်။ လောဘဇော၊ ဒေါသဇော၊ မောဟဇော၊ အလောဘဇော၊ အဒေါသဇော၊ အမောဟဇောဆိုရာ၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဆိုတာတွေဟာ စေတသိက်တွေမဟုတ်ပါလား။ သူတို့နဲ့ယှဉ်တဲ့စိတ်ဟာ အကြိမ်ကြိမ်ထပ်ဖြစ်ရပြီး အရှိန်အဟုန်ရှိတဲ့အတွက် အဲဒီစိတ်ကို ဇောစိတ်ရယ်လို့ လုံးပြီးခေါ်ထားခြင်း ဖြစ်ပါတယ်။ ဇောစိတ်-ဆိုတဲ့စကားမှာ လောဘဇောစိတ်လဲ ဖြစ်နိုင်တယ်၊ ဒေါသဇောစိတ်လဲ ဖြစ်နိုင်တယ်၊ မောဟဇောစိတ်လဲ ဖြစ်နိုင်တယ်။ အလောဘဇောစိတ်လဲ ဖြစ်နိုင်တယ်၊ အဒေါသစိတ်လဲ ဖြစ်နိုင်တယ်၊ အမောဟစိတ်လဲ ဖြစ်နိုင်တယ်။

ဒါဖြင့်ဆရာ နှင်းဆီပန်းကလေးဖြင်တန်းက ဖြစ်လိုက်ကြတဲ့ ဝီထိ (၄)မျိုးမှာပါတဲ့ ဇောစိတ်တွေက ထွာဇောစိတ်တွေလဲ....။

ဟုတ်လိုက်လေဗျာ။ ခင်ဗျား မေးခွန်းထုတ်တတ်လာပြီ၊ ဘာဇောလဲဆိုတာ ရှာကြရတော့မှာပေါ့။

**နှစ်ဖက်လှ**
(၁၉၇၂–ခု၊ အောက်တိုဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# အမြင်ခံအာရုံနှင့် ပုံသဏ္ဌာန် အရောင်အသွေးတို့၏ ခြယ်လှယ်မှု

အယင်လက 'ဇော'ရှာရမယ်ဆိုတာနဲ့ အဆုံးသတ်ခဲ့ပါတယ်။ နှင်းဆီပန်းပွင့်ကလေးကိုမြင်တဲ့အခါ စိတ်အုပ်စု(ဝီတိ)လေးမျိုးဖြစ်တယ်၊ ဒီဝီထိစိတ်တွေထဲမှာ ဇောစိတ်ပါဝင်တယ်။ဒါ့ပြင်မဲ့ဇောစိတ်ဆိုတာက. အကုသိုလ်ဇော၊ ကုသိုလ်ဇောရယ်လို့ နှစ်မျိုးရှိနိုင်တယ်။ ဒီနှစ်မျိုးအနက် အကုသိုလ်ဇောမှာလည်း လောဘဇော၊ ဒေါသဇော၊ မောဟဇောရယ်လို့ရှိပြန်တော့ ဘာဇောလဲလို့ အတိအကျသိဖို့လိုပါတယ်။ ကုသိုလ်ဇောမှာလဲ ထိုနည်းတူပဲ၊ ကုသိုလ်ဇောဖြစ်ရင် အလောဘဇောလား၊ အဒေါသဇောလား၊ အမောဟဇောလားလို့ ခွဲခြမ်းစိတ်ဖြာကြည့်ရဦးမယ်၊ ဒါ့ကြောင့်မို့ ဇောရှာရမယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

ဒါဖြင့် ဇောကို ဘယ်လိုရှာရမလဲ ဆရာ။

ဇောအမှန်ရှာဖွေရေး ကိစ္စမှာ အရေးကြီးတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ဒါကဘာလဲဆိုတော့ အာရုံနဲ့နှလုံးသွင်းဖြစ်ပါတယ်။ အဲဒီအာရုံနှင့် နှလုံးသွင်းအလိုက်ဇောဆိုတာ စောရပါတယ်။ ဒါကြောင့် အာရုံနဲ့နှလုံးသွင်းအရေးကြီးတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

ဒီလိုဆိုရင် အာရုံနဲ့နှလုံးသွင်းအကြောင်းကို အဘိဓမ္မာနည်းကျသိဖို့လိုတာပေါ့ ဆရာ။

လိုပါတယ်၊ ဒါကိုလဲ သိမှဖြစ်ပါမယ်။

'အာရုံ'ဆိုတာက လူ၏စိတ်ဖြစ်ပေါ်လာဖို့ရာအကြောင်းပြုတဲ့အရာမျိုးပဲ။ သိပ္ပံမဂ္ဂဇင်းအမှတ်(၂)မှာပါတဲ့ 'စက္ခုံ စ ပဋိစ္စ ရူပေစ၊ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'ဆိုတဲ့ ဘုရားရှင်စကားတော်ကို တစ်ကြော့ပြန်စဉ်းစားကြည့်ပါ၊ မျက်စိထဲမှာရှိတဲ့ စက္ခုပသာဒ(မျက်စိအကြည်ရုပ်)ကိုလည်းကောင်း၊ မြင်စရာအဆင်းရုပ်တို့ကို လည်းကောင်း အစွဲပြုပြီး စက္ခုဝိညာဉ်စိတ်ကလေးဖြစ်ပေါ်ဥပါဒ်လာရတယ်လို့ဆိုတယ် မဟုတ်လား။

ဟုတ်ပါတယ်။

ဥပမာ–သစ်သားမီးခြစ်(ယမ်းမီးခြစ်)ဆိုပါတော့၊ မီးခြစ်အိမ်ရယ်၊ မီးခြစ်ဆံရယ်၊ ဒီနှစ်ခုကိုအကြောင်းပြုပြီး မီးဖြစ်လာရတယ်။ ဓာတ်မီးခြစ်ဆိုရင် မီးခြစ်ကျောက်ရယ်၊ ဓာတ်ဆီရယ်၊ ဒီနှစ်ခုကိုအကြောင်းပြုပြီး မီးဖြစ်လာရတယ်။ အဓိကအကျဆုံးအကြောင်းပေါ့။

အဲဒီဥပမာလိုပဲ၊ မျက်စိထဲကမျက်နက်ဝန်းအလယ်မှာရှိတဲ့ မျက်စိအကြည်ရုပ်ရယ်၊ ပြင်ပမြင်စရာအဆင်းရုပ်ရယ်၊ ဒီနှစ်ခုကိုအစွဲပြုပြီးတော့ စက္ခုဝိညာဉ်စိတ်ဖြစ်ရတယ်၊ အဲဒီမြင်စရာအဆင်းရုပ်ကို 'အာရုံလို့' ခေါ်တာပဲ။ ရုပ်အဆင်းအာရုံ (ဝါ) ရူပါရုံပေါ့။

လူနဲ့လူ့ပတ်ဝန်းကျင်လောကထဲမှာ မြင်စရာအမြင်ခံအာရုံတွေ(ဝါ) ရူပါရုံတွေနဲ့ ပြည့်နေတာပဲ။ လူစတဲ့ သက်ရှိသတ္တဝါအားလုံး၊ အိမ်စတဲ့ အဆောက်အဦးအားလုံး၊ နှင်းဆီပင်စတဲ့ သစ်ပင်အားလုံး၊ ရေ၊ မြေ၊ တော၊ တောင်၊ လ၊ နေ စတဲ့ ကမ္ဘာ့တန်ဆာအားလုံးတို့ဟာ မြင်စရာရူပါရုံတွေချည်းပဲ။ လေကိုတော့မမြင်ရဘူး၊ အသံရယ်၊ အနံ့ရယ် ဒါတွေကိုလဲ မမြင်ရဘူး၊ မြင်နိုင်တာမှန်သမျှ ရူပါရုံတွေချည်းဖြစ်ပါတယ်။

အဲဒီရူပါရုံတွေကို ပုံသဏ္ဍာန်(FORM)နဲ့အရောင်အသွေး(COLOUR)က ချယ်လှယ်ပါတယ်၊ ပုံသဏ္ဍာန် အမျိုးမျိုးအစားစား ကွဲပြားတဲ့အတွက် မြင်ကွင်းအမျိုးမျိုး ဖြစ်ရတယ်။ အရောင်မှာလဲ အဖြူရယ်၊ အနီရယ်၊ အညိုရယ်၊ အပြာရယ်လို့ ကျယ်ပွားသွားပါတယ်။ လရယ်၊ နေရယ် ညအမိုက်မှောင်ရယ်၊ ကောင်းကင်ရယ်လို့ အခြေခံလျှင် ဖြူ၊ နီ၊ ညို၊ ပြာ ဤလေးရောင်ဟာ ကမ္ဘာ့အခြေခံအရောင်လို့ ပြောနိုင်တယ်။ ဒီအခြေခံအရောင်ကမှ အရင့်အနုကွဲလာတယ်၊ အချင်းချင်းရောစပ်ပြီး အရောင်အသွေးအမျိုးမျိုးဖြစ်လာပါတယ်။

ပုံသဏ္ဍာန်အမျိုးမျိုး အရောင်အမျိုးမျိုး ကွဲပြားမှုကြောင့် ပကတိအခြေခံအားဖြင့်ပင် ကောင်းသောပုံသဏ္ဍာန်၊ မကောင်းသောပုံသဏ္ဍာန်ရယ်လို့ ကွဲပြားလာတယ်၊ အရောင်အမျိုးမျိုးကွဲပြားမှုကြောင့် ပင်ကိုယ်အားဖြင့်ပင် ကောင်းသောအရောင် မကောင်းသောအရောင်ရယ်လို့ ကွဲပြားလာတယ်။

ဥပမာ–ဥဒေါင်းပုံသဏ္ဍာန်နဲ့ ငှက်တစ်ပုံသဏ္ဍာန်ကိုကြည့်ပါ၊ နို့ခွဲကာစ ခွေးကလေးပုံသဏ္ဍာန်နဲ့ ဝဲစားခွေးအိုကြီး၏ ပုံသဏ္ဍာန်ကိုကြည့်ပါ၊

အပျိုလေးနှင့် အသက် ၇၀–အရွယ် အဖွားအိုကြီး၏ပုံသဏ္ဌာန်ကိုကြည့်ပါ။ နှင်းဆီပန်း၏ပုံသဏ္ဌာန်နဲ့ စက္ကူပန်း၊ ခေါင်းလောင်းပန်းပုံသဏ္ဌာန်ကို ကြည့်ပါ။ တစ်ခုနှင့်တစ်ခု နှိုင်းစာကြည့်လျှင် ပကတိသဘာဝအားဖြင့်ပင် ကောင်း၊ မကောင်းဆိုတာ ကွဲပြားနေပါတယ်။

(ဂန္ဓရုံနံ့ဖြင့်ခွဲလျှင် ပိုသိသာပါသည်၊ ဥပမာ– စပယ်နံ့နှင့် လက်ခုပ်ပွင့် အနံ့မျိုး)။

အရောင်ဘက်ကိုကြည့်လျှင်လည်း မီးသွေးခဲအရောင်၊ အိုးမဲအရောင်၊ ညဉ့်နက်မှောင်၊ နီရဲရဲအရောင်၊ ဖြူဖွေးဖွေးအရောင်တို့နှင့် ရွှေဝါရောင်၊ ငှက်ပျောဘူနှံ့ရောင်၊ နှင်းဆီနီ၊ ဝါ၊ ဖြူ အရောင်စသည်တို့ကို နှိုင်းစာကြည့်လျှင် ပင်ကိုယ်အားဖြင့် ကောင်း–မကောင်း သဘာဝကွဲပြားချက်ရှိနေသည်ကို သိနိုင်ပါတယ်။

ဤတွင် ကောက်ချက်တစ်ခုချ၍ ရနိုင်သည်မှာ **'မျက်စိဖြင့် မြင်ရတဲ့ အဆင်းရူပါရုံတို့သည် ပင်ကိုယ်သဘောအားဖြင့်ပင် ကွဲပြားခြားနားမှုရှိနေသည်'** ဆိုသောအချက်ဖြစ်ပါတယ်။ ပုံသဏ္ဌာန်ကိုလိုက်၍ဖြစ်စေ၊ အရောင်အသွေးကိုလိုက်၍ဖြစ်စေ၊ ရူပါရုံတို့သည် မတူထူးခြားကွဲပြားနေကြပါတယ်။ ဤအချက်ကို သတိပြုခဲ့ပါ။ ကောင်းတဲ့အာရုံ၊ မကောင်းတဲ့ အာရုံဆိုတဲ့ ကွဲပြားချက်အပေါ်မှာ ထပ်ဆင့်ပြီးတော့ ကောင်း၊သိပ်ကောင်း၊မကောင်း၊ သိပ်မကောင်းရယ်လို့ လေးမျိုး ခွဲနိုင်ပါတယ်။ အဆင်းရူပါရုံနဲ့ စပ်လျဉ်းတဲ့ အတွက် လောကသုံးကျကျပြောရင်တော့ လှတာနဲ့ အရုပ်ဆိုးတာပဲ ဖြစ်ပါတယ်။ လှ၊ သိပ်လှ၊ အရုပ်ဆိုး၊ သိပ်အရုပ်ဆိုးတဲ့ လေးမျိုးဖြစ်ပါတယ်။

'စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' ဆိုတဲ့စကားရဲ့ နောက်ကဆက်ပြီးတော့ 'တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ' (စက္ခု ရူပ ဝိညာဏ သုံးခုပေါင်းမိသောကြောင့် တွေ့ထိမှုဖဿဖြစ်လာတယ်။ ဖဿကြောင့် ခံစားမှုဝေဒနာဖြစ်လာတယ်) စတဲ့ သဘာဝကွင်းဆက်ကို မြတ်စွာဘုရားက ပြခဲ့တယ်။

ပုဂ္ဂိုလ်၏ အတွင်းသဘောမနောကို အသာဖယ်ထား၊ တစ်နည်းအားဖြင့် စိတ်ထားကိုမှုသေကိုင်ထားပြီး စဉ်းစားကြည့်ပါ။ မြင်ရတဲ့ရူပါရုံက တစ်မျိုးတစ်စားထဲမဟုတ်၊ ကောင်း၊ မကောင်း၊ လှ၊ မလှ၊ ကွဲပြား

နေတဲ့အတွက် ကောင်းတဲ့လှတဲ့ရူပါရုံကိုမြင်လို့ ဖြစ်လာတဲ့ ဖဿ ဝေဒနာနဲ့ မကောင်းတဲ့၊ အရုပ်ဆိုးတဲ့ရူပါရုံကိုမြင်တဲ့အတွက် ဖြစ်လာတဲ့ ဖဿ ဝေဒနာတို့ဟာ တူနိုင်ပါတော့မလား။ အာရုံကမှမတူတော့ အဲဒီအာရုံကို အကြောင်းပြုပြီးဖြစ်ရတဲ့စိတ် (ဝါ) သဘာဝကွင်းဆက်လဲ မတူတော့ဘူး ပေါ့၊ ဒါဟာ ဘာပယောဂမှမပါပဲ သူ့သဘော သူဆောင်သွားတဲ့ ဖြစ်ရပ်ပါပဲ။

ဗဟုသုတအတွေ့အကြုံမရှိသေးတဲ့ နှစ်နှစ်အရွယ်ကလေးငယ်ကလေး၏ စိတ်သည် အာရုံအလိုက် ပင်ကိုယ်အတိုင်း ဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီကလေးကလေးသည် ရောမဘီလူးရုပ်ကြီးကို မြင်ရလျှင် သူ့စိတ်ဘယ်လိုဖြစ်မလဲ၊ ကြောက်စိတ်မဖြစ်ပေဘူးလား၊ လှတဲ့မင်းသမီး ရုပ်ကလေးကို မြင်ရလျှင် သူ့စိတ်ဘယ်လိုဖြစ်မလဲ၊ လိုချင်စိတ် မဖြစ်ပေဘူးလား၊ ဒါက— အာရုံအလိုက်စိတ်ဖြစ်တတ်ပုံ သာကေပါပဲ။

ဒီနေရာမှာလဲ ယေဘုယျကောက်ချက်တစ်ခု ချလို့ရပါတယ်။ဘာလဲဆိုတော့ **အာရုံကောင်းရင် စိတ်ကောင်းဖြစ်တယ်၊ အာရုံဆိုးယင် စိတ်ဆိုးဖြစ်တယ်** ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

(သဒ္ဒါရုံအသံကြားနဲ့ပြောလျှင် ပိုထင်ရှားပါတယ်၊ မိမိအား ဆဲသံကြားရလျှင် ဖြစ်လာတဲ့စိတ်နဲ့၊ အစ်ကို့ အစ်မစသည်ဖြင့် ချိုချိုသာသာ လေးလေးစားစား ခေါ်သံကြားရလျှင် ဖြစ်လာတဲ့စိတ် တူပါ့မလား၊ နှိုင်းယှဉ်စဉ်းစားနိုင်ပါ၏။)

ထို့ကြောင့် အဘိဓမ္မာသမားကြီးများက 'အာရုံအေးရင် စိတ်အေးတယ်၊ အာရုံပူရင် စိတ်ပူတယ်'လို့ ဆောင်ပုဒ်လုပ်ထားကြပါတယ်၊

နောက်'လူ'ကို ပိုင်းခြားကြည့်ပါ။ လူတွေမှာ အယုတ်၊ အလတ်၊ အမြတ် သို့မဟုတ် အနိမ့်၊အလယ် အမြင့်ရယ်လို့ လူသုံးမျိုး ခွဲခြားနိုင်ပါတယ်။ အယုတ်အနိမ့်လူတန်းစားတွေရဲ့ စိတ်ဆန္ဒဟာလဲ မမှန်ဘူး၊ အမြင့် အမြတ်လူတွေရဲ့ အမြင်ဟာလဲ မမှန်ဘူး။ ဥပမာ....သူတောင်းစား တစ်ယောက်က ကောင်းတယ်ထင်တာဟာ ပကတိကောင်းတာ ဟုတ်ချင်မှ ဟုတ်မယ်၊ သူဌေးတစ်ယောက်က ညံ့တယ်ထင်တာလဲ ပကတိညံ့တာ ဟုတ်ချင်မှ ဟုတ်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူတို့က အနိမ့်အမြင့် ဖြစ်နေကြတာ

ကိုး။ သူေတာင္းစားတစ္ေယာက္သည္ သာမန္ အဝတ္အစားကိုပင္ ခံုမင္ႏွစ္သက္ေပလိမ့္မယ္။ သူေဌးတစ္ေယာက္မွာမူ ေတာ္ရံုတန္ရံုအဝတ္အစားကို ႏွစ္သက္မည္မဟုတ္ေပ။ ထို႔ေၾကာင့္ အပယုတ္အနိမ့္ လူတန္းစားတို႔ႏွင့္ အျမင့္အျမတ္လူတန္းစားတို႔၏ အျမင္အထင္ဟာ 'စံ'မျဖစ္နိုင္ပါဘူး။ သူတို႔ဟာ ေဖာက္ျပန္ေနၾကၿပီ။

အလယ္အလတ္ လူစားမ်ိဳးကေတာ့ ခုနေျပာခဲ့တဲ့ အနိမ့္အျမင့္အစြန္းႏွစ္ဖက္ လြတ္ေနတယ္။ သူရဲ႕အျမင္ သူရဲ႕စိတ္ဆႏၵသည္ မွန္တန္းကေနတယ္။ အလယ္အလတ္တန္းစားလူမ်ိဳးသည္ ပကတိေလာကႀကီးမွာရွိေနတဲ့ ျမင္စရာေတြကို မွန္မွန္ကန္ကန္ ျမင္နိုင္ပါတယ္၊ ေကာင္းတာကို ေကာင္းတဲ့အတိုင္း၊ ညံ့တာကို ညံ့တဲ့အတိုင္း ျမင္နိုင္ပါတယ္။

ဒီေနရာမွာ ႀကီးတယ္ ငယ္တယ္ဆိုတာမရွိဘူး၊ တိုတယ္ ရွည္တယ္ဆိုတာ မရွိဘူး၊ သူ႔ေအာက္ငယ္တာနဲ႔စာရင္ သူ႔ကိုႀကီးတယ္ေခၚတယ္၊ သူ႔ထက္ႀကီးတာနဲ႔စာရင္ သူ႔ကိုငယ္တယ္လို႔ေခၚတယ္၊ တိုတာ၊ ရွည္တာစသည္လည္း ဤနည္းပဲဆိုတဲ့ ႏိႈင္းယွဥ္မႈသေဘာတရားကို ခ်ဲ႕ဖယ္ထား။

လူနဲ႔ပတ္ဝန္းက်င္မွာရွိေနတဲ့ ျမင္စရာအာရံုေတြကို 'စံ' သတ္မွတ္ရေအာင္၊ အလယ္အလတ္(မဇၩိမ) လူသားကို ပုဏၰားတိုင္ထားရပါတယ္။ အဲဒီ အလတ္တန္းစားလူက ႏွစ္သက္တဲ့အာရံုကို ပါဠိလို 'ဣ႒ာရံု'လို႔ေခၚပါတယ္၊ အလတ္တန္းစားလူက သိပ္ႏွစ္သက္တဲ့အာရံုကို 'အတိဣ႒ာရံု'လို႔ေခၚပါတယ္။ အလတ္တန္းစားလူက မႏွစ္သက္တဲ့ အာရံုကို 'အနိ႒ာရံု'လို႔ေခၚပါတယ္။ အလတ္တန္းစားလူက ႏွစ္သက္သည္လည္းမဟုတ္၊ မႏွစ္သက္သည္လည္းမဟုတ္ ၾကားက်ေနတဲ့အာရံုကို 'ဣ႒မဇၩတၱာရံု'လို႔ ေခၚပါတယ္။

ဤအလတ္တန္းစားလူဟာ အထက္တြင္ ေဆြးေႏြးခဲ့တဲ့အတိုင္း ပကတိေကာင္းတာကို ႏွစ္သက္မွာပဲ၊ဥပမာ....ဥေဒါင္းကို ႏွစ္သက္ျခင္းမ်ိဳးျဖစ္ရာသည္။ ပကတိမေကာင္းတဲ့ အာရံုကို မႏွစ္သက္မွာပဲ၊ ဥပမာ....ဋႋင္းတကိုမႏွစ္သက္ျခင္းမ်ိဳး ျဖစ္ရာသည္။ (အနံ႔၊ ဥပမာျဖစ္မႈ စပယ္ပန္းရနံ႔ကိုႏွစ္သက္ၿပီး အပုပ္နံ႔ကို မႏွစ္သက္သည့္ သေဘာမ်ိဳး ျဖစ္ပါတယ္)။

အဲဒီလို အလယ္အလတ္လူမ်ိဳးက ႏွစ္သက္တဲ့အာရံုကို **သဘာဝဣ႒ာရံု**၊မႏွစ္သက္တဲ့အာရံုကို **သဘာဝအနိ႒ာရံု**ရယ္လို႔'စံ'ထားၾကပါတယ္။

ဒါဖြင့်ဆရာ နှင်းဆီပန်းပွင့်ကလေးဟာ သဘာဝကမ္ဘာရဲ့ပေါ့နော်။

ဟုတ်တယ်၊ သဘာဝကမ္ဘာရဲ့ပဲ၊ ဒါပေမဲ့ စိတ်က တမင်လာကြံကြံဖန်ဖန် ဖန်တီးထင်မြင်တဲ့ အာရုံတွေလဲ ရှိသေးတယ်။

ဟုတ်လားဆရာ၊ တယ်လဲကျယ်ဝန်းပါလား၊ ကြံကြံဖန်ဖန်အာရုံတွေ ဆက်ပါဦးဆရာ-။

အဲဒါကိုတော့–နောက်အပတ်မှပဲ ဆွေးနွေးကြတာပေါ့ဗျာ–။

နှစ်ဖက်လှ
(၁၉၈၂–ခု၊ နိုဝင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# မကြည့်ချင် မြင်လျက်သား ထွေပြားအာရုံ

သဘာဝကို အနုစိတ်ထားသော ဗုဒ္ဓအဘိဓမ္မာနည်းအားဖြင့် လူနှင့် ပတ်ဝန်းကျင် မည်သို့မည်ပုံဆက်သွယ်နေသည်ကို ယထာဘူတကျကျ အသိအမြင်ရရှိရန် ကြိုးစားနေကြပါသည်။ ဗုဒ္ဓအဘိဓမ္မာတွင် အာရုံခြောက်ပါးလုံးကို အပြည့်အစုံဖော်ပြထားပါ၏။ သို့ရာတွင် လေ့လာဦးစဉ် ကျယ်ပြန့်ရှုပ်ထွေးမသွားရလေအောင် တစ်ခြားအာရုံများအကြောင်းကို မပြောသေးပဲ အမြင်အာရုံတစ်ခုတည်းကိုသာကွက်ယူ၍ "မျက်စိဖြင့် နှင်းဆီပန်းတစ်ပွင့်ကို ဘယ်လိုမြင်သလဲ" ဆိုသည့်ပြဿနာကိုတင်ပြီး ရေးလာခဲ့သည်မှာ ယခုဆောင်းပါးအမှတ်(၂၇)ရောက်ပေပြီ။

**လွန်ခဲ့သောလဆောင်းပါး၌** နှင်းဆီပန်းကဲ့သို့သော အမြင်ခံအာရုံပိုင်းကို နှစ်သက်လိုလားအပ်သော **ဣဋ္ဌအာရုံ**၊ မနှစ်သက်မလိုလားအပ်သော **အနိဋ္ဌအာရုံ** ဟူ၍ ခွဲပြခဲ့ပါသည်။ ယင်းသို့မြင်စရာဟူသမျှကို ဒါက ဣဋ္ဌ (နှစ်သက်စရာ)၊ ဒါက အနိဋ္ဌ (မနှစ်သက်စရာ)ဟူ၍ခွဲခြားရာ၌ လူအမျိုးအစား လူ့စိတ်ထား၊ လူ့ဒွါရ၊ အချိန်ကာလနှင့်အဆင်းအရောင်စသည်တို့ဖြင့်ထင်ဟပ်၍ သဘာဝအတိုင်းဖြစ်သည့်အာရုံတို့၏သဘောကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ တစ်နည်းဆိုရသော် သဘာဝဣဋ္ဌာရုံ၊ သဘာဝအနိဋ္ဌာရုံတို့ကို စိစစ်ပြခဲ့ပါသည်။

သို့ရာတွင် လူသားတို့၏စိတ်ဓာတ်သည် အလွန်ဆန်းကြယ်ဘိသည်။ 'စိတ်' ဆိုသော လူ့သဘာဝတစ်ရပ်၏ ဆန်းကြယ်ရှုပ်ထွေးလှပုံကို မြတ်ဗုဒ္ဓသည် ခပ်များများဟောထားခဲ့၏။ လောကမှာ ဆန်းကြယ်ပါဘိဆိုသောအရာတို့ထက် စိတ်ကပို၍ဆန်းကြယ်သည့်အကြောင်းလည်း ပြောခဲ့၏။ တစ်နည်းအားဖြင့် လောက၌ ထူးဆန်းပေသည်ဆိုသောအရာမှန်သမျှကို စိတ်ကပင်ဖန်တီးပေးခြင်းဖြစ်ကြောင်း ဟောခဲ့၏။ အကယ်၍ ထူးလွန်းဆန်းလွန်း၍ အံ့ဩကြစတမ်းဆိုပါလျှင် လူ့စိတ်၊ လူ့မနောကိုသာ အံ့ဩကြပေတော့ဟူ၍လည်းညွှန်ကြားခဲ့၏။ လူသားတို့၏စိတ်သည်ရုပ်သဘာဝထက် ပေါ့ပါးလျင်မြန်၏။ ငြိမ်ဝပ်အောင်ထားရန် ခဲယဉ်း၏။ အထိန်းရအသိမ်းရ ခက်လှ၏–စသည်ဖြင့်လည်း ဖော်ပြခဲ့၏။

လက်တွေ့အားဖြင့်လည်း ကျွန်ုပ်တို့လူသားများ၏စိတ်သည် ကြုံကြုံဖန်ဖန် စိတ်ကူးတတ်ကြောင်းသိနိုင်၏။ ပုဂ္ဂိုလ်အဆင့်အတန်းကိုလိုက်၍

လည်း စိတ်သည် ပြောင်းလဲ၏၊ မျက်စိနားစသော လူ၏ဆက်သွယ်မှုပစ္စည်း (ဒွါရ)များကို လိုက်၍လည်း စိတ်သည် ကွဲလွဲ၏၊ စိတ်သည် ယိမ်းယိုင်၏၊ အဖြစ်အပျက်အတွေ့အကြုံ များကြောင့်လည်း အာရုံအပေါ် သဘောထား ပြောင်းတတ်၏။

ဤကဲ့သို့ ကြုံကြုံဖန်ဖန် ဆန်းကြောင့်ဆန်းကြယ် ဖြစ်တတ်သော စိတ်၏ မူရင်းသဘာဝကို နားလည်မှုရှိရှိဖြင့် မြင်စရာအာရုံများအပေါ် အရှုအမြင်အမျိုးမျိုး ပေါ်ပေါက်လာပုံကို လေ့လာရန်ဖြစ်ပါသည်။

နှင်းဆီပန်းကဲ့သို့သော မြင်စရာအာရုံများသည် သူ့ဟာသူ သူ့သဘာဝအတိုင်း အကောင်းလည်းရှိ၏။ အဆိုးလည်းရှိ၏။ ကောင်းလျှင် လိုချင်စရာနှစ်သက်စရာဖြစ်၏။ မကောင်းလျှင် မလိုချင်စရာမနှစ်သက်စရာ ဖြစ်၏။ နှစ်သက်စရာသည် ဣဋ္ဌ၊ မနှစ်သက်စရာသည် အနိဋ္ဌ၊ ဤကား လူ့စိတ်နှင့်မဆက်သွယ်ခင် သူ့သဘာဝနှင့်သူ ရှိနေသော အခြေအနေပေတည်း။ ဤအာရုံမျိုးကို သဘာဝဣဋ္ဌာရုံ၊ သဘာဝအနိဋ္ဌာရုံ ဟုအဘိဓမ္မာပညာက ခေါ်ထားပေသည်။ ပြီးခဲ့သောလဆောင်းပါး၌လည်းဖော်ပြခဲ့ပြီ။

သို့သော် ဆန်းကြယ်သောလူ့စိတ်နှင့်ပေါင်းမိသည်ရှိသော် လူ့စိတ်က ဣဋ္ဌာရုံကို အနိဋ္ဌာရုံအနေဖြင့်လည်းကောင်း၊ အနိဋ္ဌာရုံကို ဣဋ္ဌာရုံအနေဖြင့်လည်းကောင်း၊ ကြုံကြုံဖန်ဖန် ကပြောင်းထိကပြောင်းပြန် လုပ်ပစ်တတ်၏။ စိတ်ကြောင့် ဣဋ္ဌာရုံသည် အနိဋ္ဌာရုံဖြစ်၏။ အနိဋ္ဌာရုံသည် ဣဋ္ဌာရုံဖြစ်၏။ ပြောင်းပြန်ဖြစ်တတ်၏။ ဤကဲ့သို့ သူ့မူလအတိုင်းမဟုတ်ပဲ စိတ်ကြောင့်ဖြစ်လာသည့်အနိဋ္ဌာရုံ(မူလဣဋ္ဌာရုံ)ကို ပရိကပ္ပအနိဋ္ဌာရုံဟုခေါ်၏။ 'ပရိကပ္ပ' ဟူသော ပါဠိစကားသည် 'ကြုံကြုံဖန်ဖန် ကပ်သီးကပ်သပ်' ဟူသော အဓိပ္ပာယ်မျိုး ရှိပေ၏။

မြင်စရာအာရုံပိုင်းမှ ဥပမာပြုရသော် ဥဒေါင်းနှင့်ဇီးကွက်ကို ကြည့်ရာ၏။ ဥဒေါင်းငှက်၏အဆင်းသဏ္ဌာန်သည် ကောင်း၏၊ လှ၏၊ ထို့ကြောင့် သဘာဝအားဖြင့်နှစ်သက်စရာ ဣဋ္ဌာရုံဖြစ်၏။ ဇီးကွက်ငှက်၏အဆင်းသဏ္ဌာန်သည် မျက်စိက အဆမတန်ပြူးပြီး ကြောက်ဖွယ်လန့်ဖွယ်ရာရှိ၏။ ထို့ကြောင့် သဘာဝအားဖြင့် မနှစ်သက်စရာ အနိဋ္ဌာရုံဖြစ်၏။ ဤကား သဘာဝဣဋ္ဌာရုံ၊ သဘာဝအနိဋ္ဌာရုံသဘောတည်း။

သို့သော် လူတစ်ယောက်သည် သူ၏သားငယ်ကလေး၏ မျက်စိကို ဒေါင်းဆိပ်ခံရပြီး ကန်းသွားဖူးသဖြင့် ဒေါင်းမြင်တိုင်း ဒေါသဖြစ်၏။ သူ့အဖို့ ဒေါင်းသည် ပလိုလားအပ်သော အနိဋ္ဌာရုံသတ္တဝါပေတည်း။ ဈေးသည်အချို့မှာမူ ဇီးကွက်ရုပ်ထားလျှင် လာဘ်လာဘရွှင်လန်းသည်၊ ရောင်းပန်းဝယ်ပန်းသာသည်ဟု စွဲမြဲယုံကြည်၏။ ထို့ကြောင့် ဇီးကွက်အစစ်မရနိုင်သဖြင့် ဇီးကွက်ရုပ်ကိုပင် အမြတ်တနိုး ထားကြ၏။ ဇီးကွက်ကို မြင်လျှင် နှစ်သက်၏။ သဘောကျ၏။ သူတို့အဖို့ အရုပ်ဆိုးလှသော ဇီးကွက်သည် နှစ်သက်လိုလားအပ်သော ဣဋ္ဌာရုံသတ္တဝါပေတည်း။ ထိုနည်းတူ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝလောကတွင် မြင်တွေ့နေ ရသော အရာ များ ထဲ၌ သဘာဝဣဋ္ဌာရုံ၊ သဘာဝအနိဋ္ဌာရုံနှင့် စိတ်ကြောင့်ပြောင်းလဲဖြစ်လာသော ပရိတပ္ပဣဋ္ဌာရုံ၊ ပရိတပ္ပအနိဋ္ဌာရုံတို့ကို ဆန်းစစ်ဝေဖန်ခဲ့ခြားကြည့်ပါလော။

ဝိနည်းမဟာပါဠိတော်၌ ဖော်ပြထားသော ထောပတ်နှင့် မင်းလရောင်အကြောင်းသည်ကား အာရုံပြောင်းပြန်လန်မှုနှင့် ပတ်သက်၍ စံပြုလောက်ပေ၏။ မင်းလရောင်ဆိုသည်မှာ တခြားမဟုတ်၊ ဥဇ္ဇေနီပြည့်ရှင် ဘုရင်စန္ဒပဇ္ဇောတမင်းတည်း။

(စန္ဒ=လ။ ပဇ္ဇောတ=အရောင်။ စန္ဒပဇ္ဇောတ=လရောင်)။

ထောပတ်၏ အဆင်းအရောင်သည် အဖြူခံတွင် အဝါနုသန်းနေသည်။ ဆီဖြစ်၍ အရောင်လွှင်သည်၊ ကြည်သည်။ ဥကလေးများထနေ တတ်၍ လှသည်။။ သို့ဖြစ်၍ သဘာဝအားဖြင့်ကား ထောပတ်၏အရောင် အသွေးသည် နှစ်သက်စရာပါတည်း။ ဣဋ္ဌရူပါရုံဟု ဆိုနိုင်ပါ၏။

သို့ရာတွင် မင်းလရောင်မှာမူ ထူးထူးခြားခြား ထောပတ်ကို အလွန် စက်ဆုပ်ရွံရှာသူဖြစ်၏။ ထောပတ်ကိုမြင်လျှင် အော်ဂလီဆန်၏၊ ထောပတ်သည် သူ့အဖို့ အနိဋ္ဌာရုံဖြစ်နေ၏။ သူ ထောပတ်ကို ရွံရှာမုန်းတီးပုံမှာ စာတင်လောက်အောင်ပင် ဖြစ်ခဲ့၏။

တစ်ခါတွင် သူ့မှာ ဖျော့တော့သော ရောဂါစွဲကပ်နေ၏။ တစ်ကိုယ်လုံး ပိုးဟပ်ဖြူလိုဖြစ်နေပြီး အင်အားချိနဲ့နေ၏။ မောပန်း၏။ ရှင်ဘုရင်ဖြစ်ရသော်လည်း ဤရောဂါကြောင့် မင်းစည်းစိမ်ကိုမခံစားနိုင်ပဲ ဒုက္ခကြီးစွာရောက်နေရသည်။ သို့ဖြစ်၍ ဗိမ္ဗိသာရမင်းထံ သမားကောင်းရှိပါက

စေလွှတ်ပေးပါရန် အကြောင်းကြားချက်အရဆရာဇီဝကကိုအကုအသလွှတ်လိုက်၏။ ဆရာဇီဝက-က ထောပတ်ဆေးတိုက်ကျွေးမည့်အကြောင်းပြောသောအခါ ထောပတ်ကိုအလွန်စက်ဆုပ်၍ မတိုက်ရန် ငြင်းဆန်၏။

သို့သော် ဆရာဇီဝကအနေဖြင့် ဤမင်း၏ရောဂါကို ထောပတ်ဆေးကျွေးပြီးကုသမှုရမည်ကိုသိသဖြင့် ထောပတ်ကိုပြုပြင်ပြီး ဆေးတိုက်လိုက်၏။ ဆေးတိုက်ပြီးသည်နှင့် ဆရာဇီဝကသည် ဆင်စီး၍ပြေးလေ၏။ မင်းလရောင်သည် သူ့အား ထောပတ်ဆေး တိုက်ကျွေးသွားသည်ဟုသိလိုက်သည်နှင့် တပြိုင်နက် သူ၏ ခြေမြန်တော်ကျွန်ယုံ ကာကကိုစေလွှတ်ပြီး ဆရာဇီဝကအား လိုက်သတ်ခိုင်းလေသည်။ မင်းလရောင်အနေဖြင့် ထောပတ်ကိုမုန်းတီးလိုက်ပုံမှာ သို့စဉ်လောက်ပြင်းထန်လှပေ၏။ ဤတွင် အဘိဓမ္မာနည်းအရကြည့်သော် မင်းလရောင်အဖို့ ထောပတ်သည် ပရိကပ္ပအနိဋ္ဌာရုံဖြစ်ပေသည်။

ဤတွင် အရေးကြီးသော မှတ်စရာနှစ်ချက် ပါရှိ၏။ တစ်ချက်ကား သဘာဝကို ပြောင်းလဲပစ်၍ မရှိနိုင်သည့်အချက်ဖြစ်၏။ ဥဒေါင်းသည် သူ့အပေါ်ရန်ငြိုးရှိသူက မကြိုက်နိုင်သော်လည်း ပကတိအလှ မပျက်ချေ။ ထောပတ်သည် သူ့ကိုမကြိုက်သူက မည်သို့ပင် နှာခေါင်းရှုံ့သော်လည်း သူ၏ပကတိအရည်အသွေးမပျက်ပေ။ဇီးကွက်သည် လာဘ်ရှင်လိုသော ဈေးသည်တို့က မြတ်နိုးကြသော်လည်း အရုပ်ဆိုးရာမှ လှ၍မလာချေ။ ပကတိသဘာဝအားဖြင့် ဒေါင်းသည်လှမြဲလှ၍ ထောပတ်သည် ကြည်မြဲကြည်၍ ဇီးကွက်သည် အရုပ်ဆိုးမြဲဆိုးနေပေ၏။ ဤသည်ကို (OBJECTIVE TRUTH) ဟု ခေါ်နိုင်ပေ၏။ စိတ်ကြောင့် ဒေါင်းအရုပ်ဆိုးသွားပြီး၊ ဇီးကွက်လှလာသည့်ကိစ္စမှာမူ လူနှင့်ပတ်သက်သည်၊ သို့အတွက်(SUBJECTIVE TRUTH)ဟု ခေါ်နိုင်ပေရာ၏။

သို့သော် အရေးကြီးသော နှစ်အချက်သည်ကား သဘာဝဣဋ္ဌာရုံကိုပဲဖြစ်ဖြစ်၊ ပရိကပ္ပဣဋ္ဌာရုံကိုပဲဖြစ်ဖြစ်၊ မြင်ရတွေ့ရသောအခါ လူ့စိတ်၌ မပြစ်မှားသောစိတ် မပြစ်မှားသောဇောကျပေ၏။ သဘာဝအနိဋ္ဌာရုံကိုဖြစ်စေ၊ ပရိကပ္ပအနိဋ္ဌာရုံကိုဖြစ်စေ၊ မြင်ရတွေ့ရပြီဆိုလျှင် ပြစ်မှားသောစိတ်၊ မကောင်းသောဇောကျပေ၏။ ဤအချက်ကား လူနှင့်ပတ်ဝန်းကျင်ဆက်သွယ်ရာ၌ အရေးကြီးသောအချက် ဖြစ်ပေသည်။

အကျဉ်းချုပ်မှတ်သားရန် ပြန်လည်ဖော်ပြရသော် အမြင်ခံအာရုံ ပိုင်း၌ သူ့သဘာဝအတိုင်းရှိနေသော နှစ်သက်စရာ သဘာဝဣဋ္ဌာရုံ၊ မနှစ်သက်စရာ သဘာဝအနိဋ္ဌာရုံ၊ ဤသို့ အခြေခံအားဖြင့် အာရုံနှစ်မျိုး ရှိ၏။ ထိုအာရုံနှစ်မျိုးအနက် ဣဋ္ဌာရုံတွင် အလွန်နှစ်သက်စရာဖြစ်သည့် အတိဣဋ္ဌာရုံ၊ ရိုးရိုးသာမန်မျှသာဖြစ်သည့် ဣဋ္ဌမဇ္ဈတ္တာရုံဟူ၍ နှစ်မျိုးထပ်မံ ကွဲပြား၏။ အနိဋ္ဌာရုံတွင်ကား ခွဲခြားမှုမရှိပေ။

သို့ဖြစ်၍ ပင်ကိုယ်သဘာဝအားဖြင့် **ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၊အနိဋ္ဌာရုံ** ဟူ၍ အာရုံ(၄)မျိုး ကွဲပြားလာ၏။ တစ်ဖန် လူ့စိတ် လူ့မနောက ကြံကြံဖန်ဖန် ကပြောင်းတိကပြောင်းပြန် လုပ်လိုက်ပြန်သော အခါ **ပရိကပ္ပဣဋ္ဌာရုံ၊ ပရိကပ္ပအနိဋ္ဌာရုံ** ဟူ၍ အာရုံယူနှစ်မျိုးပေါ်လာပြန် သည်။

ဤသို့အမြင်ခံပိုင်း၌ အာရုံ(၆)မျိုးကွဲပြားနိုင်ပုံကို သရုပ်သကောင် ထုတ်ဆောင်နားလည်ပြီးနောက် ယင်းအာရုံများကို အကြောင်းပြု၍ ဖြစ် လာသော ဝီထိစိတ်အုပ်စုတို့တွင် မည်သည့်ဇောစိတ်များဖြစ်နိုင်ကြသနည်းဟု 'အာရုံနှင့်ဇော' ထင်ဟပ်ကြည့်ရန်လိုလာပေသည်။

သို့သော်မည်သည့်အာရုံကိုမြင်ရာ၌ မည်သည့်ဇောဖြစ်သည်ဟု ပြော နိုင်ဖို့အတွက် ကြားထဲ၌ အကွက်တစ်ကွက် ဖော်ထုတ်ရန် လိုသေး၏။ ယင်းကား အခြားမဟုတ်၊ 'ဖဿပစ္စယာ ဝေဒနာ'ဟူသော သဘာဝ ကွင်း ဆက်အရ စိတ်နှင့်အာရုံတွေ့ထိမှု ဖဿဖြစ်လာသည့်အတွက်ကြောင့် မည် သည့် ဝေဒနာများပေါ်ပေါက်လာသနည်းဟု ကွင်းဆက်ရှာရန်လိုအပ်ခြင်း ဖြစ်၏။ ဝေဒနာကွင်းဆက်ဖော်ပြီးမှ မည်သည့်အာရုံ၌ မည်သည့်ဇော ဖြစ်သည်ဟု တိတိပပပြောနိုင်ပေမည်။

(ဝေဒနာအကြောင်း ရှေ့အပတ်ဆက်ပါမည်။)

နှစ်ဖက်လှ
(၁၉၈၂–ခု၊ ဒီဇင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း၊)

# 'နောကျေ'ဖို့ လိုအပ်သလို 'ဇောကျေဖို့' လိုအပ်ပါသည်။

ပုဒ္ဓအဘိဓမ္မာတွင် 'ဇော' သည် အခရာဖြစ်ပါသည်။ ရှေးခေတ်ကိုးကြောင်းသချ်ာပညာတွင် 'နောကျေ'ဖို့ လိုအပ်သလို အဘိဓမ္မာ၌ 'ဇောကျေ'ဖို့လိုပါသည်။ ဇောကျေပါမှ ရှေ့မှာလာမည့် ကံ၊ ကံ၏အကျိုးပေးပိုင်းများကို သဘောပေါက် နားလည်နိုင်မည်ဖြစ်ပါသည်။ ဇောကျေဖို့အရေးတွင် ဝီထိစိတ်အစဉ်သိဖို့၊ အာရုံတို့၏အမျိုးအစားများကို ပိုင်းခြားနားလည်ဖို့နှင့် ဇောမှာယှဉ်တွဲဖြစ်ပေါ်သည့် ဝေဒနာ(ခံစားမှု) အမျိုးမျိုးကိုပါ တွဲဖက်လေ့လာရပါသည်။

"စေတသိက်နှင့်ချဉ်ရေဟင်း၊ ထူးခြားသော ရှစ်ဂဏန်း" ဟူသောခေါင်းစဉ်(သိပ္ပံ–၁၅)ပါဆောင်းပါး၌ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၍ စိတ်၌မှီလျက်ဖြစ်သောသဘာဝကို ဝေဒနာစေတသိက်ဟုခေါ်ကြောင်း ဖော်ပြခဲ့ပါ၏။ ဝေဒနာစေတသိက်သည် စိတ်ဖြစ်တိုင်းပါလေမြဲဖြစ်၏၊ အမြဲယှဉ်စေတသိက်တစ်မျိုးတည်း။

လူသာမန်တို့၏စိတ်သည် အာရုံကိုလိုက်၍ဖြစ်၏၊ဇောစိတ်သည်လည်းများသောအားဖြင့် အာရုံအလိုက်စော၏၊ သို့သော် အာရုံသည်ကားတစ်ခုတည်းမဟုတ်၊ တစ်မျိုးတစ်စားတည်းမရှိ၊ ကောင်းသောအာရုံ၊ ကောင်းဆိုးမဟုတ်၊ မှန်တန်းအာရုံဟူ၍ လောက၌ အမှန်ရှိနေ၏။ (ပြီးခဲ့သောလ ဆောင်းပါး၌ ဖော်ပြခဲ့ပြီး)။

ဤကဲ့သို့ အာရုံများက တစ်မျိုးတစ်စာတည်းမဟုတ်ပဲ ထွေထွေပြားပြားရှိနေသည်ဖြစ်ရာ ယင်းအာရုံတို့ကိုခံစားသော ဝေဒနာသဘာဝသည်လည်း တစ်မျိုးတစ်စားတည်းမဟုတ်တော့၊ အာရုံကိုလိုက်၍ ဝေဒနာအမျိုးမျိုး ဖြစ်ပွားလာသည်။ 'ခံစားခြင်း' ဆိုသည့် သဘာဝလက္ခဏာတစ်ခုတည်းမျှသာဖြစ်သော ဝေဒနာသည် အာရုံအမျိုးမျိုးနှင့် ပေါင်းမိသောအခါ ခံစားပုံ ခံစားနည်း ကွဲပြားလာရသည်၊ ဤသည်မှာ စဉ်းစားမှုအခြေခံဖြစ်ပါသည်၊

လိုချင်စဖွယ် နှစ်သက်မြတ်နိုးဖွယ်ရှိသော ဣဋ္ဌာရုံကိုတွေ့ရမြင်ရသောအခါ၊ ခံစားရမှုသည် ကောင်း၏၊ ချမ်းသာ၏၊ မုန်းတီးစရာ၊ စက်ဆုပ်ရွံရှာ

ဖွယ်ရာ အနိဋ္ဌာရုံကိုတွေ့ရမြင်ရသောအခါ ခံစားရမှုသည် မကောင်း၊ မချမ်းမြေ့၊ စိတ်နှလုံးညှိုးချုံး၏၊ မြတ်နိုးလောက်စရာလည်း မဟုတ်လှ၊မကြိုက်နိုင်ဖွယ်ဟုလည်း မဆိုနိုင်သော ဣဋ္ဌာမဇ္ဈတ္တာရုံ (မှန်တန်းအာရုံ) မျိုးနှင့်တွေ့ကြုံရသောအခါ စိတ်ချမ်းသာခြင်း ဆင်းရဲခြင်းမဖြစ်၊ သာမန်ခံစားမှုမျိုး၊ သာပန်ဝေဒနာမျိုးသာ ဖြစ်ဘိ၏။

ကောင်းသော ချမ်းသာသောသဘောကို ပါဠိဘာသာဖြင့် သုခ၊ သောမနဿ ဟုခေါ်၏၊ မကောင်းသော ဆင်းရဲသောသဘာဝကို ဒုက္ခ၊ ဒေါမနဿဟု၏၊ လိုနှစ်မျိုး၏ အကြားမှန်တန်းသဘာဝကိုမူ ဥပေက္ခာဟုခေါ်၏၊ ယင်းဝေါဟာရများကို ဝေဒနာဟူသောစကားလုံးနှင့် ဆက်စပ်သည်ရှိသော် သုခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူသော ဝေါဟာရသစ်များ ရလာပေသည်။

ဤတွင် အဘိဓမ္မာပညာရပ်၌ သိမ်မွေ့သော အချက်တစ်ရပ်ကို ထည့်သွင်းမှတ်သားရန် လို၏။ 'သုခဝေဒနာ'ဆိုရာ၌ 'သုခ' တစ်ခြား၊ 'ဝေဒနာ'တစ်ခြားမဟုတ်၊ 'သုခ'သည်ပင် 'ဝေဒနာ'တည်း၊ တစ်နည်းဆိုရသော် 'ကောင်းသည်' (ချမ်းသာသည်) ဆိုသည်မှာ ခံစားမှုပင်ဖြစ်၏၊ မှန်၏၊ နိဗ္ဗာန်မှတစ်ပါး လောကီနယ်၌ ခံစားမှုမရှိပါပဲ ကောင်းသည် (ချမ်းသာသည်)ဟူ၍ မရှိနိုင်ချေ။ ခံစားမှုရှိ၍သာ (ဝါ) ခံစား၍သာ 'ကောင်းသည်'ဟူ၍ ခေါ်ရခြင်းဖြစ်၏။ ယင်းကို ဝေဒယိတသုခ (ခံစားချမ်းသာ)ဟု ဆိုရသည်။

ပမာဆိုပါစို့၊ နှင်းဆီပန်းကလေးတစ်ပွင့်သည် နှင်းဆီခြံ တွင်း၌ သူ့ဟာသူ ဖူးပွင့်နေပါက(ဝါ) လူနှင့် မဆက်စပ်ပါက လှသည်ဟူ၍လည်း ကောင်း၊ နှစ်သက်စရာဟူ၍လည်းကောင်း ပြောရန်မလိုချေ။ လူ၏မျက်စိက ကြည့်မြင်လိုက်သည့်အခါကျမှ ယင်းနှင်းဆီပန်းကလေးကို ကောင်းသည်၊ လှသည်၊ နှစ်သက်စရာဖြစ်သည်ဟု ပြောရခြင်းဖြစ်ပေသည်၊ ပင်ကိုယ်လှမို့ လှသည်ဟုဆိုရခြင်းဖြစ်၏။

ဟင်းတစ်ခွက်ကို ပမာတင်ကြည့်လျှင် ပို၍သိသာ၏၊ ပန်းကန်ထဲ၌ ထည့်ထားသောဟင်းကို ကောင်း့မကောင်း၊ အပေါ့ အငန် မည်သို့မျှ မပြောနိုင်ပေ၊ လျှာဖြင့်မြည်းကြည့်လိုက်မှ ကောင်းသည် သို့မဟုတ် မကောင်းဟူသောအချက်ကို ပြောနိုင်လာ၏၊ အပေါ့ အငန်ကို ပြောနိုင်လာ၏။

အထက်ပါ ပန်းနှင့် ဟင်းခွက်ဥပမာကို သေချာစွာစဉ်းစားဆင်ခြင်ကြည့်လျှင် ခံစားမှုရှိလာမှသာ ယင်းခံစားရမှုကိုလိုက်ပြီးကောင်း, မကောင်း (ဣဋ္ဌ၊အနိဋ္ဌ) ခွဲခြားပြောရသောအဆင့်သို့ ရောက်လာကြောင်း သိနိုင်၏။ 'ခံစား' မှု ကောင်းသောခံစားမှု (သို့မဟုတ်) မကောင်းသောခံစားမှုဟူ၍လည်း ဖြစ်ပွားလာရကြောင်း ဆင်ခြင်နိုင်ရာ၏။ တစ်နည်းဆိုရသော် ကောင်းတာလည်း ခံစားမှုပင်၊ မကောင်းတာလည်း ခံစားမှုပင်၊ သို့သော် ခံစားမှုသာမန်မှ ကောင်းသောခံစားမှု၊ မကောင်းသောခံစားမှုဟူ၍ကွဲပြားလာရခြင်းသည်ကား အာရုံအမျိုးမျိုး၏ ပင်ကိုယ်အရည်အသွေးအမျိုးမျိုးကွဲပြားနေမှုကြောင့် ဖြစ်ပေသည်။

ဤဆောင်းပါးတွင် ဇောနှင့်ပတ်သက်ပြီး ဝေဒနာရှာနေကြသည်ဖြစ်၍ ကိုယ်နှင့်ပတ်သက်သော ဝေဒနာများကိုဖယ်ထားပြီး စိတ်ပိုင်းဆိုင်ရာဝေဒနာများကိုသာ ဆက်လက်ကောက်ယူရန် ဖြစ်၏၊ စိတ်ပိုင်းဆိုင်ရာဝေဒနာများမှာ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာ ဤသုံးမျိုးပင်ဖြစ်၏။ ကြိုက်နှစ်သက်စရာ ဣဋ္ဌအာရုံနှင့်တွေ့လျှင် သောမနဿဝေဒနာ(အကောင်းခံစားမှု)ဖြစ်၏၊ မုန်းတီးစရာ အနိဋ္ဌအာရုံနှင့်တွေ့လျှင် ဒေါမနဿဝေဒနာ(မကောင်းခံစားမှု)ဖြစ်၏၊ မှန်တန်းအာရုံနှင့်တွေ့လျှင် ဥပေက္ခာဝေဒနာ(လျစ်လျူခံစားမှု)ဖြစ်၏။

ဇောသည် လောဘဇော၊ ဒေါသဇော၊ မောဟဇော၊ အလောဘဇော၊ အဒေါသဇော၊ အမောဟဇောဟူ၍ (၆)မျိုးရှိကြောင်း သိခဲ့ရပြီ၊ လောဘဇောအရာ ဝမ်းသာကြည်နူးမှုကိုခံစားရသော သောမနဿဝေဒနာနှင့် မှန်တန်းသဘောအနေအထား ခံစားချက်ရှိသည့် ဥပေက္ခာဝေဒနာဟူ၍ ခံစားမှုနှစ်မျိုးရှိနိုင်၏၊ သောမနဿလောဘဇော၊ ဥပေက္ခာလောဘဇောဟူလို၊ ဒေါသဇောအရာတွင်မူ စိတ်မချမ်းမြေ့ရသည့် ဒေါမနဿဝေဒနာတစ်မျိုးတည်းသာဖြစ်၏။ ဒေါသစိတ်ဖြစ်သည့်အခါ ပျော်ရွှင်ချမ်းမြေ့မှုလည်းမရှိ၊ သာမန်အနေအထားလည်းမရှိချေ။ မောဟဇောအရာတွင်ကား ဥပေက္ခာဝေဒနာသက်သက်ဖြစ်၏၊ မောဟစေတသိက်နှင့်ယှဉ်သောစိတ်၌(ဝါ) မောဟဖြစ်နေသောအခါ၌ ပျော်ရွှင်မှု၊ ပြစ်မှားမှုဟူသော ခံစားချက်လုံးဝကင်းမဲ့၏၊ လျစ်လျူသဘောသာ မင်းမူ၏။

အလောဘဇော၊ အဒေါသဇော၊ အမောဟဇောအရာ၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ နှစ်မျိုးခံစားချက်ဖြစ်နိုင်၏၊ ဒေါမနဿ

ဝေဒနာ လုံးဝမရှိ၊ ဆိုလိုသည်မှာ မတွယ်တာ မတပ်မက်သော စိတ်နေသဘောထားဖြစ်လျှင် ပျော်ရွှင်ဝမ်းသာမှုသော်လည်းကောင်း၊ သာမန်လျစ်လျူမှုသဘောသော်လည်းကောင်း တစ်မျိုးမျိုးဖြစ်၏။ စိတ်မချမ်းသာသည့် ဒေါမနဿဝေဒနာ လုံးဝမဖြစ်။ မပြစ်မှားခြင်း၊ သနားကြင်နာခြင်းစသည့် အဒေါသစေတသိက်နှင့် အတူဖြစ်သောစိတ်၌လည်း သောမနဿ၊ ဥပေက္ခာသဘောမျှသာဖြစ်၏။ ဒေါမနဿဖြစ်ရိုး မရှိပေ။ မှန်ရာကန်ရာကို ယထာဘူတကျကျ သိတတ်မြင်တတ်သည့် အမောဟ (ပညာ)စေတသိက် (စိတ်၌မှီ၍စိတ်နှင့်အတူဖြစ်သောဉာဏ်) ဖြစ်လာသောအခါ၌လည်း သောမနဿနှင့် ဥပေက္ခာသာဖြစ်၏၊ စိတ်မချမ်းသာမှု ဒေါမနဿဝေဒနာလုံးဝ မဖြစ်ပေ၊ ဆိုလိုသည်မှာ ဉာဏ်သက်ဝင်နေလျှင် ပျော်မည်၊ သို့မဟုတ် တည်ငြိမ်မည်၊ စိတ်မချမ်းသာမှုကား လုံးဝမဖြစ်ဟူလို။

တစ်ဖန် အာရုံနှင့်ဝေဒနာ ထင်ဟပ်ကြည့်သင့်၏၊လိုလားနှစ်သက်ဖွယ် ဣဋ္ဌအာရုံကို ခံစားသောအခါ သာယာနှစ်သက်စွာ ခံစား၏၊ သာယာနှစ်သက်စွာခံစားမှုသည် သုခဝေဒနာ (ဝါ) သောမနဿဝေဒနာတည်း။ မလိုလားအပ်သောအနိဋ္ဌအာရုံကို တွေ့ကြုံခံစားရသောအခါ မသာမယာခံစားရ၏၊ မနှစ်သက်မသာယာစွာ ခံစားမှုသည် ဒုက္ခဝေဒနာ (ဝါ) ဒေါမနဿဝေဒနာတည်း။ ဣဋ္ဌအာရုံလောက် မကောင်းတတ်၊ အလယ်အလတ်စားသာမန်မျှဖြစ်သော ဣဋ္ဌမဇ္ဈတ္တအာရုံ တွေ့ကြုံခံစားရသောအခါ သာယာနှစ်သက်မှုမရှိပဲ၊ လျစ်လျူသဘောဖြင့် ခံစား၏၊ ထိုသို့လျစ်လျူသဘောဖြင့် ခံစားမှုသည် ဥပေက္ခာဝေဒနာတည်း။ ဤကား အာရုံအလိုက် ဝေဒနာဖြစ်ပေါ်လာပုံကို သတိပြုရန်အချက်တည်း။

အာရုံနှင့်ဇော၊ ဇောနှင့်ဝေဒနာ သုံးမျိုးပေါင်းစပ်ပြီး စဉ်းစားနိုင်သေး၏။

အာရုံက လိုချင်စရာ ဣဋ္ဌအာရုံဆိုပါစို့၊ ထိုဣဋ္ဌအာရုံကို ခုံမင်တွယ်တာကပ်ငြိပါက လောဘဇောစော၏။ နှစ်နှစ်သက်သက်ခံစားပါက သောမနဿဝေဒနာဖြစ်၏။ သို့ဖြစ်၍ ဣဋ္ဌအာရုံကို ခုံမင်တွယ်တာနှစ်သက်စွာခံစားပါလျှင် သောမနဿလောဘဇော စောသည်ဟုသိရ၏။

အာရုံက သိပ်ပြီးမကောင်းလှ၊ အလယ်အလတ်တန်းစားမျှသာ ဖြစ်သော ဣဋ္ဌမဇ္ဈတ္တအာရုံ ဆိုပါစို့၊ ဤအလတ်တန်းစားအာရုံကိုပင် တွယ်တာကပ်ငြိလျှင် လောဘဇောဖြစ်၏။ ခံစားချက်မှာမူ မပြင်းထန်ပဲ သာမန်လျစ်လျူသည့်သဘောသာဖြစ်၍ ဥပေက္ခာဝေဒနာသာဖြစ်၏။ သို့ဖြစ်၍ အလတ်တန်းစားအာရုံကို ခံစားချက်မပြင်းထန်ပဲ သာမန်မျှ လျစ်လျူသဘောဖြင့် အာရုံပြုပါက ဥပေက္ခာလောဘဇောကျသည် ဟု သိနိုင်ပေသည်။

တစ်ဖန် အာရုံက မနှစ်သက်ဖွယ်ရာ အနိဋ္ဌအာရုံဆိုပါစို့၊ ထိုအနိဋ္ဌအာရုံကို ပြစ်မှားပါက ဒေါသဇောစော၏။ မသာမယာသောအားဖြင့် ခံစား၍ ဒေါမနဿဝေဒနာဖြစ်၏။ သို့ဖြစ်၍ အနိဋ္ဌအာရုံကို မလိုမလား ပြစ်မှား၍ မသာမယာခံစားမှုဖြစ်သောအခါ ဒေါမနဿ ဒေါသဇောစော၏။ အမှန်စင်စစ် ဒေါသဖြစ်လျှင် စိတ်မချမ်းသာစမြဲ၊ ခံစားချက်မကောင်းစမြဲဖြစ်၍ ဒေါသဇောဆိုလျှင် ဒေါမနဿဝေဒနာဟူ၍ အထူးပြောဖွယ်ပင် မလို။ ဒေါသစိတ်၌ စိတ်မချမ်းသာသည့် ဒေါမနဿဝေဒနာတစ်မျိုးတည်းသာ ဖြစ်သည်ဟူလို။

ကောင်းသော ဣဋ္ဌအာရုံကိုဖြစ်စေ၊ အလွန်ကောင်းသော အတိဣဋ္ဌာရုံကိုဖြစ်စေ၊ အလယ်အလတ် ဣဋ္ဌမဇ္ဈတ္တအာရုံကိုဖြစ်စေ တွေ့သောအခါ တွယ်တာတပ်မက်မှု မငြိမစွန်းပဲ အေးငြိမ်းချမ်းမြေ့ တည်ငြိမ်သန့်ရှင်းစွာ အာရုံပြုလျှင် လောဘ၏ဆန့်ကျင်ဘက် အလောဘဇော စော၏။ ထိုအခါ၌ နှစ်သက်ဝမ်းသာသည့်သဘောပါလျှင် သောမနဿဝေဒနာဖြစ်ပြီး မှန်ဘမ်းသဘောထားဖြစ်လျှင် ဥပေက္ခာဝေဒနာဖြစ်၏၊ ထို့ကြောင့် သောမနဿအလောဘဇော၊ ဥပေက္ခာအလောဘဇောဟူ၍ ခံစားမှုအရ နှစ်မျိုးနှစ်စားဖြစ်နိုင်၏။

မကောင်းသော အနိဋ္ဌအာရုံကိုကြုံတွေ့ရသောအခါ နှလုံးသွင်းလိမ္မာစွာထား၍ မပြစ်မှား၊ စိတ်မဆိုး၊ ကြံ့ခိုင်တည်ငြိမ်သော စိတ်နေသဘောထားဖြစ်၏၊ ထိုအခါ ဒေါသ၏ဆန့်ကျင်ဘက် အဒေါသဇောစော၏။ ဤအဒေါသဇော၌လည်း နှစ်သက်ခံစားမှုသောမနဿ၊ သာမန်ခံစားမှုဥပေက္ခာဝေဒနာ နှစ်ဖြာကွဲနိုင်၏။

ထိုနည်းတူ ဣဋ္ဌအာရုံကိုဖြစ်စေ၊ အတိဣဋ္ဌအာရုံကိုဖြစ်စေ၊ ဣဋ္ဌမဇ္ဈတ္တအာရုံကို ဖြစ်စေ၊ အနိဋ္ဌအာရုံကိုဖြစ်စေ၊ တွေ့ကြုံရသောအခါ ယထာ

ဘူတကျကျ ရှုမြင်ဆင်ခြင်လျှင် အမောဟ(ပညာ)ဇော စောပေ၏။ ယင်းသို့ ပညာဇောကျရာ၌ ဝမ်းသာကျေနပ်မှုဖြစ်လျှင် သောမနဿဝေဒနာဖြစ်၍ လျစ်လျူသည့်သဘောဖြစ်လျှင် ဥပေက္ခာဝေဒနာဖြစ်ပေသည်။

အကျဉ်းချုပ် ဤသို့မှတ်နိုင်ပေသည်။

(က) နှလုံးသွင်းမလိမ္မာသူအား....

| အာရုံ | ဇော | ဝေဒနာ |
|---|---|---|
| ဣဋ္ဌအာရုံ | လောဘဇော | သောမနဿဝေဒနာ |
| အတိဣဋ္ဌအာရုံ | လောဘဇော | သောမနဿ ဝေဒနာ |
| ဣဋ္ဌမဇ္ဈတ္တအာရုံ | လောဘဇော | ဥပေက္ခာဝေဒနာ |
| အနိဋ္ဌအာရုံ | ဒေါသဇော | ဒေါမနဿ ဝေဒနာ |
| မည်သည့်အာရုံမဆို | မောဟဇော | ဥပေက္ခာဝေဒနာ |

( ခ ) နှလုံးသွင်းလိမ္မာသူအား....

| | | |
|---|---|---|
| ဣဋ္ဌအာရုံ | အလောဘဇော | သောမနဿ ဝေဒနာ |
| အတိဣဋ္ဌအာရုံ | အလောဘဇော | သောမနဿ ဝေဒနာ |
| ဣဋ္ဌမဇ္ဈတ္တအာရုံ | အလောဘဇော | ဥပေက္ခာဝေဒနာ |
| အနိဋ္ဌအာရုံ | အဒေါသဇော | ဥပေက္ခာဝေဒနာ |
| မည်သည့်အာရုံမဆို | အမောဟဇော | သောမနဿဝေဒနာ |
| | (ပညာ) | ဥပေက္ခာဝေဒနာ |

**မှတ်ချက်**။ ။လောဘဇော၊ ဒေါသဇောကျလျှင် မောဟဇောလည်းပါလေ မြဲဖြစ်၏။ လောဘနှင့်မောဟ၊ ဒေါသနှင့်မောဟ တွဲ၍ဖြစ်သည်ဟူလို၊ မှန်၏၊ မောဟဖုံးလွှမ်း၍ပင် လောဘ၊ ဒေါသဖြစ်ခွင့်ရပေသည်။

အထက်ပါ တွဲစပ်ဖော်ပြချက်သည်အအဘိဓမ္မာကိုလေ့လာဦးစပုဂ္ဂိုလ် များအတွက် မှတ်သားနိုင်ရန် ယေဘုယျအချက်ကိုသာ ဖော်ပြခြင်းဖြစ်ပါ၏၊ ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့သည့်အတိုင်း 'ပရိတပ္ပ' ကြုံကြိုက်ဖန်ဖန် သူငယ်အိမ်စောက်ထိုး အာရုံပြောင်းပြန် မမှန်မကန်မှုများ မပါသေးချေ။ ဓမ္မတာလမ်း ဖြစ်မြဲတမ်းလောက်ကိုသာ ဤ၌ ဖော်ပြခြင်း ဖြစ်ပါသည်။

**နှစ်ဖက်လှ**

(၁၉၇၃-ခု၊ ဇန်နဝါရီလ၊ သိပ္ပံမဂ္ဂဇင်း၊)

# လူသာမန်မှာ အာရုံခေါ်ရာ စိတ်ကပါ

ဆရာခင်ဗျား ပြီးခဲ့တဲ့လကဆောင်းပါးကို ဖတ်လိုက်တော့ အချုပ်အားဖြင့် ကျွန်တော်တို့လူသားတွေမှာ စောနေတဲ့ ဇောစိတ်က(၆)မျိုး၊ ခံစားမှုဝေဒနာက(၃)မျိုး၊ တွေ့မြင်နေရတဲ့အာရုံက (၄)မျိုး၊ ဒီလိုသိလိုက်ရပါတယ်။

ဟုတ်ပါတယ်၊ဒီနေ့လူ့ကမ္ဘာမှာ လူဦးရေသန်းပေါင်း ၄၅၀၀-သန်းရှိတယ်လို့ ၁၉၈၂-ခုနှစ်၊ နိုဝင်ဘာလထုတ် ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားတယ်မဟုတ်လား၊ လူတွေ ဘယ်လောက်များများ၊ လူသားတွေမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့ ဇောစိတ်တွေကို ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်တည်းဟူသော လုံထဲထည့်ကျိုကြည့်လိုက်တော့ ဇောစိတ်(၆)မျိုးပဲ အနှစ်တင်ကျန်ပါတယ်၊ ဒီ(၆)မျိုးထက် အပိုအလိုမရှိပါဘူး။

ပုထုဇဉ်လူသားတစ်ယောက်မှာ တွေ့ကြုံရတဲ့ အာရုံမြင်ကွင်းအလိုက် ဒီဇောစိတ်(၆)မျိုးပဲ အ[illegible]အလှယ် ဖြစ်ပျက်နေပါတယ်။ တစ်နည်းပြောရလျှင် လူသားတွေရဲ့စိတ်[illegible]တသိက် (နာမ်ပိုင်း) ဖြစ်စဉ်ကြီးမှာ ဒီဇော(၆)မျိုးကသာ လှ[illegible]ခြယ်လှယ်နေကြပါတယ်။ စိတ်ဝီထိ ဖြစ်စဉ်မှာ ကျန်တဲ့စိတ်စေတသိက်များဟာ ဒီဇော (၆)မျိုးကိုပဲ ဝိုင်းဝန်းပံ့ပိုးဖြစ်ပေါ်ကြပါတယ်။

ဒီဇော(၆)မျိုးမှာ လောဘဇော၊ ဒေါသဇော၊ မောဟဇော၊ သုံးမျိုးဟာ အကုသိုလ်ဇောဖြစ်ပါတယ်။အလောဘဇော၊ အဒေါသဇော၊ အမောဟဇောသုံးမျိုးကတော့ ကုသိုလ်ဇောဖြစ်ပါတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့သဘောသဘာဝကို ၁၉၈၂-ခုနှစ်၊ ဇန်နဝါရီလထုတ် သိပ္ပံမဂ္ဂဇင်းမှာ အနည်းငယ်ဖော်ပြခဲ့ပါတယ်၊ အပြစ်ရှိတယ်၊ မကောင်းကျိုးပေးတယ်ဆိုတဲ့သဘောဟာ အကုသိုလ်ပဲ၊ အပြစ်မရှိဘူး၊ ကောင်းကျိုးပေးတယ်ဆိုတဲ့သဘောဟာ ကုသိုလ်ပဲ။

လူတွေမှာ အိပ်စိတ် (ဘဝင်စိတ်) နဲ့ နိုးစိတ်(ဝီထိစိတ်) ရယ်လို့ အကြမ်းအားဖြင့် စိတ်နှစ်မျိုးနှစ်စားဖြစ်တဲ့အကြောင်း ပြောခဲ့ပါပြီ၊ လူတစ်ယောက်မှာ မျက်စိနှစ်လုံးပွင့်တဲ့အချိန်က မျက်စိနှစ်လုံးမှိတ်တဲ့အချိန်အထိ၊

ဒီကြားထဲမှာ နိုးစိတ်တွေမပြတ်ဖြစ်နေတာပဲ၊ စိတ်မဖြစ်တဲ့အချိန်ရှယ်လို့ မရှိဘူး၊ ယုတ်စွအဆုံး ထိုင်နေနိုင်တာ၊ လမ်းလျှောက်နိုင်တာဟာ နိုးစိတ်တွေဖြစ်နေလို့ပါပဲ။ နိုးစိတ်တွေက တွန်းအားပေးထားလို့သာ အကြောတွေ ကြွက်သားတွေဟာ သန်မာတောင့်ခိုင်ပြီး ထိုင်ခြင်း၊ လမ်းလျှောက်ခြင်းစသည် ဖြစ်တာပါပဲ။ နိုးစိတ်ပြတ်ပြီး အိပ်စိတ်ဖြစ်လာတာနဲ့ လူဟာ ဘယ်လောက် ကြွက်သားတွေသန်မာနေနေ၊ ပျော့ခွေလဲလျောင်းသွားရတာပဲ မဟုတ်လား။

ဤကဲ့သို့ မပြတ်ဖြစ်နေတဲ့စိတ်တွေဟာ အာရုံတည်း ဟူသော အကြောင်းနဲ့ကင်းပြီး မဖြစ်ဘူး၊ စိတ်ဖြစ်တိုင်း အာရုံပြုမှုပါစမြဲဖြစ်ပါတယ်။ အာရုံနဲ့ကင်းပြီးဖြစ်တဲ့စိတ်ရှယ်လို့ လုံးဝမရှိဘူး၊ အာရုံဟာလဲ အဓိကအားဖြင့် ၄-မျိုးပဲရှိတယ်ဆိုတာ သိခဲ့ရပြီ၊ ဒါပေမယ့် အကျယ်ချဲ့ရင်တော့ တစ်ကမ္ဘာလုံးဟာ အာရုံတွေချည်းပါပဲ။

အဲဒီတော့ အာရုံတွေကိုမြင်နေရတဲ့အခါ အကုသိုလ်ဇောကျရင်လဲ ကျတယ်၊ ကုသိုလ်ဇောကျရင်လဲ ကျတယ်၊ တစ်ခုခုတော့ဖြစ်မှာပဲ။

ဒါဖြင့်ဆရာ၊ ဘယ်လိုကြောင့် အကုသိုလ်ဇောဖြစ်သလဲ၊ ဘယ်လိုကြောင့် ကုသိုလ်ဇောဖြစ်သလဲ၊ ဒါကိုသိဖို့လိုပါတယ်။

ဟုတ်ပါတယ် ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့ဆိုတာက-

(၁) လူရဲ့နှလုံးသွင်း (မနသိကာရ)နဲ့

(၂) တွေ့ရတဲ့အာရုံ

ဒီအချက်နှစ်ရပ်ပေါ်မှာ မူတည်ပါတယ်။ မှတ်သေမှတ်ထားလို့တော့မရပါ။

"နှလုံးသွင်း"ဆိုတဲ့စကားအခြေအခံကတော့ တော်တော်လေးကျယ်ဝန်းပါတယ်။ ကျား၊ မဆိုတဲ့ လိင်ကွဲပြားမှုအချက်၊ အသက်အရွယ်ဆိုတဲ့ အခြေအနေကွဲပြားမှုအချက်၊ ပညာဗဟုသုတဆိုတဲ့ အရည်အချင်းမတူဘဲ အချက်စတဲ့အကြောင်းများကြောင့် လူချင်းတူပေမဲ့ အသက်ရှူချင်းကွဲတယ်ဆိုတဲ့စကားအတိုင်းပဲ၊ လူတစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း အမြင်ချင်း မတူတတ်ပါ၊ အခြေခံမတူလျှင် အာရုံတစ်ခုကိုတွေ့မြင်ရာ၌ ဇောကျပုံချင်းလဲ ကွဲပြားသွားပါတော့တယ်၊ ခံစားမှုဝေဒနာလည်း တစ်မျိုးစီဖြစ်သွားတတ်ပါတယ်။

ဥပမာပုံဆောင်ပြပါဆရာ–။

'နှင်းဆီပန်းလှလှကလေးတစ်ပွင့်' ကိုမြင်တဲ့နေရာမှာပဲ စဉ်းစားကြည့်ပါ။ နှင်းဆီပန်းကို အမျိုးသမီးတစ်ဦးကမြင်လျှင် လိုချင်တဲ့စိတ် (လောဘဇော)ကျဖို့များတယ်။ သဘောကျတဲ့ သောမနဿဝေဒနာဖြစ်လိမ့်မယ်၊ အကယ်၍ ယောကျ်ားတစ်ဦးကမြင်လျှင်မူ ဝမ်းပန်းတသာလိုချင်မှု(သောမနဿလောဘဇော)ကျချင်မှ ကျပါလိမ့်မယ်။

တစ်ဖန် အသက်အရွယ်အလိုက်လဲ စိတ်နေစရိုက်ကွဲပြားပါသေးတယ်၊ နှင်းဆီပန်းကိုပဲ အပျိုကလေးတစ်ဦးကမြင်ပုံနှင့် အဖွားကြီးတစ်ဦးကမြင်ပုံချင်း၊ ခံစားမှုချင်းတူချင်မှတူမယ်၊ မိန်းကလေးက နှင်းဆီပန်းလှလှကို အာသာငန်းငန်း တမ်းတမ်းတတလိုချင်မည်ဖြစ်သော်လည်း မယ်သက်ကြီးကမူ သာမန်မျှသဘောထားရှုမြင်ချင်မြင်ပေမယ်။ ထိုအခါ မိန်းကလေး၌ သောမနဿလောဘဇောစိတ်ဖြစ်ပြီး အမယ်အို၌ ဥပေက္ခာလောဘဇောမျှသာဖြစ်ပေလိမ့်မယ်။

ပညာဗဟုဟုတအခြေခံအရလည်း ဇောကျပုံ ကွဲပြားနိုင်ပါသေးတယ်၊ နှင်းဆီပန်းကိုမြင်ရာ၌ သာမန်ရိုးရိုးမိန်းမမျိုးဖြစ်ပါက 'နှင်းဆီပန်း' ဟု သာမန်သာ သိရှာမယ်။ ရပ်ကြီးသူ ဗဟုသုတရှိသူဖြစ်ပါက ဟာဒီနှင်းဆီပန်းက ဟက်ပီးနိုင်နာမျိုးပဲ၊ အင်္ဂလန်မျိုးပဲစသည်ဖြင့် ဗဟုသုတအပိုအကဲဆောင်းကာ ပိုပြီးမြတ်နိုးနှစ်သက်ချင် နှစ်သက်ပေမယ်။ ဗဟုသုတအခြေခံပြီး ဤနှင်းဆီပန်းသည်ပင် သူ့အဖို့ ဣဋ္ဌာရုံမျှမက အတိဣဋ္ဌာရုံအဆင့်သို့ ရောက်သွားနိုင်ပါတယ်။

ဣဋ္ဌာရုံကိုလောဘတပ်ပုံနှင့် အတိဣဋ္ဌာရုံကိုလောဘဇောကပ်ပုံချင်းတူပါတယ်၊ လောဘဒီဂရီ နည်းတာနဲ့များတာ ကွာတယ်လို့ပြောလျှင် သာ၍ နားလည်မည်ထင်ပါတယ်၊ အဘိဓမ္မာပဋ္ဌာန်းစကားပြောရင်တော့ အတိဣဋ္ဌာရုံကို လောဘငြိပြီဆိုလျှင် အဓိပတိပစ္စည်းတပ်ပြီး အလွန်အမင်းတန်ဖိုးထားတတ်တယ်လို့ ပြောရပါမယ်၊ ရှိပါစေတော့။

ဖြစ်နိုင်သေးသည်မှာ ဘုရားတရားအလွန်လေးစားပြီး ဘာသာရေးကိုင်းရှိုင်းသူအနေနဲ့ နှင်းဆီပန်းကိုမြင်လျှင် လှူလိုက်တာ၊ ဘုရားလှူဖို့ဘုရားပန်းဝယ်မှပဲဆိုပြီး အလှူ့ါနဘက် စိတ်ကရောက်သွားနိုင်ပါတယ်။ ဒီအခါမှာဆိုလျှင် သူ့မှာအကုသိုလ်လောဘဇောမဖြစ်ပဲ ကုသိုလ်အလောဘဇောကျသွားပေလိမ့်မယ်။ ဒီထက်ရင့်ကျက်သူ၊ ဥပမာ–ဝိပဿနာကမ္မဋ္ဌာန်း

စီးဖြန်းအားထုတ်ပြီး မြင်မြင်သမျှ သင်္ခါရကို အနိစ္စပဲဟု ရှုလေ့ရှိသူက ယင်းနှင်းဆီပန်းကိုပဲ ဩော်–မမြဲတဲ့အလှအနိစ္စပါတကားဟု ရှုပွားဆင်ခြင် ထင်မြင်ကောင်းထင်မြင်ပေလိမ့်မယ်။ ဤလိုမြင်လျှင် သူ့မှာကျတဲ့ဇောသည် ကုသိုလ်အမောဟဇော(ပညာဇော) ဖြစ်ပြီဟုသာ မှတ်ရတော့မယ်။

ဒီလောက်ဆိုလျှင် အာရုံတစ်ခုကိုမြင်ရာ၌ ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့ အတွက်ကာယကံရှင်လူသားတစ်ဦးရဲ့နှလုံးသွင်း (မနသိကာရ) အဘယ် လောက်အခရာကျတယ်ဆိုတာကို ရိပ်မိနိုင်လောက်ပါပြီ။

နောက်တစ်ခုကရော ဆရာ–

နောက်တစ်ခုက တွေ့ကြုံရတဲ့ အာရုံ့ဇွမ်းအားကိစ္စပဲ ဖြစ်ပါတယ်၊ ကိုယ့်ဟာကိုယ်ပဲစဉ်းစားကြည့်ပါ၊ နှင်းဆီပန်းလှလှကလေးကို မြင်တာနဲ့ ခွေးသေကောင်ပုပ်ကိုမြင်တာ ကိုယ့်စိတ်မှာ ဘယ်လိုဖြစ်မလဲ၊ တူပါ့မလား၊ မတူပါဘူး၊ နှင်းဆီပန်းလှလှလေးမြင်ဘေ ၂ ပါးစပ်ကထုတ်မပြောပေမဲ့ စိတ်ထဲကတော့ လှလိုက်တာလို့ဖြစ်တကနဲဖြစ်မှာပဲ၊ ခွေးသေကောင်ပုပ် မြင်တော့ မနှစ်သက် မလိုလားတဲ့ ရွံတဲ့ စိတ် ဖြစ်မှာပါပဲ။ ဆုတ်နစ်တဲ့ စိတ်ဖြစ်မှာပဲ မဟုတ်လား။

လှလိုက်တာလို့ဖြစ်တဲ့စိတ်က လောဘစိတ်၊ လောဘဇောကျတာပဲ၊ သဘောသိပ်ကျလျှင် သောမနဿဝေဒနာ၊ အမှတ်တမဲ့သာမန်သာဆိုရင် ဥပေက္ခာဝေဒနာ၊ ဒါလောက်ပဲကွာပါတယ်။ ခွေးသေကောင်ပုပ်မြင်လို့ စက်ဆုပ်တဲ့ဇောစိတ်ကတော့ ဒေါသစိတ်ပဲ၊ ခံစားရတဲ့ဝေဒနာက ဒေါ မနဿဝေဒနာပဲ ဖြစ်ပါတယ်။

နှင်းဆီပန်းနဲ့ ခွေးသေကောင်ပုပ်ကိုပြောတာက သိသာတာကို ပြောတာပါ။ တခြားဟာတွေကိုလဲ ဆက်စဉ်းစားကြည့်ပေါ့၊ အိမ်က ထွက်ပြီးလူ စည်ကားတဲ့လမ်း လျှောက်သွားတဲ့အခါ လှတာကလေးကိုမြင် တော့ စိတ်ထဲကလှလိုက်တာ၊ အရုပ်ဆိုးတာကြီးတွေမြင့်တော့ အင်း အရုပ် ဆိုးလိုက်တာ၊ အဲဒီလို စိတ်မှတ်လေးတွေ ဖြစ်သွားတာပဲ မဟုတ်လား၊ ခြွင်းချက်ကတော့ ကိုယ့်အတွေးနဲ့၊ ကိုယ့်အငေးနဲ့သွားလို့ အမှတ်တမဲ့ ဖြစ်သွားတာလဲ ရှိမယ်ပေါ့။

လှတယ်လို့မှတ်ချက်ချတာနဲ့ လောဘဇောကျပြီးသား ဖြစ်ပါတယ်၊ အရုပ်ဆိုးတယ်လို့ မှတ်ချက်ချတာနဲ့ ဒေါသဇောကျပြီးသား ဖြစ်ပါတယ်၊ ဒီနှစ်ခုကလွတ်ရင်တော့ မောဟဇောဖြစ်ပါလိမ့်မယ်။

အဲဒီလို တွေ့မြင်ရတဲ့အာရုံများပေါ်မှာ အမြင်အတိုင်း၊ အတွေ့အတိုင်း လှ မလှ၊တင့်တယ် မတင့်တယ် ခွဲသွားတာကို သုဘာသုဘနိမိတ္တ-လို့ ပါဠိကျမ်းဂန်များမှာ ဖော်ပြပါတယ်။ သုဘနိမိတ္တ – တင့်တယ်တယ်လို့ အမှတ်ထားမှု၊ အသုဘနိမိတ္တ–မတင့်တယ်ဘူးလို့ အမှတ်ထားမှု။

များသောအားဖြင့် သူလိုငါလို ပုထုဇဉ်လူသာမန်တွေက အာရုံ ခေါ်ရာ စိတ်ကပါမြဲဖြစ်ပါတယ်။ ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံနဲ့တွေ့ရင် လောဘ ဖြစ်တယ်၊ အနိဋ္ဌာရုံနဲ့တွေ့ရင် ဒေါသဖြစ်တယ်၊ ဒါပဲများပါတယ်။

ဒေါသဖြစ်တယ်ဆိုရာ၌ အရပ်ထဲမှာနားလည်နေသလို စိတ်ဆိုးတာ ကို တစ်ခါတည်းမယူပါနဲ့၊ အဘိဓမ္မာနည်းကျကျပြောရလျှင် ဒေါသဆို တာ ထိခတ်မှုသဘော၊ ဆုတ်နစ်မှုသဘောဖြစ်ပါတယ်၊ ထိခတ်မှုသဘော မှာ အပျော့စား၊ အမာစား၊ အပြင်းထန်စား သဘာဝကွာခြားမှုရှိပါ တယ်၊ သို့ဖြစ်၍ ဒေါသဖြစ်တယ်ဆိုတာနဲ့ စိတ်ဆိုးတာပဲလို့ ခေါင်ရောက် အောင် မတွေးပါလေနဲ့၊ မကြိုက်တဲ့သဘောမှန်သမျှ ဒေါသ သဲဘော အခြေခံချည်းပဲ ဖြစ်ပါတယ်။

ထက်မြက်ရင့်ကျက်သူအချို့လောက်ကတော့ အာရုံခေါ်ရာ စိတ် မပါပဲ အာရုံဖြားယောင်းတိုင်း မလိုက်မိကြပါ၊ ငိုလွယ် ရီလွယ် မဟုတ် ကြပါ၊ တည်ငြိမ်တယ်၊ ခိုင်မြဲတယ်၊ ဤသူမျိုးကား အကောင်းမြင်မြင် အဆိုးမြင်မြင် တည်ငြိမ်ရင့်ကျက်စွာ တုန့်ပြန်ပါတယ်။ လောဘဇောလည်း အရမ်းမဖြစ်၊ ဒေါသဇောလည်း အရမ်းမဖြစ်၊ မြင်မြင်ကရာကို သုဘာသုဘ နိမိတ် မယူ၊ အာရုံကိုမလိုက်စား မိမိအလုပ်အကိုင် အကြံအစည်အတိုင်း သာ တည့်မတ်စွာစိတ်ထားပါတယ်။

ဆရာခင်ဗျား....အခု ဆရာပြောခဲ့တာတွေကို နားထောင်ရင်း ဒီလို နားလည်လိုက်ပါတယ်။ မျက်စိနှစ်လုံးပွင့်ကထဲက တွေ့မြင်ရတာတွေနဲ့ ပတ်သက်လို့ လူရဲ့နှလုံးသွင်းဆင်ခြင်မှုအရ ကုသိုလ်ဇောကျတာလဲရှိတယ်၊ အကုသိုလ်ဇောကျတာလဲရှိတယ်၊ ဒါက တစ်ချက်၊ နောက်တစ်ချက်က တွေ့ရတဲ့အာရုံကိုလိုက်ပြီးတော့ ကုသိုလ်ဇော၊ အကုသိုလ်ဇောကျတာလဲ ရှိတယ်၊ ဒီလိုဟုတ်လားဆရာ....။

ဟုတ်ပါတယ်....။

**နှစ်ဖက်လှ**
(၁၉၇၃–ခု၊ဖေဖော်ဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# လောဘဇောတွေ သိန်းသန်းကုဋေ
# ဒေါသဇောတွေ သိန်းသန်းကုဋေ

နေ့စဉ်ဘဝတွင် လူနှင့်လူ့ပတ်ဝန်းကျင် မည်သို့မည်ပုံဆက်သွယ်တုန့်ပြန်ဖြစ်ပေါ်နေသည်ကို အရင်းအမြစ်ကျကျ ဗုဒ္ဓအဘိဓမ္မာနည်းပညာဖြင့် ရှာဖွေလာခဲ့ပါသည်။ အဘိဓမ္မာတွင် လူတစ်ကိုယ်လုံးကိုခြုံ၍ ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါး စုံလင်စွာ ဖော်ပြထား၏၊ သို့ရာတွင် အဘိဓမ္မာအသိပညာနှင့်မည်သည့်အခါကမျှ အကျွမ်းတဝင်မရှိခဲ့သေးသော မျက်နှာစိမ်းများအတွက် အသိဉာဏ်မရှုပ်စေရန် မျက်စိနှင့်အမြင်ပိုင်းတစ်ရပ်ကိုသာ တစ်ကဏ္ဍခြား၍ တင်ပြလာခဲ့သည်မှာ အတော်အတန်ခရီးပေါက်ခဲ့ပြီဖြစ်ပါသည်။

## ဝီထိအဓိပ္ပါယ်

'ဝီထိ'ဆိုသောစကားသည် 'စိတ်တို့၏ဖြစ်စဉ်'ဟု သိခဲ့ကြပါပြီ၊ သို့မဟုတ် မြင်ရန်အကြောင်းဖြစ်သော မျက်စိအကြည်ရုပ်တို့၌ မြင်စရာအာရုံများ ထင်လာသည့်အတွက် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်ချုပ်ပျက်သွားကြသော စိတ်တို့၏အစဉ်အတန်းကို 'ဝီထိ'ဟု ခေါ်ထားကြောင်း နားလည်ခဲ့ကြပါပြီ။

ပါဠိလို မျက်စိကို 'စက္ခု'ဟု ခေါ်၏၊ မျက်စိသည် အမြင်စိတ်များဖြစ်ပေါ်ချုပ်ပျက်ရာ တံခါးပေါက်သဖွယ်ဖြစ်၍ 'ဒွါရ'လည်း မည်ပေ၏။ ထို့ကြောင့် 'စက္ခုဒွါရ'ဟူသည် မျက်စိတည်းဟူသော ဝင်ပေါက်ထွက်ပေါက်(တံခါး)ပေတည်း။

## စက္ခုဒွါရ(၁၅)ဝီထိ

ထိုစက္ခုဒွါရ(မျက်စိတံခါး)၌ ဖြစ်ပေါ်ချုပ်ပျက်သော စိတ်အစဉ်(ဝီထိ)သည် မျက်စိအကြည်ရုပ် ကောင်းမကောင်းအခြေအနေနှင့် တွေ့ရမြင်ရသော အာရုံအမျိုးမျိုး၏ခွန်အားကိုလိုက်ပြီး ၁၅–မျိုးမျှရှိပေ၏။ ယင်းကို စက္ခုဒွါရ(၁၅)ဝီထိဟု ခေါ်၏၊ ၎င်း(၁၅)ဝီထိကို အကျယ်ပြောနေလျှင် လက်တွေ့မဆံပဲ စာဆံလွန်းပြီး စိတ်မောစရာဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ရိပ်မိရုံမျှ အနည်းငယ်'တို့'လိုက်သည်ကပင် ကောင်းပါ၏။

မျက်စိကောင်းသူအား မြင်ရတွေ့ရသောအာရုံက ပြတ်ပြတ်သားသား ထင်ထင်ရှားရှား သိသာလှသဖြင့် ဝီထိစိတ်ပေါင်း(၁၄)စိတ်မျှ တန်းစီဖြစ်သွားသော စက္ခုဒွါရဝီထိက(၁)မျိုး၊ ယင်းကို စက္ခုဒွါရ အတိမဟန္တာရုံဝီထိဟု ခေါ်၏။ (အတိ=လွန်စွာ၊ မဟန္တ=အများ၊ အမြတ်၊ အကြီး။ အတိမဟန္တ=အလွန်များသော၊ အာရမ္မဏ=အာရုံ) တွေ့မြင်ရသောအာရုံမှာ သာမန်မျှသာဖြစ်၍ ဝီထိစိတ်(၁၂)မျိုးသာဖြစ်သော စက္ခုဒွါရဝီထိက(၂)မျိုး၊ ယင်းကို စက္ခုဒွါရမဟန္တာရုံဝီထိဟု ခေါ်၏။ အာရုံမြင်ကွင်းအားနည်း၍ ဇောပင်မကျနိုင်ပဲ ဝီထိစိတ်(၆)ကြိမ်မျှသာ ဖြစ်ပြီး ဘဝင်စိတ်သာများစွာဖြစ်သော စက္ခုဒွါရဝီထိက(၆)မျိုး။ ယင်းကို စက္ခုဒွါရ ပရိတ္တာရုံဝီထိဟုခေါ်၏။

ထို့ပြင် မည်သည့်ဝီထိစိတ်မျှမဖြစ်ပဲဘဝင်အစဉ်လှုပ်ရှားရုံမျှကလေးသာဖြစ်သည့် ဝီထိမျိုးလည်း(၆)မျိုးရှိသေး၏။ သို့သော် မျက်စိအကြည်မှန်သားကလေးပေါ်၌ အာရုံနိမိတ်ကျသည်ဆိုရုံမျှ ကျသည့်အတွက် စကားမကျန်အောင် ထည့်သွင်းရေတွက်ပြထားခြင်းဖြစ်၏။ ယင်းကို အတိပရိတ္တာရုံဝီထိဟုခေါ်၏။

## ဝီထိ(၃)မျိုးသာ အသုံးဝင်

သေသေချာချာ စဉ်းစားကြည့်ပါလျှင် စက္ခုဒွါရ (၁၅) ဝီထိဆိုရာ၌ ပထမဦးစဆုံး အတိမဟန္တာရုံဝီထိနှင့် နောက် မဟန္တာရုံနှစ်ဝီထိ၊ ပေါင်း(၃)ဝီထိသည်သာ အကျိုးအပြစ်စီစစ်၍ရသော ဝီထိများဖြစ်ကြ၏။ ယင်းသုံးဝီထိ၌သာ ဇောစော၏။ ကျန်ဝီထိများ၌ အာရုံမသဲကွဲ၍ ကောင်း၏ဆိုး၏စသည်စွဲယူဖို့ ဇောစောနိုင်ခြင်းမရှိချေ။

နှင်းဆီပန်းကလေးတစ်ပွင့်ကို မျက်စိဖြင့်မြင်ရာ၌ အလင်းရောင်ကောင်းကောင်းရပြီး မြင်သူကလည်း သေသေချာချာမြင်လျှင် စက္ခုဒွါရ အတိမဟန္တာရုံဝီထိ ကျ၏။ ထိုမျှလောက်အမြင်မပြတ်သားလျှင် မဟန္တာရုံဝီထိကျ၏။ ဤမျှသာတည်း။ သို့ရာတွင် မွေးကာစကလေးငယ်မျိုး၊ ရောဂါဖိစီးနှိပ်စက်ခံနေရသော လူနာမျိုးမှာမူ သူ၏မျက်စိအကြည်ရုပ်မှာ အာရုံထင်သော်လည်း အမြင်အားနည်းလှသဖြင့် အထက်ပါအတိမဟန္တာရုံ မဟန္တာရုံဝီထိမျိုးမကျနိုင်ပဲ၊ ပရိတ္တာရုံ၊အတိပရိတ္တာရုံဟုခေါ်ရသည့် အာရုံသက်နည်းလှသည့် ဝီထိမျိုးသာကျပေသည်။

အရေးကြီးသော အချက်တစ်ရပ်မှာ မျက်စိရှိရုံမျှဖြင့်(ဝါ) စက္ခုဒွါရမှာ ဝီထိစိတ်တွေ စီတန်းဖြစ်ချုပ်သွားရုံမျှဖြင့် သိရှိခံစား ပြစ်မှားခြင်းကိစ္စ မပြည့်စုံသေး၊ မနောဒွါရပါ ပါဦးမှ ပြည့်စုံပေသည်။ စက္ခုဒွါရ (မျက်စိ)နှင့် မနောဒွါရ (ဘဝင်)တို့ ပေါင်းမိမှသာ မြင်ခြင်းကိစ္စပြီးပြည့်စုံပေသည်။

## မနောဒွါရ(၇) ဝီထိ

မနောဒွါရစိတ်တို့သည် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ကြ၏၊ ယင်းစိတ်တို့သည် ပေါ်လွင်ထင်ရှားသော အာရုံများကိုလည်း တွေ့ရ၏။ မပေါ်လွင် မထင်ရှားသော အာရုံများကိုလည်း တွေ့ရ၏။ ထင်ရှားမှုကို ဝိဘူတ ဟု ခေါ်၏၊ မထင်ရှားမှုကို အဝိဘူတ ဟု ခေါ်၏။ မနောဒွါရ၌ ထင်ရှားသောဝိဘူတအာရုံ နှင့် မထင်ရှားသော အဝိဘူတအာရုံ၊ ဤနှစ်မျိုးသာ ရှိပေသည်။ ဝိဘူတအာရုံနှင့်သက်ဆိုင်သောဝီထိ၌ ဝီထိစိတ်(၁၀)မျိုးဖြစ်၏။ ဘဝင်လှုန်ပုံကိုလိုက်ပြီး ဝိဘူတအာရုံ ဝီထိ(၅)မျိုး ဟူ၍ ခွဲ ခြား နိုင် ၏။ အဝိဘူတအာရုံနှင့်သက်ဆိုင်သောဝီထိ၌ ဝီထိစိတ်(၈)မျိုးသာ ဖြစ်နိုင်၏။ ဘဝင်လှုန်ပုံကိုလိုက်ပြီး အဝိဘူတအာရုံဝီထိ(၂)မျိုး ဟူ၍ခွဲခြားသေး၏။ သို့ဖြစ်၍ မနောဒွါရ၌ (၇)ဝီထိဖြစ်၏။

အထက်ဖော်ပြပါ စက္ခုဒွါရ(၁၅)ဝီထိထဲမှ အတိမဟန္တာရုံနှင့် မဟန္တာရုံ(၃)ဝီထိ၊ မနောဒွါရ(၇)ဝီထိထဲ၌ ဝိဘူတာရုံ(၅)ဝီထိ၊ နှစ်ရပ်ပေါင်း(၈)ဝီထိ။ ဤ(၈)ဝီထိသည်သာ နေ့စဉ်ကဝ၌ အလုပ်ဖြစ်သော (ဝါ)အကျိုးအမြတ်ဖြစ်စေသော(ဝါ)လက်တွေ့ကျသော ဝီထိများဖြစ်၏။ ကျန်ဝီထိများမှာမူ ပညာရပ်သဘောအရ ပြည့်စုံအောင်ထည့်သွင်းထားသည့် စာဆံသော ဝီထိများဖြစ်ပေသည်။ ဤဆောင်းပါးများ၌ လက်တွေ့ကျသောဝီထိများကိုသာရည်ညွှန်း၍ လူနှင့်ပတ်ဝန်းကျင် ဆက်သွယ်မှုကို ဖော်ပြနေခြင်းဖြစ်ပါသည်။

မျက်စိဖြင့် နှင်းဆီပန်းကလေးကို မြင်သောအခါ ပန်းကလေး၏ ပစ္စုပ္ပန်ဆတ်ဆတ်ဖြစ်သော အဆင်းရုပ်ကလေးကို အာရုံပြုပြီး၊ စက္ခုဒွါရ၌ တစ်ဝီထိဖြစ်၏။ ပစ္စုပ္ပန်အဆင်းရုပ်ကလေး ချုပ်သွားပြီးနောက် အတိတ်ဖြစ်သွားသော ပန်းရုပ်ကလေးကို မနောဒွါရစိတ်ကခံယူပြီး တစ်ဝီထိဖြစ်၏။

ထို့နောက် ဟဆက်တည်း 'နှင်းဆီပန်း' ဆိုသော အမည်ပညတ်ကလေးကို အာရုံပြုပြီး မနောဒွါရတစ်ဝီထိ ဖြစ်၏။ ဤကဲ့သို့ စက္ခုဒွါရ (၁) ဝီထိ၊ မနောဒွါရ (၃) ဝီထိ၊ ပေါင်း (၄) ဝီတိ ဖြစ်သွားပြီးမှ လူအနေနှင့် နှင်းဆီပန်းဟူသော အသိကိုရရှိကြောင်း ယခင်ကဖော်ပြခဲ့ဖူးပါပြီ။

တစ်နည်းပြောရလျှင် လူသည် မျက်စိနှင့် ဟဒယဝတ္ထုတည်းဟူသော နှလုံးသွေးကြည်ရုပ်တို့ နှစ်မျိုးပေါင်းက ခံဆောင်ကျေးဇူးပြုမှသာ မျက်စိဖြင့်မြင်၍ သိမြင်နိုင်ပေ၏။ မျက်စိအကြည်ရုပ်နှင့် နှလုံးအကြည်ရုပ် နှစ်မျိုးကို အမှီပြုပြီးဖြစ်ကြရသည့် ဝီထိများကသာ နှင်းဆီပန်းကိုမြင်ခြင်း သိခြင်း ခံစားခြင်းဖြစ်၏။ မျက်ကြည်ရုပ်နှင့် နှလုံးသွေးကြည်ရုပ်တို့သည် စိတ်စေတသိက်တရားတို့၏ မှီရာ တည်ရာ အခြေခံရာ ဖြစ်ပေါ်ရာ နေရာဖြစ်ပေ၏။ ယင်းတို့က စိတ်စေတသိက်တို့ ဖြစ်ပေါ်နိုင်အောင် နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပဋ္ဌာန်းနည်းဖြင့် ပြောထားသျက်ရှိလေသည်။

နှင်းဆီပန်းကလေးကို မြင်ပြီး သိ ရှိ ခံ စား သည် အ ထိ ဝီထိပေါင်း(၄)ဝီထိကျရာ၌ စက္ခုဒွါရတစ်ဝီထိ၌လည်း ဇောခုနစ်ကြိမ်ကျ၏။ မနောဒွါရ(၃)ဝီထိ၌လည်း ဇော(၇)ကြိမ်စီကျ၏။ ထို့ကြောင့် ထိုအမြင်တစ်ခဏကလေး၌ ဇောအကြိမ်ပေါင်း ၂၈ ကြိမ် ထပ်တလဲလဲ ဖြစ်ချုပ်သွားပေသည်။ လောဘဖြစ်၍ လောဘဇောကျလျှင်လည်း (၂၈) ခါ၊ ဒေါသဖြစ်၍ ဒေါသဇောကျလျှင်လည်း (၂၈) ခါ စသည်ဖြင့် ဖြစ်၏။ ဤသည်မှာ မျက်စိအကြည်၌ အာရုံထင်လိုက်သည်မှစ၍ 'သာလဲ' ဟု ဒြပ်ဝတ္ထုကို သိလိုက်သည်အထိ ဖြစ်ပေါ်ချုပ်ပျက်သွားသော ဝီထိအုပ်စု တစ်အုပ်စုမျှသာ ဖြစ်၏။

အကယ်၍ ထိုနှင်းဆီပန်းကလေးကိုပင် ဆက်တိုက် ဆက်ပြီးကြည့်ပါက ထိုကဲ့သို့ (၄)ခုတွဲ ဝီထိအုပ်စုပေါင်း သိန်းသန်းကုဋေမက ဖြစ်ပျက်သွားပေသည်။အဘယ်ကြောင့်ဆိုသော် စိတ်စေတသိက်တို့သည် မျက်တောင်တစ်ခါခတ်ကာလအတွင်းကလေးမှာပင် ကုဋေတစ်သိန်းခန့် ဖြစ်ချုပ်သွားနိုင်ကြသောကြောင့် ဖြစ်ပေသည်။ ဝီထိပေါင်း သိန်းသန်းကုဋေကျသွားသဖြင့် ယင်း ဝီထိများတွင်ပါသော လောဘဖြစ်လျှင် လောဘသဘာဝပေါင်း သိန်းသန်းကုဋေ ဖြစ်ချုပ်သွား၏၊ ဒေါသဖြစ်လျှင် ဒေါသသဘာဝပေါင်း သိန်းသန်းကုဋေ ဖြစ်ချုပ်သွား၏။

## စဉ်းစားရန်အချက်

ဤနေရာတွင် ရုပ်ရှင်အရုပ်များလှုပ်ရှားပုံ၊ လေယာဉ်ပန်ကာများလည်ပတ်ပုံ၊ လျှပ်စစ်ဓာတ်စီးပုံစသည့် သိပ္ပံဆိုင်ရာအချက်များဖြင့် ပုံကပ်စဉ်းစားနိုင်၏။ ရုပ်ရှင်အရုပ်များသည် တစ်ချက်ခြင်းလှုပ်၏၊ စက်ဖြင့်အရှိန်မြန်အောင်လုပ်ပေးသောအခါတွင် တစ်ချက်ခြင်းလှုပ်ရှားမှုကိုမမြင်နိုင်တော့ပဲ တဆက်တည်းလှုပ်ရှားနေသည်ကိုသာ မြင်ရတော့၏။ ထိုနည်းတူ လေယာဉ်ပန်ကာလည်ရာ၌လည်း တစ်ချက်ခြင်းလည်ခြင်းသာဖြစ်၏။ အရှိန်မြန်လွန်း၍သာ လည်ပတ်မှုကိုမမြင်နိုင် မထင်နိုင်ဖြစ်၏။ လျှပ်စစ်စီးသွားရာ၌လည်း နည်းတူပင်တည်း။

ရုပ်ရှင်အရုပ်လှုပ်ရှားရာ၌ တစ်ချက်ခြင်းလှုပ်သည်ကို မမြင်နိုင်၊ လေယာဉ်ပန်ကာလည်နေရာ၌ လည်နေသောပန်ကာကိုမမြင်နိုင်၊ အလွန် ထင်ရှားသောရုပ်ဝတ္ထုကြီးများကိုပင် အရှိန်အဟုန်လျင်မြန်လွန်းလှ၍ လူ၏မျက်စိသည် လိုက်၍မမြင်နိုင်၊ သူဟာ လှုပ်ရှားနေသည်၊ မှတ်နေအောင်လည်နေသည်ဟု စိတ်ဖြင့်သာ သိနိုင်ပေသည်။

ဤဥပမာပုံဆောင်မှုသဘောကိုပေါက်လျှင် ရုပ်တရားထက်လွန်စွာသိမ်မွေ့သော နာမ်တရားတို့၏ဖြစ်စဉ်ကို ပကတိမျက်စိဖြင့် မည်သို့နည်းနှင့်မျှ မမြင်နိုင်(ဝါ)မျက်တွေ့မဖြစ်နိုင်၊ အသိဉာဏ်ဖြင့်သာ ဤသို့ဤနှယ်ဆက်လက်ဖြစ်ပျက်နေပါကလားဟု သိနိုင်ပေသည်။

နက်ရှိုင်းသော နာမ်တရားတို့၏ဖြစ်စဉ်ကို သာသနာပ ကမ္ဘာ့ပညာရှိတို့သည် ယနေ့အထိမတွေ့မသိကြသေးချေ။ ခန့်မှန်းယမ်းဆနေကြရုံသာရှိသေးသည်။ သို့ရာတွင် မြတ်ဗုဒ္ဓရှင်တော်ဘုရားမူကား သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသောကြောင့် ယင်းဉာဏ်တော်ကြီးဖြင့် ရုပ်လွန်ဖြစ်ရပ်အားလုံးကိုနက်နက်ရှိုင်းရှိုင်း ဒိဋ္ဌသိမြင်ပြီး ပြန်လည်ဟောကြားခဲ့ပေသည်။

ဤသို့ဟောကြားရစ်ခဲ့သော ဗုဒ္ဓအဘိဓမ္မာနည်းပညာအရ မျက်စိဖြင့် နှင်းဆီပန်းတစ်ပွင့်ကိုမြင်ရာ၌ ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ်အစဉ်ဖြစ်သွားပုံ၊ စက္ခုဒွါရဝီထိစသော ဝီထိအစဉ်ဖြစ်သွားပုံ၊ လောဘ၊ ဒေါသစသော အကုသိုလ်ဇော၊ ကုသိုလ်ဇောများ စောပုံတို့ကို လေ့လာသိရှိခွင့်ရရှိကြခြင်းဖြစ်ပေသည်။

နှစ်ဖက်လှ
(၁၉၇၃–ခု၊ မတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# အသံကို ဘယ်လိုကြား၍
# ဘယ်ပုံသိသနည်း။

ပြီးခဲ့သောလစဉ်ဆောင်းပါးပေါင်း (၃၀)တို့ဖြင့် လူ၌ရှိသောစိတ်၊ စေတသိက်၊ ရုပ်တို့၏ သဘောအဓိပ္ပါယ်၊ အရည်အသွေး၊ ဖြစ်စဉ်ပျက်စဉ်စသည်တို့ကို အခြေခံအကြမ်းဖျဉ်း တင်ပြခဲ့ပါသည်။ ထို့နှင့်တစ်ဆက်တည်း "မျက်စိဖြင့် ဘယ်လိုမြင်သည်၊ ဘယ်ပုံသိသည်" ဆိုသည့် အချက်ကိုပါ ဆွေးနွေးပြီးခဲ့ပါသည်။

စာရေးသူ၏ရည်ရွယ်ချက်မှာ အဘိဓမ္မာပညာရှင်မဟုတ်သော အဘိဓမ္မာစာဖတ်ပရိသတ်အား(ဝါ) ဘဝကို ယထာဘူတကျကျနားလည်ချင်သူတစ်ဦးအား မေးကတည်းက ကြည့်မြင်အသုံးချလာသော မိမိမျက်စိဖြင့် ဘယ်လိုမြင်တယ်၊ ဘယ်လို သိတယ်၊ ဘာ့ကြောင့် မြင်တယ်၊ ဘာ့ကြောင့် သိတယ်ဆိုသည်ကို မသိခဲ့သေးရာမှ မြင်ပုံ၊ သိပုံ၊ မြင်သည့်အကြောင်း၊ သိသည့်အကြောင်းတို့ကို ဗုဒ္ဓအဘိဓမ္မာနည်းပညာဖြင့် နည်းမှန်လမ်းမှန် အသိဉာဏ်သစ်ရထားနှင့်ရန် ဖြစ်ပါသည်။ အဘိဓမ္မာစာဖတ်ပရိသတ်ထံမှ စာရေးသူထံ ရေးသားပေးပို့သောစာများအရ ဤဆောင်းပါးများကို စိတ်ပါဝင်စားစွာ ဖတ်ရှုနားလည်ကြကြောင်းလည်း သိရပါသည်။

"အဘိဓမ္မာ"ဆိုသည်မှာ ခက်လွန်းသည်ဟု တထစ်ချခံယူထားသူများရှိသည်။ ထိုခံယူချက်ကို အခြေခံပြီး အဘိဓမ္မာတရားကို လူတို့အား ဟောကြား၍မဖြစ်(ဝါ) အဘိဓမ္မာကို လူဝတ်ကြောင် ဒါယကာ၊ ဒါယိကာမများ နာယူ၍မဖြစ်၊ လူဝတ်ကြောင်များအနေဖြင့် သုတ္တန်တရားလောက်ဆို တော်လောက်ပြီဟု ယူဆတော်မူကြသည်။ ထို့ကြောင့်ပင် မှေးကျသောတရားပွဲများ၌ သုတ္တန်တရားကိုသာ အကျယ်တဝင့်ဟောကြားခဲ့ပြီး အဘိဓမ္မာကိုမူ "ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်၊ ထို့ထက်သာလွန် နက်နဲခက်ခဲလှသော အဘိဓမ္မာတရားတော်ကိုကား 'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ' စသည်ဖြင့် ဘုရားရှင်ဟောကြားတော်မူသတည်း"ဟု ညွှန်းရုံမျှညွှန်းပြီး တရားပွဲနိဂုံးချုပ်၍ အပြီးသတ်ကြသည်။ ဤသို့ကိုပင် 'အဘိဓမ္မာသတ်သည်'ဟု ခေါ်ခဲ့ကြသည်။ တရားပွဲကို အဘိဓမ္မာဖြင့်အဆုံးသတ်သည်၊ အဘိဓမ္မာဖြင့်နခမ်းသတ်သည်ဟု ဆိုလို

နောက်အယူအဆတစ်ရပ်မှာ အဘိဓမ္မာခက်လွန်းလှ၍ဆရာနှင့်သင်မှ တတ်မည်၊ သင်တန်းတက်မှရမည်၊ နို့မဟုတ်က ဖတ်၍ဘာမျှနားလည် မည်မဟုတ် ဟူ၍ဖြစ်သည်။ ဆရာ့ထံမှာ အဘိဓမ္မာမသင်ဘူးပဲ အဘိဓမ္မာ စာပေကို ဖတ်၍နားလည်မည်မဟုတ် ဆိုသည့် အယူအဆမှာ မကြာသေး ခင်ကာလအထိ မှန်ခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် မကြာသေးခင် ကာလအထိရှေးအဘိဓမ္မာစာအုပ်စာတမ်းတို့သည် အဘိဓမ္မာပညာကိုအတုံး လိုက်အတစ်လိုက်ရေးသားထားကြသည်ကများသောကြောင့် ဖြစ်ပေသည်။

ဤတွင် နှိုင်းယှဉ်စဉ်းစားဖွယ်ရှိ၏။သိပ္ပံမဂ္ဂဇင်းမပေါ်မီကာလအထိ သိပ္ပံရေးရာစာပေတို့သည် သိပ္ပံအကြောင်းအရာကို အတုံးလိုက် အတစ်လိုက် ရေးသားထားသည်ကများ၏၊ သိပ္ပံပညာရှင်ဖြစ်မှ ဖတ်၍ နား လည် နိုင် လောက်၏။ သိပ္ပံပညာရှင်မဟုတ်သူ မှန်သမျှ ဖတ်၍နားမလည်နိုင်သော (ဝါ) စိတ်မဝင်စားနိုင်သော အနေအထားတွင် ရှိခဲ့သည်ဟု ဆိုနိုင်၏။ ယနေ့ သိပ္ပံမဂ္ဂဇင်းသည် သိပ္ပံပညာရှင်မဟုတ်သော ဖျတ်လတ်ချက်ချာ သည့် စာဖတ်ပရိသတ်နှင့် ပဏာရလျက်ရှိနေချေပြီ၊ ဤကား သက်သေ တည်ထားခြင်းမျှသာဖြစ်၏။

အဘိဓမ္မာနှင့် သိပ္ပံသည် ခက်ခဲသောပညာရပ်အမျိုးအစားပင်ဖြစ် ၏။ သို့စင်လျက် သိပ္ပံမဂ္ဂဇင်းကို သိပ္ပံပညာရှင်မဟုတ်သော ဖျတ်လတ် ချက်ချာ တတ်သိလိမ္မာသော စာဖတ်ပရိသတ်က အစဉ်ကြိုဆိုနေကြသည်မှာ အဘယ့်ကြောင့်နည်း။ ထုတ်ဖော်သိကြရမည့်အချက်ကား သိပ္ပံမဂ္ဂဇင်းပါ သိပ္ပံအကြောင်းအရာ အရေးအသား အတင်အပြတို့ကိုယ်တိုင်က 'ဖျတ် လတ်ချက်ချာ'နေ၍ဖြစ်သည် ဆိုသည့်အချက်ပင် ဖြစ်၏။တစ်နည်းဆိုရသော် ရှေးသိပ္ပံစာအုပ်များကဲ့သို့ အတုံးကြီးအတစ်ကြီးတွေကို အတုံးလိုက်အတစ် လိုက် ပြန်လည်တင်ပြထားခြင်းမျိုးမဟုတ်သောကြောင့်ဟု နားလည်နိုင်၏။ ဤသည်လည်း သာဓကဆောင်ခြင်းပင် ဖြစ်၏။

ဆိုလိုရင်းကား အဘိဓမ္မာခက်ထန်လွန်းသည့်အတွက် အဘိဓမ္မာကို ဆရာ့ထံမှာမသင်ယူပဲ သင်တန်းမတက်ပဲ စာဖတ်ရုံသက်သက်ဖြင့် နား မလည်နိုင်(ဝါ)အဘိဓမ္မာဆောင်းပါးတွေ ဘာတွေဖတ်လို့ နားမလည်နိုင်ဟု ယူဆခြင်းသည် မကြာသေးခင်ကာလအထိသာ မှန်ကောင်းမှန်မည်ဖြစ် ကြောင်း ဆိုလိုရင်းဖြစ်ပါ၏။

ခေတ်တို့သည် ပြောင်း၍ပြောင်း၍ လာ၏။ ပါဠိစာပေခေတ်မှ ပါဠိမြန်မာရောစာပေခေတ်သို့ ပြောင်းခဲ့၏။ ပါဠိဆန်သော မြန်မာစာ၊ အင်္ဂလိပ်ဆန်သော မြန်မာစာကို ရေးသားသောခေတ်မှ မြန်မာစာ စစ်စစ်ကို ရေးသားသောခေတ်သို့ ပြောင်းလာ၏။ မြန်မာစာကို နိုင်နိုင်နင်းနင်း ရေးနိုင်သောခေတ်သို့ ပြောင်းလာ၏။

ထိုနည်းတူ အဘိဓမ္မာတရားတော်ခေတ် ကုန်လွန်၍ လူဒါယကာ ဒါယိကာမများနှင့်မတန်ဟုယူဆပြီး၊ အဘိဓမ္မာသတ်သောခေတ်မှ အဘိဓမ္မာကို လူများလည်း တတ်နိုင်ပါ၏။ တတ်ကောင်းပါ၏ဟူသောခေတ်သို့ ပြောင်းလာ၏။ သို့သော် ဆရာနှင့်သင်မှ သင်တန်းတက်မှသာ တတ်သိနိုင်မည်ဟု ယူဆခဲ့ကြသေး၏။

ယခုမူကား အဘိဓမ္မာပညာရှင်မဟုတ်သော (ဝါ)အဘိဓမ္မာမသင်ဘူး၊ သင်တန်းမတက်ဘူးသေးသော ဖျတ်လတ်ချက်ချာ တတ်သိလိမ္မာသည့် စံဖတ်ပရိသတ်အဖို့ ဖတ်ရှုနားလည်နိုင်လောက်သော အဘိဓမ္မာစာပေများရှိလာပြီဆိုသည့်အချက်ကို စာဖတ်အားကောင်းသော(ဝါ)စာစုံဖတ်သော သုတေသီများသိရှိကြလေပြီ။ အဘိဓမ္မာကိုမသင်ဘူး သင်တန်းမတက်ဘူးသူများအဖို့ကား မှန်ဘီလူးအားကောင်းကောင်းဖြင့် ပုံကြီးချဲ့ပြထားသည့်ရုပ်လုံးကို မြင်တွေ့ရသကဲ့သို့ ပို၍အမြင်ရှင်း၊ အသိဉာဏ်လင်းဖွယ်သာ ဖြစ်ပေတော့၏။

ဆရာခင်ဗျား အသံကိုဘယ်လိုကြားသည်၊ ဘယ်ပုံသိသည်ဆိုတာကို စပြောမလားထင်ခဲ့ပါသည်။ မပြောသေးပဲ အဘိဓမ္မာပညာဖော်ထုတ်ပုံ ပြောတဲ့သဘော သိပါရစေ။

ဒါမျိုးကို ရှေးခေတ်ပါဠိမြန်မာ နိဿယကျမ်းကြီးတွေမှာတော့ လက်သည်းကွင်းအမှာထည့်သည်ဟု ပြောကြပါတယ်။ ခုခေတ်စာပေတွေမှာတော့ စကားချပ်ထည့်သည် သို့မဟုတ် မှတ်ချက်ထည့်သည်ဟု ဆိုနိုင်မည်ထင်ပါသည်။

ကောင်းပါပြီခင်ဗျားနှင်းဆီပန်းကလေးတစ်ပွင့်ကို အမြင်ခံပစ္စည်းထားပြီး မျက်စိဖြင့်မြင်ပုံသိပုံတွေကို အဘိဓမ္မာကျကျ ရှင်းလင်းလာခဲ့သည်မှာ အတော်ကလေးစုံသွားပါပြီ၊ ဒါလဲပဲ အဘိဓမ္မာကို လုံးဝမသိ

သေးရာမှ ''အဘိဓမ္မာအသိဉာဏ်သစ်ရထားနှင့်ရှိ''ပဲ ဖော်ပြထားသေးခြင်း ဖြစ်တယ်ဆိုတဲ့ အချက်ကိုထောက်ပြီး နောက်တိုးတက်သိစရာတွေ အများ အပြား ဆင့်ကဲဆင့်ကဲ တက်လာဦးမည်ဆိုတာ ရိပ်မိပြီးကြို ဆိုလျက်ပါ။ အခုဆက်လက်ပြီး နားဖြင့်ကြားရပုံ သိရှိပုံများကို ကူးမည်ထင်ပါသည်။

အဘိဓမ္မာအခြေခံချတဲ့နေရာမှာ ဒွါရခြောက်ပါး၊အာရုံခြောက်ပါး၊ ဝီထိခြောက်မျိုး စုံသွားအောင် အရင်ပြောလိုက်ကြသေးတာပေါ့။ ဒီအသိ ဉာဏ်ပေါ်အခြေခံပြီးတော့မှ အဆင့်ဆင့်အလွှာလွှာတက်ကြမယ်။

ဟုတ်ကဲ့ခင်ဗျား–

နားနှင့်အသံကိုကြားပုံ အဘိဓမ္မာနည်းကျ လေ့လာတဲ့နေရာမှာ 'နား'အကြောင်း၊ 'အသံ' အကြောင်း အရင်လေ့လာပြီးမှ နားနှင့်အသံ ဆက်သွယ်ပုံကို ဖော်ထုတ်ကြပါ့မယ်။

ဟုတ်ကဲ့–

'နား' ကို ပါဠိလို 'သောတ'လို့ ခေါ်ပါတယ်။ ဒီနေရာမှာပြောမဲ့ နားသည် လူ၏နားသောတဖြစ်ပါတယ်။ လူ့မျက်စိ၊ လူ့နားကိုနားလည် လျှင် တစ်ခြားသောသတ္တဝါတို့၏ သောတ နားအကြောင်းကိုလည်း နည်းယူနားလည်နိုင်ပါတယ်။

မိမိခန္ဓာကိုယ်ကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ ပေါင်တစ်ရာကျော် နှစ်ရာအလေး ချိန်စီးသည့် ရုပ်ခန္ဓာကြီးမှာ ပြင်ပက အသံအာရုံများကို ခံယူနိုင်သည့်နေရာ များများမရှိပါ။ ခြေထောက်ဖြင့်လည်း မကြားနိုင် ပါ။ လက်ဖြင့်လည်း မကြားနိုင်ပါ။ ဝမ်းဗိုက်၊ ကျောက်ကုံးတို့ဖြင့်လည်း မကြားနိုင်ပါ။ သို့မဟုတ် ၎င်းခန္ဓာကိုယ်အစိတ်အပိုင်းတို့၌ ကြားနိုင်သည့် နေရာမရှိပါ။

ပြင်ပက အသံဗလံတို့ကို ခံယူနိုင်သည့်အရာမှာ တစ်ခြားမဟုတ်၊ 'သောတပသာဒ'ဟု ပါဠိလိုခေါ်ရသော နားအကြည်ရုပ်ကလေးများပင် ဖြစ်သည်။ ထိုအကြည်ရုပ်ကလေးမှတစ်ဆင့် အသိဉာဏ်ပွင့်ပြီး ကြား သိစိတ်တွေဖြစ်ရသည်။

တကယ်လို့ အသံကိုခံယူနိုင်သည့် ထိုအကြည်ရုပ်ကလေးသည် လက်ဖမိုး လက်ညှိုးထိပ်စသည်မှာ တည်ရှိသည်ဆိုလျှင်လွန်စွာကောင်းမွန်ပေလိမ့်မည်။ ဥပမာ–လက်ညှိုးမှနို့ထွက်သည်ဆိုသကဲ့သို့ ဖြစ်ပေရာသည်။ လက်ဖမိုးပေါ်မှာကြားနိုင်သည့် အကြည်ရုပ်ကလေးသာရှိလျှင် ချောင်းမြောင်းပြီး ကြားချင်သိချင်သည့်ကိစ္စမျိုး၌ မိမိလက်ကို အသာကလေးကပ်ထားလိုက်လျှင် ကြားချင်တာကြား၊ သိချင်တာသိနိုင်မည် မဟုတ်ပါလား။

ဒါပေမဲ့ ထိုအသံခံရုပ်အကြည်ကလေးသည်ကား လူ့ကိုယ်ခန္ဓာ၌ ပေါက်တတ်ကရနေရာ၌မနေ၊ တွင်းအောင်း၍သာ နေပေသည်၊ ဘယ်တွင်းအောင်းနေသလဲဆိုတော့ နားရွက်ဂလောင်ထဲက တွင်းနက်နက်ထဲမှာ ဝင်အောင်းနေပါတယ်။

ဘာ့ကြောင့် တွင်းအောင်းနေသလဲဆိုတော့ ဒီအသံခံအကြည်ရုပ်ကလေးများသည် အလွန့်အလွန့်သိမ်မွေ့နူးညံ့လှသည့်အတွက် ပြင်ပပစ္စည်းတစ်ခုခုနှင့် ထိမိခိုက်မိမည်စိုး၍ ဖြစ်ပေသည်။ ခပ်ကြမ်းကြမ်း ထိခိုက်မိလျှင် ယင်းရုပ်အကြည်ကလေးများမှာ တစ်ခါတည်းပျက်စီးသွားပါတော့တယ်။ အဲဒီလို ခပ်လွယ်လွယ်ထိခိုက်ပြီး မပျက်စီးရအောင် တွင်းအောင်းနေခြင်း ဖြစ်ပါတယ်။

ဒါဖြင့် လုံးဝမထိခိုက်ရအောင် လူ၏ဝမ်းဗိုက်ထဲ တစ်နေရာရာမှာ ကပ်နေလျှင် ပိုမကောင်းပါလားဟု တွေးနိုင်၏။ ဒီလိုနေလို့လဲ မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် အသံကိုယူဆောင်လာမဲ့လေ လိုအပ်လို့ပဲဖြစ်ပါတယ်၊ နားကြည်ရုပ်နဲ့ အသံနဲ့ကြားထဲမှာ လေကအောင်သွယ်ပေးဖို့လိုပါတယ်။ လေမရှိလျှင် သူ့ဆီအသံမလာနိုင်ပါဘူး၊ အဲဒီလို လေလိုတဲ့အတွက် ဗိုက်ထဲလို လုံချုံလွန်းသောနေမှာမတည်ပဲ လေလဲရ ထိခိုက်မှုလဲကင်းတဲ့ တွင်းပေါက်ဂလောင်ထဲမှာ သူတည်နေခြင်း ဖြစ်ပါတယ်။

ဒါဖြင့်ဆရာ လူ့ရဲ့နားရွက်အခေါင်းပေါက်ထဲမှာ အသံခံအကြည်ရုပ်ကလေးများ တည်ရှိတယ်ပေါ့။

ဟုတ်ပါတယ်၊ လူ၏နားပေါက်အတွင်းမှာ လက်စွပ်ကွင်းသဏ္ဍာန်နေရာကလေးရှိပါတယ်။ အဲဒီနေရာကလေးမှာ အမွေးကလေးတွေပေါက်နေပါတယ်၊ အဲဒီနေရာကလေးမှာ အသံခံအကြည်ရုပ်ကလေးတွေ ပျံ့နှံ့ဖြစ်ပေါ်နေပါတယ်၊ ဒါက အကြမ်းဖျဉ်းပြောတာပါ။

အဘိဓမ္မာအရ အနုစိတ်ပြောရလျှင် အဲဒီနားဂလောင်အတွင်းပိုင်း အမွှေးကလေးတွေ ပေါက်ရောက်ရာဖြစ်တဲ့ လက်စွပ်ကွင်းသဏ္ဍာန်နေရာ ကလေးမှာ အသံခံနားအကြည်ရုပ်ကလေး တံ့နားနေနိုင်ဖို့(၄၃)ပါးသော ရုပ်ဓာတ်သဘာဝတို့က ခံဆောင်ကြရပါတယ်။

ဘာတွေလဲဆိုတော့ ကံကြောင့်ဖြစ်တဲ့ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ်၊ ထိုနည်းတူ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် အသီးသီးဖြစ်ကြရတဲ့ ဓာတ်ကြီးလေးပါးစီ၊ လေးရုပ် ပေါင်းလျှင် မဟာဘုတ်ဓာတ်ကြီး (၁၆) မျိုး ဖြစ်၏။ ထိုသို့ ဓာတ်ကြီး လေးပါးပေါင်းမိသည့်အတွက် ဝဏ္ဏဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ဩဇဓာတ် ၄–မျိုးစီ၊ (၁၆)မျိုးနှင့် သုက်သွေး(၄)မျိုး၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းခံသည့် သဏ္ဍာန် ၄–မျိုး၊ စုစုပေါင်း (၄၀)၊ နောက်ပြီး ကံအကြောင်းတရား တစ်ခုတည်းသက်သက်ကြောင့်သာဖြစ်တဲ့ ဇီဝိတခေါ် အသက်ဓာတ်၊ ဖိုမဆိုင်ရာ ဘာဝရုပ်၊ ကိုယ်ကာယဆိုင်ရာ အကြည်ရုပ်၊ အဲဒီ(၄၃)မျိုးပေါင်းပြီး ခံဆောင်တဲ့ နားဂလိုင်ပေါက်အတွင်း အမွှေးနု ကလေးတွေ ပေါက်ရောက်ရာ လက်စွပ်ကွင်းသဏ္ဍာန် နေရာကလေးမှာမှ အသံခံအကြည်ရုပ်(ဝါ)သောတပသာဒ (နားအကြည်ရုပ်) တွေ စွဲမှီပြီး မပြတ် ဖြစ်ပျက်နေကြပါတယ်။

တစ်နည်းပြောရလျှင် အဲဒီနားတွင်းအကြည်ရုပ်ကလေးကို ဓာတ် ကြီးလေးပါးက အထူးကျေးဇူးပြုထားတယ်။ ပူမှုအေးမှု၊ ဥတုနှင့် လူ၏ စိတ်၊ စားသောက်သည့် အစာအာဟာရတို့က ထောက်ပံ့ထားတယ်။ အာယု ဓာတ်က မပြတ်စောင့်ရှောက်နေတယ်၊ ဝဏ္ဏဓာတ်၊ ဂန္ဓဓာတ်စသည်တို့က ခြံရံနေတယ်။ အဲဒီလို ပြောရပါမယ်။

ဒီနားတွင်းပါ အကြည်ရုပ်ကလေးကို သေသေချာချာလေ့လာ ကြည့်ရင် အခြားရုပ်တွေနဲ့မတူတဲ့ ထူးခြားမှုကို တွေ့ရပါတယ်။ လူကိုယ် မှာရှိတဲ့ တခြားရုပ်တွေဟာ အသံကထိခတ်ပေမဲ့ ဘာမှမဖြစ်ဘူး။ သူကတော့ အသံရဲ့ထိခတ်မှုခံရလျှင် အလွန်ကြည်ကြည်လင်လင်ခံယူတယ်။ အသံတွေကို ဆွဲဆောင်တဲ့သဘောရှိတယ်။ သူနှင့်အသံထိခတ်မှုကို အကြောင်းပြုပြီး သိမှု သဘောကလေးတစ်ရပ်ပေါ်လာစေတယ်။

အဲဒီနားအကြည်ရုပ်ကလေး ဖြစ်ခွင့်ရအောင် ခံဆောင်ထားတဲ့ ရုပ် သဘာဝ(၄၃)ပါး ဖွဲ့စည်းတည်ဖြစ်နေတဲ့ နားထွင်းလက်စွပ်ကွင်း နေရာ

ကလေး ပျက်စီးသွားရင် နားအကြည်ရုပ်ကလေး တပ်နားဖြစ်ပေါ်ခွင့် မရပါဘူး။ နားရဲ့အဆောက်အဦပျက်စီးသွားလို့ နားအကြည်ရုပ်ကလေး မဖြစ်နိုင်တော့ရင် ဘာအသံလာလာ အသိစိတ်သဘောလေး မပွင့်နိုင်တော့ ပါဘူး။ ဒါကို နားကန်းတယ်ဆိုတာပါပဲ။

ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊အာဟာရကြောင့်ဖြစ်နေတဲ့ နားအကြည်ရုပ်ကိုခံဆောင်ထားတဲ့ ဓာတ်ကြီးလေးပါး ဖောက်ပြန်ပျက်စီး လာလျှင် ဖြစ်စေ၊ ပြင်ပအနှောင့်အယှက်တစ်ခုခုကြောင့် နားအကြည်ရုပ် ကလေး မှိုပြီးဖြစ်ရတဲ့ နားတွင်းရုပ်ပစ္စည်းအဆောက်အဦ ထိခိုက်လျှင်ဖြစ် စေ နားထိုင်း၊ နားအူ၊ နားပင်းစသည် ဖြစ်လာတာပါပဲ၊ ဥပမာ.... မှန်ပေါ်မှာ မျက်နှာရိပ်ထင်ပုံနှင့် နှိုင်းယှဉ်စဉ်းစားပါ၊ မှန်ကောင်းလေလေ မျက်နှာပုံပန်းပြတ်သားလေလေ၊မှန်ကွဲလျှင် မျက်နှာပုံမလှတော့၊ မှန်ကြေမွ ပျက်စီးသွားလျှင် မျက်နှာရိပ်လုံးဝမထင်တော့သည့် သဘောပဲ ဖြစ်ပါတယ်။

နားတွင်းမှာ အကြောင်းတရားလေးပါးကြောင့်ဖြစ်တဲ့ ရုပ်သဘာဝ (၄၃)မျိုးတို့က နားအကြည်ရုပ်ကလေး(သောတပသာဒ) ဖြစ်နိုင်အောင် ဖွဲ့စည်းခံဆောင်ထားကြတယ်။ နား အ ကြည် ရုပ် က လေး က တော့ လူရဲ့ ကံအကြောင်းတရားတစ်ခုတည်းကြောင့်သာ ဖြစ်တဲ့ ကံရုပ်ဖြစ်တယ်၊ ဒီလို မှတ်လားဆရာ....

ဟုတ်ပါတယ်....။

**နှစ်ဖက်လှ**
(၁၉၇၃–ခု၊ ဧပြီလ၊ သိပ္ပံမဂ္ဂဇင်း)

# အသံထွက်နေသော ကမ္ဘာကြီး

ဗုဒ္ဓအဘိဓမ္မာမှာ ယခုပကတိလူသားတွေရဲ့ 'မြင်အား၊ ကြားအား ထက်ပိုကြီးမားတဲ့ နတ်မျက်စိ၊ နတ်နားအကြောင်းတွေ စိတ်ဝင်စားဖွယ်' ဖော်ပြထားပါတယ်။ အဲဒီနတ်မျက်စိနတ်နားတွေရဲ့ မြင်အား ကြားအား တွေကို ယခုလူတွေလဲ ရနိုင်ကြတယ်။ ရနိုင်ဖို့ အတတ်ပညာနည်းစနစ် တွေလဲ ပြည့်ပြည့်စုံစုံရှိတယ်။ ဒါတွေကို နောက်မှပဲဆက်ပါမယ်။ အခု အသံအကြောင်း ပြောကြပါဦးစို့ ရဲ့။

ဟုတ်ကဲ့ဆရာ နားအကြောင်း အရင်အပတ်က ဖတ်ခဲ့ပြီးတာမို့ အခုအသံအကြောင်းဖတ်ရလျှင် ကောင်းပါတယ်။

အသံအကြောင်း ပြောရလျှင် အခု သိပ္ပံခေတ်မှာမို့ ခေတ်မီမီ စဉ်းစားရအောင်၊ အခုကမ္ဘာကြီးကို ကမ္ဘာလုံးကြီးပဲထား၊ အာကာသ ထဲမှာ မျောနေတယ်မဟုတ်လား။ ဒီကမ္ဘာလုံးကြီးရဲ့အနီးသို့ ချဉ်းကပ်ကြည့် စမ်းပါ၊ ဒီကမ္ဘာလုံးကြီးက အရောင်ပြန်တွေထွက်နေသလို အသံဗလံတွေ ထွက်နေတာလဲ ကြားရလိမ့်မယ်၊ ကမ္ဘာလုံးကြီးက အသံမျိုးစုံထွက်နေ တာပေါ့။

ဟုတ်ပြီဆရာ။ ကိုယ့်ကိုယ်ကို အခြားဂြိုဟ်က သတ္တဝါတစ်ဦး လိုသဘောထားပြီး စဉ်းစားကြည့်တာပေါ့။

ဟုတ်တယ်၊ အခြားကမ္ဘာက နားပါတဲ့သတ္တဝါတစ်ဦးဟာ ဆရာ တို့ရဲ့ ကမ္ဘာလုံးကြီးနားကပ်လာလျှင် ကမ္ဘာကြီးကထွက်နေတဲ့ အသံမျိုးစုံ ကြားရမှာအမှန်ပဲ၊ ဥပမာ စည်းရိုးစောင်ရမ်းနဲ့ စနစ်တကျ တည်ရှိနေတဲ့ လယ်တောရွာကြီးတစ်ရွာနားရောက်သွားရင် ရွာထဲကရွာသံကြီးကို ကြားရ သလိုပဲပေါ့၊ ကမ္ဘာ့သံကြီးကြားရမှာပဲ။

ဒါဖြင့်ဆရာ အသံတွေကတော်တော်များမှာမို့ ခွဲခြားဖို့လွယ်မယ် မထင်ဘူး။

ဗုဒ္ဓအဘိဓမ္မာနည်းပညာနဲ့ခွဲရင် လွယ်လွယ်ကလေးပါ။ ကမ္ဘာကြီးက ထွက်နေတဲ့ ကမ္ဘာ့အသံတွေအားလုံးကို 'သက်ရှိအသံ'နဲ့ 'သက်မဲ့အသံ'လို့ နှစ်အုပ်စုခွဲလိုက်ရင် ကုန်တာပဲ၊ ဟုတ်တာပဲ။ ကမ္ဘာတစ်ခုလုံးကိုသတ္တု

ချကြည့်လျှင် သက်ရှိက တစ်စား၊ သက်မဲ့က တစ်စား။ ဒီနှစ်စားပဲ ရှိတယ်မဟုတ်လား၊ ဒီနှစ်မျိုးနှစ်စားကို အခြေခံထားပြီးခွဲလိုက်ရင် အကုန် ဝင်တာပဲ။ လူသံတွေ၊ ခွေး နွားစတဲ့တိရစ္ဆာန်သံတွေဟာ သက်ရှိအသံ တွေပဲ၊ မိုးချုန်းသံ၊ လှိုင်းပုတ်သံ၊ လေတိုက်သံ၊ တောင်ပြိုသံ၊ တော်လဲ သံတွေက သက်မဲ့အသံတွေပဲ၊ ဒါက ပညတ်ခွဲ အကြမ်းစားပြောတာ။

ပရမတ်တရားအခြေခံပြီး တစ်နည်းခွဲရင်တော့ ကမ္ဘာ့အသံကြီး အားလုံးမှာ စိတ်ကြောင့်မြည်လာတဲ့ စိတ္တဇသံ၊ (စိတ္တ=စိတ်+ဇ=ဖြစ် သော)ဥတုကြောင့်မြည်လာတဲ့ ဥတုဇသံ (ဥတု=ဥတု+ဇ=ဖြစ်သော) ဒီလို အခြေခံအားဖြင့် နှစ်မျိုးရှိပါတယ်။ စိတ္တဇအသံက သက်ရှိအသံပေါ့၊ ဥတုဇအသံက သက်မဲ့အသံပေါ့။

ကိုယ့်ကိုယ်ကို စဉ်းစားကြည့်၊ စကား မပြောချင်၊ မအော်ချင်လို့ ပါးစပ်ပိတ်ထားရင် ဘာအသံမြည်သလဲ၊ ဘာအသံမှ မမြည်ဘူး၊ ပြောချင်လို့ပြောပြီဆိုတော့ ပါးစပ်ကအသံထွက်လာတယ်၊ အော်ချင်လို့ အော်ပြီဆိုရင်တော့အော်သံထွက်လာတယ်။အဲဒီလိုလူရဲ့(ဝါ)သက်ရှိသတ္တဝါ တစ်ဦးဦးရဲ့ စိတ်ဆန္ဒကိုအခြေခံပြီး နှုတ်ကမြည်လာတဲ့အသံမျိုးကို စိတ္တဇ အသံလို့ခေါ်ပါတယ်၊ ဘောလုံးပွဲ၊ ဈေးထဲ၊ လူအုပ်ထဲမှာ တသောသော စကားပြောသံတွေဟာ စိတ္တဇအသံတွေချည်းပါပဲ။

ခုနပြောခဲ့တဲ့ မိုးချုန်းသံ၊ လှိုင်းပုတ်သံ၊ တော်လဲသံစသည်တို့ဟာ ရာသီဥတုကြောင့်ဖြစ်ရတဲ့ ဥတုဇအသံတွေချည်းပဲဆိုတာ သိလွယ်ပါတယ်၊ ဒါပေမဲ့ လူကိုယ်ထဲမှာလဲပဲ ဥတုဇအသံမြည်နေပါတယ်။ ဥပမာ မိမိစိတ်က မပါပဲ သူဟာသူ ဝမ်းပိုက်ထဲက တကျွိကျွိမြည်သံမျိုးပဲ၊ သက်ရှိသတ္တဝါ တစ်ကိုယ်ထဲမှာပဲ စိတ္တဇအသံနဲ့ ဥတုဇအသံ နှစ်မျိုးမြည်နိုင်ပါတယ်။

ဒါဖြင့်ဆရာ၊ ခရာမှုတ်သံ၊ ဆိုင်းတီးသံမျိုးကို ဘာသံလို့ခေါ်သလဲ၊ ခရာဟာ သူ့ဟာသူချထားရင် မမြည်ဘူး၊ လူက မှုတ်ချင်လို့မှုတ်မှ မြည်တာကိုး၊ ဆိုင်းတီးသံ တူထုသံစသည်တွေလဲ အတူတူပဲ။

ဒီအသံမျိုးတွေကိုတော့ စိတ္တပစ္စယဥတုဇ အသံလို့ခေါ်ပါတယ်၊ (စိတ္တ-စိတ်+ပစ္စယ-အကြောင်းခံ) ပြီးဖြစ်လာတဲ့ ဥတုဇအသံတွေပဲ၊

တစ်နည်းပြောရရင် လူရဲ့ပယောဂကြောင့် (ဝါ) လူရဲ့လုပ်ဆောင်မှုကြောင့် မြည်ထွက်လာတဲ့ လူလုပ်အသံတွေအားလုံးကို စိတ္တပစ္စယဥတုဇအသံတွေလို့ ခေါ်ရပါတယ်။

ဒါဖြင့်ဆရာ စိတ္တဇအသံစစ်စစ်ရယ်၊ ဥတုဇအသံစစ်စစ်ရယ်၊ စိတ် ဥတုနှစ်မျိုးပေါင်းကြောင့်ဖြစ်တဲ့အသံရယ်လို့ ကမ္ဘာ့အသံစုကြီးကို သုံးမျိုး ခွဲခြားနိုင်ပါတယ်။

ဟုတ်ပါတယ်– စကားပြောသံ၊ ရယ်သံ၊ ငိုသံ၊ သီချင်းဆိုသံ၊ အော်ဟေါက်သံ၊ စစ်မိန့်ပေးသံ စသည်တို့ဟာ စိတ္တဇအသံစစ်စစ်တွေပါ၊ မိုးသံ၊ လေသံ၊ တော်လဲသံ၊ တောင်ပြိုသံ၊ လှိုင်းပုတ်သံစသည်တို့ဟာ ဥတုဇအသံစစ်စစ်တွေပါ၊ ခရာမှုတ်သံ၊ ဆိုင်းတီးသံ၊ တူထုသံ၊ ကားသံ၊ ရထားသံစသည်တို့ဟာ စိတ္တပစ္စယဥတုဇအသံတွေ ဖြစ်ပါတယ်။

ကောင်းပါပြီဆရာ၊ ကမ္ဘာ့အသံထုကြီးကို အခြေခံအကြောင်း တရားကိုလိုက်ပြီး ခွဲတာ သိရပါပြီ၊ ဒီမှာ ကိန်းသေအောင်ထပ်မေးရလျှင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ရယ်လို့ ဗုဒ္ဓအဘိဓမ္မာအကြောင်းတရားကြီး (၄)ပါးရှိတယ်ဆိုတာ သိရပါတယ်၊ ဒီလေးပါးမှာ စိတ်နဲ့ဥတုကြောင့် အသံတွေဖြစ်တယ်ဆိုတော့ ကံကြောင့်အသံမဖြစ်ဘူး၊ အာဟာရကြောင့် အသံမဖြစ်ဘူးလို့ ဆိုရမှာပေါ့နော်။

ဟုတ်ပါတယ်၊ အနီးကပ်အကြောင်း အခြေခံအကြောင်းအရ၊ စိတ်နဲ့ဥတုဟာ အသံဖြစ်ဖို့အကြောင်းရင်းပါပဲ၊ ကံနဲ့အာဟာရကြောင့် တိုက်ရိုက်အသံမဖြစ်ပါဘူး။ ဒါပေမဲ့ လုံးဝမဆိုင်ဘူးဆိုတဲ့သဘောထိအောင် တော့ မယူရဘူး။ ဒါက အဘိဓမ္မာနည်းပညာကို ခြုံမြင်တက်ဖို့ အရေး ကြီးတဲ့အချက်ပဲ။

အဘိဓမ္မာပညာဆိုတာ လိုက်လေ အနုစိတ်လေ ကျယ်ပြန့်လေပဲ၊ သဘာဝလောကကြီးတစ်ခုလုံးကို ဘာမှမကျန်အောင် မွှေ့ရမ်းပြထားတာ ဖြစ်တယ်။ ဒီနေရာမှာ လဖတ်မဂ္ဂဇင်းဆောင်းပါးမို့ အကြမ်းဖျဉ်းလောက် သာ တင်ပြနေတာပါ။ ဒါပေမဲ့ အသံဖြစ်ပုံ နဲနဲအနုစိတ်ပြောလိုက်ဦးမယ်။

## စိတ်ကြောင့် အသံဖြစ်ပုံ

ပါးစပ်လည်ချောင်းနယ်ထဲမှာ လျှာခင်နှင့်တကွအာစောက် လျှာရင်း လျှာလယ် လျှာဖျား သွားနှုတ်ခမ်းစတဲ့ နေရာတွေရှိတယ်၊ (ခေတ်အရ အသံကြိုး၊ အသံအိုးစသည်ဖြင့် အနုစိတ်ခေါ်နိုင်သေးသည်)။ အဲ့ဒီနေရာတွေမှာ လိုရင်းက ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့် မပြတ်ဖြစ်နေတဲ့ မဟာဘုတ်ဓာတ်ကြီးလေးပါး ရှိနေတယ်၊ တစ်နည်းပြောရလျှင် အဲဒီလျှာခင်နှင့်တကွ အသံဖြစ်ပေါ်ရမည့် အင်္ဂါအစိတ်အပိုင်းတွေဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့ အစုအဝေး အဖွဲ့အစည်းပဲဖြစ်တယ်၊ အဲဒီဓာတ်ကြီး ၄-ပါးထဲမှာ ကံကြောင့်မပြတ်ဖြစ်နေတဲ့ ကမ္မဇပထဝီ၊ (ကံကြောင့်ဖြစ်တဲ့ ပထဝီဓာတ်ရုပ်)ရှိနေပါတယ်။ အသံ၏ အင်္ဂါအစိတ်အပိုင်းတွေမှာ ပထဝီ ဓာတ်ရုပ်ကိုငွေပေါင်းများစွာ မပြတ်ဖြစ်ရှိနေတယ်ဆိုတာ အခြေခံထားပါ။ ပထဝီဓာတ်ဆိုတာ အမာဓာတ် အခံဓာတ်ပဲ။

ခုနကပြောခဲ့သလို စကားပြောချင်လို့ ပါးစပ်ပိတ်ထားတဲ့အခါမှာ ဘာအသံမှ မထွက်ဘူး၊ စကားပြောတော့မယ်ဆိုတော့–

(၁) စကားပြောချင်တဲ့စိတ် ဖြစ်လာတယ်။
(၂) အဲဒီစိတ်ကြောင့် ဝါယောဓာတ်(လေ)ဖြစ်လာတယ်။
(ဒီလေကို စိတ္တဇဝါယောဓာတ်လို့ ခေါ်ပါတယ်။)

'လေ'ဖြစ်လာတယ်ဆိုတဲ့နေရာမှာ အဘိဓမ္မာလို နားလည်ရမှာက လေမှာ အပူဓာတ်တေဇော၊ အမာဓာတ်ပထဝီ၊ ဖွဲ့စည်းဓာတ်အာပေါ ဆိုတဲ့ ဓာတ်ကြီး၃–ပါးလဲ တပါတည်းပါတယ်လို့ နားလည်ရမယ်၊ အရပ်လို ပြောတော့ လေမှာ အပူဓာတ်၊ အမာဓာတ်၊ အဖွဲ့ဓာတ်တွေပါတယ် ပေါ့။

လူ၏စိတ်သည် လူ၏နှလုံးသွေးကြည်မှာ စွဲမှီဖြစ်ပျက်နေသည့်အတွက် စကားပြောချင်တဲ့စိတ်ဟာ အဲဒီနေရာကဖြစ်တယ်၊ ဒါကြောင့် စိတ်ကြောင့် လေဖြစ်တဲ့အခါမှာလဲ အဲဒီဝမ်းထဲကပဲ ဖြစ်လာတယ်၊ အဲဒီစကားပြောချင်တဲ့စိတ်ကြောင့်ဖြစ်လာတဲ့လေ(ဓာတ်၄–ပါး)ဟာ မဟာဘုတ်ရုပ်ဓာတ် အဆက်ဆက်ဖြစ်ပျက်မှုအစဉ်ဖြင့် လည်ချောင်းသို့ တက်လာပါတယ်။

လည်ချောင်းထဲလေတက်လာတော့ လည်ချောင်းမှ နှုတ်ခမ်းအထိ အတွင်းပိုင်းမှာရှိနေတဲ့ အသံဖြစ်အင်္ဂါတွေကို ဖျစ်ညှစ်ပြုပြင်လိုက်တဲ့အခါ လေမှာပါလာတဲ့ ပထဝီအမာဓာတ်နဲ့ အသံဖြစ်အင်္ဂါ အာခံတွင်းအင်္ဂါ တွေမှာရှိနှင့်တဲ့ ပထဝီအမာဓာတ်နဲ့ ပွတ်တိုက်တဲ့အခါ အသံမြည်ထွက်လာ ပါတယ်။ အတိုမွှားကျကျပြောရရင် စိတ်ကြောင့် ရင်ချိုင့်ထဲကဖြစ်ပေါ် တက်လာတဲ့လေထဲမှာပါတဲ့ စိတ္တဇပထဝီဓာတ်နဲ့ လည်ချောင်းစသည်မှာ ရှိနှင့်နေတဲ့ ကမ္မဇပထဝီဓာတ်တို့ အချင်းချင်းထိခတ်တဲ့အတွက်အသံ (သဒ္ဒ) ဖြစ်လာခြင်းဖြစ်ပါတယ်။

ဒါဖြင့်ဆရာ စကားသံတွေဟာ ပထဝီဓာတ်ချင်းထိခတ်လို့ဖြစ်လာ တာပေါ့နော်၊ စိတ်ဝင်စားစရာပဲ။

ဟုတ်တယ်၊ အရင့်အရင်ဆောင်းပါးတွေမှာ စိတ်သဘော စိတ်အ နေအထားစသည်တွေကို ပြောခဲ့ပြီးတာမို့ ရင်တွင်းမှာ စိတ်ဘယ်လိုဖြစ် နေတယ်ဆိုတာတွေမပြောပဲ ဖြတ်ပြောထားတာ၊ တကယ်တော့ "အသံ ဖြစ်ပေါ်ပုံ"ကို မနေ့ာဒ္ဒါရကဏ္ဍကြီးတစ်ရပ်ဖွင့်ရမယ်၊ အာရုံလောကကြီး တစ်ခု တည်ထောင်ပြရမယ်၊ တွေးကြံစိတ်ကူးမှု ပေါင်းကူးကြီးဆောက် ရမယ်၊ ဒီလို ကိန်းကြီးခန်းကြီးရေးလို့လဲရတယ်၊ ဒီလိုသပ်သပ်ရေးရင် ဗုဒ္ဓဘာသာ သဒ္ဒဗေဒစာအုပ်ကြီးတစ်အုပ် ဖြစ်လာမယ်၊ ဒါက တစ်ကဏ္ဍ ပေါ့လေ။

လိုရင်းကတော့ လူ့စိတ်က အာရုံခေါ်တဲ့ ဆွဲငင်တွယ်မှီရာတစ်ခုခု ကိုညွတ်လိုက်ပြီး ပါးစပ်က မိမိဆန္ဒထုတ်ဖော်မယ်လို့ စေ့ဆော်လိုက်တဲ့ စေတနာနှင့်တကွ နာမ်ခွန်အားစုက ဝါယောဓာတ်လေကို ပွင့်သွားစေ တာဟာ အသံရဲ့အခြေခံအကျဆုံးပါပဲ။

ကလေးတွေမှုတ်တဲ့ ပစ်ပီ ရှေးခေတ်က ရာဘာမော်တော်ကားဟွန်း တို့ကို ကြည့်ပါ၊ လေကဆောင့်ထိုးတော့ လေထွက်တဲ့လမ်းမှာရှိတဲ့ လျှာခင် စသည်နဲ့ လေအားနဲ့တိုက်ပြီး အသံထွက်လာတယ်မဟုတ်လား၊ အဲဒီမှာလဲ လေထဲမှာပါတဲ့ပထဝီဓာတ်နဲ့ လျှာခင်စသည်မှာရှိတဲ့ ပထဝီအမာဓာတ်ချင်း ခတ်မိကြလို့ အသံထွက်တာပါပဲ။

မည်သည့်သက်ရှိသတ္တဝါမဆို အသံထွက်စေခြင်းကတော့ အတူတူပဲ၊ ဒါပေမယ့် နွား၊ ကျွဲစတဲ့တိရစ္ဆာန်သတ္တဝါတွေရဲ့ အာခေါင်၊ နှုတ်ခမ်း

စသည်အနေအထားကြည့်တော့ ဘူးဘဲ၊ ဝူးဝဲဆိုတဲ့ အသံတွေလောက်ပဲ မြည်တယ် လူကတော့ အာခေါင်၊ နှုတ်ခမ်းစတဲ့ အသံဖြစ်ရာအင်္ဂါ တွေကကောင်းတော့ အသံမျိုးစုံထွက်လို့ရတယ်၊ ဒီလိုကွာပါတယ်၊ ဘယ်လို ပဲဖြစ်ဖြစ် ကမ္ဘာ့သက်ရှိသတ္တဝါအားလုံးကထွက်တဲ့ အသံတွေမှန်သမျှ စိတ္တဇ အသံတွေချည်းပါပဲ။

ဆရာခင်ဗျား စိတ်နဲ့ဥတုကြောင့် အသံဖြစ်တယ်၊ ကံနဲ့အာဟာရ ကြောင့် အသံမဖြစ်ဘူးဆိုတာ ကျွန်တော်သိပ်ဘဝင်မကျသေးဘူး။ ဥပမာ— အဆီတွေစားရင် အသံဝင်တယ်၊ သံပရာတို့ စိန်ဆေးတို့စားရင် အသံ ထွက်တယ်လို့ကြားဖူးပါတယ်၊ နောက်ပြီး ကုသိုလ် ခန်း ကျ တော့ လဲ ကြေးစည် ခေါင်းလောင်းလှူရင်အသံကောင်းတယ်လို့ ဆိုတယ်မဟုတ်လား၊ နောက်ပြီး လူတစ်ယောက်နဲ့တစ်ယောက်ဟာ အသံကောင်းပုံချင်း မတူ ဘူး၊ ဒါတွေကို သိချင်ပါသေးတယ်။

သိချင်တာတွေကလဲ အများသားပါလား၊ စာမျက်နှာပြည့်သွားပြီ၊ နောက်တစ်လစောင့်ပေဦးတော့။

နှစ်ဖက်လှ
(၁၉၇၃—ခု၊ မေလ၊ သိပ္ပံမဂ္ဂဇင်း)

# အဘိဓမ္မာဆံသော ရှမ်းဗျောသံနှင့် ရွှေဘိုဗျောသံ

နားနဲ့ အသံကြားပုံ လေ့လာတဲ့နေရာမှာ တစ်လကျော်က နား အကြောင်း ဆွေးနွေးပြောခဲ့တယ်။ ပြီးခဲ့တဲ့လက အသံတွေအကြောင်း စခဲ့ပါတယ်။ ရုပ်သဘာဝ ရုပ်အစိုင်အခဲ ရုပ်သဏ္ဍာန်တွေဖြစ်ပေါ်လာရမှုရဲ့ တကယ့်ပြည့်စုံတဲ့အကြောင်းဟာ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာ ရရယ်လို့ ဒီလိုလေးမျိုးရှိတယ်၊ ဒီလေးမျိုးထက် အပိုအလျှော့မရှိဘူး၊ ရုပ်ဖြစ်ပုံနဲ့ပတ်သက်ပြီး ဒီလိုအကြောင်းအရာလေးမျိုးကို စုံအောင်မတွေ့ သေးရင် ဒီခေတ်ပေါ်ပညာရပ်ဟာ မပြည့်စုံသေးဘူး။ ပြည့်စုံအောင် လုပ်ရဦးမယ်၊ ဗုဒ္ဓအဘိဓမ္မာက ဒီလေးမျိုးကို ဖော်ထုတ်ပြခဲ့တာကြာပြီ၊ နှစ်ပေါင်း ၂၅၀၀–ကျော်ပြီပဲ။

ဒီအကြောင်းအရာလေးမျိုးထဲက နေရာနဲ့နေရာ အနုစိတ်သွားတဲ့ အခါ၊ စိတ်နဲ့ဥတုကြောင့် အသံ ဖြစ်ပေါ်လာရတယ်လို့ ပြောခဲ့ပါတယ်၊ ကံနဲ့အာဟာရကြောင့် အသံမဖြစ်ပေါ်ပါဘူး။ ဒါကို ရှင်းအောင် ထပ် ပြောရဦးမယ်။

ပြီးခဲ့တဲ့လကပြောခဲ့တဲ့အတိုင်း အဆီတွေအစားများလို့ အသံဝင် တယ်၊ ရှောက်သံပရာ၊ လျှက်ဆား၊ စိန်ပါတဲ့ဆေးစသည်စားလို့ အသံ ကြည်လင်တယ်၊ ကောင်းတယ်၊ ဒါကိုကြည့်ပြီး အာဟာရကြောင့်ကော အသံမဖြစ်ဘူးလားဟု ထင်မှားစရာဖြစ်ပေတယ်။

မဟုတ်ပါဘူး၊ အဆီတွေအစားများတော့ ရင်ခေါင်း အာခေါင် အာစောက်စတဲ့ အသံဖြစ်စရာ ကမ္ဗဇပထဝီတည်ရှိတဲ့နေရာတွေမှာ မသန့် မရှင်းဖြစ်ပါတယ်၊ သလိပ်တို့ဘာတို့ မြေးယှက်ဖုံးကွယ်တယ်၊ ဒါကြောင့် စကားပြောမယ်လို့ စိတ်ကဖြစ်ပေါ်လာစေတဲ့ စိတ္တဇဝါယောဓာတ် တက် လာတဲ့အခါ ကမ္ဗဇပထဝီအခံဓာတ်မကောင်းတာနဲ့ အသံပျက်ခြင်းဖြစ်ပါ တယ်။

တခါ ရှောက် သံပရာ လျှော်ဆား စိန်ပါတဲ့ ဆေးနဲ့ အခြားခါတ်စာများကို စားလို့ အသံကောင်းတယ် ဆိုရာမှာလဲ အသံဖြစ်နေရာတွေမှာ သည်းခြေ၊သလိပ်စတဲ့ အညစ်အကြေးတွေ ကင်းစင်နေတဲ့အတွက် ဝမ်းထဲက စိတ်ကြောင့် ဖြစ်တဲ့လေ တက်လာတဲ့အခါ ရင်ခေါင်း အာခေါင် စတဲ့ နေရာမှာ အညစ်အကြေးတွေ သန့်ရှင်းနေတဲ့အတွက် အသံကောင်းကောင်း ထွက်လာခြင်း ဖြစ်ပါတယ်၊ အဲဒီ အစားအစာတွေကြောင့် အသံ ကောင်း ကောင်း ဖြစ်လာတာ မဟုတ်ပါဘူး။

ဒီအချက် ရှင်းသွားပါပြီ ဆရာ၊ ကြေးစည် ခေါင်းလောင်းလှုတယ် ဆိုတဲ့ ကံကြောင့် အသံ ဖြစ်မဖြစ် ပြောပါဦး။

ဒါကို ဥပမာနဲ့စဉ်းစားရမယ်၊လူနှစ်ယောက် ရွှေတိဂုံဘုရားဈေးသွားပြီး မောင်းကလေး တစ်လုံးစီ ဝယ်တယ်ဆိုပါစို့၊ တစ်ယောက်က ၅ဝိ ပေးပြီး၊ ကြေးညံ့တဲ့ မောင်းတစ်လုံးကို ဝယ်ခဲ့တယ်၊ တစ်ယောက်ကတော့ ၁ဝဝိ ပေးပြီး ကြေးကောင်းတဲ့ မောင်းကောင်း တစ်လုံးကို ဝယ်ခဲ့တယ်၊ အိမ်ရောက်လို့ လက်ခတ်ဘုနဲ့ တီးကြည့်တဲ့အခါ၊ ၅ဝိ တန်မောင်းကထွက်တဲ့ အသံက မကောင်းဘူး၊ ၁ဝဝိ တန်မောင်းက ထွက်တဲ့ အသံက ကောင်းတယ်၊ ဒီထိအောင် ဟုတ်ပြီနော်။

ကဲ-စဉ်းစားရအောင်၊ မောင်းသံထွက်တာ ဘာကြောင့်လဲ၊

မောင်းဘုလက်ခတ်နဲ့ မောင်းနဲ့ ခတ်မိလို့ ထွက်တာပါ။

ဟုတ်ပြီ–

မောင်းသံ ကောင်းတာ မကောင်းတာ ဘာကြောင့်လဲ၊

မောင်းညံ့တာ၊ ကောင်းတာ ကွာလို့ပဲ၊

ဘာလို့ ကွာတာလဲ၊

ပိုက်ဆံကွာလို့ ကွာတာပါ။

ကောင်းပြီ ၁ဝဝိ တန်မောင်းက အသံကောင်းကောင်း ထွက်တာဟာ ပိုက်ဆံက ထွက်တဲ့အသံလား၊ ပိုက်ဆံကြောင့် အသံကောင်း မောင်း ဖြစ်လာတာလား။

ဒီလိုတော့ တိုက်ရိုက်ပြောလို့ မရပါဘူး၊ ပိုက်ဆံကောင်းလို့ မောင်းကောင်းတယ်၊ မောင်းကောင်းလို့ မောင်းသံကောင်းတယ် ဒီလိုသာ ပြောရပါမယ်။

မောင်းသံထွက်တာကတော့ လက်ခတ်နဲ့ မောင်းနဲ့ ခတ်မိလို့ (ဝါ) တီးလိုက်လို့ ထွက်တာပဲ မဟုတ်လား။

ဟုတ်ပါတယ်။

ပိုက်ဆံတွေ ၁၀ဝိ (ငွေစက္ကူ) ကို လက်ခတ်နဲ့ ထုရင် မောင်းသံထွက်ပါမလား။

မထွက်ပါဘူး။

ဒီထိအောင် ရှင်းပြီနော်။

ရှင်းပါပြီ။

လူတစ်ယောက်ဟာ အသံကောင်းချင်တဲ့ စိတ်ဆန္ဒကို အရင်းခံပြီး အသံထွက်ပစ္စည်းဖြစ်တဲ့ ကုသိုလ်တေး ဟစ်ကြွေးပေးဖော်ရတဲ့ ကြေးစည်ခေါင်းလောင်းလှူတယ်၊ ဒီလိုလှူတာဟာ ကောင်းကဲ့အပြုအမူဖြစ်လို့ ကုသိုလ်ဖြစ်တယ်၊ ဒီလိုလုပ်တဲ့ အလုပ်ဟာ ကုသိုလ်ကံ ဖြစ်တယ်၊ တကယ်တော့ ကြေးစည် ခေါင်းလောင်း လှူမယ်၊ လှူတယ်ဆိုတဲ့ကိစ္စ ထမြောက်အောင်လှုံ့ဆော်တဲ့ စေတနာဟာ ကံစစ်စစ်ပဲ။

အဲဒီလူဟာ သေပြီးနောက် လူ့ဘဝပြန်ရတဲ့အခါ အရင်ဘဝက ကြေးစည်ခေါင်းလောင်းလှူခဲ့တဲ့ကုသိုလ်ကံက အကျိုးပေးတော့ သူ့ရဲ့ရင်တွင်းအာခေါင်တွင်း၊ နှုတ်ခမ်းတွင်းအသံဖြစ်အင်္ဂါတွေ ကောင်းလာတယ်၊ ခုနက ဘုရားဈေးက ၁၀ဝိ တန် မောင်းကလေးလိုပေါ့။

အဲဒီလူဟာ ပြောချင်ဆိုချင်တဲ့ စိတ်ကြောင့် ရင်ထဲက တက်လာတဲ့ လေဌ ပါတဲ့ ပထဝီအမာဓာတ်နဲ့ သူ့ရဲ့ရင်ခေါင်းအာခံတွင်းမှာ ဖြစ်နှင့်ရှိနှင့်နေတဲ့ အသံထွက်ကိရိယာတွေကို တည်ဆောက်ထားတဲ့ ကမ္မဇပထဝီဓာတ် (ကြေးစည်၊ ခေါင်းလောင်းလှူတဲ့ ကံကြောင့်ဖြစ်တဲ့ ပထဝီဓာတ် အမာဓာတ်)တို့ ထိခတ်တဲ့အခါ မြည်ထွက်လာတဲ့ အသံဟာ သာယာကောင်း

မှန်လာပါတယ်၊ ဒီအသံကို စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇလို့ပဲ ဆိုရတယ်၊ ခုန ပိုက်ဆံလိုပဲ၊ တိုက်ရိုက်အနီးကပ် အသံထွက်ပစ္စည်း (အကြောင်း) မဟုတ်ပါဘူး၊ အထောက်အကူအကြောင်းသာ ဖြစ်ပါတယ်။

ဒါလောက်ဆိုရင် အာဟာရနဲ့ကံကြောင့် အသံမဖြစ်ဘူး၊ စိတ်နဲ့ ဥတုကြောင့်သာအသံဖြစ်တယ်ဆိုတာ ရိပ်မိတန်လောက်မည် ထင်ပါတယ်။

ဟုတ်ကဲ့ခင်ဗျား၊ အကြိမ်ကြိမ်ထပ်စဉ်းစားပါ့မယ်၊ ဥတုကြောင့်၊ အသံဖြစ်ပေါ်ပုံ သိသာရုံရှင်းစေချင်ပါသေးတယ်။

'ဥတု' ဆိုတဲ့စကားဟာ ပူမှု၊ အေးမှု၊ တေဇောဓာတ်ရဲ့ ဂုဏ်သတ္တိကို ပြောတာပဲ။ ပူတာလဲ တေဇောဓာတ်ပဲ၊ အေးတာလဲ တေဇောဓာတ်ပဲ၊ ဒီတေဇောဓာတ်(ပူမှု၊ အေးမှု)ဟာ ဥတုပဲ၊ ဒါကို အရင်ကိုင်ပါ။

ဥတုကြောင့်အသံဖြစ်ပေါ်ပုံပြောတော့ ငယ်ငယ်က ကိုယ်တွေ့ကိစ္စကလေးတစ်ခုကို သွားပြီးသတိရပါတယ်၊ အသက်နှစ်ဆယ်ကျော်ကာစက ဝါမဝင်ကလေး မေမြို့နဲ့မလှမ်းမကမ်း ရှမ်းရွာကလေးတစ်ရွာ အလှူတစ်ခု ရောက်သွားပါတယ်။ အလှူဆိုတော့ ဗုဒ္ဓဘာသာတို့ရဲ့ယဉ်ကျေးမှုအတိုင်း ဗျောတီးနေသပေါ့၊ ဒါပေမဲ့ ကြားရတဲ့ဗျောသံက 'ပုတ်ပုတ်ဗတ်၊ ပုတ်ပုတ်ဗတ်'ပဲ ဖြစ်ပါတယ်။ ငယ်တုန်းရွယ်တုန်း ဗဟုသုတကလဲ လိုသေးတော့ ဘယ်လိုမှတ်ခဲ့သလဲဆိုတော့ ဪ–ရှမ်းပြည်ဗျောကတစ်မျိုးပါကလားလို့ မှတ်ခဲ့ပါတယ်။

ဟုတ်ပါတယ်–ရန်ကုန်မန္တလေးဒေသတွေမှာက ဗျောဆိုရင် 'တုပ်တုပ်ဗျန်း၊ တုပ်ဗျန်း' လို့ကြားနေကျမဟုတ်လား။ ဒီလိုတုပ်တုပ်ဗျန်း တုပ်တုပ်ဗျန်းဆိုတဲ့ ဗျောသံလွင်လွင်လေးကြားနေကျက မိုးတွင်းရှမ်းပြည်မှာ ပုတ်ပုတ် ဗတ်၊ ပုတ်ပုတ်ဗတ်ဆိုတဲ့ အသံကြားရတော့ ရှမ်းဗျောသံက တစ်မျိုးလို့ ထင်မိတာပေါ့။

ဒါကို ဦးပဉ္စင်းကြီးတစ်ပါးအားပြောပြတော့ 'ဘယ်ကလာ ရှမ်းဗျောသံတစ်မျိုးရမှာလဲ–အေးလို့ ဗျောသံကမပြည်တာ'လို့ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ဘုန်းကြီးများရဲ့ ပထမပြန် ဓမ္မာစရိယသင်နည်းက လက်တွေ့

စဉ်းစားသုံးသပ်မှုမပါပဲ စာမေးပွဲကအောင်နေသမို့ အဖိုးတန်လှတဲ့ သင်္ဂြိုဟ်မှာလာတဲ့ 'သဒ္ဒေါ စိတ္တောတုဇော' အသံဟာ စိတ်နှင့်ဥတုအကြောင်း တရားနှစ်မျိုးကြောင့်ဖြစ်တယ်ဆိုတဲ့ အဘိဓမ္မာသဘောကို လက်တွေ့နဲ့ ပေါင်းစပ် မစဉ်းစားမိခဲ့ပါဘူး။

ကဲ၊ အခုစဉ်းစားရအောင်၊ ဗျောက ဒီဗျောပဲ၊ ဒီသစ်သား ဒီသားရေနဲ့ ကျက်ထားတာပဲ၊ တီးတဲ့တုတ်ကလဲ ဒီသစ်သားတုတ်ပဲ၊ ဒီဗျောကို အလွန်စိုစွပ်ထိုင်းအေးတဲ့အခါ ရှမ်းပြည်မှာတီးတော့ အသံက ပုတ်ပုတ်ဗတ် လို့ထွက်တယ်၊ ဒီဗျောကိုပဲသယ်လာပြီး ရွှေဘို၊ မန္တလေးပူတဲ့အရပ်ဒေသမှာ တီးလျှင် တုတ်တုတ်ဗျူန်းလို့မြည်တယ်။

ဒါကို စူးစိုက်စဉ်းစားလျှင် အေးမှု၊ ပူမှု၊ တေဇောဓာတ်ရဲ့ အဂ္ဂိရုပ်သတ္တိဟာ အသံကို ဖြစ်ပေါ်ပြောင်းလဲစေတဲ့အကြောင်းပဲလို့ လက်ရှိဆင်ခြင်ဉာဏ်နဲ့ပဲ သိရှိရိပ်မိနိုင်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့လေထုထဲမှာ အပူအအေး တေဇောဓာတ်ချင်း တိုက်ပြီး မိုးခြိမ်းသံကြီးတွေ ပေါ်လာပုံ၊ ပင္လပက္ခအပူဓာတ်တွေ ပူးကပ်ပေါင်းစပ်ပေးလိုက်လို့ ပေါက်ကွဲသံကြီးတွေဟိန်းပြီးထွက်လာပုံ ဆက်လက်စဉ်းစားကြည့်နိုင်ပါတယ်။

ဒါပေမဲ့ ပူမှုအေးမှု ဥတုကြောင့် အသံဖြစ်တယ်ဆိုရုံလောက်နဲ့ပြီးလိုက်ရင် မပြည့်စုံသေးဘူး၊ အပူအားကြောင့်' လို့ အပူစွမ်းအင်တ...ထဲကိုင်တာ မဟုတ်သေးဘူးဆိုတာ သတိပြုရဦးမယ်။

ဓာတ်ကြီး ၄–ပါးဆိုတာ ဘယ်တော့မှ တစ်ခုထဲ မဖြစ်ဘူး၊ ၄–ပါးဟာ ဘယ်တော့မှ မကွဲပြားဘူး၊ မီးမှာ လေပါတယ်၊ ရေပါတယ်၊ ရေမှာ မီးပါတယ် စတဲ့ ဓာတ်ဖွဲ့စည်းမှုကို လက်မလွှတ်ရဘူး၊ ဒါကြောင့် အပူတေဇောဓာတ်လွန်ကဲလာတဲ့အခါ ပထဝီအမာဓာတ်ပါ တက်လာတယ်။ ရှမ်းပြည်ကဗျောကြီးဟာ အေးတော့ပျော့နေတယ်။ မန္တလေး ရွှေဘိုက ဗျောက ပူတော့မာနေတယ်၊ ဒီလိုမဟုတ်လား။

ဆိုလိုတာက အပူဓာတ် (တေဇော) မှာ အမာဓာတ်ပထဝီလဲ တစ်ပါတည်း ပါတယ်ဆိုတာပဲ၊ ရှေဘိုမန္တလေးက ဗျောတွေဟာ ပူတဲ့ ရာသီဥတုကြောင့် သားရေမာတယ်။ မာတဲ့အတွက် အမာပထဝီဓာတ်ချင်း တီးခတ်တဲ့အခါမှာ အသံကျယ်ကျယ် ထွက်လာခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဥတုကြောင့် အသံဖြစ်တယ်ဆိုတဲ့ နေရာမှာ အခုလို ပရမတ်သဘာဝဆိုက်အောင် နားလည်မှု ပြည့်စုံပါသယ်။

အချုပ်က အသံထွက်တယ်ဆိုယင် စိတ္တဇကြောင့်ပဲဖြစ်ဖြစ်၊ ဥတု ကြောင့်ပဲဖြစ်ဖြစ် ပထဝီအမာဓာတ်ချင်း ထိခတ်မိမှပဲ အသံ (သဒ္ဒ) ထွက် တယ်လို့ မှတ်ရမှာပေါ့နော်။

ဟုတ်ပါတယ်၊ လက်ဖွေ့ ဝါဂွမ်းစလေး နှစ်ခုကို ခတ်ကြည့်ပါ လား၊ အသံကြားမလား၊ မကြားပါဘူး။

မှန်စလေးနှစ်စကို ခတ်ကြည့်ပါလား အသံကြားသလား။

ကြားပါတယ်။

ဘာဖြစ်လို့လဲ။

ဝါဂွမ်းစကလေးတွေက မမာလို့ အသံမကြားဟာ၊ မှန်စကလေး တွေက မာလို့ အသံထွက်တာ၊ အသံထွက်လို့ ကြားတာပါ။

သာမန် နားသောတပိုင်ရှင်ပကတိလူသားလောကမှာ ဒီလိုမှတ်သား မိရင် တော်တော်အဆင့်မြင့်တဲ့ အသိဉာဏ်ကို ရခြင်းဖြစ်ပါပြီ။

နှစ်ဖက်လှ
(၁၉၇၃-ခု၊ ဇွန်လ၊ သိပ္ပံမဂ္ဂဇင်း)

# လူရဲ့နားက အသံဖမ်းစက်၊ ကမ္ဘာလောကကြီးက အသံလွှင့်ရုံ

နား၌ပြီ၊ အသံတွေ ရှိပြီ၊ နားရှိရုံ အသံရှိရုံနှင့် ကြားပလား၊ သိပလားဆိုလျှင် အဘိဓမ္မာ နည်းပညာအရ မကြားသေး မသိသေးဟု ဆိုရပါမည်။ ထို့ကြောင့် ကြားပုံသိပုံကို ဤသို့ သိအပ်ပါသည်။

နားလည်လွယ်အောင် ခေတ်သဘောဖြင့် နှိုင်းယှဉ်ပြောရလျှင် အသံဖြစ်၍နေရာသည် အသံလွှင့်ရုံနှင့် တူသည်၊ လူ၏နားသည် အသံဖမ်းစက် (ရေဒီယို)နှင့်တူသည်။ တောင်ထိပ်ပေါ်က ဘုရားစေတီယင်ပြင်ရှိ ခေါင်းလောင်းထိုးသံကို တောင်အောက် စောင်းတန်းဦးရှိ လူက ကြားရသည်။ ခေါင်းလောင်း ထိုးလိုက်ခြင်းသည် အသံလွှင့်လိုက်ခြင်းပင် ဖြစ်သည်။ လူ၏နားက ကြားခြင်းသည် အသံဖမ်းယူလိုက်ခြင်းပင် ဖြစ်သည်။

တောင်ထိပ်နှင့် တောင်အောက် အကွာအဝေးတစ်လျှောက် အသံသည် မည်ကဲ့သို့ လာသနည်း။ လေဖြင့် အသံကူးစက်လာသည်ဟု အကြမ်းဖျဉ်းဆိုနိုင်သည်။ သို့သော် အဘိဓမ္မာနည်းပညာအရ ကြည့်သော် လေထဲ၌ မီးပါသည်၊ ရေပါသည်၊ မြေဓာတ်ပါသည်၊ ဓာတ်ကြီး လေးပါးလုံး ပါဝင်သည်။ ဓာတ်ကြီးလေးပါးကို မဟာဘုတ်ဟု ခေါ်သည်။ ထို့ကြောင့် အသံသည် မဟာဘုတ် ရုပ်ဓာတ်သဘောအရ ဆက်သွယ်ပြီး လူ၏ နားသို့ ရောက်လာသည်ဟု အနုစိတ်သိရပေသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလ (လွန်ခဲ့သော နှစ်ပေါင်း ၂၅၆၀-ခန့်)၌ မဟာဘုတ်ရုပ်ဓာတ်ကြီးတွေ လုံးဝချုပ်ဆုံးတဲ့ (ဝါ) မဟာဘုတ်ရုပ်ဓာတ်တွေ မရှိတဲ့နေရာကို အပတ်တကုတ်ရှာဖွေသော တန်ခိုးရှင် ပုဂ္ဂိုလ်တစ်ဦး ပေါ်ခဲ့ဖူးသည်။ ဆိုလိုတာက ပထဝီမြေဓာတ် မရှိတဲ့နေရာ၊ အာပေါ ရေဓာတ် မရှိတဲ့ နေရာ၊ တေဇော မီးဓာတ် မရှိတဲ့ နေရာ၊ ဝါယော လေဓာတ်မရှိတဲ့ နေရာကို လိုက်ရှာခြင်းပဲ ဖြစ်ပါတယ်။ ဤလူ့ကမ္ဘာလောက၌သာမက တစ်ခြားကမ္ဘာလောက (နတ်လောက၊

ဗြဟ္မာလောက) တွေကိုပါ အရောက်သွားပြီး ကမ္ဘာကုန်ကျယ်သရွေ့မှာ ခ၁တ်ကြီးလေးပါး ချုပ်ဆုံးသွားတဲ့နေရာကို တွေ့မလားလို့ လိုက်ရှာတာ ပါပဲ၊ ဒါပေမယ့် ဓာတ်ကြီးလေးပါး ချုပ်ဆုံးတဲ့နေရာ ဘယ်မှာမှ မတွေ့ပဲ ပင်ပန်းရုံသာ အဖတ်တင်ရှာပါသတဲ့။

ဒါဟာ နားလည်သူတွေအဖို့ ဒဏ္ဍာရီ မဟုတ်ပါဘူး၊ စကြဝဠာ အနန္တ ကမ္ဘာအနန္တ မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါး မရှိတဲ့ နေရာရယ်လို့ လုံးဝမရှိပါဘူး၊ "အြကာသလောက"ရယ်လို့ ဗုဒ္ဓဘာသာတို့ခေါ်ဝေါ်တဲ့ လောကကြီးဟာ ဓာတ်ကြီးလေးပါးရဲ့ နေရာကြီးပဲ ဖြစ်ပါတယ်၊ ဒါကို ထင်ရှားစေပါတယ်။

**မှတ်ချက်။** ။ မြတ်စွာဘုရားရှင်က ဓာတ်ကြီးလေးပါး လုံးဝချုပ်ဆုံးပုံနှင့်ဓာတ်ကြီးလေးပါး လုံးဝမရှိတဲ့သဘာဝကို စိတ်ဝင်စားဖွယ်ရာ ဖော်ထုတ်ပြသသွားတော်မူခဲ့ပါတယ်။ဤဥ္ဒ အကြောင်းအရာဘေးထွက်သွားမည်စိုး၍ ချန်ခဲ့ပါတော့မည်။

လူရဲ့ နားသောတ အကြည်ရုပ်ဆိုတာ လူ့ကိုယ်ခန္ဓာထဲမှာတော့ ရုပ်နုကလေးပဲ၊ ဒါပေမယ့် လူ့ထက် ကိုယ်ခန္ဓာနုညံ့တဲ့ သတ္တဝါ (နတ်၊ ဗြဟ္မာ)မျိုးတွေရဲ့ နားသောတရုပ် အကြည်နဲ့စာရင် အလွန်ကြမ်းပါတယ်။ (ရှေ့တွင် နားအကြောင်းလာမည်)။ အဲဒီအကြမ်းစားလူ၏ နားသောတကို ပုံးနှိုင်းဖို့က အခု လူ့လောကမှာ ရှိနေတဲ့ လေးမျိုးပဲ လိုပါတယ်။

လူ့လောကမှာ ဘယ်နေရာမဆို လေရှိတယ်၊သို့မဟုတ် မဟာဘုတ် ဓာတ်ကြီးလေးပါး ရှိတယ်၊ အဲဒီ ရုပ်ဓာတ်ကြီးလေးပါးက ဆက်သွယ်ပြီး အသံဖြစ်ရာနေရာကနေလူ၏နားပေါက်သို့အသံရောက်လာခြင်းဖြစ်ပါတယ်။

အသံလွှင့်ရုံက အသံလွှင့်ထုတ်တယ်၊ ရေဒီယိုရှိတယ်ဆိုရုံနဲ့ အသံက မကြားသေးဘူး၊ ခလုတ်ဖွင့်မှ အသံမြည်တယ် မဟုတ်လား၊ အဲဒီ ဥပမာ လိုပဲ နားရှိတယ်၊ အသံတွေရှိတယ် ဆိုရုံနဲ့ အသံကို မကြားနိုင်သေးဘူး၊ ခလုတ်နဲ့တူတဲ့ နှလုံးသွင်းမှု (ဝါ) စိတ်ညွှတ်မှု (မနသိကာရ) လိုသေးတယ်၊ ထိုအခါမှလဲ ကြားပါတယ်၊ စိတ်က တစ်ခြားကို စူးစိုက်နေရင် မကြား

ပြန်ပြီးချုပ်ကြည့်ရင် နားရှိရမယ်၊ အသံတွေရှိရမယ်၊ နားပေါက်ပွင့်နေရမယ်၊ နှလုံးသွင်းမှုရှိရမယ်၊ အဲဒီလို အချက်လေးရပ်နဲ့ပြည့်စုံမှ အသံကိုကြားမယ်၊ အချက်တစ်ရပ်ရပ်မပြည့်စုံရင် အသံမကြားနိုင်တော့ပါ၊ ဥပမာ—နားကန်းနေမယ်၊ နားပေါက်ကိုပိတ်ထားမယ်ဆိုရင် အသံဗလံတွေရှိပေမယ့် မကြားရပါ၊ ကြားဖို့စိတ်ညွတ်မှုကလေးမျှ မရှိရင်လဲ နားထဲ လေတိုးပေမယ့် အသံကိုမကြားရ၊ မသိရပါ၊ ဒါကိုအကြမ်းဖျဉ်းမှတ်ရပါတယ်။ ဒါက ကြားပုံမဟုတ်သေးပါ၊ ကြားဖို့ပြည့်စုံရမယ့်အကြောင်းအင်္ဂါများ ဖြစ်ပါတယ်။

ကြားပုံက ဒီလိုပါ၊ အသံတွေက သောတပသာဒလာပြီး အရှိန်ရိုက်တဲ့အခါ (ဝါ) ထိခတ်တဲ့အခါ ရင်ချိုင့်အတွင်းမှာရှိတဲ့ နှလုံးသွေးအကြည်ရုပ်ကလေးကို တည်မှီဖြစ်ပေါ်နေတဲ့ ဘဝင်စိတ်ကလေးမှာလဲ တစ်ပြိုင်နက်တည်း ထိခတ်ပါတယ်၊ လာတဲ့အသံဟာ နားမှာရော နှလုံးမှာရောတစ်ချိန်တည်းထိခတ်တယ်လို့ ဆိုလိုပါတယ်။ လူကိုယ်ဟာ မဟာဘုတ်ရုပ်ဓာတ်များ၏ အစုအဝေးဖြစ်ပါတယ်။ နှလုံးသားနှင့်နားဟာ တစ်ပေခန့်ကွာဝေးတယ်လို့ အကြမ်းဖျဉ်းအနေနဲ့ ထင်နေသော်လဲ သဘာဝနဲ့ချကြည့်ရင် မဟာဘုတ်ရုပ်တစ်စပ်တည်းပဲ ဖြစ်ပါတယ်။ဒါကြောင့် နားသောတမှာ အသံရှိန်ဟပ်တာနဲ့နှလုံးမှာလဲ တပြိုင်နက် သဘာဝရောက်ခြင်းဖြစ်ပါတယ်။

အသံတွေ နားနဲ့နှလုံးမှာ အရှိန်ခတ်တာကို "အာရုံထင်တယ်" လို့ အဘိဓမ္မာလိုဆိုပါတယ်။ အာရုံထင်တယ်ဆိုတာနဲ့ (ဝါ) အသံရုပ်တွေနဲ့ ပသာဒအကြည်ရုပ် ထိခတ်တာနဲ့ နှလုံး(သွင်းစိတ်)နေရာမှ နာမ်သဘာဝကလေးတွေ ဆက်ကာဆက်ကာ ပွင့်လာပါတယ်။ မီးခြစ်အိမ်နှင့်မီးခြစ်ဆံခတ်လိုက်တော့ မီးပွင့်လာသလိုပါပဲ။

ဒါပေမယ့် ဒီနေရာမှာ အနုစိတ်မှတ်စရာတစ်ခုက "သဒ္ဒ" ဆိုတဲ့ အသံတွေ နားသောတအကြည်ရုပ်လေးဆီလာတဲ့အခါမှာ အသံနဲ့အကြည်ရုပ် မထိမခတ်မိမီကလေးမှာ နာမ်ဓာတ်ကလေးတွေ ပွင့်ထွက်လာတယ်လို့ မှတ်ရမှာဖြစ်ပါတယ်။ မျက်စိနဲ့အဆင်းရုပ်ကိုမြင်ရတုန်းကလိုပဲ အာရုံရုပ်နဲ့ ပသာဒရုပ် မထိမခတ်မိခင်ကလေးမှာ ဝိညာဉ်စိတ်ကလေးတွေ ပွင့်လာတယ်လို့ ဆိုလိုပါတယ်။

ပထမဆုံး ပွင့်လာတဲ့စိတ်ကလေးက အသံရုပ်ကိုနှလုံးသွင်းဆင်ခြင်မှု သဘော ဖြစ်ပါတယ်။ သူ့နောက်ဆက်ဖြစ်တဲ့စိတ်က အသံကိုကြားတဲ့ သောတဝိညာဉ်စိတ်ကလေး ဖြစ်ပါတယ်။ သူ့ကိစ္စက 'သဝနကိစ္စ' ဆိုတဲ့ ကြားမှုကလေးသက်သက်ပဲ ဖြစ်ပါတယ်။ ကြားတယ်ဆိုပေမဲ့ အခု ပြင်ပ လောကမှာသိနေကြတဲ့ ကြားတယ်ဆိုတာနဲ့ မတူသေးပါ။ ကြားတယ်ဆိုတဲ့ သဘာဝကလေးမျှပဲ ရှိပါသေးတယ်။ သူဟာ ဖြစ်ပြီး ချက်ချင်းပျက်သွား တယ်၊ သူဖြစ်ပျက်တဲ့ကာလတာဟာ တစ်စက္ကန့်ကို အစိတ်ပေါင်း ကုဋေ တစ်သိန်းစိတ်လျှင် တစ်စိတ်စာ ကာလကလေးလောက်ပဲ ကြာပါတယ်။ ဒါကြောင့် ဒီသောတဝိညာဉ်စိတ်ကလေး တစ်လုံးဖြစ်ရုံမျှနှင့် အခုလူတွေ သိနေကြသလို အသံကိုကြားပြီလို့ မမှတ်ရသေးပါ။ သူက နားတံခါး ဖွင့်ပေးရုံမျှကလေးပဲ ဖြစ်ပါတယ်။

သောတဝိညာဉ်စိတ်ကလေး ဖြစ်ချုပ်သွားပေမဲ့ 'သဒ္ဒအသံရုပ်' က မချုပ်သေးဘူး။ ရှိနေသေးတယ်။ အရင်လဆောင်းပါးတွေမှာ စိတ်သက် ရုပ်သက်တွေ ရေးခဲ့ပြီးပါပြီ။ ရုပ်သက်ကရှည်လို့ အသံရုပ်က မချုပ်သေး ပါဘူး၊ ဒါကြောင့် အလံလက်ဆင့်ကမ်းပြေးပွဲမှာလို တစ်ယောက်ထွက် သွားတော့ နောက်တစ်ယောက်က ဆက်သယ်သလို ရှေ့ကစိတ်တစ်စိတ် ချုပ်သွားပြီး နောက်စိတ်တစ်စိတ် ထပ်ပေါ်လာတယ်၊ အဲဒီ သဒ္ဒအသံ ရုပ်ကလေးကိုပဲလက်ခံပြီး ဇောသုံးမျိုးဆက်ဖြစ်တယ်၊ ဒီစိတ်တွေကို သူတို့ ဆောင်ရွက်တဲ့ကိစ္စကိုလိုက်ပြီး သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်လို့ ခေါ်ပါတယ်။

ဝုဋ္ဌောစိတ်ချုပ်သွားပြီးတဲ့နောက်မှာတော့ အဲဒီအသံကို တွယ်တာတဲ့ သဘော လောဘစိတ်(သို့မဟုတ်)ငြင်းဆန်တဲ့သဘော ဒေါသစိတ်၊ဘာရယ် လို့ မယ်မယ်ရရသဘောမသားတဲ့ မောဟစိတ်၊ ဒီစိတ်တစ်မျိုးမျိုးဟာ ခုနစ် ကြိမ် ခုနစ်ခါတိတိ ဆက်ကာဆက်ကာ ဖြစ်ချုပ်သွားတယ်။ နောက်ပြီး အဲဒီစိတ်အဟုန်နောက်လိုက်ဖြစ်တဲ့ စိတ်နှစ်ကြိမ်လဲ ဖြစ်ချုပ်ပြီးရော သဒ္ဒ အသံရုပ်ဟာလဲ ရုပ်သက်စေ့လို့ ချုပ်ပျက်သွားပါတယ်။

အဲဒီလို အာဝဇ္ဇန်းစိတ်၊ သောတဝိညာဉ်စိတ် သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ် တစ်ကြိမ်စီ၊ ဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ် ဆိုတဲ့ စိတ်အားလုံးဟာ သဒ္ဒအသံရုပ်တစ်ခုကို လက်ခံအားရုံပြုပြီး အလှ

တော်လက်ဆင့်ကမ်းသလို တစ်ခုပြီးတစ်ခု ဖြစ်ချုပ်သွားကြတဲ့အခါ အဲဒီအသံကို ကြားတယ်၊ သိတယ်၊ ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာ ပေါ်လာပါတယ်။

အသံဟာ တစ်ခုတည်းမကပဲ ဆက်ကာဆက်ကာ လာမြဲဖြစ်ပါတယ်၊ ဥပမာ....ကြေးစည်သံ၊ ကြေးစည်သံမှာ ရုပ်သက် ၅၁–ချက်ရှိတဲ့အသံမျိုးတွေ ဆက်ကာဆက်ကာထွက်လာပြီး နားပေါက်ဆီ ပြေးဝင်သွားကြပါတယ်။ အဲဒီအသံကိုလက်ခံပြီး ဝီထိစိတ်အစဉ်ကလဲ ဖြစ်ပါတယ်၊ ခဏငယ် ၅၁–ချက် အသက်ရှိတဲ့ ရှေ့ရှေ့အသံရုပ်တွေ ချုပ် ပျက် ချုပ် ပျက် ပြီး နောက်နောက်အသံတွေက ဆက်၍ဆက်၍ ဖြစ်ချုပ်ပါတယ်။ အသံတစ်ခုမချုပ်ခင်ကို ပစ္စုပ္ပန်အသံလို့ခေါ်ပါတယ်။ ဖြစ်ချုပ်ပြီးတဲ့အသံကို အတိတ်အသံလို့ ခေါ်ပါတယ်။

ပြီးခဲ့သောစာပိုဒ်၌ဖော်ပြခဲ့သော ဝီထိစိတ်အစဉ်ဖြစ်ပုံမှာ ပစ္စုပ္ပန်အသံတစ်ခုကို လက်ခံအာရုံယူပြီး စိတ်အစဉ်ဖြစ်ပုံကို ဖော်ပြခြင်းဖြစ်ပါတယ်၊ ဖြစ်ပြီးချုပ်သွားသော အတိတ်အသံကိုလိုက်၍သိသော စိတ်အစဉ်အနည်းဆုံး(၃)မျိုးဖြစ်တတ်ပါသေးတယ်။

ဤတွင်အသံတစ်သံတည်းဖြင့် အဓိပ္ပာယ်ပေါ်လွင်တဲ့ အသံမျိုးနှင့် အသံတွေစုပေါင်းမှ အဓိပ္ပာယ်ပေါ်တဲ့ အသံများဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားရပါမယ်၊ ပုံစံ–ခွေး၊ ကြောင်၊ ကြွက်စသောအသံများသည် အသံတစ်သံတည်းနှင့် ဒြပ်ကောင်အဓိပ္ပာယ်ရပါတယ်၊ အိမ်မြှောင်၊ တောက်တဲ့၊ ကြမ်းပိုးစသောအသံတို့မှာ နှစ်သံပေါင်းမှ ဒြပ်ကောင်အဓိပ္ပါယ်တစ်ခုရပါတယ်၊ သုံးသံ၊ လေးသံပေါင်းမှ ဒြပ်ကောင်အဓိပ္ပါယ်ရသည်များကိုလည်း ဆက်တွေးကြည့်ပါ၊ ထို့ပြင် သူ အိပ်သည်၊ သူ ထမင်းစားသည် စသည်ဖြင့် ဝါကျများ၌ အသံတွေစုပေါင်းမှ အဓိပ္ပါယ်ရပါတယ်။

အဓိပ္ပါယ်တစ်ခုရသော အသံတစ်သံကိုကြားရာ၌ ပစ္စုပ္ပန်အသံကို ပစ္စုပ္ပန်နားသောတ တစ်ဝီထိဖြင့်ခံယူပြီးနောက် ချုပ်သွားတဲ့အတိတ်အသံကို ဆက်လက်ခံယူပြီး မနောဒွါရဝီထိစိတ်များ ဖြစ်ရပါတယ်။ ဥပမာ–"ခွေး" ဆိုတဲ့အသံကိုကြားရလျှင် အဲဒီပစ္စုပ္ပန်အသံမျှကိုယူပြီး ပစ္စုပ္ပန်တစ်ဝီထိ ဖြစ်ချုပ်ပြီးနောက် ချုပ်သွားတဲ့အတိတ်အသံကို ဆက်လက်ခံယူတဲ့ မနော

ဒွါရတစ်ဝီထိ ဖြစ်ပါတယ်။ နောက်"ခွေး"ဆိုတဲ့ အမည်ပညတ်ကို အာရုံပြုပြီး မနောဒွါရတစ်ဝီထိ၊ ခွေးဒြပ်ကောင်ကို အာရုံညွှတ်ပြီး တစ်ဝီထိ၊ ဤကဲ့သို့ ၄-ဝီထိ ဆက်တိုက် ဖြစ်သွားပါတယ်။ ၄-ဝီထိ ဖြစ်ပြီးမှ ခွေးဒြပ်ကောင်ထိအောင် သိပါတယ်၊သို့သော် စိတ်၏လျင်နှုန်းမြန်ဆန်မှုကြောင့် ခုကြားခုသိသလို ထင်ကြရပါတယ်။

အကယ်၍ အသံကို သင်္ကေတဖြင့် ကြိုတင်မှတ်သားထားခြင်း မရှိပါက အသံကြားပြီး အမည်ပညတ်တွင် ရပ်သွားပါတယ်၊ ဒြပ်ကောင်ထိအောင် မသိပါ၊ ဥပမာ-အင်္ဂလိပ်စကား လုံးဝ မကြားဘူးသူအား "ဒေါ့"ဟု ပြောလျှင် သူသည် ပထမသုံးဝီထိနှင့်ပဲ ရပ်သွားပါတယ်၊ ခွေးဒြပ်ကောင်ထိအောင် သူမသိနိုင်ပါ။ ဤနည်းတူ မိမိတို့ မတတ်ကျွမ်းသော ဘာသာခြားသံများကို ကြားရာ၌လည်း အသံကြားဝီထိတွေမှုကားဖြစ်ပါ၏၊ သို့သော် ဒြပ်အဓိပ္ပါယ်အထိ သိသည့်ဝီထိ မကျပါ။

ဆရာခင်ဗျား....ဒီအထိဖတ်လာတော့ အသံကြားတာဟာ နားထဲကသောတရုပ်အကြည်က(ဝါ)ရုပ်ကကြားတာ မဟုတ်ဘူး၊ရုပ်ဟာ အကူအပံ့အကြောင်းတစ်ရပ်ပဲဖြစ်တယ်၊ ပသာဒရုပ်နဲ့ အသံရုပ်တို့ ထိခတ်ရာမှ ပေါ်လာတဲ့ နာမ်သောတဝိညာဉ်ကသာ ကြားတာ၊ ဒါတောင်မှ သဘာဝမျှကလေးပဲ၊တကယ်တော့ နာမ်တောင်မှ တစ်ခုတည်းကကြားခြင်းကိစ္စပြီးတာမဟုတ်သေးဘူး၊ ဝီထိအုပ်စုနှင့် အုပ်လိုက်ဖြစ်ကြတဲ့ နာမ်တွေကသာကြားတယ်သိတယ် ဆိုတာကို ဖြစ်ပေါ်စေတာပဲလို့ သဘောရမိပါတယ်၊

ဟုတ်ပါတယ်၊ ရုပ်ဆိုရင် မမြင် မကြားနိုင် မသိနိုင်ပါ။

**နှစ်ဖက်လှ**

(၁၉၇၃-ခု၊ ဇူလိုင်လ၊ သိပ္ပံမဂ္ဂဇင်း)

# မနံသောအနံ့နှင့် နံသောအနံ့များ

ဤလ **နှာခေါင်းအကြောင်း** ရနံ့များအကြောင်းနှင့် လူတို့သည် နှာခေါင်းဖြင့် ဘယ်လိုရှူရှိုက် မွှေးနံ အနံ့ခံနေကြတယ်ဆိုတာကို အရိယ နည်းပညာဖြင့် အထက်တန်းကျကျ သိရှိရအောင် လေ့လာကြတာပေါ့။

ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝက စလေ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို သင်ခဲ့ရပါတယ်။ စာရေးဆရာက ဆဒ္ဒန် အိုင်သာမှာ ပေါက်ရောက်နေတဲ့ ကြာညိုတော၊ ကြာနီတော၊ ကြာဖြူတော၊ ပဒုမ္မာကြာတောနဲ့ ကြာပုဏ္ဍရိတ်တောဆိုတဲ့ ကြာတောငါးရပ်ကို တခမ်း တနား ဖွဲ့ပြသွားတဲ့အတွက် ကိုယ်တိုင် မမြင်ဘူးမရောက်ဘူးပေမဲ့ အဲဒီ ဆဒ္ဒန် အိုင်သာကို ရော်ရမ်းမှန်းဆပြီး စွဲငြိနေခဲ့ဖူးပါတယ်။

ကြာတောငါးရပ်အဖွဲ့ထဲမှာကြာညိုကို'ကြည်ကြည်ချို့ပန်းရက်ယို' တယ်လို့ အရသာပိုင်းကို အဓိကထားဖွဲ့ပါတယ်၊ ကြာနီကို ရူပါရုံအလှပိုင်း အဓိကထားပြီး ရှုစဖွယ် ရှိလှပုံကို ဖွဲ့ပါတယ်၊ ကြာဖြူကို နှာညှန့်ကို ချူ တတ်ပါတယ်လို့ မွှေးရနံ့ကို အသားပေး ဆိုပါတယ်။ ကြာပဒုမ္မာကို အရွယ်ပမာဏ ကြီးမားလှပုံကို ပေါ်လွင်အောင် ပွင့်ချပ်ခုနစ်မွာမှ ပွင့်ချပ် တစ်ရာအထိ ကြီးမားဆန်းကြယ်ပုံကို ပြောပါတယ်။ ကြာပုဏ္ဍရိတ်ကိုမူ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား ရှိနေပုံကို ဦးစား ပေးပြီး ဆဒ္ဒန်အိုင်သာ၏ ရေမျက်နှာပြင်ပေါ်မှာ ပိတ်ဖိတာန်ကျက်ထား သလို ရှိနေတဲ့အကြောင်း ဖွဲ့ဆိုထားပါတယ်။

အဲဒီ ဂန္ထဝင်မြောက် ကြာတောငါးရပ်အဖွဲ့မှာ ကြာဖြူတောအဖွဲ့ကို အကြိုက်ဆုံး ဖြစ်ခဲ့ပါတယ်။ ဖွဲ့ထားပုံက–

စိနုရဋ္ဌ၊ ဂန္ဓာလတိုင်း၊ ယွန်းဘိုဂိုဏ်း၌၊
နက်ရှိုင်းဘူမဋ္ဌ၊ ဝသုဓာတ်မှ၊ လူနတ်မကျိူ၊
ကမ္ဘာလိုဖြင့်၊ နဂိုဓမ္မဇာစ်၊ ကတ္တားနစ်သော၊
ကျူနစ်ဘော်စင်၊ ငွေချော်ပင်ကဲ့သို့၊ မြူမင်မချယ်၊
တင့်တယ်သန့်ရှင်းစွာ၊ ဃာနဝိညာဏ် နာမကျွန်တက္ကာ၊

ပသာဒတို့နှင့်၊ အောင်ပကုလား၊ ဆွေသား မိတ်တူ၊

နှာညှန့်ကိုချုပ်တတ်သော ကြာဖြူတောတထပ်-တဲ့။

ကြိုက်တယ်ဆိုပေမဲ့ ကြာဖြူဟာမွှေးလှပါတယ်ဆိုတဲ့ စာရေးဆရာရဲ့ ဆိုလိုရင်းလောက်ပဲသိပါတယ်။ 'ဃာနဝိညာဏ်' 'ပသာဒ' ဆိုတဲ့ အဘိဓမ္မာ ဝေါဟာရ၊ အဘိဓမ္မာသဘောတွေကိုတော့ နက်နက်နဲနဲမသိပါဘူး။ ဒါပေမဲ့ မွှေးပုံကို 'နှာညှန့်ကိုချုပ်တတ်တယ်' လို့ပြောထားတဲ့ စကားလုံး ခွန်အားက ထိမိလွန်းလို့ မမေ့နိုင်ပဲရှိနေပါတယ်။ အခုတော့ အပေါ်ယံ သိကလွန်ပြီး အတွင်းကျကျ လေးလေးနက်နက် သိရမှာမို့ ဝမ်းသာ ပါတယ်။

ခင်ဗျားစကားချီးကလဲ ရှည်လိုက်တာ၊ ဒါပေမယ့် ဘဝအတွေ့အကြုံ ခံစားချက်ကလေး တစ်ကွက်ပြန်ပြောပြနေတာမို့ တန်ဖိုးထားပါတယ်။ ကဲ အခု ရနံ့တွေက နှာညှန့်ကိုဘယ်လိုချုပ်တတ်ကြတယ်ဆိုတာစကြရအောင်၊ အဘိဓမ္မာသဘောကို စာနဲ့ရေးပြရတာဆိုတော့ ဂူးစူးစိုက်စိုက် ဖတ်ဖို့တော့ လိုတယ်နော်။

ဟုတ်ကဲ့-

မဟာသမုဒ္ဒရာ မြစ်ချောင်းတွေမှာ လောကမေ့တာအကိုင်း ၆-နာရီ လျှင်တစ်ကြိမ်ကျ ရေတက်ရေကျဖြစ်ပေါ်ပြီး **ရေစီးကြောင်း** ထလျက်ရှိပါ တယ်။ အဲဒီဥပမာလိုပဲ အသက်ရှိတဲ့လူသားတစ်ဦးရဲ့ ကိုယ်ခန္ဓာမှာလဲ တစ်မိနစ်လျှင် ၁၀-ကြိမ်မှ ၁၅-ကြိမ်ခန့် နှာခေါင်းဝမှ ချက်တိုင်အထိ မပြတ်ဝင်ထွက်နေတဲ့ **လေစီးကြောင်း** ရှိနေပါတယ်။ နိုးနေနေ၊ အိပ်နေနေ၊ သိသိ မသိသိ လေစီးကြောင်းက မပြတ်စီးလျက်သာရှိနေပါတယ်။

အဲဒီလေစီးကြောင်းဟာ လူရဲ့နှာခေါင်းတလျှောက်ဖြတ်ပြီး ဝင် ထွက်နေရပါတယ်။ နှာခေါင်းဝမှချက်တိုင်အထိ လေစီးကြောင်းလမ်းမှာ၊ နှာခေါင်းပေါက်ထဲက ဆိတ်ခွာသဏ္ဌာန်နဲ့တူတဲ့နေရာမှာ ရုပ်ဓာတ်အကြည် သဘာဝကလေးပေါင်း များစွာတည်မှီဖြစ်ပျက်နေပါတယ်။ "ကြည်" တဲ့ သဘာဝကလေးကို ပါဠိလို 'ပသာဒ' လို့ခေါ်တယ်၊ နှာခေါင်းကို 'ဃာန' လို့ ခေါ်တယ်၊ ဒါကြောင့် နှာခေါင်းပေါက်ထဲက အကြည်ရုပ်ကလေး များကို "ဃာနပသာဒရုပ်" လို့ အဘိဓမ္မာဝေါဟာရပြုပါတယ်။

အဲဒီဃာနပသာဒရုပ်သဘာဝကလေးတွေဟာဘာအနံ့မှမပါတဲ့ လေသန့်သန့်တွေ နှာခေါင်းထဲ ဝင်ထွက်ဖြတ်သန်းနေလို့ကတော့ တုတ်တုတ်မျှ မလှုပ်ဘူး၊ ထိခတ်မှုမဖြစ်ဘူး၊ နဂိုနေအတိုင်းပဲ။

ဒီနေရာမှာ လေနဲ့အနံ့အကြောင်းပြောရမယ်၊ ပုထုဇဉ်တို့ရဲ့လောက အမြင်အရဆိုရင် လေမှာအနံ့မရှိဘူး၊ အရောင်အဆင်းမရှိဘူး၊ အရသာ မရှိဘူး၊ လေကို စားလို့လဲမရဘူး၊ ဒီကိစ္စမှာ အရေးတကြီးဂရုပြုရမှာက အနံ့မရှိဘူး ရှိတယ်၊ အရောင်မရှိဘူးရှိတယ်လို့ သတ်မှတ်ဆုံးဖြတ်တဲ့ 'စံချိန်'ပဲ ဖြစ်ပါတယ်။

လေမှာအနံ့မရှိဘူးလို့ဘာနဲ့ဆုံးဖြတ်သလဲ၊လူ့ရဲ့နှာခေါင်းနဲ့ဆုံးဖြတ်တယ်မဟုတ်လား။ လေကိုအနံ့ခံကြည့် နမ်းကြည့်တော့ ဘာနံ့မှမရတဲ့ အတွက် လေမှာ အနံ့မရှိဘူးလို့ပြောရတယ်။ အဲဒီလိုပဲ လေကိုမျက်စိနဲ့ ကြည့်လို့မမြင်တော့ လေမှာအရောင်အဆင်းမရှိဘူးလို့ ပြောရတယ်၊ လူ့ရဲ့ နှာခေါင်း၊ လူ့ရဲ့မျက်စိသို့မဟုတ် သတ္တဝါတွေရဲ့နှာခေါင်း သတ္တဝါတွေရဲ့ မျက်စိကိုစံပြုပြီး လေရဲ့သဘာဝကို ဆုံးဖြတ်တာပဲ၊ ဒါကြောင့် လေသန့်သန့် နှာခေါင်းထဲဖြတ်ဝင်တဲ့အခါမှာ ဘာနံ့မှမရ၊ ဘာနံ့မှမရလို့ လေမှာ ဘာနံ့မှမရှိဘူးလို့ဆိုတာပဲ၊ ဒါဟာ ပုထုဇဉ်လောကအမြင်ပဲ။

ဒါဖြင့်ဆရာ လေသန့်သန့်မှာ အနံ့ကောရှိပါသလား။

လေသန့်သန့်မှာလဲ အနံ့ရှိပါတယ်၊ ဒါကိုပြောရင်တော့တော်တော် နက်နဲသွားမယ်။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်အမြင်အရတော့ လေမှာ အနံ့ရှိပါတယ်၊ လေရဲ့ဖွဲ့စည်းတည်ဖြစ်နေပုံကို သဗ္ဗညုတဉာဏ်နဲ့ ခွဲခြမ်းကြည့်တဲ့အခါ လေမှာ—

ပထဝီ ခက်မာနူးညံ့ဓာတ်၊ အာပေါ ဖွဲ့စည်းယိုစီးဓာတ်။
တေဇော ပူအေးဓာတ်၊ ဝါယော ထောက်ကန် လှုပ်ရှားဓာတ်။
ဝဏ္ဏ အဆင်းဓာတ်၊ ဂန္ဓ ရနံ့ဓာတ်၊ ရသ အရသာဓာတ်။
သြဇာ ကစီဓာတ်၊

ရယ်လို့ ဓာတ်သဘာဝရှစ်မျိုးပါရှိနေတာတွေ့ရပါတယ်။ အဲဒီဓာတ်ရှစ်မျိုး ထဲက ဝါယောဓာတ်လွန်ကဲနေတာပဲ။ လေထဲမှာပါတဲ့ ဓာတ်ရှစ်မျိုး

ထဲမှာ ဂန္ဓကို အထင်အရှားသိရတယ်၊ ဒါ့ကြောင့် လေထဲမှာ အနံ့ရှိတယ်လို့ အဘိဓမ္မာ့အမြင်အရ နက်နက်ရှိုင်းရှိုင်း သိရပါတယ်။

ဒါပေမဲ့ အဲဒီလေအဖွဲ့အစည်းထဲမှာ ပါတဲ့ အခြေခံဂန္ဓဓာတ်ကိုတော့ လူရဲ့ နှာခေါင်းထဲမှာ ရှိတဲ့ ဃာနပသာဒရုပ်က မထိတွေ့နိုင်ဘူး၊ လူဆိုတဲ့ သတ္တဝါအတန်းအစားမှာ ရှိတဲ့ ပသာဒရုပ်များဟာ သိပ်ပြီး မနုပါဘူး၊ တော်တော်ကြမ်းတဲ့ အာရုံလောက်ကိုသာ လက်ခံနိုင်ပါတယ်။

မျက်စိကို ဥပမာပြုရရင် သိသာတယ်၊ လူရဲ့မျက်စိနဲ့ မမြင်နိုင်တာကို နတ်ရဲ့မျက်စိက မြင်နိုင်တယ်၊ ဘာကွာခြားသလဲဆိုတော့ လူ့မျက်စိထဲမှာ ရှိတဲ့ မျက်ကြည်ရုပ်က နတ်မျက်စိထဲမှာရှိတဲ့ မျက်ကြည်ရုပ်လောက် မနုဘူး၊ တစ်နည်းပြောရရင် စွမ်းအား မရှိဘူး၊ နုနယ်ပုံချင်း စွမ်းအား ရှိပုံချင်း ကွာတယ်။

ဒါကို သဘောပေါက်ဖို့ ဆက်ပြောရရင် လူကိုယ်ခန္ဓာနဲ့ နတ် ကိုယ်ခန္ဓာဟာ ခန္ဓာ ၅ ပါးချင်း တူပေမဲ့ နုနယ်ပုံချင်းကွာတယ်၊ လူဟာ အလွန် စိတ်ဆိုးရုံနဲ့ မသေဘူး၊နတ်ဟာ သိပ်စိတ်ဆိုးရင် ကိုယ်ခန္ဓာကို ထိခိုက်ပြီးသေတယ်၊ လူသေရင် အသေကောင်ကြီးဟာ ပုပ်ပွပြီး အချိန်ကြာမှ ပျောက်ကွယ်သွားတယ်၊ နတ်သေရင် မီးတောက်ငြိမ်းသလို ချက်ချင်း ပျောက်ကွယ်သွားတယ်၊ ဒါက ဘာကို ပြသလဲဆိုတော့ လူကိုယ်နဲ့နတ်ကိုယ် ကွာခြားမှုကို ပြပါတယ်။

အဲဒီကွာခြားမှုကို အခြေခံပြီး စဉ်းစားရင် နတ်မျက်စိဟာ လူမျက်စိ ထက် ပို၍ သိမ်မွေ့ပြီး ပို၍ စွမ်းအားထက်တယ်၊ မြင်အားသန်စေတယ်၊ လူရဲ့မျက်စိဟာ နတ်မျက်စိလို မြင်အားမသန်စေနိုင်ဘူး။ မြင်တာ မဟုတ်ဘူးနော်၊ 'မြင်အားသန်စေတယ်' ဆိုတဲ့စကားကို သတိထားပါ။ အဲဒီ မျက်စိသဘောကိုစဉ်းစားမိရင် လူမှာ နှာခေါင်းထဲက အနံ့ယူပသာဒရုပ် များကလဲ သိပ်ပြီး အစွမ်းမထက်ကြဘူး လေအဖွဲ့အစည်းထဲမှာပါတဲ့ ဂန္ဓ ဓာတ်ကို အလှမ်းမမှီဘူး၊ ဒီလိုသိနိုင်ပါတယ်။

(မြေအနံ့၊ ရေအနံ့၊ မီးအနံ့တို့ကိုလဲ နည်းတူဉာဏ်ဝင်စားကြည့်ရာ၏)။ အချုပ်က ရိုးရိုးလေသန့်သန့်ထဲမှာလဲ အနံ့(ဂန္ဓဓာတ်) ပါတာပဲ၊ ဒါပေမဲ့

လူ့နှာခေါင်းနဲ့ အနံ့မရနိုင်ဘူးဆိုတာ သိရပါတယ်။ ဒါဖြင့် လူ့နှာခေါင်းနဲ့ အနံ့ရနိုင်တဲ့ အနံ့အကြောင်း ဆက်ကြဦးစို့—။

'အနံ့'နဲ့ ပတ်သက်လို့ အာယုတနဝိဘင်းပါဠိတော်ကြီးမှာ သုတ္တန်နည်းနဲ့ ဒီလို ဟောပြထားပါတယ်။

"အနံ့ဆိုတာဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ မဟာဘုတ်ရုပ် ဓာတ်ကြီးလေးပါးကို အမှီပြုပြီး ထွက်လာတယ်။ "အနံ့ကို ပကတိမျက်စိနဲ့ မမြင်နိုင်ဘူး၊ ဒါပေမယ့် အနံ့ဟာ ဃာနပသာဒမှာ ထိခတ် ထင်ဟပ်လာနိုင်တယ်၊ အချုပ်အားဖြင့် အနံ့ဟာ အမြစ်နံ့၊ အနှစ်နံ့၊ အခွံအခေါက်အနံ့၊ အရွက်နံ့၊ အဖူးအပွင့်အနံ့၊ အသီးနံ့၊ အစိမ်းနံ့၊ အမှည့်နံ့၊ အနံ့ကောင်း၊ အနံ့ဆိုး စသည်များပဲဖြစ်တယ်၊ အဲဒီလို မဟာဘုတ်ကြီးလေးပါးကို စွဲမှီပြီး ဖြစ်ပေါ်လာတဲ့ နှာခေါင်းမှာ (ဝါ) ဃာနပသာဒမှာ လာထိခတ်နိုင်တဲ့ (ဝါ) လူတို့နမ်းလို့ ရှူလို့ရတဲ့ အရာအားလုံးကို အနံ့လို့ ဆိုရတယ်"။

"အမြစ်နံ့"ဆိုတာ အမြစ်က ထွက်တဲ့အနံ့ပဲ၊ ဒါပေမယ့် "အမြစ်" ဟာ၊ ပ၊ အာ၊ တေ၊ ဝါ ဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့ အဖွဲ့အစည်း ဖြစ်တယ်၊ ဒါကြောင့် ပညတ် ပြောပြောတော့ "အမြစ်နံ့"လို့ ပြောတယ်၊ ပရမတ်ပြောပြောတော့ ဓာတ်ကြီးလေးပါးမှီပြီးဖြစ်တဲ့ အနံ့ (ဥပါဒါဂန္ဓ)လို့ ပြောရပါတယ်။

**နှစ်ဖက်လှ**

(၁၉၇၃–ခု၊ ဩဂုတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# ရိုးရိုးလေနဲ့ အောင်သွယ်လေ

ပြီးခဲ့တဲ့လက အနန့်မရတဲ့ လေအနန့်နဲ့ အနန့်ရတဲ့ အမြစ်နန့်စသည်ကို ပြောခဲ့ပါတယ်၊ အခု အနန့်အကြောင်း၊ လေအကြောင်း သိစရာ မှတ်စရာတွေကို ဆက်သေးတာပေါ့။

ဟုတ်ကဲ့ခင်ဗျား၊ အနန့်မရတဲ့ အနန့်ရယ်လို့ ဘုရားဟောပြမှပဲ သိရပါတယ်၊ အနန့်နဲ့ ပတ်သက်လို့ ထူးထူးဆန်းဆန်းတွေ သိချင်ပါသေးတယ်။

''အနန့်''ဟာ သက်ရှိသက်မဲ့ နှစ်မျိုးနဲ့ ဆိုင်တယ်၊ သက်ရှိသတ္တဝါမှာလဲ အနန့်ရှိတာပဲ၊ သက်မဲ့အရာဝတ္ထုပစ္စည်းတွေမှာလဲ အနန့်ရှိတာပဲ။

''အနန့်'' ဖြစ်ရတဲ့ အကြောင်းတရားကတော့ လေးမျိုး ရှိတယ်၊ ကံကြောင့်လဲ အနန့်ဖြစ်တယ်၊ စိတ်ကြောင့်လဲ အနန့်ဖြစ်တယ်၊ အာဟာရကြောင့်လဲ အနန့်ဖြစ်တယ်၊ ဥတုကြောင့်လဲ အနန့်ဖြစ်တယ်၊ သက်ရှိအနန့်(ဝါ) လူနန့်များဟာ ကံ' စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးအနက် တစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးလေးကြောင်းကြောင့် ဖြစ်ရတယ်၊ သက်မဲ့သစ်ပင်အရာဝတ္ထု အနန့်များကတော့ ဥတုကြောင့် ဖြစ်ရတယ်။

လူတိုင်းဟာ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူအရေပါး စတဲ့ ၃၂-ကောဋ္ဌာသ အစုအဝေးချည်းပဲ ဖြစ်တယ်၊ ဘယ်သူမှ ၃၂-ကောဋ္ဌာသက ပိုတဲ့လူမရှိသလို လျော့တဲ့လူလဲ မရှိဘူး၊ ခန္ဓာအိမ်ဖွဲ့စည်းမှု အတူတူပဲ။

ဒါပေမဲ့ လူချင်းတူပေမဲ့ အသက်ရှူချင်း ကွဲတယ်ဆိုသလို လူချင်းတူပေမဲ့ လူနန့်ချင်း ကွဲပြားတယ်၊ တစ်ချို့လူကိုယ်မှာ အနန့်ကောင်းတယ်၊ တစ်ချို့ အနန့်မကောင်းပေမဲ့ အနန့်ဆိုးမထွက်ဘူး၊ တစ်ချို့တော့ ကိုယ်နန့်ဆိုးတယ်၊ ဒီလက်တွေ့ဖြစ်ရပ်ကို စဉ်းစားလျှင် ကံကြောင့်လဲ အနန့်ဖြစ်တယ် စိတ်ကြောင့်လဲ အနန့်ဖြစ်တယ်၊ အာဟာရကြောင့်လဲ အနန့်ဖြစ်တယ် ဆိုတာကို ရိပ်မိနိုင်လောက်တယ်၊ဥတုကြောင့် အနန့်ဖြစ်တာက သိသာတယ်။

မိမိပြုခဲ့တဲ့ အကုသိုလ်ကံ အကျိုးပြနေရင် ထိုလူရဲ့ကိုယ်မှာ ရနန့်မကောင်းဘူး၊ မိမိပြုခဲ့တဲ့ ကုသိုလ်ကံက စီမံခဲ့ရင် ထိုသူကိုယ်မှာ ရနန့်ကောင်း

တယ်၊ တစ်ချို့ အာခံတွင်းက မပြတ်အပုပ်နံ့လှိုင်တယ်၊ အချို့မနံဘူး၊ အခုခေတ် ခံတွင်းအလိုလိုမွှေးတဲ့လူ မရှိသလောက်ရှားပေမဲ့ စာထဲမှာ ကြာညိုနံ့သင်းနေတဲ့ အာခံတွင်းပိုင်ရှင်များ ရှိခဲ့ဖူးကြောင်း ပါရှိပါတယ်။

စိတ်မှာလဲ လောဘစိတ်၊ ဒေါသစိတ်စတဲ့ အကုသိုလ်စိတ်တွေဟာ လူကို အနံ့ဆိုးစေတယ်၊ သဒ္ဓါစိတ်၊ မေတ္တာစိတ်စတဲ့ ကုသိုလ်စိတ်တွေ ဟာ လူကိုရနံ့သင်းစေတယ်၊ ဒီလိုလဲသိနိုင်တယ်၊ စားတဲ့အစာလိုက်ပြီး ကိုယ်ရနံ့ကောင်းမှု၊ ဆိုးမှုဖြစ်ပုံကိုတော့ သိသာပါတယ်။

သက်ရှိသတ္တဝါမှာပဲဖြစ်ဖြစ်၊ သက်မဲ့သစ်ပင်နဲ့ အရာဝတ္ထုတွေမှာပဲ ဖြစ်ဖြစ်၊ ဥတုကြောင့် အနံ့ဖြစ်ပုံသိနိုင်ပါတယ်၊ ဥတုမျှတညီညွတ်လျှင် အနံ့ကောင်းပြီး၊ ဖောက်ပြန်လျှင် အနံ့ဆိုးတယ်၊ အသက်ရှိတဲ့လူမှာ ကံရုပ်၊ စိတ်ရုပ်၊ အာဟာရရုပ် ဥတုရုပ်လေးမျိုးရှိတယ်၊ လူသေကောင် မှာကျတော့ ကံရုပ် စိတ်ရုပ် အာဟာရရုပ် မရှိတော့ဘူး၊ ဥတုရုပ် (ဥတုဇရုပ်) သက်သက်ပဲကျန်တယ်၊ ဒါကြောင့် ပြင်ပက ဆန့်ကျင်ဘက် ဥတုနဲ့တွေ့တဲ့အခါ ပုပ်ဟောင်တဲ့အနံ့တွေ ဖြစ်လာတယ်။

ထို့ပြင် သက်ရှိလောကမှာပဲဖြစ်ဖြစ်၊ သက်မဲ့ သစ်ပင်တောတောင် လောကမှာပဲဖြစ်ဖြစ် 'ဗီဇဓာတ်' ဟာ အရေးပါတဲ့အကြောင်း ဖြစ်တယ်၊ 'ဗီဇဓာတ်' ဆိုတာ ဓာတ်ကြီးလေးပါးထဲက 'တေဇောဓာတ်' ရဲ့အစွမ်းမခန်း တဲ့ဂုဏ်သတ္တိပဲလို့ဆိုတယ်၊ လူ၊နွားစသည်ဖြင့် သတ္တဝါပုံသဏ္ဌာန် အသိဉာဏ် စသည်ကွဲပြားတာဟာ ဗီဇမျိုးစေ့မတူလို့ပဲ၊ ထိုနည်းတူ သရက်၊ ပိန္နဲ၊ စသည် ဖြင့် သစ်ပင်တွေကွဲပြားနေတာလဲ မျိုးဗီဇရဲ့လက်ချက်ပဲ။

ဒါပေမဲ့ လူကိုပဲဓာတ်ခွဲကြည့်ကြည့်၊ နွားကိုပဲဓာတ်ခွဲကြည့်ကြည့် ရုပ်ဓာတ်နဲ့နာမ်ဓာတ်ကိုပဲ တွေ့ရတယ်၊ ရုပ်ဆိုလဲ ၂၈ ပါးပဲ တွေ့ရတယ်။ ဗီဇရုပ်ရယ်လို့ သီးခြားတော့မတွေ့ပါဘူး၊ ထိုနည်းတူပဲ သရက်ပင်ကိုပဲ ခွဲစိတ်ကြည့်သည်ဖြစ်စေ၊ ပိန္နဲပင်ကိုပဲ ခွဲစိတ်ကြည့်သည်ဖြစ်စေ၊ တွေ့ရမှာ ကတော့ အဝိနိဗ္ဘောဂရုပ်ရှစ်ခုပဲ၊ (ဝါ) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ဓာတ်ကြီးလေးပါးနဲ့ ဝဏ္ဏအဆင်းဓာတ်၊ ဂန္ဓအနံ့ဓာတ်၊ ရသအရသာဓာတ်၊ သြဇာကစီဓာတ်ဆိုတဲ့ ဓာတ်ပေါင်းပဲတွေ့ရတယ်၊ ဗီဇ

ရုပ်ရယ်လို့ သီးခြားမရှိဘူး၊ဒါဖြင့်ဗီဇဓာတ်ဆိုတာဘာလဲဆိုတော့ ဓာတ်ကြီးလေးပါးထဲက တေဇောဓာတ်ရဲ့အံ့မခန်းတဲ့ (၀၇) နိယာမအဆင့်ရောက်တဲ့ ဂုဏ်သတ္တိပဲဖြစ်တယ်။

ဗီဇကိုလိုက်ပြီးစစ်ရင် ကြောင်နံ့သာ၊ ကြောင်ကတိုးဆိုတဲ့သတ္တဝါမျိုးဟာ မွှေးတယ်။ ကျင်ငယ်ကျင်ကြီးကစပြီး မွှေးတယ်၊ အိမ်ကြောင်များ၏ချေးကျတော့ 'ပျော့ပျော့နဲ့နံတဲ့ကြောင်ချေး' လို့ စကားပုံဖြစ်ရလောက်အောင် နံတယ်မဟုတ်လား။

အပင်လောကမှာလဲ စပယ်၊ စကားအပင်များကပွင့်တဲ့ စပယ်ပွင့် စကားပွင့်တို့က မွှေးသလောက်၊ လက်ခုပ်ပင်ကပွင့်တဲ့ လက်ခုပ်ပွင့်ကျတော့ အလွန်အနံ့ဆိုးတယ်။

အဲဒီလို မျိုးဗီဇကြောင့် အနံ့ကွဲဖြစ်ပေါ်ရတဲ့အတွက် 'ဗီဇ' ကို အနံ့ဖြစ်စေတဲ့သီးခြားအကြောင်းရင်း တစ်ရုပ်ရယ်လို့တော့ မသတ်မှတ်ဘူး၊ အဘိဓမ္မာကျကျသတ္တုချရင်တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဆိုတဲ့ အနံ့ဖြစ် အကြောင်းလေးပါးထဲမှာပဲ သက်ဝင်ပါတယ်။

ကဲ—အနံ့အကြောင်း ဒီထက်ပြောနေရင် နှာခေါင်းနဲ့ဘယ်လို အနံ့ခံယူသလဲဆိုတဲ့ အဓိကအချက်ဆီတောင်တော်တော်နဲ့ရောက်မှာမဟုတ်လို့ အရှိန်သတ်ကြစို့ရဲ့။

ဟုတ်ကဲ့ဆရာ၊ ဒီအနံ့တွေကို ဘယ်လိုမွှေးပါသလဲ၊ နံပါသလဲ။ ဒါကို အဘိဓမ္မာနည်းကျ သိနိုင်ဖို့လိုပါသေးတယ်။

ပထမဆုံးသိရမှာက အဲဒီလိုအနံ့တွေဟာ မိမိတည်မှီဖြစ်ပျက်နေတဲ့ သက်ရှိသက်မဲ့အရာဝတ္ထုကဘယ်မှမသွားဘူး၊ ဘယ်မှမထွက်ဘူး၊သူ့ဟာသူ ဖြစ်ရှိနေတာပဲ။ စပယ်ပန်းရနံ့ဟာလဲ စပယ်ပွင့်မှာနံနေတာပဲ။ လက်ခုပ်ပွင့်အနံ့ကလဲ သူ့အပွင့်မှာနံနေတာပဲ။ အနံ့က ဘယ်မှမသွားဘူး၊ မထွက်ဘူး၊ အဲဒီလိုအနံ့မထွက်ရင် လူ့နှာခေါင်းမှာ မွှေးလဲ မမွှေးဘူး၊ နံလဲမနံဘူး၊ ဘာနံ့မှမရဘူးပေါ့။

ဒါဖြင့် ဘယ်လို မွှေးတာ၊ နံတာလဲဆရာ။

အနံ့ထွက်မှ အဲဒီအနံ့က လူ့နှာခေါင်းထဲက ဃာနပသာဒနဲ့ ထိတွေ့မှ မွှေးဖို့နံဖို့ ဖြစ်လာရတယ်၊ အဲဒီတော့ အနံ့ကို မူလဝတ္ထု ပစ္စည်းကနေပြီးထွက်ဖို့ လုပ်ပေးတာကတော့ 'လေပဲ'၊ လေကြောင့် အနံ့ ထွက်တာ၊ လေကြောင့် လေနဲ့ အနံ့ပါလာပြီး နှာခေါင်းထဲ အနံ့ဝင် ရောက်လာတာဖြစ်တယ်။

ဉပမာပြောရရင် သိပ်ပြီးရက်တတ်တဲ့ လူပျိုနဲ့အပျိုဟာ ဘယ်လိုမှ မနီးစပ်နိုင်ဘူး၊ ဒီတော့ ကြားထဲက အောင်သွယ်ကောင်းကောင်းလိုတယ်၊ အောင်သွယ်က အောင်သွယ်ပေးတော့မှ သူတို့ချင်း နီးစပ်ချစ်ခင်မှုဖြစ်ရ တယ်မဟုတ်လား။

ဒီမှာလဲ နှာခေါင်းထဲက ဃာနပသာဒနဲ့ ပန်းပွင့်မှာရှိနေတဲ့ အနံ့ ဟာ ခုနပြောခဲ့တဲ့ ရှက်တတ်တဲ့ လူပျိုနဲ့အပျိုလိုပဲ၊ သူတို့ဘာသာတွေ့ဆုံလို့ မရဘူး၊ ကြားထဲကလေက အောင်သွယ်လုပ်ပြီး အနံ့ကို သယ်လာတော့မှ နှာခေါင်းထဲက ပသာဒဆီရောက်ခြင်းဖြစ်ပါတယ်။

လောကမှာ အသံထွက်ဖို့ အနံ့ထွက်ဖို့ဆိုတာ သူ့ဟာသူဖြစ်တာ မဟုတ်ပါဘူး၊ လေရှိမှဖြစ်နိုင်တာ၊ လေမရှိတဲ့နေရာမှာ ခွက်နှစ်ခုကို တီးကြည့်ပါလား၊ အဘိဓမ္မာအရ ပထဝီဓာတ်ချင်းခတ်ကြလို့ သဒ္ဒဆိုတဲ့ အသံရုပ်ကတော့ ဖြစ်တာပဲ၊ ဒါပေမဲ့ လူ့ရဲ့နားနဲ့ မကြားရဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ လေကသယ်မလာနိုင်လို့ပဲ၊ အဲဒီဉပမာလိုပဲ၊ အနံ့ဟာသူ့ဟာသူ နေရင် ဘာနံ့မှ မရစေနိုင်ဘူး၊ လေကသယ်လာပေးမှ လူ့နှာခေါင်းထဲ လေနဲ့အတူ အနံ့ပါဝင်ရောက်ပြီး ထိခိုက်လာခြင်း ဖြစ်ပါတယ်၊

ဒါကြောင့် မွှေးဖို့နံဖို့အတွက် (ဝါ) အနံ့ရဖို့အတွက် အကြောင်း လေးချက် ပြည့်စုံရမယ်လို့ ပြောထားတယ်၊ ဒါက ဘာလဲဆိုတော့....

(က) နှာခေါင်းထဲမှာ ဃာနပသာဒကလဲ ကောင်းရမယ်၊
(ခ) လေလဲ ရှိရမယ်။
(ဂ) အနံ့ကလဲ ရှိရမယ်။
(ဃ) လူက နှလုံးသွင်းမှု(နှိုးကြားနေမှု)လဲ ရှိရမယ်၊

ဒီလို အကြောင်းလေးရပ်ညီညွတ်မှ အနံ့ရနိုင်တယ်၊

ပြန်စဉ်းစားကြည့်စမ်းပါ၊ ယာနပသာဒမကောင်းရင်လဲ အနံ့ မရဘူး၊ လူကြီးတွေ ပြောတတ်ကြတယ်၊ ငါ့နှာခေါင်းက ဘာနံ့မှ မရဘူး၊ ရော့....နမ်းကြည့်ကြစမ်းပါဦးလို့ ပြောတတ်ကြတယ် မဟုတ်လား၊ လေနဲ့ အနံ့ရှိဖို့ လိုအပ်ပုံ သိနိုင်ပြီ၊ နောက်ဆုံး(ဃ)အချက်က တော်တော်အရေးကြီးတယ်၊ လူက နိုးကြားမနေပဲ၊ နိုးနေပေမဲ့ တခြား စိတ်ရောက်လွန်းနေလို့ နှလုံးမသွင်းမိရင်လဲ အနံ့မရနိုင်ဘူး၊ ဒါကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့လူဟာ မွှေးတာနံ့တာကို မသိဘူးမဟုတ်လား။ သူ့နှာခေါင်းထဲ အနံ့တွေဝင်နေပါလျက်နဲ့ မမွှေးတာ မနံ့တာဟာ ဘာကြောင့်လဲ၊ နှလုံးသွင်းမှု မရှိပဲ ဖြစ်နေလို့ပါပဲ။

ဒီအချက်ကို ထောက်ထားပြီးတော့ အာရုံခံယူမှုအပိုင်းမှာ သိစိတ်သိနာမ်ရဲ့အရေးပါပုံ မှချသိနိုင်ပါတယ်။ နောက်ပြီး နှာခေါင်းထဲက ယာနပသာဒရုပ်တစ်ခုထဲက မွှေးတဲ့ရနံ့ကို ခံယူနိုင်တာမဟုတ်၊ရုပ်ဟာ အကြောင်းတရားတစ်ခုအင်္ဂါအစိတ်အပိုင်းတစ်ခုသာဖြစ်တဲ့အကြောင်းလဲ သိရပါတယ်။

အနံ့ဟာ လေနဲ့ပေါင်းမိရင် လူကိုယ်ပြင်ပ ဗဟိဒ္ဓ အနံ့ကိုသာ နှာခေါင်းကအနံ့ခံနိုင်တာ မဟုတ်သေးဘူး၊ ကိုယ်တွင်းအဇ္ဈတ္တက အနံ့လဲပဲ လေနဲ့သာ ပေါင်းမိရင် နှာခေါင်းထဲ အနံ့ရောက်တာပါပဲ၊ ဥပမာ အစာမကြေ အချဉ်ပြန်တဲ့ အခါမျိုးမှာ ဝမ်းထဲ၌ ချဉ်နေတဲ့အစာရဲ့ အနံ့ဟာ လေနဲ့အတူ ပါလာပြီး နှာခေါင်းထဲမှာ ချဉ်တဲ့အနံ့တွေ နံလာပါတယ်၊ ဒါကို လေချဉ်တက်တယ်လို့ ခေါ်ကြတယ် မဟုတ်လား။

ပြန်ချုပ်ကြည့်ရင် ဆိုခဲ့တဲ့ အင်္ဂါလေးချက်နဲ့ ပြည့်စုံပါက ပြင်ပရှိ အနံ့ပဲဖြစ်ဖြစ် လူ၏ဝမ်းထဲမှ အနံ့ပဲဖြစ်ဖြစ် နှာခေါင်းဖြင့် အနံ့ ရနိုင်ကြောင်း သိရပါတယ်၊အမှန်အားဖြင့် အင်္ဂါလေးရပ်မပြည့်စုံပဲ အကြောင်းတစ်ချက်ချက် ချို့တဲ့နေရင် အနံ့ခံ၍ မရကြောင်းလဲ သိရပါတယ်။

**နှစ်ပက်လှ**
(၁၉၇၃-ခု၊ စက်တင်ဘာလ၊သိပ္ပံမဂ္ဂဇင်း)

# နံလျှင်ရန်ဖြစ်-မွှေးလျှင်ချစ်

ပြီးခဲ့တဲ့လက နှာခေါင်းနဲ့အနံ့ အကြောင်း ပြောခဲ့ပါတယ်၊ အခု နှာခေါင်းနဲ့ အနံ့ တွေ့ဆုံတဲ့အခါ စိတ်စေတသိက်တွေ ဘယ်လို ဖြစ်ပျက်ဆောင်ရွက်တယ်ဆိုတာ ဆက်ကြရအောင်။

ဟုတ်ပါတယ်ဆရာ။ အကြောင်းတရားတွေ ညီညွတ်ပေါင်းဆုံမိရာမှ ဘယ်လိုအကျိုးရင်းအကျိုးဆက်တွေ ဖြစ်လာတယ်ဆိုတာ အဘိဓမ္မာကျကျ သိထားဖို့ လိုပါတယ်။

နှာခေါင်းထဲကစပြီး လူ့ကိုယ်မှာ စိတ်စေတသိက်တွေ ဖြစ်ပျက်လာသည့်အတွက် ပေါ်ပေါက်လာတဲ့ ကွင်းဆက်ဖြစ်ရပ်တွေကို သုတ္တန်နည်းနဲ့ အရင်ပြောမယ်ဆိုရင်—

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ—

စတဲ့ ပါဠိတော်ကို ကိုင်ရပါတယ်။

အဓိပ္ပာယ်က—နှာခေါင်းထဲက ဃာနပသာဒရုပ်နှင့် ပြင်ပက လေနဲ့ ပါလာတဲ့ ဂန္ဓာရုံရနံ့တို့ကို အစွဲပြုပြီးတော့ ဃာနဝိညာဉ် နံ့သိစိတ် ဖြစ်လာရတယ်၊ ဃာနဝိညာဉ်စိတ်ဖြစ်တော့ ဃာနပသာဒရယ်၊ ရနံ့အာရုံရယ်၊ ဃာနဝိညာဉ်စိတ်ရယ်၊ သုံးမျိုးပေါင်းဆုံမိရာမှ စိတ်၌ တွေ့ထိမှု သဘာဝ (ဖဿ) ဖြစ်လာပါတယ်၊ ဖဿဖြစ်လာရင် အဲဒီ ဖဿကြောင့် အာရုံကို ခံစားတဲ့သဘော (ဝေဒနာ) ဆင့်ပွားဖြစ်လာရပါတယ်၊ ခံစားတယ်ဆိုရင် သာယာမှု (တဏှာ) ဖြစ်လာတာပါပဲ။

ဒါကို အခြေခံပြီး ရှေးဆရာတော်ကြီးများက—

တိုက်ခိုက်ပေါင်းဆုံမှုကြောင့် တွေ့၊
တွေ့မှုကြောင့် ခံစား၊

ခံစားမှုကြောင့် သာယာ–

စသည်ဖြင့် စပ်ဆိုခဲ့ပါတယ်။ ဒါက သုတ္တန်နည်း (ဝါ)အကြမ်းစား ဖော်ပြခြင်းဖြစ်ပါတယ်။

ဒီထက် အနုစိတ်ပြီး အဘိဓမ္မာနည်းနဲ့ရှာရင် ဒီလိုတွေ့ရပါမယ်။

ပထမဦးစွာ လူကို ဘဝင်ချထားလိုက်ပါ၊ အခြားဘာစိတ်မှမဖြစ်ပဲ ဘဝင်စိတ်ချည်းပဲ တသွင်သွင်ဖြစ်နေတယ်လို့ ယာယီမှတ်ထားရန်ဖြစ်ပါတယ်၊ အဲဒီလို ဘဝင်စိတ်သာ တသွင်သွင်ဖြစ်နေတုန်းမှာ ပြင်ပက လေနဲ့ပါလာတဲ့ အနံ့ဂန္ဓာရုံဟာ လူရဲနှာခေါင်းထဲဝင်လာပြီး နှာနုမှာရှိတဲ့ နှာအကြည်ရုပ်ကလေးကို ထိခတ်ပါတယ်။

ဒီနေရာမှာ နှာအကြည်ရုပ်နဲ့ ဂန္ဓာရုံရုပ်တို့ဟာ ခဏငယ်(၅၁) ချက်စီ အသက်ရှည်တယ်၊ စိတ်စေတသိက်တို့ဟာ ခဏငယ်(၃)ချက်စီပဲ အသက်ရှည်တယ်ဆိုတာကို ပြန်သတိရထားပါ။

အနံ့ဟာ နှာဩန့်ကိုလာထိလျှင်ထိချင်း လူအနေနဲ့ အနံ့မရသေးပါဘူး၊ လာထိတော့ ဘဝင်စိတ်(၃)ကြိမ်ဖြစ်ချုပ်ပြီးမှ အာရုံကိုဆင်ခြင်တဲ့ သဘောကလေး(အာဝဇ္ဇန်းစိတ်) ဖြစ်ချုပ်ပါတယ်။ အာဝဇ္ဇန်းစိတ် ချုပ်တာနဲ့ မွှေးတဲ့ရနံ့ကိုသိတဲ့ ဃာနဝိညာဉ်စိတ်ကလေးဖြစ်ချုပ်သွားပါတယ်၊ အဲဒီ ဃာနဝိညာဉ်စိတ်ကလေး ဖြစ်ချုပ်ပြီးတာနဲ့ နှာဩန့်မှာ သဘာဝအားဖြင့်ထိခတ်နေတဲ့ ရနံ့အာရုံကို ဆက်လက်ခံယူတဲ့စိတ် (သမ္ပဋိစ္ဆိုင်းစိတ်) စုံစမ်းတဲ့သဘာဝစိတ် (သန္တိရဏစိတ်) ဆုံးဖြတ်တဲ့ သဘာဝစိတ်၊ (ဝုဋ္ဌောစိတ်)ရယ်လို့ စိတ်(၃)မျိုးဟာ ဆက်တိုက်ဖြစ်ချုပ်သွားကြပါတယ်။

အာဝဇ္ဇန်းစိတ်မှစပြီး ဆက်တိုက် ဖြစ်ချုပ်သွားကြတဲ့ စိတ်(၅)မျိုးမှာ တွေ့ထိတဲ့သဘော ဖဿ၊ တွေ့ထိလို့ခံစားရတဲ့သဘော ဝေဒနာ၊ ဒီစေတသိက်သဘာဝတွေက ပါလေမြဲဖြစ်ပါတယ်။ ဆိုလိုတာက ရနံ့ကိုတွေ့တယ်၊ ခံစားတယ်လို့ ဆိုလိုပါတယ်။ သို့သော်–ဤတွင်မဆုံးသေးပါ။ ရနံ့အာရုံကို ပိုင်ပိုင်နိုင်နိုင်ယူတဲ့ စိတ်တစ်မျိုး ခုနစ်ကြိမ်ဆက်တိုက် ဖြစ်ပေါ်ချုပ်ပျက်သွားကြပါတယ်။ တစ်မျိုးထဲ ခုနစ်ကြိမ်ထပ်တလဲလဲဖြစ်ချုပ်သွားတဲ့ စိတ်အစဉ်ကိုတော့ ဇောစိတ်လို့ခေါ်တဲ့အကြောင်း သိခဲ့ကြပါပြီ၊

ကြိုက်ရင် လောဘဇော၊ မကြိုက်ရင် ဒေါသဇောစသည်ဖြစ်ပုံကိုလဲ အရင်ဆောင်းပါးများ၌ ဖော်ပြခဲ့ပါပြီ၊ ဇောစိတ်ချုပ်ပြီးတဲ့နောက် ဇော်နောက်လိုက်စိတ် (တဒါရုံစိတ်) နှစ်ကြိမ်ဖြစ်ချုပ်သွားပါတယ်။

နှာသွန်မှာ ရနံ့ဂန္ဓာရုံကလေး လာပြီးတွေ့ထိတဲ့အခိုက်ကစပြီး ဖြစ်ချုပ်သွားကြပြီးတဲ့ စိတ်တွေကို ပြန်ပေါင်းကြည့်ရင် (၁၇) စိတ်ဖြစ်ပါတယ်။

| | |
|---|---|
| ဘဝင်စိတ် | ၃ |
| အာဝဇ္ဇန်းစိတ် | ၁ |
| ဃာနဝိညာဉ်စိတ် | ၁ |
| လက်ခံ၊ စုံစမ်း၊ | |
| ဆုံးဖြတ်စိတ် | ၃ |
| ဇောစိတ် | ၇ |
| တဒါရုံစိတ် | ၂ |
| ................ | |
| ပေါင်း– | ၁၇ |

အဲဒီလို စိတ် ၁၇ စိတ် ဖြစ်ချုပ်တဲ့ကာလဟာ ခဏငယ်ပေါင်း (၅၁)ချက်သာကြာတယ်၊ ဘာကြောင့်လဲဆိုတော့ စိတ်တစ်စိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင်၊ အားဖြင့် ခဏငယ်(၃)ချက်စီရှိသည့်အတွက် ၁၇ စိတ်ဆိုတော့ (၅၁)ချက်ပေါ့၊ ခဏငယ် (၅၁) ချက် အချိန်ပြည့်တာနဲ့ နှာသွန်ကိုလာချုတဲ့ ရနံ့ဂန္ဓာရုံရုပ်လဲ ချုပ်သွားပါတယ်၊ နောက်ဆုံး တဒါရုံစိတ်ချုပ်တာနဲ့ ဂန္ဓာရုံရုပ်ချုပ်တာ တစ်ချိန်တည်းအတူတူပဲ။

ဒါပေမဲ့ နှာခေါင်းထဲမှာ နှာအကြည်ရုပ်တွေကလဲ မပြတ်ဖြစ်ချုပ်နေကြတယ်၊ လေနံ့ပါလာတဲ့ ခဏငယ် (၅၁)ချက်စီ အသက်ရှိတဲ့ အနံ့ဂန္ဓာရုံရုပ်တွေကလဲ သန်းချီဝင်ရောက်လာကြတယ်၊ ဒီတော့ အနံ့ဂန္ဓာရုံ တစ်ခုလျှင် ဝီထိစိတ် ၁၇–စိတ်ဖြစ်သည့်နည်းဖြင့် ဝီထိစိတ်အုပ်စုပေါင်းက သန်းချီဖြစ်ချုပ်ကြရတယ်။

စပယ်ပန်းကလေးကို နှာခေါင်းဝမှာတေ့ပြီး မွှေးလိုက်တဲ့တခဏမှာ နှာခေါင်းထဲသို့ ပန်းရနံ့ရုပ်တွေ သန်းချီဝင်ရောက်သွားတဲ့အကြောင်း၊

အဲဒီရန့်တွေက နှာခေါင်းထဲမှာ မပြတ်ဖြစ်ရှိနေတဲ့ ဃာနပသာဒနှာညွန့်ကို သွားပြီးထိတွေ့တဲ့အကြောင်း အဲဒီလိုရုပ်အချင်းချင်းထိတွေ့လိုက်တော့ ဝီထိစိတ်အုပ်စု (နာမ်) တရားများ ဖြစ်ပေါ်လာတဲ့အကြောင်း နာမ်တရားများ ဖြစ်လာမှ နာမ်တရားက မွှေးသည်နံသည် ဆိုတဲ့ ခံစားမှုတွေ ပေါ်လာစေတဲ့အကြောင်း သိရမှာ ဖြစ်ပါတယ်။ (အတိုတ်ဂန္ဓာရုံကို အာရုံပြုပြီး နောက်လိုက် မနောဒွါရ စိတ်ဝီထိများလည်း ဖြစ်ပါသည်။)

ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်ရင် မမြင်ချင်ပါက မျက်စိကို မှိတ်ထားနိုင်ပါတယ်၊ ဘယ်လောက်ကြာကြာပဲ မှိတ်ထားလို့ရတယ်၊ မကြားချင်ရင်လဲ နားကိုကြိုက်သလောက် ပိတ်ထားလို့ရတယ်၊ နှာခေါင်းကတော့ ဒီလိုမရဘူး၊ မနံချင်လို့ နှာခေါင်းကို အကြာကြီး ပိတ်ထားလို့ မရဘူး၊ သူက အသက်ရှူလေ (ထွက်သက်ဝင်သက်လေ)ရဲ့လမ်းကြောင်းမှာကျနေတဲ့ အတွက် ကြာကြာပိတ်ထားလို့ မရ၊ သို့သော် မနံချင်ရင် အနံ့လွတ်ရာ ရှောင်ပြေးရပါတယ်။

အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ် ဤသုံးမျိုးအနက် အဆင်းနဲ့ အသံက လူရဲ့ ပသာဒရုပ်ကို မရောက်ခင် ပသာဒရုပ်နဲ့ မထိမတွေ့ခင်မှာပဲ ဝိညာဏ်စိတ် ဖြစ်လာစေနိုင်ပါတယ်။ ရူပါရုံဟာ မျက်စိတွင်းက မျက်ကြည်ရုပ်ကို မထိမခတ်မိခင်ကလေးမှာ နာမ်စိတ်များ ဖြစ်လာစေပါတယ်၊ သဒ္ဒါရုံသည် နားတွင်းရှိ နားအကြည်ရုပ်ကို မထိမခတ်မိခင် နာမ်စိတ်များ ဖြစ်လာစေပါတယ်။ ဒီသဘောကို ပါဠိလို အသမ္ပတ္တဂါဟ (မရောက်ခင်ယူတယ်)လို့ဆိုပါတယ်၊ရုပ်ချင်းမထိမတွေ့မိ နာမ်ဖြစ်တာထူးခြားချက်ပါပဲ။

အနံ့ဂန္ဓာရုံကတော့ နှာခေါင်းထဲရှိ နှာအကြည်ရုပ်ကို ထိခတ်မိမှပဲ နာမ်စိတ်များ ဖြစ်လာစေနိုင်ပါတယ်၊ အာရုံရုပ်နဲ့ ပသာဒရုပ် ထိခတ်မှ နာမ်ဖြစ်ပါတယ်။ ဒါကို သမ္ပတ္တဂါဟ (ရောက်မှထိမှယူတယ်)လို့ ဆိုပါတယ်။ ဤအချက်သည် မျက်စိ၊ နားနှင့် နှာခေါင်းတို့ရဲ့ ကွာခြားမှုပဲ ဖြစ်ပါတယ်။

လေနဲ့ပါလာတဲ့ ဂန္ဓာရုံရန့်ဟာ နှာခေါင်းတွင်းရှိ နှာအကြည်ရုပ်ကို ထိခတ်ပြီး လူ၏ ဝမ်းထဲကို ဆက်ဝင်သွားပါတယ်၊ ဒါကြောင့် ကောင်းတဲ့

အနံ့သည် လူကို အကျိုးပြုသလို အနံ့ဆိုးများက လူကို ဘေးဖြစ်စေခြင်း ဖြစ်ပါတယ်။

အကြမ်းဖျဉ်းအားဖြင့် အနံ့သည် မကောင်းအနံ့၊ ကောင်းအနံ့နှင့် အလွန်ကောင်းသောအနံ့ဟူ၍ သုံးမျိုး ,ကွဲပြားပါတယ်၊ မကောင်းသောအနံ့သည် အနိဋ္ဌာရုံအနံ့ ဖြစ်ပါတယ်၊ အနိဋ္ဌာရုံအနံ့ကို ခံရလျှင် ဒေါသဇော စောပါတယ်၊ ဒါကြောင့် စိတ်မချမ်းသာခြင်း ဖြစ်ပါတယ်။ ကောင်းသောအနံ့သည် ဣဋ္ဌာရုံအနံ့ ဖြစ်ပါတယ်၊ ဣဋ္ဌာရုံအနံ့ကို ခံရလျှင် သဘောကျနှစ်ခြိုက်တဲ့ လောဘဇော စောပါတယ်၊ သောမနဿလောဘဇောကျလျှင် ဝမ်းသာကြည်နူးပါတယ်၊ အလွန်ကောင်းသော အနံ့သည် အတိဣဋ္ဌာရုံဖြစ်ပါတယ်၊ အတိဣဋ္ဌာရုံအနံ့ကို လွန်စွာ သဘောကျနှစ်ခြိုက်သည့်အခါ တဏှာလောဘဇော ကျပါတယ်။

လူသားတို့သည် မကောင်းသော ရနံ့ကို ခံရလျှင် အရင့်အရင်က ပြုထားခဲ့တဲ့ အကုသိုလ် အကျိုးဆက်ကြောင့်လို့ သိရပါတယ်၊ အနိဋ္ဌာရုံအနံ့ကို ခံရလျှင် အကုသလဝိပါက် (အကုသိုလ်ရဲ့အကျိုး) ဖြစ်တဲ့ ဃာနဝိညာဉ်စိတ်(နံ့သိစိတ်)ဖြစ်ပါတယ်၊ ကောင်းတဲ့ ရနံ့ခံရလျှင် အရင့်အရင်က ပြုထားခဲ့တဲ့ ကုသိုလ်ရဲ့ အကျိုးဆက်ကြောင့်လို့ သိရပါတယ်။ ဣဋ္ဌာရုံရနံ့၊ အတိဣဋ္ဌာရုံရနံ့ကို ခံရတဲ့အခါ ကုသလဝိပါက် (ကုသိုလ်ရဲ့အကျိုး) ဖြစ်တဲ့ ဃာနဝိညာဉ်စိတ် (နံ့သိစိတ်) ဖြစ်ပါတယ်။

လူတွေဟာ အဘိဓမ္မာတတ်ရင်(ဝါ) အဘိဓမ္မာအသိပညာကိုအသုံးချတတ်ရင် မိမိရဲ့ နေ့စဉ်ဘဝကို စိစစ်နိုင်ပါတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် အိမ်သာနံ့ အပုပ်နံ့ အညှီအဟောက်နံ့ စတဲ့ အနံ့ဆိုးတွေကို ခံနေရလျှင် အင်း–ငါတော့ အရင်ကပြုခဲ့တဲ့ အကုသိုလ်ကြောင့် ယခုလို အနံ့ဆိုးတွေကို မခံချင်ပဲ ခံနေရပါလားလို့ သိနိုင်ပါတယ်၊ ရေမွှေးပေါင်ဒါ၊ ပန်းမျိုးစုံ၊ ဟင်းအမွှေးအကြိုင် ရနံ့များကို ခံရလျှင်လဲ ငါ့ရဲ့ ကုသိုလ်အကျိုးပေးပဲလို့ သိနိုင်ပါတယ်။

ဒီလို အခြေခံကို မသိလျှင် မကောင်းတဲ့အနံ့နံလျှင် နံရကောင်းလားဆိုပြီး ဒေါသ အကုသိုလ်စိတ်တွေ ထပ်ဖြစ်ပြန်တယ်၊ ကောင်းတဲ့အနံ့တွေ ခံစားရပြန်တော့လဲ ငါတယ်ဟုတ်ပါလားဆိုပြီး လောဘ, မာန အကုသိုလ်စိတ်တွေ ထပ်ဖြစ်ပြန်ကယ်။

တကယ်ကတော့ အနှံဆိုးတွေ မခံချင်မနေရ ခံနေရလျှင် ငါ ပြုခဲ့တဲ့ အကုသိုလ်အပြစ်ပါလားလို့ နှလုံးသွင်းပြီး စိတ်သက်သာရာ ရအောင် သဘောထားရတယ်၊ ဟင်းမွှေး၊ ပန်းမွှေး ဆိုတာမျိုးတွေ ခံစားရပြန်တော့လဲ ငါရဲ့ကုသိုလ်ပဲလို့သဘောထားတတ်ရင် တဏှာ, လောဘ, မာန တွေ မဖြစ်ဘူး၊ စိတ်အေးတယ်။

တစ်ဆင့်တက် စဉ်းစားရင် မကောင်းတဲ့ အနံ့တွေခံရလို့ ဟိုလူဒီလူတွေနဲ့ ရန်မဖြစ်ဘူး၊အမွှေးအကြိုင်တွေ ရတဲ့နေရာမှာလဲ မွှေးတဲ့ကြိုင်တဲ့သူကို သိပ်ပြီး မစွဲလမ်းဘူး၊ မစွဲလမ်းတော့ မိမိကို ရန်နံ့နဲ့ မဖမ်းစားနိုင်ဘူးပေါ့၊ နို့မဟုတ်ရင် အနံ့ခံပြီး လိုက်သွားတာနဲ့ ဒုက္ခဖြစ်တတ်ကြတယ် မဟုတ်ပါလား။

ဆရာခင်ဗျား ဒါတွေသိရင် ဘဝပြဿနာတွေကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်နိုင်မယ်၊ ကိုယ့်ကိုယ့်ကို သက်သာအောင် ဘေးကင်းအောင် နေတတ်မယ်၊ ဘဝကို အေးအေးချမ်းချမ်း တည်ထောင်နိုင်မယ် ထင်ပါတယ်။

ထင်ပါတယ် မလုပ်ပါနဲ့၊ ဗုဒ္ဓမြတ်စွာ ပေးခဲ့တဲ့ တရားဟာ လူနဲ့ ပတ်ဝန်းကျင် ငြိမ်းချမ်းရေးအတွက်ချည်းပါပဲ။

**နှစ်ဖက်လှ**
(၁၉၇၃-ခု၊ အောက်တိုဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# လျှာအဘိဓမ္မာ သိစရာများ

ကျွန်တော်တို့ကိုယ်မှာရှိနေတဲ့ မျက်စိ၊ နား၊ နှာခေါင်း တို့ဖြင့် မြင်ပုံ၊ကြားပုံ၊အနံ့ရပုံတို့နှင့်ပတ်သက်၍ မျက်စိအဘိဓမ္မာ၊ နားအဘိဓမ္မာ၊ နှာခေါင်းအဘိဓမ္မာ သိစရာတို့ကို အကြမ်းဖျဉ်းအကျဉ်းချုပ် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုဆက်လက်၍ လျှာဖြင့်အရသာခံယူပုံ ''လျှာအဘိဓမ္မာ'' သိစရာများကို ဆက်ပါမည်။

မဟောသဓာဇာတ်တော်ကြီးဝတ္ထုကို ဖတ်ရှုသောအခါ အမရာ ဒေဝီပရိယေသနအခန်း (အမရာရှာခန်း)၌ ဤသို့တွေ့ကြရ၏–

> ''(အမရာသည်) နံနက်စောစော၌ စမဲနှင့်တကွ ယာဂုကိုကောင်းစွာပြင်၍မဟောသဓာအား ပေး၏၊ မဟောသဓာသုခမိန်သည် ထိုယာဂုကို ခံတွင်း လျှာပေါ်၌ ချကာမျှလျှင် ယာဂု၏ ကောင်းမြတ်သော သြဇာသည် တစ်သောင်း ခုနစ်ထောင် ကုန် သော လျှာ အ ကြော တို့ ကို ဆောင် ၍ တည်၏၊ ထိုယာဂုသည် လျှာကြောစိမ့်မျှ ကောင်းလှ(၏)။

မဟောသဓာဇာတ်တော်ကြီးဝတ္ထုသည် ခုဒ္ဒကနိကာယ်၊ ဇာတက၊ မဟာနိပါတ်၌ ပါရှိသည်ဖြစ်၍ သုတ္တန်ကျမ်းပင်ဖြစ်၏။ ယင်းသုတ္တန် ကျမ်း၏အဆိုအမိန့်အရ ကျွန်တော်တို့ လူသားများ၏ လျှာ၌ လျှာကြော ပေါင်း(၁၇၀၀၀) (တစ်သောင်းခုနစ်ထောင်) ရှိကြောင်းနှင့် ထိုလျှာ ကြောများက အရသာကိုဆောင်ကြောင်း သိခွင့်ရကြပါသည်။

အဘိဓမ္မာကျမ်းများ၌မူ လူ၏လျှာတွင် အရသာကို ခံယူနိုင်သော ရုပ်အကြည်သဘာဝတစ်မျိုး ပြန့်နှံ့ဖြစ်ပေါ်လျက် ရှိသည်ဟု ဖော်ပြ ထားပါသည်။ ဤစကားကို သေချာစွာစဉ်းစားလျှင် ''လျှာ'' နှင့်လျှာရှိ ''အကြည်ရုပ်'' မတူကြောင်း သိရပါသည်။ ထို့ပြင် ယင်းအကြည်ရုပ် သည်''လျှာ''ကို အမှီပြုပြီး ဖြစ်ပေါ်ရကြောင်းလည်း သိရပါသည်။

ဤတွင် စကားတစ်ရပ် ကြားညှပ်၍ဆိုရသော် သုတ္တန်နည်းက လူ့ာအကြောမျှားကိုပြောထားသည်၊အဘိဓမ္မာနည်းက ရုပ်အကြည်သဘာဝ ကိုပြောသည်၊ ဤနှိုင်းယှဉ်ချက်အရ "သဘာဝ"ကို ပြောသော အဘိဓမ္မာ နည်းက "အကြော"ကို ပြောသောသုတ္တန်နည်းထက်ပို၍ပင် နက်နဲကြောင်း သတိပြုခဲ့ရန်ဖြစ်၏။ သုတ္တန်နည်းသာမက အခြားမည်သည့်ပညာရပ်ဖြစ်စေ သဘာဝကို မဆိုက်ရောက်သေးသမျှ ဗုဒ္ဓအဘိဓမ္မာကို မမှီသေးကြောင်း နားလည်နိုင်ပေသည်။

ရုပ်ပိုင်းအဘိဓမ္မာနည်းပညာအရ "လူ့ာ"ကို သရုပ်ခွဲကြည့်ပါလျှင် အဓိကအားဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာ ဘုတ်ရုပ်ဓာတ်ကြီးလေးပါး ဖွဲ့စည်းတည်ဖြစ်နေမှုကို သိနိုင်ပါသည်။ ထိုရုပ် ဓာတ်ကြီးလေးပါးသည်လည်း သူ့ဟာသူ ဖြစ်ချင်ရာဖြစ်နေကြသည်မဟုတ် မူပဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အခြေခံအကြောင်းတရားကြီး လေးမျိုးကြောင့် ဖြစ်ပေါ်ဖွဲ့စည်းတည်ဖြစ် နေခြင်းဖြစ်ကြောင်း သိအပ် ပေသည်။လူ၏–ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်ရသော မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးကို ဖွဲ့စည်းတည်ဖြစ်မှုကြောင့် "လူ့ာ"ဖြစ်ပေါ်နေသည်ဟု နားလည်နိုင်၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးကြောင့် မဟာဘုတ်ရုပ်များဖြစ်ကြရသည်ဆိုသော အဘိဓမ္မာစကား၌ ဥတုနှင့်အာ ဟာရကြောင့် မြေ၊ ရေ၊ မီး၊ လေတို့ ဖြစ်ကြရပုံကို သိလွယ်ပေ၏၊ ကံကြောင့်၊ စိတ်ကြောင့် မြေဓာတ်ဖြစ်လာပုံ၊ ကံကြောင့်၊ စိတ်ကြောင့် ရေဓာတ်ဖြစ်လာပုံ၊ ကံကြောင့်၊ စိတ်ကြောင့် အပူဓာတ် မီးဖြစ်လာပုံ၊ ကံကြောင့်၊ စိတ်ကြောင့် လေဓာတ်ဖြစ်ပုံတို့ကိုမူ သိနိုင်ခက်ပေသည်။ သို့ရာတွင် ယခုခေတ်၌ စိတ်ကြောင့်၊ (ဝါ) စိတ်စွမ်းအားဖြင့် အပူဓာတ်၊ လေဓာတ်များဖြစ်လာနိုင်ပုံကို ရိပ်မိစပြုလာကြပြီ၊ ကံကြောင့် အပူဓာတ် မီးနှင့် လေဖြစ်ပုံစသည်ကိုမူ အစအနပင် မဖော်နိုင်ကြသေး၊ ဗုဒ္ဓအဘိ ဓမ္မာကသာ ကြို့တင်တွေ့ရှိ တင်ပြနိုင်သည့် အနေအထားတွင်ရှိလေသည်။

အလွန်မာကြောပြီး ထင်းထင်းကြဲဖြစ်နေသော ရေခဲတုံးကြီးသည် အအေးဓာတ်ဒီဂရီလျော့နည်းသွားပြီး၊ပြင်ပ နေ၊လေတို့၏ အပူဓာတ်တို့နှင့် ထိတွေ့ဖန်များသောအခါ အရည်ဖြစ်ပြီး ရေခဲတုံးကြီးအဖြစ်မှ လုံးဝ

ပျောက်ကွယ်သွားရသည်။ ဤသည်ကို နမိတ်ပုံပြု၍ စဉ်းစားလျှင် ကံကြောင့်၊ စိတ်ကြောင့်၊ အာဟာရကြောင့် ဓာတ်သဘာဝကြီးလေးမျိုး မဖြစ်တော့သောအခါ (ဝါ) လူသေသွားသောအခါ ဥတုတည်းဟူသောအကြောင်းတရားတစ်ခုတည်းက "လျှာ" ကို တာရှည်တည်တံ့အောင် မဆောင်နိုင်တော့သည့်အတွက် ပုပ်သိုးပြီး လျှာကြီး ပျက်စီးပျောက်ကွယ်သွားရလေသည်။

ဤအချက်ကို ထပ်ဆင့်စဉ်းစားလျှင် လူ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော အဇ္ဈတ္တ (ကိုယ်တွင်း) ဓာတ်ကြီးလေးပါးဖြစ်လာပြီး၊ ယင်းဓာတ်ကြီးလေးပါးသည် ဌီကာလ၌ အသက်ရှည်ကြာသည့်အတွက် "ဃာန"ဟု ခေါ်သော တခဲနက်အစိုင်အခဲပီပြင်လာလျက် "လျှာ" ဟူသော လူ့ကိုရိယာတန်ဆာပလာတစ်မျိုး အထင်အရှားဖြစ်လာကြောင်း သိအပ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သော "အရသာကို ခံယူနိုင်သော ရုပ်အကြည်"ကို အဘိဓမ္မာဝေါဟာရအားဖြင့် "ဇိဝှာပသာဒ"ဟု ခေါ်၏။ (ဇိဝှါ=လျှာ။ ပသာဒ=အကြည်ရုပ်) ယင်းဇိဝှါပသာဒသည် လျှာကိုဖြစ်စေသော အကြောင်းတရားကြီးလေးမျိုးအနက် ကံအကြောင်းတရားကြောင့်ဖြစ်သော မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးတို့၏ ဂုဏ်သတ္တိထူး၊ အရည်အသွေးထူး၊ လက္ခဏာထူးဖြစ်လေသည်။

ပရမတ္ထသဘာဝတစ်ရုပ်ကိုစစ်တမ်းထုတ်ရာ၌သိမှတ်စရာ(လက္ခဏာ)၊ ဆောင်ရွက်သည့်ကိစ္စ(ရသ)၊ ဆင်ခြင်နိုင်သူ၏ ဉာဏ်၌ထင်လာသောအခြင်းအရာ(ပစ္စုပဋ္ဌာန်)၊ နီးစွာသောအကြောင်း (ပဒဋ္ဌာန်) ဟူသော အချက်လေးချက်ဖြင့် စိစစ်ကြည့်ရန်ဖြစ်၏၊ ဇိဝှါပသာဒကို ယင်းအချက်လေးရပ်ဖြင့် စိစစ်ကြည့်သောအခါ ဤသို့တွေ့ရပေသည်။

အရသာကို စားချင် သောက်ချင် လျက်ချင်သည့် လူ၏ တဏှာကို "ရသတဏှာ"ဟုခေါ်၏၊ ထိုရသတဏှာကို အထူးတလည်အမှီပြုပြီး(ဝါ) စားလိုမှု၊ သောက်လိုမှု၊ လျက်လိုမှုကိုအခြေခံပြီး လူ၏ ပြုလုပ်အားထုတ်မှု (ကံ)ဖြစ်လာ၏၊ ထိုကံကြောင့် မဟာဘုတ် ဓာတ်ကြီးလေးပါး ရုပ်

သဘာဝတရားများ ဖြစ်ပေါ်လာသည်။ ထိုမဟာဘုတ်ရုပ်ဓာတ်ကြီးလေးမျိုးသည် "လျှာ"ကို ဖြစ်ပေါ်လာစေသည်။ ထို "လျှာ"တည်းဟူသော မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးတို့၏ "အကြည်သဘာဝ"ကို "ဇိဝှာပသာဒ"ယူ၍ သတ်မှတ်ရလေသည်။ သို့ဖြစ်သောကြောင့် ဇိဝှါပသာဒအဖြစ် မှတ်သားနိုင်သည့် လက္ခဏာကိုရှာသော် မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးတို့၏ ကြည်လင်မှု ဂုဏ်သတ္တိကိုပင် ဇိဝှါပသာဒ၏ လက္ခဏာဟု ဆိုရပေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ အဘိဓမ္မာဝိဘင်းပါဠိတော်၊ အာယတနဝိဘင်းအခန်း၌-

"လျှာအကြည်(ဇိဝှါပသာဒ)သည်ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏"

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူချက် ရှိလေသည်။ "လျှာ"တည်းဟူသော မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးကို မှီပြီး ကြည်လင်သည့်သဘောလက္ခဏာသည် ဇိဝှါပသာဒရုပ်၏ သဘောလက္ခဏာပင် ဖြစ်လေသည်။

တစ်ဖန် ဤဇိဝှါပသာဒရုပ်၏ ဆောင်ရွက်မှုကိစ္စပိုင်းကို ကြည့်လျှင် ဤပသာဒရုပ်သည် စားသောက်ဖွယ်ရာ ရသာရုံ အဖြာဖြာတို့၌ လူကို ဆွဲဆောင်ဘိသကဲ့သို့ ဖြစ်၏။ဤစကားမှာ တင်စား၍ပြောသောစကားဖြစ်၏။ "လျှာ"မှာ အရသာကိုခံယူနိုင်သည့် ဇိဝှါပသာဒရုပ်ရှိပေသောကြောင့်သာ အရသာများကို ခံယူ စားသောက်နိုင်သည့်အတွက် ဤပသာဒရုပ်က အရသာနှင့် လူကို နီးစပ်အောင် ဆောင်ရွက်ပေးသကဲ့သို့ ရှိသည်ဟု ဆိုရခြင်းဖြစ်၏၊ မှန်ပေ၏၊ အကယ်၍ လျှာပျက်နေလျှင် (ဝါ) လျှာ၌ ဇိဝှါပသာဒ ပျက်နေလျှင် လျှာပေါ် ရောက်လာသော သြဇာအရသာကိုပင် ခံယူနိုင်မည် မဟုတ်ပါချေ။ ထို့ကြောင့် ဇိဝှါပသာဒက လူကို အရသာတို့၌ ဆောင်ခြင်းကိစ္စ ရှိသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

တစ်နည်းဆိုရသော် ဤပသာဒရုပ်သည် လျှာပေါ် အရသာရောက်လာသောအခါ စိတ်စေတသိက် နာမ်တရားများ ဖြစ်ပေါ်လာအောင် ဆောင်ကြဉ်းနိုင်လေသည်။ လျှာပေါ်၌ အရသာပေါ်ခြင်းသည် ဤဇိဝှါပသာဒရုပ်၏အကူအညီကြောင့် ဖြစ်လေသည်။ ဤအချက်ကို သိသာထင်ရှား

စေရန် လက်ဖမိုးပေါ်၌ထန်းလျက်ခဲကိုတင်ကြည့်ပါက ချိုသောအရသာကို သိရမည် မဟုတ်ချေ၊ အဘယ့်ကြောင့်ဆိုသော် လက်ဖမိုးပေါ်၌ ဇိဝှါပသာဒ ရုပ်အကြည် မရှိသောကြောင့် ဖြစ်၏၊ ဤအချက်ကို ကြည့်ခြင်း အားဖြင့် လျှာပေါ်၌ အရသာပေါ်ခြင်းသည် ဇိဝှါပသာဒဟု ခေါ်သော လျှာအကြည်ရုပ်တစ်မျိုး၏ ဂုဏ်သတ္တိကြောင့်ဖြစ်ကြောင်း သိနိုင်ပေသည်။

နောက် အရေးကြီးသော အချက်တစ်ရပ်ကား "ဇိဝှါဝိညာဉ်" (ဇိန်ဝှါဝိညာဉ်)ဟုခေါ်သော စိတ်တစ်မျိုးသည် ဤဇိဝှါပသာဒရုပ်ရှိမှသာ (ဝါ) ဇိဝှါပသာဒရုပ်ကိုအမှီပြုရမှသာ ဖြစ်နိုင်၏၊ ဇိဝှါပသာဒရုပ်မရှိပဲ မည်သည့်ဇိဝှါဝိညာဉ်စိတ်မျှ ဖြစ်ခွင့်မရှိပေ၊ ထို့ကြောင့် ဤပသာဒရုပ်သည် ဇိဝှါဝိညာဉ်စိတ်၏ တည်ရာ ဖြစ်ရာ တစ်မျိုး ဖြစ်ကြောင်း သိရပေသည်။ ဤသို့သိခြင်းသည်လည်း ယခုလို လူသာမန်မျက်စိ၊ လူသာမန်အတွေးအမြင် မျိုးဖြင့် ဒိဋ္ဌသိနိုင်သည် မဟုတ်၊ ဗုဒ္ဓသာသနာ နည်းလမ်းတကျ ကျင့်ကြံ အားထုတ်သော ယောဂီ၏ ဉာဏ်ဖြင့်သာ သိမြင်နိုင်စွမ်းပေသည်။

ထို့ပြင်ဗုဒ္ဓမြတ်စွာသာသနာနည်းအရ မည်သည့်အရာမျှအကြောင်း ကင်း၍ ဖြစ်သည်ဟူ၍ မရှိသည့်အတွက် ဤဇိဝှါပသာဒရုပ် ဖြစ်ဖို့ရန် အနီး ကပ်ဆုံး အကြောင်းတရားကို ရှာရာတွင် ကံကြောင့်ဖြစ်သော မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးကိုပင် တွေ့ရပေသည်။ ဆိုလိုသည်မှာ ဇိဝှါပသာဒ လျှာအကြည်ရုပ်ဖြစ်ပေါ်ဖို့ရန်အတွက် အလိုအပ်ဆုံး အကြောင်းအခြေခံမှာ ကံကြောင့်ဖြစ်သော မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးပင် ဖြစ်သည်ဟု ဆိုလို ပေသည်။

အထက်တွင် ဖော်ပြခဲ့သည်များမှာ "ဇိဝှါပသာဒ"ဟူ၍ သီးခြား ရုပ်သဘာဝတစ်ခုအဖြစ် သတ်မှတ်ထားသော လျှာအကြည်ရုပ်၏ အမှတ် လက္ခဏာ၊ ယင်းပသာဒရုပ်၏ ဆောင်ရွက်ချက်ရသ(ကိစ္စ)၊ ယင်းရုပ်ကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ထင်မြင်ပုံအခြင်းအရာ(ပစ္စုပ္ပဋ္ဌာန်) နှင့် ယင်းရုပ်၏ အနီးကပ်ဆုံးအခြေခံအကြောင်း (ပဒဋ္ဌာန်)တို့ပင် ဖြစ်ပေ သည်။ ယင်းသို့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူသော အချက် လေးရပ်ဖြင့် ဆစ်ပိုင်းသုံးသပ်ပြီး ဇိဝှါပသာဒ (လျှာအကြည်ရုပ်)ဆိုသည်မှာ ဤသို့သော ရုပ်မျိုးပေတည်းဟု အသိထူး၊ အမြင်ထူး၊ အကြားထူးကို ပေးအပ်ခဲ့ခြင်း ဖြစ်ပေသည်။

လူ၏''လျှာ''မှာ ဇိဝှါပသာဒအကြည်ရုပ်တည်သည်ဆိုသော်လည်း လျှာကြီးတစ်ခုလုံး ထက်၊ အောက်၊ ဘေးဘီ၊ ရင်း၊ ဖျား နေရာမလပ် တည်ရှိသည်မဟုတ်၊ လျှာ၏အလယ် ကြာရွက်ဖျားသဏ္ဍာန် နေရာ၌သာ ပသာဒရုပ်တည်ကြောင်း ကျမ်းဂန်အားလုံးက တညီတညွတ်တည်း ညွှန်ပြထားပေသည်။ ယင်းကြာရွက်အဖျားသဏ္ဍာန် လျှာအလယ်နေရာ၌သာ ဇိဝှါပသာဒအကြည်ရုပ်များ အများအပြားတည်မှီဖြစ်ပျက်လျက်ရှိသည်ဟု သိရပေသည်။

ဇိဝှါပသာဒရှိသောလျှာပေါ်၌ပြင်ပက သြဇာအရသာ စားသောက်ဖွယ်ရာတစ်ခုခုကို တင်လိုက်သောအခါ ပသာဒရုပ်နှင့် အရသာရုပ် ပေါင်းမိသည့်အခိုက်အတန့်ကလေး၌ ဇိဝှါဝိညာဉ်ဟုခေါ်သော နာမ်ဓာတ်ကလေး ဘွားကနဲ ဥပါဒ်ဖြစ်ပေါ်လာလေသည်။ ဤအကြောင်းကို ရှေ့လဆက်ပါမည်။

ဤဆောင်းပါးကို ပြန်လည်ရုံးစု နိဂုံးချုပ်သော် လျှာအဘိဓမ္မာ သိစရာအချုပ်ကား ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါး ဖြစ်လာသည်။ မဟာဘုတ် ရုပ်လေးပါးဖွဲ့စည်းမှုကြောင့်''လျှာ''ဖြစ်လာသည်။ လျှာ၌ဖြစ်သော ကံအကြောင်းခံ မဟာဘုတ်ရုပ်တို့မှ ဂုဏ်သတ္တိထူးကဲလာပြီးဇိဝှါပသာဒဖြစ်လာသည်။ ယင်းဇိဝှါပသာဒနှင့် ပြင်ပမှသြဇာအရသာတွေ့ထိခိုက်မှာ ဇိဝှါဝိညာဉ်စိတ်ဖြစ်လာသည့်ဟူ၍ အကျဉ်းချုပ်သိရပေသည်။

အောက်ပါကဲ့သို့ စိတ်ကူးပုံထုတ်ကြည့်နိုင်ပါသည်။

ပသာဒ+အရသာ > ဇိဝှါဝိညာဉ်စိတ်

| လျှာ |

↑

| မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါး |

↑

| ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား |

နှစ်ပက်လှ

(၁၉၇၃–ခု၊ နိုဝင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း)

# 'အဆင်း' နှင့် 'အနံ့' ကို စား၍ရသလော။

"လျှာ"၏ မိတ်ဆွေမှာ "ဓာတ်စာ" ဖြစ်၏၊ စားစရာဆိုရာတွင် အဘိဓမ္မာအရစိစစ်ပါက အလုတ်အလွေးပြု၍ရသော စားသောက်ဖွယ်ရာများ၌ပါရှိသည့် ဩဇာအရသာသည်သာလျှင် လျှာ၏မိတ်ဖက်စစ်စစ်ဖြစ်၏၊ လျှာ၌ရှိသော ဇိဝှါပသာဒ အရသာခံအကြည်ရုပ်နှင့် အစားအစာ၌ပါသော အရသာဓာတ် ပေါင်းဆုံမိမှသာ အရသာသိသည့် ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်လာနိုင်ပေသည်။

သို့ဖြစ်လျှင်"အရသာ"ဆိုသည်ကား အဘယ်နည်း။

သာယာဖွယ် နှစ်သက်ဖွယ်ဖြစ်သောအရာကို ရသာ(ရသာရုံ) ဟု ခေါ်ထား၏၊ ဤအရသာသည် ဇိဝှါဝိညာဏ်စိတ်ဖြစ်ရန် အကြောင်းတစ်ရပ်ဖြစ်ပေ၏။

ဤအရသာ(ရသာရုံ)နှင့်ပတ်သက်၍ အာယတန ဝိဘင်းပါဠိတော်ကြီး၌ ဟော်ကြားချက်ကို ခေတ်မြန်မာစကားဖြင့် ဖော်ပြရသော် ဤသို့ဖြစ်ပေ၏။

> "အရသာသည် ကြီးကျယ်ထင်ရှားသော မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်ပေ၏၊ အရသာကို မျက်စိဖြင့် ကြည့်မြင်၍ မရ၊ လျှာဖြင့်သာ ထိတွေ့၍ရစကောင်း၏၊ ဤအရသာသည် အဘယ်အရာဝတ္ထုတို့၌ တည်တတ်သနည်း ဟူမူ အမြင်၌လည်း တည်တတ်၏၊ အမြစ်၌ရှိသောအရသာကို အမြစ်အရသာဟုခေါ်ကြ၏၊ ထိုနည်းတူ ပင်စည်အရသာ၊ အခွံအရသာ၊ အရွက်အရသာ၊ အပွင့်အရသာ၊ အသီးအရသာဟူ၍ရှိ၏၊ ထိုမှတစ်ပါး မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အခြားအရသာများလည်းရှိပေ၏။

ထို့ပြင် အချဉ်၊ အချို၊ အခါး၊ အစပ်၊ အငန်၊ အဖန်ဟူ၍ ရသာခြောက်ပါးရှိ၏၊ တစ်နည်းအားဖြင့် ကောင်းသောအရသာ၊ မကောင်းသော အရသာဟူ၍ ဆိုအပ်ပေ၏။

မည်သည့်အရသာကိုမဆို မျက်စိဖြင့်မမြင်နိုင်၊ လျှာအကြည်ရုပ်ဖြင့်သာ ထိတွေ့နိုင်၏၊ အရသာကို ဇိဝှါပသာဒရှိသောလျှာဖြင့် လျက်ခဲ့ကြပြီး၊ လျက်နေကြဆဲ၊ ရှေ့သို့ဆက်၍လည်း လျက်ကြပေဦးလတ္တံ့။

ထိုအရသာသည် စိတ်စေတသိက်တို့ ဖြစ်ပေါ်ရာ ဖြစ်၍ ရသာရုံလည်း မည်၏၊ သူ့သဘောသူဆောင်တတ်၍ ရသဓာတ်လည်းမည်၏၊ စင်စစ် ရသာရုံသည် ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်လာစေသည့် အကြောင်းတစ်ရပ်ဖြစ်ပေသည်။

အထက်ပါစကားရပ်အရ အရသာနှင့်ပတ်သက်၍ ကောင်းနှုတ်ချက်တစ်ခုရပါသည်၊ ယင်းကား အရသာကိုမြင်၍မရ၊ အရသာကို ဇိဝှါပသာဒဖြင့်သာ တွေ့ထိနိုင်၏၊ အရသာသည် ဇိဝှါဝိညာဉ်ခေါ်သောလူ့စိတ်တစ်မျိုးဖြစ်လာစေဖို့ အကြောင်းတစ်ရပ်ဖြစ်သည်ဟူသော အချက်ဖြစ်၏။

အရသာ(ရသာရုံ)ကို ဖြစ်ပေါ်လာစေနိုင်သည့် အကြောင်းတရားများမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော လေးမျိုးပင်ဖြစ်၏၊ ကံကြောင့် အရသာနှင့် အရသာရှိသော ဝတ္ထုပစ္စည်းများ လူ့လောကတွင် ဖြစ်ပေါ်လာနိုင်၏၊ လူတို့၏စိတ်ဓာတ်ကြောင့် အရသာနှင့် အရသာရှိသောဝတ္ထုပစ္စည်းများ ဖြစ်လာနိုင်၏၊ ပူမှု၊ အေးမှုဥတုနှင့် အာဟာရအထောက်အပံ့ကြောင့် အရသာနှင့် အရသာရှိသောဝတ္ထုများ ဖြစ်လာနိုင်၏။

ယခုခေတ်တွင် ဥတုနှင့်အဟာရကြောင့် ရသဩဇာရှိသော အရွက်၊ အဖူး၊ အပွင့်၊ အသီးများဖြစ်လာသည်ကို သိမြင်နားလည်နိုင်ကြသည်၊ သို့ရာတွင် ကံနှင့်စိတ်ကြောင့် ဩဇာအရသာရှိသော ပစ္စည်းဝတ္ထုများ ဖြစ်လာနိုင်ပုံကိုမူ ဉာဏ်မှီရန်မလွယ်ချေ။

သို့သော် လူတို့ပြုလုပ်ကြသော ကံတရားနှင့် လူတို့၏စိတ်ထားသဘောထား အခြေအနေများကြောင့် ဩဇာအရသာရှိသော သစ်ပင်များနှင့် အရာဝတ္ထုများ ဖြစ်လာနိုင်သည်ဆိုသော အဘိဓမ္မာဗဟုသုတရရှိ

မျှနှင့်ပင် အောက်ပါကဲ့သို့စာပေမျိုးကို ကောင်းစွာ သဘောပေါက်နားလည်သွားတော့မည် ဖြစ်သည်။

"ကတိသစ္စာ၊ တည်သောခါဝယ်၊ ရသာလေးနက်၊
ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏။"

(မာဃဒေဝ)

လူသားတွေ ကတိသစ္စာတည်ကြသည်ဆိုသောအချက်ကို စဉ်းစားလျှင်၊ လူတို့ပြုလုပ်သော ကံတရားနှင့် လူတို့၏စိတ်နေသဘောတားများကို ဆိုလိုခြင်းဖြစ်ကြောင်း သိနိုင်သည်။ ကတိတည်တည်၊ သစ္စာရှိရှိ ပြုလုပ်ဆောင်ရွက်ကြလျှင် ကံကောင်း၍ စိတ်ကောင်းကြမည်ဖြစ်သည်။ လူတို့ကံကောင်း၍ စိတ်ကောင်းကြသောအခါ ထိုကံနှင့် ထိုစိတ်တို့ကြောင့် နွယ်မြက်သစ်ပင်များ၌ လေးနက်သောအရသာများရှိလာကြပြီး စားဘက်ဝင်ရုံမျှမက ဆေးဘက်ပင်ဝင်ခြင်း ဖြစ်ပေသည်။

သို့သော် လူသားတွေ ကံကောင်းကောင်းလုပ်ကြတာနဲ့၊ လူသားတွေ စိတ်ကောင်းကောင်းထားကြတာနဲ့ နွယ်မြက်သစ်ပင်တွေမှာ ဩဇာအရသာတွေ ဘယ်လိုလေးနက်ပြီး၊ ဆေးဘက်ဝင်သွားသလဲ ဆိုသည့် ဆက်သွယ်မှုကိုမူ ယနေ့ ပေါ်ပေါက်သုံးစွဲနေပြီဖြစ်သော သိပ္ပံကိရိယာမျိုးစုံဖြင့် လက်တွေ့စမ်းသပ်၍ ရဦးမည်မဟုတ်ချေ၊ အမှန်စင်စစ် သဘာဝချင်းဆက်သွယ်မှုကိစ္စဖြစ်၍ နက်နဲသောဉာဏ်ပညာ၏ အရသာဖြစ်သည်၊ နက်နဲသောဉာဏ်ပညာဆိုရာတွင်လည်း သီလနှင့်သမာဓိ(ဝါ) ကိုယ်ကျင့်တရားနှင့် စိတ်တည်ကြည်မှု အင်အားကို ပြည့်ပြည့်ဝဝအခြေခံပြီး ဖြစ်ပေါ်စေအပ်သည့် ဌာနာဌာနကောသလ္လဉာဏ် (အကြောင်းဟုတ်မဟုတ်ခွဲခြားသိတတ်သောဉာဏ်)စသော ဉာဏ်မျိုးရရှိမှသာ ယင်းသဘာဝကွင်းဆက်ကို အတပ်သိမြင်နိုင်မည်ဖြစ်သည်။

ပါးစပ်ဖြင့် စားသောက်သည့်အခါ အရသာခံယူရရှိရေးနှင့်ပတ်သက်၍ အဘိဓမ္မာပညာဖြင့် စစ်ဆေးကြည့်လျှင် ဤသို့တွေ့ရပေသည်။

စားသောက်ရေးနှင့်ပတ်သက်၍—

(၁) လျှာ၌ ဇိဝှါပသာဒရုပ်ရှိရသည်။
(၂) အစားအစာအရသာ လျှာပေါ်ရောက်ရမည်။
(၃) အာပေါဓာတ်(အစိုဓာတ်)ရှိရသည်။
(၄) စားသူက သတိပြုနှလုံးသွင်းရသည်။

ဖော်ပြပါ ပသာဒ၊ အရသာ၊ အာပေါဓာတ်ဟူသောရုပ်အကြောင်း သုံးမျိုးနှင့် နှလုံးသွင်းမှုဟူသော နာမ်အကြောင်းတစ်မျိုး ဤအကြောင်း တရားလေးမျိုးပေါင်းမိမှ အရသာကိုသိသော ဇိဝှါဝိညာဉ်စိတ် ဥပါဒ် ဖြစ်ပေါ်လာလေသည်။ ဤအကြောင်းတရားလေးမျိုးအနက် တစ်မျိုးမျိုး ပျက်ကွက်နေပါက ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်လာနိုင်ခြင်းမရှိ။

ဤအကြောင်းလေးမျိုးတွင် "နှလုံးသွင်းရှိမှု" ဟူသော နာမ် အကြောင်းအရာသည် အာရုံတစ်ပါးသို့ စိတ်စူးစိုက်နေခိုက်မျိုး၌ပျက်ကွက် တတ်သည်၊ စားမှန်းသော မှန်း နှလုံးသွင်းမှုမပြုနိုင်သောအခါ စားစရာ လည်ချောင်းတွင်းဝင်သွားသော်လည်း အရသာမခံစားလိုက်ရပေ။ အာပေါ ဓာတ်(အစိုဓာတ်)အင်္ဂါမှာမူ ကျန်းမာသူတိုင်း၌ မပြတ်ရှိနေသည်၊ လျှာ ရည်စိုနေခြင်းသည် အရသာပေါ်ရန် အကြောင်းခံတစ်ရပ် ဖြစ်ပေသည်၊

စားသောက်ရာ၌ဖြစ်သော ဇိဝှါဝိညာဏ်ဆိုင်ရာ စိတ်ပရမတ်တို့၏ ဖြစ်ရပ်ကို သိရန်အတွက် ယခင်မျက်စိ၊ နား၊ နှာခေါင်းမှာကဲ့သို့ လှူကို အရင်ဘဝင်ချထားပါ၊ လျှာနှင့်အစာတွေ့ထိသောအခါ ဘဝင်သုံးကြိမ် ဖြစ်ချုပ်ပြီး ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ တစ်ဆက်တည်း ဇိဝှါဝိညာဏ်စိတ် ဖြစ်ချုပ်၏၊ ထို့နောက်ဆက်လက်၍ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောစိတ် တစ်ကြိမ်စီဖြစ်ချုပ်၏၊ ဆက်လက်၍ ဇောစိတ်ခုနစ်ကြိမ်နှင့် တစ်ဒါရုံ နှစ်ကြိမ် ဖြစ်ချုပ်သွား၏။

ဤကဲ့သို့ စိတ် ၁၇—စိတ် ဖြစ်ချုပ်သွားသောအခါ ပစ္စုပ္ပန်ရသာရုံ တမ်ခုလည်း ချုပ်၏၊ ထိုပစ္စုပ္ပန်ရသာရုံ ချုပ်သွားသောအခါ အတိတ် ရသာရုံဖြစ်၏၊ ထိုအတိတ်ရသာရုံကို အာရုံပြုပြီး မနောဒွါရ၌ ဝီထိသုံးမျိုး ဆက်လက်ဖြစ်ချုပ်သွား၏၊ လျှာပေါ်ရောက် အစားအသောက်များ၌

ဖြစ်ပေါ်သော ပစ္စုပ္ပန်ရသာရုံအနန္တကို ထိုနည်းလည်းကောင်း အာရုံပြု၍ ပစ္စုပ္ပန်ဇိဝှါဝိညာဉ်တစ်ဝီထိ၊ အတိတ်မနောဒွါရသုံးဝီထိစီ ဖြစ်ချုပ်၏။ ထို့ကြောင့်ဉာဏ်ဖြင့်စဉ်းစားကြည့်လျှင် ထမင်းတစ်လုတ်စားသည့်တစ်ခဏ မှာပင် ရသာရုံရုပ်သဘာဝတွေလည်း အနန္တဖြစ်ချုပ်သွားကြပုံ၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်စဉ်ကြီးကို ရိပ်မိနိုင်ပေသည်။

"ရသာရုံ"ကို ပရမတ္ထစစ်တမ်းလေးရပ်ဖြင့် စိစစ်ကြည့်လျှင် ဤသို့ တွေ့ရပေ၏။ အရသာသည် လျှာ၌ရှိသောဇိဝှါပသာဒရုပ်ကို ထိတွေ့ခြင်း လက္ခဏာရှိ၏။ ဇိဝှါဝိညာဉ်စိတ်၏ အာရုံဖြစ်မှုဟူသော အလုပ်ကိစ္စရှိ၏။ ရုပ်နာမ်သဘာဝကို ခွဲခြားသိမြင်နိုင်သော ဉာဏ်မျိုးဖြင့်ကြည့်ပါမူ အရသာ သည် ဇိဝှါဝိညာဏ်စိတ်၏ကျက်စားရာ စားကျက်ဖြစ်ကြောင်း တွေ့ရပေ၏။ မဟာဘုတ် ရုပ်ဓာတ်ကြီးလေးပါးသည် ယင်း"အရသာရုပ်"၏ အနီးကပ် အကြောင်းဖြစ်ကြောင်းလည်း သိရပေ၏။

"အရသာသည် ဇိဝှါပသာဒရုပ်ကို ထိတွေ့ခြင်း လက္ခဏာရှိ၏" ဟူသောစကားကို လက်တွေ့ဥပမာဖြင့် စဉ်းစားကြည့်နိုင်၏၊ အရသာ မဟုတ်သော အရာတစ်ခုခု၊ သဘာဝတစ်ခုခု လျှာပေါ်ရောက်လျှင် လျှာ၌ ထိတွေ့မှုမဖြစ်နိုင်။ အရသာမဟုတ်သော သဘာဝဆိုသည်မှာ အဆင်း၊ အရောင်၊ အသံ၊ အနံ့လွန်ကဲသည့် သဘာဝမျိုးဖြစ်၏၊ ဤစကားအရ လျှာပေါ်၌အလင်းရောင်ပေးထားပါက အလင်းရောင်သည် လျှာ၌ ဇိဝှါ ပသာဒကို မထိမတွေ့နိုင်သဖြင့် ဇိဝှါညာဏ်စိတ် ဖြစ်ပေါ်မလာနိုင်၊ ထို့ကြောင့် ယင်းလျှာပေါ် ကျရောက်နေသော အလင်းရောင်ရူပါရုံ အဆင်းကို အရသာခံ၍မရ၊ ချိုသလား၊ ချဉ်သလားစသည်ဖြင့် ဝေဒနာ ခံစား၍ မခွဲခြားနိုင်၊ ထိုနည်းတူ လျှာပေါ်၌ အသံရှိန်ခတ်ပေးလျှင် ဖြစ်စေ၊ လျှာပေါ်၌ အနံ့ပေးလျှင်ဖြစ်စေ ထိုအသံနှင့်အနံ့သည် လျှာ၌ ရှိသော ဇိဝှါပသာဒကို မထိမတွေ့စေနိုင်သဖြင့် ဇိဝှါဝိညာဏ်စိတ် မဖြစ် သည့်အတွက် ဘာအရသာမျှမပေါ်နိုင်ပေ။

အမွှေးနံ့ တထောင်းထောင်းထွက်နေသောဟင်းကောင်းတစ်ခွက်ကို စားရာတွင် ဟင်းနံ့သည် အရသာနှင့် မည်သို့မျှမသက်ဆိုင်၊ အနံ့သည် လျှာ၌ အရသာပေါ်နိုင်သောအရာမဟုတ်၊ အနံ့သည် နှာခေါင်း၌သာ ထိတွေ့ခံစားနိုင်သော သဘာဝတရားဖြစ်လေသည်။

ပုံစံအားဖြင့် "အသားမှာဝက်" ဟူ၍ ဆိုသည့်အတိုင်း အလွန်ကောင်းလှပေသော ဝက်သားသုံးထပ်သားကို အရောင်လှသော ငြုတ်သီးအပုမျိုးဖြင့် အမွှေးအကြိုင်ခတ်ပြီး ဗမာချက်ချက်ထားသော ဟင်းကောင်းတစ်ခွက်ကိုစားရာတွင် အဘိဓမ္မာအသိဉာဏ်ဖြင့် သရုပ်ခွဲကြည့်နိုင်၏။

ဟင်း၏ လှပသောအရောင်အဆင်းကို မျက်စိဖြင့်သာခံစားသည်၊ မွှေးကြိုင်သောဟင်းနံ့ကို နှာခေါင်းဖြင့်သာ ခံစားသည်။ ဟင်းအရောင်နှင့် ဟင်းအနံ့သည် လျှာပေါ်၌ အရသာပေါ်နိုင်သည် မဟုတ်၊ အမှန်က ဟင်းရေ ဟင်းဖတ်စသည်၌ပါသော ဩဇာအရသာကသာ လျှာပေါ်ရှိ ဇိဝှါပသာဒကို ငြိပြီး အရသာပေါ်စေနိုင်ခြင်းဖြစ်သည်။

သို့သော် လူ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော ဒွါရ ငါးပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံ ငါးပါးတို့မှာ လူတစ်ဦးတည်း၌ ဆက်စပ်နေသည်။ ထို့ကြောင့် ဟင်းအရောင်လှလှကလေးကိုမြင်ရလျှင် သဘောကျနှစ်သက်မှု ဖြစ်လာသည်။ ဤစိတ်သည် နှစ်သက်ဖွယ် ရူပအာရုံကို အကြောင်းပြုပြီး သဘောကျသည့်(လောဘဇော)စိတ်ဖြစ်ကြောင်း နားလည်နိုင်၏၊ ဟင်းကို မမြင်ရ၊ မစားရသေးပဲ မီးဖိုချောင်ထဲမှ ဟင်းနံ့ကလေးရတာနဲ့ သွားရေကျပြီး စားချင်လာတတ်သည်။ ဤသည်မှာလည်း ဂန္ဓရနံ့ကလေးက နှာခေါင်းထဲရှိ ဃာနပသာဒရုပ်ကို လာထိသည့်အတွက် ဃာနဝိညာဉ်စိတ်ဖြစ်လာပြီး လောဘဇောဝီထိစိတ်တွေ ဖြစ်ပေါ်လာသည့်အတွက် စားချင်လာခြင်းဖြစ်ပါသည်။ ဟင်းကို တကယ်စားသောအခါ၌မူ အရသာကသာ လျှာကိုအကြောင်းပြုပြီး ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်ဥပါဒ်လာလျက် ဝီထိစိတ်တွေ အသချေ်အနန္တဖြစ်၍ ထမင်းဟင်းများကို မြိန်ရေယှက်ရေ သုံးဆောင်ခြင်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် "အဆင်း" နှင့် "အနံ့" ကို စား၍မရ၊ အရသာကိုသာ စား၍ရကြောင်း အဘိဓမ္မာကျကျသိရပေသည်။

ပသာဒရုပ်ကိုသာ အဓိကထား၍ ပြောခြင်းကို သတိပြုအပ်၏၊ လျှာမရှိသောသတ္တဝါမျိုး၌ အာခံတွင်းတစ်နေရာ၌ ပသာဒရုပ်ရှိလျှင် အရသာခံယူမှုကိစ္စ ပြီးနိုင်ပေသည်။

**နှစ်ဖက်လှ**

(၁၉၇၃-ခု၊ ဒီဇင်ဘာလ၊ သိပ္ပံမဂ္ဂဇင်း၊)

# အတွေ့ အထိ အသိ ကိစ္စ

ဆရာခင်ဗျား၊ လွန်ခဲ့တဲ့လဆောင်းပါးမှာ စားတဲ့သောက်တဲ့အခါ အဘိဓမ္မာနည်းကျ သိရမည့်အကြောင်းအရာများ တင်ပြသွားသည်ကို ဖတ်ရှုကျေနပ်မိပါတယ်၊ စကားမစပ် ပြောချင်တာလေး ပြောခွင့်ပေးပါဦး။

ပြောပါဗျာ—

သင်္ဂြိုဟ်မှာဖော်ပြထားတဲ့ 'သမ္ပတ္တ၊ အသမ္ပတ္တ' နဲ့ပတ်သက်လို့ အဆင်းနဲ့အသံတို့ဟာ တစ်နေရာမှတစ်နေရာ ရောက်မရောက်၊ ဟဒယ ဝတ္ထုနဲ့ဦးကျောက်ပြဿနာ၊ အဘိဓမ္မာကိုဘုရား ဟော မဟော၊ နောက်ပြီး ဗုဒ္ဓဘုရားဟာ သဗ္ဗညုတဉာဏ်ရ မရ ဒါမျိုးတွေသိချင်ပါ သေးတယ်။

ဟုတ်လား၊ ဒါမျိုးတွေကို ရိုးရိုးသားသား သိချင်တယ်ဆိုရင်တော့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို သွားလျှောက်ထားပါ၊ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ တာဝန်ခံအဖွဲ့ကြီးပါပဲ၊ တစ်ခုတော့ သတိထားပေါ့လေ၊ နယ်ချဲ့ခေတ်က အချင်းချင်း အိုးမဲသုတ်ပြီး နှစ်ပေါင်းများစွာ သွေးခွဲ အုပ်ချုပ်ခံလာခဲ့ရတဲ့ အရှိန်ကမပြေသေးတော့ အိမ်ကြက်ချင်းခွပ်ချင်တဲ့ စိတ်ထားမျိုး ဒီခေတ်မှာ မရှိသင့်တော့ဘူးနော်၊ ဝါဒကွဲဆိုတာကတော့ ဘယ်ဘာသာမှာဖြစ်ဖြစ် ရှိတတ်တဲ့သဘောပါပဲ။

ဟုတ်ကဲ့—ဟုတ်ကဲ့

ဒီမဂ္ဂဇင်းမှာ ရေးနေတဲ့သဘောက အဘိဓမ္မာပညာလုံးဝမတတ် သေးတဲ့ ရိုးရိုးသားသားသုတေသီများအတွက် ဘယ်လိုမြင်တယ်၊ ဘယ်လို ကြားတယ်၊ ဘယ်လိုနံ့တယ်၊ ဘယ်လိုအရသာတွေ့တယ်၊ ဘယ်လိုထိတယ်၊ ဘယ်လိုစိတ်ကူးတွေးတောတယ်ဆိုတာကို အဘိဓမ္မာအမြင်နဲ့ မြင်နိုင်အောင် လမ်းစဖော်ပေးနေတဲ့ သဘောဖြစ်ပါတယ်။ ဘာသာရပ်တစ်ရပ်ကို စသင် တဲ့နေရာမှာ 'အခြေပါဒ၊ သင်ဦးစက၊ ချနည်းမကျယ်' စေဖို့နဲ့ 'အပ်ရာ မသည်း၊ နားထွင်းနည်း' ဆိုတာလိုဖြစ်စေဖို့ ချိန်ချိန်ဆဆ တင်ပြရတဲ့ သဘောရှိပါတယ်။ ဒါတောင် အဘိဓမ္မာပညာဟာ ကျယ်ဝန်းနက်နဲတဲ့ အတွက် သိပ္ပံမဂ္ဂဇင်း (၃)နှစ်မြောက်လို့တောင် အာရုံခြောက်ပါး မပြီး

သေးဘူး၊ အနှစ်(၃၀)မြောက်အထိ ဆက်ရဖို့အခြေရှိပါတယ်။ အခုလမှာတော့ အတွေ့အထိ အသိကိစ္စကို တင်ပြပါမယ်။ မိမိကိုယ်ခန္ဓာနဲ့ ထိတွေ့တဲ့အခါ ဘယ်လိုသိတယ်ဆိုတာကို ဖော်ထုတ်ဖို့ပါပဲ။

လူ၏ခန္ဓာကိုယ်၌ ပြင်ပအာရုံကိုလက်ခံနိုင်သော၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ပသာဒလေးဖြာကို ဖော်ပြခဲ့ပါပြီ။မျက်စိ၊နား၊ နှာခေါင်း၊ လျှာတို့မှကျန်သော လူတစ်ကိုယ်လုံး၌လည်း အာရုံကိုလက်ခံနိုင်သည့် ရုပ်အကြည်သဘာဝတစ်မျိုးရှိပေသည်။ လူကိုယ်တွင် ဆံပင်ဖျား၊ ရှည်ရှည်ထားသောခြေသည်းဖျားနှင့် လက်သည်းဖျားတို့မှတစ်ပါး သွေးရှိသောတစ်ကိုယ်လုံး၌ အထိအတွေ့ကိုခံယူတတ်သည့်ရုပ်တစ်မျိုးကို'ကာယပသာဒ' ဟု ခေါ်ပါသည်။ (ကာယ = ကိုယ်၊ ပသာဒ-အကြည်ရုပ်)။

ပသာဒရုပ်သည် သွေးလျှောက်သောနေရာမှာရှိ၏၊ သွေးမလျှောက်၍ တုံနေသောနေရာ၊ ခြေဖနောင့်၌ထူနေသောအသားချပ်၊ ပခုံး၌ထနေသောကျွပခုံးခေါ် အသားခြောက်မျိုး၌ သွေးမရောက်၍ ကာယပသာဒလည်း မရှိချေ၊ ပသာဒမရှိလျှင် အထိအတွေ့ကို လက်ခံနိုင်စွမ်း မရှိပါချေ။ ကာယပသာဒ လူကိုယ်၌ တည်နေပုံ ဥပမာပြရာ၌ ဝါဂွမ်းလွှာ၌ ဆီစိုနေသကဲ့သို့ ပြန့်ပြန့်နှံ့နှံ့ တည်ရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် သွေးလျှောက်သော လူတစ်ကိုယ်လုံး၌ ကာယပသာဒ မရှိသောနေရာ ဟူ၍ မရှိ၊ လူတစ်ကိုယ်လုံး ကာယပသာဒအပြည့်ရှိသည်ဟု သိရပေသည်။

ယင်းကာယပသာဒဆိုတာ ဘာလဲဟု အဘိဓမ္မာနည်းအရ စိစစ်ကြည့်လျှင် ဤသို့ တွေ့ရပေ၏။ ကာယပသာဒသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော အခြေခံမဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးကိုမှီ၍ဖြစ်ပေါ်ရ၏၊ ယင်းရုပ်ဓာတ်ကြီးလေးပါးတို့၏ ကြည်လင်မှု သဘာဝသည်ပင် ကာယပသာဒ ဖြစ်ပေ၏၊ ယင်းမဟာဘုတ်ရုပ်များသည်လည်း တစ်ခြားအကြောင်းကြောင့်ဖြစ်သော ရုပ်မျိုးမဟုတ်၊ ထိတွေ့ချင်သည့် တဏှာကိုမှီပြီးဖြစ်ပေါ်သော ကံတရားကြောင့် ဖြစ်ပေါ်ရသည့် မဟာဘုတ်ရုပ်မျိုးသာဖြစ်၏။ လိုရင်းကား-ကံကြောင့်ဖြစ်သော ဘုတ်တို့၏ ကြည်လင်မှုသည် ကာယပသာဒဖြစ်ပေသည်။

ယင်းကာယပသာဒသည် အထိအတွေ့ကို လက်ခံ၍ စိတ်ဖြစ်လာအောင် အကျိုးဆောင်၏၊ ကိုယ်ကို အစွဲပြု၍ဖြစ်သော ဝိညာဉ်စိတ်၏

တည်ရာဖြစ်၏၊ ဆိုခဲ့ပါ မဟာဘုတ်ရုပ်သည် ကာယပသာဒ၏ အနီးကပ်အကြောင်း ဖြစ်ပေသည်။

ဤကာယပသာဒသည် ကိုယ်ကာယကို ထိလျှင် သိရှိရေးအတွက်အခံရုပ်ဖြစ်၏၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ အကြည်ရုပ်တို့ကဲ့သို့ သည်နေရာမကျဉ်းမြောင်းပဲ သေးလျှောက်သော ကိုယ်ခန္ဓာတစ်ခုလုံး၌ ဂွမ်းဆီထိသကဲ့သို့ ပြန့်နှံ၍ မပြတ်ဖြစ်နေပေသည်။

ယင်းကာယပသာဒကို ထိလာတွေ့လာသော သဘာဝကား အခြားမဟုတ်၊ ဖေါဋ္ဌဗ္ဗ အာရုံပေတည်း။ ယင်းဖေါဋ္ဌဗ္ဗဆိုသည်မှာလည်း တခြားမဟုတ်၊ ပထဝီ၊ တေဇော၊ ဝါယော၊ ဟူသော မဟာဘုတ်ရုပ်မာတ်ကြီးသုံးမျိုး၏ ဂုဏ်သတ္တိပင်ဖြစ်ပေသည်။ ယင်းမဟာဘုတ်ဓာတ် သုံးပါးသည်ကား သက်ရှိသတ္တဝါများ၏ကိုယ်ခန္ဓာနှင့် လူ့အသုံးအဆောင်ပစ္စည်းများ၊ မြေ၊ တောင်၊ သစ်ပင်စသော ဩကာသလောက ပစ္စည်းများ၌ ဖွဲ့စည်းတည်ဖြစ်နေသော ဓာတ်ကြီးသုံးပါးပင် ဖြစ်ပေသည်။ ယင်းဓာတ်ကြီးသုံးပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော ရုပ်ဖြစ်ကြောင်း ၄–မျိုးအနက် မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ ဖြစ်ပေါ်လာသော မဟာဘုတ်များသည် ဖေါဋ္ဌဗ္ဗာရုံ ဖြစ်နိုင်ပေသည်။

ထူးခြားချက်တစ်ရပ်မှာ ဓာတ်ကြီးလေးပါးရှိသည့်အနက် အာပေါဓာတ်ကို တွေ့၍မရသောကြောင့် ဖေါဋ္ဌဗ္ဗရုံထဲ ယင်းဓာတ် မပါဝင်ခြင်းပင်ဖြစ်ပေသည်။တစ်နည်းအားဖြင့် ကာယပသာဒအကြည်ရုပ်၌ အာပေါဓာတ်သည် မထိမတွေ့နိုင်၊ ပ၊ တေ၊ ဝါ ရုပ်သုံးဖြာသည်သာ ကာယအကြည်၌တွေ့ထိနိုင်စွမ်း ရှိပေသည်။

မိမိလက်ကိုကြည့်လျှင် မဟာဘုတ်လေးပါးနှင့် ကာယပသာဒရုပ်တို့ဖွဲ့စည်း တည်ဖြစ်နေသည်ကို နားလည်နိုင်သည်၊ ဤအသိကို အခြေခံထားပါ။

လက်မနှင့်လက်ခလယ် ထိပ်ချင်းထိကြည့်ပါ၊ လက်နှစ်ချောင်းလုံးမှာ ပသာဒရှိသည်၊ ပ၊ တေ၊ ဝါ မဟာဘုတ် သုံးဖြာလည်း ရှိသည်၊ သို့ဖြစ်၍ ပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံဟု ခေါ်သော မဟာဘုတ်ရုပ်တို့

ထိတွေ့ကြ၏၊ လက်မက ပသာဒနှင့် လက်ခလယ် ဘုတ်ရုပ်၊ သို့မဟုတ်၊ လက်မဘုတ်ရုပ်နှင့် လက်ခလယ်က ပသာဒရုပ် အပြန်အလှန်ထိတွေ့ကြပေသည်။

တစ်ဖန် လက်ခလယ် ထိပ်ကို ဖျာ၌ ထောက်ကြည့်ပါ၊ ထိုအခါ လက်ခလယ်ထိပ်၌ရှိသော ကာယပသာဒရုပ်နှင့် ဖျာ၌ ရှိသော ဘုတ်ရုပ်သုံးမျိုး ထိတွေ့ကြသည်၊ ဖျာ၌ကား ပသာဒရုပ် မရှိပါ၊ ထို့ကြောင့် လက်ခလယ်ထိပ်နှင့် ဖျာထိရာ၌ အပြန်အလှန်မရ။ ပသာဒတစ်ဖက် ဖောဋ္ဌဗ္ဗာရုံတစ်ဖက်သာ ရပေသည်။

ဤထက်ပို၍ အနုစိတ်ကြည့်လျှင် ကာယပသာဒနှင့် ဘူတရုပ်သုံးခု တစ်ပြိုင်နက် မထိမတွေ့၊ ပထဝီကိုဖြစ်စေ၊ တေဇောကိုဖြစ်စေ၊ ဝါယောကို ဖြစ်စေ၊ တွေ့ထိခြင်းဖြစ်၏၊ လက်ထိပ်ဖြင့် ဖျာကိုထောက်ရာ၌ ပထဝီအမာ ဓာတ်ကိုတွေ့၏၊ ဝါဂွမ်းကိုထောက်လျှင် ပထဝီအပျော့ဓာတ်ကို တွေ့ရမည်ဖြစ်၏၊ ထိုနည်းတူ ရေနွေးထဲလက်နှိုက်ရာ၌ ဥဏှတေဇောခေါ် အပူဓာတ်ကိုတွေ့ရ၏၊ ရေထဲလက်နှိုက်လျှင် သီတတေဇောခေါ် အအေးဓာတ်ကို တွေ့ရ၏။ အိုက်သောအခါ လေတိုက်ခံရာ၌ ဝါယောဓာတ်ကို ကိုယ်ရှိ ပသာဒရုပ်ဖြင့် ခံယူပေသည်။

လူတို့၌ အသားအရေ အိဖတ်စိုပြေနူးညံ့သူနှင့် အသားအရေ ကြမ်းတမ်းသူဟူ၍ အကြမ်းဖျဉ်းအားဖြင့် နှစ်မျိုးခွဲကြည့်ပါ။ ယင်းနှစ်ဦးသားလုံး ပ၊တေ၊ဝါ ဘုတ်သုံးဖြာ ရှိပုံချင်းတူ၏၊ သို့သော် မဟာဘုတ်ရုပ် သုံးဖြာကို ဖြစ်ပေါ်စေသည့် ကံမတူ၊ စိတ်မတူ၊ ဥတု၊ အာဟာရ မတူသည့်အတွက် တစ်ဦးမှာ အိစက်နူးညံ့ပြီး တစ်ဦးမှာကြမ်းထော်ရခြင်းဖြစ်ပေသည်။ အိစက်နူးညံ့သူအား ထိတွေ့ကိုင်တွယ်ပိုက်ဖက်ရာ၌ ဖောဋ္ဌဗ္ဗာအတွေ့ထူးပြီး ဣဋ္ဌာရုံ (နှစ်သက်စရာ)ဖြစ်လာ၏၊ အသားအရေ ကြမ်းထော်သူနှင့် ထိတွေ့ရသောအခါ ဖောဋ္ဌဗ္ဗအတွေ့ကြမ်းပြီး အနိဋ္ဌာရုံ (မနှစ်သက်စရာ) ဖြစ်လာ၏၊ ဤသို့ ဖောဋ္ဌဗ္ဗအတွေ့ကွဲပြားခြင်းသည်ကား အကြောင်းခံချင်း မတူ၍ ပေတည်း။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံထိတွေ့ကြသောအခါ အသိစိတ်ပွင့်ထွက်လာသည်။ ကာယကိုယ်၌ အစွဲပြု၍ ဖြစ်ပေါ်သော စိတ်ဝိညာဉ်ဖြစ်၍ ကာယဝိညာဉ်စိတ်ဟု ခေါ်၏၊ လက်ထိပ်ကို ဖျာ၌ ထိကြည့်သော

အခါ ထိမှန်းသိသည့် သဘာဝကလေးသည် ကာယပသာဒရုပ်လည်း မဟုတ်။ ပ၊ တေ၊ ဝါဟူသော မဟာဘုတ်ရုပ်လည်း မဟုတ်၊ ယင်းရုပ်နှစ်ခု တိုက်ခိုက် ပေါင်းဆုံမိ၍ အသစ်ဖြစ်ပေါ်လာသော သဘာဝကလေးသာဖြစ်၏။ ယင်းသဘာဝကလေးမှာ ရုပ်မဟုတ်သည့် နာမ်ပင် ဖြစ်ပေသည်။

ယင်ကွင်းတစ်ခုတည်းချထားက အသံမမြည်၊ နှစ်ကွင်း ခတ်လိုက်လျှင် အသံထွက်လာ၏၊ ထွက်လာသော အသံသည် လင်ကွင်းချင်းမထိခတ်ခင်က ဘယ်မှာ သွားနေသနည်း။ ထွက်လာသော အသံသည် လင်ကွင်းမဟုတ်သည်ကား သေချာ၏၊ဤဥပမာကိုရှု၍ ကိုယ်ခန္ဓာရှိ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗအာရုံတို့ ထိတွေ့သောအခါ၊ယင်းရုပ်နှစ်မျိုးတို့၏ထိခတ်မှုကြောင့် ကာယဝိညာဉ်အသိစိတ် ဖြစ်ပေါ်လာပုံကို စဉ်းစားပါ။

ဝီထိစိတ်(စိတ်အစဉ်)ဖြစ်ပေါ်ပုံမှာ ယခင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာအကြောင်းအရာများ၌ ဖော်ပြခဲ့သည့်နည်းတူပင် ဖြစ်၏၊ အကျဉ်းချုပ်အားဖြင့် ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗအာရုံ ထိခတ်သောအခါက စ၍ ဘဝင်စိတ်သုံးကြိမ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ကာယဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တစ်ဒါရုံဟူသော ပဉ္စဒွါရဝီထိစိတ်ဖြစ်၏၊ ယင်းနောက် မနောဒွါရ သုံးဝီထိလည်း ဆက်ဖြစ်ပေသည်။

တွေ့ထိရသော အာရုံက ကောင်းတဲ့ဣဋ္ဌာရုံဖြစ်လျှင် လောဘဇောစော၏၊ လိုချင်တက်မက်၏၊ တွေ့ထိရသောအာရုံက မကောင်းလျှင် ဒေါသဇောစော၏၊ စိတ်ဆိုးစိတ်ညစ်ဖြစ်၏၊ ဤသဘောတရားကိုမိထားလျှင်(ဝါ) ဤတွက်နည်းကို သိထားလျှင် ဆောင်းတွင်းအခါ အိစက်ညက်ညောသောကတ္တီပါဖက်လုံးကြီးကို ဖက်ရသောအခါ အဘယ့်ကြောင့် အဘယ်ဇောစိတ်တွေဖြစ်ပါသနည်း၊ ဆူးစူးခံရသောအခါ အဘယ့်ကြောင့် အဘယ်ဇောစိတ်များ ဖြစ်ပါသနည်း။ မိမိဖာသာ အဖြေထုတ်တတ်ပေပြီ။

နံနက် မျက်စိနှစ်လုံး ပွင့်သည့်အချိန်မှ ည မျက်စိနှစ်လုံး ပိတ်၍ အိပ်ပျော်ချိန်အထိ တစ်နေ့လုံး ကိုယ်ကာယဖြင့် ထိ၍ထိ၍ သိမှုပေါင်းကုဋေချီ၍ ဖြစ်ချုပ်လျက်ရှိ၏၊ ဤတွင် ကောင်းတဲ့အတွေ့အထိလေးကို စွဲငြိတော့ လောဘ၊ မကောင်းတဲ့အတွေ့အထိကြောင့် စိတ်ဆိုးတော့ ဒေါသ၊

အကုသိုလ်စိတ်တွေ ဖြစ်၏၊ ကောင်းသော အတွေ့အထိကို ပသာယာ၊ မကောင်းသော အတွေ့အထိကြောင့် စိတ်မဆိုးလျှင် လောဘ၊ ဒေါသ မဖြစ်။ (ဝါ) ယင်းလောဘဒေါသ၏ ပြောင်းပြန် အလောဘ၊ အဒေါသ ဖြစ်၏၊ ယင်းကား ကုသိုလ်တရားဖြစ်၏။

ကောင်းသည်လည်း မဟုတ်၊ ဆိုးသည်ဟုလည်း မဆိုသာ၊ နေ့စဉ် ထိတွေ့နေကျဖြစ်သော အဝတ်အစား၊ အခင်းအခြံစသည်ကဲ့သို့ ရိုးနေသော အလယ်အလတ်ဖေဋ္ဌဗ္ဗာရုံကို ထိတွေ့နေရာ၌ မောဟဇော စောချင်လည်းစောမည်၊ အလောဘဇော ကျချင်လည်းကျမည်၊ မျက်စိ၊ နား၊ နှာ၊ လျှာစိတ်တို့က အလဲအလှယ်ဖြစ်နေကြ၍ ကာယဆိုင်ရာစိတ် မဖြစ်ပဲလည်းနေမည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့အိပ်ပျော်နေခိုက် ဘဝင်စိတ်တသွင်သွင် ဖြစ်နေသည်၊ နိုးနေခိုက် ဝီထိစိတ် တစ်မျိုးပြီးတစ်မျိုးဖြစ်နေသည်၊ ဝီထိ စိတ်သည် ပသာဒရုပ်များနှင့် အာရုံများ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည်။ နာမ်ဖြစ်ပုံကို လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ မော်တာမှ မီးတဖျတ်ဖျတ် မပြတ် ထွက်နေသကဲ့သို့လည်း ရှုနိုင်သည်၊ မောင်းသွားသော လေယာဉ်ပျံ၊ မော်တော်ကားပလပ်တို့မှ မီးတဖျတ်ဖျတ် ပွင့်နေသည်ကို ပုံဆောင်၍လည်း သိနိုင်သည်။

အရေးကြီးသည်ကား ထမင်းချက်လိုသောအိမ်ရှင်မအဖို့ သစ်သား မီးခြစ်ဆံသည်လည်းကောင်း၊ မီးခြစ်အိမ်သည်လည်းကောင်း၊ ထမင်းကို မကျက်စေနိုင်၊ မီးခြစ်ဆံနှင့်မီးခြစ်အိမ်ခတ်လိုက်၍ ပေါ်ပေါက်လာသော မီးသည်သာ ထမင်းချက်ခြင်းကိစ္စကို ပြီးနိုင်သည်။

ထိုနည်းတူ လူရှိကာယပသာဒရုပ်၊ ယင်းရုပ်၏မိတ်ဖက် ဖောဋ္ဌဗ္ဗအာရုံ၊ ယင်းတို့ကိုအစွဲပြု၍ ဖြစ်ပေါ်လာသော ကာယဝိညာဉ်နှင့်တကွ ဝီထိစိတ်နာမ်တရား၊ ယင်းတို့၏အကြောင်းကို သဘောပေါက်အောင် လက်တွေ့စဉ်းစားပြီး မိမိဘဝအတွက် အသုံးဝင်အောင် ပြုပြင် စီစဉ်နိုင်မည် ဖြစ်ပါသတည်း။

နှစ်ဖက်လှ

(၁၉၇၄—ခု၊ ဇန်နဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# မနောဒွါရ သို့မဟုတ် စိတ်ဝင်ပေါက်များ

''ဒွါရ''ဟူသော ပါဠိဝေါဟာရ၏ မြန်မာအနက်မှာ ''တံခါး'' ဖြစ်၏၊ တံခါးသည် ဝင်ထွက်ရသောနေရာဖြစ်၏၊ မြို့ရိုးတံတိုင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ၊ တံခါးလုံးဝမရှိလျှင် မြို့ထဲဝင်၍ မရ၊ အိမ်ထဲဝင်၍ မရ၊ တံခါးဖောက်ထားမှသာ ထိုတံခါးပေါက်မှ ဝင်၍ ထွက်၍ ရပေသည်၊ တံခါးသည် အတွင်းအပြင် ဆက်သွယ်ရသောနေရာတည်း။

''တံခါး''ကို ထပ်စဉ်းစားပါဦး၊ တံခါးသည် ဝင်ထွက်ရသော နေရာဖြစ်၏၊ တံခါးသည်အမြဲမပြတ်ရှိနေရပြီးဝင်သောထွက်သောသူတို့မှာမူ အမြဲမရှိပေ၊ ဝင်သည့်အခါ ဝင်၏၊ ထွက်သည့်အခါ ထွက်၏၊ မဝင်ပဲ မထွက်ပဲလည်း ရှိ၏၊ ဝင်သူထွက်သူလည်း တစ်မျိုးတစ်စားတည်း တစ်ဦးတည်း မဟုတ်၊ အမျိုးမျိုးပင် ဖြစ်၏။

လူ၏ကိုယ်ခန္ဓာကို ပထမဦးစွာ တံခါးပေါက်မရှိသော အိမ်ကဲ့သို့ စဉ်းစားကြည့်ပါ၊ တံခါးပေါက်မရှိသော အိမ်ကဲ့သို့ဆိုလျှင် လူမှာ မျက်စိ လည်းမမြင်၊ နားလည်းမကြား၊ နှာခေါင်းကလည်း အနံ့မရ၊ လျှာကလည်း အရသာမရှိ၊ ကိုယ်ကလည်း အတွေ့အထိ မသိ၊ စိတ်ထဲမှာ တွေးထင်မှု လည်း ဘာမျှမဖြစ်၊ ကော်ရုပ်ကဲ့သို့ ဖြစ်သည်ဆိုပါစို့၊ ဤသို့ လူမှာ တံခါးပေါက်မရှိလျှင် ပြင်ပလောကနှင့် မည်သို့မျှ ဆက်သွယ်၍မရပေ။

အိပ်မောကျနေသူကို အနားမှာထိုင်ကြည့်ပြီး စဉ်းစားပါ၊ သူ့နား ထိုင်နေပေမဲ့ သူ့မျက်စိကလည်း မမြင်၊ သူ့နားကပ်ပြောလည်း မကြား၊ သူ့နှာခေါင်းနား အနံ့ပေး၍လည်း အနံ့မရ၊ သူ့လျှာကလည်း အရသာ မရှိ၊ သူ့ကိုယ်ကို ထိ၍လည်း မသိ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၍ သာ အိပ်မက်မျှလည်း မမက်၊ ထိုအခိုက်အခါ၌ ထိုသူသည် ပလပ်စတစ် အရုပ်လူနှင့် အသက်ရှိခြင်းမျှသာ ထူးပေသည်။

ပလပ်စတစ်အရုပ်လူမှာ တံခါးပေါက်လုံးဝမပါ၍ သူနှင့်ဘယ်လိုမှ ဆက်သွယ်၍မရ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသူသည် တံခါးအားလုံး ပိတ်ထားသော အိမ်နှင့်တူ၏၊ သူနှင့် ဘယ်လိုမှ ဆက်သွယ်၍မရပေ။

အိပ်နေသူကို နှိုးလိုက်ပါ၊ နိုးလာသည်နှင့် အိမ်တံခါး ဖွင့်လိုက်သည်နှင့် တူ၏၊ သူ့မျက်စိက မြင်၏၊ မျက်စိမြင်သည်ဆိုရာ၌ မျက်စိနှင့် ပြင်ပအဆင်းရူပါရုံနှင့် တိုက်ဆိုင်မိပြီး စက္ခုဝိညာဉ်စသော ဝီထိစိတ်တွေ ဖြစ်၏၊ သူ့နားက အသံတွေကိုကြား၏၊ ကြားသိစိတ်တွေဖြစ်၏။ သူ့နှာခေါင်းက အနံ့ရ၏၊ နံ့သိစိတ်တွေဖြစ်ကြ၏၊ သူ့လျှာက အရသာ ယူ၏၊ လျက်သိစိတ်တွေဖြစ်လာ၏၊ သူ့ကိုယ်က ထိလာသည်ကိုသိ၏၊ ထိသိစိတ်တွေဖြစ်လာ၏၊ စိတ်ထဲမှာစိတ်ကူးကြံစည်၏။

မျက်စိမြင်ဖို့ စက္ခုပသာဒ(မျက်ကြည်ရုပ်)ရှိရ၏၊ ရှိ၏၊ နားကြားဖို့ သောတပသာဒ(နားအကြည်ရုပ်) ရှိရ၏၊ ရှိ၏၊ အနံ့ရဖို့ ဃာနပသာဒ (နှာကြည်ရုပ်)ရှိရ၏၊ ရှိ၏၊ အရသာသိဖို့ ဇိဝှါပသာဒ (လျှာကြည်ရုပ်) ရှိရ၏၊ ရှိ၏၊ ထိသိဖို့ ကာယပသာဒ (ကိုယ်ကြည်ရုပ်) ရှိရ၏၊ ရှိ၏ ထိုအကြည်(ပသာဒ)များရှိ၍သာ လူသည် ပြင်ပမှ အာရုံများကို လက်ခံနိုင်ခြင်းဖြစ်၏၊ လူ၏ပသာဒရုပ်များနှင့် ပြင်ပအာရုံများ တွေ့ဆုံကြ၍သာ ဝီထိစိတ်တွေ ဖြစ်လာနိုင်ကြ၏။

ဤအချက်ကို သေသေချာချာစဉ်းစားကြည့်လျှင် လူကိုယ်မှာ ရှိသောပသာဒရုပ်များသည် ဝီထိစိတ်တွေဖြစ်လာဖို့(ဝါ) ဝင်ဖို့ ထွက်ဖို့ တံခါးနှင့်မတူပေဘူးလား၊ လူမှာပသာဒရုပ်တွေရှိ၍သာ ပြင်ပပတ်ဝန်းကျင်နှင့် ဆက်သွယ်၍ရခြင်း မဟုတ်ပါလော။

ထို့ကြောင့် အိမ်တံခါးကို 'ဒွါရ' ဟု ခေါ်သကဲ့သို့ လူတံခါးကိုလည်း 'ဒွါရ' ဟုခေါ်ရပေသည်။ စက္ခုဒွါရ=မျက်စိတံခါး၊ သောတဒွါရ=နားတံခါး၊ ဃာနဒွါရ=နှာခေါင်းတံခါး၊ ဇိဝှါဒွါရ=လျှာတံခါး၊ ကာယဒွါရ=ကိုယ်တံခါး၊ ဤတံခါးငါးပေါက်သည် ပသာဒရုပ်တံခါး (ဝါ)ရုပ်တံခါးငါးပေါက်ပေတည်း။

နောက်ထပ် လူမှာ အရေးကြီးသော တံခါးတစ်ပေါက်ရှိသေး၏၊ ဤတံခါးပေါက်ကား မနောတံခါး(ဝါ)စိတ်တံခါးတည်း။ ယင်း မနောတံခါး(ဝါ) 'စိတ်တံခါး' ဆိုသည်မှာ ဘယ်လိုတံခါးမျိုးနည်း။

'မနောတံခါး' ဆိုသည်မှာ အခြားမဟုတ်၊ 'ဘဝင်စိတ်' ပင်ဖြစ်၏၊ 'ဘဝင်စိတ်' သည် ဖြစ်လာမည့် ဝီထိစိတ်များ၏ ဝင်ပေါက်ထွက်ပေါက် သဖွယ်ဖြစ်သည်။

စိတ်ပိုင်းတွင် 'ဘဝင်စိတ်' 'ဝီထိစိတ်' ဟူ၍ စိတ်နှစ်မျိုးနှစ်စားရှိကြောင်း သိခဲ့ကြပြီးဖြစ်၏။ ဘဝင်စိတ်ကို အိပ်စိတ်၊ ဝီထိစိတ်ကို နိုးစိတ် ဟုဖော်ပြခဲ့၏။ (၁၉၇၁ ခု၊ ဧပြီလ၊ သိပ္ပံမဂ္ဂဇင်း)။

အိပ်စိတ်သည် နိုးစိတ်၏တံခါး '(ဝါ)ဒွါရဖြစ်ပေသည်။ ရှင်းရှင်းပြောရလျှင် အိပ်နေ၍သာ နိုးလာနိုင်ခြင်းဖြစ်၏။ အိပ်မနေလျှင် (ဝါ)အိပ်စိတ်ဖြစ်မနေလျှင် (ဝါ) သေနေလျှင် နိုးလာနိုင်ခြင်းမရှိချေ၊ ထို့ကြောင့် အိပ်စိတ်သည် နိုးစိတ်ဝင်လာနိုင်သည့် အပေါက်သဖွယ်ဖြစ်၏၊ အဘိဓမ္မာဝေါဟာရဖြင့်ဆိုရသော် ဘဝင်စိတ်သည် ဝီထိစိတ်ဝင်လာနိုင်ရန် ဒွါရဖြစ်ပေသည်။ သို့ဖြစ်၍ ဘဝင်စိတ်ကို မနောဒွါရ စိတ်တံခါးဟူ၍ သိနိုင်ပေသည်။

ယင်းဘဝင်စိတ်သည် လူ၏နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့်ပမာဏရှိသော တွင်းငယ်၌တည်သော သွေးအကြည်ရုပ်ကိုအမှီပြုပြီး မပြတ်ဖြစ်လျက်ရှိကြောင်း ကျမ်းဂန်များ၌ဖော်ပြ၏၊ သို့ဖြစ်၍ လူ၏ကိုယ်၌ မနောဒွါရ၏ နေရာကိုပြောပါဆိုလျှင် နှလုံးဗူးအတွင်း ပုန်းညက်စေ့ခန့်ပမာဏရှိသောနေရာကို ညွှန်ပြရန်ရှိပေသည်။

ဖော်ပြခဲ့သော ရုပ်ဒွါရငါးပါးနှင့် ယခုမနောဒွါရ၏ ကွာခြားချက်မှာ ဥပမာ စက္ခုဒွါရတွင် စက္ခုပသာဒအကြည်ရုပ်ကို အစွဲပြုပြီး စက္ခုဝိညာဉ်တန်းဖြစ်လာနိုင်သည်။ သောတဒွါရစသည်လည်း နည်းတူပင်၊ ယခုမနောဒွါရမူကား၊ နှလုံးအိမ်အတွင်းရှိ သွေးအကြည်ရုပ်၊ ယင်းသွေးအကြည်ရုပ်ကို အမှီပြုပြီး ဘဝင်စိတ်ဖြစ်၊ ယင်းဘဝင်စိတ်ကမှ တစ်ဆင့်ဝီထိစိတ်များဖြစ်လာနိုင်၏၊ ထို့ကြောင့် ရုပ်ဒွါရငါးပါးက အဆင့်တစ်ဆင့်ထဲ ရှိ၏၊ နာမ်ဒွါရ (ဝါ) မနောဒွါရကမူ နှစ်ဆင့်ရှိပေသည်။ မည်သို့ပင်ဖြစ်စေ 'ဘဝင်စိတ်'ကို မနောဒွါရ ဟု မှတ်သားရမည် ဖြစ်ပေသည်။

**မှတ်ချက်။** ဘဝင်သော်မှ ဘဝင်တိုင်းမဟုတ်၊ ပြတ်ဘဝင်(ဘဝင်္ဂုပစ္ဆေဒ) ၁၉ မျိုးသည်သာ 'မနောဒွါရ'ဟု အသေးစိတ် မိန့်ကြားချက်လည်း ရှိပေသည်။

ယင်းမနောဒွါရ၌ ထင်လာနိုင်သောအာရုံကား 'ဓမ္မာရုံ' တည်း။ 'ဓမ္မာရုံ'ဟူသည်ကား ဓမ္မ+အာရမ္မဏ ဖြစ်၍ 'ဓမ္မ' သည် 'သဘာဝ

အနက်ဟော၊အာရမ္မဏ(အာရုံ)သည် မွေ့လျော်ရာ ဆွဲမှီရာအနက်ဟော၏၊ ထို့ကြောင့် ရင်းမြစ်အနက်အားဖြင့်ဆိုသော် 'ဓမ္မာရုံ' ဟူသည် သဘာဝ တည်းဟူသော မွေ့လျော်ရာဆွဲမှီရာတစ်မျိုးပေတည်း၊ မနောဒွါရ၌ စိတ်စေ တသိက်နာမ်တရားတို့ ဖြစ်ပေါ်လာစေရန် အကြောင်းပြုသည့် သဘာဝ အာရုံသည် ဓမ္မာရုံ ဖြစ်ပေသည်။

ဓမ္မာရုံသည် အမျိုးအစားအားဖြင့် ခြောက်မျိုး ရှိ၏၊ ယင်းဓမ္မာရုံ ခြောက်မျိုးကား အောက်ပါတို့တည်း။

၁။ ပသာဒရုပ် ၅-ပါး
၂။ သုခုမရုပ် ၁၆-ပါး
၃။ စိတ် ၈၉-ပါး
၄။ စေတသိက် ၅၂-ပါး
၅။ နိဗ္ဗာန် ၁-ပါး
၆။ ပညတ် များစွာ။

အထက်ပါ ဓမ္မာရုံခြောက်ပါးကိုကြည့်လျှင် ရုပ်လည်းပါသည်၊နာမ် လည်းပါသည်၊ ပညတ်လည်း ပါသည်၊ ပရမတ္ထလေးပါးလုံး ပါသည်၊ ပရမတ်ပညတ်စုံလင်နေသည်ကို တွေ့ရ၏၊ သို့ဖြစ်၍ ဓမ္မာရုံသည် လွန်စွာ ကျယ်ပြန့်သော အာရုံဖြစ်ကြောင်း ကောက်ချက်ချ၍ ရပေသည်။

စက္ခုဒွါရ၌ ရူပါရုံထင်သကဲ့သို့ မနောဒွါရ၌ အဆိုပါ ဓမ္မာရုံများ ထင်လာကြ၏၊ စက္ခုဒွါရ၌ ရူပါရုံ ထင်လာသောအခါ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်စသော ဝီထိစိတ်များဖြစ်ပေါ်လာသကဲ့သို့ မနောဒွါရ၌ ဓမ္မာရုံ ထင်လာသောအခါ မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်များ ဖြစ်ပေါ် လာကြ၏။

မနောဒွါရ၌ဖြစ်သောစိတ်သည် အမျိုးအစား သုံးမျိုးသာ ရှိ၏၊ ရှင်း၏၊ မနောဒွါရ၌ ဓမ္မာရုံထင်လာသောအခါ ပထမဦးစွာ အာရုံကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ နောက်တဆက်တည်းဇောစိတ် ဖြစ်၏၊ ဇောစိတ်ဖြစ်ပြီးလျှင် ဇောစိတ်၏အရှိန်အဟုန် နောက်လိုက်ပါသော တဒါရုံစိတ်ဖြစ်၏၊ ဤမျှသာတည်း၊ ရှေ့က မနောဒွါရာဝဇ္ဇန်းနှင့်

နောက်ကတဒါရုံစိတ်မှာ အဖြည့်ခံသဘောရှိ၏။ စင်စစ် အလယ်ကဇောစိတ်သည်သာ အဓိကကျ၏။

ဇောစိတ်သည်လည်း သုံးမျိုးသာရှိ၏၊ အကုသိုလ်ဇောစိတ်၊ကုသိုလ်ဇောစိတ်နှင့်ကြိယာဇောစိတ်တည်း၊ ကြိယာဇောစိတ်သည် ကိလေသာအာသဝေါကင်းပြီးသော ဘုရားရဟန္တာအရှင် သူမြတ်များ၌သာဖြစ်၍ ယခုလူသာမန်တို့နှင့် မသက်ဆိုင်၊ ထို့ကြောင့် မျက်မှောက်ခေတ်လူသားတို့၌ အကုသိုလ်ဇောနှင့် ကုသိုလ်ဇောတစ်လှည့်စီသာ ဖြစ်၍နေပေသည်။

ဆိုလိုသည်မှာ မျက်စိဖြင့်မြင်တာလည်း မဟုတ်၊ နားဖြင့်ကြားတာလည်းမဟုတ်၊ နှာခေါင်းဖြင့်အနံ့ခံတာလည်း မဟုတ်၊ လျှာဖြင့်အရသာခံတာလည်းမဟုတ်၊ ကိုယ်ဖြင့် ထိတွေ့တာလည်းမဟုတ်၊ စိတ်ကူးသက်သက်ဖြင့် တွေးကြံထင်လာသော ဓမ္မာရုံများ မနောဒွါရ၌ ထင်လာသောအခါ အကုသိုလ်ဇော၊ သို့မဟုတ်၊ ကုသိုလ်ဇော တစ်မျိုးမျိုးဖြစ်လေသည်။

**မှတ်ချက်**။အကုသိုလ်ဖြစ်သည်ဆိုတိုင်း'ငရဲကြီးသည်'ဟု မထင်အပ်၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ မနောကံမျိုးမှ စိတ်ဒုစရိုက်ဖြစ်၏၊ နောက်အလျဉ်းသင့်က အကျယ်ဖော်ပြပါအံ့။

နှစ်ဖက်လှ
(၁၉၀၄-ခု၊ ဖေဖော်ဝါရီလ၊ သိပ္ပံမဂ္ဂဇင်း)

# ကျယ်ပြန့် နက်နဲ သိမ်မွေ့သော "ဓမ္မာရုံ"

"အာရုံ"ဆိုတာ စိတ်စေတသိက်တို့၏ ဆွဲငင်အားတစ်ရပ်ဖြစ်၏၊ ယခုခေတ်တွင် လ၏ဆွဲငင်အားကြောင့် သမုဒ္ဒရာ၌ ရေတက်ရေကျဖြစ်ပေါ်လာရသည်ဟု ဆို၏၊ ဤဥပမာကဲ့သို့ အာရုံတို့၏ ဆွဲငင်အားကြောင့် လူ၌ အသိစိတ်တွေ ခံစားစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာရသည်၊ အဘိဓမ္မာ အမှန်တရားတစ်ရပ်ကား "အာရုံ" ရှိမှ စိတ်ရှိသည်၊ အာရုံမရှိလျှင် စိတ်မရှိ၊ ပို၍တိကျစွာပြောရလျှင် "အာရုံ"နှင့် ပသာဒ တိုက်ဆိုင်မှုရှိမှ စိတ်ဖြစ်ပေါ်သည်၊ အာရုံနှင့်တိုက်ဆိုင်မှုမရှိပါက စိတ်မဖြစ်ပေါ်ပေ။

မျက်စိဖြင့် မြင်သိစိတ်ဖြစ်ဖို့အတွက် တစ်ခုတည်းသော အာ ရုံလို၏၊ သို့တည်းမဟုတ် တစ်ခုတည်းသောအာရုံသည် ဒိဋ္ဌမျက်မြင်ဖြစ်စေနိုင်၏၊ ယင်းအာရုံကား အခြားမဟုတ်၊ "ရူပါရုံ"ပေတည်း။ ရူပါရုံ၏အဓိပ္ပာယ်ကား အဆင်းတည်းဟူသော မျက်စိဆွဲငင်အားတည်း။

ထိုနည်းတူ ကြားသိစိတ်ဖြစ်ဖို့၊ ဝါ၊ နားကြားဖို့အတွက်"သဒ္ဒါရုံ" လို၏၊ သဒ္ဒါရုံဟူသည် အသံတည်းဟူသော နားဆွဲငင်အားတည်း။နှာခေါင်းဖြင့် နံသိစိတ်ဖြစ်ဖို့၊ ဝါ၊ အနံ့ရဖို့ "ဂန္ဓာရုံ" လို၏၊ ဂန္ဓာရုံဟူသည် အနံ့တည်းဟူသော နှာခေါင်းဆွဲငင်အားတည်း၊ လျှာဖြင့် လျက်သိစိတ်ဖြစ်ဖို့၊ ဝါ၊ အရသာသိဖို့ "ရသာရုံ" လို၏၊ ရသာရုံဟူသည် အရသာတည်းဟူသော လျှာဆွဲငင်အားတည်း၊ ကိုယ်ကာယထိသိစိတ်ဖြစ်ဖို့၊ ဝါ၊ အတွေ့အထိသိဖို့ "ဖောဋ္ဌဗ္ဗာရုံ" လို၏၊ ဖောဋ္ဌဗ္ဗာရုံဟူသည် တွေ့ထိစရာတည်းဟူသော ကိုယ်ဆွဲငင်အားတည်း။

ယင်း အဆင်းရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးတို့မှာရုပ်အာရုံများဖြစ်ကြ၏၊သဘာဝအသက်အားဖြင့် ခဏယံ ၅၁—ချက်အသက်ရှည်ကြ၏။

ရုပ်ပိုင်းတွင် နောက်ဆုံး ခွဲစိတ်မရသော အဝိနိဗ္ဘောဂရုပ်ကလာပ်ရှိ၏၊ ယင်းရုပ်ကလာပ်၌ "ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ" အားဖြင့် ရုပ်ရှစ်မျိုးပါရှိ၏၊ ထိုရုပ်ရှစ်မျိုး အနက် ဝဏ္ဏရုပ်သည် ရူပါရုံပင်ဖြစ်၏၊ ဂန္ဓရုပ်သည် ဂန္ဓာရုံဖြစ်၏၊ ရသ ရုပ်သည် ရသာရုံဖြစ်၏၊ "ပထဝီ၊ တေဇော၊ ဝါယော"ဟူသောဓာတ်ကြီး သုံးပါးသည် ဖောဋ္ဌဗ္ဗာရုံဖြစ်၏။ သဒ္ဒရုပ်တစ်ခုသာ ယင်းအဝိနိဗ္ဘောဂ ရုပ်ကလာပ်၌ မပါ၊ သို့သော် ယင်းသဒ္ဒရုပ်သည်လည်း သီးသန့်မဟုတ်၊ မဟာဘုတ်ရုပ်ကြီးလေးပါးကိုပင် အမှီပြု၍ဖြစ်ရ၏၊ လူ၏စိတ်နှင့် အပူ အအေးဥတုကြောင့် ဓာတ်ကြီးလေးပါးတို့ တိုက်ခိုက်ပေါ်ထွက်သောအသံ သည် သဒ္ဒါရုံဖြစ်ပေသည်။

စိစိတွေးမှ ရေးရေးပေါ်ဆိုသကဲ့သို့ အဘိဓမ္မာသဘာဝဟူသည် ဟိုကသည်က လှည့်ပြီး စဉ်းစားရ၏။

အထက်ပါ အာရုံငါးပါးခွဲခြားမှုကို ထပ်စဉ်းစားလျှင် ကျွန်ုပ်တို့ မျက်စိသည် ရုပ်ဆင်းကိုသာမြင်၏၊ ကျွန်ုပ်တို့နားသည် ရုပ်သံကိုသာ ကြား၏၊ ကျွန်ုပ်တို့နှာခေါင်းသည် ရုပ်နံ့ကိုသာနံ၏၊ ကျွန်ုပ်တို့လျှာသည် ရုပ်အရသာကိုသာခံ၏၊ ကျွန်ုပ်တို့ကိုယ်သည် ရုပ်အတွေ့ကိုသာတွေ့၏။

ကျွန်ုပ်တို့ကိုယ်၌ရှိသော မျက်စိပသာဒရုပ်၊ နားပသာဒရုပ်၊ နှာခေါင်းပသာဒရုပ်၊ လျှာပသာဒရုပ်၊ ကိုယ်ပသာဒရုပ်တို့၌ ရုပ်အာရုံ များသာထင်နိုင်၏၊ မျက်စိပသာဒရုပ်၌၊ ရူပါရုံထင်၏၊ နားပသာဒရုပ်၌ သဒ္ဒါရုံထင်၏၊ နှာခေါင်းပသာဒရုပ်၌ ဂန္ဓာရုံထင်၏၊ လျှာပသာဒရုပ်၌ ရသာရုံထင်၏၊ ကိုယ်ပသာဒရုပ်၌ ဖောဋ္ဌဗ္ဗာရုံထင်၏၊ လူရှိအကြည်ရုပ်နှင့် အာရုံရုပ်တို့ ထိခတ်မှုကြောင့် ဝိညာဉ်ခေါ်သော နာမ်တရား ပွင့်လာခြင်း ဖြစ်ပေသည်။

ယင်းပသာဒရုပ်တို့သည် နာမ်တရားဖြစ်ပေါ်လာဖို့ အကြောင်း တရားဖြစ်သည့်အတွက်ထွက်ရာဝင်ရာတံခါးသဖွယ်ဖြစ်၍ ဒွါရ ဟုသမုတ်၏၊ ထို့ကြောင့် မျက်စိအကြည်ရုပ်ကို မျက်စိတံခါး–စက္ခုဒွါရ၊ နားအကြည် ရုပ်ကို နားတံခါး–သောတဒွါရ၊ နှာခေါင်းအကြည်ရုပ်ကို နှာခေါင်း တံခါး–ဃာနဒွါရ၊ လျှာအကြည်ရုပ်ကို လျှာတံခါး–ဇိဝှါဒွါရ၊ ကိုယ် အကြည်ရုပ်ကို ကိုယ်တံခါး–ကာယဒွါရဟူ၍ အသီးသီးခေါ်လေသည်။

ရုပ်အာရုံငါးပါးအကြောင်းသိရပြီးနောက်''ဓမ္မာရုံ''အကြောင်းကို ဆက်လက်စူးစမ်းရန်ဖြစ်၏၊ပြီးခဲ့သောလဆောင်းပါး၌ ဓမ္မာရုံခြောက်မျိုးကို ဖော်ပြခဲ့၏၊ ပသာဒရုပ် ၅–ပါး၊ သုခုမရုပ် ၁၆–ပါး၊ စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်နှင့်ပညတ်တည်း။

**ပသာဒရုပ်ငါးပါးကား–** စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်၊ ပသာဒသည် 'ကြည်လင်'အနက်ဟော၏၊ ရုပ်ကြည်ငါးမျိုးဟူလို။

**သုခုမရုပ်၁၆–ပါးကား–** အာပေါရုပ်၊ ဣတ္ထိန္ဒြေရုပ်၊ ပုရိသိန္ဒြေရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ဇရတာ၊ အနိစ္စတာ တည်း။ ''သုခုမ'' သည် ''သိမ်မွေ့''အနက်ဟော၏၊ သိမ်မွေ့သောရုပ် ၁၀–မျိုးဟူလို။

''အာပေါရုပ်''ဟူသည် မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါး၌ အပါအဝင်ဖြစ်သော ဖွဲ့စည်းယိုစီးသဘာဝတည်း။

ဣတ္ထိန္ဒြေရုပ်ဟူသည် လူကို လူမ (မိန်းမ) ဖြစ်စေသောရုပ်တည်း၊ ''ပုရိသိန္ဒြေရုပ်''ဟူသည် လူကို လူထီး(ယောကျ်ား)ဖြစ်စေသောရုပ်တည်း၊ ယင်းဣန္ဒြေရုပ်နှစ်မျိုးကို ''ဘာဝရုပ်''ဟုလည်း ခေါ်၏၊ ဤရုပ်နှစ်မျိုး အနက် ဣတ္ထိဘာဝရုပ်သည် မိန်းမတစ်ကိုယ်လုံး၌ပျံ့နှံ့တည်၏၊ ပုရိသဘာဝရုပ်သည် ယောကျ်ားတစ်ကိုယ်လုံး၌ ပျံ့နှံ့တည်၏။

'ဟဒယ' ရုပ်ဟူသည် သားမြတ်နှစ်ခုအလယ် နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့်ရှိ တွင်းငယ်အတွင်း၌တည်သော နှလုံးသွေးကို ပျံ့နှံ့၍တည်၏၊ သွေးမဟုတ်၊ သွေးကိုမှီ၍ဖြစ်သော ရုပ်သဘာဝတည်း။

**မှတ်ချက်**။ လက်ဝဲဘက်ရင်အုံအောက်မှာရှိသော နှလုံးကို မဆိုလိုပေ။

'ဇီဝိတရုပ်' ဟူသည် ကံကြောင့်ဖြစ်သော ရုပ်တရားအားလုံး၏ အသက်ရုပ်တည်း၊ လူတစ်ကိုယ်လုံး၌တည်၏၊ ကြာရိုးအတွင်း၌တည်သော ရေသည် ကြာရိုးကိုမနွမ်းမညှိုးရအောင် စောင့်ရှောက်ဘိသကဲ့သို့ ဇီဝိတရုပ်သည် လူကိုယ်ရှိရုပ်များ ရှင်သန်အောင် စောင့်ရှောက်၏။

'အာဟာရရုပ်' ဟူသည် စားဖွယ်သောက်ဖွယ်တို့၌ရှိသော အဆီအနှစ်သြဇာဓာတ်တည်း၊ ယင်းသြဇာသည် အခြားသောရုပ်များကိုဖြစ်ပေါ်စေသည့် အကြောင်းတစ်မျိုးဖြစ်၏။

'ကာယဝိညတ်' ဟူသည် လက်ယပ်ခေါ်ခြင်း၊ ခေါင်းငြိမ့်ပြခြင်း၊ လျှာထုတ်ပြခြင်း စသည်ဖြင့် သူတစ်ပါးအား မိမိ၏အလိုဆန္ဒကို သိရှိနားလည်စေသည့် ကိုယ်အမူအရာတည်း။ 'ဝစီဝိညတ်' ဟူသည် မိမိ၏အလိုဆန္ဒကို သူတစ်ပါးအားသိစေသည့် အသံပြုခြင်းတည်း၊ အင်း၊ ဟင်း အင်း၊ လာပါ၊ သွားပါ စသည်ဖြင့် ဆန္ဒသံ (ဘာသာစကား)များသည် ဝစီဝိညတ်ပေတည်း။

ရုပသာ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ—ဆိုသော ရုပ်သုံးမျိုးအနက် ကိုယ်ခန္ဓာ ပေါ့ပါး ဖျတ်လတ်မှုသည် လဟုတာရုပ်တည်း၊ ကိုယ်ခန္ဓာ ပျော့ပြောင်းနူးညံ့မှုသည် မုဒုတာရုပ်တည်း၊ မိမိကိုယ်ကို လိုသလိုကွေးခြင်း၊ ဆန့်ခြင်း၊ ကိုင်းခြင်း၊ ညွှတ်ခြင်းစသည် ဟန်အမူအရာ အမျိုးမျိုးလုပ်၍ရအောင် အမှု၌ခံ့ခြင်းသည် ကမ္မညတာ ရုပ်တည်း။

ဥပစာယရုပ်ဆိုသည်မှာ ရုပ်တရားတို့၏ဥပါဒ်တည်း၊ သန္တတိဟူသည်လည်း ရုပ်တို့၏ဥပါဒ်ပင်တည်း၊ သို့သော် ဖြစ်စ ကို ဥပစယ၊ ဖြစ်ဆဲကို သန္တတိ ဟုဆို၏၊ တစ်နည်းအားဖြင့် တစ်ဘဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံအောင် တိုးတက်ဖြစ်ပေါ်မှုအပိုင်းကို ဥပစယရုပ်ဟုခေါ်ပြီး၊ ပြည့်စုံပြီးနောက် ဆက်၍ဆက်၍ဖြစ်ခြင်းကို သန္တတိ ဟုခေါ်ပေသည်။

ဇရတာဟူသည်မှာ ရုပ်တို့၏ဌီကာလတည်း၊ ရုပ်တို့၏ရင့်ရော်မှုတည်း။

အနိစ္စတာဟူသည် ရုပ်တို့၏ဘင်ခဏတည်း၊ ပျက်စီးခိုက်ကို အနိစ္စတာရုပ်ဟု ခေါ်ထား၏။

ဤအထိကား ဓမ္မာရုံဖြစ်သော ပသာဒရုပ်ငါးပါးနှင့် သုခုမရုပ် ၁၆–ပါးတို့၏ ရှင်းလင်းချက်တည်း။

ဓမ္မာရုံဖြစ်သော ရုပ်(၂၁)မျိုးတို့တွင် ပသာဒရုပ်ငါးပါးသည် ရုပ်ပရမတ်အစစ်များဖြစ်၏၊အာပေါ၊ဣတ္ထိန္ဒြေ၊ပုရိသိန္ဒြေ၊ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ဤရုပ်ခြောက်မျိုးသည်လည်း ရုပ်ပရမတ်အစစ်များဖြစ်ကြ၏၊ မိမိတို့၏ ကိုယ်ပိုင်သဘောလက္ခဏာများဖြင့် ဖြစ်ကြ၏။

ပရိစ္ဆေဒရုပ်စသည်တို့မှာ ရုပ်ပရမတ်အစစ် မဟုတ်ကြ၊ စင်စစ် ပညတ်သဘောဖြစ်ကြ၏၊ ဥပမာ ရုပ်ကလာပ်နှစ်ခုရှိလာလျှင်ကြားရှိလာ၏၊ ယင်းကြားကိုပင် ပရိစ္ဆေဒရုပ်ဟုခေါ်ထားခြင်းဖြစ်၏၊ ကာယဝိညတ်စသည်မှာလည်း အခိုက်အတန့် အမူအရာမျှသာဖြစ်၏၊ သို့ဖြစ်၍ ပညတ်သဘောဆောင်၏၊ သို့သော် ရုပ်ပရမတ်နှင့် မကင်းမကွာဖြစ်သည့်အတွက် ရုပ်ဟူ၍ ထည့်သွင်းသတ်မှတ်ထားခြင်း ဖြစ်ပေသည်။

**ဓမ္မာရုံတွင်ပါသော စိတ် ၈၉-ပါးကား**-အကုသိုလ်စိတ် ၁၂–ပါး၊ ကုသိုလ် စိတ် ၂၁–ပါး၊ ဝိပါက် စိတ် ၃၆–ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်း ၈၉–ပါးတည်း။

**စေတသိက်၅၂-ပါးကား** - အမြဲယှဉ်သော စေတသိက် ၇–ပါး၊ ပြိုးမြွမ်း ရော ရာ ယှဉ် သည့် စေ တ သိ က် ၆–ပါး၊ အကုသိုလ်စေတသိက် ၁၄–ပါး၊ ကုသိုလ် စေ တ သိက် ၂၅ –ပါး၊ ပေါင်း ၅၂–ပါးတည်း။

နိဗ္ဗာန်ကား — သန္တိလက္ခဏာအားဖြင့် တစ်ပါးသာတည်း။

ပညတ်ကား — သဒ္ဒပညတ်၊ အတ္ထပညတ် စသည်ဖြင့် မရေမတွက်နိုင်အောင် များစွာရှိ၏။

ဖော်ပြပါ ဓမ္မာရုံဖြစ်သောတရားတို့ကို စေ့ငုသေချာစွာ လေ့လာကြည့်ပါ၊ ဓမ္မာရုံ၌ ရုပ်လည်းပါ၏၊ နာမ်လည်းပါ၏၊ နိဗ္ဗာန်လည်းပါ၏၊ ပညတ်လည်းပါ၏၊တစ်လောကလုံးကိုအနှစ်ချုပ်ပိုက်လျှင်ပရမတ်နှင့်ပညတ် နှစ်မျိုးသာရှိ၏၊ ပရမတ်သည်လည်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဤလေးတန်မျှသာရှိ၏၊ ဓမ္မာရုံတွင် စိတ်၊ စေတသိက်၊ နိဗ္ဗာန် ပါနေ၏၊ ရုပ် ၂၈–ပါးအနက် အာရုံငါးပါး (ရုပ်ခုနစ်ပါး) သာကျန်၏။

တစ်နည်းဆိုရသော် တစ်လောကလုံးရှိသမျှ သဘာဝတို့အနက် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဟူသော ရုပ်အာရုံငါးပါး (ရုပ်အရေအတွက် ၇–ပါး)မှတစ်ပါး ကျန်သမျှ အားလုံးသည် ဓမ္မာရုံချည်း ဖြစ်နေ၏။

ဓမ္မာရုံဆိုသဖြင့် မနောဒွါရ၌သာ ထင်နိုင်၏၊ စိတ်ဖြင့်သာ သိနိုင်၏၊ ဓမ္မာရုံကို မျက်စိဖြင့်လည်း မမြင်နိုင်၊ နားဖြင့်လည်း မကြားနိုင်၊ နှာခေါင်းဖြင့်လည်း မရှူနိုင်၊ လျှာဖြင့်လည်း မလျက်နိုင်၊ ကိုယ်ဖြင့်လည်း မတွေ့မထိနိုင်၊ စိတ်သက်သက်ဖြင့်သာ သိနိုင်ပေ၏။

အသေးစိတ်ပြန်စဉ်းစားလျှင် မိမိမျက်စိထဲမှာရှိသော မျက်ကြည်ရုပ်သဘာဝကို မိမိမျက်စိဖြင့် မြင်၍မရ၊ သူတစ်ပါးမျက်စိဖြင့်လည်း ကြည့်၍မရ၊ စိတ်ဖြင့်သာသိနိုင်သော သဘာဝဖြစ်ကြောင်း နားလည်နိုင်၏၊ ကျန်သော နားအကြည်စသည်လည်း နည်းတူပင်၊ ထိုနည်းတူ မိန်းမဖြစ်ကြောင်းရုပ်၊ ယောကျ်ားဖြစ်ကြောင်းရုပ် စသည်တို့ကိုလည်း မြင်၍ကြား၍မရ၊ စိတ်ဖြင့်သာ သိ၍ရ၏၊ ကျန်သမျှသုခုမရုပ်အားလုံး နည်းတူပင်။

ထို့ပြင် စိတ်စေတသိက်နာမ်တရားတို့ကိုလည်း အာရုံငါးပါးဖြင့် ရှာဖွေ၍မရနိုင် ဉာဏ်ဖြင့်သာသိနိုင်သော နက်နဲသောသဘာဝများဖြစ်ကြ၏။

"နိဗ္ဗာန်"၊ ဗုဒ္ဓဘာသာတို ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကိုလည်း အာရုံငါးပါးဖြင့် စမ်းသပ်၍ မမှီ၊ ဉာဏ်သာမန်ဖြင့်မမြင်နိုင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာ သိနိုင်မြင်နိုင်၏။

ဗုဒ္ဓအဘိဓမ္မာကို အတိဂမ္ဘီရနည်းပညာဟု ဆိုခဲ့၏၊ (သိပ္ပံမဂ္ဂဇင်း အမှတ်–၄၊ ၈၁-ခု၊ ဇန်နဝါရီလ)ဤပညာဖြင့် လူနှင့်လူ့ပတ်ဝန်းကျင်ကို မူတည်ပြီး သဘာဝလောက၌ ဘာတစ်ခုမျှမကျန်အောင် အနုစိတ် စိစစ် ဖော်ပြထား၏၊ လူကို ဒွါရခြောက်ပါးဖြင့် သတ်မှတ်ပြ၏၊ လူနှင့်လူ၏ ပတ်ဝန်းကျင်ကို အာရုံခြောက်ပါးဖြင့် ခွဲခြားပြ၏။

ဤဒွါရနှင့် ဤအာရုံတို့၏ **တရားကိုယ်**ကို အထပ်ထပ်ဆင်ခြင်ကြည့် လျက်(FIVE SENSE ORGANS ဖိုက်ဆင့်(စ်)အော်ဂန်)ဆိုသည့်လူ ကရိယာ ငါးမျိုးဖြင့် မျက်မြင်နားကြားကိုယ်တွေ့ (ဒိဋ္ဌ၊ သုတ၊ မုတ) ဖြစ်နိုင်သောအာရုံမှာ မဆိုစလောက် အနည်းငယ်မျှသာ ဖြစ်ကြောင်း အတတ်သိနိုင်၏၊ "ဝိညာတ"ဟုခေါ်သော မနောဒွါရစိတ်အသိ၊ ဉာဏ် အသိပိုင်းသည်သာ အတိုင်းမသိကျယ်ဝန်းနက်နဲလှကြောင်း ရိပ်မိနိုင်ကြမည် ဖြစ်သည်။

ဤသို့ ဗုဒ္ဓအဘိဓမ္မာကို နားလည်ပါလျှင် "မျက်မြင် ဒိဋ္ဌဖြစ်မှ ယုံသည်၊ မိမိမျက်စိဖြင့် မြင်ရမှ မှန်သည်" စသည်ဖြင့် မျက်လုံးအားကိုး သော သို့တည်းမဟုတ် ရုပ်ဒွါရငါးပါးကို အခြေခံပြီးတွေးခေါ်ယူသော အတွေးအခေါ်မျိုးသည် လုံးဝမပြည့်စုံကြောင်း အလိုလို နားလည်လာ လိမ့်မည်ဖြစ်ပါသည်။

**နှစ်ဖက်လှ**

(၁၉၈၄-ခု၊ မတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# 'ဓမ္မာရုံ'စိစစ်ချက်

ယနေ့ နိုင်ငံပေါင်းနှစ်ရာနီးပါးတည်ရှိသော ကမ္ဘာကို အန္ဓပုထုဇဉ် အမြင်ဖြင့်ကြည့်လျှင် နှစ်မျိုးနှစ်စားမြင်၏၊ သက်ရှိသတ္တဝါအားလုံးသည် သတ္တလောက၊ တိုက်တာအဆောက်အအုံ ရေမြေတော တောင် သမုဒ္ဒရာ စသော သက်မဲ့အရာအားလုံးသည် ဩကာသလောကတည်း။ သက်ရှိ လောကက(ANIMAL WORLD)၊ သက်မဲ့လောကကို(INANIMAL WORLD)ဟု ခေါ်ကြ၏။

ကလျာဏပုထုဇဉ်(ဗုဒ္ဓသာဝက)တို့၏ အမြင်အားဖြင့်မူကား ယင်း လောကနှစ်မျိုးအပြင် မပြတ်ဖြစ်ပျက်ပြုပြင်မှု သင်္ခါရလောကကိုပါ သိရှိ ရပေသည်။ သက်ရှိသတ္တဝါဖြစ်စေ၊ သက်မဲ့ပစ္စည်းဖြစ်စေ၊ အရာအားလုံး သည် အချိန်နှင့်အမျှ ဖြစ်ပျက်နေလျက်သာတည်း။ ဖြစ်ပျက်ပြုပြင်မှုတွင် သိသာမြင်သာသောဖြစ်ပေါ်ပြောင်းလဲမှုနှင့်အသိခက်သောပြုပြင်ပြောင်းလဲ မှုဟူ၍ နှစ်မျိုးရှိ၏၊ မွေးလာခြင်း၊ သေဆုံး ပျောက် ကွယ် သွား ခြင်း၊ ကလေးမှလူကြီးဖြစ်လာခြင်း၊ သစ်သားမှအိမ်ဖြစ်လာခြင်း၊ အိမ်ပျက်၍ ထင်းဖြစ်သွားခြင်းစသည်တို့မှာ သိသာသော ဖြစ်ပေါ်ပြောင်းလဲမှုတည်း၊ သို့သော် လူနှင့် လူ့ပတ်ဝန်းကျင် ပစ္စည်းဝတ္ထုများ၏ အတွင်းသရုပ် ဖြစ်ပျက်ပြောင်းလဲနေမှုကိုမူကား လွန်စွာအသိခက်၏၊ ဤသို့သော အသိ ခက်လောကသည် သင်္ခါရလောကပေတည်း။

အဆိုပါ လောကသုံးမျိုးတွင် သတ္တလောကသည် ပဓာနဖြစ်၏၊ သတ္တလောက သက်ရှိသတ္တဝါအမျိုးပေါင်းများစွာတို့တွင်လည်း ကျွန်ုပ်တို့ လူသတ္တဝါသည်သာ အချုပ်အချာဖြစ်ပေသည်။ လူကို တည်ကိန်းပြု၍ တွက်ရာတွင် လူ၏ အတွင်းသန္တာန်ဖြစ်သော ''ဝိညာဉ်''သည် လူ၏ အနှစ်သာရဖြစ်ကြောင်း တွေ့ရ၏။ သို့သော် ယင်းဝိညာဉ်သည် သူ့ဟာ သူအလိုအလျောက် အမြဲရှိနေသည်မဟုတ်။ မနောဒွါရနှင့် ဓမ္မာရုံတို့ကို အကြောင်းပြု၍သာ ဖြစ်ပေါ်လာရပေသည်။

ဤအကြောင်းကို မြတ်ဗုဒ္ဓရှင်တော်ဘုရားက....

''မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ''ဟူ၍ ဟောကြား တော်မူခဲ့သည်ကို သုတ်ပါဠိတော်ကြီး၌ တွေ့နိုင်၏။

''မနဉ္စ၊ မနော(ဘဝင်)ကိုလည်းကောင်း၊ ဓမ္မေစ၊ ဓမ္မာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ၊ အစွဲပြု၍ မနောဝိညာဏံ၊ မနောဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်ပေါ်လာ၏။''

''ဝိညာဏ်''သည် မနောနှင့် ဓမ္မာရုံတို့ကိုအစွဲပြု၍ ဖြစ်သည်ဟူလို။

ဤတွင် 'မန=မနော' ဟူသောအချက် တစ်ချက်၊ 'ဓမ္မ=ဓမ္မာရုံ' ဟူသောအချက်တစ်ချက်၊ 'မနောဝိညာဏံ=မနောဝိညာဏ်'ဟူသောအချက်တစ်ချက်၊ စုစုပေါင်း အချက်သုံးချက်ပါရှိသည်ကို တွေ့ရ၏။

ဤအချက်သုံးရပ်တွင် 'မနော' သည် လူသား၏ကိုယ်တွင်း' အဇ္ဈတ္တသန္တာန်၌သာဖြစ်၏။ 'ဓမ္မာရုံ'ဟူသည်ကား ကိုယ်တွင်း ကိုယ်ပ နှစ်ဌာန၌ဖြစ်၏၊ 'မနောဝိညာဏ်' သည်လည်း လူ၏ကိုယ်တွင်း သန္တာန်၌သာ ဖြစ်ပေသည်။ အကယ်၍ မိမိကိုယ်ကို မကျိုင်ထား စဉ်းစားလျှင်မူကား အခြားသောပုဂ္ဂိုလ်တို့သည် မိမိ၏ ပြင်ပပေတည်း။

'မန' အရ 'မနော' ဟူသည် အခြားမဟုတ်၊ သက်ရှိလူသား၌ အခြေခံအကျဆုံးဖြစ်သော 'ဘဝင်စိတ်' တည်း၊ ဘဝင်စိတ်နှင့်ပတ်သက်၍ ၁၉၇၁—ခုနှစ် ပြေီလထုတ် ဤသိပ္ပံမဂ္ဂဇင်း၌ အနည်းငယ်ဖော်ပြခဲ့၏၊ ယင်းသို့ဖော်ပြခဲ့ခြင်းသည် အဘိဓမ္မာလေးတန်း ပညာအဆင့်လောက်သာဖြစ်၏၊ ဘဝင်စိတ်သည် လက်ရှိဘဝအတွက်သာမက အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝ သုံးဘဝဆက်သွယ်ရေးကိစ္စ၌ပါ အခြေခံကျ၏။ သန္ဓေနေခြင်း၊ စုတိကျသေခြင်း၊ ကိစ္စနှင့်လည်း သက်ဆိုင်၏၊ ဘဝသံသရာခရီးလမ်းနှင့်လည်း ဆက်သွယ်၏၊ အတ္တဝါဒ၊ ဝိညာဏဝါဒ၊ ဣဿရနိမ္မာနဖန်ဆင်းရှင်ဝါဒ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိစသည့် အယူဝါဒရေးရာများအတွက်လည်း ပဓာနအခန်းကပါဝင်၏။

စင်စစ် 'မနော' ဟူသော 'ဘဝင်စိတ်' ဘာသာရပ်တစ်ခုတည်းနှင့် အဘိဓမ္မာဆယ်တန်းအဆင့်၊ ဘွဲ့ရဘွဲ့လွန်အဆင့် စာပေပါရဂူအဆင့်မကနက်ရှိုင်းကျယ်ပြန့်စွာ လေ့လာကြရန်လိုအပ်၏။ အတွေ့နှင့်မလုံလောက်၊ လက်တွေ့အားထုတ်ရမည့်အဆင့်ထိ မြင့်တက်သွားနိုင်၏။

သို့ဖြစ်သောကြောင့် ယခုအခန်းအထားတွင် (အဘိဓမ္မာပညာလေ့လာဦးစတွင်) မနေ့အကြည် (ဘဝင်) အကြောင်း မပြောကြသေးပဲ၊ ကွင်းချန်ခဲ့ပါဦးအံ့။

နောက်ဆုံးအချက်ကား 'ဓမ္မ'၏ 'ဓမ္မာရုံ'များတည်း၊ ပြီးခဲ့သော ဆောင်းပါး၌ ဓမ္မာရုံခြောက်မျိုးကို ဖော်ပြခဲ့ပြီးဖြစ်၍၊ မှတ်မိအောင် ထပ်ပြောရလျှင်—

ရုပ်ဓမ္မာရုံ(ပသာဒရုပ် ၅–မျိုး၊ သုခုမရုပ် ၁၆–မျိုး)
နာမ်ဓမ္မာရုံ(စိတ် ၈၉၊ စေတသိက် ၅၂)
နိဗ္ဗာန်ဓမ္မာရုံ(တစ်ခု)
ပညတ်ဓမ္မာရုံ (များစွာ)
စုစုပေါင်း ဓမ္မာရုံ လေးမျိုးတည်း။

'ရုပ်ဓမ္မာရုံ'ကို သတိပြုခဲ့ရန်လိုပါသည်။ ဗုဒ္ဓအဘိဓမ္မာပညာမှတစ်ပါး အခြားသောပညာရပ်နယ်၌ ရုပ်ဝတ္ထုကို 'ရုပ်'ဟု နားလည်နေကြပေသည်။(MATERIAL)မတီးရီးယယ်ကို'ရုပ်'ဟုမြန်မာဘာသာပြန်ဆိုတတ်ပါသည်။ (MATTER)ကိုလည်း ရုပ်၊ရုပ်ဝတ္ထုဟု အနက်ဖော်တတ်ပါသည်။ လူအများကလည်း ဤသို့ပင် နားအလည် များနေကြပါသည်။

ဗုဒ္ဓအဘိဓမ္မာပညာအရမူကား 'ရုပ်'ခေါ်သောအရာမှာ ဒြဗ်တစ်ခုမျှ ဒြပ်ထုဒြပ်ဆိုင် ဒြပ်ခဲ မရှိပါ။ အနုမြူ ပရမာနုမြူမျှပင် မဟုတ်ပါ။ သဘာဝကလေးမျှကိုသာ ရုပ်ဟုသတ်မှတ်ထားပါသည်။ သက်ရှိသက်မဲ့အရာဝတ္ထုများကို ဖွဲ့စည်းဖြစ်ပေါ်စေသည့် အခြေခံအကျဆုံး ခက်မာနူးညံ့မှု သဘာဝကလေး၊ ဖွဲ့စည်းယိုစီးတတ်သည့် သဘာဝကလေး၊ ပူမှုအေးမှု သဘောကလေး၊ ထောက်ကန်လှုပ်ရှားစေတတ်သည့် သဘောကလေးစသည်ကိုသာ ရုပ်ဟုခေါ်ထားပါသည်။ ဤအချက်ကို မပြတ်သတိချပ်ထားရန်လိုပါသည်။

'ရုပ်' ကို စိတ်ဖြစ်ပေါ်လာစေသည့် အကြောင်းတစ်ရပ်ဖြင့် စီစစ်သောအခါ(ဝါ) 'အာရုံ' အရခွဲခြားသောအခါ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားသည်။ ပဉ္စာရုံနှင့်ဓမ္မာရုံပင် ဖြစ်သည်။ ရုပ်ပဉ္စာရုံမှာ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိငါးမျိုးတည်း၊ ရုပ်ဓမ္မာ ရုံမှာ ဖော်ပြခဲ့သည့်အတိုင်း ပသာဒရုပ်နှင့် သုခုမရုပ်တည်း။

ဤ၌ အထူးပြောလိုသည်မှာ ရုပ်ပဉ္ဇာရုံကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ဖြင့် မြင် ကြား နံ လျက် ထိသိ၍ရသည်။ ရုပ်ဓမ္မာရုံကို မူကား မျက်စိဖြင့်လည်း ကြည့်၍မရ၊ နားထောင်၍လည်း မကြား၊ အနံ့ ခံ၍လည်း မရ၊ လျှာဖြင့်လျက်ကြည့်၍လည်း မသိနိုင်၊ ကိုယ်ကာယအစိတ် အပိုင်း တစ်ခုခုဖြင့် ထိတွေ့စမ်းသပ်၍လည်း မဖြစ်၊ ယင်းရုပ်ကိရိယာ အားလုံးဖြင့် ရုပ်ဓမ္မာရုံကို မသိနိုင်၊ အမှန်စင်စစ် မနောဝိညာဉ်စိတ်ဖြင့်သာ သိနိုင်ပေသည်။

ဤအချက်ကိုထောက်ရှု၍ ရုပ်ချင်းတူသော်လည်း ရုပ်ပဉ္ဇာရုံထက် ရုပ်ဓမ္မာရုံက ပို၍သိမ်မွေ့ကြောင်း သိနိုင်ပေသည်။ တစ်နည်းပြောရလျှင် ပဉ္ဇာရုံရုပ်သည် ဓမ္မာရုံရုပ်လောက် အသိမခက်၊ ဓမ္မာရုံရုပ်က ပို၍အသိ ခက်သည်၊ နက်နဲသည် ဆိုသောအချက်ကို ရပေသည်။

စိတ်၊ စေတသိက်တို့လည်း ဓမ္မာရုံပင်ဖြစ်သည်။ ပသာဒ၊ သုခုမ ရုပ်တို့သည်လည်း ဓမ္မာရုံပင်ဖြစ်သည်။ ဝါ။ မနောဝိညာဉ်နှင့်သာသိနိုင် သော သဘာဝတရားချည်းဖြစ်သည်။ ထို့ကြောင့် စိတ်စေတသိက်နာမ် တရားတို့နှင့် ပသာဒ၊ သုခုမရုပ်တရားတို့တူသည်ဟု ထင်မှတ်ဖွယ်ဖြစ်သည်။ သို့သော် ပရမတ္ထအသက်ကွာခြား၍ မတူပေ။စိတ်၊ စေတသိက်၊ အသက်က ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏငယ်သုံးချက်မျှသာဖြစ်သည်။ ပသာဒ၊ သုခုမရုပ် တို့က ဌီကာလ၌ခဏငယ် ၄၉ ချက်မျှကြာပြီး၊ ခဏငယ်ပေါင်း ၅၁–ချက် အသက်ရှည်သည်။ ထို့ကြောင့် နာမ်ဓမ္မာရုံက ရုပ်ဓမ္မာရုံထက်ပို၍ အသိ ခက် နက်ရှိုင်းပြန်လေသည်။

ဓမ္မာရုံလေးမျိုးထဲတွင် နိဗ္ဗာန်ဓမ္မာရုံမှာ အနက်နဲဆုံး၊ အသိအခက် ဆုံးဖြစ်ပြီး ပညတ်ဓမ္မာရုံမှာ အလွယ်ဆုံးဖြစ်ပေသည်။

ဓမ္မာရုံလေးမျိုးအနက် အလွယ်အခက်စဉ်လျှင် ပညတ်ဓမ္မာရုံကား အလွယ်ဆုံး၊ သူ့ထက် ရုပ်ဓမ္မာရုံက ခက်လာပြီး၊ နာမ်ဓမ္မာရုံက ပိုခက် လေသည်။ နိဗ္ဗာန်ဓမ္မာရုံမှာမူ အသိအခက်ဆုံးဖြစ်ပေသည်။

မမှာရုံတို့၏သဘောကို ပို၍သိရှိရန်အတွက် "မနောဝိညာဉ်" နှင့် ယှဉ်စပ်လေ့လာရန်လိုပေသည်။ မနောဝိညာဉ်အကြောင်း ရိပ်မိလာလျှင် လူအကြောင်း(ဝါ)မိမိ၏ဘဝအကြောင်း သို့မဟုတ် မိမိဘဝ၏တန်ဖိုးကို ပို၍သိသာမည်ဖြစ်ပါသည်။ ရှေ့လတွင် မနောဝိညာဉ်အကြောင်း ဆက်ပါမည်။

နှစ်ဖက်လှ
(၁၉၈၄--ခု၊ ဧပြီလ၊ သိပ္ပံမဂ္ဂဇင်း)

# ‘မနောဝိညာဉ်’၏
# အခြေခံကို ရှာခြင်း

“မနောဝိညာဏ”ဟူသော ပါဠိဝေါဟာရကို “မနောဝိညာဏ်” “မနောဝိညာဉ်”ဟု နှစ်မျိုးမြန်မာမှုပြု၏၊ “ဏ်” “ဉ်”သည် ပြောင်းလဲ သုံးနိုင်သော သဘောရှိ၍ နှစ်မျိုးလုံးပင်မှန်သည်။

ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဓာတုဝိဘင်းပါဠိတော် စိတ်ပရိယာယ် (၁၁)ပုဒ်တို့တွင်“မနော”နှင့်၊“ဝိညာဏ”ဟူသော ဝေါဟာရနှစ်မျိုးပါ၏၊ မြန်မာလို“စိတ်”ဟု အနက်ပြန်၏၊ မနော=စိတ်၊ ဝိ ညာ ဏံ=စိတ်၊ ထို့ကြောင့် “မနော”နှင့် “ဝိညာဏ” အနက်တူပင်ဖြစ်၏

သို့ရာတွင် “မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ” ဟူသော သံယုတ်ပါဠိတော်၌ “မန” နှင့် “မနောဝိညာဏ” ခွဲခြားဟောထား၏၊ “မန”ကို အစွဲပြု၍ (ဝါ) အကြောင်းပြု၍ မနောဝိညာဉ် ဖြစ်ပေါ်ဥပါဒ် လာရ၏ဟု အဓိပ္ပာယ်ရှိ၏။ ဝိညာဉ်စိတ်သည် လူ၏ကိုယ်တွင် နဂိုက ဘယ်နေရာမှာမှ ရှိနှင့်နေသည်မဟုတ်ပဲ၊ အကြောင်းတရားကို အစွဲပြုပြီး ဖြစ်ပေါ်လာပုံကို သံယုတ်ပါဠိတော်၌ ဟော၏။

လူ၌ ဝိညာဉ်များဖြစ်ပေါ်လာပုံကို ပြဆိုရာတွင်–

- စက္ခုပသာဒ မျက်စိအကြည်ရုပ်နှင့် ရူပါရုံအဆင်းရုပ်တို့ကို အစွဲပြု၍ စက္ခုဝိညာဉ်ဖြစ်လာကြောင်း။
- သောတပသာဒ နားအကြည်ရုပ်နှင့် သဒ္ဒါရုံအသံရုပ်တို့ကို အစွဲပြု၍ သောတဝိညာဉ်ဖြစ်လာကြောင်း။
- ဃာနပသာဒနှာအကြည်ရုပ်နှင့် ဂန္ဓာရုံအသံရုပ်တို့ကို အစွဲပြု၍ ဃာနဝိညာဉ် ဖြစ်လာကြောင်း။
- ဇိဝှာပသာဒ လျှာအကြည်ရုပ်နှင့် ရသာရုံအရသာရုပ်တို့ကို အစွဲပြု၍ ဇိဝှါဝိညာဉ်ဖြစ်လာကြောင်း။
- ကာယပသာဒကိုယ်အကြည်ရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ် တို့ကို အစွဲပြု၍ ကာယဝိညာဉ်ဖြစ်လာကြောင်း။

ဤကဲ့သို့ ပဋ္ဌိသန္ဓေဝိညာဉ် (ဂိညာဉ်ငါးမျိုး) ဖြစ်ပေါ် ဥပါဒ်လာပုံကို ဟောကြားပြီး တစ်ဆက်တည်းပင်–

''မန''နှင့်''ဓမ္မာရုံ''တို့ကို အစွဲပြု၍ မနောဝိညာဉ်ဖြစ်လာရသည်ဟု ဖော်ပြထားသည်ကို အလေးအနက်သတိပြုရမည် ဖြစ်၏။

မနောဝိညာဉ် အစွဲပြု၍ဖြစ်ရသော အချက်နှစ်ရပ်အနက် ဓမ္မာရုံ ခြောက်မျိုးကို လွန်ခဲ့သောလ ဆောင်းပါးများ၌ ဖော်ပြခဲ့ပြီး ဖြစ်၏။ သို့ဖြစ်၍ ''မန''ဆိုသည်ကို သိရန်လို၏၊ ''မန''ကိုသိရန် အချက်သည် အဘိဓမ္မာ၌ အလွန်အရေးကြီး၏၊ ဤ''မန''သည်ကား နှယ်နှယ်ရရတရား မဟုတ်၊ လူ၌ မနောဝိညာဉ်ဖြစ်လာစေဖို့ အရေးကြီးသော အခြေခံအချက် တစ်ရပ်ဖြစ်နေသည် မဟုတ်ပါလော။

''မနဩ''စိတ်ကို ယည်းကောင်းဟု သာမန်အနက်ပေးပြီး စိတ်နှင့် ဓမ္မာရုံတို့ကိုအစွဲပြု၍ မနောဝိညာဉ်ဖြစ်သည်ဟုဆိုက ပြည့်စုံမည်မဟုတ်ချေ၊ မနောဝိညာဉ်ဆိုသည်မှာလည်း စိတ်ပင်ဖြစ်၍ စိတ်ကိုစွဲ၍ စိတ်ဖြစ်သည်ဟု ဆိုချေက ''မန''နှင့်''မနောဝိညာဏ''တူနိုးရာ၏၊ ပါဠိဘာသာ အနေ အထားအရ''မန''နှင့်''မနောဝိညာဏ''ပုဒ်နေပုဒ်ထား ကွဲပြားပါလျက် မြန်မာပြန်ကာမှ ရှုပ်ထွေးသွားဖွယ်ဖြစ်၏။

အမှန်စင်စစ် စက္ခု၊ ရူပ၊ စက္ခုဝိညာဏဟူသော သုံးမျိုးသည် တစ်ခုနှင့်တစ်ခု မတူကွဲပြားဘိသကဲ့သို့''မန၊ ဓမ္မ၊ မနောဝိညာဏ''ဟူသော သုံးမျိုးသည်လည်း ဇကန်မုချ မတူကွဲပြား ခြားနားမှု ရှိရမည်ဖြစ်သည်။ ''မန''နှင့်''မနောဝိညာဏ''သည် တစ်ခုနှင့်တစ်ခု မတူသော သဘာဝ နှစ်ရပ်သာဖြစ်ရမည်။ မတူရာ၌ ''မန''သည် ''မနောဝိညာဏ'' (မနော ဝိညာဉ်)ဖြစ်လာစေဖို့ အကြောင်းခံဖြစ်ရမည်။ မနောဝိညာဉ်သည်''မန'' ကိုအစွဲပြု၍ဖြစ်လာသော အကျိုးဖြစ်ရမည်။

မီးခြစ်ကျောက်နှင့်ခဲတတ်ဆီကိုအစွဲပြု၍ မီးခြစ်မှ မီးတောက်လာပုံကို နိမိတ်ပုံပြု၍ စဉ်းစားရာ၏။ ''မန''သည် ကျောက်နှင့်တူ၏၊ ဓမ္မာရုံသည် ခဲတတ်ဆီနှင့်တူ၏၊ မနောဝိညာဉ်သည် မီးတောက်ကလေးနှင့် တူ၏။ ထို့ကြောင့် ကျောက်နှင့်မီးတောက်သည် တစ်ခုတည်းမဟုတ်သကဲ့သို့''မန'' နှင့်''မနောဝိညာဏ''သည်လည်း သဘာဝတစ်ခုတည်း မဟုတ်ကြောင်း နားလည်နိုင်ပေပြီ။

သို့ဖြစ်လျှင် ''မနဉ္စ ပဋိစ္စ''၌ ''မန'' ဟူသည် အဘယ်နည်း၊ ''မန''အရ သဘာ၀အမှန်ကို သိရန်လိုအပ်၏။

အဘိဓမ္မာကျမ်းစာများတွင် ဖော်ပြသော ဒွါရပိုင်းကို မျှော်လျှင် ''စက္ခုံစ''အရ စက္ခုပသာဒ (မျက်ကြည်ရုပ်)ကို စက္ခုဒွါရဟု ဆို၏၊ (စက္ခု+ဒွါရ၊ စက္ခု=မျက်ကြည်ရုပ်၊ ဒွါရ=တံခါး) အဘယ့်ကြောင့် ''ဒွါရ''ဟု ဆိုရသနည်း။ စက္ခုပသာဒ မျက်ကြည်ရုပ်ကိုအစွဲပြု၍သာ စက္ခုဝိညာဉ်စိတ်များ ဖြစ်ချည်ပျက်ချည် မပြတ်ဖြစ်ပေါ်ရသဖြင့် ယင်း မျက်ကြည်ရုပ်သည် စက္ခုဝိညာဉ်စိတ်များ ဝင်ရာထွက်ရာတံခါးနှင့်တူသည့် အတွက် တံခါးနှင့်တင်စားပြီး ''စက္ခုဒွါရ''ဟု ခေါ်ခြင်းဖြစ်၏။

ဤနည်းတူ ''သောတဉ္စ''ကို ''သောတဒွါရ'' ၊ ''ဃာနဉ္စ'' ကို ''ဃာနဒွါရ''၊ ''ဇိဝှဉ္စ'' ကို ဇိဝှါဒွါရ၊ ''ကာယဉ္စ'' ကို ''ကာယဒွါရ''ဟု၊ အသီးသီးဆိုရသကဲ့သို့ ''မနဉ္စ'' ကိုလည်း ''မနောဒွါရ''ဟု ဆိုရပေသည်

''မနဉ္စ''သည် ''မနောဒွါရ''ဖြစ်သည့်အတွက် ဤ''မန''ကို အစွဲပြု၍ မနောဝိညာဉ်စိတ်များ ဖြစ်ချည်ပျက်ချည် ဝင်ရာထွက်ရာဖြစ်ဘိ၏။ စက္ခုပသာဒရှိမှသာ စက္ခုဝိညာဉ်စိတ်များ ဖြစ်နိုင်ကြဘိသကဲ့သို့ ဤမန (မနောဒွါရ)ရှိမှသာမနောဝိညာဉ်စိတ်များလည်းဖြစ်ခွင့်ရှိနိုင်ကြ၏၊တစ်နည်း ဆိုရသော် စက္ခုပသာဒနှင့် ရူပါရုံတို့ တိုက်ဆိုင်မှုသည်စက္ခုဝိညာဉ်စိတ်ကို ဖြစ်ပေါ်လာစေသကဲ့သို့''မန'' နှင့်''ဓမ္မာရုံ''တို့ တိုက်ဆိုင်မှုသည် မနော ဝိညာဉ်များကို ဖြစ်ပေါ်လာစေပေသည်။

လိုရင်းဆိုရလျှင် ''မန''နှင့် ''မနောဝိညာဏ'' မတူ၊ ''မန''ကို အကြောင်းပြုမှသာ မနောဝိညာဉ်စိတ်များ ဖြစ်လာနိုင်ကြသည် ဆိုသော အချက်ကို ဆုပ်ကိုင်ရမည်ဖြစ်ပါသည်။

ဤသို့ကိုင်မိလျှင် နောက်တစ်ဆင့်တက်တို့၊ယင်းမန (ဝါ) မနောဒွါရ ဆိုတာဘာလဲ၊ ဤအချက်ကို ဖော်ထုတ်ရန်လို၏။

ဤအချက်ကို အဘိဓမ္မာကျမ်းပြုအကျော် ရှင်အနုရုဒ္ဓါက ဖော်ပြ ထားသဖြင့် ဖော်ထုတ်ရန်လွယ်ကူ၏၊ အရှင်တော်က သူ၏အဘိဓမ္မတ္ထ သင်္ဂဟကျမ်းပကိဏ်းပိုင်း ဒွါရသင်္ဂဟ၌–'မနောဒွါရံပန ဘဝင်္ဂန္တိ ပဝုစ္စတိ'

ဟူ၍ ရေးသားခဲ့၏၊ အဓိပ္ပာယ်မှာ 'မနောဒွါရ' ဆိုသည်ကား အခြား မဟုတ်၊ 'ဘဝင်' ပင်ဖြစ်သည် ဟုဆိုလိုပေသည်။ ဆရာတော်အလိုအရ ဆိုခဲ့ပါသံယုတ်ပါဠိတော်ကိုအနက်ပေးလျှင် 'မနဉ္စ' ဘဝင်ကိုလည်းကောင်း ဟုဆိုရပေမည်၊ မှန်၏၊ ဘဝင်နှင့်ဓမ္မာရုံတို့ကိုအစွဲပြု၍ မနောဝိညာဉ်စိတ်ဖြစ်သည်ဟူလို။

တစ်ဆင့်တက်စဉ်းစားလျှင် 'ဘဝင်(ဘဝင်)' ဆိုကာဘာလဲ၊ ဤအချက်ကိုဖော်ထုတ်ရပေမည်၊ 'ဘဝင်' ၏အရင်ကောက်နှင့် အဓိပ္ပါယ်ကို ရှင်အနုရုဒ္ဓါက အဘိဓမ္မတ္ထသင်္ဂဟ ဝီလိမုတ်ပိုင်း၌—

''ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂ သန္တတိ သခ်ါတံ မာနသံ''

ဟုဖော်ပြထား၏၊ 'မာနသံ' သည် 'မနော' ဟူသောပုဒ်နှင့်တူ၏။ ထို့ကြောင့် 'ဘဝင်' ဆိုတာ စေတသိက်မဟုတ်၊ ရုပ်မဟုတ်၊ ပညတ်မဟုတ်၊ နိဗ္ဗာန်ကဲ့သို့ နိစ္စဓာတ်မဟုတ်၊ စင်စစ်'မနော'ပင် ဖြစ်သည်ဟု သိရ၏၊ ဤစကားသည်'ပဘဿရမိဒံ ဘိက္ခဝေ ဘဝင်္ဂ ပဝတ္တတိ'ဟူသောစကားနှင့်ညီ၏။

ဤ' မနော၊ မာနသံ' ကို မြန်မာပြန်လိုက်သောအခါ 'စိတ်' ဟုပြန်ကြ၏။ 'စိတ်' ဟု မြန်မာပြန်ဆိုလိုက်သဖြင့် တစ်ခြားစိတ်များနှင့် ရောထွေးသွား၏၊ ပညတ်သွားရာဓာတ်သက်ပါ ဆိုသကဲ့သို့ လေ့လာသူ၏ အသိဉာဏ်ပါ တစ်ဖက်သို့ကိုင်းညွတ်သွား၏။

အမှန်က 'စက္ခုံစ'ကို 'စက္ခုပသာဒ' မျက်စိအကြည်ဟု ယူရသကဲ့သို့၊ 'မနဉ္စ' ကိုလည်း 'မနောပသာဒ' မနောအကြည်ဟု ပြန်ဆိုလိုက်လျှင် အခြားစိတ်များနှင့် ရှုပ်ထွေးမှုကင်းသွားနိုင်၏။ 'မနောအကြည်'ဟု ယူလိုက်လျှင် 'ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ' ဟူသော အင်္ဂုတ္တိုရ် ပါဠိတော်နှင့် ကိုက်ညီ၏၊ အင်္ဂုတ္တိုရ် ပါဠိတော်၌ 'စိတ်သည် ပဘဿရ (ပြိုးပြိုးပြက်) ဖြစ်သည်'ဟု ဟောရာတွင် စိတ်၏ပင်ရင်းသဘောကို ဟောခြင်းဖြစ်၏၊ အဋ္ဌကထာဆရာ့ ဆရာများကလည်း ယင်းပဘဿရစိတ်ကား တစ်ခြား မဟုတ်၊ 'ဘဝင်စိတ်'ပင် ဖြစ်သည်ဟု ထောက်ပြထားလျက်ရှိ၏။

ဘဝင်(ဘဝင်)၏ အဓိပ္ပါယ်ကို ဘဝဿ၊ ဘဝ၏၊ အင်္ဂဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်ဟု ဟုဖော်ပြ၏၊ ဤစကားအရ ဘဝဿ၊ ဘဝ၏၊

အင်၊ အကြောင်း၊ ဘဝင် = ဘဝ၏ အကြောင်းဟု ဝိဂ္ဂဟ်ကျင်း၍ အဓိပ္ပာယ်လင်းရမည်ဖြစ်သည်။ 'ဘဝင်'ဆိုသည်မှာ 'ဘဝ၏အကြောင်း ဖြစ်သောတရား'တည်းဟု သိနိုင်၏။

ယင်း ဘဝ၏အကြောင်းဖြစ်သော ဘဝင်ကို(ဝါ)မနောကို အစွဲပြုပြီး မနောဝိညာဉ်စိတ်များ ဖြစ်ပေါ်ရသည်ဟု သံယုတ်ပါဠိတော်နှင့် ပြန်ဆက်ယူပါ။

ဤတွင် မနောဝိညာဉ်ဖြစ်ပေါ်လာပုံ အခြေခံအချက်ကိုသာရှာခြင်း ဖြစ်၏၊ မနောဝိညာဉ်ဖြစ်ဖို့ အခြေခံအချက်နှစ်ချက်အနက်ဓမ္မာရုံအကြောင်း သိရပြီးနောက် မနဥ္စအရ "မန"အကြောင်းကို ဖော်ထုတ်လိုက်သောအခါ "ဘဝင်"ပေါ်လာခြင်းဖြစ်၏၊ သို့သော် ဘဝင်အကြောင်း ဤတွင်ရပ်ထားပြီး ယင်းဘဝင်(မနောအကြည်)ကိုအစွဲပြု၍ မနောဝိညာဉ်စိတ်များ လူ့ဌဖြစ်လျက်ရှိသည်ဟု မနောဝိညာဉ်အကြောင်းသို့ ဆက်ရန်ဖြစ်၏။

လူ့ဌ ဖြစ်ပျက်လျက်ရှိသော စိတ်ဟူသမျှကို (စိတ် ၈၉–ပါးကို) "ဝိညာဏ"ဟူသော အရှုအမြင်ဖြင့် စိစစ်ကြည့်သောအခါ ဝိညာဉ်ခြောက်မျိုးသာရှိ၏၊ ယင်းဝိညာဉ်ခြောက်မျိုးမှာ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်ဟူသော ပဉ္စဝိညာဉ်(ဝိညာဉ်ငါးမျိုး)နှင့် မနောဝိညာဉ်ဟူသော ဝိညာဉ်တစ်မျိုး၊ ပေါင်းခြောက်မျိုး ဖြစ်၏၊ ယင်းဝိညာဉ်ခြောက်မျိုးတွင် မနောဝိညာဉ်သည် အရေးအရာ ကျယ်လှပြီး လူ့ဌ ပဓာနခေါင်ချုပ်ဖြစ်ပေ၏။

ယခုဆောင်းပါးတွင် ယင်း မနောဝိညာဉ်သည် "မန" ဟူသော မနောအကြည်(ဘဝင်)နှင့် "ဓမ္မ"ဟူသော ဓမ္မာရုံတို့ကို အစွဲပြု၍ (ဝါ) အကြောင်းပြု၍၊ ဖြစ်ပေါ်လျက်ရှိသော တရားတစ်မျိုးဖြစ်ကြောင်းသိရ၏၊ အကယ်၍ မနောအကြည် (ဘဝင်) မရှိလျှင်သော်လည်းကောင်း၊ ဓမ္မာရုံ တစ်မျိုးမျိုးကို အားမပြုရလျှင်သော်လည်းကောင်း ယင်းမနောဝိညာဉ် သည် ဖြစ်ပေါ်ဉပါဒ်လာနိုင်ခြင်းမရှိကြောင်းလည်း သိနိုင်၏။

သို့သော် ဘ၀င်သည်ကား မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း၊ ဆီမီးလျှံကဲ့သို့လည်းကောင်း မပြတ်ဖြစ်လျက်သာနေ၏ဟု အဘိဓမ္မာကျမ်းများ၌ ဖော်ပြထားသည့်အတိုင်းပင် ကျွန်ုပ်တို့ လူသားများ၏သန္တာန်၌ ''ဘ၀င်''သည် မပြတ်ဖြစ်လျက်သာရှိနေကြောင်း သိအပ်၏။ ယင်းသို့ ဘ၀င်မပြတ်ဖြစ်ရှိနေ၍သာ ယင်းဘ၀င်ကိုအစွဲပြု၍ မနောဝိညာဉ်များလည်း မပြတ်ဖြစ်လျက်ရှိနိုင်ခြင်း ဖြစ်ပေသည်။ ဓမ္မာရုံနှင့်တွေ့သောအခါ ဘ၀င်မှ မနောဝိညာဉ်စိတ်များ ထ၍ထ၍လာသည်ဟူလို–။

နှစ်ပက်လှ
(၁၉၇၄-ခု၊ မေလ၊ သိပ္ပံမဂ္ဂဇင်း)

# လူနှင့် မနောဝိညာဉ်စိတ်
# အမျိုးမျိုး

ဗုဒ္ဓအဘိဓမ္မာကဖော်ပြထားသော စိတ်တစ်ခုယုတ်ကိုးဆယ် (စိတ် ၈၉-ပါး)ကို များသောအားဖြင့် ကြားဖူးကြ၏၊ သို့သော် စိတ်တစ်ခု ယုတ်ကိုးဆယ်ဆိုသည်မှာ ပုထုဇဉ်အရိယာ လူ၊ နတ်၊ ဗြဟ္မာတို့နှင့် တိရစ္ဆာန်များပါမကျန် သက်ရှိသတ္တဝါအားလုံး၌ ဖြစ်နိုင်သမျှ စိတ်အား လုံးကို တစ်ခုမျှမကျန်ရအောင် စုရုံးဖော်ပြခြင်းသာ ဖြစ်၏၊စင်စစ် မည်သည့် သတ္တဝါတစ်ဦးတစ်ယောက်မှာမှ စိတ် ၈၉-ပါးလုံး မရှိနိုင်ပေ။

ကျွန်ုပ်တို့ ပုထုဇဉ်ကမ္ဘာလူသား တစ်ဦးစီအတွက်ကြည့်မည်ဆိုလျှင် မဂ်စိတ်လေးပါး၊ ဖိုလ်စိတ်လေးပါးဟူသော လောကုတ္တရာစိတ်ရှစ်ပါးသည် ယခုလူသားများ၌ လုံးဝ မရှိ၊ ထို့ကြောင့် လောကုတ္တရာစိတ် ရှစ်မျိုးကို နှုတ်လျှင် လောကီစိတ် ၈၁-ပါးသာ ကျန်၏၊ထို ၈၁-ပါးတွင် ကြိယာစိတ် ၁၈-ပါးသည်လည်း ကိလေသာအာသဝေါ လုံးဝကင်းစင်တော်မူပြီးသော ဘုရား ရဟန္တာများမှသာ ဖြစ်ကောင်းသောစိတ်မျိုးဖြစ်၍ ယခု လူရိုးရိုး တို့၌ မဖြစ်နိုင်၊ ထို့ကြောင့် ၈၁-ထဲက ၁၈-နှုတ်လျှင် ၆၃-သာ ကျန် သည်၊

တစ်ဖန် မဟဂ္ဂုတ်ဝိပါက်စိတ် ၉-မျိုးသည် ဗြဟ္မာဘုံ၌သာ ဖြစ်နိုင် သော ဗြဟ္မာ့ပဋိသန္ဓေစိတ်မျိုး ဖြစ်၍ နှုတ်လျှင် ၅၄-ကျန်၏၊ မဟဂ္ဂုတ် ကုသိုလ်စိတ် ၉-မျိုးသည်လည်း ဈာန်ရ ပုဂ္ဂိုလ်များ၌သာ ဖြစ်နိုင်ကြသဖြင့် ကျွန်ုပ်တို့လို သာမန် လူစားမျိုး၌ မဖြစ်နိုင်၊ ၅၄-ထဲက ၉-ထပ်နှုတ်လျှင် ၄၅-သာ ကျန်၏။

ယင်း ၄၅-မျိုးကား လောဘစိတ် ၈-မျိုး၊ ဒေါသစိတ် ၂-မျိုး၊ မောဟစိတ် ၂-မျိုး၊ အဟိတ်စိတ် ၁၇-မျိုး၊ ကာမကုသိုလ်စိတ် ၈-မျိုး၊ ကာမဝိပါက်စိတ် ၈-မျိုး၊ ပေါင်း ၄၅-မျိုးဖြစ်၏၊ကျွန်ုပ်တို့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၄၀၀၀ လောက်ထဲက လူတစ်ဦးစီမှာ အဆိုပါစိတ် ၄၅-မျိုး လောက်သာ ပြောင်းလဲဖြစ်ပေါ်နေလျက် ရှိပေသည်၊

အထက်ပါအတိုင်း ကိုက်တို့၏ သရုပ်ကို စိစစ်ကြည့်ရာမှ လူသုံးမျိုး သုံးစားရှိကြောင်း သိသာနိုင်ပေသည်။ ယင်းလူသုံးမျိုးကား သာမန်လူ၊ ထူးသောလူ၊ အထူးဆုံးလူ ဖြစ်ပေသည်။ "သာမန်လူ" ဆိုသည်ကား လောဘ၊ ဒေါသစသော စိတ် ၄၅-မျိုးသာ ဖြစ်နိုင်သည့် ယနေ့ ကမ္ဘာ့ ပုထုဇဉ် လူသားမျိုးတည်း။ "ထူးသောလူ" ဆိုသည်ကား မဟဂ္ဂုတ်စိတ် ၉-မျိုးဖြစ်နိုင်သော ဈာန်၊ အဘိညာဉ်ရသော လူသားမျိုးတည်း၊ "အထူးဆုံးလူ"ဆိုသည်ကား မဂ်စိတ်ဖိုလ်စိတ်ဖြစ်ခွင့်ရသော ဘုရားရဟန္တာပုဂ္ဂိုလ် မျိုးတည်း။

ဤသို့ လူသုံးမျိုးခွဲခြားခြင်းသည်လည်း ဗုဒ္ဓသာသနာနယ်ကို သိမ်း၍ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခြင်းဖြစ်၏၊ အကယ်၍ ဗုဒ္ဓသာသနာပလူလောက အတွက် သရုပ်ခွဲမှုကား အထူးဆုံးလူ (ဘုရား ရဟန္တာ) လုံးဝမရှိချေ၊ ဗုဒ္ဓ ဘာသာမဟုတ်သော ကမ္ဘာလူသားလောက၌ သာမန်လူ(စိတ် ၄၅-မျိုးသာ ဖြစ်နိုင်သောလူ)နှင့် ထူးသောလူ (ဈာန်ရပုဂ္ဂိုလ်) ဤနှစ်မျိုးသာ ရှိနိုင် ပေသည်၊ ဤအချက်ကို အထူးမှတ်သားရပေသည်။

ကျယ်ပြန့်နက်နဲသိမ်မွေ့လှသော ဗုဒ္ဓအဘိဓမ္မာထဲမှ မိမိနှင့်ဆိုင်ရာ တစ်နိုင်စာလောက်ယူပြီး လက်တွေ့အဘိဓမ္မာ သို့မဟုတ် အသုံးချအဘိ ဓမ္မာ တစ်နည်းပြောရလျှင် အပြည်ပြည်ဆိုင်ရာအဘိဓမ္မာအဖြစ် သုံးမည်ဆို လျှင် သာမန်လူအတွက် စိတ် ၄၅-မျိုးကိုသာ အသေးစိတ် မှတ်သား ရမည်ဖြစ်သည်။

ခေတ်နှင့် ဟပ်ကြည့်ပါ။ စနစ်ပိုင်းက ပြောလျှင် အရင်းရှင်စနစ် လူသားတစ်ဦးတစ်ယောက်မှ ဈာန်အဘိညာဉ်ရ ထူးသောလူမဟုတ်၊ မဂ် ဖိုလ်ရအထူးဆုံးလူ (ဘုရားရဟန္တာ) မဟုတ်၊ ထိုနည်းတူ ကွန်မြူနစ် ဆိုရှယ်လစ်တစ်ယောက်မျှလည်း ဈာန်မဂ်ရလူသား မဟုတ်ချေ၊ ရာကူး ဘက်ကပြောရလျှင် ယနေ့ ကမ္ဘာပေါ်ရှိ ဘုရင် သမ္မတ ဝန်ကြီးချုပ်မှ ရပ်ကွက်ကောင်စီအထိ မည်သူတစ်ဦးတစ်ယောက်မျှဈာန်ရမဂ်ရမဟုတ်ကြ၊ အလုပ်အကိုင်ဘက်က ပြောလျှင် မန်နေဂျာမှ ကူလီအထိ ဘယ်သူ တစ်ဦး တစ်ယောက်မျှ ဈာန်မဂ်ရ မဟုတ်ကြ၊ ကျောင်းသင်ပညာရပ်ပိုင်းက ပြော လျှင် ၄-တန်းသမားမှ ဒေါက်တာအထိ (ဖီလိုဆိုဖာကြီးတွေအပါအဝင်)

မည်သူမျှ ဈာန်ရမဂ်ရ မဟုတ်ကြ၊ အတတ်ပညာရှင်ပိုင်းက ကြည့်လျှင်လည်း ဒိုးပျံ့ဂျိုဟ်တု၊ အနုမြူပုံး စသည် တီထွင်တည်ဆောက်နေကြသည့် သိပ္ပံပညာရှင်ကြီးများမှအစ လှည်းလုပ်သော လက်သမားအဆုံး မည်သူမျှ ဈာန်ရ ထူးသောလူ အထူးဆုံးလူ မဟုတ်ကြချေ။

အဟုတ်အမှန်သော်ကား အရင်းရှင်ရော ဆိုရှယ်လစ် ကွန်မြူနစ်ရော သာမန်လူသားများပင်ဖြစ်၏၊ ဘုရင် သမ္မတ ဝန်ကြီးချုပ်မှအစ ရပ်ကွက်ကောင်စီရော၊ မန်နေဂျာနှင့် ကူလီရော ဒေါက်တာတွေ ဖီလိုဆိုဖာတွေ သိပ္ပံပညာရှင်တွေ အားလုံးအားလုံး သာမန်လူ (စိတ် ၄၅-သာ ဖြစ်ကြသောလူ) အမျိုးအစားချည်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဈာန်စိတ် မဂ်စိတ် ဖိုလ်စိတ် မဖြစ်သော သာမန်လူစားမျိုးအတွက် စိတ် ၄၅–မျိုးကို ဖိပြီးလေ့လာမှ ခေတ်မီသော လက်တွေ့ကျသော ကမ္ဘာ့ လူသားသန်းပေါင်း ၄–ထောင်ခန့်နှင့် အံဝင်ခွင်ကျဖြစ်သော အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ ဖြစ်ပေသည်။ တစ်နည်းဆိုရသော် ယခုစာရေးသူ စာဖတ်သူ လူသားနှစ်ဦးအတွက် အဘိဓမ္မာ ကြေးမုံ (၀၁) မှန်ပြအဘိဓမ္မာ ဖြစ်ပေလိမ့်မည်။

စိတ် ၄၅-ပါးတို့တွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်နှင့် ကာမကုသိုလ်စိတ်၊ ဤမနောဝိညာဉ်စိတ် လေးမျိုးသည်သာ ပဓာနဖြစ်၏၊ အဟိတ်စိတ်နှင့် မဟာဝိပါက်စိတ်တို့မှာ လက်ရှိဘဝအတွက် အဖြည့်ခံစိတ်မျိုးသာဖြစ်သည်၊ ပဓာနမဖြစ်။

ကိုယ့်ကိုယ်ကို အကြမ်းဖျဉ်း စဉ်းစားကြည့်ပါ၊ လိုချင်တတ်၏၊ စိတ်ဆိုးတတ်၏၊ လိုချင်မှု၊ စိတ်ဆိုးမှုမဖြစ်ပဲ၊ အမှတ်တမဲ့လည်း ဖြစ်တတ်၏၊ ပေးချင်ကမ်းချင်တတ်၏၊ သနားကြင်နာတတ်၏၊ ကြိုးစားတတ်၏၊ သိမြင်တတ်၏၊ တစ်နည်းအားဖြင့် စိတ်နောက်စိတ်ညစ်တတ်၏၊ စိတ်ကြည်လင် တည်ငြိမ်တတ်၏၊ အမှန်စင်စစ် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ စဉ်းစားသိမြင်မှု ဟူသော ထိတွေ့ရသော အာရုံများအလိုက် စိတ်ကလေးတွေ ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်လိုက် ပျက်လိုက် မပြတ် ဆက်နေကြသည်။

ဤသို့ဖြစ်ပျက်နေသည့် သဘာဝကလေးများကို အဘိဓမ္မာအမည်တပ်လိုက်သောအခါ လိုချင်မှုသည် လောဘစိတ်၊ စိတ်ဆိုးခြင်းသည်

ဒေါသစိတ်၊ အမှတ်တမဲ့ဖြစ်နေခြင်းသည် မောဟစိတ်၊ ပေးချင်ကမ်းချင်စိတ်သည် ကာမကုသိုလ်စိတ်၊ ဤသို့သိရပေသည်။

သာပန်လူ၌ မပြတ်ဖြစ်ပျက်နေသော စိတ် ၄၅-မျိုးအနက်လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်သုံးမျိုးသည် အရေးပါဆုံးဖြစ်၏၊ ဤစိတ်သုံးမျိုးကြောင့်ပင် ထူးသောလူ၊ အထူးဆုံးလူ မဖြစ်နိုင်ကြခြင်းတည်း၊ ဤစိတ်သုံးမျိုးသည် ထူးသောလူ၊ အထူးဆုံးလူမဖြစ်အောင် ပိတ်ဆို့ထားပေသည်။

ဤလောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို မဖြစ်အောင်ပယ်ခွာထားနိုင်လျှင် ဈာန်အဘိညာဉ်စိတ်၊ (မဟဂ္ဂုတ်)ကိုးမျိုး ဖြစ်လာနိုင်သည်၊ တစ်နည်းအားဖြင့်ဆိုရသော် မှန်ကန်သော သမထကျင့်စဉ်ကို လုံလောက်အောင် ကျင့်ကြံအားထုတ်လိုက်လျှင် ထိုသမထစွမ်းအားဖြင့် ဆိုခဲ့ပါ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ပယ်ခွာလိုက်နိုင်သည်။ ထိုသဘာဝသုံးမျိုးအတွက် ပေးထားသော နာမည်တစ်လုံးမှာ 'နီဝရဏ' ဖြစ်သည်။ 'နီဝရဏ' ဆိုသည်မှာ တားဆီးပိတ်ဆို့ခြင်းပင် ဖြစ်ပေသည်။

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ပဖြစ်အောင်ပယ်ခွာလိုက်နိုင်သောအခါ အကုသိုလ်စိတ် ၁၂-ပါးအစား မဟဂ္ဂုတ်ကုသိုလ်စိတ်ကိုးပါး ပါဝင်လာသဖြင့် အဟိတ်စိတ် ၁၇၊ ကာမကုသိုလ် ၈၊ ကာမဝိပါက် ၈၊ စုစုပေါင်း စိတ် ၄၂-ဖြစ်သည်၊ လောဘ၊ ဒေါသ၊ မောဟစိတ်မဖြစ်ပဲ ဈာန်အဘိညာဉ်စိတ် ဖြစ်လာသည့်အတွက် သာမန်လူမှ ထူးသောလူဖြစ်လာသည်။ ယင်းဈာန်အဘိညာဉ် စိတ်ကိုးမျိုးသည် မနောဝိညာဉ်ပင်ဖြစ်သည်။

တစ်ဖန် ယင်းလောဘ၊ ဒေါသ၊ မောဟ၊ အခြေခံသဘာဝသုံးမျိုးကို အမြစ်ပြတ် ဖျက်ဆီးချေမှုန်းလိုက်နိုင်လျှင် မဂ်စိတ် ဖိုလ်စိတ် ရှစ်မျိုးဖြစ်လာနိုင်သည်၊ တစ်နည်းဆိုရသော် မှန်ကန်သော ဝိပဿနာကျင့်စဉ်ကို လုံလောက်အောင်ကျင့်ကြံအားထုတ်လိုက်လျှင် ထိုဝိပဿနာစွမ်းအားကြောင့် မဂ်စိတ် ဖိုလ်စိတ်များဖြစ်ပေါ်လာပြီး ထိုမဂ်စိတ် ဖိုလ်စိတ်တို့က လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ဘယ်တော့မှ ဖြစ်မလာနိုင်အောင် အကြွင်းမဲ့ပယ်သတ်လိုက်နိုင်သည်။ ဤတွင် ထိုလောဘ၊ ဒေါသ၊ မောဟသုံးမျိုးတို့ကို 'ကိလေသာ'ဟု အမည်ပေးသည်။ 'ကိလေသာ'ဆိုသည်

မှာ လူကိုပူလောင်စေတတ်၊ နှိပ်စက်တတ်သောသဘောတရား ဖြစ်ပေသည်။ ဆိုခဲ့ပါ မဂ်စိတ် ဖိုလ်စိတ်သည်လည်းမနောဝိညာဉ်ပင် ဖြစ်ပေသည်။

မှန်ကန်သော ဝိပဿနာကျင့်စဉ်ကြောင့် လောဘ ဒေါသ မောဟ ကိလေသာစိတ်တို့ကို လုံးဝပယ်သတ်လိုက်ပြီး မဂ်စိတ်ဖိုလ်စိတ်ဖြစ်လာသော လူသည် အထူးဆုံးလူ(ရဟန္တာ)ပင် ဖြစ်ပေသည်။ ထို့ကြောင့် အထူးဆုံးလူ၌ အဟိတ်စိတ် ၁၈-ပါး၊(ဟသိတုပ္ပါဒ်စိတ်ပါ)ကာမကြိယာစိတ် ၈-ပါး၊ ကာမဝိပါက်စိတ် ၈-ပါး၊ မဂ်ဖိုလ် လောကုတ္တရာစိတ် ၈-ပါး၊ စုစုပေါင်း ၄၂-မျိုး ဖြစ်ပေသည်။ သို့သော် ရဟန္တာအဆင့် ရောက်သွားသောအခါ အရဟတ္တဖိုလ်စိတ်တစ်မျိုးသာ ဆက်လက်ဖြစ်တော့သဖြင့် လောကုတ္တရာစိတ် ရှစ်ပါးထဲက ခုနစ်ပါးကို ၄၂-ပါးထဲကပြန်နှုတ်လျှင် ၃၅-စိတ်သာကျန် ပေသည်။

စိတ်တစ်ခုယုတ်ကိုးဆယ်ထဲကအကုသိုလ်စိတ် ၁၂-မျိုးနှင့် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-မျိုး လောကုတ္တရာစိတ် ၈-မျိုးတို့သည် လူကိုအမျိုးအစား ကွဲပြားသွားစေသည့်အပြင် အကုသိုလ်အုပ်စုနှင့် ကျန်စိတ်နှစ်မျိုးတို့သည် ပဋိပက္ခသဘောရှိကြောင်း တွေ့ရပေသည်။ အကုသိုလ်စိတ်တွေဖြစ်နေသော သာမန်လူသား၌ မဟဂ္ဂုတ်၊ လောကုတ္တရာစိတ် လုံးဝ မဖြစ်နိုင်ချေ၊ ထိုနည်းတူ မဟဂ္ဂုတ် လောကုတ္တရာစိတ်ဖြစ်နေသော လူသား၌လည်း အကုသိုလ်စိတ်များ လုံးဝဖြစ်ခွင့်မရှိပါချေ။

တစ်နည်းအားဖြင့်သိရန်မှာ ငါတို့၌ လောဘ၊ ဒေါသ မောဟ အကုသိုလ်စိတ်တွေဖြစ်နေကြသောကြောင့် ဈာန်အဘိညာဉ်စိတ်များ မဖြစ်နိုင်ကြ၊ မဂ်စိတ်ဖိုလ်စိတ်များ မဖြစ်နိုင်ကြ၊ ငါတို့ ဈာန်မရခြင်း မဂ်ဖိုလ် မရခြင်းသည် ငါတို့၏ လောဘ ဒေါသ မောဟများကြောင့်ပင် ဖြစ်သည်ဟု အကြမ်းဖျဉ်းသိရှိနှင့်ရန်ဖြစ်ပါသည်။

ယခုတင်ပြခဲ့သည်မှာမနောဝိညာဉ်စိတ်တို့၏သဘောအရ လူ့တန်ဖိုး ကွဲပြားခြားနားပုံကို သိသာရုံမျှ ဖော်ပြခြင်းဖြစ်၏၊ အဘိဓမ္မာပညာရှင် မဟုတ်သော အဘိဓမ္မာ စာဖတ်ပရိသတ်အနေဖြင့် ချိုင့်သိရှိနိုင်ရုံမျှ အကြမ်းဖျဉ်း **စိစစ်ချက်ဖြစ်ပေသည်။**

**နှစ်ဖက်လှ**

(၁၉၈၄-ခု၊ ဇွန်လ၊ သိပ္ပံမဂ္ဂဇင်း၊)

# 'ပဉ္စဝိညာဉ်' နှင့် 'မနောဝိညာဉ်' ကွာခြားချက်

ပြီးခဲ့သော အဘိဓမ္မာဆောင်းပါးများကို စိစိစပ်စပ် ဖတ်ရှုလေ့လာခဲ့လျှင် ဝိညာဉ်စိတ်များနှင့်ပတ်သက်၍ ဤသို့သိနှင့်ပြီးဖြစ်ပေမည်။

မနောဝိညာဉ်စိတ်သည် ရူပါရုံအဆင်းကို မမြင်နိုင်၊ လူတိရစ္ဆာန်စသော သက်ရှိသတ္တဝါအားလုံးနှင့် တိုက်တာ အိုး အိမ် တော တောင် သမုဒ္ဒရာစသည်အားလုံး မနောဝိညာဉ်ကမြင်နိုင်သည် မဟုတ်။ မျက်စိထဲက စက္ခုပသာဒရုပ်ကိုမှီဖြစ်တဲ့ စက္ခုဝိညာဉ်ကသာ မြင်နိုင်ခြင်းဖြစ်သည်။စက္ခုဝိညာဉ်ကမြင်ပြီးမှ မနောဝိညာဉ်က လိုက်ပြီးသိခြင်းဖြစ်သည်။

ထိုနည်းတူသောတာရုံအသံဟူသမျှကိုလည်းမနောဝိညာဉ်ကမကြားနိုင်၊ စကားပြောသံစသော သက်ရှိအသံအားလုံး၊ ကားသံ ရထားသံ လေယာဉ်သံစသော သက်ရှိအကြောင်းခံ သက်မဲ့သံအားလုံး၊ မိုးချုန်းသံ၊ တော်လဲသံစသော ဥတုအကြောင်းခံ ကမ္ဘာ့အသံအားလုံးကို မနောဝိညာဉ်က မကြားနိုင်၊ နားထဲရှိ သောတပသာဒရုပ်ကိုမှီဖြစ်သော သောတဝိညာဉ်စိတ်ကသာ ကြားခြင်းဖြစ်သည်။သောတဝိညာဉ်ကကြားပြီးမှ မနောဝိညာဉ်က လိုက်သိခြင်းဖြစ်သည်။

ဂန္ဓာရုံ ရနံ့ဟူသမျှကိုလည်း မနောဝိညာဉ်က အနံ့မခံနိုင်။ လူ၊ တိရစ္ဆာန်စသော သက်ရှိသတ္တဝါအားလုံး၏ ကိုယ်နံ့အမျိုးမျိုး၊ ပန်းရနံ့၊ အပုပ်နံ့စသော ကမ္ဘာ့အနံ့ အမျိုးမျိုးကို မနောဝိညာဉ်က မမွှေးနိုင်၊ မနံနိုင်၊ နှာခေါင်းထဲရှိ ဃာနပသာဒရုပ်ကိုမှီဖြစ်တဲ့ ဃာနဝိညာဉ်စိတ်ကသာ အနံ့ခံနိုင်သည်။ ဃာနဝိညာဉ်က အနံ့ခံပြီးမှ မနောဝိညာဉ်က လိုက်သိခြင်းဖြစ်သည်။

ရသာရုံ အရသာဟူသမျှကိုလည်း မနောဝိညာဉ်က မခံယူနိုင်။ ပါးစပ်တွင်းရှိ သွားရည်၊ တံတွေးရည် အာပုပ်ရည်တို့၏ အရသာမှစ၍ ပြင်ပမှဝင်လာသည့် စားဖွယ်သောက်ဖွယ်တို့၏ ချို ချဉ် စပ် ဖန် ငန် ခါး

အရသာခြောက်ပါးကို မနောဝိညာဉ်က မခံယူနိုင်၊ လျှာအလယ်၌ ဇိဝှါပသာဒရုပ်ကို မှီဖြစ်သောဇိဝှါဝိညာဉ်စိတ်ကသာ ခံယူနိုင်သည်။ဇိဝှါဝိညာဉ်က အရသာယူပြီးမှသာ မနောဝိညာဉ်က လိုက်သိခြင်းဖြစ်၏။

ဖောဋ္ဌဗ္ဗာရုံအတွေ့အထိအားလုံးတို့ကို မနောဝိညာဉ်က မတွေ့တတ်နိုင်၊ မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းချင်း ထိတွေ့မှု၊ မိမိကိုယ်နှင့် အဝတ်အစားဘိနပ်စသည်ထိတွေ့မှု၊အခြားသူနှင့်ထိတွေ့မှု၊အိစက်ညက်ညောသောပိုး ဖဲကတ္တီပါတို့နှင့်ထိတွေ့မှု၊ အပ်၊ ဓား စသည် စူးရှထိခိုက်ထိတွေ့မှု အားလုံးကို မနောဝိညာဉ်က မထိတွေ့တတ်၊ ကိုယ်မှာရှိတဲ့ ကာယပသာဒရုပ်ကို မှီဖြစ်တဲ့ ကာယဝိညာဉ်စိတ်က ထိတွေ့ခံယူပြီးမှသာ မနောဝိညာဉ်က လိုက်သိခြင်းဖြစ်၏။

အာရုံနှင့် ပသာဒရုပ်နှစ်မျိုး တိုက်ဆိုင်ရာမှ ဝီထိစိတ်များ ဖြစ်ပေါ်လာပြီး ယင်းစိတ်များ အစဉ်လိုက် ဖြစ်ပျက်သွားပုံ (ဝီထိ) သဘောကို ပြန်လည်စဉ်းစားမိလျှင် အထက်ပါ ဖော်ပြချက်ကို အလွယ်တကူ သဘောကျနိုင်ပေသည်။

စက္ခုဝိညာဉ်က ရူပါရုံအဆင်းကို မြင်သည်၊ သောတဝိညာဉ်က သဒ္ဒါရုံအသံကို ကြားသည်၊ ဃာနဝိညာဉ်က ဂန္ဓာရုံရနံ့ကို နံသည်။ ဇိဝှါဝိညာဉ်က ရသာရုံအရသာကို ခံသည်၊ ကာယဝိညာဉ်က ဖောဋ္ဌဗ္ဗာရုံအတွေ့ကိုတွေ့သည်။ "ဤသို့ ဝိညာဉ်နှင့် အာရုံ စုံတွဲဖြစ်သကဲ့သို့ မနောဝိညာဉ်က ဓမ္မာရုံ (သဘာဝ)ကို သိသည်။" ဝိညာဉ်နှင့် အာရုံတို့ကို ဇယားချ၍ တွဲပြလျှင် ဤသို့ဖြစ်၏။

| | |
|---|---|
| စက္ခုဝိညာဉ် | ရူပါရုံ(ပစ္စုပ္ပန်) |
| သောတဝိညာဉ် | သဒ္ဒါရုံ ။ |
| ဃာနဝိညာဉ် | ဂန္ဓာရုံ ။ |
| ဇိဝှါဝိညာဉ် | ရသာရုံ ။ |
| ကာယဝိညာဉ် | ဖောဋ္ဌဗ္ဗာရုံ။ |
| မနောဝိညာဉ် | ဓမ္မာရုံ (ကာလသုံးပါး၊ ကာလဝိမုတ်) |

စက္ခုဝိညာဉ်သည် ရူပါရုံကို မြင်နိုင်၏၊ တစ်နည်းဆိုရသော် မျက်စိသည့် ရုပ်အဆင်းကိုသာ မြင်၏၊ အကယ်၍ စက္ခုပသာဒ ပျက်နေလျှင်

(ဝါ) မျက်စိကန်းနေလျှင် ထိုသူသည် အဆင်းမျှကိုပင် မမြင်နိုင်ရှာ။ မြင်ရေ ၌လည်း ကုသလဝိပါက်စက္ခုဝိညာဉ်ကုသိုလ်အကျိုးဖြစ်သော စက္ခုဝိညာဉ်) သည် ကောင်းသော ရူပါရုံ ကောင်းသော အဆင်းကို မြင်၏၊ တစ်နည်း အားဖြင့် လှလှပပ ကောင်းကောင်းမွန်မွန်ကို မြင်ရခြင်းသည် ကုသိုလ် ကြောင့်ဖြစ်၏၊ အကုသလဝိပါက် စက္ခုဝိညာဉ်သည် မလှမပ မတင့်တယ် ရွံဖွယ် စက်ဆုတ်ဖွယ်ဖြစ်သော ရူပါရုံအဆင်းကို မြင်၏၊ တစ်နည်းအားဖြင့် မကောင်းတာကို မြင်ရခြင်းသည် အကုသိုလ်အကျိုးဆက်ကြောင့် ဖြစ်၏။

မျက်စိသည် အဆင်းထက် ပို၍ ဘာကိုမျှ မမြင်နိုင်၊ သိမ်မွေ့နူးညံ့ နက်နဲသော ဓမ္မာရုံတစ်ခုခုကို မျက်စိသည် မမြင်နိုင်၊ မျက်စိအမြင်သည် အမှန်စင်စစ် ရူပါရုံ တစ်ခုတည်းသာ ဖြစ်၍ အလွန်းကျဉ်းမြောင်း၏၊ မျက်စိဖြင့်မြင်၍ သိရသော အသိသည်လည်း အလွန်တရာမှ နည်းပါး၏၊ အာရုံခြောက်ပါးရှိသော ဘဝနယ်ပယ်ကြီးနှင့် စာကြည့်လျှင် မျက်မြင် အသိသည် သမုဒ္ဒရာထဲက ခပ်ထားသောရေခွက်ထဲရှိ ရေတစ်ခွက်စာလောက် ကိုသာ မြင်သော အမြင်မျိုး၊ အသိမျိုးနှင့် တူပေ၏။

> (မျက်စိဖြင့်မြင်ရမှ ယုံသည်၊ မျက်စိဖြင့် မမြင်ရလျှင် မရှိ၊ မမြင်ရလို့ ငရဲ မရှိ၊ နတ်မရှိ ဆိုသော ဝါဒ မှန်–မမှန်၊ အဘိဓမ္မာ သဘာဝကျကျ ချိန်ဆ ဝေဖန်နိုင်အောင် ဂရုစိုက်၍ လေ့လာပါ)။

သောတဝိညာဉ်သည်လည်း သဒ္ဒါရုံကိုသာ ကြားနိုင်၏၊ နားသည် ရုပ်သံမျှကိုသာ ကြားနိုင်၏၊ သိမ်မွေ့သော ဓမ္မာရုံတစ်ခုခုကို လုံးဝမကြား နိုင်၊ ဃာနဝိညာဉ်လည်း ဂန္ဓာရုံကိုသာ နံနိုင်၏၊ နှာခေါင်းသည် ရုပ်နံ့ကို သာ နမ်းနိုင်သည်။ ဇိဝှါဝိညာဉ်လည်း ရသာရုံကိုသာ ခံနိုင်၏၊ လျှာသည် ရုပ်အရသာကိုသာ ခံယူနိုင်၏။ ကာယဝိညာဉ်သည် ဖောဋ္ဌဗ္ဗာရုံကိုသာ တွေ့နိုင်၏၊ ကိုယ်သည် ရုပ်အတွေ့ကိုသာ တွေ့နိုင်၏၊ ဓမ္မာရုံတစ်ခုခုကို နှာ ခေါင်းဖြင့်လည်း နမ်း၍မရ၊ လျှာဖြစ်လည်း လျက်၍မရ၊ ကိုယ်ဖြင့်လည်း တွေ့၍မရချေ။

စင်စစ် ကုသလဝိပါက် သောတဝိညာဉ်သည် ကောင်းသောအသံကို ကြား၏၊ ကောင်းသောအသံ ကြားခြင်းသည် ကုသိုလ်အကျိုး ဖြစ်၏။ အကုသလဝိပါက် သောတဝိညာဉ်သည် မကောင်းသော အသံကို ကြား၏၊ မကောင်းသောအသံကို ကြားရခြင်းသည် အကုသိုလ်အကျိုး ဖြစ်၏။

ကုသလဝိပါက် ဃာနဝိညာဥ်သည် ကောင်းသော ရနံ့ကို ရ၏။ ကောင်းသောအနံ့ကို ရှူရှိုက်ရခြင်းသည် ကုသိုလ်အကျိုးဖြစ်၏၊ အကုသလဝိပါက် ဃာနဝိညာဥ်သည် မကောင်းသော အနံ့ကို ရ၏၊ မကောင်းသော အနံ့ကို ခံရခြင်းသည် အကုသိုလ်အကျိုး ဖြစ်၏။

ကုသလဝိပါက် ဇိဝှါဝိညာဥ်သည် ကောင်းသောအရသာကို ခံရ၏၊ ကောင်းသောအရသာကို စားရခြင်းသည် ကုသိုလ်အကျိုး ဖြစ်၏၊ အကုသလဝိပါက် ဇိဝှါဝိညာဥ်သည် မကောင်းသော အရသာကို စားရ၏၊ မကောင်းသောအရသာကို စားရခြင်းသည် အကုသိုလ်အကျိုး ဖြစ်၏။

ကုသလဝိပါက် ကာယဝိညာဥ်သည် ကောင်းသော အတွေ့အထိကို တွေ့ထိရ၏၊ ကောင်းသော အတွေ့အထိကို တွေ့ရထိရခြင်းသည် ကုသိုလ်အကျိုးဖြစ်၏၊ အကုသလဝိပါက် ကာယဝိညာဥ်သည် မကောင်းသော အတွေ့ကို တွေ့၏၊ မကောင်းသော အတွေ့အထိကို တွေ့ထိခံစားရခြင်းသည် အကုသိုလ်အကျိုး ဖြစ်၏။

စကားတစ်ရပ် ချပ်၍ပြောရသော် ကောင်းတာကို မြင်ရ ကြားရ နံရ လျက်ရ ထိတွေ့ရစေသော ကုသိုလ်သည် တစ်ခြားသူပြုသော ကုသိုလ် မဟုတ်၊ မိမိပြုခဲ့သော မိမိကုသိုလ်ပင် ဖြစ်၏၊ ကြားက ပွဲစားမလို၊ ပွဲစား မပါချေ၊ မကောင်းတာကို မြင်ရ ကြားရ နံရ လျက်ရ ထိတွေ့ရစေသော အကုသိုလ်လည်း မိမိပြုခဲ့သောအကုသိုလ်ပင် ဖြစ်၏၊ ကြားကပေးသည့်အပြစ် မဟုတ်၊ မိမိပြုသောကံ၏ ကောင်းကျိုးဆိုးပြစ်ကို မိမိ တွေ့ကြုံခံစားရခြင်း သာ ဖြစ်သည်။

စကားစဥ်ကို ပြန်ကောက်ရသော်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟူသော ဝိညာဥ်ငါးမျိုး (ဒွါရငါးမျိုး) (FIVE SENSE ORGANS) ဆိုင်ရာ မြင် ကြား နံ လျှ တွေ့ ငါးချက်သည် မနော ဝိညာဥ်မှောရုံပိုင်းနှင့်ဆိုင်လျှင် ပိပိနည်းနည်းကလေးမျှသာ ဖြစ်၏၊ ကျဥ်း ကျဥ်း မြောင်းမြောင်းကလေးသာ ဖြစ်၏၊ တိုစိတိုစသာ ဖြစ်၏။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဝိညာဥ်ငါးမျိုးသည် ပစ္စုပ္ပန်အာရုံမျှကိုသာယူနိုင်၏၊ (ဥပါဒ် ဌီ ဘင်) ဖြစ်ဆဲပစ္စုပ္ပန်ရူပါရုံအဆင်း မျှကိုသာ စက္ခုဝိညာဥ်က သိနိုင်၏၊ ထိုနည်းတူ ပစ္စုပ္ပန်သဒ္ဒါရုံအသံမျှကိုသာ သောတဝိညာဥ်က ကြားနိုင်၏၊ ပစ္စုပ္ပန် ဂန္ဓာရုံ ရနံ့မျှကိုသာ ဃာန

ဝိညာဉ်က နံနိုင်၏၊ ပစ္စုပ္ပန်ရသာရုံ အရသာမျှကိုသာ ဇိဝှါဝိညာဉ်က ခံနိုင်၏၊ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံမျှကိုသာ ကာယဝိညာဉ်ကတွေ့နိုင်၏၊ ပစ္စုပ္ပန် အဖြစ်မှချုပ်ဆုံးပြီးလွန်ခဲ့သော အတိတ်အာရုံကိုမူ မျက်စိစသည်တို့ကမမြင်နိုင်ကြတော့ပေ။ ချုပ်ပြီးလွန်ပြီးသော အတိတ်အာရုံကို သိမှုကား မနော ဝိညာဉ်၏ အလုပ်တည်း။

ဤကား အဘိဓမ္မာသဘော ယထာဘူတလမ်းချော ဘုရားဟော ပေတည်း။

မနောဝိညာဉ်သည်ကား များပြားလှ၏၊ ဓမ္မာရုံသည်လည်း ကျယ် ပြောလှ၏၊ နက်နဲလှ၏၊ စိတ် ၈၉–ပါးအနက်၊ စက္ခုစသော ပဉ္စဝိညာဉ်က ၁၀–ပါးသာပါ၏၊ ကျန် ၇၉–ပါးမှာ မနောဝိညာဉ်ဖြစ်၏၊ ထို့ကြောင့် မနောဝိညာဉ်သည် ပဉ္စဝိညာဉ်ထက်များပြားသည်။

အာရုံခြောက်ပါးတွင် ရူပါရုံကို တစ်ခုသာ၊ သဒ္ဒါရုံစသည်ကလည်း တစ်ခုစီသာ၊ ဓမ္မာရုံမူကား ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်–၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်ပညတ်ဟူ၍ ခြောက်မျိုးပင်ရှိပေ၏၊ ထို့ကြောင့် ဓမ္မာရုံသည် ပဉ္စာရုံထက်ကျယ်ပြောလှ၏၊ နက်လည်းနက်ရှိုင်းလှပေ၏။

မနောဝိညာဉ်စိတ်ကား များပြား၏၊ ဓမ္မာရုံလည်း ကျယ်ပြန့်၏၊ သို့ဖြစ်လျှင် မည်သည့်မနောဝိညာဉ်က မည်သည့်ဓမ္မာရုံကိုယူသည် (အာရုံ ပြုသည်)ဟု စည်းကမ်းရှိသလား၊ သဘာဝနယ်မှာ သဘာဝစည်းကမ်း ရှိပေ၏။

ဤမနောဝိညာဉ်နှင့် ဓမ္မာရုံဆက်သွယ်မှုလမ်းကြောင်းသည် အလွန် အလွန် သိမ်မွေ့နက်နဲလှ၏၊ ဤကမ္ဘာ့သမိုင်းကာလကြီးတစ်လျှောက်လုံး တွင် တစ်ယောက်တည်းသာ အမှန်အတိုင်းသိရှိဖော်ထုတ်နိုင်ခဲ့၏၊ အခြား သူများသည် တစ်စွန်းတစ်စမျှကိုသာ မပြည့်မစုံ မမှန်မကန် ဖော်ထုတ် နိုင်၏၊ ထိုတစ်ယောက်ကား အခြားမဟုတ်၊ ကျွန်ုပ်တို့ဆည်းကပ်ကိုးကွယ် လျက်ရှိသော ဂေါတမဗုဒ္ဓရှင်တော်ဘုရားပေတည်း။

ဂေါတမဗုဒ္ဓရှင်တော်ဘုရား ဖော်ထုတ်ခဲ့တာ မှန်ကန်ပြည့်စုံသည်ဟု ဘယ်လိုလုပ် အတည်ပြုနိုင်မလဲဆိုလျှင် မြတ်စွာဘုရားကပင် ပေးအပ်ခဲ့သော ကျင့်စဉ်နည်းလမ်းအရ ကျင့်ကြံအားထုတ်၍ နာမရူပပရိစ္ဆေဒဉာဏ်စသည်ကို မိမိတို့ကိုယ်တိုင်ရရှိသောအခါ အတည်ပြု ထောက်ခံနိုင်မည်ဖြစ်၏၊ ဘုရား

ပေးသောနည်းအတိုင်း တကာယ်ကျင့်၍ တကယ်ဖြစ်၍ တကယ်ယောက်ခံခဲ့သော အရိယာရဟန္တာတို့၏ အရေအတွက်သည်ကား (ဝါ) ထောက်ခံမဲတို့သည်ကားလိုအပ်သောအရေအတွက်ထက် အတိုင်းမသိကျော်လွန်ခဲ့လေပြီ။

သို့ဖြစ်၍ မိမိတို့အနေဖြင့် အဖိုးတန်ပညာရပ်အပေါ် ယုံကြည်လေးစားပြီး စိတ်ချလက်ချ လေ့လာသွားရန်ဖြစ်ပေသည်။

နှစ်ဖက်လှ
(၁၉၈၄-ခု၊ ဇူလိုင်လ၊ သိပ္ပံမဂ္ဂဇင်း)

....ဝ....

# နေ့စဉ်ဘဝကို ထိန်းပေးမည့် အခြေခံအဘိဓမ္မာ အသိဉာဏ်

ပြီးခဲ့သောဇွန်လဆောင်းပါး၌ ပုထုဇဉ် လူသာမန်တစ်ယောက်၌ စိတ် ၈၅–မျိုးဖြစ်နိုင်ပုံ၊ ထူးသောလူ၌ စိတ် ၈၂–မျိုးဖြစ်နိုင်ပုံ၊ အထူးဆုံးလူ၌ စိတ် ၃၅–မျိုးဖြစ်နိုင်ပုံတို့ကို ဖော်ပြခဲ့၏၊ ဇူလိုင်လ ဆောင်းပါး၌ လူ၏ဝိညာဉ် ၆–မျိုးနှင့် အာရုံ ၆–မျိုး တွဲစပ်ပြီး မနောဝိညာဉ်နှင့် ဓမ္မာရုံတို့၏ ကျယ်ပြန့်ပုံတို့ကို အကျဉ်းရုံး၍ သုံးသပ်ခဲ့ပေသည်။ ယခုဆက်လက်၍ မည်သည့်မနောဝိညာဉ်စိတ်က မည်သည့် အာရုံမျိုးကိုသာ အာရုံပြုနိုင်ပြီး မည်သည့် အာရုံမျိုးကိုမူ အာရုံပြုနိုင်ခြင်းမရှိဟူ၍ ခွဲခြားဖော်ပြရန်ဖြစ်ပေသည်။

''အာရုံမပြုနိုင်''ဆိုလျှင် လုံးဝဆက်စပ်၍မရ၊ ဘာမှမဆိုင်ဟု အဓိပ္ပါယ်ရ၏၊ ဥပမာ အသံကို မျက်စိဖြင့်မမြင်နိုင်၊ တစ်နည်းပြောရလျှင် စက္ခုဝိညာဉ်စိတ်သည် သဒ္ဒါရုံကိုအာရုံမပြုနိုင်၊ ဤကား မျက်စိနှင့်အသံလုံးဝမသက်ဆိုင်ဟု ဆိုလိုပေသည်၊ ''အာရုံပြုနိုင်သည်''ဆိုရာ၌မူ မုချကေန်အာရုံပြုခြင်းနှင့် မုချကေန်မဟုတ်ပဲ အနေကန်(န+ဧကန္တ)အာရုံပြုခြင်းမျိုး

လည်းရှိ၏၊ အာရုံပြုသည်ဆိုလျှင် ကေန်အာရုံပြုတာလား၊ အနေကန် အာရုံပြုတာလားဟု ၂-မျိုးခွဲခြားသတိပြုရန်ဖြစ်ပေသည်။

သာမန်ကမ္ဘာ့လူသားများ၌သာဖြစ်သော လောဘစိတ် (မနော ဝိညာဉ်စိတ်)သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား (လောကုတ္တရာဓမ္မာရုံ)ကို လုံးဝအာရုံမပြုနိုင်၊ တစ်နည်းပြောရလျှင် လောဘ စိတ်ဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လိုချင်သည်ဟူ၍မရှိပေ။

အကယ်၍ လောဘစိတ်ဖြင့် နိဗ္ဗာန်လိုချင်သည်(ဝါ)နိဗ္ဗာန်လိုချင် တာလဲ လောဘပဲဟုပြောလျှင် ခြေထောက်ဖြင့်ထမင်းစားသည်ဟု ပြော တာနှင့် အတူတူပင်ဖြစ်သည်၊ လက်ဖြင့်သာထမင်းစားသည်၊ ခြေထောက် သည် ထမင်းစားသောအင်္ဂါ အစိတ်အပိုင်းမဟုတ် လောဘသည် လောကီ တရားတွေကိုသာ အာရုံပြုနိုင်သောသဘောဖြစ်၏၊ လောကုတ္တရာ(လောကမှ လွတ်မြောက်သည့်တရား)ကို လုံးဝအာရုံမပြုနိုင်၊ သို့ပါလျက် "လိုချင်" ဟူသော မြန်မာစကားလုံးကို အဖျားဆွဲတ်ယူပြီး နိဗ္ဗာန်လိုချင်တာလဲ လောဘပဲဟု ပြောလျှင် ဗုဒ္ဓအဘိဓမ္မာတတ်သူ၏နား၌ ခြေထောက်ဖြင့် ထမင်းစားသည်ဟု ပြောသံကြားရသည်နှင့် အတူတူပင် ဖြစ်ပေသည်၊ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ ဗုဒ္ဓသာသနာကျမ်းဂန်အရလောဘသည်ဘယ် သောအခါမှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် (လောကုတ္တရာဓမ္မာရုံ)ကို အာရုံမပြုနိုင်၊ ဥပမာကား ရဲရဲတောက်လောင်နေသောသံတွေခဲ(သံတုံးကြီး) အနီးအပါး သို့ အပုတ်ကြိုက် အရွှအနယင်ကောင်တို့ မသီမကပ်နိုင်သကဲ့သို့ပေတည်း။

လောဘစိတ်သည် လောကီတရားတို့ကိုသာ အာရုံပြု၏။ လောကီ တရားဆိုရာ၌ ကာမတရားတွေပါ၏၊ ဈာန်တရားတွေပါ၏၊ ပညတ်ပါ၏၊ သို့သော် ကာမတရားများကိုသာ ကေန်အာရုံပြု၏၊ ဈာန်တရားစသည် တို့ကိုမူ အနေကန်အာရုံပြု၏၊ ဆိုလိုသည်မှာ ဈာန်လိုချင်တိုင်း လောဘ မဟုတ်၊ လောဘဖြင့်လိုချင်တာလဲရှိ၏။ ကုသိုလ်ဆန္ဒဖြင့်လိုချင်တာလဲရှိ၏။

ဤအဘိဓမ္မာပညာဖြင့် လောဘ၏ အာရုံပြုလမ်းကြောင်းကို နား လည်လျှင် ဩကာသကန်တော့ဆုတောင်း၌ ဈာန်တရားမတည့်မှ ပို၍ သန့်ရှင်းကြောင်း မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား ဆုတောင်းတာ လောဘ မပါကြောင်း အမှန်အတိုင်းသိနိုင်ပေပြီ။

လောဘအာရုံပြုသော ကာမတရားများ၌ ရုပ်တရား, နာမ်တရား နှစ်မျိုးလုံးပါ၏။ ရုပ်တရားဆိုလျှင် ရုပ်အဖွဲ့အစည်း, ရုပ်ခန္ဓာ, ရုပ်ဝတ္ထု ပစ္စည်းများပါဝင်၏၊ လောဘသည် ရုပ်ကို ကေန်မုချအာရုံပြု၏၊ လောဘ သည် ရုပ်ကိုလိုချင်၏၊ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါ ရုပ်ဝတ္ထုများ သက်မဲ့ ရုပ်ဝတ္ထုများ အားလုံး၊ ပုံစံ အဝတ်အစား၊ ရေဒီယို၊ ရုပ်မြင်သံကြား, ကား စသည့် ရုပ်ဝတ္ထုပစ္စည်းကို လိုချင်မှုမှန်သမျှ လောဘချည်း ဖြစ်၏။ ပဋ္ဌာန်းပစ္စည်းဆက်နည်းဖြင့်ကြည့်လျှင် လိုချင်နှစ်သက်စရာ သက်ရှိ, သက်မဲ့ ရုပ်ဝတ္ထုများအားလုံးကို လောဘသည် အလေးအနက် ပိုမိုစွဲမက်၏၊ စာ စကားဖြင့်ပြောသော်ကား လောဘသည် ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ်(၁၈)ပါးကို အလေးအမြတ် အာရုံပြု၏ဟု ပြောရိုးရှိ၏၊ အာရမ္မဏာဓိပတိပစ္စည်း တပ် သည်ဟု ဆို၏။အဓိပ္ပာယ်ကား လိုချင်နှစ်သက်စရာ ကောင်းလှသော ရုပ် ဝတ္ထုပစ္စည်းမှန်သမျှကို လူ့လောဘစိတ်သည် တပ်မက်ခုံမင်သည် ဟူလို။

အလွန်လှ အလွန်မွှေးသော နှင်းဆီပွင့်ကလေးတစ်ပွင့်ဆီသို့ လိပ်ပြာ ကလေး ရစ်ဝဲလာနားခြင်းသည် လိပ်ပြာ၏ လောဘစိတ် လက်ချက်ပေ တည်း။ပန်းပွင့်ကလေးက ဣဋ္ဌာရုံနှစ်သက်စရာ၊ လိပ်ပြာကလေးက နှစ်သက် တတ်သော အမျိုး၊ သံလိုက်တုံးသည် သစ်သားတုံးကို မကပ်၊ သံကိုသာ ကပ်၏၊ ဓာတ်သဘော လမ်းကြောင်းကျ၍တည်း၊ ထိုနည်းတူ လောဘသည် အနိဋ္ဌာရုံကို မတပ်မက်၊ ဣဋ္ဌာရုံဆိုလျှင်ကား မခွာတမ်း တပ်မက်လေသည်။

ဆိုင်အခင်းအကျင်းသန့်ရှင်းသပ်ယပ်ပြီး မိန်းကလေးလှလှထိုင်သော ဆိုင်ကို ယောကျ်ားကလေးတွေ အဝင်များ၏၊ ဆိုင်နှင့် မိန်းကလေးတည်း ဟူသော နှစ်သက်စရာ ရုပ်ဝတ္ထုပစ္စည်းက ယောကျ်ားတို့၏ လောဘစိတ်ကို ဆွဲယူ၏၊ ခြေထောက်သည် လောဘ၏ပဲ့ကိုင်ရာ ပါ၍ ဝင်သွားလေသည်။

အချုပ်ကား လောဘသည် နှစ်သက်စရာရုပ်ဝတ္ထုပစ္စည်းမှန်သမျှကို အာရုံပြု၏၊ လိုချင်၏၊ "ကာမ"ဆိုသော ပါဠိစကားလုံး၏ အနက်သည် လိုချင်တတ်သည်၊ လိုချင်စရာကောင်းသည် ဟူ၍ ဖြစ်၏၊ လိုချင်တတ်သော လောဘသည်လည်း "ကာမ"၊ လိုချင်စရာ ကောင်းသော အချောအလှ ကလေးများလည်း 'ကာမ'ပေတည်း၊ ထို့ကြောင့် လောဘသည် ကာမကို ကေန်အာရုံပြုသည်ဟု ဆိုပေသည်။

ဈာန်အဘိညာဉ်ကို လိုချင်ရာ၌ တစ်ခါတစ်ရံ လောဘသဘောပါ၏၊ တစ်ခါတစ်ရံ လောဘကင်းသော ဆန္ဒသဘောလည်း ပါ၏၊ ထို့ကြောင့်

လောဘသည် ဈာန်အဘိညာဉ် (မဟဂ္ဂုတ်တရား) တရားကို ကေန်အာရုံ မပြု၊ အနေကန် (ဥ စ်ခါတစ်ရံသာ) အာရုံပြုပေသည်။

စွဲစွဲမြဲမြဲ မှတ်မိရန်ကား လောဘမူစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန် (လောကုတ္တရာတရား)ကို ဘယ်သောအခါမှ အာရုံမပြု၊ လောဘသမား သည် ဘယ်တော့မှ နိဗ္ဗာန်မလိုချင်၊ လောဘနှင့်နိဗ္ဗာန်သည် လုံးဝဆန့်ကျင် ဘက်တည်း၊ လောဘ(တဏှာ)ကို သတ်နိုင်မှ နိဗ္ဗာန်ဘက်ရောက်မည်ဖြစ်၏။

အချုပ်ကား လောဘတည်းဟူသော မနောဝိညာဉ်စိတ်သည် မဂ်, ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာအာရုံကို လုံးဝ အာရုံ မပြုနိုင်၊ လောကီတရား လောကီမွာရုံကိုသာ အာရုံပြု၏၊ လောကီတရားထဲတွင် ကာမတရားကို ကေန်မုချ အာရုံပြု၏၊ ဈာန်အဘိညာဉ်, မဟဂ္ဂုတ်တရား, ပညတ်တရား စသည်ကိုမူ အနေကန် (မုချမဟုတ်)သာ အာရုံပြုသည်။

ဒေါသစိတ်သည်လည်း လောကမှ လွတ်မြောက်ရာ လွတ်မြောက် ကြောင်းဖြစ်တဲ့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားကို အာရုံမပြုနိုင်။ လောကီဘုံက လောကီတရားတွေကိုသာ အာရုံပြုနိုင်သည်၊ • ရုပ်ဝတ္ထုတွေ ကိုသာ အာရုံပြုနိုင်သည်၊ မောဟသည် လောကီကိုသာ အာရုံပြုနိုင်သည်။ လောဘရော ဒေါသရော မောဟရော အကုသိုလ်စိတ် ၁၂-မျိုးလုံး လောကုတ္တရာကို အာရုံမပြုနိုင်၊ လောကီသံသရာတရားကိုသာ အာရုံပြုနိုင် သည်။

ဤသို့သော အခြေခံသဘောသဘာဝကို အလေးအနက် စဉ်းစား ဆင်ခြင်ကြည့်လျှင် လူသာမန်တို့သည် လောဘ, ဒေါသ, မောဟတွေနှင့် သူတစ်ပါးအသက်တွေကိုသတ်ဖြတ်၍ ပူဇော်ခြင်းမျိုးသည်လောကုတ္တရာနှင့် ဖီလာဆန့်ကျင်မှုတွေသာ ဖြစ်၏၊ လောကမှ လွတ်မြောက်ရာ နိဗ္ဗာန် ချမ်းသာကို ရရာရကြောင်း လမ်းကောင်း အလုပ်မှန် မဟုတ်၊ အယူမှန် ဝါဒမှန် မဟုတ်၊ မိစ္ဆာကမ္မ=မှောက်မှားသော အလုပ်မျိုးသာဖြစ်ကြောင်း သိသာနိုင်ပေသည်။

လူသာမန်၌ ဖြစ်သော စိတ် ၄၅-မျိုးတို့ အနက် ဉာဏဝိပ္ပယုတ် ကုသိုလ်လေးမျိုးသည်လည်း လောကုတ္တရာတရားကို အာရုံ မပြုနိုင်ပေ၊ အကြောင်းမှာ ဉာဏ်မယှဉ်သောကြောင့် ဖြစ်ပေသည်၊ ပေးလှူခြင်း၊ ကူညီ ခြင်း၊ စောင့်ရှောက်ခြင်း၊ ကြင်နာသနားခြင်း၊ ထိန်းသိမ်းခြင်း စသည်ဖြင့် ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းသောစိတ် ကုသိုလ်စိတ်ဖြစ်ပါ၏၊

သို့ရာတွင် ကလေးငယ်များကဲ့သို့ အကျိုးအပြစ် ဘာဘာညာညာ မသိပဲ လုပ်သည့်အတွက် ဉာဏ်ပညာမပါ၊ ကျွဲကဲ့သို့ ဉာဏ်ပညာမပါသောစိတ်သည် ကောင်းသောကုသိုလ်စိတ်ပင် ဖြစ်သော်လည်း နက်နဲသော မဂ်ဖိုလ်,နိဗ္ဗာန်, လောကုတ္တရာကိုမူ အာရုံမပြုနိုင်ပေ၊ လောကီတရား လောကီမှုတွေကိုသာ အာရုံပြုနိုင်ပေသည်။

လူသာမန်၌ဖြစ်သောဉာဏသမ္ပယုတ်ကုသိုလ်စိတ်လေးမျိုးသည်ကား မဂ်စိတ် ဖိုလ်စိတ်ကို အာရုံမပြုနိုင်၊ နိဗ္ဗာန်ကိုမူ အနုမာနအားဖြင့် အာရုံပြုနိုင်ပေသည်၊ နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ဒိဋ္ဌ အာရုံပြုနိုင်သည်၊ လောကီဉာဏသမ္ပယုတ်စိတ်တို့ကမူ အနုမာနမျိုးမှန်းဆ၍သာ အာရုံပြုနိုင်ပေသည်။ သို့သော် ဉာဏ်ယှဉ်သော ကုသိုလ်စိတ်က နိဗ္ဗာန်တရားကို အာရုံပြုနိုင်ကြောင်း မှတ်သားရပေသည်။ သို့ဖြစ်၍ အလှူဒါန ပြုသောအခါ၊ ဥပုသ်သီလ ဆောက်တည်သောအခါ၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများသော အခါတို့၌ စိတ်ကိုဟည်အောင်ထား ဉာဏ်ကိုဝင်စား၍ နိဗ္ဗာန်၏အေးငြိမ်းမှု, ချမ်းသာမှုသဘောကို အနုမာနအားဖြင့် အာရုံပြုနိုင်ပေသည်။

လူသာမန်၌ဖြစ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာဝိပါက်စိတ် (၈)ပါးကိုကား အကျိုးဝိပါက်စိတ် နောက်လိုက်စိတ်များ ဖြစ်၏၊ ယင်းစိတ်တို့သည် ကာမတရားကို အာရုံပြုကြပေသည်။

ထူးသောသူ ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ဖယ်ခွာထား၏၊ ကာမကုသိုလ်စိတ်(၈)မျိုး၊ မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)မျိုးဖြစ်၏။ နောက်လိုက်ဝိပါက်စိတ်ထဲက အဟိတ်စိတ် (၁၇)၊ လူဘဝ၌ ကာမဝိပါက်စိတ် (၈) ပါး ဖြစ်၏၊ (မှတ်ချက်၊ ဈာန်ရပုဂ္ဂိုလ် သေပြီး ဗြဟ္မာဖြစ်မှသာ မဟဂ္ဂုတ် ဝိပါက်ကို ရသည်။)။

မဟာကုသိုလ်စိတ် (၈)မျိုး အာရုံပြုပုံမှာ အထက် သာမန်လူ၌ ဖော်ပြခဲ့သည့် အတိုင်းပင်ဖြစ်သည်။ မဟဂ္ဂုတ်ကုသိုလ်စိတ် (၉) မျိုးတို့တွင် ရူပကုသိုလ်စိတ် (၅)မျိုးသည် ပထဝီကသိုဏ်း စသော ပညတ်ကို အာရုံပြု၏၊ အရူပစိတ် လေးမျိုးထဲက အာကာ၊ အာကိဉ်း စိတ်နှစ်မျိုးသည် လည်း ပညတ်ကိုပင် အာရုံပြု၏၊ ဝိညာ, နေဝ စိတ်နှစ်မျိုးမှာမူ မဟဂ္ဂုတ် စိတ်ကို အာရုံပြုသည်။

အထူးဆုံးလူ့ရဟန္တာ၌ဖြစ်သော ဉာဏဝိပ္ပယုတ် မဟာကြိယာစိတ်သည် လောကုတ္တရာတရားကို အာရုံမပြုနိုင်၊ လောကီတရားကိုသာ အာရုံပြုနိုင်၏၊ ဉာဏသမ္ပယုတ် (ဉာဏ်ယှဉ်သော) မဟာကြိယာစိတ်သည် လောကီ လောကုတ္တရာ အလုံးစုံတို့ကို အာရုံပြုနိုင်ပေသည်။ အရဟတ္တမဂ် အရဟတ္တဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို ဒိဋ္ဌ အာရုံပြုကြ၏၊ အထူးဆုံးလူမှာ လောဘ, ဒေါသ, မောဟ အကုသိုလ်စိတ် လုံးဝ မရှိ၊ ကုသိုလ်စိတ် မရှိ၊ စျာန်မရသော လူ့ရဟန္တာမှာ ကာမကြိယာစိတ်များသာဖြစ်ပေသည်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရိယာတို့မှာဖြစ်သော မဂ်စိတ်, ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုလေသည်။

နေ့စဉ်ဘဝ၌ လက်တွေ့အသုံးချရေးအတွက် လောဘ, ဒေါသ, မောဟ, အကုသိုလ်စိတ်များက ပြုနိုင်သောအာရုံ၊ မပြုနိုင်သောအာရုံ ကာမကုသိုလ်စိတ်(၈)မျိုးက ပြုနိုင်သောအာရုံ၊ မပြုနိုင်သောအာရုံတို့ကို သတိပြုမှတ်သားထားရန် ဖြစ်ပါသည်။ စင်စစ် ယင်းအကုသိုလ်စိတ် (၈) မျိုးနှင့် ကုသိုလ်စိတ် (၈)မျိုးသည် မနောဝိညာဉ်စိတ်များ ဖြစ်သည့်အတွက် စက္ခုဝိညာဉ် စသည့် ပဥ္စဝိညာဉ်တို့ထက် ကျယ်ကျယ်ပြန့်ပြန့် အာရုံပြုနိုင်ပေသည်။

အာရုံခန်းတွင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလအမျိုးမျိုး၊ ယင်းကာလသုံးပါးမှ အလွတ်အာရုံမျိုး သူ့သန္တာန်, ငါ့သန္တာန် စသည့် သန္တာန်ကွဲအာရုံပြုပုံမျိုး ပညတ်အာရုံပြုပုံအမျိုးမျိုး၊ လက်ရှိဘဝ အာရုံ၊ ဘဝကူးအာရုံ စသည်ဖြင့် လေ့လာစရာတွေ အလွန်ကျယ်ပြန့်နက်နဲများပြားလှသည်၊ ယင်းတို့ကိုမူ တော်ရုံတန်ရုံ ဖတ်ရုံဖြင့် မရ၊ သင်ယူမှရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ဤဆောင်းပါးများ၌ လက်တွေ့ဘဝ, နေ့စဉ်ဘဝတို့ကို ထိန်းကျောင်းပေးမည့် အခြေခံအဘိဓမ္မာ အသိဉာဏ် ရရှိစေရန် ယခုလို ရည်သန်ရေးသားနေခြင်း ဖြစ်ပေသည်။

**နှစ်ဖက်လှ**
(၁၉၈၄–ခု၊ ဩဂုတ်လ၊ သိပ္ပံမဂ္ဂဇင်း)

# နှစ်ဖက်လှ
# သိပ္ပံအဘိဓမ္မာ

- မြတ်ဗုဒ္ဓ၏ ခက်ခဲနက်နဲလှသော အဘိဓမ္မာတရားများကို လူသာမန်စာဖတ်ပရိတ်သတ်များ ထင်လင်းသိသာလွယ်ကူစွာ နာယူဖတ်ရှုကြရမည့် အဖိုးတန်စာအုပ်ကောင်းတစ်အုပ်။
- ဥပမာ ဥပစာများ စကားတန်ဆာများဖြင့် လှပစွာ ရေးဖွဲ့ထားသော တရားစာအုပ်ထူး။
- ဗုဒ္ဓရှင်တော်ဘုရား၏ အဘိဓမ္မာတရားကို သိပ္ပံနည်းကျကျ ခြေခြေမြစ်မြစ် တွက်ချက်ရှင်းပြထားသည်။
- လွယ်လင့်တကူ ဖတ်-မှတ်-သိမ်းနိုင်သည်။
- အတွေးအခေါ်ရှင်သန်လိုသူတိုင်း ဗဟုသုတရှာမှီးရာသူတိုင်း မဖတ်မဖြစ် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းဖြစ်သည်။

သကျယင်စိုးစာပေ
အမှတ်၊ ၂၃၂ (မြေညီထပ်)
၃၉၊ လမ်း၊ ရန်ကုန်မြို့